
www.burmeseclassic.com

# ချူး

# ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## ဥတ္တရလမင်း၏ ထုတ်ဝေပြီး စိတ်ကူးများ


၁။ ခံစားသူအကြိုက် မင်္ဂလာဇင်းဝတ္ထုတိုများ [ ၁၉၉၆–အပိုင်း(၁)]
၂။ ခံစားသူအကြိုက် မင်္ဂလာဇင်းဝတ္ထုတိုများ [ ၁၉၉၆–အပိုင်း(၂)]
၃။ ဂျိုဇော်၏ နာရီထဲက တံလျှပ်များ ဝတ္ထုတိုစု
၄။ ဂျူး၏ ကျွန်မချစ်သော ယောကျ်ားများနှင့် အခြားဝတ္ထုတိုများ
၅။ ခံစားသူအကြိုက် မင်္ဂလာဇင်းဝတ္ထုတိုများ [ ၁၉၉၇ ]
၆။ ခံစားသူအကြိုက် မင်္ဂလာဇင်းဝတ္ထုတိုများ [ ၁၉၉၈ ]


**ဥတ္တရလမင်း၏ စိတ်ကူးသစ်များ**


၈။ ပါရဂူ၏ ဥတ္တရဒေသ ခရီးသည်
၉။ ကိုတာ၏ ဖံတောင်ရောက် မြောက်ရောက် ဆရာဝန်
၁၀။ နေဝင်းမြင့်၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၁။ မေမြို့ဆွေလင်း၏ မော်သွားမော်ပြန်


# ဂျူး

# ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ

[ ၁၊ ဧပြီ၊ ၂၀၀၀ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၇၃ / ၂၀၀၀ (၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၁၄ / ၂၀၀၀ (၂) ]

❑

စီစဉ်တင်ဆက်သူများ
ဦးထွန်းထွန်း(နာယက)၊ မာန်မြင့်(ကန့်ဘလူ)၊ ရှေ့နေခင်မောင်၊
ကိုမောင်စံ၊ ခင်မောင်စိုး(ကျောက်ဆည်)၊ မေမြို့ဆွေလင်း နှင့်
သန်းဆွေ(ရောထွန်း)

❑

ပုံနှိပ်ခြင်း
ပထမ အကြိမ်
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ပိုပို

❑

တန်ဖိုး

2250

BURMESE CLASSIC .com

## မာတိကာ

| | |
|---|---|
| နိဒါန်း | ၃ |
| ဗင်းဆင့်ဗန်ဂိုးနဲ့ ကြယ်စုံည | ၁၁ |
| ပေါလ်ကာလီးနဲ့ လပြည့်ည | ၂၉ |
| ဂျူအန်းမီရိုနဲ့ တိမ်ပြာည | ၅၃ |
| ဖရီဒါ ခါလိုနဲ့ နွယ်မျှင်ည | ၈၁ |
| ဘီးလ်ဗီယိုလာနဲ့ ပိုးတဝါးည | ၁၀၉ |
| ဂျက်ဆန် ပေါလော့(က်)နဲ့ မျက်ရည်ည | ၁၃၃ |
| ပင့်ခ် ဖလွိုက်ဒ်နဲ့ ဒဏ်ရာည | ၁၇၃ |
| ဘားတော့ ဗရက်(ချ်)(တ်)နဲ့ အိပ်မက်ည | ၁၉၃ |
| အက်ဒ်ဗတ် မွန့်ခ်နဲ့ နှင်းဆီည | ၂၁၉ |
| အီဂွန်ရှီးလ်နဲ့ အရှူးတွေည | ၂၄၅ |
| အော်သယ်လိုနဲ့ မုန်တိုင်းည | ၂၆၁ |
| ဟင်နရီ သော်ရိုးနဲ့ ကဗျာည | ၂၈၇ |
| အနက်ရောင် ဒြပ်မဲ့ည | ၃၁၇ |
| အပြာရောင် လျှို့ဝှက်ည | ၃၅၅ |
| နိဂုံး | ၃၈၃ |

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ည ဆယ်နာရီတွင် လပြည့်လသည် ကျွန်မအိပ်ခန်း၏ အပြင်ဘက်သို့ ရောက်လာခဲ့သည်။

ဟိုစဉ်က နက်ပြာရောင် ကောင်းကင်မှာ သူ တွဲလွဲခိုနေသည့်အခါ အခြွေအရံကြယ်ပွင့်တွေ အများကြီးဖြင့် ခမ်းနားခဲ့ဖူးပါသည်။ သည်တစ်ခါတော့ သူသည်လည်း အထီးကျန် လ တစ်စင်းပါပဲ။

မှန်ပြတင်းမှ ဖြတ်လျက် တစ်ဆင့်မြင်တွေ့ရသော လ သည် တစ်ခုခု လိုအပ်နေသော လ ဖြစ်သည်။ ပြည့်စုံသော ပြကတိ လ ကို မြင်တွေ့ဖို့၊ လ၏ အလင်းရောင်ခြည် စစ်စစ်ဖြင့် ထိတွေ့ခံစားဖို့ ဆိုလျှင် လူတစ်ယောက်သည် မှန်ပြတင်းကို ဖွင့်ဖို့ လိုသည်။ သို့သော် ကျွန်မသည် မူးဝေစွာ လေးလံနေသောကြောင့် အိပ်ရာမှ မထချင်ပါ။ ယောသည် လရောင်မျိုးနှင့် တွေ့လျှင် ယခုတလော ကျွန်မ နွမ်းနယ်စွာ ထိုင်းမှိုင်းနေတတ်၏။ လပြည့် လတွေသည် လူတစ်ယောက်အား အိပ်မွေ့ချတတ်သည်ဆိုတာ ဟိုတုန်းက ကျွန်မ မသိခဲ့ပါ။

ဥတ္တရ လမင်း

www.burmeseclassic.com

www.burmeseclassic.com



လပြည့်လတွေမှာ ဆွဲငင်အားတွေ ရှိသည်ဟု ကျွန်မ ကြားဖူး၏။ ထိုဆွဲငင်အားသည် လူသားတွေအပေါ်မှာပါ သက်ရောက်နေလေသလား မသိ။ ဟောသည် လပြည့်လ ကတော့ ကျွန်မရင်ထဲက နှလုံးသားကို ဆွဲငင်နိုင်သည့် သတ္တိ ရှိလေသည်။ ကျွန်မရင်ထဲမှာ ဘာမှ မကျန်ဘဲ လှိုက်ဟာစွာ နာကျင်လျက် ရှိသည်။

သည့်အရင်က လပြည့်လ တွေကို မှတ်မှတ်ထင်ထင် စောင့်ကြည့်ခဲ့ဖူးသည့် အကြိမ်ပေါင်း မနည်းတော့ပါ။

ကျွန်မဘဝမှာ လပြည့်ညပေါင်း ဘယ်နှစ်ည ဖြတ်ကျော်ခဲ့မိပြီးပြီလဲ။ လပေါင်း လေးရာလောက် ရှိမည်ထင်သည်။ အဲသည်လောက်တောင် များခဲ့ပေမယ့် လပြည့်လ တစ်ခုမှာ လူတစ်ယောက်၏ ခွန်အားတွေကို နုတ်ယူပစ်နိုင်လောက်သည့် ဆွဲငင်အားမျိုး ရှိနေမှန်း သိခွင့်ရသည့် ကာလကတော့ မကြာသေးပါ။ ကျွန်မ၏ ရင်ထဲက ကြည်နူးတတ်သော၊ တက်ကြွတတ်သော နှလုံးသားကို ဆွဲငင် နုတ်ယူတတ်သည်ဟု သိရတာ မကြာသေးပါ။ ယခုဖြင့် အံ့သြရလောက်အောင်ပင် ကျွန်မ ကိုယ်ခန္ဓာမှ ခွန်အားတွေ တစိမ့်စိမ့် လျော့ပါးကုန်ခဲ့ပြီ။

ကျွန်မ အိပ်ခန်းကို လှမ်းငုံ့ကြည့်နေသော လပြည့် လသည် တစ်ချိန်တည်းမှာ ကမ္ဘာကြီးတစ်ခုလုံးကို အပေါ်စီးက ငုံ့ကြည့်နေလို့ ရှိမှာပဲ။

ဟင့်အင်း...မဟုတ်သေးပါဘူး။

ကျွန်မအိပ်ခန်းဘေးက ကောင်းကင်မှာ ရှိနေသော လပြည့်အား ယခုအချိန်မှာ ကမ္ဘာ၏ ဟိုဘက်ခြမ်းကနေ မြင်တွေ့ခွင့် ရဦးမှာ မဟုတ်ပါ။ ကမ္ဘာ၏ အခြားတစ်ဖက်ခြမ်းသို့ ဟောသည် လ





ရောက်ရှိသွားဖို့ နောက်ထပ် နာရီတော်တော်များများ လိုသေးသည်။ မဟုတ်ဘူးလား။

ဒါဖြင့် ယခု ကျွန်မ မြင်တွေ့နေရသည့် လပြည့်လကို ယခု အချိန်မှာ သူ မမြင်နိုင်သေးဘူးပေါ့။

အဝါရောင် သစ်သားအိမ် လှလှလေးပေါ်သို့ လပြည့်လ၏ အလင်းရောင် ဘယ်အချိန်မှာ ကျရောက်မှာပါလိမ့်။

ဘယ်အချိန်လဲဟု အတိအကျ မသိနိုင်ပေမယ့် သူ့အိမ်ရှေ့က အဝါရောင် နှင်းဆီစိုက်ခင်းကလေးပေါ်မှာ၊ အိမ်အတက် လှေကားထိပ် ဝရန်တာ၌ မတ်တတ်ရပ်နေမည့် သူ့ပခုံးပေါ်မှာ လပြည့်လ ကျရောက်မည့် အချိန်သည် ကျွန်မဆီမှ လပြည့်လ ထွက်ခွာသွားချိန် ဖြစ်မည်။ အဲဒါကတော့ သေချာသည်။

သည်လိုလား...၊ ကျွန်မတို့နှစ်ယောက်သည် တစ်ခုတည်းသော လပြည့်လ ကိုတောင် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ မော့ကြည့် မြင်တွေ့ခွင့် မရကြဘူးပေါ့။

ကျွန်မဆီက ထွက်ခွာသွားမည့် လပြည့်ဝန်းမှာ ကျွန်မ၏ တမ်းတခြင်းတွေ ပါသွားမှာပဲ။ ဒါပေမဲ့ နောက်ထပ် ၁၂ နာရီကျော် ကာလကြာမြင့်မှ သူ့ဆီမှာ သာမည့် လပြည့်ဝန်းမှာတော့ သူ ရှာကြည့်နိုင်ပါမှ ကျွန်မ၏ တမ်းတခြင်းတွေကို သူ တွေ့မြင်နိုင်ပေလိမ့်မည်။

လပြည့်လ ကို မော့ကြည့်မိဖို့၊ ထို့ထက်ပို၍ ကျွန်မဆီက အဲသည် လပြည့်လ ဆွဲငင်နုတ်ယူသွားသည့် တမ်းတခြင်းတွေကို မြင်နိုင် တွေ့နိုင်ဖို့ ဆိုသည်က ထိုအခိုက်အတန့် ကာလကလေးမှာ သူ့နှလုံးသားက အခြားသော တွယ်ငြိမှုမှ ကင်းလွတ်အားလပ်နေပါမှ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်ကတော့ လပြည့်လ ကို သတိထားမိဖို့ပင် သူ့နှလုံးသား အားလပ်နေမည် မဟုတ်ပါ။

ဘုရားရေ...။

အဲသည်အဖြစ်ကတော့ စိတ်ကူးဖြင့်ပင် ကျွန်မ ဘယ်လိုမှ ရင်မဆိုင်ရဲ လက်မခံနိုင်စွမ်းသော ကျိန်စာတစ်ခု ဖြစ်သည်။ သို့သော် အဲဒါဟာ အမှန်တရားတစ်ခုလည်း ဖြစ်ပါလိမ့်မည်။

မလုံမလဲ မော့ကြည့်မိသောအခါ ကောင်းကင်ဆီမှ လပြည့်လ သည် ကျွန်မအား လှောင်ပြောင်သရော်သလို ငုံ့ကြည့်ပြုံးနေသည်။ ကျွန်မရင်ထဲမှာ ခါးသက်စွာ နာကျင်သွား၏။ လပြည့်လ ကို ကျွန်မ ချက်ချင်း မုန်းတီးသွားသည်။

အဲသည်အကြည့်မျိုးဖြင့် သူ ကျွန်မကို ငုံ့ကြည့်လှောင်ပြောင်ဖို့ မလိုပါ။

အခုအချိန်မှာ ဘာပဲဖြစ်ဖြစ် တစ်ခါတုန်းက သူ့ အလင်းရောင်သည် ကျွန်မတို့ နှစ်ယောက်၏ ရင်ထဲမှာ တစ်ပြိုင်တည်း သာခဲ့ဖူးမှန်း သူ အသိဆုံး ဖြစ်သည်။

အဲသည်အချိန်တုန်းက ဟိုးအထက် ပြာမှောင်သော မိုးကောင်းကင်မှာ ဝိုင်းစက်၍ ဝါဝင်းနေသော လပြည့် လ သည် ကျွန်မဘဝမှာ အဓိပ္ပာယ်အရှိဆုံး၊ အပြည့်ဝဆုံး၊ အလှပဆုံး လမင်းတစ်ခု ဖြစ်ခဲ့ဖူးသည်ပဲ။

တကယ်တော့ ညဆိုတာလည်း လ ရှိနေမှ ပြည့်စုံသည်မဟုတ်။ လ ရှိနေသော ည၊ လ မရှိသော ည၊ လနှင့် နီးသော ည၊ လနှင့် ဝေးသော ည...ဘယ်လိုညမျိုးပဲဖြစ်ဖြစ်ပေါ့၊ ည ဆိုသည်ကတော့ သူ့





အရည်အချင်းနှင့် သူ အမျိုးမျိုး ဆန်းကြယ်စွာ ရင်ခုန်စရာကောင်းနေမှာပါပဲ။

ပန်းချီဆရာ အမျိုးမျိုး၊ အနုပညာရှင်အမျိုးမျိုး၏ ဆေးစက်တွေ၊ စုတ်ချက်တွေ ကွဲပြားခြားနားစွာ အဓိပ္ပာယ်တွေ ရှိနေသလိုပဲပေါ့။

ကျွန်မဘဝမှာလည်း ဆန်းကြယ်စွာ အဓိပ္ပာယ်ရှိသော ညတွေကို ပိုင်ဆိုင်ခဲ့ရဖူးပါသည်။

တစ်ချိန်တုန်းကပေါ့ ...။

၀

www.burmeseclassic.com

www.burmeseclassic.com



Cafe' Terrace at Night, Place du Forum, Arles (1888);
Vincent Van Gogh, Oil on Canvas,(81 x 65.5 cm),
Otterlo (Netherlands)

www.burmeseclassic.com

www.burmeseclassic.com

ဗင်းဆင့်ဗန်ဂိုး (Vincent Van Gogh) ရေးဆွဲသော ညများသည် ကြယ်စုံသော ညများ ဖြစ်တတ်သည်။

'ညအချိန် ကဖေးဆိုင် မျက်နှာစာ' ပန်းချီကားတွင် ဆန့်ကျင်ဘက် အရောင်များဖြင့် အသုံးပြု၍ ညကို ခြယ်မှုန်းထားသည်။ ကဖေးဆိုင်၏ မွေးထွေးသော အဝါရောင်အလင်းနှင့် နောက်ခံကောင်းကင်၏ နက်ရှိုင်းသော အပြာရောင်တို့သည် တစ်ခုနှင့်တစ်ခု ပြင်းအားချင်း ဆန့်ကျင်နေကြသည်။ မြင့်မားသော တိုက်မှောင်မှောင်များ၏ နောက်ဘက်က ကောင်းကင်ပြာမှာ ကြယ်တို့သည် မီးပုံးကလေးများလို ပြန့်ကျဲစွာ တွဲလွဲခိုနေကြသည်။ ကဖေးဆိုင်ရှေ့မှာ မြို့သူမြို့သားအချို့ ထိုင်၍ တစ်ခုခုသောက်နေကြသည်။ ပလက်ဖောင်းပေါ်မှာ လမ်းပေါ်မှာ လမ်းလျှောက်သူတချို့ကို တွေ့ရသည်။ နွေရာသီ ညခင်းတစ်ခု၏ သက်သောင့်သက်သာ မြင်ကွင်း ဖြစ်သည်။

# ဗင်းဆင့်ဗန်ဂိုးနဲ့ကြယ်စုံည

ကျွန်မဘဝ၏ အလှပဆုံး ညတစ်ညကို ဗင်းဆင့်ဗန်ဂိုးကြောင့် ရခဲ့ရခြင်း ဖြစ်၏။

*

ဗင်းဆင့်ဗန်ဂိုး၏ 'အိုင်းရစ်စ်ပန်းများ' ပန်းချီကားရှေ့တွင် မိနစ်ပေါင်းများစွာ ငြိမ်သက်စွာ ရပ်၍ ငေးမောကြည့်နေသော ဧည့်သည်တော် အမျိုးသမီးငယ်တစ်ယောက်နှင့် ထိုပြတိုက်ရှိ ခတ်ပုံဌာန လက်ထောက်ပြတိုက်မှူး လူငယ်တစ်ယောက်, တစ်ယောက်ကို တစ်ယောက် သတိပြုမိသွားဖို့ဆိုတာ အလွန်ဖြစ်နိုင်ခြေ နည်းသော ဖြစ်စဉ်တစ်ခုဟု ကျွန်မ ထင်သည်။

ဂန္ဓမာပြတိုက်သစ်ကြီး၏ ဖွင့်ပွဲနေ့တွင် ဖိတ်ကြားထားသော ဧည့်သည်ပေါင်းများစွာ တက်ရောက်ကြသည်။ ကျွန်မစိတ်ထင် လူဆောင်နှင့် ချီ၍ တက်ရောက်ခဲ့ပါလိမ့်မည်။ ကျွန်မက အဲသည် ဆောင်ဂဏန်းထဲမှ တစ်ယောက်သော လူ၊ ထို့ပြင် ကျွန်မနှင့်သိကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



သည့် မိုးသောက်ပန်း စံအိမ်မှ စာရေးဆရာမိတ်ဆွေနှစ်ယောက်ကို လှစ်ခနဲ အဝေးမှာ လှမ်းမြင်လိုက်တုန်းကပင် လိုက်ခေါ်နှုတ်ဆက်ဖို့ ကြိုးစားရင်း သူတို့နှင့် ပြန်မတွေ့ဘဲ လူစုကွဲခဲ့ရအောင် လူတွေ ရှုပ်ယှက်ခတ်နေခဲ့သည်။ ပြတိုက်ကြီးတွင် အနောက်ခန်းမ၊ အရှေ့ခန်းမ၊ တောင်ခန်းမနှင့် မြောက်ခန်းမ ဟူ၍ ခန်းမကြီး လေးခုရှိပြီး ခန်းမတစ်ခုမှာ အနည်းဆုံး နှစ်ထပ်ရှိနေသည် မဟုတ်လား။ သူတို့နှစ်ယောက်ကို အနောက်ခန်းမ ဝင်ပေါက်ထဲ ဝင်သွားတာ မြင်လိုက်ပါလျက်နှင့် ကျွန်မ လိုက်သွားတာ သူတို့နှင့် မတွေ့ရပေ။ အနောက်ခန်းမထဲက ပြခန်းပေါင်းများစွာထဲမှာ အဝင်အထွက်တွေ လွဲကုန်ခဲ့မှာပေါ့လေ။

BURMESE CLASSIC .com

နောက်ပြီး သူ တာဝန်ယူထားသည့် အနုပညာက ခေတ်ပေါ်အနုပညာမို့ သူ တစ်ချက်တလေ ပြတိုက်ခန်းမထဲ လာရောက် အကဲခတ်ကြည့်ရှုသည် ဆိုလျှင်လည်း ခေတ်ပေါ်ပြခန်းမှာသာ သူ ရှိနေရမည် မဟုတ်လား။ ခေတ်ပေါ်ပြခန်းတွေက အနောက်ခန်းမ၏ မြေညီထပ်၊ ကျွန်မ ကြာမြင့်စွာ ငေးမော စိုက်ကြည့်နေခဲ့သည့် ဗန်ဂိုး၏ ပန်းချီကားက အနောက်ခန်းမ၏ အပေါ်ထပ်ဖြစ်နေသေးသည်။

ဘယ်လောက်ပဲ ဖြစ်နိုင်ခြေနည်းနည်း သူနှင့် ကျွန်မ အဲသည်နေ့က တွေ့ဆုံခဲ့ကြပါသည်။

ဗန်ဂိုး၏ အိုင်းရစ်စ်ပန်းများ ဆီဆေးပန်းချီကားသည် ကျွန်မ၏ စိတ်နှလုံးကို တစ်ခဏ ဘယ်မှ မလွင့်ပျံ့အောင် ချုပ်နှောင်ဆွဲငင်ထားခဲ့၏။





မြေပြင်မှာ ချုံပင်များအဖြစ် သန်စွမ်းစွာ၊ သို့သော် နွဲ့ပျောင်းစွာ ပေါက်နေသော ခရမ်းပြာရောင် ပန်းပွင့် ပွင့်သည့် အပင်များ…၊ သူတို့သည် စိတ်ဝိညာဉ် ရှိနေသော သက်ရှိများနှင့် တူ၏။ အစိမ်းရင့်ရောင် အရွက်ရှည်ဖားဖားတွေက သူတို့၏ ကိုယ်ခန္ဓာတွေပေါ့၊ ခရမ်းပြာရောင် ပန်းပွင့်တွေက ဦးခေါင်းတွေပေါ့၊ ထူးဆန်းသော သက်ရှိသတ္တဝါများသည် သူတို့ထက် ထူးဆန်းသော အရာတစ်ခုကို စပ်စုငေးမောနေကြသလို ထင်ရသည်။ ခရမ်းပြာရောင်တွေကြားမှာ ဘယ်ဘက် နောက်ခံဆီ၌ အဖြူရောင် ပန်းပွင့်ကြီး တစ်ပွင့်ကို မြင်ရသည်။ အဲသည်ဘက်သို့ သူတို့အားလုံး ယိမ်းနွဲ့ကာ လှမ်းကြည့်နေကြသည်။ ရှေ့မြင်ကွင်း ညာဘက်အစပ်ဆီမှ အုပ်စုက ပို၍ကဲကာ လည်ဆန့်ပြီး လှမ်းကြည့်နေသလိုပဲ။ သူတို့ အားကျနေကြတာလား၊ မနာလိုနေကြတာလား၊ အထူးအဆန်းမို့ စိတ်ဝင်စားရုံပဲလား ကျွန်မ မသိပါ။

အဲဒါ ဗန်ဂိုးမသေခင် တစ်နှစ်က ရေးဆွဲခဲ့တာပေါ့နော်။

ကျွန်မ ဘေးနားမှာ လူတွေ ရှိနေသေးသလား၊ ပန်းချီကားတွေအကြောင်း တီးတိုး ဆွေးနွေးနေကြသေးသလား ကျွန်မ မသိတော့ပါ။ ကျွန်မအာရုံထဲမှာ ပန်းတွေပဲ ရှိနေပါတော့သည်။

ထို့နောက် ကျွန်မအာရုံထဲမှာ နောက်ထပ် အိုင်းရစ်စ်ပန်းများ ပေါ်လာခဲ့သည်။ အခုလိုပဲ ခရမ်းပြာရောင် အိုင်းရစ်စ်ပန်းတွေပါပဲ၊ ဗန်ဂိုး၏ ပန်းတွေပါပဲ၊ ဘယ်မှာ တွေ့ခဲ့ဖူးပါလိမ့်။ ထို့နောက် ကျွန်မ သတိရသွားသည်။ မက်ထရိုပိုလီတန် ပြတိုက်မှာ ရှိသော အိုင်းရစ်စ်ပန်းတွေပေါ့။ အဲဒါလည်း ဗန်ဂိုးရဲ့ ပန်းတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ကျွန်မသည် အိုင်းရစ်စ်ပန်းများအကြောင်းကို ပို၍ သိချင်လာသည်။ အကယ်၍သာ မိုးသောက်ပန်း စံအိမ်မှ မိတ်ဆွေနှစ်ဦးကို ယခု ခန်းမထဲမှာ တွေ့ခဲ့ရလျှင် ပန်းတွေအကြောင်း မေးလို့ ရမည်။ သူတို့ သိမှာအမှန်ပဲ။ သို့သော် ယခုလည်း ဧည့်သည်တွေ၏ မေးခွန်းကို ဖြေဖို့ ပြတိုက်အခန်းတိုင်းမှာ စောင့်နေသည့် ဝန်ထမ်းတွေ ရှိနေသားပဲ။

ခပ်လှမ်းလှမ်းရှိ မှန်တံခါးဆီသို့ ကျွန်မ လျှောက်သွားလိုက်ပါသည်။ အသက် ၄၀ ကျော် လူခပ်ဝဝတစ်ယောက်၊ သားနားသော ပြတိုက် တူညီဝတ်စုံ နက်ပြာရောင်ဖြင့် ကျွန်မတို့ ဧည့်သည်တွေဘက်သို့ လှည့်ရပ်နေသည်။

"ကျွန်မကို ခွင့်ပြုပါ၊ တစ်ခု သိချင်တာလေး ရှိလို့"

"ဟုတ်ကဲ့"

"မက်ထရိုပိုလီတန်ပြတိုက်မှာ ဗန်ဂိုးရဲ့ အိုင်းရစ်စ်ပန်းများ ပန်းချီကား တစ်ချပ် ရှိနေပါတယ်၊ အခု ဒီမှာလဲ အိုင်းရစ်စ်ပန်းများပါပဲ၊ အဲဒါ ... ကျွန်မကို အဲဒီအကြောင်း တစ်ဆိတ် ကျေးဇူးပြုပြီး ရှင်းပြပေးမလားရှင်"

သူက ပြုံးသည်။ သဘောကောင်းသော လူဝတစ်ယောက်၏ အပြုံး ဖြစ်သည်။

"ဟုတ်ကဲ့ ... ဗန်ဂိုးဟာ အိုင်းရစ်စ်ပန်း ပန်းချီကားတွေ ပုံစံတူ ရေးဆွဲထားတာ အများကြီး ရှိပါတယ်၊ မက်ထရိုပိုလီတန်က အိုင်းရစ်စ်ပန်းဟာ အဲဒီ မူကွဲတွေထဲက တစ်ခု ဖြစ်ပါလိမ့်မယ်"

ဟုတ်တာပေါ့၊ ကျေနပ်ဖွယ်ရာ အဖြေပါပဲ။

"ဩော် ... ဟုတ်ကဲ့"





"ကိုယ် မင်းကို ကူညီရမလား"

နူးညံ့၍ ဝါညက်သော အသံတိုးတိုးတစ်ခု ကျွန်မ၏ နောက်နားဆီမှ ပေါ်ထွက်လာသည်။

လှည့်ကြည့်လိုက်တော့ ကျွန်မကို မရယ်မပြုံး ငုံ့ကြည့်နေသည့် အမျိုးသားတစ်ယောက်၏ မျက်နှာကို မြင်ရသည်။ အဖြူရောင် ဂျင်းသား ပျော့ပျော့ ရှပ်အင်္ကျီလက်တိုပွပွ၊ လှိုင်းတွန့်ပုံစံဖြင့် ဖွာနေသော အညိုရင့်ရောင် ဆံပင်များ၊ စူးစိုက်သော အညိုရင့် မျက်လုံးများ ...။

"ဟုတ်ကဲ့၊ ကျေးဇူးပြုပြီး ..."

"မင်း သိချင်တဲ့ အိုင်းရစ်စ်ပန်းတွေအကြောင်း မင်း သဘောပေါက်သွားအောင် ကိုယ် ရှင်းပြပေးနိုင်မယ် ထင်ပါတယ်၊ လာ"

သူက ကျွန်မကို ပန်းချီကား ရှိရာသို့ ခေါ်သွားသည်။

"မင်းအာရုံထဲမှာ ပြန်စဉ်းစားကြည့်စမ်း၊ မက်ထရိုပိုလီတန်က အိုင်းရစ်စ်ပန်းတွေနဲ့ ဒီက အိုင်းရစ်စ်ပန်းတွေ ဘာကွာခြားမှု ရှိသလဲ"

ဘာကွာခြားပါလိမ့်၊ ဟိုကလည်း ခရမ်းပြာရောင် ပန်းပွင့်နဲ့ အစိမ်းရောင် အရွက်ရှည် ဖားဖားတွေပဲ၊ ဟင့်အင်း ...။

"ဆောရီး ... ကျွန်မ မသိဘူး"

"အဓိက ကွာခြားချက်ကတော့ ဒီက အိုင်းရစ်စ်တွေက မြေပြင်ပေါ်မှာ ပေါက်နေတဲ့ ပန်းချုံပင်တွေ၊ ဥယျာဉ်ထဲက ပန်းပင်တွေ ...၊ တွေ့လား နီဝါဝါအရောင်နဲ့ မညီမညာဖြစ်နေတဲ့ မြေပြင်၊ ဒါတွေက ရွက်ကြွေတွေလား၊ ဒါမှမဟုတ် မြက်ခြောက်တွေလား၊ သေချာတာက ဒီအိုင်းရစ်စ်ဟာ ဥယျာဉ်ထဲက ပန်းပင်တွေ။ ဟိုမှာရှိတဲ့ အိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရစ်စ်က ရူးပြီး ပန်းအိုးထဲမှာ စိုက်ထားတဲ့ အိုင်းရစ်စ်တွေလေ၊ မတူဘူး"

"သြော်...ဒီလိုလား"

ကြည့်စမ်း၊ ကျွန်မ အဲဒါကို သတိထားမိခဲ့ဖို့ ကောင်းတာပေါ့။ ဒီလောက် ပန်းချီကားတွေကို အချိန်ယူ ခံစားကြည့်ခဲ့ပြီးမှတော့။ ကျွန်မ၏ သတိမထားမိမှုအတွက် ကိုယ့်ဟာကိုယ် အနည်းငယ် ကသိကအောက် ဖြစ်သွားမိ၏။ ထို့ကြောင့် စိတ်မှတ်မဲ့ပင် ဆံပင်ကို တစ်ချက်သပ်ပြီး ပြုံးလိုက်မိသည်။ သူ၏ စိတ်ရှည်သော ဆရာတစ်ယောက်ဟန် အပြုံးမျိုးကြောင့် ကျွန်မကိုယ် ကျွန်မ စာမကျက်မိသော ကျောင်းသူတစ်ယောက်လို ခံစားလိုက်ရပါသည်။

"ပန်းချီဆရာတစ်ယောက်ဟာ သူ အာရုံရတဲ့ အရာဝတ္ထုတစ်ခုတည်းကို ပန်းချီကားတွေ အများကြီး မှုကွဲ ရေးတတ်ကြတာပဲ၊ ဥပမာ..."

သူသည် ဥပမာကို ဘယ်ပန်းချီဆရာဖြင့် ပေးရလျှင် ကောင်းမလဲဟု စဉ်းစားဟန်ဖြင့် ခဏ မျက်မှောင်ချီသွားပြီးမှ 'မိုနေး' ဟု ပြောသည်။

"မိုနေးကို မင်းသိမှာပါနော်"

"ဟုတ်ကဲ့၊ အင်ပရက်ရှင်းနစ်စ်တ်တွေထဲမှာ ကျွန်မ အကြိုက်ဆုံး ပန်းချီဆရာပါ"

"မိုနေးဟာ ကောက်ရိုးပုံတွေရဲ့ အလှကို ရှုထောင့်တစ်ခုတည်းကနေ ပန်းချီကားတွေ အများကြီး ရေးခဲ့တာ၊ နေရောင်နဲ့ နှင်းမှုန်တွေရဲ့ အမျိုးမျိုး လွှမ်းခြုံခြယ်လှယ်မှုပေါ်မှာ အလှတွေ ပြောင်းသွား





ရတဲ့ ကောက်ရိုးပုံတွေပေါ့၊ ကားပေါင်း ၃၀ လောက် ရှိမယ်ထင်တယ်၊ ပြတိုက် တော်တော်များများမှာ အဲဒီပန်းချီကားတွေ ရှိပါတယ်"

"အို...ဟုတ်ကဲ့၊ သိပ်ကျေးဇူးတင်တာပဲ၊ ကျွန်မနာမည် ရတနာပါ၊ ဂန္ဓမာတက္ကသိုလ်ရဲ့ သုတေသီပညာရှင်များ အဆောင်မှာ နေပါတယ်"

သူ မျက်ခုံးနည်းနည်း ပင့်သွား၏။ ကျွန်မကို ကြည့်သော မျက်လုံးမှာ ရင်းနှီးမှုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ သူက ကျွန်မအား လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးပါသည်။

"ဒါဖြင့် တို့က ဆွေမျိုး တွေ့ပဲ၊ ကိုယ့်နာမည် က နေသန် ပါ၊ ဂန္ဓမာပြတိုက်ရဲ့ ခေတ်ပုံဆိုင်ရာ လက်ထောက်ပြတိုက်မှူးပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အို...သိပ်လှတဲ့ နာမည်ပဲနော်၊ တွေ့ရတာ ဝမ်းသာပါတယ်"

ကျွန်မ၏ စကားကြောင့် သူ ပြုံးလိုက်ပုံက မျှော်လင့်မထားဟန်ဖြင့် တအံ့တသြ၊ သို့သော် ခင်မင်မှု အပြည့်အဝ ပါဝင်နေသည်။

"ကျေးဇူးတင်ပါတယ်"တဲ့။

ထို့နောက် သူ ခေါင်းညွှတ်နှုတ်ဆက်ကာ လှည့်ထွက်ရန် ဟန်ပြင်ပြီးမှ ကျွန်မရှေ့မှာ သူ ရပ်လိုက်ပြန်သည်။

"သြော်...ဒါနဲ့ ပြောဖို့ တစ်ခု ကျန်သွားလို့၊ မင်း မသိသေးတဲ့ နောက်ထပ် အိုင်းရစ်စ်ပန်းတွေ ရှိသေးတယ်၊ အဲဒါက အမ်စ်တာဒမ်က ဗန်ဂိုးပြတိုက်မှာ၊ ပန်းအိုးထဲက အိုင်းရစ်စ်တွေပါပဲ၊ ပန်းအိုးထဲက အိုင်းရစ်စ်တွေ အားလုံး ၁၈၉၀ ခုနှစ်မှာ ရေးခဲ့တာ၊ အခု ဒီက ဥယျာဉ်အိုင်းရစ်စ်ကတော့ ၁၈၈၉ ခုနှစ်မှာ ရေးခဲ့တာမို့ တစ်နှစ်စောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ...ဟုတ်လား"

ကျွန်မမှာ ဗန်ဂိုး၏ ပန်းချီကိုပင် မျက်ဝါးထင်ထင် အကောင်လိုက် မြင်ဖူးရတာ မကြာသေးသည်မို့ သူ့စကားကို ငေးမော နားထောင်နေရုံပဲ ရှိပါသည်။ မဖြစ်ဘူး၊ အခုချိန်က စပြီး ပန်းချီကားတစ်ချပ်တိုင်းကို စာအုပ်တစ်အုပ် ဖတ်သလို ဖတ်ကြည့်နိုင်မှ ဖြစ်မယ်။

"ဒါနဲ့...ဒီပန်းချီကားကို ကြည့်မိတော့ မင်းစိတ်ထဲမှာ ဘယ်လို ခံစားရသလဲ၊ ကိုယ့်ကို ပြောပြနိုင်မလား"

ကျွန်မ ပခုံးတစ်ချက်တွန့်ကာ ရှက်ကိုးရှက်ကန်း ပြုံးလိုက်မိတော့ သူက ကျွန်မကို ပြုံးပြကာ အားပေး၏။

"လုပ်ပါ၊ မင်းခံစားရတာကို ရိုးရိုးလေးပဲ ပြောပေါ့"

"ကျွန်မလေ ဗန်ဂိုးရဲ့ ပန်းချီတွေကို ပုံနှိပ်စာအုပ်ထဲမှာပဲ မြင်ဖူးခဲ့ရတာ၊ ဗန်ဂိုးအကြောင်းတော့ အတော်အသင့် ဖတ်ထားဖူးခဲ့တာပေါ့လေ၊ ဒီကို ရောက်လာတော့...အခုဖြင့် အိပ်မက်တစ်ခုထဲကို ရောက်လာရသလို ကျွန်မ ခံစားရတယ်၊ ဟောဒီပန်းချီကားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က ဗန်ဂိုး တကယ်ရေးခဲ့တဲ့ကား၊ သူ့လက်နဲ့ ထိတွေ့ဖန်တီးထားတဲ့ ကား၊ ဒီဆေးတွေထဲမှာ သူ့ရဲ့ ပင့်သက်တွေ၊ စိတ်ချောက်ချားမှုတွေ၊ နာကျင်မှုတွေ အခုထိ တည်ရှိနေဆေးသလိုပဲ၊ အဲဒီလို ခံစားရတယ်၊ ကျွန်မလေ...သူ့ကင်းဗတ်စ်ပေါ်ကို လက်ဖျားကလေးနဲ့ ထိချင်တဲ့စိတ်တောင် ပေါက်လာတယ်"

သူ အသံထွက် ရယ်မောလေသည်။

"မင်း ထိခွင့်မှ မရှိဘဲ"

"ကျွန်မ သိတယ်လေ၊ ကျွန်မ သိတာပေါ့၊ ဒါပေမဲ့ လက်ဖျားနဲ့ ထိလိုက်ရင် လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်က သူ့စိတ်ထဲမှာ ရှိနေခဲ့တဲ့ စိတ်ခံစားမှု ဖြစ်စဉ်တွေ ကျွန်မလက်ထဲ အဲဒီကနေတစ်ဆင့် ကျွန်မ နှလုံးသားထဲ စီးဝင်လာလေမလား...ဆိုတဲ့ ရူးသွပ်မှုနဲ့ပေါ့"





သူ့အပြုံး ပျောက်သွားပြီး ကျွန်မအား စူးစမ်းသော အကြည့်ဖြင့် ပထမဆုံးအကြိမ် ကြည့်လေသည်။

"မင်းဟာ ပန်းချီဆရာရင် ဖြစ်ရမယ်၊ ဒါမှမဟုတ် ကဗျာဆရာ..."

ကျွန်မ တစ်ချက်ရယ်မိ၏။

"ကျွန်မ စာရေးဆရာပါ"

"ပန်းချီပညာရှင် တစ်ယောက်ရဲ့စိတ်ကို နက်နက်ရှိုင်းရှိုင်း စိတ်ဝင်စားပြီး ခံစားတတ်တဲ့ အမျိုးသမီး တစ်ယောက်အနေနဲ့ရော၊ စာရေးဆရာတစ်ယောက်အနေနဲ့ရော မင်းကို တွေ့ရသိကျွမ်းရတာ ကိုယ် သိပ်ဝမ်းသာပါတယ်၊ ဒီပန်းချီကားနဲ့ ပတ်သက်ပြီး မင်း ဘာ သိချင်သေးလဲ"

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က ဗန်ဂိုးရဲ့ အိုင်းရစ်စ်ပန်းများ ပန်းချီကားတစ်ခု ဒေါ်လာ ၅၄ သန်းနဲ့ အရောင်း စံချိန် ချိုးခဲ့တယ်လို့ ကျွန်မ ကြားဖူးလိုက်တယ်၊ အဲဒါ ဘယ်အိုင်းရစ်စ်ပန်း ဖြစ်မလဲ"

လက်ခနဲ တောက်ပသွားသည့် သူ့အပြုံးက ကြယ်ရောင် တစ်ချက် ပြက်သွားသည့် အလင်းတန်းမျိုး ဖြစ်သည်။

"ဟောဒီ အိုင်းရစ်စ်ပန်းတွေပဲပေါ့၊ တခြား ဘယ်တစ်ခုများ ဖြစ်နိုင်ဦးမှာလဲ"

သူက ပန်းချီကားကို လက်ဖြင့် ညွှန်၍ ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို: ..."

ကျွန်မ တစ်ခဏ အသက်ရှူမှားမတတ် ဖြစ်သွား၏။ ကျွန်မ တုန်လှုပ်သွားပုံကို ကြည့်ကာ သူ သဘောကျနေဟန် ရှိသည်။

"ဒါဖြင့် အခု ကျွန်မဟာ ဒေါ်လာ ၅၄ သန်းတန် ပန်းချီကား တစ်ချပ်ကို ကြည့်နေတာပေါ့နော်"

သူ အသံထွက် ရယ်သည်။

"သေချာတာပေါ့" တဲ့။

ထို့နောက် သူ ကျွန်မကို နှုတ်ဆက်ပါသည်။

"ဂန္ဓမာနယ်မြေတစ်ခုတည်းမှာ ရှိနေကြသူတွေ ဆိုတော့ သွားရင်း လာရင်း တို့ တွေ့ကြဦးမှာပါပဲ၊ သွားမယ်၊ ပန်းချီကားတွေကို ခံစားရင်း မင်းအတွက် သာယာတဲ့ နေ့တစ်နေ့ ရပါစေ"

"ဟုတ်ကဲ့၊ ရှင့်အတွက်လဲ သာယာတဲ့ နေ့တစ်နေ့ ဖြစ်ပါစေ"

မှန်တံခါးကို တွန်းဖွင့်လျက် ပေါ့ပါးစွာ ထွက်ခွာသွားသော ခပ်သွက်သွက်ခြေလှမ်းများကို နောက်မှလှမ်းငေးကြည့်ရင်း တဖြည်းဖြည်း ဝေးသွားသည့် ကြယ်ကလေးတစ်ပွင့်ကို နှမြောတသ သည့် ခံစားမှုမျိုး ကျွန်မ ရလိုက်သည်။

ကြယ်ကလေး ဝေးသွားပြီ၊ သို့သော် သူ့ဆီက အလင်းတန်း လေးတစ်ခု ကျွန်မ မျက်လုံးထဲမှာ မသိမသာ ကျန်ခဲ့သည်။

ထိုကြယ်ကလေး ကျွန်မဘဝထဲသို့ ဝင်ရောက်လာလိမ့်မည်ဟု ကျွန်မ ဘယ်လိုလုပ်ပြီး ထင်ခဲ့မိပါ့မလဲ။ ဘယ်တန်းကမျှ မတွေးခဲ့ မိသည့် အဖြစ်ပဲ။





သို့သော် တစ်ညမှာတော့ ထိုကြယ်ကလေး ကျွန်မဆီသို့ ခုန် ဆင်းလာခဲ့ပါသည်။

နောက်တစ်ပတ်အကြာမှာ ဖြစ်သည်။

ဂန္ဓမာအဖွဲ့အစည်းကြီး တစ်ခုလုံး၏ လက်အောက်မှာ ဂန္ဓမာ ပြတိုက်၊ ဂန္ဓမာသုတေသန တက္ကသိုလ်၊ ဂန္ဓမာ အနုပညာဆိုင်ရာ တက္ကသိုလ်၊ ဂန္ဓမာ ရန်ပုံငွေဆိုင်ရာဌာန စသည်ဖြင့် အဆောက်အဦ နှင့် ရုံးဌာနများ ရှိနေသည့်အနက် ဂန္ဓမာ သုတေသန တက္ကသိုလ် အုပ်ချုပ်ရေးမှူး၏ အတွင်းရေးမှူးဖြစ်သူ ဦးရှားမင်းမှာ သုတေသီ များ မိတ်ဆက် ညစာစားပွဲ၌ သိကျွမ်းရာမှ ကျွန်မနှင့် လျင်မြန်စွာ ရင်းနှီးခင်မင်သွားသည်။ သူသည် ကျွန်မကို တွေ့တိုင်း 'မင်္ဂလာပါ' ဟု အမြဲ နှုတ်ခွန်းဆက်လေ့ ရှိ၏။ 'မင်းထဘီ အဆင်လေးက သိပ် လှတာပဲ၊ အဲဒါ တိုင်းရင်းသားလုံချည် မဟုတ်လား' ဟုလည်း မေး တတ်သူ ဖြစ်သည်။

ထိုညနေမှာ ဦးရှားမင်းက ညှော့သည်သုံးယောက်တည်းသာ ဖိတ်ကြားသော ညစာစားပွဲကလေးတစ်ခု ကျင်းပခဲ့သည်။ ညနေ ၇း၀၀ နာရီမှာ စတင်မည် ဖြစ်ပေမယ့် ဦးရှားမင်းက ရုံးအဆင်း သူ့ အိမ်သို့ အပြန်မှာ ကျွန်မကို ဝင်ခေါ်သွားခြင်း ဖြစ်သဖြင့် ကျွန်မက ညနေ ၅း၀၀ နာရီကတည်းက သူ့ကားဖြင့် လိုက်သွားခဲ့ရသည်။

"ည အပြန် ကျ ရင် တော့ မင်း ကို နေသန်က လိုက်ပို့ ပေး လိမ့် မယ်၊ အဲဒါ မင်းအတွက် အနှောင့်အယှက် မဖြစ်လောက်ပါဘူးနော်" ဟု သူက မေးခဲ့၏။

နေသန် ...။

ဂန္ဓမာ၏ ကျယ်ဝန်းသော နယ်မြေကြီးထဲမှာ ပြတိုက်ဝန်ထမ်း၊



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တွေဘက်က ဝန်ထမ်းဟူ၍ စုစုပေါင်း ဝန်ထမ်း ၁၂၀၀ ရှိသည်။ ထို ၁၂၀၀ ထဲမှ သုတေသနတက္ကသိုလ်ဘက်က ဝန်ထမ်း ဦးရှားမင်းနှင့် အနုပညာတက္ကသိုလ်ဘက်က ဝန်ထမ်း နေသန်တို့ တစ်ယောက်ကို တစ်ယောက် သိကျွမ်းနေကြမည်ဟု ကျွန်မ လုံးဝ မစဉ်းစားခဲ့မိပေ။ ထို့ကြောင့် နေသန် ဟု ပြောလိုက်သည့် အခါ ကျွန်မ တော်တော်အံ့သြသွားခဲ့၏။

"အဲဒီ နေသန် ဟာ ကျွန်မသိတဲ့ လက်ထောက်ပြတိုက်မှူး နေသန် များ ဖြစ်နေမလား"

"တခြားဘယ်သူရှိဦးမလဲ ရတနာ၊ သူက မင်းနဲ့တွေ့ဖူးတယ်လို့ ပြောတယ်"

အံ့သြစရာပဲ။

"မင်းကို သူက တော်တော်စိတ်ဝင်စားနေတယ်"

"ဟုတ်လား"

ကျွန်မ အနည်းငယ် မျက်နှာနွေးသွား၏။

ထိုညက ကြယ်စုံသော ည ဖြစ်သည်။

သူသည် ဦးရှားမင်းအတွက် ဝိုင်အနီတစ်ပုလင်း လက်ဆောင် ယူလာခဲ့၏။ ညှော်သည် ဒေါ်နန်းစီက ဦးရှားမင်းအတွက် လုပသော နှင်းဆီအဖြူတစ်စည်း လက်ဆောင်ယူလာပေးခဲ့၏။ ကျွန်မက ဦးရှားမင်းအတွက် သစ်သားငါးမျိုးဖြင့် ထွင်းထုထားသော မြန်မာ ဆင်ရုပ်ကလေး ငါးကောင်ကို လက်ဆောင်အဖြစ် ပေးလိုက်သည်။ ဦးရှားမင်းသည် ကျွန်မ၏ ဆင်ရုပ်ကလေးများကို အလွန် သဘောကျသွားလေသည်။





ထူးဆန်းသည်မှာ ညှော်သည်ချင်းအတူတူ ကျွန်မက ကိုနေသန့်ဆီက လက်ဆောင်ရလိုက်ခြင်း ဖြစ်သည်။

"ဗန်ဂိုးကို သဘောကျတဲ့ မိန်းကလေးအတွက်..."

Taschen ပုံနှိပ်တိုက်မှ ထုတ်ဝေသော ဗန်ဂိုး၏ ပန်းချီပိုစတာ ခြောက်ခု ပါဝင်သော စာအုပ်ကြီးတစ်ခုကို ကျွန်မအား သူ ပေးခဲ့သည်။

"အို...သိပ်ကျေးဇူးတင်တာပဲ"

"သေချာတာပေါ့"

သူသည် ကျွန်မက သို့မဟုတ် တစ်ယောက်ယောက်က သူ့ကို ကျေးဇူးတင်စကား ပြောလျှင် သူများလို မင်းကိုကြိုဆိုပါတယ်ဟု မတုံ့ပြန်ဘဲ သေချာတာပေါ့ဟု တုံ့ပြန်လေ့ရှိသည်။

ကျွန်မက သူ့ရှေ့မှာပင် ပိုစတာချပ်များကို ဖောက်ကြည့်တော့ သူက ကျေနပ်စွာ ပြုံးလျက်ရှိသည်။

'ညအချိန် ကဖေးဆိုင် မျက်နှာစာ' ဟူသော ပန်းချီကားကို ဦးရှားမင်းကပါ ငုံ့ကြည့်လျက် 'မထူးဆန်းဘူးလား၊ အဲဒီမြင်ကွင်းဟာ အခုငါ့အိမ်ရှေ့ အောက်ထပ်လမ်းမက မြင်ကွင်းနဲ့ မတူဘူးလား' ဟု ရေရွတ်၏။ 'လာ...လိုက်ခဲ့၊ အလှပဆုံး မြင်ကွင်းဟာ ပြင်သစ်ပြည်မှာမှ မဟုတ်ဘူး၊ ရှားမင်းရဲ့အိမ်ရှေ့မှာလဲ ရှိတယ်"

ကျွန်မတို့အားလုံး သူ့အခန်း၏အထက် အမိုးပြင်ထိအောင် တက်သွားကြသည်။

လေသည် အရပ်ရှစ်မျက်နှာမှ စူးစူးရှရှ တိုက်နေသဖြင့် ကျွန်မ တစ်ကိုယ်လုံး အေးခဲထုံကျင်သွား၏။ ကျွန်မ၏ ဆံပင်တွေ လေ အရှိန်ဖြင့် ပုံပျက်ပန်းပျက် ဖွာဆန်ကြကုန်၏။ ကျွန်မ ဆံပင်တော



www.burmeseclassic.com

www.burmeseclassic.com



မကာပါ၊ ကိုနေသန့်၏ ဆံပင်များလည်း ရှပ်ယှက်ခတ်သွား၏။ ဦးရှားမင်းကတော့ ထိပ်ပြောင်သူ၊ ဒေါ်နန်းစီကတော့ ဆံပင်ကိုနောက်မှာ စုစည်းထားသူ၊ ဆံပင်ရှုပ်ပွနေတာ ကျွန်မတို့နှစ်ယောက်ပဲ ရှိသည်မို့ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ရယ်မိကြသည်။

သူဝတ်ထားသည့် ဝတ်စုံမှာ ညစာစားပွဲ တက်သည့် ထုံးစံဝတ်စုံနှင့် တော်တော် ဝေးကွာပါသည်။ ဒေါ်နုစိမ်း အရင့်ရောင် Sweat Shirt ခေါင်းစွပ် လက်ရှည်နှင့် တစ်သားတည်း တစ်ရောင်တည်း ဘောင်းဘီပွပွကို ဝတ်ထားသည်။ ဦးရှားမင်းက တီရှပ်လက်တိုအပွကြီး ဝတ်ထားပြီး ဒေါ်နန်းစီကတော့ အနက်ရောင်မှာ စိန်မှုန်လေးတွေ လက်နေသော သိုးမွေးအနွေးထည်ကို ဝတ်ထားသည်။ မရှန်းနုရောင် ဘီဘဲလ် သိုးမွေးထည် ပါးပါးလေး ဝတ်ထားမိသော ကျွန်မမှာ ဦးရှားမင်းထက်ပင် ချမ်းအေးကာ နိုက်ခိုက်တုန်သွား၏။

အုတ်ခုံတံတိုင်း နိမ့်နိမ့်လေးပေါ်မှာ ကျွန်မတို့အားလုံး လက်ထောက် မှီလိုက်ကြသည်။ ပြာမှောင်သော ကောင်းကင်မှ ကြယ်ပွင့်ကလေးအချို့ကို ကျွန်မ လှမ်းမြင်နေရ၏။

ကြယ်ရောင်မှိန်မှိန်အောက်က ဟိုးအောက် ကွန်ကရစ် ပလက်ဖောင်းပေါ်မှာ ချခင်းထားသော စားပွဲဝိုင်းနှင့် ကုလားထိုင်များ၊ ကော်ဖီသောက်နေသူများ၊ ဟိုမှ သည်မှ ဖြတ်သွားဖြတ်လာသူများ၊ ဘေးက သစ်ပင်ချုံပုတ်မှာ ချိတ်ဆွဲထွန်းညှိထားသော မီးလုံးကလေးများ၏ အလင်းရောင်က စားပွဲကလေးတချို့ကို အလင်းတင်ပေးလျက် ရှိသည်။

"ဒါပေမဲ့ ဦးရှားမင်း၊ ခင်ဗျားရဲ့ ကောင်းကင်က ကြယ်တော့ ဒီလောက် မများလှဘူးဆိုတာ ဝန်ခံရမယ်"





သူက ရယ်မောလျက် မှတ်ချက်ချ၏။

ဤမြို့သို့ ရောက်ပြီးမှ ညစာ စားရခြင်း၏ ကျေနပ်ပြည့်ဝမှုကို ပထမဆုံး ခံစားလိုက်ရသည်မှာ ဦးရှားမင်း၏ အံ့သြစရာ အချက်အပြုတ် ကျွမ်းကျင်မှုကြောင့် ဖြစ်သည်။

ကားကြုံစီးရခြင်း၏ အဆင်ပြေမှုတွေထဲမှာ ကြည်နူးချမ်းမြေ့မှုကို ပထမဆုံးအကြိမ် ခံစားလိုက်ရသည်မှာ ကျွန်မဘေးမှာ ကားမောင်းနေတာ သူ ဖြစ်နေလို့ပဲ ဖြစ်သည်။

သူ့အိမ်သည် ဦးရှားမင်းနှင့် ကျွန်မအိမ်၏ ခရီးတစ်ဝက်မှာ ရှိသည်။ ဒေါ်နန်းစီက ကျွန်မနှင့် ဆန့်ကျင်ဘက် မိုင် လေးငါးဆယ်အဝေးသို့ ကားမောင်းသွားရမည်။ ထိုအခါ ကျွန်မကို ပြန်ပို့ဖို့ အသင့်တော်ဆုံးလူအဖြစ် သူက သူ့ကိုယ်သူ (လွန်ခဲ့သည့် လေးရက်၊ ဤညစာကို စီစဉ်ဆွေးနွေးကြသည့် အချိန်ကတည်းက) ရွေးချယ်ခဲ့သည်ဟု သူ ပြောပြပါသည်။

ည ဆယ်နာရီခွဲ အချိန်သည် အေးမြလှသော ဆောင်းရာသီမှာတော့ လူခြေတိတ်စ ပြုသည့်အချိန် ဖြစ်သည်။

ထိုညက မှတ်မှတ်ရရ ကျွန်မ အဆောင်ရှေ့က အဖြူရောင်ခန်း ပွင့်သည့် ချုံပင်ကလေးများ တစ်ပြိုင်တည်း ပင်လုံးကျွတ် ပွင့်ကြ၏။ နှင်းငွေ့လွှမ်းသော လေသည် အေးစက်ချမ်းမြလျက် ရှိ၏။ ကောင်းကင်ဆီမှာ ကြယ်မှုန်မှုန်ကလေးများ ပြန့်ကျဲနေသည်။

"နောက်မှ တို့တွေ့ကြတာပေါ့" ဟု သူ နှုတ်ဆက်ချိန်တွင် လောကကြီးတစ်ခုလုံး တိတ်ဆိတ်အေးချမ်းလျက် ရှိသည်။

အနီရောင် ကားကလေး ကျွန်မ၏ မျက်စိအောက်မှ ပျောက်သွားသည်အထိ ဂိတ်တံခါးရှေ့မှာ ရပ်ကြည့် နှုတ်ဆက်ချင်သေး



www.burmeseclassic.com


www.burmeseclassic.com



လည်း ကျွန်မ ဂိတ်တံခါးသော့ မဖွင့်မချင်း ကားထွက်မည့်ဟန် မပြ ဘဲ စောင့်နေသဖြင့် ကျွန်မသည် အလျင်အမြန်ပင် သော့ဖွင့်လိုက် ရ၏။

မှန်တံခါးနောက်သို့ ကျွန်မ ဝင်လိုက်သော အချိန်ကျမှ သူ လက်ပြကာ ကားမောင်းထွက်သွားပါသည်။

အခန်းရှိရာသို့ ကွန်ကရစ်ခင်း လမ်းကလေးအတိုင်း ခပ်ဖြည်း ဖြည်း လမ်းလျှောက်သွားနေသော ကျွန်မ၏ ခြေလှမ်းများတွင် ဘာ မှန်း မသိသော ယစ်မူးမှုတစ်ခုကို ခံစားနေရသည်။ ကျွန်မ၏ ခြေအစုံ က လမ်းနှင့် မထိသလို။ ပေါ့ပါးနေတာလား၊ လစ်ဟာနေတာလား ကျွန်မ မသိပါ။



Moonrise at St. Germain (Tunis), (1915), Paul Klee, Water Colour, (18.4 x 17.2 cm), Folkwang Museum, Essen

www.burmeseclassic.com

www.burmeseclassic.com

ပေါလ်ကလီသည် ၁၉၁၅ ခုနှစ်တွင် 'စိန့်ဂျာမိန်းမှ လထွက်ချိန်' အမည်ရှိ ညပန်းချီတစ်ခုကို ရေးဆွဲခဲ့သည်။

တုနီးရှားခရီးစဉ်၌ သူရေးဆွဲသော အခြား ပန်းချီကားများလိုပင် အဆောက်အအုံနှင့် ရှုခင်းများကို ရေးဆွဲရာ၌ ဖောက်ထွင်းမြင်ရသော ခပ်ပါးပါး အရောင်တို့ကို အသုံးပြုလျက် ချိုသြမြေကြီးအကွက်ပုံမျိုး သရုပ်ဖော် ရေးဆွဲခဲ့သည်။

အဆောက်အအုံတစ်ခု၏ ထိပ်ဖျား ခေါင်မိုးစွန်းအလွန် မိုးပြာရောင် ကောင်းကင်ဆီမှာ ဝိုင်းစက်သည့် အပြာနုဖျော့ဖျော့ လပြည့်လ၊ လ၏အနားသတ်မှာ မီးခိုးပြာရောင် စုတ်ချက်အသေး ဖြစ်သည်။ ပန်းချီကား တစ်ခုလုံး စုတ်ချက်အသေးဟူ၍ ထိုစက်ဝိုင်းအနားသတ်သာ ဖြစ်သည်။

တည်ငြိမ် အေးဆေးသော မီးခိုးရောင် အပြာရောင်တို့သည် နူးညံ့ဖျော့မှိန်စွာ ခန့်သွေးသော အဝါရောင်၊ ပန်းရောင်၊ အနီရောင်တို့ဖြင့် ပြေပြစ်စွာ ရောနှောလျက် အလွန်ဆွဲငင်ညို့ယူနိုင်စွမ်းသော ညပန်းချီတစ်ခု ဖြစ်ခဲ့သည်။

## ပေါလ်ကလီးနဲ့လပြည့်ည

ထုံးစံအားဖြင့် ဂန္ဓမာ သုတေသန တက္ကသိုလ်၏ သင်တန်း ...းမှတွင် ကျွန်မ သွားတက်သော လက်ချာတို့သည် ညနေ ၄း၀၀ ...ရီမှ ညနေ ၆း၀၀ နာရီအတွင်းသာ ဖြစ်တတ်သည်။

ထိုညနေခင်းကတော့ သွားရမည့် လက်ချာချိန်သည် ညနေ ...၀ နာရီမှ ည ၈း၀၀ နာရီအထိ ဖြစ်ခဲ့သည်။ အကယ်၍သာ ဂန္ဓမာ ...မြေဝန်း တစ်ခုတည်းမှာ သူအလုပ် လုပ်နေခဲ့တာ မဟုတ်ဘူး ဆို...င် ထိုစာဖတ်ပွဲကို ကျွန်မ လက်လွှတ်လိုက်ရရုံသာ ရှိမည်။ ဘာ...ကြောင့်လဲ ဆိုတော့ ည ၈း၀၀ နာရီ လက်ချာပြီးချိန်တွင် ကျွန်မ ပြန်...ရာ ဘတ်စ်ကား မရှိတော့လို့ပဲ ဖြစ်သည်။

ဂန္ဓမာတောင်ခြေသို့ ဝင်ရာ ဂိတ်ပေါက်ရှေ့က ကပ်လျက် မှတ်...င်သည် နံပါတ် ၁၄ ကားပြာကြီး၏ ဂိတ်ဆုံးမှတ်တိုင် ဖြစ်၏။ ထို...ားသည် ဂန္ဓမာမှ ကျွန်မတို့ အဆောင်ရှိရာ လမ်းဆုံသို့ ရောက်...ည့် တစ်စီးတည်းသော ကား ဖြစ်သည်။ သို့သော် ထိုဘတ်စ်ကား... နောက်ဆုံးကားသည် ဂန္ဓမာရှေ့ မှတ်တိုင်မှ ည ခုနစ်နာရီ ၅၈

www.burmeseclassic.com

www.burmeseclassic.com



မိနစ်မှာ ထွက်ခွာသည်။ ဘတ်စ်ကားဂိတ်သို့ ကျွန်မအနေဖြင့် ခုန
နာရီ ၅၅ မိနစ်မှာ အရောက်သွားပါမှ ထိုကားကို မီဖို့ သေချာမည်
ဘတ်စ်ကား မောင်းသူ၏ နာရီ သို့မဟုတ် ကားထဲက နာရီသည်
ကျွန်မနာရီနှင့် မိနစ်မလွဲ စက္ကန့်မလွဲ တူညီနေမည်ဟု ယုံကြည်မျှေ
လင့်လို့ မရ။ ကျွန်မနာရီက တစ်မိနစ် နှစ်မိနစ် နောက်ကျခဲ့လျှင်
သို့မဟုတ် သူ့နာရီက မြန်ခဲ့လျှင် ဘယ့်နှယ်လုပ်မလဲ။ သည်တော့
ထိုနောက်ဆုံးကားကို မီလိုလျှင် သင်တန်းခန်းမမှ ခုနစ်နာရီ ၃
မိနစ်မှာ နောက်အကျဆုံး ထား၍ ထွက်ခဲ့မှ ဖြစ်မည်။

တက္ကသိုလ် အဆောက်အဦ ထွက်ပေါက် မှန်တံခါးမှ ရထား
ဘူတာရုံကလေးရှိရာသို့ ရင်ပြင်ကျယ်ကို ဖြတ်ပြီး ခပ်သွက်သွ
အပြေး လမ်းလျှောက်သွားလျှင် နှစ်မိနစ်၊ ပုံမှန် ဖြည်းဖြည်းသွားလျှ
သုံးမိနစ်ခန့် ကြာမည်။ အဲသည်မှာ စောင့်နေသည့် ရထားတွဲကလေ
နှစ်တွဲ အဆင်သင့်ရှိပါမှ၊ မရှိခဲ့လို့ လာမည့်တွဲကို စောင့်ရလျှင် ၅
မိနစ် ပတ်ဝန်းကျင်လောက် ကြာမည်။ တောင်ပေါ် ဘူတာရုံကလေ
နှင့် တောင်အောက် ဘူတာရုံကလေးအကြား ရထားတွဲကလေး ပြေ
ချိန် ရှစ်မိနစ် ရှိသည်။ တောင်အောက်ဘူတာ ရင်ပြင်မှ မြေပြင်ည
ထပ်ရှိရာသို့ ဓာတ်လှေကားဖြင့် ဆင်းလိုက ဆင်း၊ ရိုးရိုးလှေကာ
ဖြင့် ဆင်းလိုက ဆင်း တစ်မိနစ်ပဲ။ ထို့နောက် မြေညီထပ်မှ ဂိ
ပေါက် ရှိရာသို့ အထွက် ကားလမ်းဘေး ပလက်ဖောင်းမှ လျှော
သွားလျှင် နှစ်မိနစ် ထပ်ကြာမည်။

ထို့ကြောင့် နောက်ဆုံးကား ခုနစ်နာရီ ၅၈ မိနစ်ဟူသော က
သတ်ချက်ကြီးကို ကြည့်ကာ ၆း၀၀ နာရီ စသော လက်ချာအားလုံ
ကို ကျွန်မ လက်လွှတ်ခဲ့ရသည်။





ထိုညနေခင်းမှာတော့ သူ ရုံးမှာ အချိန်ပိုယူပြီး အလုပ်လုပ်ရမည် ဖြစ်၍ ရုံးဆင်းချိန် နောက်ကျမည်ဟု တယ်လီဖုန်း ပြောရင်း အမှတ်မထင် စကားစပ်မိသွားခဲ့သည်။ ‘ဘယ်အချိန်လောက်ထိ နေရမယ် ထင်သလဲ’ ဟု အားတက်သရော မေးကြည့်ခဲ့စဉ်က ‘ည ခုနစ်နာရီခွဲအထိ နေရဖို့ များတယ်’ ဟု သူ ဖြေပါသည်။

“ည ခုနစ်နာရီခွဲအထိ နေရမှာအတူတူ ည ရှစ်နာရီအထိ မနေလိုက်နိုင်ဘူးလားဟင်”

အရဲစွန့်ကာ ကျွန်မ မေးတော့သူက ‘ဘာကြောင့်လဲ’ ဟု ဇဝေဇဝါဖြင့် ပြန်မေးခဲ့လေသည်။

“သြော်…ကျွန်မ အဲဒီညနေခင်းမှာ ခြောက်နာရီစမယ့် လက်ချာကို သွားတက်ချင်နေတာ၊ အပြန် ဘတ်စ်ကား မရတော့ဖို့ များလို့ လက်လွှတ်ရတော့မယ့်ဆဲဆဲကွဲ့၊ အဲဒါ ကိုနေသန့် များ ရှစ်နာရီထိ နေပေးနိုင်မယ်ဆိုရင် အပြန် ကားကြုံလိုက်ရတာပေါ့၊ လက်ချာက ရှစ်နာရီမှ ပြီးမှာမို့ပါ”

သူ ရှောရှောရှူရှူ ကူညီချင်ပုံ မရ။

“အင်း…ခုနစ်နာရီခွဲနဲ့ ရှစ်နာရီ မထူးဘူးလို့ ထင်ရပေမယ့် အချိန်ကွာခြားချက် နာရီဝက်ကြီးများတောင် ရှိတယ် ရတနာ၊ မင်း လက်ချာမပြီးခင် နာရီဝက်မှာ ကိုယ်က ဘာလုပ်နေရမှာလဲ”

ထိုအဖြေကို ကျွန်မ မျှော်လင့်မထားခဲ့မိပါ။

“ဥယျာဉ်ထဲ ဆင်းပြီး လမ်းလျှောက်နိုင်သားပဲ၊ ဒါမှမဟုတ် စားသောက်ဆိုင်မှာ ညစာ မှာစားရင်း စောင့်မလား”

ထို့နောက် ချက်ချင်းပင် ကျွန်မ နောက်ဆုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ရှင်အဆင်ပြေမှပါ၊ ကျွန်မ ရှင့်ကို ဒုက္ခမပေးချင်ပါဘူး"

"လက်ချာက မင်းအတွက် အရေးကြီးတယ်ဆိုရင်တော့ ..."

သူ့လေသံမှာ ခပ်ဆဆ တွန့်ဆုတ်မှုကို ကျွန်မ ခံစားရသည်။

"အို ... အရေးမကြီးပါဘူး၊ မေ့လိုက်တော့နော်၊ ကျွန်မ သွားမတက်လဲ ဘာမှ မဖြစ်ပါဘူး"

"စိတ်မကောင်းပါဘူး ရတနာ ... ကိုယ် အိမ်ကို ရှစ်နာရီ ပြန်ရောက်ချင်လို့ပါ"

"ကိစ္စမရှိပါဘူး၊ ကျွန်မ နားလည်နိုင်ပါတယ်၊ ကျေးဇူးပဲနော်"

အင်း ... သည်အတိုင်းဆို ကျွန်မ လောဘနည်းနည်းကြီးသွားမိဟန် တူပါရဲ့ ... ဟု တွေးလျက် လက်ချာအကြောင်း မေ့ပစ်လိုက်သည်။

နောက်တစ်နေ့ နေ့လယ်မှာ သူ ကျွန်မထံ ဖုန်းဆက်ခဲ့ပါသည်။ သူ ဖုန်းဆက်ချိန်က ကျွန်မကို တရားဝင် ပိုင်ဆိုင်ပတ်သက်သော မိုးသောက်ပန်းစံအိမ် ရုံးခန်းသို့ ခဏသွားနေရသောကြောင့် ကျွန်မ မရှိခဲ့ပါ။ တယ်လီဖုန်း လက်ခံသည့် စက်ကလေးထဲမှာ သူ ထည့်ထားသော သတင်းကို ညနေ လေးနာရီကျမှ ကျွန်မ နားထောင်ရသည်။

"ရတနာ ... ကိုယ်ပါ၊ နေသန်၊ အခု နေ့လယ် တစ်နာရီ ရှိနေပြီပေါ့၊ မင်းပြောတဲ့ ဒီညနေလက်ချာကို မင်း စိတ်ဝင်စားသေးတယ်ဆိုရင် လာခဲ့ပါ၊ ကိုယ် နာရီဝက် စောင့်ပေးဖို့ ဝမ်းမြောက်ဝမ်းသာ ဆုံးဖြတ်လိုက်ပါတယ်၊ လာဖြစ်မယ်ဆိုရင် ကိုယ့်ရုံးကို ဖုန်းဆက်ပြီး





အတည်ပြုပေးပေါ့၊ မင်းပြောသလို ဥယျာဉ်ထဲကနေ မင်းကို ကိုယ် စောင့်နိုင်ပါတယ်"

ကျွန်မ မျက်မှောင်ကြုတ်ရင်း ပြုံးမိသည်။

ကြည့် ... သည်လူဟာ သဘောကောင်း ကြင်နာမည့်အရေးကို တွန့်ဆုတ်နေခဲ့ရသေးသည်။

ဘာပဲဖြစ်ဖြစ် သူ ကျွန်မကို လိုက်လျောလိုက်ပြီပေါ့။

ကျွန်မ လက်ချာခန်းထဲက ထွက်လာသောအခါ ည ရှစ်နာရီ ထိုးပြီး ငါးမိနစ် ရှိနေပြီ။

တောင်ကုန်းအမြင့်ပေါ်မှာ ထီးထီးမားမားကြီး တည်ရှိနေသော အဆောက်အဦကြီးမှ မှန်တံခါးအပြင်သို့ ထွက်ထွက်ချင်း နှင်းငွေ့ ရွှမ်းသော ဆောင်းလေကြောင့် စိမ့်ခနဲ အေးခိုက်သွားသည်။ ကြွေပြား မျက်နှာပြင် ပလာဇာပြင်ညီသည် နှင်းစက် စိုစွတ်နေသဖြင့် ကျွန်မ ၏ ဖိနပ်အပါးကို ချော်စေနိုင်သည်။ ခြေလှမ်းကို သတိထား၍ လှမ်းနေရသည်။ ဤကြွေပြားခင်း မျက်နှာပြင်ပေါ်မှာ ညှပ်ဖိနပ် အပါး ဖြင့် လမ်းလျှောက်သူဟူ၍ ကျွန်မတစ်ယောက်သာ ရှိမည်။ ဤကြမ်း ပြင်သည် ကျွန်မဖိနပ်နှင့် မသင့်တော်မှန်း ကျွန်မ သတိထားမိပါရဲ့၊ သူ့ကားကြိုနှင့် လိုက်ရမှာမို့ ဖိနပ်ပါးနှင့် ထဘီကို ရွေးချယ်ဝတ်ဆင် ခဲ့ခြင်း ဖြစ်သည်။

ခပ်လှမ်းလှမ်း မီးတိုင်မှ မှိန်ပျပျ အလင်း၏ အားကိုးဖြင့် ကျွန်မ လျှောက်လာနေစဉ် အအေးသည် ပို၍ပို၍ သိပ်သည်းလာကာ အပေါ် ထပ်အင်္ကျီကို ဖောက်ထွင်းပြီး စူးစူးရှရှ ချမ်းသွားသည်။ လက်နှစ်ဖက် ယှက်ပြီး ချိုင်းကြားထဲ လက်ဖျားတွေ ထည့်ညှပ်ထားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်သို့အဆင်း လှေကားထစ်များ၏ ထိပ်သို့ ရောက်သည့်အခါ အောက်ဘက် ဥယျာဉ်ထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။ သူ အဲဒီမှာ ရောက်နေပြီလား၊ ကျွန်မကို စောင့်ရတာ ကြာလို့ဖြင့် စိတ်တိုမနေတန်ရာပါဘူးနော်။

လှေကားထစ်မှ ဆင်းတော့မည့် ဟန်ပြင်ခိုက် ပြတိုက်ဘက်ဆီက လာနေသော ရှူးဖိနပ်သံ ခပ်ဖွဖွ ခပ်သွက်သွက်ကို ကြားရသည်။ ဘာကြောင့်လဲတော့ မသိ၊ သူ ဥယျာဉ်ထဲမှာ စောင့်နေမှာ... ဟူသော အသိ ရှိနေပါလျက် အဲသည်ဖိနပ်သံဟာ သူ လမ်းလျှောက်လာတဲ့ ခြေသံပဲဟု ရုတ်တရက် ခံစားလိုက်မိ၏။ လှည့်ကြည့်လိုက်တော့...သူ။

ပြတိုက်ရှေ့ပိုင်းဆီက အလင်းရောင်ကို ကျောပေးကာ ကျွန်မထံ လမ်းလျှောက်လာနေတာ ဖြစ်ပေမယ့် အမှောင်ရိပ် ကျနေသော သူ့မျက်နှာ၏ အပြုံးကို ကျွန်မ ခံစားလို့ ရနေသည်။

"ရတနာ..."

"အိုး...ရှင် ဥယျာဉ်ထဲမှာ ရှိနေမယ် ထင်ထားခဲ့တာ"

"အခန်းထဲမှာပဲ အလုပ်လုပ်ရင်း စောင့်တာက ပိုအဆင်ပြေလို့လေ"

ကျွန်မတို့နှစ်ယောက် တစ်ဖက်ပြန်လှည့်ကာ ရင်ပြင်အတိုင်း ဘူတာရုံသို့အဆင်း လှေကားထစ်ကြီးများဆီသို့ လျှောက်လာခဲ့ကြသည်။

"ဒါနဲ့ ရတနာ...ရထား လမ်းခုလတ်မှာ လမ်းချော်သွားလို့တဲ့ ကားကြီးတွေနဲ့ပဲ ကြိုပို့ပေးနေတယ်၊ ဒီတော့ ကားပေါ်အတက်မှာ နည်းနည်းတော့ တန်းစီရမယ် ထင်တယ်"





"ကြားရတာ အံ့သြစရာပဲ၊ ဒီဂန္ဓမာမှာ ရထားတွဲပျက်တယ် ဟုတ်လား၊ ဒီလောက် ချမ်းသာပြီး ဒီလောက်ကြီးကျယ်တဲ့ ဂန္ဓမာမှာလေ"

သူ ရယ်မောပါသည်။

"အိုကွာ...စက်ဆိုတာ ပျက်တတ်တာပေါ့၊ အခု သူတို့ ပြင်နေကြပါတယ်၊ တကယ်လို့ ကိုယ်တို့ ကားကို တန်းမစီချင်ရင် လမ်းလျှောက်ပြီး ဆင်းလို့ရတာပဲ၊ ကွန်ကရစ်ကားလမ်းဘေးမှာ လူသွားလမ်း စင်္ကြံ ရှိနေတာပဲ"

"ဟုတ်ကဲ့၊ လမ်းလျှောက်ရတာကို ကြိုက်တယ်"

ရထားလမ်းနှင့် အပြိုင် အုတ်တံတိုင်း ခပ်နိမ့်နိမ့် အခိုင်အခံ့ ကာရံခြားထားသည့် ကွန်ကရစ်ခင်း ကားလမ်းဘေးမှာ လူတစ်စုသည် ရပ်ထားသော ကားပေါ်သို့ တစ်ယောက်ချင်း တက်နေကြသည်။ သူနှင့် ကျွန်မ ထိုလူအုပ်ကို ကျော်ဖြတ်လိုက်ကာ ကားလမ်းဘေးက ကွန်ကရစ် လူသွားစင်္ကြံအမြင့်ကလေးပေါ်မှ ခပ်သွက်သွက် လမ်းလျှောက်သွားကြပါသည်။

ပတ်ဝန်းကျင်သည် အမှောင်ထု လွှမ်းစ အချိန် ဖြစ်သည်။ သို့သော် စင်္ကြံဘေး မီးတိုင်များဆီက အလင်းဖြင့် ကားလမ်းသည် အဝါရောင် လင်းလျက်ရှိသည်။

"ချမ်းနေသလား"

"ဟုတ်ကဲ့...ခဲတောင် ခဲတော့မယ်"

သူ ခပ်ဖွဖွ ရယ်မောပါသည်။

သူ့ကြည့်ရတာတော့ အအေးဒဏ်က သူ့အပေါ် လုံးဝ မသက်ရောက်သလိုပဲ။ ကျွန်မလို ဆွယ်တာ အပေါ်ဝတ်ပင် မပါ။ ခပ်ပွပွ



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီလက်တိုကိုသာ ဝတ်ထားသည်။ အင်္ကျီအသားက ချည်သားစစ်စစ် ခပ်ကြမ်းကြမ်းလေး ပွပွမွမွ အသားမျိုး ဖြစ်သည်။ အနက်ရောင် ဂျင်း ကျောပိုးအိတ် အပျော့စားကို ပခုံးမှာ လွယ်လျက် သက္ကလတ် အပါးစား ဘောင်းဘီ၏ ဘေးအိတ်တွေထဲ လက်တွေ ထိုးထည့်ကာ သက်သက်သာသာ လမ်းလျှောက်နေသော သူ့ခြေလှမ်းကျဲကြီးတွေကို ကျွန်မ မီအောင်လိုက်ရင်း သူ့ကို ဘေးတိုက် မော့ကြည့်မိသည်။

"ရှင်ကတော့ မချမ်းဘူးပေါ့နော်"

သူ ကျွန်မကို တစ်ချက် ငုံ့ကြည့်၏။

"ကိုယ်က အင်မတန်အေးတဲ့ ဒေသက လာတဲ့လူလေ၊ ကိုယ်တို့ဆီမှာ ရာသီဥတု သိပ်ဆိုးတယ်၊ တစ်ချိန်လုံး မိုးတွေနဲ့ နှင်းတွေနဲ့ စိုစွတ်အေးခဲနေခဲ့တာ"

"ကျွန်မ အတွက်တော့ ဒီအအေးဟာ ပေါ့ပေါ့ မဟုတ်ဘူး"

"မင်း အနွေးထည် ထူထူ ဝတ်ခဲ့ဖို့ ကောင်းတယ်"

"ကျွန်မ သိပါတယ်၊ နောက်များဆိုရင်တော့ အနွေးထည်လုံလုံ ဝတ်တော့မယ်"

ပြောရင်း ကျွန်မ လက်ပိုက်လိုက်ရပြန်သည်။

"ကားထဲ ရောက်ရင် အပူငွေ့ပေးစက် ဖွင့်ပေးပါ့မယ်၊ အခုတော့ လမ်းသွက်သွက်လျှောက်ပေါ့"

"ကိုနေသန် ...ဒါထက် ခပ်သွက်သွက်လျှောက်ရရင် ကျွန်မ အပြေးလိုက်ရတော့မှာ"

"ဆောရီး..."

သူသည် ယခုမှပင် ကျွန်မအား ငဲ့ညှာပြီး ခြေလှမ်း နှေးနှေး





လျှောက်ပေးဖို့ သတိရသွားလေသည်။ ခပ်လှမ်းလှမ်း တံတိုင်း၏ တစ်ဖက် ရထားလမ်းပေါ်မှာ လူနှစ်ယောက် ထိုင်နေသည်။ အလုပ်သမား ဝတ်စုံတွေနှင့် သတ္တုခမောက် ပြောင်ပြောင်လက်လက်ကို မြင်ရသည်။ သူတို့ တစ်ခုခုကို ငုံ့၍ ပြင်ဆင်နေကြဟန် ရှိသည်။

ဟိုးအနိမ့်ပိုင်း တောင်အောက်ခြေ အဝေးဆီမှာ ကားမီးရောင် အစက်အပြောက်ကလေးများ စီတန်းရွေ့နေသည့် ကားလမ်းမကြီးကို အပေါ်စီးဖြင့် မြင်ရသည်။ ၄၀၅ အမြန်လမ်းမကြီး ဖြစ်သည်။ မီးရောင်ကလေးတွေ ရွေ့နေပုံက နှေးကွေးနေသလိုပဲ။ သည်ဘက်ခြမ်းမှာ သည်ဘက်သို့ လာနေသော ကားမီးရောင်တွေက ရှေ့မီးတွေမို့ အဖြူရောင်မီးပွင့်ကလေးများ၊ ဟိုဘက်ခြမ်းမှာ မြောက်ဘက်သို့ သွားနေကြသော ကားမီးရောင်တွေက နောက်မီးတွေမို့ အနီရောင် မီးပွင့်ကလေးများ၊ အတန်းလိုက် အဖြူရောင်မီးပွင့်ကလေးများ သည်ဘက်သို့ စီတန်း၍ လာနေချိန်တွင် အနီရောင် မီးပွင့်ကလေးတွေက တရွေ့ရွေ့ ဟိုဘက်သွားနေကြသည်။

သိပ်မကြာခင်မှာ ကျွန်မကို အဆောင်ပြန်ပို့ပေးပြီးလျှင် သူ့ကားလည်း အဲသည် အမြန်လမ်းမထဲသို့ မီးပွင့်ကလေးတစ်စုံအဖြစ် ဝင်ပြီး တန်းစီရတော့မည်။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်း အစပ်တွင် အလင်းရောင်တစ်ခုကို မြင်ရသည်။ လ ထွက်တော့မည် ထင်သည်။ အပေါ်ပိုင်းမှာ နက်ပြာရောင် ကောင်းကင် ...၊ အောက်အစပ်မှာက အပြာနုဖျော့ဖျော့ ကောင်းကင် ဖြစ်နေပြီ။

"ညက မလှဘူးလား ရတနာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သိပ်လှတာပဲ"

"အခုလိုအချိန်မှာ မင်း ကိုယ့်ကို ပုံဝတ္ထုလေးတစ်ပုဒ်လောက် ပြောပြဖို့ ကောင်းတယ်"

ကျွန်မ အံ့ဩသွား၏။

"ပုံဝတ္ထု..."

"အေးလေ...မင်းက ပုံပြော ကောင်းသူပဲ မဟုတ်လား၊ အခုလို အေးချမ်းတဲ့ညမှာ ကားရပ်တဲ့ နေရာမရောက်ခင် မင်းဆီက ပုံဝတ္ထုတစ်ပုဒ်လောက် ကြားရရင် ကောင်းမှာပေါ့"

"ဘာကြောင့်လဲ၊ မကြာခင် ကျွန်မတို့ ကားရပ်တဲ့နေရာကို ရောက်တော့မှာပဲ၊ ပုံနားထောင်ပြီး အချိန်ဖြုန်းမယ့်အစား ဟောဟိုမိုးကုပ်စက်ဝိုင်း အစပ်ကနေ လ ထွက်လာမယ့် အချိန်ကို စောင့်ကြည့်ရင်း လမ်းလျှောက်ဆင်းရတာ ပိုမကောင်းဘူးလား"

သူ တုံ့ခနဲ ရပ်လိုက်သဖြင့် ကျွန်မပါ အလိုအလျောက် ရပ်မိသွားသည်။ သူ ကျွန်မကို ငုံ့ကြည့်၏။

"ပုံပြောခြင်း အတတ်ပညာကို လူတွေ ဖန်တီးပြီး လက်ဆင့်ကမ်းခဲ့တာဟာ အချိန်ဖြုန်းဖို့လို့ မင်း ထင်လို့လား၊ ဒါဖြင့် မင်းဘာကြောင့် ဝတ္ထုတွေ ရေးနေခဲ့တာလဲ"

ကျွန်မ တစ်ခဏ ဆွံ့အ,သွား၏။ ဘာပြန်ပြောရမှန်း မသိပါ။

"ကျွန်မ မသိဘူး၊ ကျွန်မမှာ ပြောချင်တာတွေ များလာတဲ့အခါ ဝတ္ထုရေးပစ်လိုက်တာပဲ"

သူ ဆက် လမ်းလျှောက်ပြန်၏။ ကျွန်မလည်း သူ့ဘေးမှာ ဆက်လျှောက်သွားရပြန်ပါသည်။





"ကောင်းပြီ...ဘယ်သူ့အတွက် ပြောချင်တာလဲ၊ ဘာရလဒ်ကို မျှော်လင့်ပြီး ပြောချင်တာလဲ"

ဘယ်သူ့အတွက်ပါလိမ့်၊ ဘာကို မျှော်လင့်ခဲ့ပါလိမ့်...။

"လူတွေကို အသိပညာပေးဖို့လား"

"ဟင့်အင်း"

"လူတွေကို တွေးခေါ်ဆင်ခြင်မှုတရားနဲ့ ရင်းနှီးအောင် လုပ်ပေးဖို့လား"

"ဟင့်အင်း၊ ကျွန်မအထင်တော့ လူတွေကို ပိုကောင်းတဲ့ ဘဝလေးတွေ မျှော်လင့်တတ်ဖို့ ထင်တယ်၊ အနည်းဆုံး သူတို့ စိတ်ချမ်းသာ စေချင်တာပါပဲ"

သူ လက်ဖျောက်တစ်ချက် တီးလိုက်၏။

"အဲဒါပဲပေါ့ ရတနာ၊ ပုံဝတ္ထုပြောသူတွေဟာ နှစ်ပေါင်း ထောင်နဲ့ချီပြီး သူတို့အနုပညာတွေကို လက်ဆင့်ကမ်းလာကြတာ၊ အဲဒါလူ့ဘဝ ဖြစ်တည်မှုကို ပိုပြီး အဓိပ္ပာယ်ရှိစေချင်လို့ပဲပေါ့၊ လူသားတွေရဲ့ အမှတ်တရ အဖြစ်တွေ၊ စိတ်တည်ဆောက်မှု ခွန်အားတွေ၊ ဂုဏ်သိက္ခာတွေ၊ ကျရှုံးမှုတွေ...အဲဒါတွေကို နောက်ထပ် မျိုးဆက်တွေ အများကြီး တည်တံ့အောင် သူတို့ လုပ်ပေးနေခဲ့တာ၊ ဘာမှ မမြင်ရအောင် ပိန်းပိတ်မှောင်နေတဲ့ လောကအလယ်မှာ စမ်းတဝါးဝါး နေနေတဲ့ လူသားတွေကို မျှော်လင့်ချက် အလင်းရောင် ရေးရေးလေး အခါမှာ အဓိပ္ပာယ်ရှိရှိ အသက်ရှင် နေထိုင်တတ်အောင် သင်ပေးနေကြတာ၊ ပုံပြောတာဟာ အချိန်ဖြုန်းတာ မဟုတ်ဘူး၊ လူသားရဲ့တန်ဖိုး မြင့်မားသည်ထက် မြင့်မားအောင် ပြုပြင်ပြောင်းလဲပေးနေတာ၊ လူ့ယဉ်ကျေးမှု အဆောက်အအုံမှာ ပုံပြောသူတွေဟာ အရေးပါဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေ၊ ဟိုးရှေးခေတ်က ပဥ္စလက်အတတ်ပညာရှင် ပုံပြောသူတွေက အစ အခုခေတ် ဝတ္ထုရေးဆရာ ကဗျာဆရာတွေအထိ... သူတို့အားလုံးဟာ မှောင်မိုက်တဲ့ ညရဲ့ ကြယ်ရောင်ခြည်တွေပဲ”

“အိုကေ ... အိုကေ၊ ကျွန်မ ပုံပြောချင်စိတ် သိပ်ကို ပြင်းထန်လာပြီ”

ကျွန်မ ရယ်မောသော်လည်း သူ မရယ်ပါ။

“ကိုယ် တကယ်ပြောနေတာ”

“ဟုတ်ပါပြီ၊ ရှင့်စကားတွေကို ကျွန်မ အလေးအနက် လက်ခံပါတယ်၊ ဒါပေမဲ့ တစ်နှစ်မှာ ဝတ္ထုစာအုပ် သုံးအုပ်ထက် ပိုမဖတ်ဖြစ်ဘူးလို့ ဝန်ခံထားတဲ့ ရှင့်ဆီက ဒီစကားတွေ ကြားရတာ တော်တော့ ထူးဆန်းတယ်နော်၊ မထူးဆန်းဘူးလား”

ထိုအခါကျမှ သူ လှိုက်လှိုက်လှဲလှဲ ရယ်တော့သည်။

“ဟား ... ထိပြီကွာ”

ထို့နောက် ချက်ချင်းပင် မျက်နှာတည်သွား၏။

“တစ်နှစ်မှာ သုံးလေးအုပ်ထက် ပိုပြီး မဖတ်ဖြစ်တာ အခု လေးငါးနှစ်ပဲ ရှိပါသေးတယ်၊ အရင်က ကိုယ် ဘယ်လောက်အထိ စာတွေ ဖတ်ထားခဲ့သလဲဆိုတာ မင်းသိရင် မင်းဒီလိုသရော်မှာမဟုတ်ဘူး”

“ဆောရီး ...”

“နောက်နေ့တွေ အချိန်ရရင် မင်းဖတ်ထားတဲ့ စာအုပ်တွေနဲ့ ကိုယ်ဖတ်ထားတဲ့ စာအုပ်တွေ မှတ်ဉာဏ်ချင်း လဲယူကြရအောင်လား”

ကျွန်မ၏ ပါးပြင်မှာ နှင်းငွေ့စိုထိုင်းသော လေအေး၏ ရှူးရှူး





ရှရှ တိုက်ခတ်မှုကြောင့် ထုံကျင်အေးခဲလာသည်။ ထို့ကြောင့် ပါးနှစ်ဖက်ကို လက်ဖြင့် အသာပွတ်သပ်မိသွား၏။

ကျွန်မကိုယ်တိုင်၏ စာရေးဆရာအဖြစ်ကို ပုံပြောကောင်းသူဟူသော သတ်မှတ်ချက်ထက် ပိုပြီး အရေးပါမည့် ဖြစ်တည်မှုတစ်ခုအဖြစ် ဘယ်တုန်းကမှ မစဉ်းစားခဲ့မိပေ။ ဘာကြောင့်လဲဆိုတော့ ပုံပြောခြင်း အတတ်နှင့် ပုံပြောသူတို့၏ အရေးပါမှု အခန်းကဏ္ဍကို သတိမထားခဲ့မိခြင်းကြောင့် ဖြစ်သည်။

ကမ္ဘာလောကကြီးကို အသက်ရှင်နေထိုင်ထိုက်သော နေရာတစ်ခုအဖြစ် ဖန်ဆင်းပေးသူများတွင် ကျွန်မ သတိမထားခဲ့မိသည့် ပုံပြောသူများ ပါဝင်ကြောင်း ကျွန်မ လက်ခံလိုက်ပါသည်။

အဲသည်လို လက်ခံလိုက်သည့်အခါ ကျွန်မဘဝမှာ အသက်ရှင် နေထိုင်ရသည့် အရသာသည် ပို၍ပြည့်စုံသွားသည်။ ဘဝကို ပို၍ ကျေနပ်သွားသည်ဟု ပြောနိုင်ပါသည်။

“နားထောင် ကိုနေသန့် ... ကျွန်မ ပုံဝတ္ထုအတိုကလေးတစ်ခု ပြောပြမယ်၊ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ ပုံပြင်လေးပါ”

အောက်ခြေမှာ လူချပေးပြီး ပြန်တက်လာသော ဘတ်စ်ကားကြီးသည် ကျွန်မတို့ဘေးမှ ခန့်ခန့်ထည်ထည်ကြီး ဖြတ်သွား၏။

“ဟိုး ... ရှေးရှေးတုန်းက ဗုဒ္ဓဘာသာ ရဟန်းနှစ်ပါးဟာ ... ချောင်းတစ်ခုကို ဖြတ်ဖို့ ကမ်းပါးကို ရောက်လာခဲ့သတဲ့၊ အဲဒီမှာ အမျိုးသမီးငယ်လေးတစ်ဦးဟာ ဝတ်ကောင်းစားလှတွေနဲ့ ရပ်ပြီး အဲဒီချောင်းကို ဖြတ်ဖို့ တွန့်ဆုတ်စိုးရိမ်နေတာကို မြင်ကြရတယ်၊ ချောင်းဟာ လူဖြတ်သာလောက်အောင် ခပ်တိမ်တိမ်ပါပဲ၊ ဒါပေမဲ့ ချောင်းရေက နောက်ကျိတဲ့ ရွှံ့ဗွက်ရေတွေ ဖြစ်နေတာတစ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟာ ရေစီးကို ကြောက်တာတစ်ကြောင်း… ဖြတ်မကူးရဲဘူးပေါ့”

ကျွန်မတို့ တောင်အောက် ဘူတာရုံဘေးသို့ ရောက်လာကြသည်။ ကားလမ်းဘေး လူသွားစင်္ကြံမှ ရထားစောင့်ရာ စင်္ကြံကွက်လပ်ဆီသို့ ကူးလိုက်ကြ၏။ သံမဏိရောင် ပြောင်လက်နေသော ဆုံလည်ပိုက်လုံးတန်းကို တွန်းပြီး ဘူတာထဲ ဝင်လာကြခိုက် ကျွန်မ သူ့ကို ရှင်းပြရပါသည်။

“ဗုဒ္ဓဘာသာမှာ ဘုရားသားတော်ဘိက္ခုရဟန်းတွေဟာ အမျိုးသမီးနဲ့ ထိတွေ့ရင်းနှီးခင်မင်ခွင့် မရှိဘူး၊ ရဟန်းတွေရဲ့ သိက္ခာပုဒ်ကို ညစ်နွမ်းမှာ စိုးလို့”

“ကိုယ် သိပါတယ်”

“အဲဒီမှာ ရဟန်းနှစ်ပါးအနက် တစ်ပါးက အဲဒီအမျိုးသမီးလေးကို ကူညီပေးဖို့ ဆုံးဖြတ်လိုက်ပြီးတော့ ပွေ့ချီလိုက်ပြီး အဲဒီချောင်းကို ဖြတ်ကူးလိုက်တယ်…တဲ့”

ဓာတ်လှေကားထဲမှာ ကျွန်မတို့နှစ်ယောက်တည်း မဟုတ်သဖြင့် ကျွန်မ၏ပုံပြင်ကို ခဏရပ်ထားလိုက်ပါသည်။ ကျွန်မကသာ စကားရပ်ထားပေမယ့် ကျွန်မတို့ဘေးက အမျိုးသမီးနှစ်ယောက်ကတော့ သူတို့ ပြောလက်စ စကားကို ခပ်ကြိတ်ကြိတ် ဆက်ပြောနေကြ၏။

ဓာတ်လှေကားထဲမှ ထွက်ပြီး သူ ကားရပ်ရာနေရာဆီ လျှောက်လာကြတော့မှ ကျွန်မ၏ ပုံဝတ္ထုကို ဆက်ရသည်။

“ချောင်းဒီဘက်ရောက်တော့ အမျိုးသမီးလေးလဲ သူ့လမ်းသူသွား၊ ရဟန်းနှစ်ပါးလဲ ကိုယ့်လမ်းကိုယ်ဆက်ကြတာပေါ့၊ ကျောင်း





သခ်မ်းကို ရောက်တဲ့အထိပေါ့၊ အမျိုးသမီးကို ပွေ့ချီပြီး ကူးလိုက်တဲ့ ပထမ ရဟန်းရဲ့ အဖြစ်ကို ဒုတိယရဟန်းက လုံးဝ မကျေလည်ဘူး၊ ရဟန်းသိက္ခာပုဒ် ငြိစွန်းတယ်လို့ သူ တွက်တာကိုး၊ ကျောင်းသခ်မ်းကို ရောက်တော့ သူ့စိတ်ထဲ မကျေနပ်တာကို ဆက်ပြီး မမျိုသိပ်နိုင်တော့ဘဲ ပထမ ရဟန်းကို သူက ဝေဖန်လိုက်တယ်။

“…ကိုယ်တော် ဘာဖြစ်လို့ ဒီအမျိုးသမီးကို ထိကိုင်ခဲ့ရတာလဲ၊ ဒါဟာ ကိုယ်တော်မလုပ်သင့်တဲ့ ရှောင်သင့်တဲ့ ဝိနည်း မဟုတ်ဘူးလား လို့ ဝေဖန်တယ်…”

အနီရောင် ကားကလေးသည် ဟိုဘက် သည်ဘက် အဖော်မရှိဘဲ သူ့တစ်စီးတည်း ခပ်ဝပ်ဝပ် စောင့်နေလေသည်။ ကျွန်မ ထိုင်သည့် ညာဘက်ခြမ်း ကားတံခါးကို အရင် သူဖွင့်ပေး၏။ ကားတံခါးဆီမှာ အမြဲတွယ်ထားနေကျ ထိုင်ခုံခါးပတ်ကို ကျွန်မကိုယ်ပေါ်မှာ အလိုက်သင့် ဖြစ်အောင် သူပြင်ဆင်ပေး၏။ ပြီး နောက်တံခါးပိတ်ပေးပါသည်။

ကျွန်မ ကြည့်ခဲ့ဖူးသော A Bronx Tale ရုပ်ရှင်ထဲမှ "Door Test" ဟူသော အကြောင်းအရာလေးတစ်ခုကို ကျွန်မ သွားသတိရသဖြင့် သူ့ဘက်က တံခါးကို သူ သော့မဖွင့်ရသေးမီ ကျွန်မ ကိုယ်တိုင် ကိုင်းကာ အထဲကနေ ဖွင့်ပေးလိုက်မိ၏။ သူက ‘ကျေးဇူး’ ဟု ပြုံးရယ်ရင်း ကားထဲ ဝင်ထိုင်လိုက်လေသည်။

“ရှင့်ကို ကြိုဆိုပါတယ်” ဟု ပြန်ပြောလိုက်သည့်အချိန်တွင် ကျွန်မမျက်လုံးတွေ နည်းနည်းပြုံးသွားမိမည် ထင်ပါသည်။

“ဆက်ပြောလေ ရတနာ၊ မင်းပုံပြင်က ဆုံးခါနီးပြီ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့"

ကားရပ်ရာ အဆောက်အဦ၏ အပြင်ဘက် ထွက်သည့်အချိန်မှာ သူက အပူပေးစက်ကို သတိတရဖွင့်လိုက်၏။

"အဲဒီအခါမှာ ပွေ့ချီလာတဲ့ ရဟန်းက ပြန်ပြောတယ်၊ 'ကိုယ်တော်...ကျုပ်က အဲဒီအမျိုးသမီးကို ချောင်းအစပ်မှာပဲ လွှတ်ချထားခဲ့ပြီ၊ ကိုယ်တော်ကတော့ ကျောင်းသခ်မ်းထဲထိအောင် သယ်လာတာကိုး' တဲ့"

သူ အသံထွက် ရယ်မောလိုက်လေသည်။

"အဲဒီရဟန်း ဘာကို ဆိုလိုတယ်ဆိုတာ ရှင်နားလည်ရဲ့လား"

"နားလည်တယ်လို့ ထင်တယ်၊ စိတ်ရဲ့ အညစ်အကြေး အဓိပ္ပာယ် ဖွင့်ဆိုချက်ပေါ့၊ ပထမ ရဟန်းက အမျိုးသမီးကို ပွေ့ချီသယ်ခဲ့ပေမယ့် သာယာမှု မရှိဘူး၊ ရှိခဲ့ရင်တောင် ပြီးတာနဲ့ တစ်ပြိုင်တည်း သူ့စိတ်ထဲမှာ ဘာမှ မရှိဘူး ရှင်းသွားပြီ၊ ဒုတိယ ရဟန်းက မကျေနပ်မှု၊ ဒေါသ၊ စိုးရိမ်ကြီးမှု၊ ရှုတ်ချမှု...စတဲ့ စိတ်အညစ်အကြေးတွေကို တစ်လျှောက်လုံး သယ်ဆောင်လာခဲ့တယ်၊ ဒီအဓိပ္ပာယ် မဟုတ်လား"

"တယ်တော်လိုက်ပါလား"

"ဒီပုံဝတ္ထုလေး တော်တော် အဓိပ္ပာယ်ရှိတယ်၊ ကျေးဇူးပဲ"

"သေချာတာပေါ့"

ကျွန်မ သူ့ကို အတုခိုး၍ ပြန်ပြောလိုက်ပါသည်။

"နွေးပြီလား"

"ဟုတ်ကဲ့၊ နွေးစ ပြုလာပါပြီ"

စပါးဖေဒါလမ်းမပေါ်တွင် အိမ်အပြန် ကားများ ယခုထိ ရှင်း





သွားသေးဘဲ လမ်းပေါ်မှာ ရှုပ်ယှက်ခတ်နေဆဲ ဖြစ်၏။ နေဝင်ချိန် လမ်းမသို့ ချိုးကွေ့သည့် မီးပွိုင့်ရောက်လာသည်။ ကျွန်မတို့ကားက မီးစိမ်းစောင့်စရာ မလိုဘဲ ညာဘက်မှ ကွေ့၍ရသော်လည်း အတည့် သွားနေသည့် ကားတွေ၏ အရှိန်ကို စောင့်နေရပါသည်။ ထိုအချိန် ခဏပင် သူ့ပြတင်းပေါက်ဆီမှ ဖြတ်လျက် ဟိုဘက် အရှေ့တောင် ထောင့်ကင်ဆီမှာ ထွက်ပေါ်စ လပြည့်ဝန်းကို မြင်တွေ့လိုက်ရသည်။

"ကြည့်စမ်း...လ ထွက်နေပြီ၊ သိပ်လှတာပဲ...မလှဘူးလား ဟင်"

သူက တိုက်ခေါင်မိုးနှင့် သစ်ပင်အုပ် အထက်က လဝန်းဆီသို့ လှမ်းကြည့်ကာ ပြုံးသည်။ ထို့နောက် ညာဘက်သို့ ချိုးကွေ့ကာ နေဝင်ချိန် လမ်းမပေါ် မောင်းလာရင်း ကျွန်မအား မေးခွန်းတစ်ခု မေးပါသည်။

"ပေါလ် ကလီးကို မင်း ကြားဖူးလား"

"ဟုတ်ကဲ့၊ သူ့ပန်းချီ သုံးလေးကားလောက် ကျွန်မ ကြည့်ဖူးတယ်"

"မင်းတွေ့ဖူးတဲ့ ပန်းချီကားတွေထဲမှာ 'စိန့်ဂျာမိန်းမှာ လထွက်ချိန်' ဆိုတာ ပါလား"

ကျွန်မ တွေခနဲ ပြန်စဉ်းစားလိုက်ရသည်။ ကျွန်မကြည့်ဖူးသည့် ကားတွေက 'ငှက်တစ်ကောင်၏ အမှတ်တရ'၊ 'အိမ်တွေရဲ့သစ်ပင်'၊ နောက်တစ်ခုက ဘာပါလိမ့်...၊ တူနီးရှန်းဥယျာဉ်...ထင်သည်။ လထွက်ချိန် ဆိုတာကို ကျွန်မ မသိပါ။ မိုမာမှာ ကြည့်ခဲ့တဲ့ ကားတွေ ကရော...အပြာနုရောင် နောက်ခံနဲ့၊ ဟင့်အင်း...အဲဒါ လ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး ထင်တယ်၊ အဲဒီကားက ဘယ်မှာလဲ"

"မူလနေရာကတော့ ဂျာမနီနိုင်ငံမှာပေါ့၊ ဒါပေမဲ့ ကလီးရဲ့ ပန်းချီလက်ရာတွေကို စုပြီး မြို့တစ်မြို့ရဲ့ ပြတိုက်တစ်ခုခုမှာ ပြပွဲ လုပ်ခဲ့ရင် ပန်းချီကားကို ခဏ ငှားပေးတယ်လေ၊ ကိုယ် ပြောချင် တာက ဒီလိုပါ၊ စောစောက ဖျတ်ခနဲ လှမ်းမြင်လိုက်ရတဲ့ လ ထွက် ချိန် မြင်ကွင်းလေးဟာ ပေါလ်ကလီးရဲ့ လထွက်ချိန် ပန်းချီကားကို သွား သတိရစေလို့ပါ"

"ပြောပြမလား အဲဒီကားအကြောင်း"

သူ ခပ်တိုးတိုး ရယ်၏။

"ပန်းချီကား တစ်ခုကို မကြည့်ဖူးတဲ့ လူကို အဲဒီ ပန်းချီကား အကြောင်း သရုပ်ဖော် ပြောပြဖို့ဆိုတာ တော်တော်ခက်တာပဲ၊ ကဗျာ တစ်ပုဒ် ဝတ္ထုတစ်ပုဒ်ကို လူတစ်ယောက်ကို တစ်ဆင့်ပြောပြဖို့က ပိုလွယ်တယ်၊ ဝတ္ထု ကဗျာဆိုတာက စကားလုံးတွေနဲ့ ဖွဲ့စည်းထား တာကိုး၊ ပန်းချီဆိုတာက အရောင်တွေနဲ့ ဟန်နဲ့ ဖွဲ့စည်းထားတာ ဆို တော့ မင်းမျက်စိထဲမှာမြင်လာအောင် ကိုယ် ပြောတတ်မယ် မထင် ဘူး၊ ပိုဆိုးတာက ပေါလ်ကလီးရဲ့ပန်းချီဟာ အရောင်တွေနဲ့ ဖွဲ့စည်း တဲ့ ဒြပ်မဲ့ဆန်ဆန် အနုပညာဖြစ်နေတယ်၊ အပြင်လောကရဲ့သဘာဝ မြင်ကွင်းကိုပဲ ယူပြီးရေးတာပါပဲ၊ ဆက်စပ်မှုလဲ ရှိပါတယ်၊ ဒါပေမဲ့ သူ့ပန်းချီထဲ ရောက်တဲ့အခါ အဲဒီမြင်ကွင်းဟာ ဒြပ်မဲ့ပုံစံ ဖြစ်သွား တယ်"

ကျွန်မ သူ့ကို လှည့်ကြည့်ကာ ပြုံးလိုက်သည်။

"ကောင်းပြီ ...ကောင်းပြီ၊ ဒါဆို ကျွန်မခန့်မှန်းလို့ ရအောင် အဲဒီပန်းချီကားကို သူ ဘယ်နှစ်အပိုင်းအခြားမှာ ဆွဲခဲ့တာလဲ ဆိုတာ





ပြော၊ ကျွန်မက သူ့ပန်းချီရဲ့ ဟန်ကို မှန်းကြည့်လိုက်မယ်၊ ဟုတ် ပြီလား"

သူက ကျွန်မ၏စိန်ခေါ်မှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက် ၏။

"ကောင်းတယ်"

ပေါလ်ကလီးသည် ၁၉၀၀ ပြည့်လွန်ခါစမှာ ရေးဆွဲလေ့ရှိသော ဟန်က တစ်မျိုး၊ ၁၉၁၄ ခုနှစ်အလွန် ကာလများမှာ ရေးဆွဲဟန်က တစ်မျိုး၊ ၁၉၂၀ ကျော်ကာလမှာ တစ်မျိုး ဖြစ်သည်။

"ကိုယ် မှတ်မိသလောက်တော့ အဲဒီပန်းချီကားကို တူနီးရှား သွားတဲ့ ခရီးကာလလောက်က ရေးခဲ့တာပဲ၊ စိန့်ဂျာမိန်းဆိုတာ တူ နီးရှားနိုင်ငံက တောမြို့ကလေး တစ်မြို့လေ"

ကျွန်မ လက်ဖျောက်တစ်ချက် တီးကာ အားတက်သရော သူ့ ကို ကြည့်မိသည်။

"ရပြီ... အဲဒါဆို ကျွန်မ သိပြီ၊ ဒီပန်းချီကားကို မမြင်ဖူးပေ မယ့် အဲဒီပန်းချီဟာ ဘယ်လိုဟန်မျိုးနဲ့ သရုပ်ဖော်ထားမလဲ သိပြီ၊ တူနီးရှား ကာလမှာ ဆွဲခဲ့တဲ့ ပန်းချီတွေမှာ စုတ်ပြား ကြီးကြီးနဲ့ အရောင်တစ်ခုပေါ် တစ်ခု အစွန်းချင်း ထပ်သွားတဲ့ ဟန်တွေချည်း ပဲ၊ တူနီးရှန်းဥယျာဉ်ဆိုတဲ့ကားကို ကျွန်မ ကောင်းကောင်းသိတယ်၊ အနီရောင် လိမ္မော်ရောင်နဲ့ ပန်းရောင်ကိုပဲ သုံးသွားခဲ့တာ၊ အားလုံး ဟာ စုတ်အပြားနဲ့ ဆွဲသွားတဲ့ သီးခြား အတုံးတွေချည်းပဲ၊ ဒါပေမဲ့ အပြင်လောကရဲ့ ဥယျာဉ် အရောင် ရအောင် အချိုးညီညီ ပြေပြေ ပလေး ရေးလိုက်တဲ့အခါ အဲဒီစုတ်ချက်တွေဟာ ဥယျာဉ်ဖြစ်သွား ရော၊ သိပ်ဆွဲဆောင်မှုရှိတဲ့ နည်းပဲ၊ အခု လထွက်ချိန်ဟာလဲ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြစ်ရမယ်၊ အပြားလိုက် စုတ်ချက်တွေ တစ်ခုပေါ်တစ်ခု အစွန်းချင်း ထပ်မယ်၊ အရောင်က အထူ မဟုတ်ဘူး၊ ထွင်းဖောက်နိုင်တဲ့ အပါးစား…နွေးတဲ့အရောင်နဲ့ အေးတဲ့အရောင်တွေ ပြေနေအောင် စပ်ထားလိမ့်မယ်၊ ဟုတ်သလား မဟုတ်ဘူးလား…ပြော"

သူ ကျွန်မကို တအံ့တဩ ကြည့်လေသည်။

"တယ်မှန်ပါလား၊ ဒါနဲ့ မင်းပြောတော့ မင်း ဒီရောက်မှ ပန်းချီကား အစစ်တွေကို မြင်ဖူးတာဆို…"

"ဟုတ်တယ်လေ၊ အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ မင်းလေ့လာတဲ့နှုန်းက သိပ်မြန်နေတာပေါ့"

ကျွန်မ သူ့ကို မျက်ခုံးပင့်ကာ ခပ်မိန့်မိန့် ပြုံးပြလိုက်မိသည်။

"ကျွန်မက မြို့ကြီး သုံးမြို့ရဲ့ ပြတိုက် လေးငါးခုကို သွားလည်ပြီးပြီလေ၊ ပန်းချီဟန်တွေကို နည်းနည်းပါးပါးတော့ တီးမိခေါက်မိပြီးပြီပေါ့"

အဆောင်အနီးက မီးပွိုင့်ကို ဖြတ်ကျော်လာခဲ့ပြီးချိန်တွင် သူ့အာရုံမှာ အဆောင်ရှေ့ ကားဝင်ပေါက်လမ်းကလေးကို ကျော်မသွားအောင် သတိထားနေရသဖြင့် စကားပြတ်သွားသည်။ အဆောင် ဂိတ်တံခါးရှေ့သို့ ရောက်တော့မှ ကျွန်မ ဆက်ပြောလိုက်ပါသည်။

"ဒါပေမဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ ပန်းချီတွေ အများကြီးကို တစ်ခါတည်း အားရပါးရ ကြည့်ပစ်ချင်တဲ့ စိတ်မျိုးနဲ့ သူ့ပန်းချီတွေကို ကြည့်ချင်သေးတယ်"

"ကောင်းပြီ၊ အခြေအနေ ပေးရင် ကိုယ် မင်းကို အသိပေးပါ့မယ်"

ကျွန်မ အဆောင်ရှေ့တွင် ကားစက် မသတ်ဘဲ ရပ်ထားပြီး





ကျွန်မအား သူကိုယ်တိုင် ကားပေါ်မှ ဆင်းပြီး နှုတ်ဆက်သည်မှာ အရင်တစ်ပတ်က ပုံစံအတိုင်း ဖြစ်သည်။

"စိတ်ဝင်စားစရာကောင်းတဲ့ ပုံဝတ္ထုလေးအတွက် ကျေးဇူးပဲ ရှင်နော"

"သေချာတာပေါ့"

သူ့လေသံကို အတုခိုး၍ တုံ့ပြန်လိုက်တော့ သူပြုံးပါသည်။

"နောက်တစ်ခါကျ ရှင် ပုံပြောရမယ့် အလှည့်နော်"

သူ ပခုံးတွန့်လိုက်၏။

"ကိုယ်က လူကြီးတွေအတွက် ပုံမပြောတတ်ဘူး၊ ကိုယ်နေ့စဉ် ရင်းနှီးနေရတာက ခေတ်ပုံ အနုပညာနဲ့ ပန်းချီအနုပညာတွေချည်းပဲ"

"ကောင်းတာပေါ့၊ ဒါဖြင့် ကျွန်မကို ပန်းချီတွေအကြောင်း ပြောပြပေါ့"

"အိုကေ"

ထို့နောက် ကျွန်မ၏ လက်ဖျားများကို သူ့လက်ဖြင့် ဖွဖွ ထွေးဆုပ်ကာ နှုတ်ဆက်ပါသည်။ သူ့လက်သည် ကြီးမားကျယ်ပြန့်သဖြင့် ကျွန်မလက်ကလေးတွေ သူ့လက်ထဲမှာ ပျောက်ကွယ်သွားခဲ့သည်။ သူ့လက်၏ နူးညံ့မှု၊ ခြောက်သွေ့စွာ နွေးထွေးမှုသည် ကျွန်မလက်ထဲသို့ ခွန်အားအဖြစ် စီးဝင်သွားလေသည်။


"သိပ်ကျေးဇူးတင်တာပဲ"

သူကတော့ ကျွန်မကို ကားကြုံလိုက်ခွင့်ရဖို့ စောင့်ပေးခဲ့သည့် သူ့ကူညီမှုအတွက် ကျေးဇူးတင်ခြင်းဟု ထင်ပေလိမ့်မည်။

●

www.burmeseclassic.com

www.burmeseclassic.com



Bathing Woman (1925); Joan Miro', Oil on Canvas, (73 x 92 cm), Paris, Muse'e National d' Art Moderne, Centre Georges Pompidou

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် စပိန်ပန်းချီဆရာ ဂျုအန်းမီရို (Joan Miro) သည် နောက်ပိုင်းတွင် သင်္ကေတများနှင့် သင်္ကေတများကို ဟန်ချက်ညီညီ ပြေပြစ်စွာ ရောစပ်သော ဆာရီယယ်လစ်ဇမ် ဒြပ်မဲ့ပန်းချီကို ဖန်တီးခဲ့သည်။ သူ့ပန်းချီတွင် ပါဝင်သော တိရစ္ဆာန်များ၊ အိမ်များ၊ စိုက်ခင်းများ၊ သစ်ပင်များသည် ပုံမှန်မဟုတ်၊ ရှည်ထွက် ဆွဲဆန့်ချင် ဆန့်ထားမည်၊ ပွရောင်း ဖောင်းကားချင် ကားနေမည်၊ မညီမညာ ရွဲ့တိရွဲ့စောင်း တစ်ခါတလေ အရုပ်ဆိုး အကျည်းတန်ခြင်းကိုပင် ဖန်တီး၏။ သို့သော် တစ်ချိန်တည်းမှာပင် ဤအရာတို့သည် သူတို့၏ နဂိုတည်ရှိမှုနှင့် သဘာဝကိုတော့ ကိုယ်စားပြုနေကြသည်။

## ဂျုအန်းမီရိုနဲ့တိမ်ပြာည

မိုးသောက်ပန်း စံအိမ်သည် အပြည်ပြည်ဆိုင်ရာ စာပေနှင့် ယဉ်ကျေးမှု ပေါင်းကူးတံတားအဖြစ် တည်ဆောက်ထားသော ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခု၏ ဌာနခွဲတစ်ခု ဖြစ်သည်။ ကျွန်မအား စကောလားရှစ်ပ် ပေးခဲ့သော၊ အစစ အရာရာ တာဝန်ယူ ညွှန်ခံထားသော ဌာနတစ်ခု ဖြစ်သည်။ ကျွန်မနှင့် တိုက်ရိုက်ပတ်သက်သော၊ ကျွန်မကို တရားဝင်ပိုင်ဆိုင်သော စာပေ ယဉ်ကျေးမှုအဖွဲ့အစည်းဟု ဆိုပါစို့။ တကယ်တော့ ဂန္ဓမာသည် ကျွန်မအား ခမ်းနားကြီးကျယ်သော နေထိုင်စရာ အခန်းတစ်ခု ကျေးဇူးပြုထားရုံပဲ ဖြစ်ပြီး ကျွန်မကို ဂန္ဓမာက တရားဝင် မပိုင်ဆိုင်ချေ။

မိုးသောက်ပန်း စံအိမ်မှာ ညနေခင်း ပန်းချီပြပွဲနှင့် ညွှန်ခံပွဲအခမ်းအနားတစ်ခု လုပ်သောနေ့က ကျွန်မ သူ့ကို အရင်ဆုံး သတိရစွာ ဖိတ်ခေါ်ခဲ့သည်။

“နေသန် ... မိုးသောက်ပန်း စံအိမ်မှာ ညွှန်သည် အနုပညာရှင်အဖြစ် ရောက်နေတဲ့ ဂျာမန် ပန်းချီဆရာတစ်ယောက် ရှိတယ်၊ သူ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကြာသပတေး ညနေခင်းမှာ အဲဒီစံအိမ်မှာ သူ့ပန်းချီပြပွဲရှိတယ်၊ ရှင် လိုက်ကြည့်မယ် မဟုတ်လား၊ ကျွန်မနဲ့အတူ ကျွန်မရဲ့ ညှေ့သည် တစ်ယောက် လိုက်ခွင့်ရှိတယ်လေ"

သူ ချက်ချင်းပင် ငြင်းခဲ့သည်။

"ဆောရီး ရတနာ…အဲဒီညနေ ကိုယ်မအားဘူး၊ ညစာစားပွဲ တစ်ခု သွားရမှာမို့ပါ"

"အို…ဟုတ်လား၊ ဒါဆိုလဲ နောက်တစ်ကြိမ်ပေါ့နော်"

ကျွန်မတို့၏ မိုးသောက်ပန်း စံအိမ်သို့ သူ တစ်ခါမျှ မရောက်ဖူးသေးပေ။

"ဒါနဲ့ အဲဒီကို သွားဖို့ရော မင်း အဆင်ပြေရဲ့လား"

အဆင်မပြေဘူး ဆိုလျှင် သူ ဘယ်လို စီစဉ်ပေးနိုင်မှာမို့လဲ၊ အငှားကားတစ်စီး လွှတ်ပေးမှာတဲ့လား။

"ပြေပါတယ်၊ ကျွန်မ အမှတ် ၂ ဘတ်စ်ကားဝါကို စီးသွားမှာလေ၊ ညနေ ခြောက်နာရီ မိနစ် ၂၀ မှာ ကျွန်မအဆောင်ရှေ့ဂိတ်ကို ရောက်လာမယ့် ဘတ်စ်ကားတစ်ခု ရှိတယ်၊ အပြန်ကျရင်တော့ ကားကြုံ တစ်စီးစီးနဲ့ ပြန်လာမှာပေါ့၊ ကားကြုံ မရှိခဲ့ရင်တောင် အဲဒီက ဒါရိုက်တာက ကျွန်မကို အိမ်အရောက် ပြန်ပို့ပေးနေကျပါ"

"ကောင်းတာပေါ့"

"နေသန် …ကျွန်မ သွား လာ ရေး လွယ်ကူဖို့ ရှင့်ကို ဖိတ်တာ မဟုတ်ဘူးနော်၊ ရှင်နဲ့အတူ ပန်းချီကားတွေ မျှဝေခံစားချင်လို့ ဖိတ်ခဲ့တာ"

ကျွန်မ ကမန်းကတန်း ရှင်းပြလိုက်မိ၏။ ကျွန်မ မာနကို ထိပါးမိလေပြီဟု သူ စိတ်မကောင်းဖြစ်သွားပုံရသည်။





"ကိုယ် သိပါတယ် ရတနာ၊ ကိုယ် ကောင်းကောင်းသိပါတယ်၊ ကိုယ်လဲ မင်းနဲ့အတူ ပန်းချီကားတွေကို မျှဝေခံစားချင်ပါတယ်"

သူသည် သူတစ်ပါး၏ စိတ်ခံစားမှုကို အလွန်သိမြင်တတ်သူ ဖြစ်၏။ ကားမောင်းနေရင်းကပေမယ့် ကျွန်မ၏ စိတ်တွင်းမှာ ဘာဖြစ်နေသည် ဆိုတာကို အကဲခတ်တတ်သေး၏။ ကျွန်မ ကြောက်နေတာလား၊ စိတ်ရှုပ်ထွေးနေတာလား သူ ခွဲခြားသိမြင်လေ့ ရှိသည်။

ကျွန်မသည် ညမိုးချုပ်ချိန်တွင် အမြန်လမ်းမကြီးတွေပေါ်မှာ ကားစီးရတိုင်း ကြောက်ရွံ့တတ်သည်။ ကြောက်မိတာကိုလည်း ရှက်တတ်သည့်အတွက် ကျွန်မ သူ့ကို ဘယ်တော့မျှ ဖွင့်ဟဝန်ခံခဲ့ဖူးသည် မဟုတ်။ ကိုယ်ခန္ဓာ မသိမသာ တောင့်တင်းသွားမိလေသလား၊ သို့မဟုတ် သူနှင့် စကားပြောနေရာက အာရုံလျှော့သွားမိလေသလား၊ သို့မဟုတ် ကျွန်မမျက်လုံးတွေကပဲ နောက်ကြည့်မှန်တွေဆီ မကြာခဏ ရောက်နေမိခဲ့သလား၊ သို့မဟုတ် ထိုင်ခုံအစွန်းကို ဒါမှမဟုတ် ထိုင်ခုံ ခါးပတ်စကို လက်ဖြင့် အမှတ်တမဲ့ ဆုပ်ကိုင်ဖျစ်ညှစ်မိလေသလား၊ ထိုလှုပ်ရှားမှု တစ်ခုခုတော့ လုပ်မိပုံရ၏။ သူက ကျွန်မ ကြောက်နေသည်ကို သိသွားဖူးလေသည်။

"မင်း ကြောက်နေသလား ရတနာ"

"ဟင့်အင်း…မကြောက်ပါဘူး"

ကျွန်မ ရှက်ရွံ့စွာ ငြင်းမိပေမယ့် သူ့ကို ကျွန်မ ညာ၍မရပါ။

"ကိုယ့်လမ်းနဲ့ ကိုယ် သွားနေကြတာပါ၊ တစ်စီးနဲ့ တစ်စီးလဲ အသင့်အတင့် ခွာပြီး မောင်းနေကြတာပါ၊ ဘယ်ကားမှ အရှိန်ကို ရုတ်တရက်ကြီး လျှော့မပစ်ကြပါဘူး၊ ဘယ်သူမှလဲ မလွှတ်နိုင်ဘဲနဲ့ လမ်းမပြောင်းဘူး၊ လမ်းမလုဘူး…ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မီးပွင့်ကလေးတွေချည်းပဲ မြင်နေရတာနော် နေသန့်၊ အဲဒီမီးပွင့်ဟာ နီးနေသလား၊ ဝေးသေးသလား ဆိုတာ သိရခက်တယ် မဟုတ်ဘူးလား"

သူက ကျွန်မကို တစ်ချက် ငဲ့ကြည့်ပြီး ပြုံးသည်။

"မခက်ပါဘူး ရတနာ၊ ကိုယ့်မျက်လုံးတွေက သိပ်ကောင်းပါတယ်၊ ဒီနိုင်ငံမှာ ကားမောင်းလာတာ ခြောက်နှစ် ရှိပါပြီ၊ ကိုယ်တို့ဆီမှာ ဒါ့ထက်ဆိုးတယ်လေ"

ကျွန်မ ကြောက်နေသည်ကို ငဲ့ညှာသည့်အနေဖြင့် သူသည် ကားအရှိန်ကို ၇၅ ကီလိုမီတာမှ ၆၅ ကီလိုမီတာထိ ပြန်လျှော့ချလိုက်သည်။

"ကျေနပ်ပြီလား"

ကျွန်မက သူ့ကိုအားနာသွားကာ ရယ်ကျဲကျဲဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ ထို့နောက် တစ်ခါတုန်းက ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရသော 'ကမ္ဘာ့အမိုက်မဲဆုံး ဒရိုင်ဘာများ' ဟူသော ဖြစ်ရပ်မှန်လျှပ်တစ်ပြက် ဗီဒီယိုမှတ်တမ်းတစ်ခု မြင်ကွင်းကို ကျွန်မ ပြန်သတိရသွားသည်။ လန်ဒန်မြို့၏ အမြန်လမ်းမတစ်ခု မြင်ကွင်း ဖြစ်သည်။ အမြန်လမ်းမကို ပြောင်းပြန်ဝင်လာသူလည်း ရှိ၏။ အမြန် လမ်းမမှ အထွက် **exit** လမ်းတစ်ခုမှာ ကားကို ပြန်ကွေ့ကာ ရပ်လိုက်သူလည်း ရှိ၏။ **Chain Reaction** ဟူသော စကားကို ကြားတိုင်း ထို ရုပ်မြင်သံကြား အစီအစဉ် မြင်ကွင်းကို အမြဲသတိရမိသည်။ တကယ်ကို ကားတစ်စီး၏ နောက်ကို တစ်စီး၏ ရှေ့ပိုင်းက ဝင်ဆောင့်ကာ ကားပေါင်းများစွာ တစ်ဆက်တည်း တိုက်မိသွားခဲ့ခြင်း





ဖြစ်သည်။ ကျွန်မ စကားမပြောဘဲ တိတ်ဆိတ်နေပြန်တော့ ကြောက်နေသေးသည် ထင်သွားသလား မသိ။

"ရတနာ... ကိုယ့်ကိုယုံကြည်စိတ်ချစမ်းပါ၊ ကိုယ့်ကြောင့် မင်း ဘာမှ မဖြစ်စေရဘူး"

"ကျေးဇူးတင်ပါတယ်"

သူသည် ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်မှာကိုလည်း စိုးရိမ်တတ်ဟန် တူသည်။ ကျွန်မ၏ တောင်းဆိုမှု တစ်ခုကို အကြောင်းတစ်စုံတစ်ရာကြောင့် သူ့ဘက်က မလိုက်လျောနိုင်လျှင် နောက်တစ်ခုကို အစားပြန်ပေးဖို့ စဉ်းစားဆုံးဖြတ်ပုံ ရသည်။

မိုးသောက်ပန်း စံအိမ် ပန်းချီပြပွဲညက ကျွန်မ၏ အခန်းသို့ ပြန်ရောက်ချိန်မှာ ည ၁၁ နာရီခွဲပြီးနေပြီ။ တယ်လီဖုန်းဖြေစက်ထဲမှာ သူ နှစ်ခါ သတင်းထည့်ထားခဲ့၏။

"ကိုယ်ပါ... နေသန့်၊ အခု ညဆယ်နာရီ ရှိနေပြီ၊ မင်း ပြန်ရောက်ရင် ကိုယ့်ကို ဆက်လိုက်ပါ"

နောက်တစ်ခုက နောက်တစ်နာရီအကြာမှာ ထပ်ဆက်ထားခြင်း ဖြစ်သည်။

"ရတနာ... ကိုယ်ပါပဲ၊ အခု ည ၁၁ နာရီရှိပြီ၊ မင်းပြန်ရောက်ရောက်ချင်း ကိုယ့်ဆီ ဆက်ပါ၊ ကိုယ် နည်းနည်းစိတ်ပူနေပြီ"

ကြည့်ရသည်မှာ ည ၁၂ နာရီမှာ သူနောက်တစ်ကြိမ် ထပ်ဆက်ဖို့ အစီအစဉ်ရှိပုံ ရသည်။ ကျွန်မ ပြန်ရောက်တာ ၁၂ နာရီမထိုးမီမို့ တော်ပါသေးရဲ့။

အဝတ်အစားပင် မလဲနိုင်သေးမီ သူ့ထံ ဖုန်းဆက်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ကျွန်မအသံကြားတော့ ပထမဆုံး မေးသည့် မေးခွန်းမှာ 'မင်းကို ဘယ်သူလိုက်ပို့သလဲ' ဟု ဖြစ်သည်။

"သူငယ်ချင်းတစ်ယောက် လိုက်ပို့တယ်"

သူငယ်ချင်းသည် ယောကျ်ားလား မိန်းမလားဟုများ မေးခဲ့လျှင် ယောကျ်ားဟု ဖြေပစ်လိုက်မိမည် ထင်သည်။ သို့သော် သူ မမေးပါ။ မေးစရာမေးခွန်းမှ မဟုတ်တာနော်။

"အဲဒီ မိုးသောက်ပန်း စံအိမ်က အကျယ်ကြီးလား၊ ကိုယ် ဆိုလိုတာက မင်းဆီကို ဖုန်းဆက်သွယ်ဖို့ လွယ်ကူသလား"

ကျွန်မ အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။

"ဂန္ဓမာ ပြတိုက်လောက်တော့ မကျယ်လှပါဘူး၊ ရုံးခန်းနဲ့ ဧည့်ခံပွဲ နေရာတွေနဲ့လဲ သိပ်မဝေးပါဘူး၊ ရှင်ဆက်မယ်ဆိုရင် ဆက်လို့ ရပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ဧည့်ခံပွဲအချိန်မျိုးမှာ တယ်လီဖုန်း ကိုင်မယ့်သူ ရုံးခန်းထဲမှာ မရှိဘူး၊ ဖုန်းဖြေစက်ထဲမှာပဲ ရှင့်အသံကို ထည့်ခဲ့ရဖို့ များတယ်၊ ဒါပေမဲ့ ရုံးခန်းထဲကို တစ်ယောက်ယောက် ပြန်ဝင်မိလို့ သတင်းရှိနေတာကို မြင်ရရင် ဖွင့်နားထောင်မှာပေါ့၊ ကျွန်မကို အကြောင်းကြားပေးမှာပေါ့၊ အရေးကြီးရင် ဆက်လို့ ရပါတယ်"

"ဒါဖြင့် အဲဒီဖုန်းနံပါတ် ကိုယ့်ကို ပေးမလား၊ ကိုယ် စိတ်ပူတဲ့ အခါမျိုးမှာ မင်းဆီက အကျိုးအကြောင်း သိရချင်တယ်"

"ကောင်းပြီလေ"

ကျွန်မ သူ့အား မိုးသောက်ပန်းစံအိမ် ဖုန်းနံပါတ်ကို ပေးလိုက်သည်။





"ဒါပေမဲ့ စိတ်ပူစရာတော့ အကြောင်း မရှိပါဘူး၊ ကျွန်မကို ဆားမသီ ရန်မခ အိမ်ပြန်ပို့ပေးမယ့်လူ အဲဒီမှာ အနည်းဆုံး သုံးလေးယောက် ရှိတတ်ပါတယ်၊ နောက်ပြီး စံအိမ်ကနေ ကျွန်မအဆောင်ကို လာတဲ့အခါ ဘာအမြန်လမ်းမကိုမှ ဝင်စရာမလိုဘူး၊ နေဝင်ချိန်လမ်းမ အဆုံးကနေ တောက်လျှောက် မောင်းလာရုံပဲ၊ ကြောက်စရာ မရှိပါဘူး၊ အဲဒီကနေ အိမ်ပြန်လာတဲ့ လမ်းမှာ ကျွန်မ တစ်ခါမှ ကြောက်ခဲ့ရဖူးဘူး"

"ထားပါတော့လေ၊ ကိုယ်ဆက်တာက မင်းကို ပြောစရာတစ်ခု ရှိလို့ပါ၊ မင်းက ကိုယ်နဲ့အတူ ပန်းချီကားတွေ ကြည့်ချင်တယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ မနက်ဖြန် နေ့လယ်ခင်းမှာ ဧည့်သည် တစ်ဖွဲ့နဲ့အတူ ပုဂ္ဂလိက ပြတိုက်တစ်ခုကို သွားမလို့ ကြိုတင် ရက်ချိန်းယူထားတယ်၊ အဲဒါ မနက်ဖြန် မင်းဘာအစီအစဉ်ရှိသလဲ"

"မရှိဘူး"

ကျွန်မ လျင်မြန်စွာ ငြင်းလိုက်မိသည်။

"မင်း စိတ်ဝင်စားသလား၊ ကိုယ်နဲ့ လိုက်ခဲ့ချင်သလား"

"ဟုတ်ကဲ့၊ လိုက်ခဲ့ချင်ပါတယ်"

ဘာပြတိုက်လဲ၊ ဘယ်လို ပန်းချီအမျိုးအစားတွေ ရှိနေသလဲ၊ ဘယ်လောက် ဝေးသလဲ ကျွန်မ တစ်ခုမျှ မမေးမိပါ။ အဲဒါတွေ သိစရာ လိုတာပေါ့နော်။ ဟင့်အင်း... မလိုပါဘူး၊ ဘယ်ပြတိုက်ဟာ ကျွန်မနဲ့ သင့်တော်မယ်ဆိုတာ သူ ရွေးလိမ့်မယ်ပေါ့၊ သူ ခေါ်တဲ့ ပြတိုက်ဟာ ကျွန်မကြည့်သင့်တဲ့ ပြတိုက်ပဲပေါ့။

ဘုရားရေ...ကျွန်မ သူ့အပေါ် အစစအရာရာအတွက် စိတ်ချယုံကြည်စွာ မှီခိုလိုက်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်မကြောင့် ရှင့်မှာ အနှောင့်အယှက်မဖြစ်ဘူး ဆိုရင်ပေါ့နော်"

"မဖြစ်ပါဘူး၊ မင်း ဒီမှာ ရှိနေသမျှ မင်းသိသင့်တာတွေ၊ စိတ် ဝင်စားစရာတွေ အားလုံးကို သိသွားစေချင်တယ်လေ၊ ကိုယ်တို့ ဖ ကို သုံးနာရီအရောက်သွားရလိမ့်မယ်၊ တစ်ရက်လောက် ကြိုတင်ပြီ မင်းကို အသိမပေးနိုင်ခဲ့တဲ့အတွက် စိတ်မရှိပါနဲ့နော်၊ အခု ညနေက မှ မင်းကို ခေါ်ရရင်ကောင်းမယ်လို့ သတိရသွားလို့ပါ"

"ကိစ္စမရှိပါဘူး၊ အခုလို ကျွန်မ လိုက်ခွင့်ရတဲ့အတွက်ပဲ ကျေ နပ် ဇူး တင်လှပါပြီ၊ ရှင့်မှာ အလုပ်ကိစ္စတွေ ရှုပ်ထွေးနေတာ ကျွန်မသိ ပါတယ်"

"ဒါဖြင့် မင်းကို နှစ်နာရီ ၄၅ မိနစ်မှာ လာခေါ်မယ်၊ အဆ သင့် လုပ်ထားပါ"

"ဟုတ်ကဲ့"

"ကောင်းသော ညပါ"ဟု သူ နှုတ်ဆက်တော့မှ ကျွန်မ ရုတ် တရက် မေးခွန်းတစ်ခု ကောက်မေးလိုက်မိ၏။

"ခဏလေး...ခဏလေး၊ ရှင် ညစာ စားပွဲကနေ ဘယ်အချိ ကတည်းက ပြန်ရောက်နေခဲ့တာလဲဟင်"

ကျွန်မ သူ့ကို မယုံသင်္ကာဖြစ်ခဲ့သည်ဟု သူ ခံစားသွားရမ သလား မသိ။

"ကိုးနာရီခွဲ"ဟု တိုတိုပြတ်ပြတ် တစ်ခွန်းသာ ဖြေပြီး ဖုန်း သွားခဲ့ပါသည်။





တကယ်တော့ ကျွန်မတို့ သွားကြည့်သည့် ဒေလီယာပြတိုက် သည် သူ့အိမ်နှင့် တော်တော်နီး၏။ အမြန်လမ်းမမှ သွားလျှင် သုံး ဆယ် မိနစ်ခရီးသာ ဖြစ်သည်။

"ဒီလိုမှန်း သိရင် ကျွန်မ ဘတ်စ်ကားနဲ့လာပြီး ဒီမှာဆုံဖို့ စီ စဉ်လိုက်မှာပေါ့ကွယ်"ဟု ကျွန်မ ပြောတော့ သူ လက်မခံပါ။

"ဒီမြို့မှာ ဘတ်စ်ကားနဲ့က သိပ်ပြီး ခရီးမတွင်လှဘူး၊ ဘတ်စ် နဲ့လာရင် တစ်ဆင့်တည်းလဲ မရောက်ဘူးလေ၊ ကိုယ့်အတွက်က မင်းကို ဝင်ခေါ်လိုက်ရလို့ ဘာမှ ထူးခြားမသွားပါဘူး၊ ကိုယ်က အိမ် ကနေ သွားတာမှ မဟုတ်တာ၊ ရုံးကနေ သွားရမှာလေ၊ ရုံးကအပြန် မင်းဆီကို ဝင်ရတာ ဘာများ ခက်ခဲလို့လဲ"

သူ့ရုံးနှင့် သူ့အိမ်၏ လမ်းခုလတ်မှာ ကျွန်မအဆောင် ရှိနေ တာ ကျွန်မ ကံကောင်းတာပေါ့နော်။

အများသုံး ကားရပ်စရာ နေရာတစ်ခုမှာ ကားရပ်ခဲ့ပြီး ဒေလီ ယာ ရှိရာသို့ လမ်းလျှောက်သွားကြစဉ် အခိုက်အတန့်ကလေးတွင် သူက ကျွန်မအား ထိုပြတိုက်နှင့် ပတ်သက်သည့် သိသင့် သိထိုက် သော အချက်အလက်များကို ကြိုတင်ရှင်းပြနေခဲ့သည်။

"ဒေလီယာဟာ မိသားစုပြတိုက် တစ်ခုပဲ၊ ၁၉၈၄ ခုနှစ်က စ ပြီး တည်ထောင်ခဲ့တာ၊ သူက ဘယ်လို ပြောရမလဲ၊ သူများပြတိုက် တွေကို ပန်းချီကားတွေ၊ ပန်းပုတွေ ငှားတာကို အဓိက ထားတယ်၊ အခုချိန်အထိ ပြည်တွင်းရော ပြည်ပမှာပါ ပြတိုက်ပေါင်း ၂၅၀ နဲ့ ခန်း တော်တော်များများကို ပန်းချီ ပန်းပုတွေ ငှားခဲ့ပြီးပြီ"

"သိပ်ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ချမ်းသာကြပုံ ရပါရဲ့။

"အခု ၁၉၉၇ ခုနှစ်က သူ့ ဖောင်ဒေးရှင်းရဲ့ ၁၃ နှစ်မြောက် နှစ်လည် အထိမ်းအမှတ်လေ၊ ပန်းချီ အသစ်တွေ၊ ပန်းပုလက်ရာ အသစ်တွေ အများကြီး ဖြည့်ထားတယ်၊ အားလုံးဟာ ခေတ်ပေါ် လက်ရာတွေချည်းပဲ၊ အစောဆုံးလက်ရာက ၁၉၈၃ လား မသိဘူး၊ တကယ့်အသစ်တွေချည်းပဲ၊ မင်းအတွက် စိတ်ဝင်စားစရာကောင်း မှာပါ"

"သေချာတာပေါ့"

သူ ပြုံးပါသည်။

"ဒါနဲ့ ကိုယ့်ဇည့်သည် ကိုးယောက်က တခြား နိုင်ငံခြားက လာတဲ့ ပန်းချီသုတေသီတွေ၊ သူတို့လဲ သူတို့သိချင်တာကိုပြတိုက် ဧည့်လမ်းညွှန်ကို မေးကြမှာပဲ၊ မင်းလဲ သိချင်တာရှိရင် ဝင်မေးလို့ ရတယ်နော်၊ ဒါပေမဲ့ မင်းစိတ်ကြိုက် လွတ်လွတ်လပ်လပ်နေ၊ ကြိုက် တဲ့ အနုပညာလက်ရာကို ကြည့်နေလို့လဲ ရတယ်၊ သူ ရှင်းတာကို မင်း မလိုက်နိုင်ရင် ကိုယ့်ကို တစ်ဆင့်ပြန်မေးပေါ့…ကြားလား"

"ဟုတ်ကဲ့"

သမုဒ္ဒရာကို လှမ်းကြည့်၍ မြင်နိုင်သည့် ကမ်းနားမှာ တည်ရှိ သော ဒေလီယာပြတိုက်သည် အထပ် ငါးထပ်ဖြစ်သည်။ ကျွန်မတို့ စုစုပေါင်း ၁၁ ယောက်သည် ပြတိုက်လမ်းညွှန်၏ ဦးဆောင်ရာသို့ လိုက်ပါပြီး အထပ်တိုင်းရှိအခန်းတိုင်းက အနုပညာလက်ရာများကို ကြည့်ရှုကြသည်။အမျိုးသမီးလေးက စကားပြော အလွန်မြန်သဖြင့် ကျွန်မမှာ မနည်းအားစိုက် နားထောင်ရပါသည်။





ပန်းချီကားများမှာ အားလုံးလိုလို ခေတ်သစ်ပန်းချီတွေချည်း ဖြစ်၏။ စိတ်ကူးသက်သက် ဒြပ်မဲ့ပန်းချီကားက များသည်။ ကင်း ဘတ်စ်ပေါ်မှာ ဆီဆေးဖြင့် ရေးသောကား၊ မှုတ်ဆေးသုံးသောကား၊ ဓါရုံသုံးဖက်လုံးကို ဆေးသုတ်သလို အပြည့်သုံးပြီး ရေးဆွဲထားသည့် ဓါရုံပန်းချီကား စသဖြင့် အမျိုးမျိုး တွေ့ရသည်။

ထူးဆန်းသော Installation Art များကိုလည်း တွေ့ရသည်။ ဗီဒီယိုအနုပညာနှင့် တွဲထားသော ပန်းပုပြကွက် ဖြစ်သည်။

ကလေးသုံး ခွလုံး အရွယ်အစား ပုံသဏ္ဌာန် ရှိသော အဝတ် ပန်းပု အဖြူနှစ်ခုကို ယှဉ်လျက်သား မတ်မတ်ထောင်ထား၏။ ခပ် လှမ်းလှမ်း အမြင့်ရှိ ဗီဒီယိုပြစက်နှစ်ခုဖြင့် ထိုအဝတ်ပန်းပုနှစ်ခု၏ ရှေ့မျက်နှာများကို ဆလိုက်ထိုးပေးထား၏။ ထိုအခါ ယောကျ်ား မျက်နှာ တစ်ခုနှင့် မိန်းမမျက်နှာ တစ်ခုအဖြစ် ပုံပေါ်လာသည်။ ထို မျက်နှာနှစ်ခုမှာ တစ်ခုဆီသို့ တစ်ခု နည်းနည်းငုံ့ကြည့်နေဟန် ရှိပြီး မျက်နှာနှစ်ခုလုံး အလိုမကျဖွာ သုန်မှုန်ရှုံ့မဲ့လျက် ပါးစပ်တွေက ပွစိ ပွစိ လှုပ်ကာ ရေရွတ်နေကြသည်။ အသံချဲ့စက် သေးသေးကလေး မှ တစ်သမတ်တည်းသော ကြိမ်းဝါးသံတစ်ခု ထွက်ပေါ်နေသည်။

ကျွန်မတို့အားလုံး ထိုပန်းပုလက်ရာကို ကြည့်ပြီး ပြုံးရယ်မိကြ ပါသည်။

နောက်ထပ် ကျွန်မကို ဆွဲဆောင်သော လက်ရာမှာ ဂျက်ဖ် ကွန်းစ်၏ 'ပူဖောင်းခွေး' (Balloon Dog) ဖြစ်သည်။ ၁၀ ပေ မြင့် ပြီး ၁၂ ပေ ရှည်လျားသော သံမဏိသွန်း ပန်းပုလက်ရာဖြစ်သည်။ ပူဖောင်းလေးတွေကို အသေးအကြီး အဝိုင်းအရှည် လိုသလို တွဲစပ် ပြီး ခွေးရုပ်ပြုလုပ်ထားသော ဘုရားပွဲဈေးက ပူဖောင်းခွေးလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး စစ်စစ်ပဲဟု ခံစားရသည်။ သံမဏိမျက်နှာပြင်များကို မှန် ကဲ့သို့ အရောင်လက်အောင် ပွတ်တိုက်ထား၏။ ကိုယ်တစ်ခြမ်းမှာ အရောင်တင် ပွတ်တိုက်ဖို့ ကျန်နေသေးသည်။ ဤပန်းပုလက်ရာကို ဂျက်ဖ်ကွန်းစ်သည် လေးနှစ်တိတိ ဖန်တီးယူခဲ့ရသည်ဟု ပြတိုက်လမ်းညွှန်က ရှင်းပြပေးသည်။

နာမည်ကျော် ဓာတ်ပုံဆရာမ စင်ဒီရှားမင်း၏ လက်ရာဓာတ်ပုံကြီးတွေလည်း တွေ့ရသည်။

သူက ကျွန်မအား ပြုံး၍ "ဘယ့်နှယ်လဲ" ဟု မေး၏။ ကလေးတစ်ယောက်အား မုန့်ဆိုင်ခေါ်သွားပြီး ဘာလိုချင်လဲဟု အလိုလိုက်မေးသည့် အပြုံးမျိုး ဖြစ်ပါသည်။

"အဲဒီ သံမဏိခွေးရုပ်ကို လိုချင်တယ်" ဟု ကျွန်မပြောတော့ သူ ရယ်မောလိုက်သည်။ သူ့ဘေးမှ သူ့ညီသည်အမျိုးသမီးက နားစွန်နားဖျား ကြားကာ "အေး...ငါလဲ ကြိုက်တယ်" တဲ့။

နောက်တစ်ခု ကျွန်မ သဘောကျတာ ရှိသေးသည်။

Fibre Glass ဖြင့် ပြုလုပ်ထားသော ကြွေရည်သုတ် ပန်းကန်ပြားကြီးများ အထပ်လိုက် စုပုံနေသည့် ပန်းပုလက်ရာ။ အဆမတန် ကြီးသော ပန်းကန်ပြားများသည် တစ်ချပ်ကို အချင်း ငါးပေစီ ရှိကြ၏။ ပန်းကန်ပြားပေါင်း နှစ်ဆယ်လောက်များ ရှိမလား မသိ။ အမြင့်မှာ ကျွန်မအရပ် နှစ်ပြန်နီးပါး ရှိနိုင်ပါသည်။ လူက ထိုပန်းကန်ပြား အထပ်၏ ဘေးတစ်ဝိုက် လှည့်ပတ်ကြည့်သည့်အခါ သူတို့က ပါ ကျွန်မနှင့်အတူ လိုက်၍လည်သလို ခံစားရလေသည်။

"ကိုနေသန့်...ဒီမှာ ကြည့်စမ်း၊ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကစားလို့ ရတယ်...ကြည့်"





သူ့ညီသည် သုံးလေးယောက်ကပါ ကျွန်မနှင့်အတူ လိုက်၍ လှည့်ပတ်ကြည့်ကြသည်။ ထို့နောက် 'လည်တယ်ဟေ့' ဟု ပြောပြီး ရယ်မောကြပြန်လေသည်။

ဘာကိုပဲ ကြည့်လိုက်ကြည့်လိုက် 'သိပ်ထူးဆန်းတယ်နော်' ဟု တတွတ်တွတ်တိုး မှတ်ချက်ချနေသော ကျွန်မကို သူ သဘောကျနေခဲ့သည်။

ကျွန်မတို့ ပြတိုက် လေ့လာရေးခရီးသည် အလွန် ပျော်စရာကောင်းနေခဲ့၏။

ပြန်ဖို့ ပြင်ဆင်ချိန်အထိ ဖြစ်သည်။

ကျွန်မတို့အားလုံး ပြန်ထွက်လာကြတော့ ငါးနာရီထိုးရန် ၁၅ မိနစ်လောက် လိုသေး၏။ သူ့ညီသည်တွေက ကားသုံးစီးဖြင့် ပြန်ကြမည်။ သူ့ကို ညစာ လိုက်စားဖို့ ဖိတ်ခေါ်နေတာ ကြားရသည်။ ညစာအတွက် သူတို့ ကြိုတင်ညှိထားဟန် မတူပါ။

"ဆောရီး...ကျွန်တော်က ကျွန်တော့်သူငယ်ချင်းကို လိုက်ပို့ပေးရဦးမယ်"

ကျွန်မက ကြားထဲကနေ အားနာသွားမိသည်။

"ကျွန်မ ဘတ်စ်ကားနဲ့ ပြန်လို့ရတာပဲ ကိုနေသန့်ရဲ့၊ လိုက်သွားချင် သွားပေါ့"

သူ မျက်နှာတည်သွားတာကို ကြည့်ပြီး ကျွန်မ သူ့ကိစ္စကို ဝင်ပြောမိတာ မှားပြီဟု သိလိုက်ပါသည်။

"မင်းကို ဒီတစ်ညနေလုံးအတွက် ကိုယ်တာဝန်ယူထားတာ..." ဟု ခပ်တည်တည် အသိပေးတော့ ကျွန်မကမန်းကတန်း ခေါင်းညိတ်လိုက်ရသည်။ ညီသည်အုပ်စုနှင့် လူချင်း ခွဲကြတော့



www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်မ သူ့အား တောင်းပန်ရပါသည်။ အဲလိုဆိုတော့လည်း သူ က ကျွန်မကိုပင် ပြန်၍နှစ်သိမ့်ပေးခဲ့သေး၏။

"ကိုယ်က သူတို့အုပ်စုနဲ့ ညစာစားဖို့ စိတ်မပါနိုင်တော့လို့ ငြင်းခဲ့တာပါ၊ မင်း စိတ်မကောင်း မဖြစ်ပါနဲ့၊ နောက်ဆိုရင် ကိုယ့် မျက်နှာအရိပ်အကဲကို မင်း ဖတ်တတ်သွားမှာပေါ့"တဲ့။

"ကျွန်မ ဒီမှာ တကယ်ကျန်နေခဲ့လို့ ရမလားဟင်...၊ ကျွန်မ သွားစရာလေး ရှိလို့"

သူ့ကားဆီသို့ ရောက်တော့မှ ကျွန်မ မေးကြည့်မိသည်။ သူ မျက်မှောင်နည်းနည်းချီသွား၏။

"မရဘူး၊ မင်းကိုကိုယ် အိမ်အထိ လိုက်ပို့ပေးရမှ ဖြစ်မယ်၊ မင်း သွားစရာက ဘယ်မှာလဲ"

"ဒီနားက ၃ လမ်း၊ လမ်းသာယာက စာအုပ်ဆိုင်ပါ၊ ကျွန်မ စာအုပ်တစ်အုပ် ဝယ်စရာရှိလို့"

"ကိုယ် လိုက်ပို့ပေးပါ့မယ်၊ ဘာစာအုပ်ဝယ်မယ်ဆိုတာ ဆုံး ဖြတ်ပြီးသား မဟုတ်လား"

"ဟုတ်ကဲ့"

သူက ကျွန်မ တက်ရန် ကားတံခါး ဖွင့်ပေး၏။ ကျွန်မတို့အနီး မှ ညနေခင်း ဝတ်စုံဖြင့် အမျိုးသမီးတစ်ယောက် ခွေးကလေးကို လက်မှာ ကြိုးဖြင့်ဆွဲ၍ ခပ်သွက်သွက် လျှောက်သွားသည်။ မဟုတ် ဘူး၊ ခပ်သွက်သွက် လျှောက်နေရတာ မဟုတ်၊ အပြေး လိုက်နေ တာ။ ခွေးကလေးသည် အမြီး တနန့်နန့်ဖြင့် ရှေ့မှအလောတကြီး ပြေးနေခြင်း ဖြစ်သည်။ ကျွန်မ ဟက်ခနဲ တစ်ချက်ရယ်ရင်း ကားထဲ ဝင်ထိုင်လိုက်ပါသည်။





"ဒီကလူတွေဟာ တစ်ဆိတ် ပိုကိုပိုလွန်းတယ်၊ ခွေးကို ရေ ချိုးပေးမယ့် အလုပ်ပြင်ဆိုင် ခေါ်သွားရတာနဲ့၊ ခွေးအမွေးကို ရိတ်ပေး ပြီး ခေါင်းမှာ ဖဲကြိုးစည်းပေးရတာနဲ့..." သူက ပခုံးတွန့်၍ ရယ် နေ၏။

ကားလမ်းဘေး ကားရပ်ရန် မီတာတိုင်အားလုံး အလွတ်မရှိ တော့ပါ။ ထို့ကြောင့် စာအုပ်ဆိုင်၏ ကားရပ်ရန် အဆောက်အဦ တွင်းသို့ ဝင်လိုက်ရသည်။

ကျွန်မတို့ ကံဆိုးပါသည်။ အထပ်တိုင်း အထပ်တိုင်းမှာ ကား တွေက နေရာအပြည့် ရပ်နေပြီးသား။

"ဘယ်လိုလုပ်မလဲဟင်... ပြန်ထွက်ကြမလား" ကျွန်မ မေး တော့ သူက ပြုံးပြုံးပဲ။

"မထွက်ဘူး၊ နောက်တစ်ပတ် ထပ်မောင်းကြည့်မယ်၊ တစ် ယောက်ယောက် ဆိုင်ထဲက ပြန်ထွက်လာမှာ အမှန်ပဲ"

နောက်တစ်ပတ် ထပ်ပတ်လိုက်သည့်အခါမှာတော့ ကား တစ် စီး အထွက်နှင့် သွားတိုးပါသည်။ အဲသည်ကားရှင်ကလည်း အမြင် ကတ်စရာ ကောင်းနေသေး၏။ ကျွန်မတို့ သူ့နေရာမှာ ဝင်ရပ်ဖို့ ခပ်လှမ်းလှမ်းက စောင့်နေတာကို မြင်လျက်နှင့် ဘာပစ္စည်းကိုနှိုက် ပြီး ရှာဖွေနေသလဲ မသိ၊ ကားစက်နှိုးထားပြီး တော်တော်နှင့် မထွက် ပေ။ အံ့ဩစရာကောင်းသည်မှာ သူသည် ဤအဖြစ်ကို သည်းခံနိုင် စွမ်း အပြည့်နှင့် ဘာမှ ဒေါသမထွက်သလို အေးဆေးစွာ စောင့်နေ နိုင်ခြင်းပင် ဖြစ်သည်။ ကျွန်မတို့ဆီဆို ဘယ်ရမလဲ၊ ပွမ်ခနဲ ဟွန်း တီးပစ်လိုက်ပြီပေါ့။

"ရှင် ဒီမှာ နေခဲ့ချင် နေခဲ့လေ၊ ကျွန်မ မကြာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် လိုက်ခဲ့ပါ့မယ်"

သူနှင့်အတူ စာအုပ်ဆိုင်သို့ ပထမဦးဆုံးအကြိမ် အတူ သွားဖူးခြင်း ဖြစ်သည်။

စာအုပ်ဆိုင်သည် အထပ်သုံးထပ်ရှိပြီး အထပ်တိုင်း အထပ်တိုင်းမှာ စက်လှေကားများ ရှိနေသည်။ ကျွန်မ ဝယ်ရမည့် စာအုပ်သည် အပေါ်ဆုံးထပ်၏ အမျိုးသမီးရေးရာ ဟူသော စာအုပ်စင်များတွင် ရှိ၏။ ကျွန်မ ထိုနေရာသို့ တောက်လျှောက် ခပ်သွက်သွက်သွားပြီး ကျွန်မ လိုချင်သော စာအုပ်ကို ဆွဲထုတ်လိုက်သောအခါ သူ အံ့ဩသွား၏။

"မင်း ကြည့်ထားပြီးသားလား"

"ဟုတ်ကဲ့"

"ဘာလို့ တစ်ခါတည်း မဝယ်တာလဲ"

"မြည်းကြည့်ချင်သေးလို့လေ"

ကျွန်မ ခပ်လှမ်းလှမ်းမှ စားပွဲနှင့် ကုလားထိုင်များဆီ ညွှန်ပြလိုက်၏။

"ဟောဟိုနေရာမှာ ဒီစာအုပ်ကို လာလာဖတ်နေတာ နှစ်ရက်ရှိပြီ၊ နောက်တော့ ဖတ်ရင်း ဖတ်ရင်းနဲ့ ကျွန်မ ဝယ်မှဖြစ်မယ်လို့ သိသွားတယ်၊ ဒါတောင် မနေ့ညကမှ ဝယ်ဖို့ ဆုံးဖြတ်လိုက်တာ၊ ၂၆ ကျပ်တဲ့၊ ဈေးတော့ကြီးသားနော်"

သူ အသံထွက်၍ ရယ်မော၏။

"ကိုယ် ဝယ်ပေးပါ့မယ် ရတနာ"

"အိုး...ကျွန်မ အဲဒီလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး"

ကျွန်မ ပါးပြင်များ ရှိန်းခနဲ နွေးသွားခဲ့သည်။





"မဟုတ်ပါဘူး၊ မင်း လိုတဲ့ စာအုပ်ကို ကိုယ် ဝယ်ပေးရရင် ကိုယ်စိတ်ချမ်းသာမှာပါ"

ကျွန်မ သူ့အား တည့်တည့်ရင်ဆိုင်ကြည့်ပြီး အလေးအနက် တောင်းပန်လိုက်ရ၏။

"မဝယ်ပေးပါနဲ့၊ ဒီစာအုပ်က ကျွန်မရဲ့ စာတမ်းအတွက် အထောက်အကူပြု စာအုပ်တစ်ခု ဖြစ်လို့ မိုးသောက်ပန်း စံအိမ်မှာ စာရင်းတင်လို့ ရပါတယ်၊ သူတို့က ကျွန်မကို လိုအပ်တဲ့ စာရွက်စာတမ်းတွေ ဝယ်ရတဲ့အခါ ဘောက်ချာနဲ့ ပြပြီး သူတို့ဆီမှာ ငွေပြန်ထုတ်ပါတဲ့၊ သူတို့ ပေးမယ် တဲ့၊ ကျွန်မ မဝယ်ခဲ့သေးတာက ၂၆ ကျပ်မို့ ဈေးကြီးလို့ မဟုတ်ပါဘူး၊ ဒီစာအုပ် ကျွန်မ လိုမလို မသေချာသေးလို့ပါ၊ ဟုတ်ပြီလား"

သူ ကျွန်မ၏ ဟန်အမူအရာကို ကြည့်ပြီး လက်လျှော့သွား၏။

"ကောင်းပြီလေ...ဒါဖြင့် ကိုယ် လက်လျှော့လိုက်ပြီ၊ ဒါပေမဲ့ ဒီညနေ ညစာကို မင်းကို ကိုယ် ပြုစုပါရစေ၊ ငြင်းဖို့ မကြိုးစားနဲ့နော်"

"မငြင်းပါဘူး"

၃ လမ်းပေါ်မှာ လမ်းလျှောက်သူများ၊ ဈေးဝယ်သူများ၊ မှန်ပြတင်းပေါက်မှတစ်ဆင့် ပစ္စည်းတွေကို လှမ်းကြည့်စပ်စုနေသည့် Window shopping သမားများဖြင့် စည်ကားလျက်ရှိသည်။

၃ လမ်းသည် ဘလောက်သုံးခုစာ၌ အမြဲတမ်း ကား မသွားရသော နေရာအဖြစ် သတ်မှတ်ထား၏။ လမ်းမသည် တာရာဇို ခင်းထားသော စကြံအကွက်ဖော် ကြမ်းပြင်ကြီး ဖြစ်နေသည်။ ဘေး တစ်ဖက် တစ်ချက်မှာ မှန်တံခါးတပ် ဆိုင်များ အစုံရှိ၏။ စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ မိုနုပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးထုပ်ဆိုင်များ၊ အားကစား ပစ္စည်းဆိုင်များ၊ အရုပ်ဆိုင်များ၊ စာအုပ်ဆိုင်များနှင့် ရုပ်ရှင်ရုံများ ရှိလေသည်။ အဆောက်အဦတိုင်းသည် မီးတွေ လင်းထိန်နေအောင် ထွန်းထားကြသည်။

လမ်းဘေး ပလက်ဖောင်း အကျယ်တွင် သံဖြင့် ပြုလုပ်ထားသော ခုံတန်းလျားများ ခပ်ကျဲကျဲ ချခင်းထားရာ လူငယ် လူကြီး အမျိုးသား အမျိုးသမီး အစုံပင် ထိုင်သူ ထိုင်၊ လမ်းလျှောက်သူ လျှောက်ဖြင့် လူထူထပ်လျက်ရှိသည်။ ဂစ်တာတီးပြီး ဖျော်ဖြေနေသည့် တူရိယာဝိုင်းများလည်း ရှိ၏။ ဂျတ်ဇ်ဂီတဝိုင်းများလည်း ရှိ၏။ သူတို့၏ ရှေ့မှာ ဦးထုပ်များကို ပက်လက်လှန် ချထားပြီး လမ်းသွား လမ်းလာများ သဒ္ဓါသရွေ့ စွန့်ကြဲမှုကို လက်ခံလျက် ရှိ၏။

လမ်းအလယ်မှာ ဆိုင်တန်းတစ်တန်း ရှိသေး၏။ မဂ္ဂဇင်း၊ ဂျာနယ်များ အရောင်းဆိုင်နှင့် လက်ကောက်၊ ပုတီးကုံးများ၊ အမှတ်တရ ပစ္စည်းများ ရောင်းသောဆိုင်များ ရှိသည်။

ကျွန်မနှင့်သူ လမ်းလျှောက်လာခိုက် အမျိုးသမီး ခပ်ဝဝ တစ်ယောက် ဆွဲကြိုး ပုတီးကြိုးဆိုင်ရှေ့မှာ ပစ္စည်းတွေ ရွေးလိုက် ပြန်ချလိုက် လုပ်နေသည်။

ကျွန်မတို့ စားသောက်ဆိုင်၏ နာမည်မှာ 'အဏ္ဏဝါဒေဝီ' ဟူ၏။

"ဒီဆိုင်ဟာ အစားအသောက် နာမည်ကြီးတယ်၊ မင်း အကြိုက်တော့ ဖြစ်ပါ့မလား ကိုယ် စိုးရိမ်မိတယ်၊ ဒီက လူတွေတော့ တော်တော် ကြိုက်ကြတာပဲ"

သူ့စကားကို ထောက်ခံသည့်အချက်မှာ ဆိုင်တံခါးဝမှာ စုပြုံရပ်နေကြသည့် လူအုပ်၏ အနေအထားပင် ဖြစ်၏။ အများအားဖြင့် အမျိုးသမီး အမျိုးသား အတွဲလိုက် လာကြသည်။ အဘိုးကြီး အဘွား





ကြီးများလည်း ပါ၏။ ဆိုင်ထဲမှာ ထိုင်စားစရာ နေရာ မရှိသေး၍ ဆိုင်ပြင်မှာ စောင့်နေကြခြင်း ဖြစ်သည်ဟု သူက ရှင်းပြသည်။

အံ့သြစရာပဲနော်။

"အပြင်မှာ ခဏစောင့်ရတာ မင်း စိတ်မရှိပါဘူးနော်" ဟု သူက ကျွန်မကို မေးသည်။

"အို…ကိစ္စမရှိပါဘူး စောင့်ကြတာပေါ့၊ ဒီနားမှာ ဟိုလျှောက် ဒီလျှောက် သွားရင်းနဲ့ နေရာရသွားမှာပါ"

သူက တံခါးဝမှာ မှတ်စုစာရွက်ထပ်ကလေးနှင့် ခဲတံကို ကိုင်ထားသည့် အမျိုးသမီးကလေးထံ လျှောက်သွားပြီး နှုတ်ဆက်၏။ ထို့နောက် သူ့နာမည်ဖြင့် နှစ်ယောက်ဟု စာရင်းပေးရသည်။

ကျွန်မတို့အနီးက ရုပ်ရှင်ရုံအောက်ထဲသို့ ခဏဝင်ကာ ရုပ်ရှင်ပိုစတာများကို ကြည့်ရင်း အချိန်ဖြုန်းကြရပါသည်။

"အဏ္ဏဝါဒေဝီကို ကိုယ် ရွေးရတဲ့ အကြောင်းရင်းက အစားအသောက် ကောင်းလို့ချည်း မဟုတ်ဘူး၊ နောက်တစ်ကြောင်း ရှိသေးတယ်"

"ဘာအကြောင်းလဲ"

"ဟိုရောက်ရင် မင်း သိရမှာပေါ့"

၁၅ မိနစ်လောက် စောင့်ပြီးတော့မှ သူ့နာမည်ကို ဆိုင်က ခေါ်သည်။ ဝန်ထမ်းအမျိုးသမီးတစ်ယောက်က ကျွန်မတို့ကို ဆိုင်ထဲသို့ ဦးဆောင် ခေါ်သွားပြီး စားပွဲခပ်သေးသေးတစ်လုံးမှာ နေရာချထားပေး၏။

လူတွေ လူတွေ စားသောက်နေကြတာ အေးအေးဆေးဆေးပါလား၊ အပြင်ဘက်မှာ စားမည့်သူတွေ စောင့်နေတာ သူတို့သိ



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ။ တကယ်တော့ သူတို့လည်း လွန်ခဲ့သည့် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်ကတော့ ကျွန်မတို့လိုပဲ အပြင်မှာ ရပ်စောင့်ခဲ့ရပါလိမ့်မည်။

သူ ပြောသော နောက်အကြောင်းတစ်ခုမှာ ကျောဘက် နံရံရှိ ဓာတ်ပုံကြီးတစ်ခု ဖြစ်သည်။ သူ ထိုဓာတ်ပုံအား ညွှန်ပြစဉ်က ကျွန်မ သည် ဘယ်သူ့ဓာတ်ပုံမှန်း မသိ။ အသက် ၄၀ ကျော်အရွယ် လူ လတ် တစ်ယောက်၊ မျက်နှာ ခပ်ချောချော ပြေပြေပြစ်ပြစ်၊ သံထည် ပစ္စည်း အကွေးတစ်ခုကို ကိုင်ထားသည်။ ကျွန်မ မြင်ရသမျှက သည် လောက်ပဲ။

"အဲဒါ ဘယ်သူလဲ" ကျွန်မ မေးတော့ 'ဂျုအန်းမီရို' ဟု သူ ပြော သည်။ အဲသည်နာမည်ကို ကျွန်မ မသိပါဟုသာ မှတ်ချက်ချမိ၏။

အစားအစာတွေ မှာပြီးတော့ ကျွန်မ ထိုဓာတ်ပုံရှိရာသို့ သွား ပြီး ကပ်ကြည့်မိသည်။ ဓာတ်ပုံ၏ အောက်ခြေတွင် ဓာတ်ပုံရှင်၏ အမည်ကို ရေးထား၏။ ထိုနာမည်ကိုတော့ ကျွန်မ သိလေသည်။ Joan Miro' သည် အလွန်ကျော်ကြားသော စပိန်လူမျိုး ပန်းချီဆရာ တစ်ဦး ဖြစ်သည်။

"ကျွန်မ ဂျုန်းမိုင်ရိုလို့ သိတဲ့ ပန်းချီဆရာပဲ"

သူ မျက်ခုံးပင့်သွား၏။ ကျွန်မ၏ အသံထွက်ကို အံ့သြသွား ခြင်း ဖြစ်ပါလိမ့်မည်။

"စပိန်နာမည်တို့ ပြင်သစ်နာမည်တို့ဟာ အဲဒီဘာသာစကား မတတ်ရင် ခေါ်ရတာ အင်္ဂလိပ်နာမည်လို ဖြစ်ဖြစ်သွားတယ်၊ ဘယ် လိုပဲ ခေါ်ခေါ် သူကတော့ သူပါပဲ"

သို့သော် လူတစ်ယောက်အကြောင်း ပြောသည့်အခါ ထိုသူ





နာမည်ကို အသံထွက် မှန်အောင် မခေါ်ခဲ့လျှင် နားထောင်နေသော တစ်ဖက်လူက ဘယ်သူ့အကြောင်းဟု ဘယ်လိုလုပ်ပြီး သိပါ့မလဲ။

"မီရိုကိုတော့ မင်းသိတယ်ပေါ့"

"သိတာပေါ့"

"ဒီဆိုင်က စပိန်လူမျိုးတစ်ယောက် ပိုင်တာ၊ သူနဲ့ မီရိုနဲ့ အမျိုး မတော်ဘူးလို့ ကိုယ်ထင်တယ်၊ ဒါပေမဲ့ မီရိုရဲ့ အဆက်အသွယ် တစ် ယောက်ယောက် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒါမှမဟုတ်လဲ မီရိုရဲ့ အမာခံ ပရိသတ်လဲ ဖြစ်နေနိုင်တယ်လေ"

ကျွန်မတို့၏ ညစာသည် ပြောင်းဖူးစွပ်ပြုတ်ရည်၊ ကြက်သား ဆလတ်၊ ပေါင်မုန့်တစ်လုံးစီနှင့် ဂျင်ဂျာအေး တစ်ခွက်စီ၊ ပြီးတော့ မီရို၏ ပန်းချီကားများ ဖြစ်သည်။

ကျွန်မက ကျွန်မ ကြည့်ခဲ့ဖူးသော 'ငှက်တစ်ကောင်ကို ကျောက် ခဲ တစ်လုံးဖြင့် ပစ်နေသော လူ' (Person throwing a stone at a bird) ပန်းချီကားအကြောင်း ပြောပြသည့်အခါ သူက သူ နှစ် သက်သော 'ရေချိုးနေတဲ့ မိန်းမ' (Bathing Woman) ပန်းချီကား အကြောင်း ပြောပြခဲ့ပါသည်။

မီရို၏ ဒြပ်မဲ့ပန်းချီကားများတွင် အဓိက သော့ချက်မှာ အစက် အပြောက်မျဉ်းများ၊ မျဉ်းကွေးများ၊ မျဉ်းဖြောင့်များ ဖြစ်သည်။ မျဉ်း တို့၏ လားရာဖြင့် ပန်းချီကို ဖတ်ရန် လွယ်ကူသွားစေသည်။

"ငှက်တစ်ကောင်ကို ကျောက်ခဲတစ်လုံးဖြင့် ပစ်နေသော လူ ဆိုတဲ့ ပန်းချီကားမှာ တကယ်တော့ လူရော ငှက်ရောဟာ သဘာဝ အနေ ပြုပြင်ပြီး ကျုံ့ထား ဖွထားတဲ့ အရာတွေ ဖြစ်နေတယ်၊ ဒါပေမဲ့ လူဟာ လူပဲ၊ ငှက်ကလဲ ငှက်ပဲ၊ ငှက်မှ တောင်ပံကို အစွမ်းကုန်ဖြန့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပျံပြေးနေရတဲ့ ငှက်၊ အတောင်ပံက မျဉ်းကွေးတစ်ခု၊ ကိုယ်ထည်က မျဉ်းဖြောင့်တစ်ခု...ဒါပဲ။ အဲဒီမှာ အဓိကကျတဲ့မျဉ်းက နောက်ထပ် အနက်ရောင် မျဉ်းနှစ်ခုပဲ မဟုတ်လား"

သူက ပန်းချီကားကို ပြန်စဉ်းစား၍ မရသလိုဟန်ဖြင့် ပခုံးတွန့်သည်။ အရွက်သုပ်ထဲမှ ကြက်သားဖတ်များကို ခက်ရင်းဖြင့် ထိုးကော်စားရင်း "ကိုယ် ကောင်းကောင်းမမှတ်မိဘူး ထင်တယ်" ဟု ဖြေ၏။

"လူရဲ့လက်နဲ့ ကျောက်ခဲ သွားရာလမ်းကို ပြနေတဲ့ မျဉ်းတွေလေ၊ မျဉ်းကွေးက အစက်အစက်တွေနဲ့၊ အဲဒါ တကယ်မရှိတဲ့ မျဉ်း၊ ပစ်လိုက်တုန်းက လက်ရဲ့ ရွေ့လျားမှုကို ပြတဲ့မျဉ်း၊ ကျောက်ခဲ သွားတဲ့လမ်းကြောင်းလို့ ပြောရင်လဲ ရနိုင်တယ်၊ နောက်တစ်ခုက အရှည်လိုက် မျဉ်းကြောင်း၊ လူရဲ့ လက်မောင်း ဝင်ရိုးပေါ့"

"အိုး...ကိုယ် မှတ်မိပြီ၊ မင်း တော်တော်မှတ်ဉာဏ်ကောင်းတာပဲ"

ကျွန်မကို ချီးကျူးတော့ ကျွန်မ စားနေသည့် ခက်ရင်းကို ပစ်ချထားလိုက်ပြီး သူ့ဆီသို့ ကိုယ်အနည်းငယ် ကိုင်းလိုက်မိသည်။ ထို့နောက် ဘေးဘီကို တစ်ချက် မလုံမလဲ အကြည့်မျိုးဖြင့် ကြည့်ပြလိုက်ပြီး လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ပြောပြသည့် မျက်နှာထားမျိုးဖြင့် တိုးတိုးကလေး ပြောလိုက်၏။

"ဒီမယ်...ဘာကြောင့် ကျွန်မ မှတ်မိနေသလဲ သိလား၊ အဲဒီ ပန်းချီဟာ ပုံနှိပ်စာအုပ်ထဲက မဟုတ်ဘဲ ကျွန်မ ပထမဆုံး မြင်ဖူးတဲ့ မီရိုရဲ့ တကယ့်ပန်းချီကားကြီး ဖြစ်နေလို့ပေါ့၊ မှတ်မှတ်ရရ အဲဒီ ပန်းချီကားကိုပဲ ကျွန်မ နာရီဝက်လောက် ကြာအောင် စူးစူးစိုက်





...က် ကြည့်နေခဲ့မိတာ၊ အဲဒါ မီရိုရဲ့ ပန်းချီအစစ်...ပန်းချီအစစ် ဆို...တော့လေ"

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်သည့်အခါ ကျွန်မတို့ ဘေး...က အဘွားကြီးတစ်ဦးက မလိုသောအကြည့်ဖြင့် ခေါင်းထောင်ကြည့်လေသည်။ သွားစမ်းပါ...လူတစ်ယောက်ဟာ ညစာ စားနေ...ဒီလောက်တော့ ရယ်ခွင့်ရှိတယ်။

"ဒီအတိုင်းဆို မင်းရော ကိုယ်ရော မီရိုရဲ့ အလယ်ပိုင်း လက်...တွေကို အာရုံထဲမှာ စွဲနေပုံရတယ်၊ ကိုယ့်အာရုံထဲမှာ မီရိုဆိုရင် ...လာတဲ့ ပန်းချီကား နှစ်ခု သုံးခုပဲ ရှိတယ်၊ တစ်ခုက ရေချိုးနေတဲ့ ...မ၊ နောက်တစ်ခုက အပြာတွေလေ၊ အပြာ တစ်၊ အပြာနှစ်၊ အပြာ ...၊ အပြာတွေက နောက်ပိုင်းလက်ရာမို့ မင်း မှန်းတတ်မှာ မဟုတ်..."

သူက ကျွန်မအာရုံထဲမှာ ပုံဖော်နိုင်မည့် ရေချိုးနေတဲ့ မိန်းမ...ချီကားအကြောင်း ပြောပြခဲ့သည်။

"မင်း စဉ်းစားကြည့်လိုက်ပေါ့၊ ပန်းချီကားတစ်ခုလုံးမှာ နောက်...ဘာ အပြာ၊ ပင်လယ်ရဲ့ အပြာ၊ ဘယ်ဘက် အပေါ်ထောင့်စွန်းမှာ ...အကွေးကလေး ရှိတယ်၊ မတ်တတ်ရပ် ရေချိုးနေတဲ့ မိန်းမကို ...င်လိုက်နဲ့ အကွေးမျဉ်းကြောင်း နှစ်ခု သုံးခုနဲ့ပဲ ပုံဖော်သွားတာ၊ ...ရောင် မျဉ်းကွေးတွေကို လှိုင်းတွေအဖြစ် ယူထားတယ်၊ အဲဒီ ...ကွေးတွေ မျဉ်းကြောင်းတွေကပဲ ကြည့်တဲ့သူရဲ့ အာရုံကို ဆွဲခေါ်...တာ၊ ညရဲ့ တိတ်ဆိတ်အေးချမ်းတဲ့အချိန်မှာ လရောင်အောက် ...င်လယ်ကမ်းစပ်မှာ ရေချိုးနေတဲ့ မိန်းမတစ်ယောက်ဟာ ဘယ်...က်များ စိတ်လွတ်လပ်ပေါ့ပါးလိုက်လေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့နော်၊ ကျွန်မလဲ အဲလို လွှတ်လပ်ချင်လိုက်တာ"

သူက စားပြီးသွားသော ဆလတ် ပန်းကန်ပြားကို တွန်းဖယ် လိုက်ပြီး ဂျင်ဂျာအေးလ်ဖန်ခွက်ကို ကောက်ကိုင်လိုက်၏။ ထို့နောက် ဖန်ခွက်ဘေးမှာ ကပ်နေသော ရေစက် ရေမှုန်လေးများကို ကြည် သလို ဖန်ခွက်အား လှည့်ပတ်ကြည့်နေသည်။

"မင်း ရေကူးကန်ထဲမှာ ရေကူးပေါ့"

"ကျွန်မမှ ရေမကူးတတ်တာ"

သူ ဖြုန်းခနဲ ကျွန်မအား ကြည့်လိုက်၏။ ကျွန်မမှာ ဖိနပ်မ ဘူး ဟူသော စကား ကြားလိုက်ရသလို တအံ့တသြ အကြည့်။ နောက် သူ ပြုံးသည်။

"သင်ရင် ရတာပဲ"

ဦးရှားမင်းကလည်း ကျွန်မကို ရေကူးသင်ဖို့ ပြောခဲ့ဖူးသည် ကျွန်မတို့ ညစာအတူစားကြစဉ်ကပေါ့။

"ငါက ဟိုဘက်နိုင်ငံကို နှစ်လလောက် သွားလည်မှာမို့ မဟုတ်ရင် ငါ မင်းကို ရေကူးသင်ပေးပါတယ်"တဲ့။

ထို့နောက် တစ်ခု သတိရသွားသလို သူ့ဘက်သို့ လှည့်ကြ ကာ "လူကလေး... ရတနာ ရေကူးတတ်ဖို့ မင်း တာဝန်ယူ မလား"ဟု မေးခဲ့လေသည်။ ထိုစဉ်က သူ ပျာပျာသလဲ ငြင်းလို ပုံကို ကြည့်ကာ ကျွန်မနှင့် ဦးရှားမင်း ဟက်ဟက်ပက်ပက် ရယ် မိခဲ့၏။

"ဒါနဲ့ ရတနာ...မီရိုရဲ့ ပန်းပုတွေရော မင်းကြည့်ဖူးလား"

"ဟင့်အင်း ကျွန်မ သတိမထားမိဘူး ထင်တယ်၊ သူက ပ လဲ ထုတယ်ပေါ့"





"ထုတာပေါ့၊ ခေတ်ပေါ်ပန်းပုတွေလေ ...သိပ်ကောင်းတာပဲ၊ ပန်းပုလက်ရာ ဘယ်နှစ်ခုလောက် ဖန်တီးခဲ့မယ်ထင်လဲ၊ မင်း တ်ထင်"

ကျွန်မ ပခုံးတွန့်လိုက်မိသည်။

"ဘယ်လိုလုပ်ပြီး ခန့်မှန်းနိုင်မလဲ"

"ငါးရာလောက် ရှိတယ် ရတနာ"

သူက စားပွဲထိုးအမျိုးသမီးလေးအား ပိုက်ဆံရှင်းရန် လက် ဟာင်ပြလိုက်၏။ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ခေါက်ကို တ်ရင်း ကျွန်မ အံ့သြသွားမည့်စကားတစ်ခွန်းကို ဆက်ပြောလိုက် သည်။

"ဆီဆေးပန်းချီပေါင်း နှစ်ထောင်လောက် ရေးခဲ့တာ...ယုံ ား"

"ဘုရားရေ..."

ကျွန်မတို့ ဆိုင်ထဲက ထွက်လာသည့်အခါ ဆိုင်ရှေ့မှာ ညစာ ဖို့ စောင့်နေသည့် လူအုပ်မှာ လျော့နည်းသွားပြီ။ ရုပ်ရှင်ရုံရှေ့ ာ လူ ဆယ်ယောက်ခန့် ဝင်ဖို့ တန်းစီနေတာ မြင်ရသည်။

"သူ ပါရီမှာ နေတုန်းက ဆိုင်တစ်ဆိုင်မှာ ရထားနဲ့ ပတ်သက် ဲ ဆိုင်းဘုတ်တစ်ခု တွေ့တော့ သူ သဘောကျတာနဲ့ အဲဒါကို သူ့ တ့ဒီယို ဝင်ပေါက်တံခါးမှာ ချိတ်ထားလိုက်သတဲ့၊ ရထား ဆိုင်း တ်မှာ ရေးထားတာက 'ဤရထားသည် ဘယ်မှာမှ မရပ်ပါ'တဲ့"

သိပ်ကောင်းတဲ့ အဓိပ္ပာယ်ပဲ၊ ကျွန်မ သဘောကျစွာ ရယ်မိ သည်။

This train has no stops.



www.burmeseclassic.com


www.burmeseclassic.com



"ဒီရထားလေးလဲ ဘယ်မှာမှ မရပ်နဲ့နော်၊ ခရီးဆုံး အထိ တောက်လျှောက်သွား...ဟုတ်ပလား"

သူက ကျွန်မအား ချစ်စနိုးအကြည့်ဖြင့် အားပေးခဲ့လေသည်။

၁.



The Dream (1940); Frida Kahlo,
New York, collection Selma and Nesuhi Ertegun

www.burmeseclassic.com

www.burmeseclassic.com

ဂျာမန်လူမျိုး ဖခင်နှင့် အင်ဒီယန် သွေးပါသော မက္ကဆီကန် မိခင်တို့မှ မွေးဖွားသော မက္ကဆီကန် ပန်းချီဆရာမ ဖရီဒါခါလို (Frida Kahlo) သည် ကမ္ဘာကျော် လက်တင်အမေရိကန် ပန်းချီအနုပညာရှင် အနည်းစုထဲမှ တစ်ယောက်ဖြစ်သည်။

ကလေး မရနိုင်တော့သည့် အဖြစ်၊ ခင်ပွန်းဖြစ်သူ၏ အိမ်ထောင်ပြင်ပ အရှုပ်အထွေးကို မကြာခဏ ရင်ဆိုင်ရသော အဖြစ်၊ နိုင်ငံရပ်ခြားမှာ အခြေချနေထိုင်ရချိန်တွင် မိခင်နိုင်ငံကို လွမ်းဆွတ်တမ်းတရသော ဒုက္ခ၊ ကိုယ်ခန္ဓာ၏ နာကျင်မှု၊ စိတ်၏ နာကျင်မှု အမျိုးမျိုး ဖိစီးနှိပ်စက်ခံရသော ဖရီဒါခါလိုသည် ပန်းချီကားများကို သူမဘဝ၏ ခါးသီးနာကျင်သည့် အတွေ့အကြုံများဖြင့် ယှက်နွယ်ရေးဖွဲ့ထားခဲ့သည်။ ဆာရီယယ်လစ်ဇင်နည်းနှင့် သင်္ကေတနည်းတို့ကို အသုံးပြု၍ ကိုယ်တိုင်ရေးပုံတူများကို ရေးဆွဲလေ့ရှိသည်။

၁၉၄၀ ခုနှစ်တွင် ရေးဆွဲသော 'အိပ်မက်' (The Dream) ဟုသော ပန်းချီကားသည် သူမ၏ နာမည်ကျော် ကိုယ်တိုင်ရေး ပုံတူပန်းချီများထဲမှ တစ်ခုဖြစ်သည်။

## ဖရီဒါခါလိုနဲ့နွယ်မျှင်ည

သည်အချိန်မှာ သူ ဘယ်လိုနည်းနှင့်မျှ နိုးနေစရာ အကြောင်း ရှိ။

အချိန်က ညတစ်နာရီလွန်ပြီးခါစ၊ သူ အိပ်ရာထဲ ရောက်နေ ည့်အချိန်မှန်း ကျွန်မ သိတာပေါ့။ ကံဆိုးလျှင် သူ့ဘေးမှာ အမျိုး မီး တစ်ယောက်ယောက်ပင် အိပ်ပျော်နေနိုင်သည့်အချိန် ဖြစ် ည်။ သေရေးရှင်ရေးကိစ္စ မဟုတ်ဘဲ ဤအချိန်မျိုးမှာ ဘယ်သူ့ မှ ဖုန်းမဆက်သင့်မှန်းလည်း ကျွန်မ သိပါသည်။ သူ စိတ်ဆိုး ားလေမလားဟုလည်း စိတ်ထင်မိပါသည်။

သို့သော်…

ကျွန်မ ကြောက်နေခဲ့သည်။ ပူပင်သောကတွေ တုန်လှုပ် ောက်ချားမှုတွေ ပေါင်းစပ်ပြီး ကြောက်ရွံ့အားငယ်နေခဲ့သည်။

ကျွန်မနှင့် တစ်မြို့တည်း မိုင် ၁၀၀ ပတ်လည်မှာ ရှိနေသည် ခင်မင်သိကျွမ်းရတာ နှစ်လပင် မပြည့်တတ်သေးသော လူစိမ်း စိမ်းများသာ ဖြစ်နေသည်။ အဲသည်အခါမျိုးမှာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သင့်ဆုံးက စိတ်ငြိမ်ဆေး တစ်ပြား နှစ်ပြား ရှာသောက်ပြီး အိပ်ရာပေါ် အသာကလေး လှဲနေကာ အိပ်ပျော်ဖို့ စောင့်နေရန်ပင် ဖြစ်သည်။

သို့သော် တစ်ကိုယ်လုံးကို ပူလောင်သော စိုးရိမ်ကြောင့်ကြမှု နှင့် တုန်လှုပ်ချောက်ချားမှုက ဝါးမျိုဖိစီးထားသဖြင့် လေးလံ ထုံ ထိုင်းနေခဲ့သည်။

ညေ့ခန်း ဆိုဖာရှည်မှ ထကာ ခပ်မှောင်မှောင် အိပ်ခန်းကျယ် ထဲသို့ သွားပြီး ဆေးရှာဖွေဖို့ဆိုတာ တော်တော်အားတင်းရမည့်ကိစ္စ ဖြစ်သည်။ ဟောဟိုက မပွင့်တပွင့် တံခါး၏ နောက်မှာရှိသော အိပ် ခန်း ကျယ်ကျယ်သည် 'အနောက်တံခါး' လမ်းဘက်သို့ ပြတင်းလှည့် ထားသော အခန်း ဖြစ်သည်။ ဘေးဆွဲ မှန်ပြတင်း၏ ဟိုဘက် လှမ်း လှမ်း လမ်းဘေး ကပ်လျက်မှာ ထင်းရှူးပင် အကြီးကြီးတစ်ခုက တော်တော် နီးနေ၏။ လူစိမ်းတစ်ယောက်ယောက် သစ်ပင်မှ တွယ် တက်၊ ခြင်လုံ ဆန်ခါကို ရိုက်ဖျက်၊ မှန်တံခါးကို ဖောက်ခွဲလျက် အခန်းထဲသို့ အချိန်မရွေး ဝင်ရောက်လာနိုင်သည်။ နောက်ပြီး အိပ် ခန်း၏ ခြေရင်းဘက်မှာ ရေချိုးခန်း အိမ်သာ၊ မျက်နှာသစ်ကန် ... လျက် ပါဝင်သော အခန်းတစ်ခု တွဲလျက်ရှိနေသည်။ ခေါင်းရင်း ကျကျ လက်ဝဲဘက်ဆီမှာလည်း အဝတ်အစားလဲခန်း အခန်းကျယ် ကြီးတစ်ခု တွဲလျက်ရှိနေသည်။ အဲသည် အခန်းတွေမှာလည်း ... တစ်ယောက်ယောက် ခိုဝင်နေနိုင်သေး၏။

ကျွန်မသည် ညေ့ခန်းဆိုဖာမှာ ဘာကိုမှ သတိမထားဘဲ ထိုင် ပြီး ရုပ်မြင်သံကြား ကြည့်နေခဲ့တာ ဘယ်လောက် ကြာပြီလဲ။ ... ရှစ်နာရီကတည်းကလား။ သင်တန်းခန်းမမှ ပြန်ရောက်ပြီး ည





စားပြီးတာ ဘယ်နှစ်နာရီကပါလိမ့်။ ဟိုလိုင်း ပြောင်းကြည့်၊ သည် လိုင်း ပြောင်းကြည့်ဖြင့် အချိန်ကုန်လို့ ကုန်မှန်းပင် မသိခဲ့တာ။ လူ တစ်ယောက်ယောက် တံခါးဖျက်ပြီး ဝင်နေခဲ့လျှင်ကော ကြားရပါ့ မလား။

ဆိုဖာရှည်ပေါ်မှာ ခြေထောက်ပါ တင်ပြီး ကျောက်ရုပ်တစ်ခု လို မလှုပ်မယှက် ကျုံ့ကျုံ့ထိုင်နေလျက်က စိတ်အာရုံကတော့ ဟို သည် သွေးရူးသွေးတန်း လွင့်နေခဲ့သည်။

မှောင်နေသော၊ တစ်ယောက်ယောက် ခိုဝင်နေနိုင်ခြေရှိသော အိပ်ခန်းထဲသို့ သွားပြီး စိတ်ငြိမ်ဆေး ရှာရမည့်ဒုက္ခနှင့်စာလျှင် ဖန် ချောင်၊ အလင်းရောင်အောက်မှာ ရှိနေသော မီးဖိုထဲက ပန်းကန် ဆေးစက်၏ အထက် စားပွဲပြင်မှာ ရှိသည့် တယ်လီဖုန်းကလေးကို သွားကောက်ကိုင်လိုက်ရသည်က ပို၍ လွယ်ကူလိမ့်မည်။

တယ်လီဖုန်းဖြင့် တစ်ယောက်ယောက်နှင့် စကားပြောရန်... ...သော အတွေးကို တွေးမိသည့်အခါ ကျွန်မအာရုံထဲသို့ ပထမဆုံး ...ရောက်လာသည်မှာ သူပဲ ဖြစ်သည်။ သူ့ကို ဘာကြောင့် တ,လိုက် ...လဲဟု တွေးကြည့်တော့ ဤမြို့တစ်မြို့လုံးမှာ ကျွန်မနှင့် ခင်မင် ...နီးဆုံးသူမှာ သူ ဖြစ်နေလို့ပဲဟု အဖြေရ၏။ နောက်ပြီး သူက ...နှင့် အိမ် အနီးဆုံး၊ အရေးရှိလျှင် ပြေးလာဖို့ အမြန်ဆုံး ဖြစ် သည်။

သူ ဟု တွေးမိပေမယ့် တယ်လီဖုန်းဆက်ဖို့ကျတော့လည်း မဝံ့ရဲ

ည တစ်နာရီ... ဟင့်အင်း မဖြစ်နိုင်ဘူး၊ လေးငါးခါပဲ အတူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူးသည့် သူစိမ်း ယောကျ်ားတစ်ယောက်ကို ည တစ်နာရီမှာ အိပ်ရာက နိုးရန် ...။

မဆက်နဲ့၊ အခုပဲ ည တစ်နာရီ ရှိနေပြီ၊ မနက် ၆ နာရီဆို မိုးလင်းတော့မှာ၊ နောက်ထပ် ငါးနာရီပဲ စောင့်ရမည်။ အမှောင် လွန်မြောက်ပြီး အလင်းရောက်လျှင် ကျွန်မ၏ သောကနှင့် ယှဉ်သည့် ကြောက်စိတ်တွေ ပျောက်ကွယ်သွားလိမ့်မည်။

ဘယ့်နှယ်လုပ်ပြီး ပျောက်မှာလဲ၊ အမှောင်တွေ အလင်းတွေက ကြောက်ရွံ့ခြင်းနှင့် ဘာများ ပတ်သက်လို့လဲ၊ အခုဟာက လူဆိုးသူခိုးကို ကြောက်ရွံ့သည့် ခံစားချက်က အဓိကမှ မဟုတ်ဘဲ၊ သရဲတစ္ဆေကို ကြောက်ရွံ့သည့် ခံစားချက်မျိုးမှ မဟုတ်ဘဲ။ ဘယ်လိုလုပ်ပြီး မနက်မိုးလင်းတာနဲ့ ကြောက်ရွံ့မှုက ပြေပျောက်သွားနိုင်မှာလဲ။ ကျွန်မ ကြောက်နေသည်က မမြင်နိုင်သော ကံကြမ္မာကိုလေ။

သူခိုး ဓားပြနှင့် သရဲတစ္ဆေကို ကြောက်ရွံ့တုန်လှုပ်နေသည် ဆိုလျှင် အဲသည်အချိန်နှင့် အခြေအနေကို လွန်မြောက်သွားသည့် အခါ ပေါ့ပါးစွာ ရယ်မောနိုင်သည့် ဟာသတွေ ဖြစ်သွားနိုင်၏။ သို့သော် မမြင်နိုင်သည့် ကံကြမ္မာ၏ ရက်စက်ကြမ်းကြုတ်မှုကို တွေးတွေးကြောက်နေရသည့်အဖြစ်ကတော့ ဘယ်သောအခါမျှ ဟာသ ဖြစ်လာမှာ မဟုတ်ပါ။

ရှာရှာဖွေဖွေ ကျွန်မက ကေဘယ်လိုင်းမှ ရုပ်ရှင်ကားအဟောင်း နှစ်ခုကို ဟိုဘက် သည်ဘက် လိုင်းပြောင်းပြီး ကြည့်နေခဲ့မိသည်။

ရက်စက်ကြမ်းကြုတ်မှုကို ရုပ်ရှင်ရိုက်ပြသည့်အခါ လူ တစ်ယောက်၏ လက်ခံကြည့်ရှုနိုင်စွမ်းသည် ထိုလူ၏ နှလုံး နူးညံ့မှု၊ ဖျော့ကျော့မှု၊ ကြောက်ရွံ့မှု၊ ရဲရင့်မှု စသည်တို့အပေါ်မှာသာ မူတည်နေ





မည်ဟု ကျွန်မ ထင်ထားခဲ့သည်။ တစ်ဒင်္ဂအားငယ်နေသည့် အထီး ကျန် ခံစားမှုအပေါ်မှာလည်း မူတည်နေလိမ့်ဦးမည်ဟု ယခုမှပင် ကျွန်မ ဖြည့်စွက်သဘောပေါက်ခဲ့ရသည်။

ကာ့က် ဒေါက်ဂလပ်စ် ပါဝင်သော စပါတာကတ် ဇာတ်ကား နှင့် မင်းသမီး ဂေါင်းလီ ပါဝင်သော ရက်ဒ်ဆော်ဂမ် (The Red Sorghum) ဇာတ်ကား နှစ်ခုလုံးကို ကျွန်မ ကြည့်ခဲ့ဖူးပြီးသားပါပဲ။ ရက်ဒ်ဆော်ဂမ်ထဲမှာ ဂျပန်တွေ၏ ရက်စက်မှု ဇာတ်ဝင်ခန်းတစ်ခု ပါဝင်နေကြောင်း ကျွန်မ သတိရနေသားပဲ။ သို့သော် သတိရသည်က တစ်ပိုင်း၊ ကိုယ့်အာရုံထဲထိ ခြောက်လှန့်နေဖို့အထိ ဆိုတာက တစ်ပိုင်းပဲ မဟုတ်လား။

လူတစ်ယောက်က အခြားလူတစ်ယောက်ကို၊ ဒါမှမဟုတ် ခံစားစိတ် ရှိသည့် သက်ရှိသတ္တဝါတစ်ကောင်ကို ဘာကြောင့် ဒီလောက် ရက်စက်ချင်ရသလဲ၊ အဲသည့် ခံစားရသည့် သားကောင်လူ သတ္တဝါကရော အဲသည်လို မချိမဆန့်ဝေဒနာ ခံစားရအောင် ဘာ အပြစ်တွေများ လုပ်ခဲ့မိလို့လဲ။ ဗုဒ္ဓဘာသာအရ ရှေးဘဝတွေ နောက် ဘဝတွေနှင့် ကံ ကံ၏အကျိုးကို ယုံလိုက်ပြီဆိုလျှင် ကိုယ် မသိ မမြင် နိုင်သည့် ကံဆိုတာကြောင့် ကျွန်မမှာ ပြေးစရာ မြေ မရှိတော့ပေ။

ယခင်က ဘာဇာတ်ကားကိုပဲ ကြည့်ကြည့် ရုပ်ရှင်အဖြစ်သာ ကြည့်ခဲ့သည်။ မှတ်တမ်းရုပ်ရှင် ဖြစ်ခဲ့လျှင်တောင်မှ ဪ... လွန်ခဲ့သည့် နှစ်ပေါင်း လေးငါးဆယ်က အဲသည်လို ရက်စက်မှုမျိုး တကယ် ဖြစ်ခဲ့တာကိုးဟူသည့် အသိပဲ ရှိသည်။ အဲသည် ရက်စက်မှုတွေ ခံစားမှုတွေကို ကိုယ်က ပွဲကြည့်ပရိသတ်အဖြစ် မြင်နိုင်ခဲ့သည်။ ယခု ဆော့ အဲသည်လို မဟုတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကို ကြည့်နေရင်းက ဂျပန်တွေဟာ အဲသည်တုန်းက တကယ်ပဲ တရုတ်တွေကို ရက်စက်ခဲ့တာပဲ၊ မြန်မာတွေကိုလည်း သူတို့ ရက်စက်ခဲ့တာပဲ ဟူသောအသိ၊ ထိုအသိသည် နာကျင်မှုအဖြစ် ကျွန်မ ကိုယ်ခန္ဓာထဲသို့ ထွင်းဖောက်သွားခဲ့သည်။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ၊ သည်အဖြစ်မျိုးတွေ နောင် ဘယ်တော့မှ မဖြစ်အောင် ကျွန်မတို့ တားဆီးလို့ မရဘူးလား၊ ကျွန်မတို့သည် ကိုယ့်ကံကြမ္မာ ကိုယ် မြင်နိုင်စွမ်း မရှိနေတာ စိတ်သက်သာစရာ အဖြစ်လား၊ ကံကြမ္မာကို ကာကွယ်လို့ မရသေးတာ ချောက်ချားစရာ မဟုတ်ဘူးလား။

စပါတာကတ်ကို ကြည့်မိတော့လည်း ရောမစစ်သားတွေက စပါတာကတ် ဘယ်သူလဲ၊ လက်ဝါးကပ်တိုင်မှာ သံနှင့်ရိုက်ပြီး သေသည်အထိ ညှဉ်းဆဲရန် လိုက်မေးနေသည့် မြင်ကွင်း။

အရင်က အဲသည်မြင်ကွင်းကို ကြည့်မိတော့ စပါတာကတ်နှင့် ရဲရဲတောက် ကျွန်သူပုန်များအား အံ့သြချီးကျူးစိတ်ဖြင့် ကြက်သီးထခဲ့ရသည်။ စပါတာကတ်ကိုယ်တိုင်က ‘ငါ စပါတာကတ်ပဲ’ ဟု မကြောက်မရွံ့ မတ်တတ်ရပ်ပြပြီးသည့်နောက်တွင် သူ့နောက်လိုက် ရဲဘော်သူပုန်များက တစ်ယောက်ပြီး တစ်ယောက် ‘ငါ စပါတာကတ်ပဲ…ငါ စပါတာကတ်ပဲ’ ဟု ဝေဒနာနှင့် သေဘေးကို မကြောက်မရွံ့ ထရပ်ပြကြသည့် မြင်ကွင်းသည် စိတ်ဓာတ် တက်ကြွစရာ သွေးပူစရာ မြင်ကွင်းပဲ ဖြစ်သင့်သည်။ သို့ပါလျက် ကျွန်မသည် သူတို့ခံစားရမည့် မချိမဆန့်ဝေဒနာကိုသာ အာရုံစိုက် ခံစားပြီး ပူပန်ချောက်ချားစိတ်ဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားခဲ့ရသည်။





အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်လောက်က ရောမနိုင်ငံမှာ ဖြစ်ခဲ့တာ၊ အခု ဖြစ်နေတာလည်း မဟုတ်ဘူး၊ ငါနဲ့လည်း မဆိုင်ဘူး။

ဘယ်လိုပဲ စိတ်ကို ဖြေသိမ့်ပေမယ့် မရ။

သူတို့ အခုလို ဝေဒနာ ခံစားရအောင် သူတို့ ဘာအပြစ်တွေ လုပ်မိလို့လဲ၊ ဖိနှိပ်မှုကို ပြန်တွန်းလှန်တဲ့ ပြစ်မှုဟာ ဒီဘဝပြစ်မှု… အရင့်အရင်ဘဝတွေက သူတို့ ဘာအပြစ်တွေ လုပ်ထားခဲ့မိလို့လဲ။

ကျွန်မသည် မမြင်နိုင်သည့် အတိတ်ဘဝတွေအတွက် အာမခံချက်တွေ မရနိုင်လေခြင်းဟု စိုးရိမ်သောက ကြီးစွာ ပူလောင်လာတော့သည်။ ကျွန်မတော့ ရူးစ ပြုပြီ ထင်ပါရဲ့။

ဖုန်းဆက်ပြီး တစ်ယောက်ယောက်နှင့် စကားပြောမှ ဖြစ်မည်။

ထိုင်ရာမှ ထရန် ခြေထောက်ကို ကော်ဇောပေါ် ချနင်းလိုက်ရုံနှင့် တစ်ကိုယ်လုံး စိမ့်ခနဲ အေးစက်သွားပြန်၏။ ကျွန်မနောက်က ဝင်ပေါက်တံခါး လက်ကိုင်ကို အပြင်မှ တစ်ယောက်ယောက် ကိုင်လိုက်သလိုပဲ။

ပြောင်းမိပြောင်းရာ ပြောင်းထားသည့် ရုပ်မြင်သံကြားလိုင်းက E ဖြစ်ဟန် တူ၏။ ရုပ်ရှင်ရိုက်ကွင်းတွေအကြောင်း မြင်နေရသည်။ ကျွန်မ ကြည့်ဖူးသည့် အမေရိကန် ရုပ်ရှင်မင်းသားနှင့် ရိုက်ကွင်းအကြောင်း အင်တာဗျူး မေးဖြေတွေကို မြင်နေရ၏။ ဘာတွေမှန်းတော့ မသိ၊ အာရုံစိုက်၍ မရ။ မကြည့်ဖြစ်သော တီဗွီကို ပိတ်လိုက်သင့်သော်လည်း ကျွန်မ မပိတ်နိုင်ခဲ့ပါ။ အဲသည်လူအရုပ်တွေနှင့် စကားသံကို ကျွန်မအနီးမှာ လိုနေသေးသည်။ ကျွန်မအာရုံကတော့ တယ်လီဖုန်းဆီသို့သာ ရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဆက်နဲ့၊ ဆက်တော့ရော... ကျွန်မ ကြောက်နေတာကို သူ ဘယ်လိုနားလည်မလဲ၊ ခပ်ရိုင်းရိုင်း ဆဲရေးမှု စကားလုံး တစ်ခုက လွဲလို့ သူ့ဆီက ကျွန်မ ဘာများ ရနိုင်မှာမို့လဲ။ အခန်းထဲကို အရဲစွန့်ပြီး သွား၊ ဆေးရှာ၊ သောက်၊ စောင်ခြုံထဲ ဝင်ပြီး အိပ်လိုက်တော့။

အခန်းထဲ ဝင်တော့မှပါပဲဟု အရဲစွန့်ကာ ရုပ်မြင်သံကြား ပိတ်ပစ်လိုက်ပြီး ခြေလှမ်း လှမ်းလိုက်သော်လည်း တကယ်တမ်းတော့ ကျွန်မခြေလှမ်းတွေ ဦးတည်နေသည်က တယ်လီဖုန်းရှိရာ စားပွဲဆီသို့ ဖြစ်သည်။

အခုလိုအချိန်မှာ သူ့ဆီဖုန်းဆက်လို့ကတော့ သူ့ဆီက ဘာနှစ်သိမ့်စကားမှ မကြားရသည့်အပြင် အိပ်ချင်မူးတူးဖြင့် အော်ငေါက်ပစ်လိုက်မှာ သေချာသည်။

နေစမ်းပါဦး။ သူ့ဆီက ဘယ်လိုနှစ်သိမ့်စကားမျိုးကို ကျွန်မ မျှော်လင့်နေတာလဲ။ ကျွန်မကြောက်လန့်နေသည်ကို သူက ကိုယ်ချင်းစာတတ်မှာတဲ့လား။ ကိုယ်ချင်းစာတတ်သည်ပဲထားဦး၊ သူက ကျွန်မကြောက်စိတ်တွေကို လွင့်ပြယ်သွားအောင် ဘယ်လို ကုစားနိုင်မှာမို့လဲ။ သူက လက်တွေ့ကျကျ တိုက်မှူးသာဖြစ်သည်။ စိတ်ပညာရှင် မဟုတ်ဘူးလေ။

သို့သော် ကျွန်မသည် မိတ်ဆွေသူငယ်ချင်း တစ်ယောက်ယောက်၏ စကားသံကိုကြားချင်လှပြီ။ ကျွန်မ ရင်ဆိုင်ခံစားနေရသော တုန်လှုပ်ချောက်ချားမှုကို မျှဝေခံစားပေးနိုင်မည့် သူငယ်ချင်း တစ်ယောက်ယောက်၊ အဲသည်လို ခင်မင်ရင်းနှီးရသော သူငယ်ချင်းကလည်း ကျွန်မမှာ များများစားစားမရှိပါ။





နောက်ဆုံးတော့ အရေးရှိလျှင်အားကိုးရမည့် အနီးဆုံး သူငယ်ချင်းအဖြစ် သူ့ထံသို့ ဖုန်းဆက်လိုက်တော့သည်။

"ဟိုင်း..."

မနည်းအားတင်းကာ အိပ်ရာမှ ထထွက်လာခဲ့ရမှန်း သိသာသော အိပ်ချင်မူးတူးအသံကြောင့် ကျွန်မ အားတုံ့အားနာဖြင့် ပြောချင်သည့်စကားတွေ ဆွံ့အသွားရသည်။

"နေသန့်"

"ဘယ်သူလဲ"

"ရတနာပါ"

"ရတနာ..."

သူသည် ရတနာဆိုတာ ဘယ်သူပါလိမ့်ဟု သူ့အသိစိတ်ဦးနှောက်ကို ပြန်အလုပ်ပေးရဟန်ဖြင့် ခဏတိတ်ဆိတ်နေသည်။ ပြီးမှ "ရတနာ မင်းဘာဖြစ်လို့လဲ" ဟုမေးသည်။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် လည်ပင်းဆီမှာဆို့နင့်နေသော စကားလုံးကို လက်ဖြင့်ဖိထားရင်း ကျွန်မ တံတွေးတစ်ချက်မျိုချလိုက်မိသည်။

"မင်းနေကောင်းရဲ့လား"

"ဟုတ်ကဲ့ ဟင့်အင်း"

"ဘာဖြစ်လဲ"

သူ့အသံမှာ အနည်းငယ် ကြည်လင်စပြုပြီ။

"ကျွန်မကြောက်နေလို့ ခဏလောက် စကားပြောပေးစမ်းပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်ဘာကိုကြောက်တာလဲ၊ဘာကြောင့်ကြောက်တာလဲ၊ မင်း ဘာတွေ့ခဲ့ရလို့လဲ"

"ကျွန်မ ရုပ်ရှင်တစ်ကားကြည့်လိုက်မိတာ အခု ဆက်မကြည့်ရဲတော့ဘူး၊ ပြီးတော့..."

သူ ခပ်တိုးတိုး ဆဲရေးလိုက်သည်။

"ကိုယ် မနက်ဖြန်မနက် ရှစ်နာရီမှာ ရုံးသွားရမှာ မင်းသိတယ်နော်"

မာထန်သောသူ့စကားသံကြောင့် ကျွန်မခေါင်းညိတ်လိုက်ပြီးမှ "ဟုတ်ကဲ့"ဟုဖြေလိုက်မိ၏။

"ကျွန်မလေ ကျွန်မ ရှင့်ကိုမနှောက်ယှက်ချင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ နေရာတောင် မရွေ့ရဲတော့ဘူး၊ တစ်ယောက်ယောက်ရဲ့စကားပြောမှုကို ဖြစ်မှာမို့ပါ"

"ဒါပေမဲ့ ဒီအချိန်ဟာ တစ်လောကလုံး အိပ်တဲ့အချိန်ကွမင်းရူးနေသလား"

ဘုရား... ဘုရား...၊ ကျွန်မတကယ်ပဲရူးနေပြီလား။ ကျွန်မဝမ်းနည်းအားငယ်စွာပင် သူ့ကိုတောင်းပန်မိပါသည်။

"ကျွန်မ...ကျွန်မ ဝမ်းနည်းပါတယ်"

"မင်းအခန်းထဲကို စိတ်ရောဂါသည် အရူးတစ်ယောက်ဝင်လာခဲ့ရင်တော့ နိုင်းဝမ်းဝမ်းကိုသာ ခေါ်၊ ကိုယ်ဘာမှမတတ်နိုင်ဘူး၊ ရှင်းလား"

ခြော်...သူကတော့ လှောင်ပြောင်ရက်လေခြင်း။ ကျွန်မ၏စိတ်ဝေဒနာကို သူ မစာနာတတ်လေခြင်းကွယ်။ ကျွန်မ မှားသွားပါပြီ။ မှားလိမ့်မယ်ဆိုတာသိသိကြီးနဲ့ သူ့ကိုဆက်သွယ်မိခဲ့သည်





"ကျွန်မကိုခွင့်လွှတ်ပါနော် ကျွန်မ..."

မျက်ရည်များ ချက်ချင်းစုအိုင်ကာ လျှံကျသွားသည်။ ကျွန်မကို စိတ်မဆိုးပါနဲ့ကွယ်...။

"မင်း ဘာဇာတ်ကားကြည့်နေခဲ့တာလဲ"

"စပါတာကတ်..."ဟု တိုးတိတ်စွာဖြေရင်း တစ်ချက်ရှိုက်လိုက်မိသည်။

သူ တစ်ခဏငြိမ်သက်သွား၏။ ထို့နောက် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။

"အဲဒီတော့ မင်းဘာကိုကြောက်တာလဲ"

"သူတို့အားလုံး လက်ဝါးကပ်တိုင်မှာ အသတ်ခံရတော့မှာ"

"ဘုရားရေ..."

သူ့အသံမှာ စိတ်တိုသည့်ဟန်မှ စိတ်ရှုပ်ထွေးသည့်ဟန်သို့ ချက်ချင်းပြောင်းသွား၏။

"ရုပ်ရှင်ဆိုတာ ကြည့်တဲ့သူ တကယ်ထင်လာအောင်၊ တကယ်ခံစားလာအောင် ဆင်ပြီးရိုက်ပြတာလေ၊ မင်းဟာ ကလေးမှမဟုတ်တော့တာပဲ"

"ရုပ်ရှင်ဆိုတာဘာလဲလို့ ကျွန်မသိပါတယ်၊ ဒါဟာ တကယ်ဖြစ်နေတာမဟုတ်ဘူးလို့လဲ ကျွန်မသိပါတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတော့ ဒီအဖြစ်မျိုး ရောမနိုင်ငံမှာ တကယ်ဖြစ်ခဲ့တာပါ"

"အဲဒီတော့ ဘာဖြစ်လဲကွ"

"အဲဒီတော့ ကျွန်မကြောက်တာပေါ့"

သူ ပင့်သက်ကို သိသိသာသာရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆေးသောက်သင့်နေပြီ၊ အကောင်းဆုံးကတော့ မင်းတို့ အဆောင်မှူးဆီမှာ အိပ်ဆေးတောင်းပြီးသောက်လိုက်"

"ကျွန်မအခန်းထဲမှာ ဆေးရှိပါတယ်၊ အခန်းကသိပ်မှောင်နေလို့ ကျွန်မသွားမယူရဲတာပါ၊ ကျွန်မကိုတစ်ခုခုပြောစမ်းပါ၊ အစစအရာရာ အားလုံးကောင်းသွားမှာလို့ ပြောစမ်းပါ၊ ဘယ်သူမှ ဘာမှ မခံစားရတော့ဘူးလို့ ပြောစမ်းပါ"

"သွားသေလိုက်စမ်းပါကွာ"

မမျှော်လင့်သည့်အချိန်မှာ သူတယ်လီဖုန်းချသွားပါသည်။

ကျွန်မသည် အဆက်အသွယ်ပြတ်သွားသော တယ်လီဖုန်းကို ငေးစိုက်ကြည့်နေပြီးမှ အခြေအနေကိုနားလည်သွား၏။ သူ... ကျွန်မကို အရူးတစ်ယောက်လိုဆက်ဆံလိုက်ပြီ။

တယ်လီဖုန်းကို ဖြည်းညင်းစွာချလိုက်ပြီးတော့မှ ကျွန်မ မျက်ရည်ကျနေခဲ့မိပါလားဟု သတိရသွားပါသည်။ မျက်ရည်တွေကို သုတ်ပစ်လိုက်ရ၏။

ကျွန်မ ဘာလုပ်ရမလဲ။

ကျွန်မ၏ကြောက်ရွံ့တုန်လှုပ်မှုကို နားလည်မပေးနိုင်သည့် လူတစ်ယောက်ကို ကျွန်မ မှားယွင်းစွာ အနှောင့်အယှက်ပေးခဲ့မိပြီ။

နေစမ်းပါဦး၊ ကျွန်မ သူ့ဆီက ဘာစကားတွေ မျှော်လင့်ထားခဲ့လို့လဲ။

အမှောင်ထုထဲမှာ စမ်းတဝါးဝါးနေနေရသည့် ကျွန်မတို့ လူသားတစ်ဦးချင်းအတွက် မမြင်နိုင်သည့်ကံကြမ္မာဆိုး ဆိုတာတွေကို သူက ဘာတားမြစ်ပေးနိုင်မှာမို့ ကျွန်မအားကိုးခဲ့မိတာလဲ။

ကျွန်မသည် တုန်လှုပ်ချောက်ချားမှုတွင် ဝမ်းနည်းအားငယ်မှု





ဆောစွက်ကာ မီးဖိုကြမ်းပြင်ပေါ်မှာ ဒူးထောက်လျက်သား ထိုင်ချလိုက်မိပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ပြီး ခပ်တိုးတိုး ငိုရှိုက်မိသည်။

ကျွန်မအေးမှာ ဘယ်သူမှမရှိဘူး။

လူ့ဘဝမှာ အားကိုးတကြီးပြေးဝင်ဖက်တွယ်ပြီး ငိုချပစ်လိုက်ဖို့ ရင်ခွင်တစ်ခု အမှန်တကယ်လိုအပ်ပါလားဟု ယခုမှ အမှတ်ဆင်ထင် လက်ခံသွားရပါသည်။

ခိုတွယ်စရာ မိခင်ရင်ခွင် မရှိတော့ဘူးဆိုလျှင် ကျွန်မတို့အတွက် ဘယ်ရင်ခွင်က နားလည်စွာနှစ်သိမ့်ပေးနိုင်ဆုံးဖြစ်မလဲ။

ခင်ပွန်းရင်ခွင် ... ဇနီးရင်ခွင် ... မဟုတ်သေးပါ။ လင်မယားသို့မဟုတ် ချစ်သူရည်းစားဖြစ်တိုင်းလည်း ထိုရင်ခွင်သည် မိမိခိုတွယ်ငိုချပစ်ဖို့ အသိပညာ၊ အကြင်နာ၊ နားလည်နိုင်စွမ်း အစစအရာရာ. ပြည့်စုံစွာနွေးထွေးလိမ့်မည်ဟု မျှော်လင့်လို့မရပါ။

အမေမရှိတော့သည့်ကျွန်မဘဝတွင် အချိန်တန်အရွယ်ရောက်သို့ ချစ်သူရည်းစားတွေ ရခဲ့ပြန်တော့လည်း ပူပန်သောကတစ်ခုခုကြုံတွေ့ရတိုင်း ကျွန်မ အားကိုးတကြီး တမ်းတမိသည့်ရင်ခွင်က အမေ့ရင်ခွင်ပဲဖြစ်ခဲ့သည်။ ချစ်သူရည်းစားတစ်ယောက်ယောက်၏ရင်ခွင်မှာ ကျွန်မ တစ်ခါမှ ခိုဝင်မငိုကြွေးခဲ့ဖူးဘူးလား။ ယခု ပြန်စဉ်းစားကြည့်တော့ ကျွန်မအံ့သြသွားရပါသည်။

ဒါဖြင့် သူတို့ကို ကျွန်မ, မယုံကြည်ခဲ့ဘူးလား၊ ကျွန်မ၏ အပူတွေကို စုပ်ယူပစ်နိုင်စွမ်းရှိမည်ဟု အားမကိုးခဲ့ဘူးလား။

အချစ်နှင့်အားကိုးယုံကြည်မှုသည် တခြားစီဖြစ်လေသလား။

ယခုရော ကျွန်မ သူ့ဆီဖုန်းဆက်မိတာ သူ့ကို အားကိုးပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်သဘောလား။ ကျွန်မ၏ ပူပန်သောကများမှုကို သူ ဖယ်ရှား ပေးနိုင်မည်ဟု အားကိုးခဲ့မိပြီပေါ့။ သူဟာ အားကိုးစရာကောင်း လိမ့်မည်ဟု ကျွန်မဘာဖြစ်လို့ မျှော်လင့်ခဲ့မိပါလိမ့်။

အို… ကျွန်မဘေးမှာ သူကလွဲလို့ ကျွန်မအပေါ် နားလည်ပေး မည့်သူ ဘယ်သူများရှိနေလို့လဲ။

သို့သော် သူ ကျွန်မကို နားလည်မပေးနိုင်ခဲ့ဘူးလေ။

တဒိတ်ဒိတ် ပြင်းထန်စွာ ခုန်နေသောနှလုံးကို လက်ဖျန်ဖြင့်ဖိ၊ နှုတ်ခမ်းကို လက်ဝါးဖြင့် ဖိအုပ်ပြီး ကြောက်ရွံ့မှုတွေကို အားတင်း ကာ မျိုချနေရချိန်တွင် အနီးကပ်ကျယ်လောင်စွာကြားလိုက်ရသော အသံတစ်ခုကြောင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပါ သည်။

ချောက်ချားဖွယ်အသံမှာ တယ်လီဖုန်းမြည်သံဟု သိလိုက်ရ တော့မှ ရုတ်တရက် ခုန်ထပစ်လိုက်မိ၏။

ဘယ်သူလဲ။

ကျွန်မသည် အဆက်မပြတ်မြည်နေသော တယ်လီဖုန်းကို မဝံ့မရဲ ကောက်ကိုင်လိုက်မိ၏။

"ဟယ်လို…"

ခွန်အားမရှိသည့် ကျွန်မအသံသည် ရှိုက်သံကြောင့် တိမ်ဝင် သွား၏။

"ရတနာ…"

သူပဲ။ သူ့အသံသည် အိပ်ချင်နေသည့်အသံမဟုတ်။ စိတ်တို နေသည့်အသံလည်း မဟုတ်။ သို့သော် နူးညံ့ချိုသာသည့် အသံလည်း မဟုတ်ချေ။





"မင်း အခုဘယ်မှာလဲ"

"ကျွန်မ မီးဖိုခန်းထဲမှာ"

"ဒါဖြင့် ကိုယ့်လိုပဲ မင်းဖုန်းက မီးဖိုခန်းထဲမှာပဲပေါ့"

"ဟုတ်ကဲ့"

"နားထောင်စမ်း၊ ကိုယ်တစ်ခုစဉ်းစားမိလို့၊ မင်းရဲ့ တယ်လီ …ကြိုးက ဘယ်လောက်ရှည်သလဲ၊ ကိုယ် ဆိုလိုတာက မင်း အိပ် …းထဲထိ သယ်ယူသွားရလောက်အောင် ရှည်သလား"

သူ ကျွန်မကို နှစ်သိမ့်ဖျောင်းဖျပေးဖို့ ဆုံးဖြတ်လိုက်ပြီလား …။ ကျွန်မ အနည်းငယ် အားတက်သွား၏။

"ဟင့်အင်း…မရှည်ဘူး၊ ဒါပေမဲ့ ကျွန်မမှာ ကော့ဒ်လက်စ်ဖုန်း …တယ်"

သူ့ရယ်သံ ခပ်သဲ့သဲ့ကြားရ၏။ သူ့ရယ်သံကြောင့် ကျွန်မ …ည်းငယ် စိတ်ပေါ့ပါးသွားပါသည်။

"သိပ်ကောင်းတာပေါ့၊ ဒါဖြင့် အခု အဲဒီကော့ဒ်လက်စ်ဖုန်းကို …င်လိုက်တော့"

သူ့စကားအတိုင်း ကျွန်မသည် ကော့ဒ်လက်စ်ဖုန်းကို ပြောင်း …င်လိုက်ပါသည်။

"မီးဖိုခန်းနဲ့ ညေ့ခန်းနဲ့ ဘယ်လောက်ဝေးလဲ"

"မဝေးပါဘူး နေ့သန်၊ တစ်ခန်းတည်းလိုလိုပါပဲ"

"ညေ့ခန်းမီးဖွင့်ထားရဲ့လား"

ကျွန်မစိတ်သက်သာရာရစွာ ပထမဦးဆုံးအကြိမ် ပြုံးလိုက်မိ …သည်။

"ဟုတ်ကဲ့၊ ဒါပေမဲ့ အကုန်တော့မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသမျှမီးတွေအကုန် သွားဖွင့်ချည်"

ကျွန်မသည် လူကြီးစကားကို နားထောင်သည့် ကလေးငယ် တစ်ယောက်လိုပင် ဧည့်ခန်းက မီးတွေကို အားလုံးဖွင့်လိုက်သည်။

"တီဗီပိတ်ပြီးသားလား"

"ဟုတ်ကဲ့"

"မင်းမှာ ရေဒီယိုရှိတယ်နော်"

"ဟုတ်ကဲ့"

"ဧည့်ခန်းမှာလား"

"ဧည့်ခန်းမှာတစ်ခု၊ အိပ်ခန်းမှာ တစ်ခု"

သူ ရယ်မောပြန်သည်။ သူ့ရယ်သံသည် စောစောကထက် အနည်းငယ် နွေးထွေးလာ၏။

"ကောင်းပြီ၊ အိပ်ခန်းထဲက ရေဒီယိုကို သွားဖွင့်ချည်"

"ကျွန်မ…ဟင့်အင်း၊ မသွားရဲဘူး"

"နားထောင်စမ်း ရတနာ၊ မင်းတို့အဆောင်ရဲ့လုံခြုံရေးစနစ် က သိပ်ကောင်းတယ်၊ လက်နက်အချက်ပေးစနစ်နဲ့၊ ဂိတ်တံခါး လုံခြုံရေးစနစ်နဲ့၊ ဘယ်သူမှ အနားကပ်လို့မရဘူး၊ နောက်ပြီး အဲ ရပ်ကွက်က လူချမ်းသာရပ်ကွက်လေ၊ ဘာမှကြောက်စရာမရှိဘူး ကြားလား"

ကျွန်မ အနည်းငယ် တွေဝေနေဆဲ။

"မင်းအခန်းထဲမှာ လူဝင်နေမှာစိုးတာလား"

အဲသည်လို အတိအကျကြောက်ရွံ့ခြင်းတော့ မဟုတ်ပါ။

"မင်းဆီမှာ မီးဖိုသုံးဓားတော့ ရှိမှာပေါ့နော်"

"ရှိတယ်၊ အများကြီးပဲ"





"မင်းလက်နဲ့ကိုင်လို့ အဆင်ပြေဆုံးဓားကို သွားယူခဲ့၊ ပြီးတော့ အိပ်ခန်းထဲဝင်၊ ရေဒီယိုဖွင့်လိုက်နော်"

သူ့စကားကို ကျွန်မတစ်သဝေမတိမ်း လိုက်နာမိပါသည်။

"မင်းအကြိုက်ဆုံး ရေဒီယိုလိုင်း ရှိလား"

"ဟုတ်ကဲ့"

"ဘာလဲ"

"အက်ဖ်အမ် တစ်ရာ့သုံး ဒသမ ငါး"

ထိုလိုင်းသည် ည ၇း၀၀ နာရီမှ နံနက် ၂း၀၀ နာရီအထိ …တာရှင်လိုရာ အချစ်သီချင်းများကို ထုတ်လွှင့်ပေးလေ့ရှိပါသည်။

"အခု မင်း ဘယ်ရောက်နေပြီလဲ"

"အခန်းထဲမှာ၊ မီးဖွင့်ပြီးပြီ"

"ကောင်းတယ်၊ သိပ်တော်တာပဲ၊ အခု ရေဒီယိုဖွင့်တော့"

ကျွန်မဘယ်လောက်ကံကောင်းလိုက်ပါသလဲ။ ဖွင့်ဖွင့်ချင်းပင် …ရိုင်ယန်အဒမ်စ်၏ 'ကိုယ်လုပ်သမျှအရာရာဟာ မင်းအတွက်ပါပဲ' (…erything I do, I do it for you) သီချင်းသံကို ကြားလိုက်ရ …သည်။

"ဖွင့်ပြီးပြီလား… ကိုယ်မကြားရဘူး၊ နည်းနည်းကျယ်လိုက် …ဦး"

ဘရိုင်ယန်အဒမ်စ်၏ ခပ်ရှရှခပ်အက်အက်အသံကိုကြားလိုက် …သည့်အခါ မမြင်နိုင်သည့် အကာသိုလ်ကြောင့် ရလာတတ်သည့် …နိုင်သည့် ကြမ္မာဆိုးဟူသော ပူပန်သောကတွေ လျော့ပါးကုန် …သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသီချင်းကို ကိုယ်ကြိုက်တယ်၊ ဘရိုင်ယန်အဒမ်စ်ရဲ့သီချင်း မဟုတ်လား"

သူလည်း သည်သီချင်းကိုကြိုက်တယ်၊ သိပ်အံ့ဩစရာကောင်း တာပဲ။

"ကလို့ဆက်အခန်းတွေ ရေချိုးခန်းတွေ ရှိသမျှအခန်းလေး တွေကိုလဲ မီးဖွင့်လိုက်ဦး"

တယ်လီဖုန်းကလေးကို ကိုင်ထားရင်း အခန်းတွေကို လိုက် စစ်ဆေးကြည့်ရသည့် ခံစားချက်မှာ နည်းနည်းမျှအထီးကျန်မဆ ပါ။ ချောင်တစ်နေရာရာတွင် တစ်စုံတစ်ယောက် ခိုဝင်နေနိုင်သည် ဟု ကျွန်မထင်ခဲ့မိလျှင် ကျွန်မ တော်တော်ကြောင်တဲ့မိန်းမ ဖြစ်မှ ပဲ။ အားလုံးသည် တိတ်ဆိတ်စွာ နေသားတကျရှိနေသည်။

"ဘာတွေ့ရလဲ"

ကျွန်မ တစ်ချက်ရယ်လိုက်မိ၏။

"ဘာမှမရှိပါဘူး"

"ကဲ... ဒီတော့ ဆေးရှာကြရအောင်၊ ဆေးက ဘယ်မှာထား တာလဲ"

ခဏ စဉ်းစားလိုက်ပါရစေဦး။

"အဲ... အံဆွဲထဲမှာ ထင်တယ်"

"သွားရှာ"

ခုတင်ခြေရင်းက နံရံမှာ ကပ်ထားသည့် ဗီရိုစားပွဲ၏ အံ အဆင့်ဆင့်ကို ကျွန်မအားတက်သရော ရှာဖွေလိုက်ပါသည်။ နော ဆုံးတော့ တတိယအံဆွဲ၏ ချောင်မှာ ကပ်နေသည့် ဆေးပုလ အသေးလေးကို ရှာတွေ့သွားပါသည်။





"တွေ့ပြီ"

"မင်းသောက်နေကျလား"

"ဟုတ်ကဲ့၊ သုံးလေးနှစ်မှာ တစ်ခါသောက်ဖူးတယ်"

သူ ခပ်ဖွဖွရယ်မောပြန်၏။

"အခု သောက်လိုက်မလား၊ လိုရောလိုမယ်ထင်သေးလား"

"ဟုတ်ကဲ့"

"မင်း ဘာကိုကြောက်နေသေးတာလဲ"

ကျွန်မပြောလျှင် သူနားလည်ခံစားနိုင်ပါ့မလား မသေချာပါ။ သို့သော်...

"ဟိုလေ... မမြင်ရတဲ့ ကံကြမ္မာနဲ့ မမျှော်လင့်ဘဲ ရောက်လာ နိုင်တဲ့ နာကျင်ဆင်းရဲဝေဒနာတွေ၊ ရှင်သိလားဟင်... လောကမှာ ရဲတွေ အများကြီးရှိတယ်ဆိုတာ ရှင်လက်ခံရဲ့လား"

သူ တစ်ဖက်မှာ သက်ပြင်းချလိုက်တာ ကြားရသည်။

"ကိုယ် လက်ခံပါတယ်"

"ရှင်သိရဲ့လားဟင်၊ လူသားတွေရဲ့ဘဝဟာ နည်းနည်းမှ မလုံ ခြုံဘူး"

"အိုကေ... အိုကေ၊ အခု မင်းဆေးသောက်လို့ရပြီ၊ သောက် လိုက်တော့၊ အိပ်ခန်းထဲမှာ ရေတော့ဘယ်ရှိမလဲ၊ ရှိလား"

"မရှိဘူးပေါ့၊ ဒါပေမဲ့ ရေချိုးခန်းထဲက ဘုံဘိုင်ရေနဲ့ သောက် မှာပေါ့"

လက်ဆေးကန်ပိုက်ခေါင်းမှရေဖြင့် ကျွန်မဆေးသောက်လိုက် ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် နေသန့်ရယ်"

"သေချာတာပေါ့"

ကျွန်မ အိပ်ရာဆီသို့ လျှောက်လာချိန်တွင် သူက စကားတိုးတိုးဖြင့် ကျွန်မအား နှစ်သိမ့်နေဆဲ။

"ကိုယ်ပြောတာ နားထောင်စမ်း၊ လောကကြီးမှာ လူသားတွေအားလုံးဟာ အသက်ရှင်နေစဉ်မှာ လုပ်သင့်လုပ်ထိုက်တဲ့ အကျိုးရှိတဲ့ အလုပ်တွေလုပ်ရင်း မျှော်လင့်ချက်တွေနဲ့ ရဲရဲရင့်ရင့် နေထိုင်နေကြတယ်၊ မနက်ဖြန် ကိုယ်သေချင်သေမယ်၊ ဘယ်သူမှ တပ်အပ်မပြောနိုင်ဘူး၊ ဒါပေမဲ့ ကိုယ်လုပ်စရာရှိတာကို လုပ်ရမယ်၊ ဖြူစင်တဲ့ စေတနာနဲ့ ရဲရင့်တဲ့စိတ်ရှိဖို့လိုတယ်၊ လူတစ်ယောက်ဟာ လူဖြစ်လာပြီးပြီ ဆိုရင်လဲ ရလာတဲ့ လူ့ဘဝအပေါ် ကျေနပ်ပျော်ရွှင်ရဲတဲ့ သတ္တိ ရှိရမယ်"

"အဲဒါ သတ္တိမဟုတ်ဘူး၊ ဒါ မသိလို့ မကြောက်တာပဲ"

"ဒါဖြင့် မင်းအခုကြောက်နေတာဟာ သိလို့ကြောက်နေတာလို့ ပြောချင်တာလား၊ ဒါဖြင့်ပြောစမ်းပါ၊ မနက်ဖြန်မှာ မင်းဘာဖြစ်မှာလဲ၊ နောက်နှစ်မှာ မင်းဘာဖြစ်မှာလဲ၊ နောက်ဆယ်နှစ်မှာ မင်းဘာဖြစ်မှာလဲ"

"ကျွန်မ မသိဘူး၊ ဒါပေမဲ့ ကျွန်မသိတာတစ်ခုက လောကကြီးမှာ ရက်စက်တဲ့လူသားတွေ ရှိတယ်၊ ရက်စက်တဲ့ ဘေးဆိုးတွေရှိတယ်၊ စစ်ပွဲတွေရှိတယ်၊ ဓားလှံလက်နက်တွေ ရှိတယ်၊ အဏုမြူဗုံးတွေ ရှိတယ်၊ ကျွန်မက အဲဒီရက်စက်မှုတွေရဲ့အလယ်မှာ လူတစ်ယောက်အဖြစ် အသက်ရှင်နေရတယ်"

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။





"ရတနာ၊ အဲဒါတွေကို တားမြစ်ကာကွယ်လို့ရတယ်"

"မဖြစ်နိုင်ဘူး၊ အားလုံးကို ရှင် ကာကွယ်မပေးနိုင်ဘူး"

ကျွန်မအသံက နည်းနည်းကျယ်လောင်သွားသည်။

"ရတနာ... အိပ်ရာထဲ ဝင်လိုက်တော့၊ တယ်လီဖုန်းကို ဆက်နားထောင်နေ၊ ကိုယ် မင်းကို အေးအေးဆေးဆေးပြောပြစရာတွေ အများကြီး ရှိတယ်နော်"

သူ့စကားအတိုင်း ကျွန်မ အိပ်ရာပေါ်မှာ အသာအယာ လှဲအိပ်လိုက်ပါသည်။ နွေးထွေးသည့် အိပ်ရာထဲမှာ လဲလျောင်းရင်း နူးညံ့နွေးထွေးသည့် သူ့အသံကို နားထောင်ရတာ အနည်းငယ်လုံခြုံသွားသလို ခံစားရသည်။

"ရိုင်းစိုင်းတဲ့ လူသားတွေဟာ ယဉ်ကျေးသိမ်မွေ့အောင် ပြုပြင်ဆား ခံရလို့ အခုဆိုရင် တော်တော်များများမှာ တိရစ္ဆာန်ကျင့်တွေ မရှိတော့ပါဘူး၊ ကိုယ်ကျင့်သိက္ခာနဲ့ ဆင်ခြင်တုံတရားကို လူတွေ လေးစားတတ် ထိန်းသိမ်းတတ်လာခဲ့ပြီ၊ အခု ဒုတိယကမ္ဘာစစ် ပြီးတာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီ၊ တတိယကမ္ဘာစစ် မဖြစ်လာသေးဘူး၊ လူတွေဟာ စစ်ပွဲကို တတ်နိုင်သမျှ ရှောင်ဖို့ အသိတရားတွေ ရှိလာကြပြီ၊ စစ်တိုက်ပြီး သိမ်းပိုက်တဲ့ ကိုလိုနီ နယ်ချဲ့စနစ်အစား စီးပွားရေးအရ ထိန်းချုပ်စိုးမိုးတဲ့ ကိုလိုနီစနစ်တွေကို ပြောင်းလဲ ကျင့်သုံးနေကြပြီ၊ အဏုမြူဗုံးတွေကို လူမသမာတွေ လက်ထဲ မရောက်အောင် လက်နက်ထိန်းချုပ်ရေးတွေ အပြန်အလှန် လုပ်နေကြပြီ၊ မြေငလျင်တွေ၊ လေမုန်တိုင်းတွေ၊ မီးတောင်ပေါက်ကွဲမှုတွေကို သိပ္ပံပညာနဲ့ ခန့်မှန်းကာကွယ်တာ အောင်မြင်လာကြပြီ၊ ရတနာ...တို့ကမ္ဘာကြီးဟာ အရင်လို ကြောက်စရာမကောင်းတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ လောကရေဲတွေ မခံစားရတော့ဘူးလို့ ရှင်သေချာ
လားဟင်"

သူ ရယ်မောလိုက်လေမလားဟု စိုးရိမ်မိပေမယ့် သူ မရယ်ခဲ့ပါ။

"လူတွေကို ယဉ်ကျေးမှုနဲ့ အနုပညာအပေါ် စိတ်ညွတ်လာ
ဖို့ ကိုယ်တတ်နိုင်သမျှ ကူညီသွားဖို့ ဆုံးဖြတ်ထားတယ်၊ မင်းလဲ
အလုပ်ကို တတ်နိုင်ပါတယ်၊ မင်းက ပိုပြီး တတ်နိုင်ပါတယ်၊ မင်း
က တစ်နိုင်ငံလုံးက လူတွေကို မင်းရဲ့စာတွေနဲ့ ဆွဲဆောင်ခွင့် ရ
တာပဲ၊ မင်းရဲ့ကူညီမှုက ပိုထိရောက်မှာပါ ရတနာ၊ တို့ နေထိုင်တဲ့
ကမ္ဘာကြီး ပိုလုံခြုံလာဖို့ မင်း လုပ်နိုင်ပါတယ်၊ ကိုယ့်ကိုယ်ကို ယုံ
ကြည်စမ်းပါ"

ကျွန်မ မဝံ့မရဲ ပြုံးမိသည်။

"ကျွန်မရဲ့ လုံခြုံမှုအတွက်ရော ဘယ်သူက အာမခံပေးနိုင်မှာ
လဲဟင်"

"ရတနာ... လောကကြီးမှာ အကြွင်းမဲ့ အာမခံလို့ ရနိုင်တာ
ဘာမှ မရှိဘူး"

"ကျွန်မ သိပါတယ်"

"ဒါပေမဲ့ မင်းကို ကိုယ် ကတိတစ်ခု ပေးနိုင်တယ်၊ ဟော
မြေပေါ်မှာ ကိုယ်ရှိနေသရွေ့ မင်းဘာအန္တရာယ်မှ မကြုံစေရဘူး
မင်းရဲ့ လုံခြုံမှုကို ကိုယ် တာဝန်ယူတယ်"

"တကယ်..."

ရင်ထဲက ပေါ့ပါးလိုက်လှဲမှုသည် ကျွန်မတစ်ကိုယ်လုံးသို့ ချ
ချင်း ပျံ့နှံ့သွားသည်။

အင်...မဟုတ်သေးပါဘူး၊ လူတစ်ယောက်က အခြားလူ တ





ယောက်ရဲ့ ကံကြမ္မာကို ဘယ်လိုမှ ကာကွယ်မပေးနိုင်ပါဘူးကွယ်။
ရှင်က ကျွန်မရဲ့ဘေးမှာ အရိပ်တစ်ခုလို အမြဲရှိပေးနိုင်မှာမို့လို့လား၊
ကျွန်မရဲ့ ရှေ့မှာ တံတိုင်းတစ်ခုလို အမြဲရှိနေနိုင်မှာမို့လို့လား၊ ရှင်
မသိလိုက်ခင်မှာ ကျွန်မ ကြောက်ရွံ့လှတဲ့ အဖြစ်အပျက် တစ်ခုခု
များ...

နေစမ်းပါဦး၊ သူ ကျွန်မကို အလေးအနက် ပြောခဲ့တာ မဟုတ်
ဘူးလား၊ ကျွန်မ၏ လုံခြုံမှုကို သူ တာဝန်ယူသည်...တဲ့၊ အဲဒါ ကတိ
တစ်ခုလေ၊ ဟုတ်တယ်...ကျွန်မ ဘာမှဖြစ်စရာအကြောင်းမရှိဘူး။
သူ ကျွန်မနဲ့ တစ်မြေတည်း၊ မိုးကောင်းကင် တစ်ခုတည်းမှာ ရှိနေ
သရွေ့...

"ဘာမှ မပြောနဲ့၊ ကိုယ်ပြောတာကို နားထောင်၊ မင်းမျက်လုံး
တွေ ပိတ်ထား"

ကျွန်မသည် နာခံတတ်သည့် ကလေး တစ်ယောက်လိုပင်
မျက်စိ မှိတ်ထားလိုက်ပါသည်။

"ကမ္ဘာကြီးမှာ ကြည်နူးချမ်းမြေ့စရာ အလှအပတွေ အများ
ကြီး ရှိတယ်၊ ရင်သပ်ရှုမော အံ့သြရလောက်တဲ့ ခမ်းနားမှုတွေ အများ
ကြီး ရှိတယ်၊ လူသားအချင်းချင်း ယုယ စောင့်ရှောက်မှုတွေ အများ
ကြီး ရှိတယ်၊ အဲဒီအလှအပတွေ ရှိနေမှန်း လူတွေ မေ့မသွားအောင်
တစ်ဆင့်ပြောပြပြီး အလှကို မျှဝေပေးနေတဲ့ သူတွေလဲ ရှိတယ်၊ သူ
တို့ဟာ ကမ္ဘာကြီးကို လှသည်ထက် လှအောင်၊ နေဖို့ထိုက်တန်သည်
ထက် ထိုက်တန်အောင် ကူသပေးနေတဲ့သူတွေ၊ အဲဒါ...အနုပညာ
ရှင်တွေ"

သူ့ စကားသံမှာ အလွန် တိုးတိတ် လှသည်။ ကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ပုံပြင်ပြောပြနေသည့် လေယူလေသိမ်းမျိုး၊ ချော့မော့ဆွဲဆောင်မှုမျိုး၊ နူးညံ့ညင်သာမှုမျိုး ...။ ဖြည်းလေးညင်သာစွာ တိုးတိတ်သည့် သူ့အသံကို နားထောင်ရင်း ကျွန်မ၏ မျက်ခွံတွေ လေးလာသည်။

"ရက်စက်ကြမ်းကြုတ်သူတွေကို ကြင်နာနူးညံ့ရတဲ့ အရသာဘာလဲလို့ သိအောင် သင်ပေးတယ်၊ နာကြည်းမုန်းတီးတတ်သူတွေကို ခွင့်လွှတ် ရောင့်ရဲရတဲ့ အရသာ ဘာလဲလို့ သိအောင် သင်ပေးတယ်၊ အနုပညာနဲ့ လူတွေကို ပြုပြင်နေတဲ့သူတွေ အများကြီးပါပဲ၊ တစ်ခု ဂုဏ်ယူဖို့ကောင်းတာက မင်းလဲ အဲဒီထဲက လူတစ်ယောက်လေ၊ မင်းတောင် မသိလိုက်တဲ့ မင်းကြောင့် ကမ္ဘာကြီး ပိုလှနေခဲ့ပြီ"

ဟုတ်ပါ့မလားကွယ်၊ ကျွန်မ အဲသည်လောက် တန်ဖိုးရှိနိုင်သတဲ့လား။

"ကိုယ်နဲ့ သက်ဆိုင်လေမလားလို့ မရေရာမသေချာတဲ့ ရက်စက်မှုတွေ၊ နာကျင်မှုတွေအကြောင်း စဉ်းစားမယ့်အစား ကိုယ်နဲ့ လုံးဝ သက်ဆိုင်တဲ့ သေချာရေရာတဲ့ အနုပညာအကြောင်းပဲ စဉ်းစားကြလို့လား ...။ ဥပမာ ပန်းချီကားတွေအကြောင်း၊ ပန်းချီ ဆိုတဲ့ စကားလုံးကို မင်း ကြားလိုက်ရတဲ့အချိန်မှာ မင်းရင်ထဲကို ပထမဆုံး ရောက်လာတဲ့ ပန်းချီကားက ဘာလဲ ဆိုတာမျိုးပေါ့"

ငြိမ်သက်တိတ်ဆိတ်နေရခြင်း၏ အရသာမှာ မက်မောစရာကောင်းလွန်းလှသည်မို့ စကားတစ်ခွန်း ပြောလိုက်ရမည့် လှုပ်ရှားမှုကိုပင် ကျွန်မ မလိုချင်ပါ။ ကဲ ... ရှင်ပဲ ပြောပြစမ်းပါဦးကွယ်၊ ပန်းချီကားတွေအကြောင်း၊ ကျွန်မ အာရုံထဲမှာတော့ ပန်းချီကားတွေ အများကြီး ...။





The Veiling (1995); Bill Viola,
Video/Sound installation Edition 2;
collection of the artist;
Courtesy Anthony d' Offay Gallery, London

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်နိုင်ငံသား ဘီးလ်ဗီယိုလာ (Bill Viola) သည် ဗီဒီယိုနှင့် အသံကို အသုံးချပြီး အနုပညာလက်ရာ ဖန်တီး တီထွင်သူများ၏ မူရင်းအစ ဖြစ်သည်။

နည်းပညာတွေ တဖြည်းဖြည်း မြင့်မားလာသည်နှင့်အမျှ ဗီယိုလာ၏အနုပညာပြကွက်များလည်း ပို၍ပို၍ ဆန်းသစ်လာခဲ့သည်။ သူ့အနုပညာကို ပို၍ ရုပ်လုံးကြွစေရန် သူသည် ကြည့်ရှုသူအား သီးသန့်နိမိတ်ပုံကမ္ဘာထဲသို့ အပြည့်အဝ ပို့ပေးနိုင်မည့် ပတ်ဝန်းကျင် အနေအထားကို ဖန်တီးပေးခဲ့သည်။ ပြခန်းကို အမှောင်လွှမ်းစေပြီး ကြည့်သူအား သီးသန့်ကမ္ဘာထဲ ရောက်သွားစေသည့် နည်းမျိုးဖြစ်သည်။

ဗီယိုလာ၏ အနုပညာဆိုင်ရာအမြင်၊ သို့မဟုတ် သတ်မှတ်ချက်မှာ လူ၏ သိစိတ်ပင် ဖြစ်သည်ဟု ဆိုသည်။ ထိုသိစိတ်နှင့် မိမိပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုများ၏ ဆက်စပ်မှုကို အသံ၊ အလင်းရောင်၊ ပုံရိပ်တို့ဖြင့် သူက ဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်သည်။



"ဒါမှမဟုတ် ပန်းချီကားတစ်ခုမှာ မင်း အပါဝင်စေချင်ဆုံး အရာဟာ ဘာလဲ ဆိုတာမျိုးပေါ့"

အခုချိန်မှာလား၊ အခုချိန်မှာ ဆိုရင်တော့...အင်း...တိမ်တွေပေါ့။

ဟောဟိုမှာ တိမ်တွေ၊ ဦးကျော်လှိုင်ရဲ့ ပန်းချီကားထဲက တိမ်တွေ၊ အဲသည်တိမ်တွေက တကယ်ကို တရွေ့ရွေ့သွားနေကြသည်။

ကျွန်မ တိမ်တွေနှင့်အတူ ဟိုးမိုးကုပ်စက်ဝိုင်းအထိ လိုက်ပါလွင့်မျောချင်လှသည်။ သို့သော် ကျွန်မ လိုက်သွားနိုင်မှာ မဟုတ်။ ကျွန်မကို တစ်ခုခုက ဆွဲထားသလို နေရာမှာ တဝဲလည်လည် ဖြစ်နေသည်။ ကျွန်မသည် တိမ်တွေထဲမှာ ပေါလောမျောလျက် လည်နေသလို ခံစားရသည်။ ကျွန်မ ဘာဖြစ်နေတာပါလိမ့်။ ကျွန်မ အိပ်မက်မက်တော့မှာလား။

ဟင့်အင်း...အိပ်မက် မမက်ချင်ဘူး၊ မမက်ပါရစေနဲ့။

"အထူးသဖြင့် ဖရီဒါခါလိုရဲ့ အိပ်မက်မျိုး"

ကျွန်မ ထိုစကားကို လွတ်ခနဲ ရေရွတ်လိုက်မိမှန်း ချက်ချင်းသိလိုက်၏။ ဘာကြောင့်လဲဆိုတော့ တအံ့တသြ တုံ့ပြန်ရေရွတ်လိုက်သော သူ့အသံကို ကြားလိုက်မိလို့ပဲ ဖြစ်သည်။

"ဖရီဒါ ခါလို..."

ဖရီဒါခါလို၏ အိပ်မက်ကိုပဲ ကျွန်မ မက်နေမိပြီလား၊ မဖြစ်နိုင်ပါ။ သူ့အသံကို ခပ်တိုးတိုး ကျွန်မကြားနေရသေးသည်။

"မက္ကဆီကန် ပန်းချီဆရာမကို ပြောတာလား"

ကျွန်မ ခေါင်းညိတ်ပြလိုက်ဖို့ ကြိုးစားသော်လည်း အိပ်ပျော်မှုပြီထင်ပါရဲ့၊ တစ်ကိုယ်လုံး ပျောက်ဆုံးနေပါသည်။ ကျွန်မအာရုံ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မြင်ယောင်နေသည်က ဖရီဒါခါလို၏ လှပသော ပန်းချီကား တစ်ချပ်။ ဟင့်အင်း... လှပရုံမျှမက နာကျင်ဖွယ်ရာကောင်းသော မြင်ကွင်းတစ်ခုပါ။

တိမ်စိုင်တိမ်လိပ်များ အလယ်တွင် ဖရီဒါခါလိုသည် တစ်ယောက်အိပ်ခုတင်အသေးပေါ်မှာ အိပ်ပျော်လျက်ရှိ၏။ အဝါရောင်ခြုံလွှာတစ်ခု ရင်ညွန့်ထိ လွှမ်းထားပြီး ထိုခြုံလွှာပေါ်မှာ ခြေရင်းမှနေ၍ ဆူးခက်ဆူးနွယ် သစ်ရွက်သစ်နွယ်များသည် သူမ၏ ရင်ထဲဆီအထိ တွယ်ကပ်ရစ်နှောင်လာလျက်ရှိသည်။

"ဖရီဒါခါလိုဟာ အသက် ၁၈ နှစ်အရွယ်တုန်းက ဘတ်စ်ကား အက်ဆီးဒင့်တစ်ခုကြောင့် ကျောရိုးနာ့ဗ်ကြောမ ထိခိုက်ဒဏ်ရာရသွားတာ တစ်နှစ်လောက် ဆေးရုံတက်ခဲ့ရတယ်တဲ့၊ အိပ်ရာပေါ်မှာ နေရတဲ့လူနာဘဝမှာ သူ ပန်းချီဆွဲခဲ့တာပဲ၊ အများအားဖြင့် ကိုယ်တိုင်ရေးပုံတူ ပန်းချီတွေပေါ့"

သူ့အသံသည် တစ်စတစ်စ တိုး၍တိုး၍ လာသည်။

"သူ့ပန်းချီကားတွေမှာ သူ့ဘဝရဲ့ခါးသီးနာကျင်တဲ့ ဒဏ်ရာတွေကို မင်းသတိထားမိမှာပေါ့"

သူ့အသံသည် တဖြည်းဖြည်း ဝေးသွားသလို...။

ဖရီဒါခါလို၏ နွယ်မျှင်များ ကျွန်မဆီသို့ ကူးစက်ရောက်ရှိမလာပါစေနဲ့။

နူးညံ့စွာ ရစ်နှောင်တတ်သော နွယ်ပင်တွေပဲဖြစ်ဖြစ်၊ နာကျင်အောင် နှောင်ဖွဲ့တတ်သော ဆူးခက်ဆူးနွယ်တွေပဲဖြစ်ဖြစ် နွယ်မျှင်မှန်သမျှကို ကျွန်မကြောက်ပါသည်။

# ဘီးလ် ဗီယိုလာနဲ့ ဝိုးတဝါးည

ကျွန်မ မိတ်ဆွေတစ်ယောက် အခုပဲ ဖုန်းချသွားသည်။

ည ဆယ်နာရီ ထိုးတော့မည်။ ဤအချိန်တွေဟာ အကြောင်း
ျင် သူ ကျွန်မထံ ဖုန်းဆက်တတ်သော အချိန်များ ဖြစ်သည်။ သူ
န်မဆီကို ဆက်သွယ်ဖို့ ကြိုးစားကြည့်ခဲ့ပြီးပြီလား၊ သည်လောက်
ကြာကြီး လိုင်းမအားလျှင် သူ စိတ်တိုသွားလေမလား။

သူ စိတ်တိုမှာကို ကျွန်မ ကြောက်တတ်နေပြီ၊ ဘာကြောင့်လဲ
တော့ သူသည် ယခုအခါ ကျွန်မအားကိုးနိုင်သည့် ရင်ခွင်တစ်ခု
လာခဲ့လို့ပဲ။

မိန်းမတစ်ယောက်ဟာ သူ အားကိုးရမယ့် ရင်ခွင်ရှိပြီ ဆိုလျှင်
ည်း ခဏခဏကို ပျော့ညံ့အားကိုးနေတတ်လေမလား မသိ။ တစ်
ည်းတော့လည်း ကောင်းပါရဲ့၊ စိတ်ချလက်ချ မှီခိုရမည့် လုံခြုံမှု
ပ်အာဝါသအောက်မှာ ဘဝကိုကြည်နူးကျေနပ်နေရသည့် အရ
မှာ တော်တော်ယစ်မူးစရာကောင်းလေသည်။ တစ်နည်းတော့
ည်း မကောင်းပါ။ ဤရင်ခွင်သည် မိမိဘေးမှာ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် ရှိနေမည်ဟု မသေချာသောကြောင့် ဖြစ်သည်။ နှစ်ဦး
သဘောဟု ချစ်မြတ်နိုးစွာ လက်ထပ်ထားသည့် ခင်ပွန်းသည်၏ ရင်
ခွင် ဆိုတာတောင် နွေးထွေးမှုမှ အေးစက်မှု၊ နူးညံ့မှုမှ ကြမ်းတမ်းမှု
စသည်ဖြင့် အချိန်ကာလ ကြာလျှင် ပြောင်းလဲတတ်သေးတာ။

အခု ကျွန်မ ခိုဝင်ရသည့် ရင်ခွင်ရိပ်သည် သူငယ်ချင်း၏ အရိပ်
မျှသာ ဖြစ်လေသည်။ နောက်ပြီး အဲသည်အရိပ်ကလေး ဘယ်အချိန်
မှာ ပြောင်းလဲသွားမလဲဟု မသေချာပေမယ့် ကျွန်မကတော့ အဲသည်
အရိပ်မှ ဝေးရာသို့ ပြန်လှည့်ထွက်ရမည့်အချိန် အတိအကျ ရှိနေခဲ့ပြီ
သား။ သူ့အရိပ်မှာ အများဆုံး အချိန်ကာလ ဘယ်လောက်အထိ
သာ မှီတွယ်ခွင့်ရမည်ဟု ကျွန်မကိုယ်တိုင် အသိဆုံး ဖြစ်သည်။

ထိုအသိသည် ကျွန်မ၏ ပျော့ညံ့စွာ ယစ်မူးမှုကို ထိန်းချုပ်ပေး
နိုင်စွမ်း ရှိကောင်းပါရဲ့နော်။

နှစ်မိနစ်လောက်အကြာမှာ တယ်လီဖုန်းမြည်လာခဲ့၏။ အဲဒါ
သူပဲ။

"ရတနာ..."

သူ့အသံမှာ နည်းနည်းတိုပြတ်၏။

"ကိုနေသန့်လားဟင်"

"မင်း အင်တာနက်ထဲများ ဝင်နေခဲ့တာလား"

ပထမတော့ သူ ရိလိုက်သည်ဟု ကျွန်မ မသိလိုက်။

"ဟင်...ကျွန်မ ကွန်ပျူတာနဲ့ အင်တာနက်မှ မဆက်ရသေး
တာ"ဟု ခပ်ကြောင်ကြောင် ဖြေမိသည်။

"ဒါဖြင့် ဒီလောက်ကြာအောင် မင်း တယ်လီဖုန်းက ဘာ
ကြောင့် မအားရတာလဲ"





သူ့အသံ မာဆတ်ဆတ်ကို သတိထားမိတော့မှ ကျွန်မ နားလည်သွားသည်။

"သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတာ"

"အော်သြော်..."

သိတယ်မဟုတ်လား၊ သူ့ 'အော်သြော်' ဆိုတာ လှောင်ပြောင်သည့် အံ့သြမှုတစ်ခုလေ။

"ဆက်နေတာ ကြာပြီလားဟင်"

"ကိုးနာရီကတည်းကပဲ"

"အို...ဆောရီးနော်၊ စိတ်ဆိုးသွားလား"

"မဆိုးပါဘူး၊ မင်းမှာ တယ်လီဖုန်းနဲ့ တစ်နာရီကြာအောင် စကားပြောရမယ့် သူငယ်ချင်းတစ်ယောက် ရှိနေတာ ကိုယ်ဝမ်းသာတယ်"

သူ ရိလိုက်တာပဲဟု ကျွန်မ ခံစားလိုက်ရသည်။

"ရှင် စိတ်တိုနေပါတယ်"

"စိတ်တိုတာက ဆက်လို့ မရလို့ပါ၊ မင်းမှာ အဲလို ခင်မင် ရင်းနှီးတဲ့ သူငယ်ချင်း ရှိနေတဲ့အတွက်တော့ ကိုယ်တကယ်ဝမ်းသာပါတယ် ရတနာ"

"တကယ်"

"အေးပေါ့၊ ဒါပေမဲ့ မင်းကို အကြံတစ်ခု ပေးချင်တယ်၊ ဒီလောက် ကြာကြာ စကားပြောတတ်တဲ့သူတစ်ယောက် မင်းအသိထဲမှာ ရှိနေရင် တခြားဖုန်း ဝင်လာတာကို မင်း သိနိုင်မယ့် Call Waiting စနစ်တစ်ခု တပ်လိုက်ရင် ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ကျွန်မ မမြင်ရသဖြင့် သူ တကယ်ပြောနေတာလား၊ စိတ်တိုပြီး ဘုပြောနေတာလား ကျွန်မ မခန့်မှန်းနိုင်ပါ။

"ဟုတ်ကဲ့…ကျွန်မ အဆောင်မှူးကို ပြောကြည့်ဦးမယ်"

"ဒါနဲ့…တစ်နာရီလုံးလုံး လိုင်းမအားတဲ့ မင်းတယ်လီဖုန်းကို စိတ်ရှည်ရှည် ထိုင်နှိပ်နေခဲ့တာ အကြောင်းတစ်ခုခုတော့ ကိုယ့်မှာ ရှိရမယ်လို့ မင်း မထင်ဘူးလား"

ဟုတ်ပါရဲ့။ သူသည် ကျွန်မဆီသို့ အာလာပ သလ္လာပ ပြောဖို့တော့ ဘယ်တုန်းကမှ ဖုန်းဆက်ခဲ့သူ မဟုတ်ပေ။

"ရှင့်မှာ အကြောင်းရှိတာ ကျွန်မ သိပါတယ်၊ ဘာအကြောင်းပါလိမ့်"

"မနက်ဖြန် သောကြာနေ့လေ"

တချို့သောကြာတွေမှာ သူ ရုံးမသွားဘဲ အိမ်မှာပဲ အလုပ်လုပ်တတ်သည်။

"ကိုယ် ရုံးမသွားဘူး၊ မနက်ဖြန် နေ့လယ်ပိုင်း အိမ်မှာ လုပ်မယ့် အလုပ်ကို အခုည လုပ်နေတယ်"

"ဆိုလိုတာက…"

သည်လောက်ဆိုလျှင် မနက်ဖြန် သူ တစ်နေရာရာသို့ သွားတော့မည်။ ထိုတစ်နေရာရာမှာ ကျွန်မနှင့်လည်း ပတ်သက်လိမ့်မည်ဟု သဘောပေါက်သွားပါပြီ။

"ကိုယ် မြို့တော်ပြတိုက်ကို သွားမလို့၊ အဲဒီမှာ ဘီးလ် ဗီယိုလာရဲ့ အနုပညာလက်ရာတွေ တင်နေတယ်၊ စပွန်ဇာလုပ်တဲ့ အဖွဲ့ထဲမှာ ကိုယ်တို့ ဂန္ဓမာလဲ ပါတယ်"

"ကျွန်မ လိုက်လို့ ရမလားဟင်"





"ရတာပေါ့၊ မင်းလိုက်စေချင်လို့ ကိုယ် စိတ်ရှည်ရှည် ဆက်…ခဲ့တာပေါ့"

"ကျေးဇူးတင်ပါတယ်"

"နေ့လယ်စာ စားအပြီး သွားမယ်၊ မင်းဆီကို နေ့လယ် ၁၂ …အရောက် ကိုယ် လာခဲ့မယ်၊ အဆင်သင့်လုပ်ထား"

"ဟုတ်ကဲ့"

ကျွန်မမှာ ညနေ ၄ နာရီလက်ချာတစ်ခု သွားစရာရှိသည်။ သို့…သူ့ကို မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်၏။ မမီလျှင် အဲသည်…ချာကို ကျွန်မ လွှတ်လိုက်ရုံပေါ့။

"ဒါနဲ့ စကားမစပ်…မင်း ရုပ်မြင်သံကြား ကြည့်သေးလား"

"ဟုတ်…အဲ…သီချင်းလိုင်းကိုပဲ ကြည့်တော့တယ်"

"ကောင်းတယ်"

ကျွန်မတို့သည် မြို့တော်ပြတိုက်ကြီးသို့ နေ့လယ် ၁ နာရီ…က်မှာ ရောက်သွား၏။ ဗီယိုလာ၏ ပြပွဲသည် ပြတိုက်…ာက်အဦကြီး၏ လက်ယာဘက် အဆောင်မှာရှိသည်။ အခန်း…ေးပေါင်း ၁၆ ခုပါဝင်သော တွဲဂံပုံ ခန်းမအကျယ်ကြီးထဲသို့…ရပါသည်။

တခြားအခန်းတွေနှင့် မတူ ကွဲပြားခြားနားသော အချက်မှာ…တိုင်း အခန်းတိုင်းသည် ပန်းချီပြခန်းနှင့်မတူဘဲ ရုပ်ရှင်ပြခန်း…နေခြင်းပင် ဖြစ်သည်။ အခန်းတိုင်းမှာ အမှောင်ချထား၏။ …သမျှ အလင်းရောင်မှိန်မှိန်လေးသာ မီးသီးမှ သို့မဟုတ် ပြ…ရနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲတွင် ဗီဒီယိုပြစက်မှတစ်ဆင့် အရုပ်များ ထင်ပ
နေသော ပိတ်ကားဆီမှ မှိန်ပျပျ အလင်းတချို့လောက်သာ ပြန်
ခြင်း ဖြစ်ရာ ထိုခပ်မှောင်မှောင် သီးသန့်ကမ္ဘာတစ်ခုထဲ၌ သူ့လ
ရာကို လေ့လာကြည့်ရှုသော ဧည့်သည့်,သည် သူ ပေးသမျှ အနုပ
ကို အပြည့်အဝ လက်ခံရန် အသင့်အနေအထားဖြင့် ရှိနေရလေသ

ပထမဆုံး ပြခန်းက စ၍ ကျွန်မအား ညှို့ယူဆွဲဆောင်လ
၏။

အမှောင်ခန်းအလယ်မှာ ထောင်ထားသော စက္ကူပိတ်ကာ
တစ်ချပ် ဖြည်းညင်းစွာ လည်နေ၏။ ထိုပိတ်ကားကို ဟိုဘက်
ဘက် ဆလိုက်နှစ်ခုဖြင့် ထိုးထားသည်။ ထို့ကြောင့် ပိတ်ကား
ဖက်မှာ လူတစ်ယောက်၏ မျက်နှာ အပြည့် အဖြူအမည်း ရ
တခြားဘက်မှာ အရောင်များ၏ အရိပ်တွေ။ ပိတ်ကားက လည
သဖြင့် အရုပ်တွေနှင့် အရောင်တွေက အသေမဖြစ်ဘဲ လှုပ်ရှ
ကြသည်။ သည့်ထက် ပို၍ အသက်ဝင်အောင် ဖန်တီးပေး
အချက်မှာ ပိတ်ကား၏ မျက်နှာတစ်ဖက်ကို ကြည့်မှန်ဖြင့် ချ
အလင်းပြန်လာစေသည့်အခါ ထိုအလင်းသည် အခန်း၏ နံရံ
ကျရောက်လျက် ရှိသည်။ အခန်းနံရံကလည်း အခြား ပိတ်
တစ်ခုပေါ့။ ပိတ်ကားက ဖြည်းညင်းစွာ လည်နေသည့်အခါ မှ
တစ်ဆင့် အရုပ်နှင့် အရိပ်များ၊ အရောင်များသည် နံရံရှိရာသို့
ရွေ့ တိုးလာသလို ခံစားရသည်။ ၎င်းရွေ့လျားမှုကို ပို၍ အ
ဝင်အောင် အသံခပ်တိုးတိုးတစ်ခုဖြင့် ဖြည့်စွက်ထားသည်။

ကျွန်မတို့ နှစ်ယောက် ရပ်ကြည့်နေသည့်အခါ ကျွန်မ
အရိပ်မည်းများပါ ထိုနံရံ၌ ရောယှက်ထင်ဟပ်နေလေသည်





"ကိုယ် မင်းကို ကူညီရမလား"

နူးညံ့၍ ဝါညက်သော အသံတိုးတိုးတစ်ခု ကျွန်မ၏ နောက်နားဆီမှ ပေါ်ထွက်လာသည်။

လှည့်ကြည့်လိုက်တော့ ကျွန်မကို မရယ်မပြုံး ငုံ့ကြည့်နေသည့် အမျိုးသားတစ်ယောက်၏ မျက်နှာကို မြင်ရသည်။ အဖြူရောင် ဂျင်းသား ပျော့ပျော့ ရှပ်အင်္ကျီလက်တိုပွပွ၊ လှိုင်းတွန့်ပုံစံဖြင့် ဖွာနေသော အညိုရင့်ရောင် ဆံပင်များ၊ စူးစိုက်သော အညိုရင့် မျက်လုံးများ…။

"ဟုတ်ကဲ့၊ ကျေးဇူးပြုပြီး…"

"မင်း သိချင်တဲ့ အိုင်းရစ်စ်ပန်းတွေအကြောင်း မင်း သဘောပေါက်သွားအောင် ကိုယ် ရှင်းပြပေးနိုင်မယ် ထင်ပါတယ်၊ လာ"

သူက ကျွန်မကို ပန်းချီကား ရှိရာသို့ ခေါ်သွားသည်။

"မင်းအာရုံထဲမှာ ပြန်စဉ်းစားကြည့်စမ်း၊ မက်ထရိုပိုလီတန်က အိုင်းရစ်စ်ပန်းတွေနဲ့ ဒီက အိုင်းရစ်စ်ပန်းတွေ ဘာကွာခြားမှု ရှိသလဲ"

ဘာကွာခြားပါလိမ့်၊ ဟိုကလည်း ခရမ်းပြာရောင် ပန်းပွင့်နဲ့ အစိမ်းရောင် အရွက်ရှည် ဖားဖားတွေပဲ၊ ဟင့်အင်း…။

"ဆောရီး…ကျွန်မ မသိဘူး"

"အဓိက ကွာခြားချက်ကတော့ ဒီက အိုင်းရစ်စ်တွေက မြေပြင်ပေါ်မှာ ပေါက်နေတဲ့ ပန်းချုံပင်တွေ၊ ဥယျာဉ်ထဲက ပန်းပင်တွေ…၊ တွေ့လား နီဝါဝါအရောင်နဲ့ မညီမညာဖြစ်နေတဲ့ မြေပြင်၊ ဒါတွေက ရွက်ကြွေတွေလား၊ ဒါမှမဟုတ် မြက်ခြောက်တွေလား၊ သေချာတာက ဒီအိုင်းရစ်စ်ဟာ ဥယျာဉ်ထဲက ပန်းပင်တွေ။ ဟိုမှာရှိတဲ့ အိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း ဖြစ်သည်။ ထိုနေရာသို့ ကျွန်မတို့နှစ်ယောက် တိုး
သွားကြသည်။ ထိုအချိန်မှာပင် ကျယ်လောင်သော အသံ
အခန်းထဲမှာ ဟိန်းသွား၏။

"ကြည့်စမ်း... ဘေးနံရံဟာ ပိတ်ကားကြီး အကြီးကြီးပါ
ထိုပိတ်ကားကို ကျွန်မ လှမ်းငေးနေမိသည်။ အခုထိတော့ ပိတ်
မှာ မှုန်ဝါးဝါးအလင်းသာ ရှိနေဆဲ။

ထိုခဏ၌ ကျွန်မ၏ လက်မောင်းကို သူ အသာထိတို့လိုက်

"ရတနာ...ဒီမှာ လာကြည့်"

ကျွန်မ သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်၊ သူက
ချောင်း ထိပ်ဖျားကလေးကို လက်ညှိုးထိုးပြ၏။ မှောင်နေ
အခန်းတွင် ကြေးနီချောင်းထိပ်ဖျားလေးသည် ဆလိုက်အလင်း
ဖြင့် လက်နေသည်။

ထိုနေရာကလေးတွင် ရေစက်ကလေးတစ်ခု တွဲလွဲခိုလာ
ထိုရေစက်ရေပေါက်ကလေးသည် တဖြည်းဖြည်း ရေများလာ
ပို၍ စုအိုင်လာပြီး တွဲလွဲမှ ကျလုဆဲဆဲ ဖြစ်လာသည်။ ထိုရေ
သည် တစ်ချိန်၌ ကြေးနီချောင်း ထိပ်ဖျားမှ ပြုတ်ထွက်ကာ အော
မှာ ခံထားသော (အဆင်သင့် ပြုပြင်ထားသော) ဒရမ် မျက်နှာ
တစ်ခုပေါ်သို့ ကျသွား၏။ ထိုရေစက်ကလေး ကျသွားသည့်
သည် အဆများစွာ ချဲ့ထားသော အသံချဲ့စက်၏ အကူအညီ
အခန်းထဲမှာ ဟိန်းသွားခြင်း ဖြစ်သည်။

ရေစက်ကလေး နောက်တစ်ကြိမ် တွဲလွဲခိုလာပြန်၏။

ထိုရေစက်ကို ကျွန်မ စူးစူးစိုက်စိုက် စောင့်ကြည့်နေစဉ်
ကျွန်မအနားကပ်၍ ခပ်တိုးတိုး ပြောသည်။





"ပိတ်ကားဆီကို ကြည့်လိုက်စမ်း"

ပိတ်ကားပေါ်မှာ ရေစက်၏ အနီးကပ်မြင်ကွင်းကို ဗီဒီယိုရိုက်ပြနေခြင်း ဖြစ်ရာ ရေစက်လေးကို အဆများစွာ ချဲ့လျက် မြင်တွေ့ရသည်။ ထိုရေစက်ရေပေါက်၏ မှန်ပြင်သဖွယ် မျက်နှာပြင်ပေါ်တွင် လူနှစ်ယောက်၏ ပုံရိပ်ကို ဇောက်ထိုး မြင်နေရ၏။ လက်စသတ်တော့ ကျွန်မတို့နှစ်ယောက်၏ ပုံတွေပဲ။

"ကျွန်မတို့နှစ်ယောက်...ရေစက်ကလေးထဲမှာ..."

ကျွန်မ စိတ်လှုပ်ရှားစွာ ရေရွတ်မိ၏။

ရေစက် အောက်ခြေပိုင်းမှ သူ့မျက်နှာက ထင်ရှားပြတ်သားပြီး ရေစက်၏ အလယ်ပိုင်းလောက်မှာ ရှိနေသော ကျွန်မမျက်နှာက သူ့ရင်ဘတ်နှင့် တစ်ညီတည်း ဝါးနေ၏။ ထိုအခါ လူနှစ်ယောက်သည် တစ်ယောက်တည်း ဖြစ်သွားလေသည်။ ကျွန်မကလည်း သူပဲ၊ သူကလည်း ကျွန်မပဲဟု ခံစားရ၏။

"သိပ်လှတာပဲ"

ရေစက်ကလေး အောက်ပြုတ်ကျသွားချိန်၊ ပိတ်ကားပေါ်မှာ ပုံရိပ်အောက်တစ်ခြမ်း ပျောက်သွားချိန်နှင့် အသံတစ်ခု မြည်ဟိန်းသွားသော အချိန်မှာ တစ်ပြိုင်နက်တည်း ဖြစ်သည်။

"အောက်မှာ ဒရမ်မျက်နှာပြင် တစ်ခု ခံထားတယ် ရတနာ၊ အဲဒီ မျက်နှာပြင်ပေါ် ရေစက်ကျလာတဲ့အသံကို ဒရမ်ရဲ့အောက်ကနေ အသံဖမ်းစက်နဲ့ ဖမ်းယူပြီး အသံချဲ့ထားတာ ဖြစ်ရမယ်"

ဘယ်လိုစိတ်ကူးမျိုးပါလိမ့်နော်။

ဗီဒီယိုအနုပညာနဲ့ အသံအနုပညာကို တွဲစပ်ထားခြင်းပဲ။ စင်မှ



www.burmeseclassic.com

www.burmeseclassic.com



နည်းပညာနဲ့ဆိုတော့ လွယ်လွယ်ကလေး၊ ရိုးရိုးစင်းစင်းကလေးပဲ။ စိတ်ကူးကသာ အဆင့်မြင့်နည်းပညာဖြစ်နေသည်။

"ဒီပြကွက်မှာ နာမည်တွေဘာတွေ မရှိဘူးပေါ့နော်"

"အို…ရှိတာပေါ့ရတနာ၊ ကိုယ့်မှာ ကက်တလောက် ပါလာတယ်"

သူ ဘောင်းဘီအိတ်ထဲမှာ ထိုးသိပ်ထည့်ထားသော ကက်တလောက် စာရွက်ခေါက်ကို ဆွဲထုတ်လိုက်သည်။ အမှောင်ထဲမှာဖြစ်၍ သူ ဘာမှ မြင်ရမှာ မဟုတ်။

"ကိုယ် အပြင်အလင်းရောင်ထဲမှာ သွားကြည့်လိုက်မယ်၊ မင်း ဒီမှာပဲ ခဏစောင့်နေ၊ ဘယ်မှ မသွားနဲ့နော်"

ကျွန်မအနီးမှ သူ ထွက်သွားတာ သိပ်မကြာလိုက်ပါ။ လူတစ်စု ဝင်လာပြီး ကျွန်မအနားမှာ အချင်းချင်း တီးတိုးစကားဆိုနေကြသည်။ သူတို့လည်း ပြကွက်၏ ဆွဲဆောင်မှုကို မှင်သက်မိနေကြဟန် ရှိသည်။

"ကိုယ် ရှာဖတ်ကြည့်ခဲ့ပြီ၊ ဒီပြကွက်ရဲ့နာမည်က သိပ်လှတယ် ရတနာ"

"ဘာတဲ့လဲဟင်"

"သူ မင်းအတွက် မျက်ရည်ကျနေတယ်…တဲ့"

"အိုး…"

ကျွန်မ လွှတ်ခနဲ ပြုံးရယ်မိတော့သည်။





နောက် အခန်းတစ်ခုမှာ သည်အခန်းထက် ပို၍ မှောင်လေသည်။ ပြကွက်အမည်က The Veiling

အခန်းအလယ်မှာ မျက်နှာကြက်မှ ကြိုးဖြင့် လျော့ရဲရဲ တွဲလွဲချိတ်ဆွဲထားသော ထွင်းဖောက်မြင်နိုင်သည့် ပိတ်ပါးစများကို ပိတ်ကားများအဖြစ် နှစ်ပေ သုံးပေစီလောက် ခြားပြီး အပြိုင်စီတန်းထားသည်။ ထိုပိတ်ကားအစဉ်၏ တစ်ဖက်စွန်းစီမှ ဗီဒီယိုပြကွက် တစ်ခုစီကို ပိတ်ကားများဆီ ဆလိုက်ထိုးထား၏။ အပြာရောင် ညရှုခင်း နောက်ခံဖြင့် အမျိုးသားပုံရိပ်တစ်ခုနှင့် အမျိုးသမီးပုံရိပ်တစ်ခု ဖြစ်သည်။ ထိုအလင်းပုံရိပ်များသည် ပိတ်ကားအဆင့်ဆင့်ကို ဖောက်ထွင်းကာ ဟိုဘက်သည်ဘက် နောက်ဆုံး ပိတ်ကားများအထိ အရိပ်ထင်လျက်ရှိသည်။ ပါးလွှာသော ပိတ်ကားအစဉ်၏ တည်ရှိမှုက ပုံရိပ်များနှင့် အလင်းရောင်များကို ရောနှောပေါင်းစပ်ပေးလိုက်သည့်အခါ ညာဘက်အစွန်းက အမျိုးသား ပုံရိပ်သည် အလယ်ဗဟိုဆီသို့၊ ထို့ပြင် ဘယ်ဘက်စွန်းမှ အမျိုးသမီးပုံရိပ်သည်လည်း အလယ်ဗဟိုဆီသို့ ဦးတည်ပြီး လျှောက်လာနေကြသလို ရှိသည်။ ပုံရိပ်နှစ်ခုသည် အလယ်ဗဟိုပိတ်ကားပြင်မှာ တရွေ့ရွေ့ ပေါင်းစပ်သွားကြ၏။

တစ်ယောက်နှင့်တစ်ယောက် ပေါင်းဆုံဖို့ လျှောက်လာနေကြသော ချစ်သူ နှစ်ယောက်လိုပဲ။

သို့သော် သေသေချာချာ ကြည့်တော့မှ ထိုပုံရိပ်နှစ်မျိုးသည် ဗီဒီယိုမြင်ကွင်း ဘောင်တစ်ခုစီမှ ပြကွက်တစ်ခုစီပါလားဟု သိရသည်။ သူတို့သည် သီးခြား ရှိနေသော ပုံရိပ်များဖြစ်သည်။ သူတို့သည် ပါးလွှာသော ပိတ်ကား မျက်နှာပြင်များပေါ်မှာသာ တစ်ယောက်နှင့်တစ်ယောက် ပေါင်းဆုံနေခြင်းဖြစ်သည်။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ ပြကွက်အမည်ကို ဓာပဝါခြားခြင်း (The Veiling) ဟု ပေးထား
တာ ဖြစ်မှာပေါ့။

သူတို့ တကယ်ဆုံတွေ့နေကြတာမှ မဟုတ်ဘဲ။

ထိုအသိသည် ကျွန်မတစ်ကိုယ်လုံးကို ရုတ်တရက် နွမ်းနယ်
လာစေသည်။ ကျွန်မဆီမှာ ရှိနေသော ခွန်အားများကို ရုတ်တရက်
ဆွဲထုတ်ခံလိုက်ရသလိုပဲ။

အပြာရောင် လွှမ်းသော အမှောင်ထဲမှာ ကျွန်မ သူ့ကို
ကြည့်မိ၏။

ပိတ်ကားဆီမှ ပြန်လာသော အလင်းတန်းမှိန်မှိန်ကလေး
သူ့မျက်နှာကို ကျွန်မ မသဲမကွဲ မြင်ရသည်။ အဲသည်မျက်နှာ
နူးညံ့မှုတွေ၊ စိတ်ရှည်မှုတွေ အမြဲရှိခဲ့သည်။ အဲသည်နူးညံ့မှုများ
ကျွန်မထံသို့ စီးဝင်ပေါင်းစပ်ခွင့် မရနိုင်၊ ဘာဖြစ်လို့လဲဆိုတော့
သည် ကျွန်မနှင့် အဝေးတကာ့ အဝေးကြီးမှာ ရှိနေခဲ့လို့ပဲ။

ကျွန်မ ဝမ်းပန်းတနည်း ငိုရှိုက်ချင်လာ၏။

"အဲ့ဩစရာ မကောင်းဘူးလား ရတနာ"

သူ ကျွန်မကို ငုံ့ကြည့်ရင်း မေးလိုက်သည်။

"အင်း... အံ့ဩစရာ၊ ပြီးတော့ ဝမ်းနည်းစရာ"

"ဘာကြောင့်လဲ"

သူ ခပ်တိုးတိုး မေးသည်။

"ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်ရဲ့ ဆုံစည်းမှု
အရိပ်အယောင်သက်သက်ပဲ ဖြစ်နေလို့ပေါ့၊ သူတို့နှစ်ယောက် အ
အမှန်တကယ် ဆုံတွေ့နေကြတာ မဟုတ်ဘူး၊ သူတို့ဟာ သီးသ





သပ်သပ်စီ တစ်ဘဝစီပဲ... အဲဒါ ဝမ်းနည်းစရာ မကောင်းဘူးလား
ဟင်"

အမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာပင် သူ ကျွန်မကို စူး
စိုက်ကြည့်နေခဲ့ကြောင်း ကျွန်မ အလိုလိုသိလိုက်သည်။ ဘုရားရေ...
ကျွန်မ ဘာတွေ ပြောလိုက်မိတာလဲ။

ကျွန်မ ရုတ်တရက် မျက်နှာပူနွေးသွားကာ သူ့ကို မကြည့်မိ
အောင် မျက်နှာလွှဲရင်း လှည့်ထွက်လိုက်ရသည်။

ညစာကို အပြန်လမ်းမှာကြုံသော အနောက်သစ်တောရပ်ကွက်
ရှိ ဂျပန်ဘူဖေးဆိုင်တစ်ခုမှာ ဝင်စားကြသည်။

သူ့မျက်နှာမှာ ထူးထူးခြားခြား တည်ကြည်နေသည်ကို ကျွန်မ
သတိပြုမိ၏။ သူ့အာရုံထဲမှာ စဉ်းစားတွေးတောစရာ တစ်ခုခု ဝင်
ရောက် စိုးမိုးနေသလိုပဲ။ သိသိသာသာကို စကား နည်းနေသည်။
ဆန်အစေးနှင့် ပုဇွန်ကို ရော၍ ပြုလုပ်ထားသော ဆုရှီအတုံးကလေး
များကို ကြာဆံသုပ်ဖြင့် တွဲစားရင်း သူ့ကို မကြာခဏ အကဲခတ်
ကြည့်မိသမျှတော့ သူ ဆုံးဖြတ်ရခက်နေသလို ရှိသည်။

"ကိုနေသန့်ရေ... စကားပြောပါဦး"

သူ ချက်ချင်း ပြုံးရယ်လာ၏။

"အစား စားလို့ ကောင်းနေလို့လေ၊ ကိုယ်က ဂျပန်စာတော့
မကြိုက်လှပါဘူး၊ ဒါပေမဲ့ အခုဆိုင်ကတော့ စားလို့ကောင်းသားပဲ၊
မင်း ကြိုက်ရဲ့လား"

"ဟုတ်ကဲ့... သိပ် ကောင်းပါတယ်၊ အလွန် ကြည်နူးစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ နေ့ကလေးတစ်ခုအတွက် ရှင့်ကို ကျွန်မ သိပ်ကျေးဇူးတင်တာပဲ”

“သေချာတာပေါ့”

သို့သော် သူ့အပြုံးအရယ်မှာ ခဏလေးသာ ခံပါသည်။ သိပ်မကြာမီမှာ ပြယ်လွင့်သွားပြန်သည်။

အချိုပွဲအဖြစ် အသီး တချို့ကို ရွေးယူကာ စားနေကြသည့် အချိန်မှာတော့ ကျွန်မ မျိုသိပ်မထားနိုင်တော့ပေ။

“ကိုနေသန့်...ကျွန်မ အမှားတစ်ခုခု လုပ်မိသလားဟင်”

ကျွန်မအသံမှာ သူကြားသာရုံ တိုးတိတ်စွာ ထွက်သွားခဲ့သည်။ သူ ကမန်းကတန်း ကိုယ်ကို မတ်ကာ ကျွန်မအား ခပ်လျှမ်းလျှမ်း ကြည့်လေသည်။

“မင်း ဘာမှ မမှားပါဘူး ရတနာ”

ထို့နောက် သူ ကျွန်မထံမှ မျက်နှာလွှဲကာ နံရံမှာ ချိတ်ထားသော ဂျပန်ပြက္ခဒိန်များကို လှမ်းကြည့်သည်။

“တစ်ခုခု မှားတယ်ဆိုရင် အဲဒါ ကိုယ့်အမှားပဲ ဖြစ်မှာပါ”

ထို့နောက် သူ ချက်ချင်း မျက်နှာပြင်လိုက်၏။

“ဒါနဲ့...အခု ပြီးခဲ့တဲ့ ပြပွဲမှာ မင်း ဘယ်ပြက္ခက်ကို အကြိုက်ဆုံးလဲ”

သူ့အသံက ပေါ့ပေါ့ပါးပါးပဲ။ သူ့အသံ၏ ပေါ့ပါးမှုက ကျွန်မ နှလုံးသို့ ကူးစက်ကာ ကျွန်မပါ လွတ်လပ်ပေါ့ပါးသွား၏။

“တစ်ခုချင်းကတော့ စိတ်ဝင်စားစရာတွေချည်းပဲနော်၊ ဗီဒီယို မော်နီတာတွေကို ရေစည်ပိုင်းတွေထဲ ထည့်ပြီး လူတစ်ယောက်ချင်းစီရဲ့ အိပ်နေတဲ့ မျက်နှာတွေကို ပြထားတဲ့ပြက္ခက်လဲ ကောင်းတာပဲ”





အိပ်နေသော လူတစ်ယောက်ချင်း၏ မျက်နှာ အနီးကပ် ရိုက်ချက်များကို မော်နီတာ တစ်ခုစီမှာ တစ်ခုချင်း ပုံဖော်လျက် ထိုမော်နီတာများကို ရေအပြည့်ဖြည့်ထားသော စည်ပိုင်းတစ်ခုစီ၏ အောက်ခြေမှာ ပက်လက်နှစ်ထားရာ ထိုမှန်မျက်နှာပြင်မှ ပုံရိပ်အလင်းများသည် စည်ထဲက ရေများဆီ၊ ထိုမှတစ်ဆင့် အခန်းမျက်နှာကြက်ဆီသို့ ပျံ့နှံ့လျက်ရှိသည်။

“အိပ်နေသူများလား”

“ဟုတ်မယ်ထင်တယ်”

“အဲဒါကို အကြိုက်ဆုံးလား”

ကျွန်မ ပခုံးတွန့်လိုက်မိ၏။

“အဲဒီလိုတော့ မဟုတ်ဘူး၊ ကျွန်မ အကြိုက်ဆုံးက အမှောင်ချထားတဲ့ အခန်းထဲမှာ နံရံသုံးဖက်ဟာ ပိတ်ကားတွေဖြစ်ပြီး အဲဒီမှာ ပုံရိပ်တွေ အမျိုးမျိုးထင်နေတဲ့ ပြက္ခက်ပဲ၊ စပီကာတွေဆီက ထွက်လာတဲ့ အသံရယ်၊ တစ်ခန်းလုံးကို လွှမ်းခြုံထားတဲ့ ပုံရိပ်ကြီးတွေရယ် အဲဒါ...တကယ့်ဆွဲဆောင်မှုပဲ၊ ကျွန်မလေ...အဲဒီလို အခန်းတစ်ခုတောင် ကိုယ့်ဟာကိုယ် ဖန်တီးပြီး နေချင်တယ်”

သူ ကျွန်မကို တအံ့တဩကြည့်၍ ပြုံးသည်။

“တကယ်လား”

“တကယ်ပေါ့”

“ကိုယ့်အိမ်မှာ အရင်က အဲဒီပုံစံအတိုင်း ဖန်တီးထားတဲ့ ရုပ်ရှင် ခန်းတစ်ခု ထားတယ်၊ ကိုယ့်မှာ ဆလိုက်တွေနဲ့ ဗီဒီယိုတိပ်ခွေတွေ ရှိတယ်၊ အသံနဲ့ အရောင်နဲ့ ရောပြီး ကိုယ်တိုင်ဖန်တီးတဲ့အနု



www.burmeseclassic.com

www.burmeseclassic.com



ပညာကို ကိုယ်တစ်ယောက်ပဲ ခံစားမယ့်သူ ရှိတာ၊ မနှစ်က ကိုယ် အိမ်ပြန်တော့ ညီတစ်ယောက်ကို အဲဒီအကြောင်း ပြောကြည့်တာ သူက နည်းနည်းမှ စိတ်ဝင်စားပုံ မပြဘူး"

"ဟုတ်လား၊ ကျွန်မကတော့ အဲဒါမျိုးကို စိတ်ဝင်စားတယ်"

"ဒါပေမဲ့ အခုတော့ အဲဒီပစ္စည်းတွေ ချောင်ထိုးထားခဲ့တာ ကြာပြီ၊ ကိုယ် မအားတာနဲ့ပဲ"

"ကျွန်မ ကြည့်ချင်တယ်"

ကလေးသဖွယ် ပူဆာမိတော့ သူက လူကြီးတစ်ယောက်၏ အပြုံးမျိုးဖြင့် ငြင်း၏။

"မဖြစ်ဘူး ရတနာ၊ အဲဒီရုပ်ရှင်ရုံကို ကိုယ့်အိပ်ခန်းမှာ ဆင်ထားခဲ့တာမို့ပါ"

အဲဒါ ပြည့်စုံသော ငြင်းပယ်မှုပါပဲ။

"ဟုတ်တာပေါ့၊ ကျွန်မ ကြည့်လို့ ဘယ်ဖြစ်မလဲနော်"

ထို့နောက် ကိုယ့်ဟာကိုယ် သဘောကျကာ တဟားဟား ရယ်မိလေသည်။ သူကလည်း ကျွန်မနှင့်အတူ လိုက်ရယ်မောပါသည်။

ကျွန်မ အဆောင်သို့ အပြန်မှာ သူက ရိုးရိုးလမ်းကပဲ မောင်းလာ၏။ စားသောက်ဆိုင်မှ အမြန်လမ်းမ ရောက်အောင် ပြန်သွားရမည့် ခရီးက အဆောင်သို့ သွားရမည့်ခရီး၏ တစ်ဝက်လောက် ရှိနေသောကြောင့် ဖြစ်သည်။

"အမြန်လမ်းမက မောင်းတာ မဟုတ်တော့ မင်း ပိုပြီး သဘောကျတယ် မဟုတ်လား" သူက စသည်။ ကျွန်မ ရယ်မော၍ ခေါင်း





တ်ပြလိုက်၏။ ကျွန်မရင်ထဲမှာ ခါတိုင်းလိုပဲ ပေါ့ပါးနေသည်ဟု ထင်စေချင်သည်။

လူတိုင်း လူတိုင်း အိမ်အပြန် အလျင်လိုနေကြသည်။ လမ်း မှာ ကားတွေ အနေးပြကွက်ဖြင့် သွားနေ၏။ သူက စိတ်ရှည် ထားတော့မည့် ပုံစံဖြင့် သက်ပြင်းတစ်ချက် ချကာ ကားတန်း ထဲမှာ တန်းစီလိုက်ရလေသည်။

"ကဲ...ကဲ...ကိုယ်တို့ စလိုးမိုးရှင်းနဲ့ မောင်းနေရတုန်း ကိုယ့် ပုံဝတ္ထုလေး တစ်ခုလောက် ပြောပြပါဦးလား"

"ဒီတစ်ခါ ရှင်ပြောရမယ့် အလှည့်လေ"

"လုပ်ပါကွာ...နောက်တစ်ခါကျ ကိုယ် ပြောပြပါမယ်၊ အခု ခါတော့ မင်းပဲ ပြောပါဦး"

ကျွန်မ တိတ်ဆိတ်စွာ ပြုံးနေတော့ သူ မချင့်မရဲဟန်ဖြင့် ကျွန်မ က်သို့ ငဲ့ကြည့်သည်။

"လုပ်ပါ...မင်းရဲ့ ပုံပြင်က ရေဒီယိုထက် စိတ်ဝင်စားစရာ ာင်းမှာပါ သူငယ်ချင်းလေးရဲ့"

သူငယ်ချင်းလေး...ဟူသော စကားလုံးသည် ကျွန်မရင်ထဲသို့ ရှရှ စိုက်ဝင်သွားခဲ့သည်။ သူ ဤစကားလုံးကို အမှတ်တမဲ့ ိတာလား၊ ရည်ရွယ်ချက်ဖြင့် တမင် သုံးလိုက်တာလား။

"ကောင်းပြီ ကောင်းပြီ... ပြောပြမယ်၊ ပုံပြင်တော့ မဟုတ် အဖြစ်အပျက်ကလေး တစ်ခု"

"ဘာပဲဖြစ်ဖြစ် ရတယ်"

"အဲဒီ အဖြစ်အပျက်လေး ပြောပြီးတဲ့အခါ ရှင့်ကို ပဟေဠိ ခု မေးမယ်၊ ရှင် ဖြေရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပြီ”

ကားနောက်မီးတွေ တရွေ့ရွေ့စီတန်းနေတာကို မျက်စိတဆုံး ထိ မြင်နေရသည်။ မီးပွိုင့်တွေအားလုံးပဲ နီနေလို့ ကားတွေပဲ ရပ် ပြီး တန်းစီနေရတော့သလိုလို။ တကယ်တော့ သူတို့ တရွေ့ရွေ့ ညီညီညာညာ သွားနေကြပါသည်။

“တစ်ခါတုန်းက မြို့တစ်မြို့မှာ ဖြစ်သွားတဲ့ အဖြစ်အပျက်ပေါ့ ည တစ်ညမှာ သူခိုး တစ်ယောက်က ချမ်းသာကြွယ်ဝတဲ့ အိမ်ကြီး တစ်အိမ်ကို ဝင်ခိုးဖို့ ချဉ်းကပ်သတဲ့၊ ခြံစည်းရိုးကို ကျော်တက်ဖို့ ကြိုးစားတာပေါ့နော်၊ ခြံစည်းရိုးကိုလဲ ကျော်တက်ရော ခြံစည်းရိုး ပေါ်မှာ ချိတ်တင်ထားတဲ့ သံဆူးကြိုးတွေနဲ့ လက်မှာ ငြိပြီး စုတ်ပြဲ ကုန်ရောတဲ့။ အဲဒါကို သူခိုးက ဘာလုပ်လဲဆိုတော့ ခြံရှင်ရဲ့ သံဆူး ကြိုးကြောင့် သူ့မှာ ထိခိုက်ဒဏ်ရာရပါတယ် ဆိုပြီး တရားရုံးမှာ လျော်ကြေးတောင်းဖို့ အိမ်ရှင်ကို တရားစွဲသတဲ့”

သူ အသံထွက် ရယ်လေသည်။

“ဒီလိုနဲ့ သူခိုးနဲ့ အိမ်ရှင် အပြန်အလှန် တရားဖြစ်ကြရော— နောက်ဆုံးမှာ ဘယ်သူနိုင်သွားမယ် ထင်လဲ”

“သူခိုး နိုင်တယ် မဟုတ်လား”

“ဟုတ်ပါ့တော်ရေ...သူခိုးက တရားနိုင်သွားတယ်၊ အိမ်ရှင် က သူခိုးရဲ့ ထိခိုက်ဒဏ်ရာအတွက် လျော်ကြေးလဲ ပေးလိုက်ရသေး တယ်၊ သူ့ခြံစည်းရိုးပေါ်က သံဆူးကြိုးကိုလဲ ဖြုတ်ပစ်ရသေးတယ် တော်၊ သူတစ်ပါး ထိခိုက်နစ်နာစေလို့တဲ့၊ ကဲ...ကောင်းကြသေးရဲ့ လား”





မီးနီတစ်ခု ဖြတ်အပြီးကျမှ သူ့ဘက်သို့ လှည့်ကာ မေးခွန်း တစ်ခု မေးလိုက်သည်။

“ကဲ...အဲဒီအဖြစ်အပျက် ဘယ်နိုင်ငံမှာ ဖြစ်တာလဲ၊ သိလား”

သူက ကျွန်မ အမေးကို သဘောကျစွာပင် မျက်နှာမော့လှန်၍ ရယ်တော့သည်။

“အမေရိကန်ပေါ့ ရတနာ...တခြား ဘယ်နိုင်ငံ ရှိဦးမှာလဲ၊ အဲ ဒီလို ကြောင်ကွက်မျိုးက အမေရိကန်နိုင်ငံသားတွေပဲ လုပ်ကြတာ လေ”

“အံ့သြစရာပဲနော်၊ ကိုယ့်အိမ်ကို ခိုးဖို့ လာတဲ့ သူခိုးကို သံဆူး ကြိုးနဲ့တောင် မကာကွယ်ရတော့ဘူးတဲ့လား”

“သူခိုးက အိမ်ထဲ မဝင်ရသေးဘူးလေ”

“ဒါပေမဲ့ ဝင်ဖို့ ကြိုးစားနေပြီ၊ ခြံစည်းရိုးကို ကျော်နေပြီရော၊ ဒါ...ပိုင်နက်ကျူးလွန်ဖို့ ကြံစည်အားထုတ်မှုကွဲ့”

“သူက ကြံစည်ရုံပဲ ရှိသေးတာ၊ အိမ်ရှင်ရဲ့ သံဆူးကြိုးကြောင့် သူ့လက်တော့ စုတ်သွားပြီပေါ့၊ အဲဒီအတွေးမျိုးနဲ့ ဆုံးဖြတ်လိုက်ကြ ပုံ ရပါတယ်”

“အရူးတွေ...”

ကျွန်မ ရေရွတ်မိတော့ သူ သဘောကျစွာ ပြုံးနေခဲ့ပါသည်။

ကျွန်မ အဆောင်ရှေ့ ကားရပ်တော့ ည ရှစ်နာရီထိုးခါနီးပြီ။

သူ ကားပေါ်က လိုက်ဆင်းသည်မှာ ဟိုတုန်းကလိုပဲ ကျွန်မ ကို နှုတ်ဆက်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က အပြာရောင်သည် ကြည့်နေရင်းပင် ပိုမှောင်လာ၏။ အဆောင်ရှေ့က သစ်ပင်ကြီးနှင့် ပန်းပင်ချုံပုတ်များကို လေတိုက်ခတ်ရာမှ ဖြစ်ပေါ်လာသော သစ်ကိုင်း သစ်ရွက် လှုပ်ရှားသံတို့သည် ယနေ့ညကျမှပဲ ပို၍ ကျယ်လောင်နေသလိုလို…၊ ပို၍ ညည်းညူနေကြသလိုလို၊ ဂိတ်တံခါး မျက်နှာကြက်ဆီမှ မီးလုံး၏ အရောင်ဖျော့ဖျော့အောက်မှာမို့ ကျွန်မဆီ လျှောက်လာနေသော သူ့မျက်နှာ တင်းကျပ်နေသလား စိတ်ရှုပ်နေသလားဟု မသေချာပါ။

ကျွန်မလက်ကို ခါတိုင်းလို ဆွဲမယူဘဲ တွန့်ဆုတ် သတိထားမှုဖြင့် ကျွန်မရှေ့မှာ ရပ်လိုက်သော သူ့ကို ကျွန်မ အပြုံးဖြင့် မော့ကြည့်လိုက်သည်။ သူ့မျက်ဝန်းများသည် ခပ်မှောင်မှောင် အလင်း တစ်ဝက် အောက်တွင် မှုန်ရီရီဖြစ်နေသလိုလို၊ ကျွန်မ စိတ်ထင်လို့များလား။ သေချာတာကတော့ သူ့အပြုံးမှာ တစ်ဝက်ပြုံးသာ ဖြစ်သည်။

"မင်းရဲ့ ပုဝတ္ထုလေးအတွက် ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရမှာက ကျွန်မပါကွယ်၊ ကြည်နူးစရာ ကောင်းတဲ့ နေ့ကလေး တစ်နေ့အတွက်"

"သေချာတာပေါ့"

သူ ခေါင်းတစ်ချက်ညိတ်ကာ ပြန်လှည့်ထွက်ဖို့ ပြင်သည်။ ဒါဖြင့် ဒီည သူ ကျွန်မကို နှုတ်မဆက်ဘဲ ပြန်တော့မှာပေါ့။ ဘာဖြစ်လို့လဲ…။

"ကိုနေသန့်"

နောက်ဆုတ်ပြီးသော သူ့ခြေလှမ်းများ ကျွန်မဘက်သို့ ပြန်လှည့်လာ၏။





"ပြော…ရတနာ"

ကျွန်မ သူ့အား ပြုံးစစ အကြည့်ဖြင့် သတိပေးလိုက်မိသည်။

"ရှင် ကျွန်မကို နှုတ်မဆက်ဘဲ ပြန်မယ်လား၊ ဒီလိုပဲလား"

သူ မျက်မှောင်နည်းနည်း ချီသွား၏။ ထို့နောက် တရင်းတနှီး […]ပြုံးရယ်လိုက်လေသည်။

"ဘယ်လိုနှုတ်ဆက်စေချင်သလဲ၊ သံတမန်တွေလိုလား၊ အသိ[…]တွေလိုလား၊ ရင်းနှီးတဲ့ သူငယ်ချင်းတွေလိုလား…ပြော"

ထို့နောက် ကျွန်မ ဘာမှ မဖြေရသေးမီ သူ ကျွန်မအား ညင်သာ[…]ပွေ့ဖက်နှုတ်ဆက်လိုက်ပါသည်။ ကျွန်မ၏ မျက်နှာသည် သူ့[…]ရှန်းပေါ်တော့ ရောက်မှာပဲဟု ဘာကြောင့် ထင်ခဲ့မိမှန်း မသိ။ […]ဘယ်တမ်းကျတော့ ကျွန်မမျက်နှာသည် သူ့ဘယ်ဘက်ရင်ညွန့်[…]အက်ပိုင်းဆီမှာသာ။

"သူငယ်ချင်းတွေလိုပဲပေါ့နော်"

ကျွန်မနောက်ကျော၏ အထက်ပိုင်းဆီမှ သူ့စကားသံ နွေးသည် ကျွန်မ၏ တစ်ကိုယ်လုံးသို့ ပျံ့နှံ့စိမ့်ဝင်သွားသည်။

သူ ကျွန်မကို လိုအပ်သည်ထက် ပိုပြီး အခွင့်အရေး မယူခဲ့ပါ။ […]ယ်ပဲ ရင်းနှီးချစ်ခင်သော သူငယ်ချင်းတစ်ယောက်၏ ရင်ခွင်[…]သည်။ ထိုရင်ခွင်၏ ရဲရင့်သော ခိုင်မာသော ခွန်အားများသည် […]ဆီသို့ အလိုအလျောက် စီးဝင်သွားခဲ့သည်။

သို့သော် ကျွန်မ၏ စိတ်တွေ ရိုးမှ ရိုးသားပါရဲ့လား၊ ကျွန်မ[…] ပွေ့ဖက်သော လက်များသည် သူငယ်ချင်းတစ်ယောက်၏[…]တွေ ဟုတ်မှ ဟုတ်ရဲ့လား။ ထိုလက်များသည် ရင်ထဲက ခွန်[…] ဆန့်ကျင်စွာ ဘာကြောင့် ချည့်နဲ့ကုန်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်နှင့် ထိနေသော ကျွန်မ၏ပါးပြင်မှာ နွေးထွေး
လှုပ်ရှားမှုတစ်ခုကို ချည်သားမွမွ အင်္ကျီစကို ဖောက်ထွင်းပြီး
ခံစားနေရသည်။ အဲဒါ သူ့နှလုံးခုန်သံလား...။ အဲသည်ရင်
ကျွန်မ မျက်နှာ မခွာချင်သေးပါဘူး။ ကျွန်မ သူ့ကို မခွဲချင်

ဘုရားရေ...။


ကျွန်မ စိုးရိမ်ထိတ်လန့်စွာပင် သူ့ရင်ခွင်မှ ခွာလိုက်မိသ
နောက်ဆုတ်ရင်း သူ့ကို ခပ်လျှမ်းလျှမ်း မော့ကြည့်ပြုံးမိတော
ကျွန်မကို စူးစူးစိုက်စိုက် ငေးနေခဲ့၏။

"ကောင်းသော ညပါ ကိုနေသန့်"

"ကောင်းသောညပါ ရတနာ"

သူ့ကို ထားခဲ့ပြီး ရုတ်တရက် လှည့်ထွက်သွားသော ကျ
အာ သူ နားလည်သွားမည် ထင်သည်။ ကျွန်မ၏ ခြေလှမ်း
လေးလံနာကျင်နေတာကိုတော့ သူ သိနိုင်မှာမဟုတ်ပါ။

○



Blue Poles: Number 11, (1952); Jackson Pollock, Oil, Synthetic Polymer, paint on canvas (6' 11" x 15' 5 5/8"), National Gallery of Australia

www.burmeseclassic.com

www.burmeseclassic.com

ဂျက်ဆန် ပေါ်လော့က် (Jackson Pollock) သည် အမေရိကန် ဒြပ်မဲ့ အရှုပ္ပဝါဒီ (Abstract Expressionist) များတွင် နာမည်ကြီးသော ကမ္ဘာကျော် ပန်းချီဆရာတစ်ဦး ဖြစ်သည်။

ပန်းချီကားတစ်ချပ်၏ အဓိပ္ပာယ် သို့မဟုတ် ဆိုလိုချက် ဘာသာရပ်ကို ဆွေးနွေးဖို့ အမြင်ငြင်းဆိုခဲ့သည်။ အဓိက အရေးကြီးသည်မှာ လတ်တလော အမြင်ပုံရိပ်သာ ဖြစ်သည်ဟု သူယူဆ၏။ သူသည် ကြိုတင်တွေးဆပြီးမှ ပန်းချီဆွဲခြင်း မဟုတ်၊ အလိုအလျောက် ရေးဆွဲသွားခြင်း (Automatism) ဖြင့်သော သိစိတ်၏ နက်ရှိုင်းသော အလွှာထိ ရောက်နိုင်မည်ဟု ယူဆသည်။

သူသည် သူ့ပန်းချီကားများကို ကြည့်သူ၌ အဆုံးမဲ့ အရသာ ရစေလိုသည်။ ကင်းဗတ်စ် အနားဖြင့် သော်လည်းကောင်း၊ ပန်းချီကားဘောင်ဖြင့် သော်လည်းကောင်း အဆုံးမသတ်လိုပေ။ ထို့ကြောင့် သူ၏ Drip Painting (ဆေးစက်ချပြီး မန့်တီးရေ ဆွဲသော ပန်းချီကား) များတွင် ဘောင်မတပ်ခဲ့ပေ။ သို့မှသာ ပန်းချီကားသည် အနားသတ် မရှိ အဆုံးအစမရှိ ထာဝရ ပျံ့နှံ့သွားမည်ဟု သူ ယူဆသည်။

## ဂျက်ဆန်ပေါ်လော့က်နဲ့မျက်ရည်ည

ကြာသပတေး ညချမ်းတစ်ခုတွင် သူ့အိမ်သို့ ကျွန်မ ပထမ အကြိမ် ရောက်ဖူးခဲ့သည်။ ရိုးစင်းသော ညစာစားပွဲကလေး အတူကျင်းပရန် ဖြစ်ပါသည်။

ဒည်သည်က မများလှပါ။ ကျွန်မရယ်၊ သူ့အပြောအရ သူ့ ယ်ချင်း အမျိုးသမီးတစ်ယောက်ရယ်၊ ထိုအမျိုးသမီး၏ သုံးနှစ် ယ် သမီးကလေးရယ်...ဧည့်သည်က သုံးယောက်တည်းပါ တဲ့။ ယ်ချင်းနှင့် ကျွန်မအား တွေ့ပေးချင်နေခဲ့တာ ကြာပြီဟု ဆိုပါ ည်။

"ကိုယ့်သူငယ်ချင်းက တစ်ဦးတည်း မိခင် Single mother သုံးနှစ်အရွယ် သမီးကလေးကို သူတစ်ယောက်တည်း ပြုစု ကျောင်းနေခဲ့တာ၊ မင်း စိတ်ဝင်စားမယ်ဆိုတာ ကိုယ်သိတယ်"

ကျွန်မ အမျိုးသမီးရေးရာနှင့် ပတ်သက်ပြီး စိတ်ဝင်တစား ရှိ သူသိနေခဲ့သည်။ U.C.L.A. မှာ အမျိုးသမီးဆိုင်ရာ ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



ပွဲများ လက်ချာများ ကျွန်မ ခဏခဏ သွားတက် နားထောင်ခဲ့သ
ကို သူ မှတ်မှတ်ရရ ဖြစ်နေခဲ့သည်။

"ဟုတ်ကဲ့...ကျွန်မ သိပ်တွေ့ချင်တာပဲ၊ သူ ကရော ကျွန်မ
တွေ့ချင်မှာပါနော်"

"အို...သိပ်တွေ့ချင်တာပေါ့၊ စာရေးဆရာမ တစ်ယောက်
လူတိုင်း စိတ်ဝင်စားတဲ့ ဘာသာရပ်တစ်ခုပဲ မဟုတ်လား၊ နောက်
မင်းက ကိုယ့်သူငယ်ချင်းလေ ရတနာ၊ သူ သိပ်စိတ်ဝင်စားတာပေ

အဲဒီညလိုနှင့် သူ့သူငယ်ချင်းဆိုသည့် အမျိုးသမီးကဝေ
ကို ကျွန်မ တွေ့ခဲ့ရပါသည်။

ကားမရှိသော ကျွန်မအား သူ ရုံးအဆင်းမှာ အခေါင်ရှေ
လာကြိုဝင်ခေါ်ပါသည်။

သူသည် အံလွန် အချိန်တိကျ၏။ ခုနစ်နာရီမှာ မင်းဆီ
ကိုယ်ရောက်မယ်ဟု သူပြောထားလျှင် တကယ်ပဲ ခုနစ်နာရီတိ
မှာ ကျွန်မအခန်း လူခေါ်တယ်လီဖုန်း မြည်လာလေသည်။

ထုံးစံအတိုင်း ထုံးခြောက်ရောင် ချည်သားရှပ်အင်္ကျီလက်
ပွပွနှင့် ကာကီရောင် ချည်သားဘောင်းဘီပွပွကို သူဝတ်ထားသ
ထုံးစံအတိုင်း နွေးထွေးသော အပြုံးက ကျွန်မကို ဖေးမ နှစ်သိမ့်ေ
အားကိုးဖွယ် အပြုံး။

"အမြန်လမ်းမ ၄၀၅ မှာ ကားတွေ ကျပ်ခဲနေတာ ကိုယ်ြ
ရတယ်၊ တို့တွေ ရိုးရိုးလမ်းကပဲ သွားကြရအောင်လား"

"သိပ်ကောင်းတာပေါ့ ကိုနေသန့်ရေ"

သူက ကားစက်နှိုးရင်း ကျွန်မအား ပြုံးစေ့စေ့ကြည့်၏။





"မင်း ဒီလိုပဲ ပြောလိမ့်မယ်လို့ ကိုယ်သိသားပဲ"

ကားကို နေဝင်ချိန်လမ်းမကြီးမှာ ခဏပဲ မောင်းရပြီး ၄င်းနှင့် အပြိုင် စန်မိုစင်တီလမ်းပေါ်သို့ ပြောင်းရ၏။ စန်မိုစင်တီသည် နေဝင်ချိန် လမ်းမလို အကွေ့အကောက် မထူထပ်ပေ။ အသွားလမ်းနှင့် အပြန်လမ်းကြားမှာ ကျွန်းခြားထားသဖြင့် လမ်းရှင်းသည်။

သူ့အိမ်သည် အိုလံပစ်နှင့် ပီကိုလမ်းမများ၏ကြား၊ လမ်း ၂၀ ပေါ်မှာ ရှိသည်။

သူ့အိမ်သို့ ကျွန်မ အဲခေါင်မှ ၁၅ မိနစ်လောက်သာ မောင်းရ၏။

စန်မိုစင်တီလမ်းမမှ လမ်း ၂၀ ရှိရာသို့ ချိုးအကွေ့မှာ တစ်ဖက်မှ လာသော ထူးဆန်းသည့်ကားတစ်စီးနှင့် မျက်နှာချင်းဆိုင်မိ၏။

ကားမှာ နဂိုက ဘာအရောင်ဖြစ်မလဲဟု ကျွန်မ ခန့်မှန်းကြည့်သော အဖြူရောင် ဖြစ်ခဲ့မည်ဟု သူက ထင်မြင်ချက်ပေး၏။ ကျွန်မတို့ နှစ်ယောက်လုံး ထိုကားဆီမှ တော်တော်နှင့် အာရုံလွှဲ၍ မရဘဲ ဖြစ်နေခဲ့သည်။ ကားကိုယ်ထည်တစ်ခုလုံး ဆေးစက်တွေ စိတ်ထင်ရာ ကြဲပက်ထားပြီး ကြဲပက်ပုံကလည်း ပန်းချီဆရာတစ်ယောက်၏ သက်ရာလိုပင် စနစ်ကျလှ၏။ အပြာ၊ အနက်၊ အညိုနှင့် အနီရောင် ဆေးစက်များ မျဉ်းကွေးများက ထင်ရှားသည်။

သူက ကားမောင်းရင် နောက်ကြည့်မှန်မှ တစ်ချက်လှည့်ကြည့်ကာ သဘောကျနေခဲ့၏။

ကားမောင်းသူက အသက်ခပ်ကြီးကြီး၊ ထိပ်ပြောင်ပြောင် လူကြီးတစ်ယောက် ဖြစ်နေသဖြင့် ကျွန်မ အံ့သြမိခဲ့သေးသည်။ သည်လို စိတ်ထင်ရာလုပ်ဖို့ ဆိုလျှင် ကားပိုင်ရှင်သည် ဂျစ်ကန်ကန်လူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်မျိုး သို့မဟုတ် ဆံပင်ရှည်ရှည် စည်းထားသူမျိုး၊ သို့မဟုတ် ဖက်ရှင်အဖြစ် ခေါင်းတုံး တုံးထားသူမျိုးသာဖြစ်နိုင်သည်ဟု ကျွန်မ ထင်ခဲ့မိတာကိုး။

"တော်တော် စိတ်ကူးကောင်းတဲ့ လူပဲနော်"ဟု သူက ပြုံး၍ ကောက်ချက်ချ၏။

"ဟုတ်တယ်၊ ဂျက်ဆန်ပေါ့လော့က်ရဲ့ ပန်းချီတွေကို အားကျ ပုံ ရတယ်"ဟု ကျွန်မ မှတ်ချက်ပေးမိတော့ သူ ဖျတ်ခနဲ ကျွန်မဘက် ငဲ့ကြည့်လေသည်။

"ဂျက်ဆန်ပေါ့လော့က်ကို မင်းသိနေတယ်...ဟုတ်လား"

"ဘာကြောင့် မသိရမှာလဲ၊ သူ ၁၆ နှစ်သား အရွယ်က ရိုက်ထားတဲ့ ဓာတ်ပုံ ကျွန်မ ကြည့်ရတယ်၊ သိပ်ချောတာပဲ"

ထို့နောက် ကျွန်မ တစ်ချက်ရယ်မောမိသည်။

"ဒီလောက် နာမည်ကြီးတာကွယ်၊ သူ့အကြောင်း ရိုက်ထားတဲ့ ရုပ်ရှင်တစ်ခုတောင် ပြတိုက်တစ်ခုမှာ ကြည့်ခဲ့ရဖူးတယ်၊ မှန်ပြင်ကြီးပေါ်မှာ သူ ဆေးစက်ချပြီး ပန်းချီရေးနေတဲ့အချိန်မှာ မှန်အောက်ကနေ သူ့လှုပ်ရှားမှုကို ရုပ်ရှင်ရိုက်ယူထားတာလေ၊ သိပ်ကြည့်ကောင်းတာပဲ"

သူ ဘာမှ မပြောဘဲ ပခုံးအသာတွန့်၍ ပြုံးနေလေသည်။ နှစ်မိနစ်လောက် ငြိမ်သက်စွာ ကားကိုအာရုံစိုက် မောင်းနေပြီးမှ ကျွန်မဘက်သို့ မလှည့်ဘဲ မေးခွန်းတစ်ခု မေးသည်။

"ဂျက်ဆန် ပေါ့လော့က်ရဲ့ ပန်းချီတွေကို မင်းကြိုက်သလား"

သည်တစ်ခါ ကျွန်မ ပခုံးတွန့်ပြရသည့်အလှည့် ဖြစ်၏။





"ဘယ်လိုပြောရပါ့မလဲ၊ သူ့အနုပညာကို ကျွန်မ တကယ် မခံစားနိုင်သေးပါဘူး၊ သူ့ပန်းချီတွေဟာ ကိုယ်ထည်တွေ ပုံစံတွေ လုံးဝမပါတဲ့ စိတ်ကူးသက်သက် ဒြပ်မဲ့ပန်းချီတွေဆိုတော့...၊ အင်း...ဒါပေမဲ့ သူ့လက်ရာတချို့ကတော့ ကျွန်မကို တကယ် ဆွဲဆောင်ခဲ့တာပဲ"

သူ ကျွန်မအား စိတ်ဝင်တစား လှည့်ကြည့်၏။

"ဥပမာ...ဘယ်လိုဟာမျိုးလဲ"

ထိုအချိန်မှာ ကျွန်မသည် ဂျက်ဆန်ပေါ့လော့က်၏ ပန်းချီလက်ရာများကို အာရုံထဲမှာ ပြန်ဖော်ပြီး စဉ်းစားယူနေရသည်။

"ခဏစောင့်...၊ ဘယ်လိုပန်းချီကားမျိုးလဲ ဆိုတော့...နယူးယောက်က် မိုမာမှာ ရှိတဲ့ ကားမျိုးပေါ့၊ သူ့နာမည်...ဘာပါလိမ့်"

"နာမည် မမှတ်မိရင်လဲ ကိစ္စမရှိပါဘူး၊ သူ့ရဲ့အစောပိုင်း လက်ရာလား၊ အလယ်ပိုင်း လက်ရာလား၊ နောက်ပိုင်းလက်ရာလား...အဲဒီလောက် မှတ်မိရင် ရတယ်"

ကျွန်မ ခေါင်းယမ်းကာ ရယ်မိ၏။

"ဘယ်အချိန်လောက်က ရေးတဲ့ ပန်းချီလဲလို့ ကျွန်မ မခန့်မှန်းတတ်ဘူးလေ၊ တစ်ခုပဲ သိတယ်၊ အဲဒီ ပန်းချီမှာ ကိုယ်စားပြုစရာတစ်ခုတော့ ပါတယ်၊ ကျွန်မ အဲဒီကားကို ကြည့်ကြည့်ချင်း တိရစ္ဆာန် တစ်ကောင်ကို ရေးထားတာလို့ သိတယ်၊ ဒါပေမဲ့ နွားတစ်ကောင်လို့ ထင်ခဲ့တာ၊ အို...သတိရပြီ၊ နာမည်ကို သတိရပြီ၊ ဘာကြောင့်လဲ ဆိုတော့ နာမည်ကိုကြည့်ပြီးမှ ကိုယ့်ဟာကိုယ် ရယ်ရမိလို့ပေါ့၊ နာမည်က ဝံပုလွေမ...တဲ့"

သူ အသံထွက် ရယ်မောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ် အဲဒီကားကို ကောင်းကောင်း မသိဘူး ကြည့်တော့ ကြည့်ဖူးမှာပါ၊ အစောပိုင်း ရေးတဲ့ ပန်းချီ ဖြစ်မှာပေါ့ ဒြပ်အကောင်အထည် ပါနေတယ် ဆိုတော့"

"ဟုတ်လား မသိဘူး၊ ဆာရီယယ်လစ်ဇင် အငွေ့အသက်တော့ ပါနေသလိုပဲ"

ထို့နောက် သူက ဂျက်ဆန်ပေါ့လော့က်၏ အနုပညာလက်ရာ တွေအကြောင်း အရိပ်အမြွက် ပြောပြသည်။

"သူ ပန်းချီရေးနေတဲ့ဟန်က တကယ့်ကဗျာတစ်ပုဒ်ပဲ၊ တကယ် ကြည့်ကောင်းတဲ့ လှုပ်ရှားမှုပဲ။ သူ့လက်၊ သူ့ခြေလှမ်း၊ သူ့အာ ရုံစိုက်မှု…အားလုံးဟာ သူ့စည်းချက်နဲ့ သူ၊ ဒါ တကယ့် Action Painting ပဲ ရတနာရဲ့၊ သူ့အနုပညာလက်ရာတွေနဲ့ ပတ်သက်ပြီး ကိုယ် စိတ်မကောင်းတာ တစ်ခု ရှိတယ်၊ သူဟာ ငွေကြေး တော်တော် ချို့တဲ့ခဲ့တာဆိုတော့ ပန်းချီဆေးကို အကောင်းစား မသုံးနိုင်ဘူး၊ လု ငန်းသုံး ဆေးတွေ၊ သင်္ဘောဆေးတွေကိုပဲ သုံးခဲ့တာ များတယ်၊ အဲဒီ အပေါ်စား ဆေးကိုတောင် သူ ခြိုးခြံချွေတာရသေးတာ၊ ပန်းချီကား တစ်ခု စိတ်တိုင်းမကျခဲ့ရင် အဲဒီပိတ်ကားပေါ်က ဆေးတွေကို ပြန် ခြစ်ယူပြီး ပြန်သုံးတာတဲ့"

"သြော်… ဖြစ်မှ ဖြစ်ရလေ"

"အဲဒါကြောင့်ပဲပေါ့၊ အခု နှစ်တွေကြာလာတဲ့အခါ တချို့ ပန်းချီတွေမှာ ကျို့သွားတာ၊ ဆေးအရောင်မှိန်သွားတာ၊ အက်ကွဲ တာတွေ ဖြစ်လာရော၊ ဒါကြောင့် ပြတိုက် တော်တော်များများပဲ၊ သူ့ ပန်းချီကားတွေကို အပြင်ထုတ် မငှားကြဘူး၊ နိုင်ငံတကာ လှည့်ပြ တဲ့ ပွဲတွေအတွက် မငှားဘူး၊ သေချာ သိမ်းထားကြတာ"





ပေါ့လော့က်အကြောင်း ပြောနေရတာပဲ ခပ်ကောင်းကောင်း ဟု ကျွန်မ ခံစားရ၏။ အကယ်၍သာ ကျွန်မ၏ အသိစိတ်နှင့်အာရုံ က ပေါ့လော့က်ထံမှာ ရောက်မနေခဲ့လျှင် မကြာမီ တွေ့ဆုံရမည့် သူ့ သူငယ်ချင်း ဟူသော အမျိုးသမီးဆီ ရောက်သွားမှာ သေချာပါသည်။

သူမ သိပ်လှသလား၊ သူနှင့် သူမ တွေ့ဆုံနှုတ်ဆက်ကြသည့် အခါ သူ့မျက်လုံးတွေမှာ ကျွန်မ ဘာအရိပ်အယောင်တွေ မြင်ရမှာ လဲ၊ သူမ၏ မျက်လုံးမှ ရင်းနှီးမှု အတိမ်အနက်ကို အကဲခတ်ပြီး သူမ တို့နှစ်ယောက်ကြားမှ ပေါင်းစပ်မှု ဘယ်လောက်ခိုင်ခံ့နေပြီဟု ခန့် မှန်းနိုင်မလား…စသည် စသည်။

ကံကောင်းချင်တော့ သူ ပြောနေသည့် ဂျက်ဆန်ပေါ့လော့က် နှင့် Drip Painting အကြောင်းမှာ အလွန် စိတ်ဝင်စားစရာကောင်း နေခဲ့၏။

"Drip painting ကို ဘယ်ကနေ ရသလဲလို့ မေးတော့ သူ ဖြေတာကတော့ အမေရိကန်အနောက်ပိုင်းနယ်က အင်ဒီယန်း အနု ပညာရှင်တွေရဲ့ သဲပန်းချီနည်းကနေ အာရုံဝင်စားပြီး ရခဲ့တာတဲ့။ သူ ပန်းချီရေးတဲ့အခါ ကင်းဗတ်စ် ပိတ်ကားကို ကြမ်းပြင်ပေါ်မှာ ဖြန့်ချထားတယ်၊ ကင်းဗတ်စ်ပိတ်ကားရဲ့ အထက် အောက်နဲ့ ဘေး တွေကနေ သူ လမ်းလျှောက်ပြီး လက်ထဲက ဆေးတစက်စက် ကျ နေတဲ့ ဆေးဘူးကို ကိုင်ထားရင်း လိုက်အစက်ချ ရေးဆွဲနေခဲ့တာ၊ စတူဒီယိုထဲက ကြမ်းပြင်မှာ၊ နံရံမှာ ရေးလက်စ အခြုံးသတ်ရမယ့် ပန်းချီကားတွေ အများကြီး၊ အဲဒီမှာ သူ နာရီပေါင်းများစွာ ထိုင်ပြီး အလုပ်လုပ်နေတတ်တယ်"

လမ်း ၂၀ သည် တိတ်ဆိတ်အေးချမ်းသော လှပသည့် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဖြစ်သည်။ ဝဲယာက အိမ်များအားလုံးလိုလို လုံးချင်း အိမ်ကလေးများ ဖြစ်သည်။ အိမ်တိုင်း၏ ရှေ့တွင် စိမ်းစိုသော အလှစိုက် မြက်ခင်းပြင်ကလေးများနှင့် ပန်းခြံသေးသေးကလေးများ ရှိနေသည်။

"ကိုယ်ကတော့ သူ့ရဲ့နောက်ပိုင်းလက်ရာတွေကို ပို ကြိုက်တယ်"

"စောစောက ကားမှာ ပက်ကြဲထားတဲ့ ဆေးစက် ဒီဇိုင်းမျိုးလား"

ကျွန်မ စကားကို သဘောကျကာ သူ ဟက်ဟက်ပက်ပက် ရယ်လေသည်။

"ဆိုပါတော့လေ…၊ သူက နောက်ပိုင်းမှာ Abstract Expressionism ဘက် ပြောင်းလာခဲ့တယ်"

"အဲဒီမှာ ကျွန်မ လိုက်မမီတော့တာပဲ၊ တလောတုန်းက ဘဲလ်အဲယား ဘက်ပိုင်းက ကိုယ်ပိုင် ပြတိုက်တစ်ခုမှာ ဂျက်ဆန် ပေါ့လော့က်ရဲ့ နောက်ပိုင်း လက်ရာ နှစ်ခု သုံးခု တွေ့ခဲ့တယ်၊ အဖြူ အမည်းနီးပါး အရောင်လျှော့ထားတဲ့ ပန်းချီကားတွေပဲ။ ပန်းချီကားမှာ ပုံစံမရှိဘူး၊ ကိုယ်စားပြုတဲ့ သင်္ကေတ မရှိဘူး၊ ဟန်ကလေးပဲ ရှိတယ်၊ အမယ်…အဆင်အသွေးလေးကဖြင့် သိပ်ချစ်စရာကောင်းတာပဲ၊ သိပ်လှတာပဲ"

သူ ရယ်ပြန်သည်။

ကျွန်မ အနည်းငယ် ရှက်သွားသဖြင့် သူ့အား မျက်စောင်းထိုး ကြည့်လိုက်မိပါသည်။





"သိပ်အသေးစိတ်ပြီး နူးညံ့တဲ့လက်ရာတွေကို နောက်ပိုင်းမှာ သူ ဖန်တီးခဲ့တာ၊ သူ့ပန်းချီမှာ ကြည့်သူကို အဓိက အာရုံစိုက်မိစေတဲ့ ဗဟိုချက်ဆိုတာ မရှိဘူး၊ မြင်သာ ထင်သာတဲ့ ကိုယ်စားပြုအရာ တစ်ခုမှ မရှိဘူး၊ ပန်းချီကားတစ်ခုလုံး ဟိုဘက်စွန်းကနေ ဒီဘက်စွန်းအထိ တစ်စုတည်း တစ်ညီတည်း ပေးထားတဲ့ အင်အားပဲ၊ ကြည့်တဲ့ လူ ရသမျှ ယူလို့ရတဲ့ အားတွေပဲ။ ကိုယ်က အဲဒါကို ကြိုက်တာ"

ထို့နောက် သူ့ကားကို လမ်းဘေးမှာ ချရပ်လိုက်တော့မှ သူ့အိမ် ရောက်ပြီဟု ကျွန်မ သတိရသွားသည်။ ကား၏ ညာဘက်မှာ ရှိသော အိမ်ဆီသို့ ကျွန်မ မျက်စိ ဝေ့ခနဲ ရောက်သွားတော့ သူက ပြုံး၍ လမ်း၏ တခြားဘက်သို့ လက်ညွှန်ပြသည်။

"ဟိုမှာ ကိုယ့်အိမ်က"

လှမ်းကြည့်လိုက်တော့ ကျွန်မမျက်စိကို ခြံဝင်း၏ ဟိုးနောက်ဘက် အစွန်းမှာ ကပ်နေသော အဝါနုရောင် အိမ်ကလေးက အရင် ဖမ်းဆွဲယူလိုက်၏။ ထို့နောက် အိမ်ရှေ့က ကျဉ်းကျဉ်း ရှည်ရှည် ဥယျာဉ်ကလေး၊ ထိုဥယျာဉ်ထဲမှာ အဝါရောင် နှင်းဆီခင်းကလေး။

"သိပ်လှတာပဲ"

ကျွန်မ၏ ကားတံခါးကို သူ လာဖွင့်ပေးရင်း သူ ပခုံးတွန့်ပါသည်။

"လှသလား၊ ကိုယ်ကတော့ နည်းနည်းမှ လှတယ် မထင်ဘူး၊ အဝါရောင်ဟာ နှင်းဆီပန်းအတွက် လှပါတယ်၊ အိမ်တစ်ခုအတွက်တော့ မလှဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ကားရှင်းနေသောလမ်းကလေးကိုဖြတ်ကူးလိုက်ကြစဉ် သူက "ကိုယ့်အခန်းက မင်းအခန်းလိုတော့မကျယ်ဘူး ရတနာ"ဟု သတိပေးသည်။

"အို...ကျွန်မက ရှိုးရှိုးစင်းစင်း နွေးမွေးချတဲ့အခန်းမျိုးကို ပိုကြိုက်တယ်၊ ကျွန်မ အခုနေတဲ့အခန်းက နည်းနည်း...ဟိုဒင်း... ကြီးကျယ်နေတယ်"

ကျွန်မ ယခုမှ သတိရသည်။ ညစာစားပွဲအတွက် ဝိုင်ပုလင်းကလေးမှ မယူခဲ့ရ၊ ပန်းစည်းတစ်ခုခုမှ မယူခဲ့ရပါလား။

သစ်သားလှေကားပေါ်အတက်မှာ ကျွန်မ သူ့အား တောင်းပန်လိုက်မိ၏။

"နေသန်...ဆောရီး၊ ကျွန်မ ဝိုင်ပုလင်းယူခဲ့ဖို့ မေ့သွားတယ်ကွယ်"

"ရှူး..."

သူက ပြုံးနေသော နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ဖြတ်ပိတ်ပြ၏။ ထို့နောက် တံခါးသော့ ဖွင့်နေရင်း ကျွန်မကို နှစ်သိမ့်သည်။

"ကိုယ့်ညစာစားပွဲက ရှိုးရှိုးစင်းစင်းကလေးပါလို့ ကိုယ်ပြောသားပဲ၊ ကိုယ့်အိမ်မှာ မင်းကို ဧည့်ခံဖို့ ဝိုင်တောင် မရှိဘူး ရတနာ၊ သစ်သီးဖျော်ရည် တစ်ခုခုနဲ့ပဲ ဧည့်ခံမှာ၊ နောက်ပြီး ကိုယ့်အခန်းမှာ စားပွဲတင် ပန်းအိုးလဲ မရှိဘူး၊ ဒီတော့ ဘယ်သူမှ ဘာပန်းမှ သယ်လာဖို့လဲ မလိုဘူးလေ"

ကောင်းပါပြေရဲ့။





"ဟောဒီမှာ ဒါ... ကိုယ့်ရဲ့ အခန်းကလေးပါပဲ"ဟု သူက တ်သည်။ ထို့နောက် တစ်ဆက်တည်း "ကိုယ့်အိမ် ကိုယ့်ရာလို ထားပြီး လွတ်လွတ်လပ်လပ်နေ"ဟု ထပ်ပြော၏။

သူ့ဧည့်ခန်း ကျဉ်းကျဉ်းကလေးရှိ တစ်ခုတည်းသော နှစ် က်ထိုင် ဆိုဖာရှည်ပေါ် ကျွန်မ ထိုင်တော့သူက ကျောပိုးအိတ် ကျွန်မဘေး နေရာလွတ်မှာ ပစ်တင်လိုက်သည်။

သူ အဝတ်အစားလဲပြီး ဧည့်ခန်းသို့ ပြန်ရောက်လာသည့်အခါ မက ဆိုဖာပေါ်မှာ မဟုတ်တော့ဘဲ အခန်းပတ်လည်ကိုလျှောက် ည့်နေခဲ့ပြီ။ နံရံမှာ ကပ်ထားသော စာအုပ်စင်၊ စားပွဲပေါ်မှာတင် သော စာအုပ်ပုံ၊ ထို့နောက်...ကျောဘက်နံရံမှာ ကလေးပန်းချီ လေးတစ်ခုကို တွေ့ရသည်။ ရေဆေးနှင့် ဆွဲထားသော ငါးပုံ လေး။

"အိုး...ဒါ ဘယ်သူ့လက်ရာပါလိမ့်"

ဧည့်ခန်းနှင့် တွဲလျက်ရှိသော မီးဖိုခန်း အပေါက်ဝသို့ ဝင်လု မှာ သူ ကျွန်မဘက် လှည့်ကြည့်၏။ သူ့မျက်လုံးတွေ တောက်ပ သည်။

"အဲဒါ လင်း‌ရဲ့သမီးကလေး ရေးတာလေ၊ ခဏနေရင် သူတို့ အမိ ရောက်လာတော့မှာ"

လင်း၏ သမီးကလေး လက်ရာ ပန်းချီကားတစ်ခု သူ့အခန်း ရှိနေတာတွေ့မြင်ရရုံနှင့် ကျွန်မ ဘာကြောင့်အားငယ်သွားမိပါ

ကျွန်မသည် ပန်းချီကားကို အကြာကြီး ငေးစိုက်ကြည့်နေမိ အမှန်ကတော့ ကျွန်မမျက်လုံးတွေကသာ ပန်းချီကားဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိပေမယ့် ကျွန်မအာရုံက တခြားမှာပါ။ သူ့ကို ကျောပေးဖို့အကောင်း
ဆုံး နည်းလမ်းအဖြစ်သာ ပန်းချီကို စိုက်ကြည့်နေခြင်း ဖြစ်ပါသည်

ကျွန်မ၏ လှုပ်ခတ် ဝမ်းနည်းမှုကို သူ မမြင်အောင် ပြန်ဖြေ
အချိန်နည်းနည်းလိုသည် မဟုတ်လား။

ခါးသီးသော အမှန်တရား တစ်ခုကို ကျွန်မ ရင်ဆိုင်နိုင်ပြီ
ကိုယ့်ကိုယ်ကို သေချာသောအချိန်ကျမှ သူ ရှိရာ မီးဖိုခန်းကလေး
သို့ လိုက်သွားမိသည်။

"ကျွန်မ ရှင့်ကို ကူရမလား"

"နီး နီး ... ကိစ္စ မရှိဘူး၊ မင်း အဲဒီစားပွဲမှာ ထိုင်နေ၊ ဘာမှ
မပေးနဲ့ ... ဟုတ်ပလား၊ အဆင်သင့် ပြင်ထားပြီးသား အထုပ်
ဆိုတော့ မီးဖိုပေါင်းအိုးထဲမှာ ထည့်လိုက်ရုံပဲ"

သူသည် ရေခဲသေတ္တာ ဖွင့်လိုက်၊ အထုပ် တစ်ထုပ်စီကို
လိုက်၊ အိုးတွေ လင်ပန်းတွေ ဆေးလိုက်နှင့် အလုပ်ရှုပ်နေသည့်
မှ ကျွန်မအတွက် ဖျော်ရည်တစ်ခု စီစဉ်ပေးပါသည်။

"လိမ္မော်ရည်၊ ပန်းသီးရည်၊ ခရမ်းချဉ်သီးရည် ... ဘာသော
မလဲ ရတနာ"

"ခရမ်းချဉ်သီးရည်၊ နေ နေ ... ကျွန်မဘာသာ ဖျော်ပါ့မ

ကျွန်မ ထိုင်ရာမှ ထတော့ သူက လက်ပြတားသည်။

"ကိုယ်ဖျော်ပေးပါ့မယ်၊ မင်းက ကိုယ်တို့ရဲ့ အထူးဧည့်
တော်ကလေးလေ၊ သက်သက်သာသာ ထိုင်နေပါ ရတနာ"

သူ့အပြုံးနှင့် သူ့စကားတွေက နွေးထွေးလှပါရဲ့။ သို့
'ကိုယ်တို့ရဲ့ အထူးဧည့်သည်တော်ကလေး' ဟူသော အသုံးအ
ကြောင့် ကျွန်မ နှမ်းနယ်သွားသည်။ 'ကိုယ်တို့' ဆိုတာ သူနှင့်





ပါနော်။ ကျွန်မ သူ့ကို ဘာအဓိပ္ပာယ်မှ မဆောင်သော ကျေးဇူး
ဆင် ပြုံးဖြင့် ပြုံးပြဖို့ ကြိုးစားလိုက်ရ၏။ သို့သော် ကျွန်မ၏ အပြုံး
ကျွန်မပြန်၍ ခံစားလို့ ရနေ၏။ အဲဒါ မချိုပြုံးတစ်ခု ဖြစ်သွားခဲ့
ပါ။

ကျွန်မ ခရမ်းချဉ်သီးဖျော်ရည်ခွက်ကို ငုံ့စိုက်ကြည့်ရင်း အား
သောက်နေခိုက် လှေကားမှ တက်လာသည့် ခြေသံများကို ကြား
သည်။

"ဟဲလို ..."

အမျိုးသမီးသံ တစ်ခု။

ကျွန်မ သူ့ဆီသို့ အရင်လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာ
သွားသော်လည်း ထူးထူးခြားခြားကြီး ပြောင်းလဲမသွားပါ။

"ဟေး ... လင်း၊ လာ ... ဒီမှာ ကိုယ် ညစာအတွက် လုပ်နေ
န်း ရှိသေးတယ်"

ကျွန်မ နောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ပြုံးရယ်လျက် မီးဖိုဆီ ဝင်လာသော အမျိုးသမီးကလေးမှာ
မထက် ငါးနှစ်လောက် ငယ်ပါလိမ့်မည်။ ဖြန့်ချထားသည့်
ဆင် ကျောလယ် မရောက်တရောက်၊ မျက်နှာသွယ်သွယ်၊ မေးစေ့
ခင်မင်ရင်းနှီးသောအပြုံးနှင့် သိပ်မလှပသော ချစ်စရာကောင်းရုံ
သော မိန်းကလေးကို ကျွန်မ သတိလက်လွတ် ငေးမောမိသွား၏။

"ဟိုင်း ..."

ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပြုံးကြည့်
ခိုက် သူက အနီးရောက်လာပြီး အတိုဆုံးနည်းနှင့် မိတ်ဆက်ပေး
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ...လင်း၊ လင်း...ရတနာ"

"တွေ့ရတာ ဝမ်းသာပါတယ် လင်း"

အဲဒါ ကျွန်မ ညာနေခဲ့တာ၊ တကယ်တော့ သူမကို ကျွန်မ ေ
လိုက်ရသည့်အခါ ကျွန်မနှင့် သူ့အကြားက တံတိုင်းမြင့်မြင့်ကြီး
မြင်လိုက်ရသလိုပင် ဝမ်းနည်းအားငယ်သွားပါသည်။

"နေသန်က ရတနာ့အကြောင်းတွေ အမြဲပြောနေလို့ စိတ်
က ရင်းနှီးနေတာ ကြာပြီ"

သူမက ကျွန်မအား လက်ဆွဲနှုတ်ဆက်ရင်း ရိုးရိုးကလေး ေ
လိုက်၏။

"ဟုတ်လား"

သို့သော် သူသည် ကျွန်မကိုတော့ လင်း အကြောင်း တစ်ခွန်
မပြောခဲ့ပါလား။ အဲဒါ ဘာသဘောပါလိမ့်။ သို့သော် အဲဒါက အ
မကြီးပါ။ အခုမှတော့ ဘယ်ဟာမှ အရေးမကြီးတော့ပါ။

ထိုအချိန်တွင် ကလေးသံ သေးသေးကလေး တစ်ခုနှင့်အ
သုံးနှစ်အရွယ် ကလေးမလေးတစ်ယောက် အခန်းကျဉ်းကလေ
ဝင်လာခဲ့သည်။

"ဟေး...စန္ဒာလေး"

သူသည် ကလေးမကလေးအား ခါးမှ ကိုင်၍ မြှောက်
မြှောက်ချီမ,ယူလိုက်လေသည်။ နက်မှောင်သော မျက်လုံးက
များ ရွှန်းလက်သွားအောင် ကလေးမလေးက တခစ်ခစ် ရယ်လို
၏။

ကြည့်စမ်း...သိပ်လှတဲ့ ကလေးမကလေးပါလား။ နော
သူ့ကို တော်တော်ရင်းနှီးချစ်ခင်ပုံ ရသည်။ အောက်ပြန်ချပြီးနော





ရှာပင် သူ့ဘောင်းဘီစကို ဆွဲဖက်ကာ မျက်နှာဝှက်လျက် ရယ်မော
နေဆဲ။

"စန္ဒာ...ဒီမှာကြည့်၊ ဦးရဲ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့၊
သူ့နာမည်က ရတနာတဲ့"

ကလေးက မျက်နှာဝှက်ရာမှ နည်းနည်းချင်း ခေါင်းငုံ့ကာ
ကျွန်မကို ကြည့်သည်။ ကလေးမလေးကို ကျွန်မ ပေါ့ပါးစွာပင် ပြုံး
ပြလိုက်နိုင်၏။

"တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ စန္ဒာ...သမီးက သိပ်လှတာ
ပဲကွယ်"

"ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်လေ စန္ဒာ"

သူက ကလေး၏ ဆံပင်ဖျားကလေးကို ချစ်စနိုး သပ်ဖွလျက်
ကျွန်မဆီ အသာတွန်းထုတ်လွှတ်သည်။

"ကျေးဇူးတင်ပါတယ် ရတနာ"

ကျွန်မ ကူညီမည်ဟု ဆိုတုန်းက ကျွန်မကို အေးအေးသက်သာ
ထိုင်နေစေခဲ့သော သူသည် လင်း က ကူညီရမလားဟု မေးတော့...
ကျေးဇူးပဲ၊ ကိုယ့်ကို ကူစမ်းပါဦးဟု လက်ခံခဲ့၏။

သူနှင့် လင်း မီးဖိုထဲမှာ ညစာအတွက် အလုပ်ရှုပ်နေသည်ကို
အခွင့်ကောင်းယူလျက် ကျွန်မနှင့် စန္ဒာသည် ဧည့်ခန်းသို့ ပြန်သွား
ကြပါသည်။ ရုပ်ပုံကားချပ် ဖြည့်သော ကစားနည်းစာအုပ်ကို စန္ဒာ
၏ ကျောပိုးအိတ်ကလေးထဲမှ ထုတ်ပြီး ကျွန်မတို့နှစ်ယောက် အတူ
ရုပ်ပုံကားချပ် ဖြည့်စွက်ကြသည်။ သစ်ကုလားအုတ်၏ ခြေထောက်
တစ်ဖက် နေရာမှာ နားရွက် အပိုင်းအစကို သွားဖြည့်နေကြောင်း
ကျွန်မက သတိပေးတော့ ကလေးမလေးသည် ပထမ သူ့ပုံသူ မျက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ် ကြည့်နေသေး၏။ ပြီးမှ သူ့ဟာသူ မြင်ဟတ်သွားကာ လက်ခုပ်လက်ဝါးတီး၍ ရယ်မောလေတော့သည်။

နောက် ၁၅ မိနစ်လောက် ကျွန်မတို့နှစ်ယောက် ရယ်မောရင်း အဖွဲ့ကျနေခဲ့ပြီးနောက် သူ ကျွန်မတို့ဆီ ရောက်လာသည်။ ကြမ်းပြင် မကော်ဇောပေါ်မှာ အကျအနထိုင်၍ ကစားနေသော ကျွန်မတို့နှစ်ယောက်ကို ဘေးမှာရပ်၍ ငုံ့ကြည့်ရင်း လက်ခုပ်တစ်ချက် တီး၏။

"ဟေး…ကလေးတွေ၊ ညစာအဆင်သင့်ဖြစ်ပြီ…လာကြ"

ညစာသည် ရိုးရိုးကလေးပဲ ဖြစ်၏။

အာလူးမီးဖုတ် တစ်ယောက်တစ်လုံး၊ အရွက်တွေ အများကြီးလှီး၍ ဂျုံနှင့်ငါး အရောပေါ်မှာ တင်ကာ ကြော်ထားသော ပီဇာလို ခပ်ဆန်ဆန် ဟင်း တစ်ယောက် တစ်ပန်းကန်၊ အလယ်မှာတော့ အရွက်သုပ် ပန်းကန်ကြီးမှာ မောက်လျှံနေ၏။ ဘယ်သူမှ ဝိုင်အကြောင်း စကားမစကြပါ။ စထရော်ဘယ်ရီဖျော်ရည် တစ်ယောက်တစ်ခွက် ချပေးထားသည်။

"ဆလတ် ကြိုက်ရဲ့လား ရတနာ"

အိမ်ရှင်ပီပီ သူက ဧည့်သည်ကို အရေးတယူ မေးလေသည်။

"သိပ်ကြိုက်တာပဲ၊ ကျေးဇူးပဲ ကိုနေသန့်"

တကယ်လည်း သူ့အရွက်သုပ်က တော်တော်ကောင်းပါရဲ့။ အရွက်မျိုးစုံအပြင် Cherry Tomato ဟု ခေါ်ကြသော ခရမ်းချဉ်သီး အလုံး သေးသေးလေးတွေပါ ထည့်ထားသည်။ ချိုငန် ချဉ် အရသာသုံးမျိုးနှင့် ပြုလုပ်ထား၏။

"ရတနာ…စားလို့ဖြစ်ရဲ့လား၊ ပေါင်မုန့်လိုချင်သလား၊ ကိုယ့်ဆီမှာ ပေါင်မုန့်ရှိတယ်"





"ဟင့်အင်း…နေပါစေ၊ ဒီအတိုင်း ကောင်းပါတယ်"

စန္ဒာကလေးကတော့ ညစာကို တို့ကနန်း ဆိတ်ကနန်းသာ စားပြီး စထရော်ဘယ်ရီဖျော်ရည်ကို အဝသောက်လေသည်။

ဘယ်လိုက ဘယ်လို စကားစပ်မိသွားသည် မသိ၊ ကျွန်မတို့၏ ညစာဝိုင်းတွင် အမေရိကန်နှင့် သူ့ယဉ်ကျေးမှုစနစ် အကြောင်း စကားတင်းတွေဆီသို့ ဦးတည်ချက်တွေ ပြောင်းကုန်၏။

"အမေရိကန်ကလေးတွေဟာ လူစိမ်းကို လုံးဝ အနားကပ် မခံကြဘူး၊ မိဘနဲ့ ပတ်ဝန်းကျင်ရဲ့ ပြုပြင်ထိန်းချုပ်မှုတွေ ပါမှာပေါ့၊ လူစိမ်းကို လုံးဝ စကားမပြောနဲ့ဆိုတဲ့ သတိပေးချက်ကို သူတို့ တကယ်လိုက်နာကြတာပဲ၊ တခြားနိုင်ငံက ကလေးတွေ အဲဒီလို မဟုတ်ဘူး၊ ကိုယ် မနှစ်တုန်းက မက္ကဆီကိုကို ရောက်သွားတော့ ကိုယ့်အနားမှာ ကလေးတွေဆိုတာ ဝိုင်းရုံနေတာပဲ၊ ကိုယ့်အင်္ကျီစ ဘောင်းဘီစကို ကိုင်ကြည့်စပ်စုတဲ့လူက ရှိသေးတယ်၊ ကိုယ်မေးသမျှ မေးခွန်းကို သူတို့ ဖြေဖို့ ကြိုးစား၊ သူတို့မေးသမျှ စပိန်စကားကို ကိုယ်က တတ်တတတ်နဲ့ ဖြေဖို့ ကြိုးစား…အိုး…သိပ်ကြည်နူးဖို့ ကောင်းတာပဲ ရတနာ"

"ကျွန်မတို့ မြန်မာကလေးတွေလဲ ဒီလိုပဲလေ ကိုနေသန့်၊ နိုင်ငံခြားသား တစ်ယောက် ရောက်လာလို့များဖြင့် ကြောက်လိမ့်မယ်ထင်နဲ့၊ မတတ်တတတ် အင်္ဂလိပ်စကားနဲ့ မိတ်ဖွဲ့ပြီး စကားပြောတော့ စပ်စုတော့တာပဲလေ၊ ဘယ်သူစိမ်း လူကြီးကမှ ကလေးတွေကို မဟုတ်တာ မလုပ်ကြဘူး မဟုတ်လား၊ သူစိမ်းဆိုတာ ကြောက်ရလို့ ဘယ်သူမှ မတွေးမိကြဘူး၊ တွေးဖို့လဲ မလိုဘူး၊ အမေရိကန်လူမျိုးတွေသာ ဆရာက ကလေးတွေကို မတော်တရော် ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြုကျင့်တာနဲ့၊ ကလေးကျောင်းဝင်းထဲ လူစိမ်းရောက်လာပြီး ကလေးကို ခေါ်သွားတာနဲ့ စုံနေတာပဲ”

လွတ်ခနဲ ပြောမိပြီးမှ လင်းဘက်သို့ ကျွန်မ လှည့်ကြည့်မိသည်။ လင်းက ပြုံး၍ ကျွန်မတို့ နှစ်ယောက်၏ စကားကို ထောက်ခံလေသည်။

နောက်တော့ စကားဝိုင်းသည် အမေရိကန်ရုပ်ရှင်ကားများနှင့် ရုပ်မြင်သံကြားဌာနများဆီသို့ ရောက်သွား၏။

ရုပ်မြင်သံကြား သတင်းဌာနတစ်ခုမှာ ဆင်ဆာဖြစ်တော်ခြင်း ဥပဒေသ လိုသည်ဟု ထင်သလားဟု ကျွန်မ လင်းကို မေးမိသည်။ သူမက ကျွန်မအား စိတ်ဝင်တစား ဖြေပါသည်။

“သိပ်လိုတာပေါ့ ရတနာ၊ အဲဒီရုပ်မြင်သံကြားကို ကလေးလေးတစ်ယောက် ကြည့်နေနိုင်တယ် ဆိုတဲ့ အသိကလေးနဲ့တင် ဆင်ဆာဖြစ်ဖို့ သိပ်လိုတာပေါ့။ တချို့ သတင်းတွေဟာ ခုရိုက် ခုပြ live သတင်းတွေ မဟုတ်လား၊ အဲဒါတွေကို ကလေးတွေ ကြည့်ဖို့ မသင့်တော်ဘူး၊ ညနေ ၆ နာရီတုန်းက အခင်းဖြစ်ပွားတဲ့နေရာကနေ တိုက်ရိုက် လွှင့်တဲ့ သတင်းပြကွက်ကို ည ၈ နာရီ ၉ နာရီသတင်းကျတော့ ဖြတ်ထားလိုက်တာမျိုးတွေတော့ ရှိပါတယ်။ ဒါပေမဲ့ တိုက်ရိုက် လွှင့်နေတဲ့ ညနေ ၄ နာရီတွေ ၆ နာရီတွေမှာ တီဗွီရှေ့မှာ ကလေးတွေ ရှိမနေနိုင်ဘူးလား၊ မမြင်သင့် မမြင်အပ်တာတွေ သူတို့ မြင်မသွားနိုင်ဘူးလား”

လင်း သည် သမီးကလေး၏ မိခင်ပီပီ ဆင်ဆာလိုပါသည်ဟု တကယ် လက်ခံထားခြင်း ဖြစ်၏။ သူက လင်း အား ပြုံးကြည့်နေသည်။





“လင်း...အမေရိကန်ရုပ်မြင်သံကြားဌာနတွေက သိမ်မွေ့ပါတယ်၊ ရုပ်ရှင်ရိုက်တုန်းက ဒါမှမဟုတ် အင်တာဗျူးလုပ်တုန်းက အမှတ်တမဲ့ ပြောလိုက်တဲ့ အကျ်ဖ် စကားလုံးတွေကို အကုန် ဖြတ်ထားပေးတာပဲ”

လင်း က မျက်မှောင်ကြုတ်ပြ၏။

“အို...ဒါနဲ့ ဘယ်လိုလောက်ပါ့မလဲကွဲ့”

ကျွန်မတို့၏ စကားများကို ငြီးငွေ့ဟန် ရှိသော စန္ဒာလေးက ...လားထိုင်ပေါ်မှ လျှောဆင်းကာ ဧည့်ခန်းဘက်သို့ ထွက်သွားလေသည်။

“မေမေ...ဒီလာခဲ့ပါ”

သူသည် ကျွန်မနှင့် လင်း စကားပြောမပျက်စေရန် လင်း အား ...က်ပြပြီး စန္ဒာရှိရာသို့ လိုက်သွား၏။

ကျွန်မနှင့် လင်း သည် မိတ်ဆွေဟောင်းများသဖွယ် စကား ...က်ဆုံ ကျ၍ ကျန်ရစ်ခဲ့ပါသည်။

လင်း ပြောပြမှ စန္ဒာလေး၏ ဖခင်နှင့် လင်း တရားဝင်ကွာရှင်း ... မပြုရသေးကြောင်း ကျွန်မ သိရသည်။ ကလေးသည် ဖခင်နှင့် ...လေးလမှာ တစ်ခါ တွေ့ခွင့်ရသည်။ လင်း ခင်ပွန်းဟောင်းသည် ...င်း အား အိမ်ထောင်ပစ္စည်း လိုအပ်ချက်တို့ကို ဖြည့်စွက်ပေးဖို့ကို ...ထားနှင့်၊ သူကိုယ်တိုင်အတွက် အသုံးစရိတ်တစ်ဝက်ပင် ကုန်...ခံနိုင်ခဲ့သူ မဟုတ်၊ သူတို့နှစ်ယောက် ချစ်မြတ်နိုးကြတာ မှန်ပါ...။ လက်ထပ်လိုက်ရသည်ကတော့ အစိုးရထံမှ ကရုဏာကြေးကို ...လင့်မှုက တော်တော်များများ ပါပုံရသည်ဟု လင်း က ထင်မြင် ... ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာက ကွာရှင်းစရိတ်က သိပ်ကြီးတယ် ရတနာ၊ နှစ်ဖ
လုံးမှာ ကုန်ကျစရိတ် ကြီးတယ်"

"ဒီတော့ နောက်အိမ်ထောင်ပြုလို့ ရသလား လင်း"

လင်း က ပခုံးလေး တွန့်ပြ၏။

"မရနိုင်ဘူးပေါ့ ရတနာ၊ တရားဝင် ကွာရှင်းပြတ်စဲပြီးမှ နော
အိမ်ထောင်ပြုလို့ ရမှာပေါ့"

ထို့နောက် သူမ တွေတွေလေး ငေးစိုက်သွားသည်။

"နောက်အိမ်ထောင်ပြုဖို့ဆိုတာလဲ မလွယ်ပါဘူးရတနာ၊ သ
ကလေးနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း လုံခြုံပြီးသား အိမ်ထဲကို သူ
ယောကျ်ားတစ်ယောက်ကို ခေါ်သွင်းဖို့ဆိုတာ တွေးကြည့်ရင် ကြေ
စရာကြီး၊ အဲဒီ ယောကျ်ားကို ကိုယ်က ဘယ်လောက် ယုံရမှာ
ကိုယ့်အတွက်ရော…အထူးသဖြင့် သမီးလေးအတွက်ရော အန္တရာ
မပေးဘူးလို့ ဘယ်လိုလုပ်ပြီး သေချာပါ့မလဲ၊ အရေးကြီးတာက သ
လေးကို တကယ့်သမီးရင်းလို မေတ္တာထားနိုင်တဲ့ ကြင်နာတတ်
ယောကျ်ားမျိုးမှ ဖြစ်မှာပါ"

ကျွန်မ သူမကို ငေးကြည့်နေမိသည်။

မင်းဘေးနားမှာ အဲဒီလိုလူမျိုး အဆင်သင့်ရှိနေတယ် မဟု
ဘူးလားဟင်၊ ဥပမာ…နေသန်။

ထိုစကားကို ကျွန်မ မပြောအပ်ဘူးဟု ထင်သဖြင့် ရင်ထဲ
ပင် ပြန်၍ မျိုချပစ်လိုက်ပါသည်။

"နောက်ပြီး ဒုတိယတစ်ကြိမ် အိမ်ထောင်ပြုဖို့ ကိုယ် အ
သင့် မဖြစ်သေးဘူး ထင်တယ်"





ဒုတိယတစ်ကြိမ် အိမ်ထောင်ပြုဖို့ အဆင်သင့်မဖြစ်သေးဘူး ဟူသော စကားသည် စုံမက်မြတ်နိုးရသည့် ချစ်သူ မရှိသေးဘူးဟု အဓိပ္ပာယ် မရပါ။

လင်း က ပင့်သက်တစ်ချက် ရှိုက်ပြီးနောက် ကျွန်မကိုပြုံးကြည့်သည်။

"ကဲ…ကိုယ့်အကြောင်းကိုတော့ ပြောပြီးပြီ၊ မင်းအကြောင်းလဲ ပြောပါဦး"

"အို…ကိုယ့်အကြောင်းက ပျင်းစရာကြီး လင်း"

"နေသန် က ပြောတယ်၊ မင်း အိမ် ထောင် မ ရှိသေး ဘူး တဲ့၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့်လဲဟင်၊ မင်း လက်ထပ်ရမယ့်သူ မတွေ့သေးဘူးလား"

ကျွန်မ စိတ်မှတ်မဲ့ ပခုံးတွန့်လိုက်မိသည်။

"အင်း…အမှန်အတိုင်း ပြောရရင် ကိုယ်က ယောကျ်ားတွေကို မယုံခဲ့ဘူး လင်း"

မယုံခဲ့ဘူး…၊ ထိုစကားမှာ တွေးယူလျှင် နောက်ဆက် တွဲ အဓိပ္ပာယ် တစ်ခု ကပ်လျက် ပါနေသည်။ ကျွန်မသည် ပြောပြီးမှ အတိတ်ကာလ ဝါကျရွေးချယ်မှုအတွက် ကိုယ့်ကိုယ်ကို မချင့်မရဲ ဖြစ်သွားမိ၏။ တကယ်ဆို…မယုံဘူးလို့ ပြောလိုက်ပါတော့လား။ အမြဲတမ်း မှန်နေမည့် ပစ္စုပ္ပန်ကာလ ဝါကျဖြစ်လေ။

"အို… ဖြစ်မှ ဖြစ်ရလေ၊ သနားစရာ ရတနာပဲ"

သူမက ရယ်မော၍ ကျွန်မကို စ,နောက်ခြင်း ဖြစ်ပေမယ့် နဂို



www.burmeseclassic.com

www.burmeseclassic.com



က ငိုချင်ချင်ကို လက်တို့ခံလိုက်ရသလိုပဲ။ လင်း နှင့် ရောၡ်သာ ရယ်လိုက်ရသည်၊ ကျွန်မ ပမ်းနည်းနေခဲ့သည်။

"ရတနာ...လူတစ်ယောက်ဟာ ဘဝမှာ ခါးသီးတဲ့ အရသာတွေ၊ နာကျင်မှုတွေကို ရင်ဆိုင်နိုင်ဖို့ လက်ချင်းတွဲဆုပ်ပြီး ဖေးမကြင်နာမယ့် အဖော်တစ်ယောက် လိုတယ်လို့ မင်း မထင်ဘူးလား ဟင်"

"ကိုယ်...ဘယ်သူ့ကိုမှ မလိုဘူး လင်း"

ဟင့်အင်း...အဲဒါ ညာနေတာ။ ကိုယ့်ကိုယ်ကို ညာရုံနဲ့ အားမရလို့ လင်း ကိုပါ ညာလိုက်တာ။

"မင်း ကြင်နာယုယရမယ့် ချစ်စရာသမီးကလေးတစ်ယောက်ရော မလိုဘူးလား"

ရင်းနှီး ချစ်ခင်မှုဖြင့် ချစ်စနိုး မေးလိုက်သော လင်း မေးခွန်းကြောင့် ကျွန်မရင်ထဲမှာ နာကျင်သွား၏။ သို့သော် ကျွန်မမျက်နှာကို မော့၍ ပြုံးလိုက်ပါသည်။

"မလိုဘူး၊ ကိုယ် ကလေးတစ်ယောက်ကို ကြာရှည် အနှံ့တာမ ခံ နိုင် ဘူး ထင် တယ်၊ ကိုယ် ဆို လို တာ က...၊ ဒီ လို လေ...ကိုယ်ကလေး မချစ်ဘူးလို့ ပြောတာ မဟုတ်ဘူး၊ ကိုယ် ကလေးတွေကို ချစ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်မှာ တူ တူမတွေ ရှိသားပဲ၊ ဟင့်အင်း... ကိုယ် ကလေးတစ်ယောက်ကို မွေးဖွားပြီး ကြီးပြင်းလာတဲ့အထိ ပြုစုစောင့်ရှောက်ဖို့ မဖြစ်နိုင်ဘူး ထင်တယ်၊ ကိုယ် အဲလောက် စိတ်ရှည်မှာ မဟုတ်ပါဘူး"

လင်း အကြည့်မှာ ကျွန်မ တစ်စုံတစ်ခုကို သတိထားလိုက်မိသည်ဟု ထင်သည်။ ဟုတ်သည်၊ လင်း အံ့သြရုံမျှမက ထိတ်လန့်





သွားသည့်ဟန်ပဲ။ ထို့နောက် ကျွန်မကို မျက်မှောင်ကြုတ်ပြီး ငေးကြည့်နေရာမှ ပြုံးလိုက်သည်။

"ဒါဖြင့် မင်း တစ်ယောက်ယောက်ကို မချစ်တတ်သေးတာ သေချာနေပြီ၊ အချစ်ဆိုတာ ယုယကြင်နာခြင်း ရတနာရဲ့၊ သူ့ရဲ့ လိုအပ်ချက် မှန်သမျှ ဖြည့်စွမ်းပေးခြင်း...အဲဒီလိုဖြည့်ဆည်းပေးနေရခြင်းအပေါ်မှာ သာယာကြည်နူးခြင်း..."

"ကိုယ် သိပါတယ်"

ကျွန်မ ဤဘာသာရပ်ကို ဆက်မဆွေးနွေးချင်တော့သဖြင့် ရယ်မောကာ ပိတ်ပြောလိုက်ပြီး စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။

"ဒါနဲ့ လင်း ...မိဘတွေနဲ့ အတူနေလား"

"မနေဘူး၊ ဖေဖေနဲ့ မေမေက ဒီကနေ မိုင် ၈၀ လောက်ဝေးတဲ့ နေရာမှာ နေတယ်၊ ဒါပေမဲ့ ကိုယ် တစ်နှစ်ကို သုံးလေးခါ သွားလည်ဖြစ်ပါတယ်၊ စန္ဒာလေးက ဖေဖေတို့ ခြံအကျယ်ကြီးကို သိပ်ပျော်တာ၊ ကိုယ်တို့ အရင်လကပဲ ဖေဖေတို့ဆီ ရုံးအားရက် သွားလည်ကြသေးတယ် ရတနာ၊ သောကြာနေ့ ညနေ ဒီကနေ ကားမောင်းသွားတယ်၊ တနင်္ဂနွေနေ့ နေ့လယ်ပိုင်းမှာ ပြန်လာတယ်လေ"

"မင်းရဲ့ ကားနဲ့ပေါ့...ဟုတ်လား"

လင်း ရိုးသားစွာ ပြုံး၍ ခေါင်းယမ်းပါသည်။

"မဟုတ် ဘူး၊ နေသန် ရဲ့ ကား နဲ့၊ သူက ခရီး ဝေး မောင်း တာ သိပ်စိတ်ရှည်တယ်"

"ဪ..."

လင်း မိဘအိမ် ပြန်တာကို သူပါ လိုက်သွားတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လက်စသတ်တော့ သူ့မှာ တံတိုင်း အခိုင်အခံ့ကြီး ခြားထား ပြီးသားပေါ့နော်၊ လပိုင်းလောက်မျှ တည်ဆောက်ထားသော တံတိုင်း ပင် မဖြစ်နိုင်ပါ။ သူ့ဘဝသည် တံတိုင်း၏နောက်မှာ အစစ အရှု ရာ နေသားကျပြီးသားပေါ့။ ဒီတံတိုင်းကို ဘာဖြစ်လို့များ ကျွန်မ မြင်သာအောင် မပြခဲ့ရတာလဲကွယ်။

"စန္ဒာလေးကလဲ သူပါလာရင် သိပ်ပျော်တယ်၊ သူက ကလေး ကို သိပ်ချစ်တာကိုး၊ ပြီးတော့ ကိုယ့်ဖေဖေကလဲ သူ့ကိုသဘောကျ တယ်"

"ကိုယ် လောင်းရဲပါတယ်"ဟု ကျွန်မပြောတော့ လင်း ရယ် လေသည်။

"သူ့မိဘတွေရော... လင်း တွေ့ဖူးလား"

လင်း အပြုံးက အနည်းငယ် လျော့ရဲသွား၏။

"ဟင့်အင်း...နောက်နှစ်တော့ ဒီကို လာလည်ကြမယ် ပြော တယ်"

"သူတို့ မင်းကိုသဘောကျကြမှာပါပဲ၊ သေချာပါတယ်"

ကျွန်မ လင်း့လက်ဖျားတစ်ဖက်ကို ခပ်ဖွဖွ ထွေးဆုပ်လျက် အားတင်းပြောမိတော့ လင်းက ကျွန်မလက်ကို ပြန်ဆုပ်ညှစ်ကာ "ကျေးဇူး"ဟု တိုးတိုး ရေရွတ်သည်။

ညည်ခန်းမှာ စန္ဒာလေးနှင့် သူ၏ ရယ်မောသံကို ခပ်သဲ့သဲ့ကြား ရ၏။

"ဟင်...မဟုတ်ဘူး...မဟုတ်ဘူး၊ အဲလို မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုပြောရမှာလဲ"





"ဖေဖေ ဝက်ဝံကြီးက ပျားရည်သွားရှာတော့ မေမေ ဝက်ဝံကြီး က ကလေးလေးအနားမှာ ကျန်နေခဲ့တာ၊ အဲလို ပြောရမှာလေ"

"ဩော်... ဟုတ်လား၊ ဒါဖြင့် ဒီပုံပြင်ကို သမီးပဲ ဆက်ပြော ပါ့"

"ဟင့်အင်း...ဟင့်အင်း"

လင်း က ဧည့်ခန်းသို့ တစ်ချက်ငုံ့စောင်းကြည့်ပြီး ပြုံးသည်။

"ကဲ...ဟိုမှာ မင်းသူငယ်ချင်း ဒုက္ခတော်တော် ရောက်နေပြီ၊ ကိုယ်တို့ သူ့ကို သွားကယ်ကြစို့လား"

လင်း တို့သားအမိသည် သူ့အိမ်မှာ ညဉ့်နက်သည်အထိ မနေ ကြပါ။ ည ၉ နာရီထိုးသည့်အခါ စန္ဒာလေး အိပ်ချိန်တန်ပြီဟု လင်း က ဆုံးဖြတ်သည်။ ထို့နောက် ကျွန်မကို နှုတ်ဆက်သည်။ စန္ဒာလေး အား ကျွန်မကို နှုတ်ဆက်ခိုင်းသည်။ ထို့နောက် လင်း သည် သူ့ပါး ပြင်ကို နှုတ်ဆက်အနမ်းဖြင့် ပွေ့ဖက်နှုတ်ဆက်လိုက်လေသည်။

သူက လင်း အား ခြံဝိုင်းအစပ်ထိ လိုက်ပို့ပေးသည်။ ကျွန်မ ကတော့ ဝရန်တာ လက်ရန်းကို တင်းတင်း ဆုပ်၍ သူ့အပြန်ကို စောင့်နေခဲ့ပါသည်။ သူ သည်ဘာကြောင့် ပြန်မလှည့်လာမီမှာပင် ကျွန်မ နှုတ်ခမ်းမှာ အပြုံးက အဆင်သင့်ရှိနေခဲ့ပြီ။ ကဲ...အဲသည်အပြုံးကို ဟန်ဆောင်ပြုံးဟု ဘယ်သူ စွပ်စွဲနိုင်မှာလဲ။ မချိပြုံးဟု ဘယ်သူက ယုံကြည်သယဝင်မှာလဲ၊ ကျွန်မမျက်လုံးမှာ ဘာမျက်ရည်အငွေ့အသက်မျှ မရှိဘူးလေ။

ကျွန်မတို့နှစ်ယောက် ထမင်းစားပွဲမှာပင် ဆက်ထိုင်ပြီး စကား ဆက်ပြောကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ချင်ပြီလား ရတနာ၊ စောပါသေးတယ်နော်၊ ကိုယ်တို့ စကားဆက်ပြောကြမယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သိပ်ကောင်းပါတယ်"

"တစ်ခုခု သောက်ဦးမလား"

"ရေပဲ ပေးပါ"

ဟုတ်သည်။ ကျွန်မ ရင်တွေ ပူနေခဲ့သည်။

သူက ရေပုလင်းကိုပါ ကျွန်မအနားမှာ ချပေးလိုက်၏။ သူ ကိုယ်တိုင်ကတော့ ကိုယ်ကို လျှောကာ ကုလားထိုင် နောက်မှီကို အားရပါးရ မှီလျက် လက်နှစ်ဖက် ပိုက်ထားရင်း ကျွန်မကို ပြုံးကြည့် နေခဲ့သည်။

"ကိုယ်တို့ စောစောက ဘာအကြောင်း ပြောနေခဲ့ပါလိမ့်"

"ရုပ်မြင်သံကြား ဆင်ဆာရှိသင့်တဲ့အကြောင်း"

"ဟုတ်တာပေါ့၊ မင်းမှတ်ဉာဏ် သိပ်ကောင်းတာပဲကိုး"

"ကျေးဇူး တင်ပါတယ်၊ ဒါပေမဲ့ အဲဒီ အကြောင်းကို ဆက် မပြောကြစို့နဲ့၊ ကျွန်မတို့ ဂျက်ဆန်ပေါ့လော့က်အကြောင်းပဲ ဆက် ပြောကြရအောင်နော်"

သူ ကျွန်မအား တအံ့တသြ ပြုံး၍ကြည့်သည်။

"တကယ်...၊ မင်း တကယ်စိတ်ဝင်စားနေတာလား"

"ဟုတ်ကဲ့"

"ကောင်းပြီ၊ သူ့အကြောင်း မင်း ဘာသိချင်လဲ"

ကျွန်မ သူ့အား ခပ်ဆဆ ကြည့်၍ ကျွန်မ သိချင်သော မေး ခွန်းကို မေးလိုက်မိပါသည်။





"ဥပမာ...သူနဲ့ ဒီကူးနင်းနဲ့ ဘယ်သူက ပိုတော်သလဲ၊ ဘယ် သူ့ လက်ရာက ပိုကောင်းသလဲ ဆိုတာမျိုး"

သူ ခပ်ပြုံးပြုံး ခေါင်းယမ်းပြီးနောက် ပင့်သက်တစ်ချက် ရှိုက် သည်။

"ရတနာ...အဲဒီမေးခွန်းရဲ့ အဖြေကို ဂျက်ဆန် ပေါ့လော့က် ကိုယ်တိုင် သိချင်ခဲ့မှာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင် ဒီကူးနင်းကို ပြိုင်ဘက်အဖြစ် သတ်မှတ်ပြီး အသာစီး ရချင်ခဲ့တာ ကိုး"

ကျွန်မ ရေဖန်ခွက်ကို လက်ထဲမှာ ကိုင်ရင်း လှည့်ပတ်ကြည့် နေမိသည်။ ပြိုင်တယ် ဆိုကတည်းက နိုင်ခြေရှိလို့ ပြိုင်ကြတာပေါ့ နော်။

"သူတို့နှစ်ယောက်လုံးဟာ Action painters တွေချည်းပဲ၊ ဒြပ်မဲ့ အရွှတ္တဝါဒီတွေချည်းပဲ။ မင်း မေးတဲ့ မေးခွန်းကို အဲဒီခေတ် က အနုပညာလောကမှာ လူတိုင်း မေးခဲ့ကြတာပဲ၊ သူတို့နှစ်ယောက် ကို အကြောင်းပြုပြီး အနုပညာလောက နှစ်ခြမ်းကွဲသွားခဲ့တယ်လို့ တောင် ပြောလို့ရတယ်။ ဒီကူးနင်းက စနစ်ကျတဲ့ ရှေးရိုးအနုပညာ ကျောင်းမှာ သင်ခဲ့ရသူမို့ သူ့လက်ရာတွေက ပိုပြီး အနုစိတ်တယ်၊ ပိုပြီး သပ်ရပ်တယ်၊ တစ်သမတ်တည်း စံချိန်နဲ့လဲ အလုပ်လုပ်နိုင်ခဲ့ တယ်၊ အရက်ထဲမှာ နစ်မြုပ်ကြတာချင်း အတူတူပေမယ့် ဒီကူးနင်း က လူမှုရေး ညက်တယ်၊ ဖော်ရွေတယ်၊ လူငယ်တွေကို အားပေး တယ်၊ ပေါ့လော့က်လို ကြမ်းတမ်းတဲ့ နောက်ဆုတ်ဖယ်တဲ့ စရိုက်မျိုး မဟုတ်ဘူး၊ ဆိုတော့...ဒီကူးနင်းဘက်ကများ မဲသာခဲ့မလား မပြော နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ သူသည် လက်ထောက် ပြတိုက်မှူးစစ်စစ် ဖြစ်သွားသည်။

"အတော်ပဲ၊ နောက်တစ်ပတ်ထဲမှာ ကိုယ်တို့ အနုပညာ တက္ကသိုလ်ဘက်က လက်ချာခန်းမှာ ဂျက်ဆန် ပေါ့လော့က်အကြောင်း ဟောပြောပွဲတစ်ခု ရှိတယ်၊ မင်း စိတ်ဝင်စားရင် ကိုယ် အစီအစဉ်စာရွက်လေး ယူလာပေးမယ်၊ ပြောမယ့် သူက အရှေ့ကမ်းခြေက ပြတိုက်မှူးတစ်ယောက်ပဲ"

"ကြည့်သေးတာပေါ့လေ၊ ကျွန်မ ပြက္ခဒိန်မှာ အချိန်ဇယား ပြန်ကြည့်ရဦးမယ်"

ကျွန်မ စိတ်ထဲကတော့ ဆုံးဖြတ်ချက် ချလိုက်ပြီးသားပါ။ နောက်တစ်ခါ သူ့ထံ ဖုန်းခဏခဏ မဆက်ရ။ အခိုင်အမာ ကာရံထားပုံ ရသော တံတိုင်းကြီးကို မဖြိုနိုင်မှတော့ တည့်တည့်ကြီး ဝင်တိုးဖို့လည်း မကြိုးစားနဲ့တော့ပေါ့။

ည ဆယ်နာရီခွဲတော့မှ သူ ကျွန်မကို ပြန်ပို့သည်။

ကြယ်ရောင် လရောင် လုံးဝမရှိသော မှောင်မိုက်သည့်ည ဖြစ်ခဲ့သည်။

ကားဆီသို့အသွား လမ်းမှာ ကျွန်မ ချမ်းနေမှာစိုးလို့တဲ့၊ သူ့အနွေးထည် တစ်ခုကို ကျွန်မအား ခြုံစေခဲ့သေး၏။

ဘုရားရေ...၊ ကျွန်မကို ဘာဖြစ်လို့ သည်လောက် နွေးနွေးထွေးထွေး ဆက်ဆံနေရသေးတာလဲ။

သူ့အင်္ကျီ ကျွန်မကိုယ်ပေါ်မှာ လွှမ်းခြုံလိုက်သည့် ခဏမှာပင်





မွှေးပျံ့သည့် သူ့ကိုယ်နံ့သည် ကျွန်မရင်ထဲအထိ စိမ့်ဝင်ပျံ့နှံ့သွားလေသည်။ အဲသည်အနံ့ဟာ ကျွန်မရင်ထဲကနေ ဘယ်တော့မှ ပြန်မထွက်တော့ဘူးဟု ကျွန်မ သိလိုက်သည်။ ထိုအခါ ကျွန်မ တစ်ကိုယ်လုံး နွမ်းဖျော့ကာ ရုတ်တရက် အားငယ်သွားမိသည်။

အဲဒါ ကြင်နာနေတာလား၊ ဒါမှမဟုတ် ရက်စက်နေတာလားဟင်။

သူကတော့ ကျွန်မ မျက်နှာကို အမှောင်ထဲမှာ အကဲမခတ်နိုင်လို့လား၊ သို့မဟုတ် ကျွန်မကို ဂရုမစိုက်မိတာလား မသိ၊ စိတ်အနှောင့်အယှက် ကင်းကင်းဖြင့် ပန်းချီဆရာ၏ ဘဝအကြောင်းကို ဆက်ပြောနေခဲ့သည်။

"အရက်မူးပြီး ကားမောင်းခဲ့လို့ သူ့အသက် ၄၄ နှစ်မှာ ကားမှောက်ပြီး သေသွားခဲ့ရတယ်၊ သူ သေတော့ သူ့မိန်းမက အိမ်ထောင်ရေး အဆင်မပြေလို့ ဥရောပကို ခြောက်ပတ်ကြာ ခရီးထွက်နေတဲ့အချိန်၊ ခပ်ချောချော ခပ်ဖြောင့်ဖြောင့် မိန်းကလေးတစ်ယောက်ကို သူ့အိမ်မှာ ခေါ်တင်ထားတဲ့ အချိန်ပေါ့၊ အဲဒီ မိန်းကလေးက ကားမှောက်တဲ့အထဲမှာ ပါပေမယ့် အသက်မသေခဲ့ဘူး၊ မင်း အံ့သြမလားသိဘူး၊ သူ သေပြီးတဲ့နောက်မှာ အဲဒီမိန်းကလေးဟာ ဒီကူးနင်းနဲ့ ရှုပ်ခဲ့သေးတယ်"

ဒါဖြင့် သေချာပါသည်။ ပေါ့လော့က်ဟာ ဒီကူးနင်းကို ရှုံးသွားခဲ့ပြီပေါ့။

"သူ မသေမီက ဒီလန်တောမတ်စ်ရဲ့ ကဗျာတွေကိုပဲ တိပ် ရီကော်ဒါနဲ့ တစ်ချိန်လုံး နားထောင်နေခဲ့တာလို့ ပြောတယ်၊ သူ သေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့နောက် သူ့စတူဒီယိုထဲမှာ ဘာ့တော့ခ်နဲ့ ဆတရာဗင်စကီးရဲ့ ဂီတခေတ်ပြားတွေနဲ့အတူ ဂျိမ်းစ်ဂျိုက်စ်ရဲ့ ယူလီဆီးကိုလဲ တွေ့ခဲ့ရတယ်တဲ့"

အမြန်လမ်းမ ၁၀ မှ ၄၀၅ သို့ အကူးမှာတော့ ခဏစကားပြတ်သွားရာက သူ စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ဒါနဲ့ လင်းက မင်းကို တစ်ခါလောက် ညစာကျွေးချင်သေးတယ်လို့ ကိုယ့်ကို ပြောတယ်၊ သူ မင်းကို ပြောလား"

"ဟုတ်ကဲ့...ပြောတယ်"

နေဦး၊ သည့်ထက်ပိုပြီး ကျွန်မ တက်ကြွစွာ စကားပြန်ဖို့ လိုမလား မသိ။ ကျွန်မ သူ့ဘက်သို့ တည့်တည့်လှည့်ကြည့်ပြီး ပြုံးရယ်လိုက်သည်။

"ကျွန်မမှာ ကားမရှိတော့ ရှင်ပဲ ကျွန်မကို အခုလို ဝင်ကြိုရဦးမှာပဲနော်၊ ကျွန်မနဲ့ သူငယ်ချင်းဖြစ်ရတာ ရှင်တော့ အကြီးအကျယ်ဒုက္ခပဲ...သိလား"

သူ ပေါ့ပါးစွာပြုံး၍ ခေါင်းယမ်းသည်။

"အို...ဒါ အကြီးအကျယ်ဒုက္ခမဟုတ်ပါဘူး၊ မင်းကို လာကြိုပြီး ပြန်ပို့ပေးရတာ ကိုယ် စိတ်ချမ်းသာပါတယ် ရတနာ၊ လင်းရဲ့သားအမိနဲ့ နောက်တစ်ခါတွေ့ဖို့ မင်း စိတ်ပါရဲ့လား"

သည်ညအဖို့ ပထမဦးဆုံးအကြိမ် သူ့ထံမှ ရလိုက်သော တိုက်ရိုက် မေးခွန်းတစ်ခု ဖြစ်သည်။ ကျွန်မ လျှင်မြန်စွာ ဖြေလိုက်ရ၏။

"အို...စိတ်ပါတာပေါ့၊ စန္ဒာနဲ့ ကျွန်မနဲ့ အရုပ်ကားချပ်ဆတ်တမ်း ကစားချင်သေးတာ ကိုနေသန့်ရဲ့"

သူ ခပ်ဟဟ ရယ်သည်။





"သိပ်ဉာဏ်ကောင်းတဲ့ ကလေးမလေး၊ ကျွန်မ သူ့ကို သိပ်ချစ်တာပဲ"

သူ ကျွန်မဘက် တည့်တည့်လှည့်ကြည့်စဉ် သူ့မျက်ဝန်းများ ...က်ခနဲ တောက်ပသွားသည်ကို ဒက်ရှ်ဘုတ်မှ မီးရောင်ဖြင့် မြင်လိုက်ရသည်။

"ကိုယ်လဲ ချစ်တာပဲ၊ ဘယ်သူ မချစ်ဘဲ နေမလဲ"

ဟုတ်တာပေါ့နော်။ အဲသည်ဘက်မှာ ကြိုးက တစ်ချောင်းတည်း မဟုတ်ဘဲကိုး။ နှစ်ချောင်းဖြစ်နေသေးရဲ့။ နောက်ပြီး ဘယ်...နှ်းကတည်းက တွယ်ငြိခဲ့တဲ့ သံယောဇဉ်ကြိုးတွေလဲကွယ်။

"လင်းက အရင်က ကိုယ်နဲ့ ဌာန တစ်ခုတည်း အလုပ်လုပ်ခဲ့တာ၊ အခုတော့ စပိန်ဘာသာ သင်တဲ့ ဆရာမအလုပ် ဝင်လုပ်နေတယ်၊ ဒီအလုပ်လဲ ပင်ပန်းတာပဲ၊ ကလေးအတွက်ရော...အလုပ်အတွက်ရော...အိမ်အတွက်ရော...သူ့မှာ နားချိန်မရှိဘူး၊ တတ်နိုင်သမျှတော့ ကိုယ် သူ့ကို အမြဲကူညီပေးပါတယ်"

သည်နေ့ညကျမှပဲ မှောင်လှချည်လားကွယ်။

ကျွန်မ အဆောင်ရှေ့မှာလည်း ဘာပန်းပင်ကမှ ရနံ့မမွှေးနေ... မှောင်မည်းတိတ်ဆိတ်မှုအောက်မှာ အဆောင်ရှေ့က သစ်ပင်ကြီးသည် ပို၍ငြိမ်သက်နေ၏။

အနွေးထည်ကို ပခုံးပေါ်မှ ခွာ၍ ထိုင်ခုံပေါ်မှာ ချပေးလိုက်...င်း ကျွန်မ ကားထဲက ထွက်လိုက်သည့်အခါ ကျွန်မ၏ ခြေထောက်...မှာ ဘာခွန်အားမှ မရှိတော့သလို ခံစားရသည်။ ကျွန်မ လက်...ကရော...ကားတံခါးပြန်ပိတ်တာကလေးကိုပင် ခပ်ပြင်းပြင်း ...တ်နိုင်၍ သူ ဆင်းလာပြီးမှ ပြန်ဖွင့်ပြီး ပြန်ပိတ်ပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်ဖျားမှာ၊ ခြေဖျားမှာ၊ နှလုံးသားမှာ...အရင်က ရှိခဲ့
သည့် ရှင်သန်ခြင်းခွန်အားတွေ ဘယ်ကိုရောက်သွားပြီလဲ။ ဘုရား
ဘုရား...ကျွန်မ သူ့ရှေ့မှ ပျောက်ကွယ်ချင်လှပါပြီ။

"ကဲ...ရတနာ"

ကျွန်မအနီးမှာ သူကပ်၍ ရပ်နေသည်။ ကျွန်မကို နှုတ်ဆက်
ဖို့ သူ စောင့်နေသည်။ ခဏလေးတော့ ဆက်ပြီး ဟန်ဆောင်ပြုံး
လိုသေးသည်။

"ညစာအတွက်ရော ပျော်ရွှင်ချမ်းမြေ့စရာ ညနေခင်းအ
အတွက်ရော သိပ်ကျေးဇူးတင်ပါတယ်"ဟု ကျွန်မ ခပ်ပြုံးပြုံး ပြေ
တော့ သူက "သေချာတာပေါ့"ဟု ထုံးစံအတိုင်း ပြန်ဖြေပါသည်

"ကိုယ်တို့ရဲ့ ညစာစားပွဲကလေးဟာ မင်းကြောင့် ပိုပြီး ဖြ
စုံသွားတာမို့ မင်းကို ကိုယ်က ကျေးဇူးတင်တယ်"

"သေချာတာပေါ့"ဟု ကျွန်မ ပြန်၍အတုခိုးလိုက်၏။

ထို့နောက် ကျွန်မ၏လက်ဖျားနှစ်ဖက်ကို ထုံးစံအတိုင်း
ဆွဲယူ ထွေးဆုပ်ကာနှုတ်ဆက်သည်။

"ဂရုစိုက်နော်...ရတနာ"

သူ့နွေးထွေးသည့် လက်များထဲတွင် ခွန်အားမဲ့သည့် ကျွ
လက်ကလေးတွေ ပျော့ခွေနေသည်။

"ဟုတ်ကဲ့"

"ကောင်းကောင်းအိပ်"

ဟင်...ပြောမှ ပြောရက်လေခြင်းကွယ်။

သို့သော် ကျွန်မ တစ်ချက်ရယ်လိုက်ပါသည်။

"သေချာတာပေါ့၊ ကျွန်မ ကောင်းကောင်းအိပ်ပျော်မှာပါ





ထို့နောက် ကျွန်မ၏လက်များ သူ့လက်ထဲမှ လွတ်ကျသွား
သည်။ သူကတော့ လွှတ်ချတာ မဟုတ်ပါ။ ဖြေလျှော့ပေးလိုက်ရုံ
သာ ဖြစ်သည်။ ကျွန်မ လက်တွေကိုက ခွန်အားမှ မရှိတော့ဘဲ။

"ကောင်းသောညပါ"...တဲ့။

ဟုတ်ကဲ့...ကောင်းသောညပါ ကိုနေသန့်။

အင်အားမဲ့သော ညာလက်ဖြင့် ရှပ်အင်္ကျီအိတ်ထဲ နှိုက်၍ သော့
တွဲ ထုတ်ယူလိုက်ရင်း နောက်သို့ တစ်လှမ်းဆုတ်ကာ သူ့ကို လက်ပြ
နှုတ်ဆက်လိုက်သည်။

သူ့မျက်နှာမှာ အပြုံးမရှိဘဲ တည်ကြည်နေသည်။ သူ ကျွန်မ
ကို အကဲခတ်နေသလား။

ကျွန်မ မျက်နှာမော့ကာ တစ်ချက်ပြုံးပြီးနောက် ချာခနဲ လှည့်
ကာ လှေကားထစ်နှစ်ထစ်ကို ပေါ့ပေါ့ပါးပါး တက်လိုက်၏။

သို့သော် သူ့ကို ကျောပေးလိုက်ရချိန်တွင် သုံးလေးနာရီစာ
ကျွန်မ တင်းဆည်ထားသမျှ ဟန်ဆောင်မှုတွေသည် တစ်ခါတည်း
ပြိုကျသွားတော့သည်။ မှန်တံခါးအထက် မျက်နှာကြက် တိုင်တို
လေးမှ မီးလုံး အလင်းရောင်ဖျော့ဖျော့သည် ခါတိုင်းထက် မှိန်၍
အားနည်းနေ၏။ ကျွန်မမျက်စိတွေ ရီဝေလာသည်မှာ နာကျင် ဝမ်း
နည်းမှုကြောင့် ဖြစ်နိုင်ပါသည်။

သော့တွဲထဲက သော့သုံးချောင်းအနက် ဘယ်သော့က ဂိတ်
တံခါးသော့လဲဟု ရုတ်တရက် သတိမရတော့ဘဲ ကြောင်သွားသည်။
ဘယ်သော့လဲ...ဘယ်သော့လဲ။ ပူပူထူထူဖြင့် သော့သုံးချောင်းလုံး
ကြိုးစားကြည့်လျက် တစ်ခုမှ ဖွင့်လို့ မရတော့ပေ။ လက်တွေက
တုန်ကယင်နှင့် ခွေညွတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ…ဘယ်သော့လဲ၊ မြန်မြန်ပွင့်ပါတော့။

ကျွန်မ၏ ပါးပြင်ပေါ်မှာ ပူနွေးသည့် မျက်ရည်များ တစ်လိ
ချင်း လိမ့်ဆင်းကျနေကြောင်း အထိတ်တလန့် သတိပြုလိုက်မိ
မှာပင် ကျွန်မလက်က သော့တွဲသည် လွတ်ကျသွား၏။

ဘုရားရေ…ကျွန်မ တစ်ကိုယ်လုံး ပူထူကာ မျက်စိတွေ ပြာ
သွားသည်။ ဘုရားသိကြား မ,လို့ သူ ပြန်ထွက်သွားပြီ ဖြစ်ပါ
ဟင့်အင်း…မဖြစ်နိုင်ဘူး၊ သူ့ကားသံမှ ကျွန်မ မကြားရသေးတာ

ကျွန်မ သည် သော့ကို ကောက်ဖို့ ဒူး ထောက် ထိုင် ချ ခဲ့တာ
လား၊ အလိုအလျောက် ဒူးတွေ ညွှတ်ကျခွေလျော့သွားခဲ့တာလ
မသိနိုင်ဘဲ မှန်တံခါးရှေ့မှာ ဒူးထောက်လျက်သား ကျသွား၏။ သေ
တွဲကလေးကို တုန်ယင်သော လက်က လှမ်းကိုင်တော့မည်ဆဲဆဲမှ
အဲသည်သော့တွဲကို လက်တစ်ဖက်က လျင်မြန်စွာ ကောက်ပြီးသာ
ဖြစ်သွားသဖြင့် ကျွန်မလက်က သူ့လက်နှင့်သာ ထိသွားပါသည်

အံ့သြတကြီး တုန်လှုပ်သွားသဖြင့် ရုတ်တရက် မော့ကြည့်လို
မိသည့်အခါ ကျွန်မကို ငေးစိုက်ငုံ့ကြည့်နေသော သူ့ကို မြင်လို
ရသည်။

"ရတနာ …"

အို…။ ကျွန်မ ဗြုန်းခနဲ ခေါင်းပြန်ငုံ့ချလိုက်ပေမယ့် နော
ကျသွားခဲ့ပြီဟု ကျွန်မ သိနေပါသည်။ သူ ကျွန်မကို မြင်သွားပြီ
ကျွန်မရဲ့ ဟန်ဆောင်မှုတွေ ကွာကျကုန်ခဲ့ပြီ။ အခုတော့ သူ့ရှေ့
ကျွန်မ လှလှပပကြီးကို အရှုက်ကွဲသွားခဲ့ပြီပေါ့။

သူ ကျွန်မ၏ပခုံးနှစ်ဖက်ကို အသာပွေ့၍ ဆွဲထူလိုက်တာ
ခံစားရသည်။





ဟင့်အင်း…ကျွန်မ မထချင်ဘူး။

သို့သော် သူ ဆွဲထူရာသို့ ပျော့ခွေစွာပင် ပါသွား၏။ ညွှတ်ကျနေသော ခြေအစုံကို အားတင်း၍ ရပ်နေရသောကြောင့် တဆတ်ဆတ် တုန်ရီနေသည်။ သူ့ရင်ခွင်က ကျွန်မနှင့် အလွန်နီးကပ်နေသည့်အခါ ထိုရင်ခွင်၏ နွေးထွေးမှုက ကျွန်မကို ပို၍ပင် ဝမ်းနည်းအားငယ်စေတော့သည်။

အဲဒါ ကျွန်မ မက်မက်မောမော မှီတွယ်ချင်ခဲ့တဲ့ ရင်ခွင်လေ။

သူက ကျွန်မပါးပြင်မှ မျက်ရည်တို့ကို လက်မဖြင့် ခပ်ဖွဖွ သုတ်ပေးသည်။

"ဝမ်းနည်းပါတယ် ရတနာ…ကိုယ် မရည်ရွယ်ခဲ့ပါဘူး၊ ကိုယ်တကယ် ဝမ်းနည်းပါတယ်"

"မဟုတ်ပါဘူး၊ ဒါ ရှင့်အပြစ် မဟုတ်ပါဘူး"

အားတင်းပြုံးပြရင်း သူ့ကို နှုတ်သိမ့်လိုက်သော ကျွန်မ၏ အသံသည် တိမ်ဝင်သွား၏။

သူက ရုတ်တရက် ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲယူ ပွေ့ဖက်လိုက်လေသည်။ ထိုအချိန်ကျမှ ဗြုန်းခနဲ ရှက်ရွံ့ဝမ်းနည်းသွားမိကာ တစ်ချက် ရှိုက်လိုက်မိသွားသည်။ သို့သော် သူ့ရင်ခွင်မှာ မျက်နှာအပ်ထား ခံနေရလျက်သားနှင့်ပင် သူ့ကို ပြန်မပွေ့ဖက်ဘဲ အံကြိတ်ကာ လက်နှစ်ဖက်ကို သည်အတိုင်း ဘေးမှာ တွဲလောင်းချထားလိုက်မိ၏။

ဟောဒါ…ကျွန်မ အင်မတန် တမ်းတခဲ့တဲ့ ရင်ခွင်ပါ။ သည်ရင်ခွင်ကို ကျွန်မ မပိုင်ဘူး၊ ကျွန်မနဲ့ လုံးဝ မဆိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းဆီကို ဒီလောက် နီးနီးကပ်ကပ် တိုးလာခဲ့ဖို့ မကောင်းဘူး၊ အဲဒါ...ကိုယ့်အမှားပါ"

ရှိပါစေတော့ကွယ်။

သူ့လက်တစ်ဖက်က ကျွန်မ၏ကျောကို တင်းတင်းဖက်ထား ချိန်တွင် အခြားလက်တစ်ဖက်က ကျွန်မ၏ဆံပင်တိုကလေးကို ခပ်ဖွဖွ သပ်ပေးနေသည်။

သူ ကျွန်မကို သနားသွားတာပေါ့နော်။ ကျွန်မကို သနားစရာ ကလေးလို့ မြင်သွားပြီပေါ့။

ကျွန်မမျက်နှာ နွေးခနဲပူသွားသဖြင့် သူ့ရင်ခွင်မှာ သူဖိကပ် ထားသော ကျွန်မမျက်နှာကို ရုန်းဖယ်ရန် ကြိုးစားကြည့်မိသည်။

"ကျွန်မ...သွားတော့မယ်"

ပျော့ညံ့လှသော ကျွန်မအသံ တိုးတိုးကလေးမှာ ကျွန်မကိုယ် တိုင် ကြားရရုံကလေး တိမ်ဝင်နေ၏။ သို့သော် သူကြားခဲ့ပါသည်။ သူက ကျွန်မကို အသာအယာပင် ပြန်လွှတ်ပေးလိုက်သည်။

ထို့နောက် ကျွန်မ၏သော့တွဲကို သူကပဲ ရွေးချယ်စမ်းသပ်၍ ဖွင့်ပေးသည်။ တံခါးကို ကျွန်မအတွက် အကျယ်ကြီး ဆွဲဖွင့်ပေး ထားသည်။

"ကိုယ် လိုက်ခဲ့ရမလား၊ မင်း... ဖြစ်ရဲ့လား"

သူ့မျက်နှာကို မော့မကြည့်ရဲပေမယ့် သူ့အသံ၌ စိုးရိမ်ပူပန်မှု အရိပ်အငွေ့တွေကို ကျွန်မ ခံစားလို့ရနေသည်။

"ဖြစ်ပါတယ်"

ကျွန်မလက်ထဲသို့ သော့တွဲကလေး ရောက်လာသည်။ ကျွန်မ မှန်တံခါးတစ်ဖက်သို့ ဝင်လိုက်ပါသည်။





"ရတနာ..."

သည်တစ်ခါတော့ နည်းနည်း ဝေးသွားပြီမို့ သူ့ဘက်သို့ မဝံ့ မရဲ လှမ်းကြည့်မိသည်။ သူ တံခါးကို ဆွဲဖွင့်ထားဆဲ၊ ကျွန်မကို စိတ် ချနိုင်သလို လှမ်းအကဲခတ်နေဆဲ။

"ကိုယ် အိမ်ရောက်ရင် မင်းဆီ ဖုန်းဆက်လိုက်ရမလား"

"ဟင့်အင်း...ကျွန်မ အိပ်တော့မယ်"

သူ ခပ်ဆဆ ကြည့်ရင်း ထပ်မေးပြန်၏။

"ကိုယ် လိုက်ဖို့ မလိုတာ သေချာရဲ့လား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ တစ်ယောက်တည်း နေပါရစေ"

"အိုကေ...အိုကေ"

သူက တံခါးကိုင်ထားသည့်လက်ကို လွှတ်လိုက်ပြီး လက်နှစ် ဖက် မြှောက်ပြသည်။ မှန်တံခါးသည် အသံမြည်လျက် ပြန်ပိတ် သွားသည်။ သူ နောက်သို့ ခြေလှမ်းဆုတ်ရင်း လှေကားထစ်မှ ဆင်း လိုက်လေသည်။

ကျွန်မ ရင်ထဲမှာလည်း တံခါးတစ်ချပ် နာကျင်စွာ ပိတ်သွား ပြီ။

○

www.burmeseclassic.com

www.burmeseclassic.com



Broken Forms (1914); Franz Marc,
Oil on Canvas, (112 x 84.5 cm),
New York, Solomon R. Guggenheim Museum

www.burmeseclassic.com

www.burmeseclassic.com

ပင့်ခ်ဖလွိုက်ဒ် (Pink Floyd) သည် ၁၉၆၅ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာကျော် အင်္ဂလိပ်ဂီတတီးဝိုင်း ဖြစ်သည်။

သူတို့အဖွဲ့၏ သီချင်းများ အားလုံးတွင် သီဆိုသည့် သီချင်းစကားလုံးထက် ဂီတကပို၍များနေတတ်သည်။ သူတို့၏ သံစဉ်တေးသွားများသည် သီဆိုရန် အဆင်ပြေပြေ လုပ်သာယာနေတတ်သည် မဟုတ်။ ရင်ထဲက လိုက်ပါခံစားနေရမည့် သံစဉ်ဂီတများ ဖြစ်သည်။ သီချင်းစာသား စကားလုံးများကလည်း နက်ရှိုင်းစွာ တွေးခေါ်ရမည့် ကဗျာ သို့မဟုတ် စာတမ်းများ ဖြစ်သည်။

သူတို့အဖွဲ့၏ သီချင်းတွေသည် သီချင်းဂီတသက်သက်မဟုတ်၊ စိတ်ဖြင့် ခရီးသွားလို့ရသည့် ယာဉ်တစ်ခုစီလည်း ဖြစ်သည်။ သူတို့၏ ထူးခြားဆန်းသစ်သော ဂီတဖွဲ့စည်းမှုသည် သီချင်းတစ်ပုဒ်ထက် စိတ်ဖြင့် ခံစားလို့ရသည့် အဖျော်ဖြေပန်းချီကား တစ်ချပ်စီလည်း ဖြစ်သည်။

# ပင့်ခ်ဖလွိုက်ဒ်နဲ့ ဒဏ်ရာည

အချိန် ဘယ်လောက်ကြာခဲ့ပြီလဲဟု သတိမထားမိဘဲ ဤနေရာမှာ ကျွန်မ မတ်တတ်ရပ်နေခဲ့ပါသည်။

ဤနေရာမှာ မိန်းမ တစ်ယောက် ကြာမြင့်စွာ မတ်တတ်ရပ်နေခြင်းသည် ဘယ်သူ့အတွက်မှ အံ့သြစပ်စုစရာအကြောင်းတစ်ခု မဟုတ်ခဲ့။ ဤနေရာမှာ မိန်းမ တစ်ယောက်တည်းသော် လည်းကောင်း၊ ယောကျ်ားတစ်ယောက်တည်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း မတ်တတ်ရပ်လိုက ရပ်နေနိုင်သည်၊ လမ်းလျှောက်လိုက လျှောက်နေနိုင်သည်၊ အကြာကြီး ထိုင်လိုက ထိုင်နေနိုင်သည်။ မျက်စိတစ်ဆုံး နက်ရှိုင်းကျယ်ပြန့်သော ကြောက်မက်ဖွယ် သမုဒ္ဒရာပြင်ကြီးကို မျက်တောင်မခတ် အကြာကြီး ငေးမောကြည့်နေနိုင်သည်။ အဲသည်မျက်လုံးအစုံမှာ မျက်ရည်တွေ စုနိုင် လိမ့်ဆင်းကျနေသည် ဖြစ်ခဲ့လျှင်လည်း ဘယ်သူမှ ဂရုစိုက်မိမှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဤကမ်းခြေတွင် လာရောက်အပန်းဖြေအနားယူသူများ၊ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း လာလုပ်သူများ၊ ရွက်လှေဘုတ်ပြားတစ်ချပ်ဖြင့် လှိုင်းစီးသူများ…သူတို့အားလုံး မိမိ၏ သီးသန့် ကမ္ဘာထဲမှာသာ နေထိုင်တည်ရှိကြသည်။

ကျွန်မကလည်း ဝမ်းနည်းအားငယ်ခြင်း ဟူသော သီးသန့်ကမ္ဘာတစ်ခုထဲမှာ အတွေးစ ဖြတ်တောက်နှောင့်ယှက်မည့်သူ မရှိလွတ်လပ်စွာ လွင့်မျောနေခဲ့ပြီးပြီ။

ဟိုးအဝေးဆီက အပြာရောင် ရေလှိုင်းပြင်ကြီးသည် ကမ်းစပ်ဆီသို့ တရွေ့ရွေ့ နီးလာလေ ပို၍ပို၍မြင့်လာလေ၊ ကျွန်မရှေ့ ရောက်သည့်အခါ ဖြူဖွေးသော လှိုင်းတန်းကြီးအဖြစ် ဖွားခနဲ ပေါက်ကွဲသွားလေသည်။ အချိန်ကြာသည်နှင့်အမျှ ဒီရေလှိုင်း ခုန်တက်သည့်အရှိန် ပို၍ပို၍မြင့်လာသလို လှိုင်းတက်လာသည့် ခရီးအကွာအဝေးလည်း ပို၍ပို၍ ရှေ့ရောက်လာ၏။ သဲပြင်စိုစိုပေါ်မှာ မတ်မတ် ရပ်နေသော ကျွန်မခြေထောက်ရှေ့ ခပ်လှမ်းလှမ်းအကွာမှ ပြန်ပြန်ကျသွားခဲ့သော ရေလှိုင်းသည် ယခုအခါ ကျွန်မခြေထောက်သို့ လာ၍ရိုက်ခတ်နေပြီ။ ခြေအိတ်အတွင်းမှ ရှေ့ခြေဖျားတွေမှာ အေးစက်သော ဆားငန်ရေကြောင့် ထုံထိုင်းလာခဲ့ပြီ။

အရပ်ရှစ်မျက်နှာမှ အကာအဆီးမရှိ ကြမ်းတမ်းစွာ တိုက်ခတ်နေသော စူးရှအေးစက်သော လေကြောင့် ကျွန်မ တစ်ကိုယ်လုံးအေးခဲ ထုံကျင်လျက် ရှိသည်။ ဤနေရာမှာ ယခုလို ညနေစောင်းသည်အထိ နေဖြစ်လိမ့်မည်ဟု မထင်ခဲ့သဖြင့် လေဒဏ်နှင့်အအေးဒဏ်ကို ကာကွယ်နိုင်မည့် လုံလောက်စွာ နွေးထွေးသည့် အကျိုးအ[illegible]





အစားကို မဝတ်ဆင်ခဲ့မိပါ။ ယခုတော့ ကျွန်မတစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက် ရှိသည်။ သို့ပါလျက် နေရာရွှေ့ဖို့သော်လည်းကောင်း၊ ပြန်လှည့်ဖို့သော်လည်းကောင်း ကျွန်မ အဆင်သင့် မဖြစ်ခဲ့။ ပြန်ချိန်တန်ပြီဟု သိပါလျက်နှင့် မပြန်ချင်ခဲ့။

သမုဒ္ဒရာသည် ကျွန်မကို အစွမ်းကုန် ညို့ယူလျက်ရှိလေသည်။

ဟိုးရှေ့တည့်တည့် မိုင်ပေါင်း ထောင်နှင့်ချီ၍ ဝေးလံသော အစက်ကလေး တစ်စက်ဆီမှာ ကျွန်မ၏အိမ် ကျန်ခဲ့သည်။ ကျွန်မကို နွေးထွေးစွာ ချစ်ခင်ယုယတတ်သည့်၊ ကျွန်မမျက်ရည်ကို မကြည့်ရက်သည့် မိသားစု မောင်နှမတွေ ကျန်ခဲ့သည်။ ကျွန်မမျက်နှာကို အရိပ်တကြည့်ကြည့် အကဲခတ်၍ လိုအပ်သမျှ စိတ်ဓာတ်ခွန်အားကို ဖြည့်ဆည်းပေးတတ်သည့် သူငယ်ချင်းတွေ ကျန်ခဲ့သည်။

ယခု ကျွန်မအနီးမှာတော့ ကြောက်မက်ဖွယ် ရေပြင်ကြီးနှင့် သုစိမ်းပြင်ပြင် လူတွေ…။

သူစိမ်းပြင်ပြင်…၊

မဟုတ်ပါ။ ကျွန်မဘေးမှာ ကျွန်မကို ခင်မင်ရင်းနှီးစွာ စောင့်ရှောက်မည့်သူတွေ ရှိနေပါသေးသည်။ အနည်းဆုံး မိုးသောက်ပန်းအိမ်မှ မိတ်ဆွေတွေ ရှိသည်။ မမချယ်ရီတို့ မောင်နှမ ရှိသည်။ ဦးရှားမင်း ရှိသည်။ နောက်ပြီး…သူ…။

သူ…ဟု စဉ်းစားလိုက်သည့်အချိန်မှာ ကျွန်မ မျက်ဝန်းသည် မျက်ရည်ဖြင့် ရတ်တရက် ဝေဝါးလာပြန်သည်။

ယခုအချိန်မှာ ကျွန်မနှင့် သူ့အကြား တံတိုင်းတစ်ခု ခြားနေပြီ ဆိုဦးတော့၊ ယခုအချိန်မှာ သူ့ကြောင့် ကျွန်မ ဝမ်းနည်းအားငယ်စွာ နာကျင်ကြေကွဲနေရပြီ ဆိုဦးတော့၊ သူ…ကျွန်မအပေါ်မှာ (အ



www.burmeseclassic.com

www.burmeseclassic.com



နည်းဆုံး) သူငယ်ချင်းတစ်ယောက်၏ မေတ္တာဖြင့် ယုယစွာစောင့် ရှောက်ခဲ့ဖူးပါသည်။

သူနှင့်ကျွန်မ အကြားမှာ ရှိအပ်သည့် အကွာအဝေးထက် ပို၍ နီးကပ်အောင် ခြေလှမ်းပြင်ခဲ့မိသည်က ကျွန်မသာ ဖြစ်၏။ သို့ပါ လျက် ယခုအခါ လိုအပ်သည့်အကွာအဝေးထက် ပို၍ ဝေးကွာသွား အောင် နောက်ဆုတ်ဖယ်ဖို့ အားယူနေသူကလည်း ကျွန်မပဲ ဖြစ် သည်။

သူကတော့ ယခုအချိန်ထိ ကျွန်မအပေါ်မှာ သံယောဇဉ်မပြတ် ဘဲ စိုးရိမ်ပူပန်ဆဲ၊ သူ့ကို ရုတ်တရက်ရှောင်ဖယ်သွားသည့် ကျွန်မ အား ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးစားဆဲ။

ကြာသပတေး ညစာစားပွဲ၏နောက် နောက်နေ့ နံနက် ၈ နာရီ မှ စပြီး သူ ကျွန်မဆီ သုံးရက်တိတိ ဖုန်းဖြင့် စကားပြောဖို့ ကြိုးစား ခဲ့ပါသည်။

သောကြာနေ့ နံနက် ၈ နာရီမှာ ကျွန်မက အိပ်ရာထဲမှာပဲ ရှိ သေးသည်။ ညတုန်းက နံနက် ၁ နာရီထိုးပြီးသည်အထိ အိပ်မရ၍ သောကြောင့် ဆေးသောက်ပြီး အိပ်ခဲ့ရသည်ဖြစ်ရာ နံနက် ၈ နာရီ တွင် တယ်လီဖုန်းသံ ကြားရသောအခါ ကျွန်မ ကိုယ့်ကိုယ်ကိုမနည်း ပြန်ရှာဖွေနေခဲ့ရ၏။ မှေးခနဲ ပြန်အိပ်ပျော်သွားချိန်မှာ နောက်တစ် ကြိမ် တယ်လီဖုန်း မြည်လာပြန်တော့ အိပ်ချင်မူးတူး ထ လိုက် တော့သည်။ တယ်လီဖုန်းဖြေစက်ကလေး ခလုတ်ဖွင့်ထားခဲ့မိလျှင် အကောင်းသားဟု နောင်တ ရပြီး ကိုယ့်ကိုယ်ကို အားတင်းကာ မိမိ ဆီသို့ တရွတ်ဆွဲ ပြေးသွားခဲ့ရသည်။

"ဟဲလို..."





အိပ်ချင်မူးတူး ရှိဝေနေသော အာရုံမှာ တစ်ဖက်က 'ရတနာ' ဟု ခေါ်သံကို ကြားလိုက်ရတော့ ဆတ်ခနဲ လန့်ဖျပ်သွား၏။ သူ...။

"ဟုတ်ကဲ့"

ကျွန်မ၏ အိပ်ချင်မူးတူးအသံကို သူ ခံစားမိပုံ ရသည်။

"ကိုယ် မင်းကို အိပ်ရာက နှိုးလိုက်မိသလား"

"ဟုတ်ကဲ့"

"ဆောရီး...ရတနာ၊ ကိုယ်က မင်း နေကောင်းရဲ့လားလို့ စိတ် ပူလို့ပါ၊ အကြောင်းထူး မရှိပါဘူး၊ ဆက်အိပ်ပါ၊ ကိုယ် နောက်မှ ခေါ်မယ်...ဟုတ်ပလား။ မင်းအသံကို ကြားလိုက်ရလို့ ကိုယ် စိတ် ချမ်းသာသွားပါပြီ"

သူ ချက်ချင်း ဖုန်းချသွား၏။

သူက ဘာထင်နေလို့လဲ။ ကျွန်မ ဘာဖြစ်နေမယ်လို့ ထင်လို့ လဲ။ ကောင်မလေးတစ်ယောက် အိပ်ဆေးတွေ သောက်ပြီး မနိုးတမ်း အိပ်ပစ်မယ်များ ထင်နေသလား၊ ဟား ဟား...ဝေးပါသေးတယ် ကွယ်။

ကျွန်မ ဘာမှ မခံစားရပါဘူးဆိုတာ သူသိအောင် ဘယ်လိုပြ ရပါမလဲ။

သူ ရှိနိုင်တဲ့ နေရာကို သွား၊ မျက်နှာကလေး မော့ပြီး ဘာမှ မဖြစ်တဲ့ အပြုံးကလေးနဲ့ မမျှော်လင့်ဘဲ ဆုံသလို ဟန်ဆောင်...။

'ဟော့ ကိုနေသန့်... ပြတိုက် စားသောက်ဆိုင်မှာ ကော်ဖီ သွား သောက်ကြမလား၊ ဒီနေ့ ကျွန်မ ကျွေးမယ်၊ မနေ့က စကောလားရှစ် ထုတ်ထားလို့'



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မျက်နှာချင်းဆိုင် ထိုင်မှာပေါ့။ သူက ကျွန်မကို ခ
ငေးငေး ပြုံးကြည့်နေလိမ့်မည်။

ဘုရားရေ...၊ အဲသည်အပြုံးပေါ့။ ကျွန်မ နှလုံးသားကို ဆွဲထု
ယူသွားခဲ့တာ အဲသည်အပြုံးပဲ။ မဖြစ်နိုင်ပါဘူး၊ ကျွန်မ ဘာမှမဖြ
သလို ဟန်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မမှာ တစ်ခုခုဖြင့် ထိ
ခိုက်ခိုက်ကြီး နာကျင်စွာ ဖြစ်ပေါ်သွားခဲ့ပြီးပြီလေ။ ဘာမှမဖြစ်သ
ဘယ့်နှယ် ဟန်ဆောင်နိုင်တော့မှာလဲ။ သူ ကျွန်မကို စိုက်ကြည့်လို
မယ့် မျက်လုံးအောက်မှာ ကျွန်မဒူးတွေ ညွှတ်ခွေမသွားဘူးလို့ ကျွ
ကိုယ် ကျွန်မ အာမ မခံနိုင်။

'နေကောင်းလား ရတနာ' လို့ ကရုဏာအပြုံးနဲ့များ ကျွန်မ
ကြည့်လိုက်လို့ကတော့ ကျွန်မမျက်လုံးမှာ မျက်ရည်တွေ ချက်ချ
ဝေ့ဝဲလာတော့မှာ၊ မျက်နှာချင်းဆိုင်နေတဲ့ အချိန်မှာ အဲသည် မျ
ရည်တွေကို သူ မမြင်အောင် ကျွန်မ ဘယ်လိုဝှက်ရမှာလဲ။

ကျွန်မကို အိမ်ပြန်ပို့ပေးလို့ ခွဲခွာခါနီး နှုတ်ဆက်ချိန်မှာ ကျွ
ရှေ့မှာ ကပ်ကပ်ကလေး ရှိနေမယ့် နွေးထွေးတဲ့ သူ့ရင်ခွင်မှာ ကျွ
ပျော့ညွှတ်ခွေကျမသွားဘူးလို့ ကျွန်မကိုယ် ကျွန်မ အာမ မခံနိုင

ဟင့်အင်း...မဖြစ်ပါဘူးကွယ်၊ ကျွန်မ ဟန်မဆောင်နိုင်တေ
ပါဘူး၊ ဟန်ဆောင်ဖို့ အင်အားတွေ ကျွန်မမှာ မရှိတော့ပါဘူး၊ ကျွ
ရှင်နဲ့ မတွေ့အောင် ရှောင်မှ၊ ရှင့်အရိပ်တွေကိုတောင် မထိအေ
ရှောင်နိုင်မှ ဖြစ်တော့မှာ။





သောကြာနေ့ညမှာ သူ တစ်ခါဆက်သေး၏။

ကျွန်မ တယ်လီဖုန်း ဖြေသည့် စက်ကို ဖွင့်ထားပြီး အသံကို
နားထောင်ကာ ရင်ခုန်နေခဲ့သည်။

"ရတနာ...ကိုယ်ပါ၊ အခု ည ၁၀ နာရီထိုးနေပြီ၊ မင်း အပြင်
ထွက်နေသလား၊ ဒါမှမဟုတ် ရှိလျက်သားနဲ့ ဖုန်းမကိုင်တာလား၊
အပြင်ထွက်နေတာဆိုရင် ပြန်လာတဲ့အခါ ကိုယ့်ဆီကို ဆက်ပါ၊
ကိုယ် ည ၁၂ နာရီအထိ မအိပ်သေးဘူး"

တယ်လီဖုန်းကလေးကို ကျွန်မ ငေးစိုက်ကြည့်လျက် မလှုပ်
မယှက် ရပ်နေခဲ့မိသည်။

သူ့ဆီ ကျွန်မ ပြန်မဆက်ပါ။ သူ ရိပ်မိသွားမှာပါပဲ။

စနေနေ့ညမှာ သူ ဆက်သွယ်ခဲ့တော့လည်း ကျွန်မ တယ်လီ
ဖုန်း မဖြေခဲ့ပါ။ ဖြေစက်ထဲမှ တစ်ဆင့် ကျွန်မကို ပြောနေသည့် သူ့
အသံကို နားထောင်ရင်း တစ်ကိုယ်လုံး နွမ်းခွေလာခဲ့သည်။

"ရတနာ...ခဏ ဖုန်းကို ကောက်ကိုင်လိုက်စမ်းပါ၊ ကိုယ် မင်း
အသံကို ကြားရရုံသက်သက်ပါပဲ၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး
ရတနာ..."

တယ်လီဖုန်းကို ကောက်ကိုင်လိုက်မိမှာစိုး၍ မီးဖိုကြမ်းပြင်
ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ရ၏။ လက်နှစ်ဖက်ကို တင်းကျပ်
နေအောင် ပိုက်ထားလိုက်၏။ နာကျင်စွာ တမ်းတစိတ်ဖြင့် ရစ်ဝဲရာ
မှ လျှံကျလာသော မျက်ရည်များကိုတော့ ပခုံးစွန်းဖြင့် ပွတ်တိုက်
သုတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ညမှာလည်း သူ တစ်ခါ ဆက်သွယ်ခဲ့သေးသည်။

"ရတနာ..."

ဘာကြောင့်လဲ၊ ဘာကြောင့် ကျွန်မကို ဆက်သွယ်နေရသေးတာလဲ။ ကျွန်မ သူ့ကို စကားမပြောချင်ဘူးဆိုတာ သူ မသိဘူးလား။

သူ သိပါသည်။ သူ သိလို့ပဲ သူနှင့် စကားမပြောရဘဲ ကျွန်မအသံကို သူ ကြားနိုင်မည့် တစ်ခုတည်းသော နည်းလမ်းကို ပြောပြပြီး အခွင့်အရေးတစ်ခု တောင်းဆိုခဲ့သည်။

"မင်း နေကောင်းတယ်လို့ သေချာချင်လို့ ကိုယ် ခေါ်တာပါ။ မင်း ကိုယ်နဲ့ စကားပြောရမှာ ဝန်လေးနေခဲ့ရင်...ဒီလိုလုပ်ပါ၊ မနက်ဖြန် ကိုယ် ရုံးကို ၉ နာရီမှ ရောက်မှာ၊ ကိုယ်မရောက်ခင် ရုံးကို ဆက်ပြီး ကိုယ့်တယ်လီဖုန်းဖြေစက်ထဲမှာ မင်းအသံကို ထည့်ထားပေးမလား၊ ကိုယ် မင်းအသံကို ကြားရရုံသက်သက်ပါပဲနော်။ ဒါဆိုရင် နောက်နေ့တွေမှာ ကိုယ် မင်းဆီ မခေါ်တော့ပါဘူး၊ ကိုယ် စိတ်ချနိုင်အောင် ဒီတစ်ခုတော့ ကိုယ့်ကို လိုက်လျောပါ ရတနာ၊ ကျေးဇူးပြုပြီး"

သူ့စကားသံ ရပ်သွားသည့်အခါ တိပ်ခွေလေး ပြန်ရစ်သွားပြီး မီးနီကလေးသာ မှိတ်တုတ် မှိတ်တုတ်လင်းလျက် ကျန်ခဲ့သည်။ သူ့အသံ ရှိနေခဲ့သည့် ဖြေစက်ကလေးကို ကျွန်မ ငေးမောရင်း တွေဝေနေခဲ့၏။

ကျွန်မ သူ့ကို စကားမပြောချင်မှန်း သူ သိနေခဲ့သည်။ ကျွန်မကို သူ စိတ်ပူနေခဲ့သည်။

ကျွန်မ သူ့ဆီ ဆက်သင့်သလား၊ ကျွန်မ နေကောင်းနေကြောင်း အသိပေးသင့်သလား။

ကျွန်မအပေါ်မှာ ကြင်နာစွာ ယုယစောင့်ရှောက်ပေးခဲ့သော





သူငယ်ချင်းတစ်ယောက် ကျွန်မအတွက် စိုးရိမ်သောက မရောက်စေသင့်ပါ။

တနင်္လာနေ့ နံနက် ၈ နာရီခွဲတွင် သူဖြစ်စေချင်သည့်အတိုင်း သူ့ရုံးက ဖြေစက်ထဲမှာ စကားသံတစ်ခု ထည့်ပေးလိုက်ပါသည်။

"ရတနာပါ၊ ကျွန်မ နေကောင်းပါတယ်၊ အခုလောက် ဘယ်တုန်းကမှ နေလို့ မကောင်းခဲ့ဖူးဘူး"

ကျွန်မစကားသံကို နားထောင်ပြီးသည့်အခါ သူ ရယ်မောလေမလား။

အခုလောက် ဘယ်တုန်းကမှ နေမကောင်းခဲ့ဖူးဘူးဟု ပြောနေသူ၏ မာကျောကျောစကားသံထဲမှာ သူ့ခွဲခြမ်းစိတ်ဖြာတတ်လျှင် ဝမ်းနည်းနာကျင်မှုတွေကို သူ ရှာတွေ့မှာ အမှန်ပါပဲ။

သူ ကတိတည်ပါသည်။ ထိုတနင်္လာနေ့မှစပြီး ကျွန်မထံ သူ ဖုန်းမဆက်တော့ပါ။

သို့သော် သူ၏ အခြားကတိတစ်ခုကိုလည်း သူ မမေ့ခဲ့ပါ။

ဂျက်ဆန်ပေါ့လော့က်၏ လက်ရာများအကြောင်း ဂန္ထဝင်အနုပညာ တက္ကသိုလ် လက်ချာခန်းမမှာ ဟောပြောမည့် အစီအစဉ် စာရွက်ကို ကျွန်မဆီသို့ စာတိုက်မှတစ်ဆင့် လှမ်းပို့ပေးခဲ့ပါသည်။

ခန်းမ တည်နေရာ၊ ဟောပြောမည့် နေ့နှင့် အချိန်နာရီ၊ ဟောပြောမည့် ပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိအကျဉ်း၊ တက်ရောက်နားထောင်လိုသည် ဆိုလျှင် ထိုင်ခုံနေရာ ကြိုတင်ယူဖို့ ဆက်သွယ်ရမည့် သတင်းဌာန၏ တယ်လီဖုန်းနံပါတ်နှင့် E-mail လိပ်စာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာရွက်၏ အပေါ်ဆုံး ကွက်လပ်တွင် သူ့လက်ရေးဖြင့် ကျွန်မအတွက် စာတစ်ကြောင်း နှစ်ကြောင်း ရေးထားသည်။

'ရတနာ...မင်းအတွက် ထိုင်ခုံနေရာတစ်ခု ကိုယ် စာရင်းပေး ထားပြီးသားပါ၊ လက်ချာခန်းကို မင်း မရှာတတ်ဘူးထင်ရင် ကိုယ့် ဆီ ဖုန်းဆက်လိုက်၊ ကိုယ် တောင်ပေါ်ဘူတာရုံမှာ လာစောင့်နေမယ်'

ကျေးဇူးကြီးလှပါသည်။ သို့သော် ကျွန်မ သူ့ဆီလည်း ဖုန်း မဆက်ခဲ့၊ ဂန္ဓမာသို့လည်း မသွားခဲ့ပါ။

ဂန္ဓမာ သုတေသနတက္ကသိုလ်ဘက်က လက်ချာတွေကိုလည်း ကျွန်မ တစ်ပတ်လုံး လွတ်ခဲ့၏။

တကယ်တော့ သူ့ကိုရှောင်ဖို့သက်သက်တော့ ဂန္ဓမာသို့ မသွား ဘဲ နေစရာမလိုပါ။ ချိန်းဆိုမထားဘဲ သူနှင့် ဘယ်တုန်းကမျှ ဂန္ဓမာ မှာ သွားရင်းဟန်လွဲ မဆုံခဲ့ဖူးသောကြောင့် ဖြစ်သည်။

သုတေသန တက္ကသိုလ်မှာ လက်ချာသွားတက်ရပေမယ့် တစ် ဖက်က ပြတိုက်ဘက်၊ အနုပညာတက္ကသိုလ်ဘက်တွေမှာ ညနေ နာရီခွဲလောက်အထိ အလုပ်လုပ်နေခဲ့သည့် သူ့ကို အမှတ်တမဲ့ တစ်ခါမှ မဆုံဖူးပါ။

ဂန္ဓမာကို ကျွန်မ မသွားခဲ့သည်မှာ သူ့ကို တွေ့မှာ စိုးရိမ်၍ ဖြင့် မဟုတ်ခဲ့ပါ။

အမှန်က ဂန္ဓမာတောင်ကုန်းပေါ်သို့ ကျွန်မ ခြေလှမ်း မချရဲ သာ ဖြစ်သည်။

သူနှင့် အတူ လမ်းလျှောက်ခဲ့ဖူးသော ပလာဇာရင်ပြင်၊ တောင် ပေါ်ဘူတာရုံကလေးသို့ အဆင်း ခမ်းနားသော ကြွေပြားခင်း လှေ ကား ထစ်များ၊ တောင်ပေါ်နှင့် တောင်အောက် ပြေးဆွဲရသော ရထား





တွဲကလေး၊ သေချာပါသည်၊ ကျွန်မ ဂန္ဓမာသို့ သွားခဲ့လျှင် ခြေလှမ်း တစ်လှမ်း လှမ်းတိုင်း သူ့ခြေသံပါ တွဲလျက် လိုက်ပါနေတော့မှာ၊ အသက်ရှူတိုင်း သူ့ကိုယ်နံ့က ကျွန်မဆီမှာ တွယ်ငြိမွှေးပျံ့နေတော့ မှာ၊ ရထားတွဲထဲမှာ သူ့ရယ်သံဖွဖွကို ကြားယောင်နေမိတော့မှာ။

သူ့ထံမှ လွတ်မြောက်ဖို့ ဂန္ဓမာကို ရှောင်မှဖြစ်မည်ဟု ကျွန်မ ထင်ခဲ့သည်။

သူနှင့်အတူ မရှိခဲ့ မနေခဲ့ဖူးသော နေရာတွေသို့ သွားလျှင်ဖြင့် သူ့ထံမှ လွတ်မြောက်နိုင်မည်ဟု ကျွန်မ ထင်ခဲ့သည်။

တကယ်တော့ ဘယ်ကိုပဲ သွားသွား၊ ဘယ်မှာပဲ ရှိရှိ ကျွန်မ အနားနားမှာ သူ အမြဲလို လိုက်ပါနေခဲ့ပါသည်။

ဟောသည် ကမ်းခြေထိတောင် သူက လိုက်ပါနိုင်ခဲ့ပြီ မဟုတ် ဘူးလား။

နက်ရှိုင်းစွာ ပြာလဲ့သော သမုဒ္ဒရာရေပြင်ထက်မှာလည်း သူ့ စကားသံတွေက ပဲ့တင်ထပ်လျက် ရှိသည်။ အေးစက် တုန်ခိုက်စေ သော ရေငွေ့ရောသည့် လေထုထဲမှာလည်း သူ့ရယ်မောသံတွေ၊ စကားသံတွေက ပဲ့တင်ထပ်လျက်ရှိသည်။ ၃ လမ်း လမ်းသာယာ ရှင်း စာအုပ်ဆိုင်တွေမှ လူအုပ်ကြားထဲမှာလည်း သူ၏နူးညံ့နွေးထွေး သည့် အပြုံးမျက်နှာက ရောလျက်ပါနေခဲ့သည်။

သူ့ကို မေ့နိုင်သည်ဖြစ်စေ၊ မမေ့နိုင်သည်ဖြစ်စေ သူ့အရိပ်တို့ ၏ စိုးမိုးခြင်းမှ ရုန်းထွက်နိုင်သည်ဖြစ်စေ၊ မထွက်နိုင်သည် ဖြစ်စေ နောက်ဆုံးတော့ နေ့တစ်နေ့ ကုန်ဆုံးသွားခဲ့ပြန်ပြီ။

အချိန်တန်လို့ ကျွန်မ အခန်းသို့ ပြန်ရတော့မည်။ ဂိတ်တံခါး ပိတ်ချိန်အတွက် အခန်းနီးချင်းတွေ၊ လက်ချာ အတူတက်ဖော် မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တွေကို တွေ့လျှင် တက်ကြွရွှင်လန်းသော အပြုံးဖြင့် သွက်လက်စွာ နှုတ်ဆက်၊ ကွန်ကရစ်လမ်းကလေးပေါ်မှာ၊ ရေကူးကန်မှာ၊ ဂျာကူဇီ ရေနွေးကန်မှာ တွေ့သမျှ လူတွေကို လှမ်းနှုတ်ဆက်၊ ရပ်စကားပြော ပြီးလျှင်တော့ ကျွန်မ၏ အခန်းထဲမှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ဝမ်းနည်း နာကျင်ခွင့် ရမည်။

ကျွန်မသည် အေးခဲတုန်ခိုက်နေသည့် ကိုယ်ခန္ဓာကို နွေးထွေး လာရန်နှင့် ရင်ထဲက ဝမ်းနည်းနာကျင်မှုတွေကို မောပန်းခြင်းက ဖုံး လွှမ်းသွားစေရန် ကမ်းခြေမှ ဘတ်စ်ကားဂိတ်အထိ ခပ်သွက်သွက် အပြေးလမ်းလျှောက်ခဲ့ရသည်။

ကျွန်မ ဘေးမှာ၊ မျက်နှာချင်းဆိုင်မှာ... ကျွန်မလိုပဲ အပြေး လျှောက်နေကြသူတွေ အများကြီး ရှိနေ၏။ ဘောင်းဘီတိုကလေး တွေနှင့်၊ ခေါင်းစွပ်ဆွယ်တာတွေကို ခါးမှာ ပတ်ချည်လျက် အား ကစား လေ့ကျင့်နေကျ ကိုယ်လုံးကျစ်ကျစ်ကလေးတွေနှင့် အမျိုး သမီးတွေ အများကြီး...။ ဟောသည်မြို့ ဟောသည်နေရာကို ကျွန်မ ကြိုက်သည့် အချက်ထဲမှာ စိတ်ထွက်ပေါက် ရဖို့ ပြေးချင်လျှင် ပြေး နိုင်ခွင့် ရှိနေခြင်းလည်း တစ်ခု ပါသည်။ ကြည့်စမ်းပါ ...ကျွန်မ ည နေ မှောင်ရီပျိုးချိန်မှာ အပြေး လမ်းလျှောက်နေသည်။ ကျွန်မကဲ့ စိတ်ညစ်လို့ (မောပန်းအောင်) ပြေးနေသူဟု ဘယ်သူ သိနိုင်မှာလဲ ပြေးနေသူတွေ အများကြီးထဲမှာ ကျွန်မသည် တစ်ယောက် အပါ အဝင်ပဲ မဟုတ်ဘူးလား။ ကျွန်မ ပြေးနိုင်သည်၊ ပို၍ ပြေးနိုင်သည်။ စိတ်သက်သာရာ ရသည်အထိ ပြေးနိုင်သည်။ ပလက်ဖောင်းပေါ် မှာ ကျွန်မ အပြေးလမ်းလျှောက်နေလို့ဖြင့် ဘယ်သူမှ ကျွန်မကို ငို နေပြီဟု မပြောနိုင်ပါ။





အဆောင်ပြန်ရောက်လျှင် မကူးတတ် ကူးတတ်နှင့် ရေကူးနိုင် သေးသည်။ ဖော့ပြားကလေးကို လက်အောက်မှာ ထား၊ ဝမ်းလျား မှောက်လျက် ရေကူးကန်ကို ခေါက်တုံ့ခေါက်ပြန် အကြိမ်များစွာ ကူးနိုင်သည်။ ရေကူးရင်းလည်း မျက်ရည်ကျနိုင်သေး၏။ ဘယ်သူ သိနိုင်မှာလဲ၊ ကျွန်မ ဝမ်းနည်းအားငယ်စွာ ငိုကြွေးနေသည်ဟု ဘယ် သူ သိနိုင်မှာလဲ။

အမှတ် (၁) ဘတ်စ်ကားပြာသည် ကမ်းခြေအစပ်ရှိ 'သမုဒ္ဒရာ' လမ်းမှ စန်တာမော်နီကာ လမ်းကျယ်သို့ ချိုးကွေ့ကာ ထိုလမ်း တစ် လျှောက် အရှည်ကြီး မောင်းနှင်လေသည်။

ပထမဦးဆုံး ဖြတ်ရသည့် လမ်းက ၃ လမ်း၊ လမ်းသာယာ။ သူ နှင့် ကျွန်မ ညစာအတူစားခဲ့ကြသော အဏ္ဏဝါဒေဝီ စားသောက်ဆိုင် ကို ကျွန်မ လှမ်းမြင်လိုက်ရသည်။ အဲသည်တုန်းကလိုပဲ ယခုညနေ သည်း ဆိုင်ရှေ့မှာ လူတွေ စုပြုံရပ်စောင့်နေကြသည်။ အဲသည် လူ အုပ်ထဲမှာ သူ မပါဝင်နိုင်ပါ။ သူသည် ယခုအချိန်မှာ ရုံးကနေ အိမ် ပြန် သို့မဟုတ် လင်း အိမ်သို့အသွား အမြန်လမ်းမပေါ်မှာ ရှိနေ သည်။ သည်နေ့ည သူနှင့် လင်း ညစာအတူစားချင် စားကြမှာပေါ့။ ပြီးနောက် စန္ဒာလေးကို သူ ပုံပြောချင် ပြောပြလိမ့်မည်။ စန္ဒာလေး ကို သူ့ရင်ခွင်ထဲမှာ ယုယစွာ ပွေ့ရင်း ပုံပြောရင်း ချော့သိပ်ချင် သိပ် လိမ့်မည်။ လင်း က သူ့ ဘေးမှာ...။

ကျွန်မသည် ချက်ချင်းပင် အတွေးကို ဖြတ်တောက်ကာ ကား ပြတင်း၏ အပြင်ဘက်သို့ လှမ်းကြည့်ကာ အာရုံပြောင်းပစ်လိုက် သည်။

၁၀ လမ်းကို ဖြတ်သည့်အခါ ...ဟောဟိုဘက်မှာ မမချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်သည့် ဆေးရုံပဲဟု လမ်းထဲဆီသို့ လှမ်းမျှော်ကြည့်မိ၏။ သည်ည မမချယ်ရီဆီ သွားအိပ်ရလျှင် အကောင်းသားဟု တမ်းတ မိသည်။ သူနှင့် မပတ်သက်သော တစ်ယောက်ယောက်နှင့် တခြား အကြောင်းတွေကို မနားတမ်း ပြောနေချင်မိသည်။ သို့သော် တစ် ချိန်တည်းမှာ ဘယ်သူနှင့်မှ စကားမပြောဘဲ အိပ်ရာထဲမှာ တိတ် တဆိတ် ဝမ်းနည်းနေရတာက ပိုသက်သာမှာပဲဟုလည်း တွေးမိပြန် လေသည်။

လမ်း ၂၀...။ အဲဒါ သူ့အိမ် ရှိတဲ့ လမ်းပဲ။

ဟိုးအဝေး တော်တော်လှမ်းလှမ်းမှာ ရှိနေမည့် မမြင်နိုင်သော သူ့အိမ် ရှိရာသို့ လှမ်းမျှော်ကြည့်မိပြန်၏။ သူ လင်းဆီ သွားမှာ မဟုတ်ပါဘူး၊ သူ့အိမ်ဆီကို သူ ပြန်လာနေပြီ။ အမြန်လမ်းမ ၄၀၅ မှာ သူ့ကားအနီလေး တောင်ဘက်သို့ လာနေမည့်အချိန်ပဲ။ မဟုတ် သေးဘူး၊ အခု ည ၇ နာရီကျော်ခဲ့ပြီ ဆိုတော့ သူ ၄၀၅ ပေါ်မှာ မ တော့ပါ၊ ၁၀ ပေါ်သို့ ရောက်နေပြီ။ ဒါမှမဟုတ် ၁၀ မှ ထွက်ပြီး သူ့ အိမ်ရှိရာသို့ မောင်းနေပြီ။ သူ့ကားပေါ်မှာ ကျွန်မ ပါမလာခဲ့လျှင် သူသည် ရေဒီယိုကို တစ်ချိန်လုံး ဖွင့်ထားမှာပဲ။ ကျွန်မ ခဏခဏ ပြောပြခဲ့သည့် ပုံဝတ္ထုအတိုကလေးတွေကို သူ သတိရနေမှာ မဟုတ် ပါ။

ကျွန်မသည် ခေါင်းတစ်ချက် ခါလျက် သူ့ကို အတွေးထဲမှ ဖယ်ထုတ်ပစ်လိုက်ရပြန်သည်။

ဘန်ဒီလမ်းထောင့်မှာ ကျွန်မ ဘတ်စ်ကား ပြောင်းရန် ကား ပေါ်က ဆင်းရပါသည်။ ကားပေါ်က ဆင်းဆင်းချင်း လက်ယာဘက် မှာ ကျွန်မ ငှားနေကျ ဗီဒီယိုခွေဆိုင်ကို လှမ်းကြည့်မိသည်။ အခွေ





တစ်ခွေလောက် ငှားလာခဲ့ရရင် ကောင်းမလား။ William Hurt ရဲ့ အခွေ သုံးလေးခွေ ကျွန်မ မကြည့်ရသေးတာ ရှိသည်။ သူ့ကို သတိ ရ တမ်းတနေမည့်အစား William Hurt ကို စောင့်ကြည့်ရင်ခုန်ရ တာ မကောင်းဘူးလား။

မဖြစ်နိုင်ပါ။ William Hurt လည်း ယခုအချိန်မှာ ကျွန်မ ကို ဆွဲငင်ညှို့ယူနိုင်တော့မှာ မဟုတ်ပါ။ ကျွန်မ သိပါသည်။ ဘာရိုင် သန် အဒမ်စ်လည်း မတတ်နိုင်တော့ပါဘူး။

ကျွန်မ စိတ်ရှုပ်တွေးစွာ ပြုံးမိသွား၏။

BURMESE CLASSIC .com

အိမ်ပြန်ရောက်တော့ ပထမဦးဆုံး လုပ်မိသည့် အလုပ်မှာ မီးဖို ထဲက တယ်လီဖုန်းနှင့် ဖုန်းဖြေစက်ဆီ အပြေးအလွှား သွားကြည့်မိ ခြင်းပဲ ဖြစ်သည်။

ကျွန်မ ရုတ်တရက် မောနွမ်းသွား၏။ ဖြေစက်မှာ မီးအနီလေး မှိတ်တုတ် မှိတ်တုတ် လင်းမနေခဲ့ပါ။ ငြိမ်သက်စွာပင် နီလျက် လင်း နေခဲ့သည်။

သူ ကျွန်မဆီ တယ်လီဖုန်းမဆက်တော့ပါဘူး။ သူ တကယ် အတိတည်ခဲ့ပါသည်။

ကျွန်မသည် အဲသည် မီးနီကလေးကို ငေးစိုက်ကြည့်ရင်း ရင် ထဲမှာ လှိုက်ဟာစွာ နာကျင်လာခဲ့သည်။

မောင် မသိဘူးလား၊ ကျွန်မ မောင့်ကို တွေ့ချင်နေခဲ့တာ၊ မောင့် အသံကိုပဲ ဖြစ်ဖြစ် ကြားချင်လွန်းလို့ မျှော်နေခဲ့တာ...။

မထူးဆန်းဘူးလားကွယ်၊ မောင့်ကြောင့် နာကျင်ဝမ်းနည်းရ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ ဘယ်လောက်ပဲ ညည်းညူမိပါစေ၊ အခုချိန်မှာ ကျွန်မ မောင့်ရင်ခွင်ကိုပဲ မှီတွယ်ခိုဝင်နေချင်တော့တာပဲ။

မောင့်ကို စကားတောင် မပြောမိအောင် ရှောင်တိမ်းနေတဲ့ မောင် ရှိနိုင်တဲ့ နေရာတွေကနေ စွန့်ခွာရှောင်ပြေးနေတဲ့ မိန်းမ တစ်ယောက်ဟာ တစ်ချိန်တည်းမှာ မောင့်ကို တမ်းတမ်းတတ မျှော်လင့်နေခဲ့မိသတဲ့။

အဲဒါ အလွန်ပြောင်မြောက်တဲ့ ဟာသတစ်ခုပါပဲ။

အရူးတစ်ယောက်လိုပင် ကျွန်မတစ်ယောက်တည်း အသံထွက် ရယ်မောနေမိသည်။

တယ်လီဖုန်း ဖြေစက်ထဲမှာ သူ သတင်းစကား တစ်ခုခုများ ထည့်ထားပေးခဲ့သည်ဖြစ်လျှင် သူ့ထံ ပြန်မဆက်သွယ်မိဖို့ ရေကူးကန်မှာ အခေါက် ၅၀ လောက် မောပန်းသည်အထိ ရေကူးပစ်ရတော့မှာပဲဟု ကြိုတင်အားယူထားမိသော ကျွန်မသည် ယခုအခါ အဲသည် မီးနီလေးထံမှ တယ်လီဖုန်းထံမှ ဝေးရာသို့ လေးလံ ထုံထိုင်းသော ခြေလှမ်းများဖြင့် ထွက်ခွာခဲ့ရသည်။

ဆို့ကျပ်ကာ နာကျင်နေသော ရင်ထဲက ဝေဒနာ သက်သာလို သက်သာငြား တီရှပ်ကို ခေါင်းမှ ဆွဲချွတ်ပစ်လိုက်ရသည်။

ယခုအချိန်မှာ သူသည် လင်း နှင့်အတူ မျက်နှာချင်းဆိုင် ညစာ စားရင်း စကားဆိုဖွဲ့ ရယ်မောနေနိုင်သည်။ ကျွန်မအတွက်ကတော့ တစ်ယောက်တည်း အထီးကျန်စွာ ညစာစားနိုင်ဖို့ပင် တော်တော် ဝေးပါသေးသည်။ အေးစက်တုန်ခိုက်အောင် ချမ်းနေဆဲဖြစ်သော ကိုယ်ခန္ဓာကို အိပ်ရာပေါ်မှာ နွေးထွေးစွာ လဲလျောင်းလိုက်ဖို့ လို သည်။ သူ့အရိပ်တွေဖြင့် လွှမ်းမိုးခံရပြီး မကြာခဏ အားတင်း ဖယ်





ထုတ်ပစ်ရလွန်း၍ နွမ်းနယ်လှပြီ ဖြစ်သော ကျွန်မ မျက်လုံးတွေကို အနားပေးကာ မှိတ်ထားဖို့ လိုသည်။ ဆို့နင့်ကျပ်ခဲနေရင်း တစ်မြှိုင်တည်းမှာ လှိုက်ဟာလျက်ရှိသော ရင်ထဲသို့ အာဟာရ တစ်ခုခု ဆည့်ပေးဖို့ လိုသည်။ အခုအချိန်မှာ ကျွန်မ ရနိုင်သမျှ စိတ်အာဟာရကတော့ ဂီတသာ ဖြစ်သည်။

ဓာတ်ပြားတစ်ချပ်လောက် ပေးစမ်းပါ။

ခုတင်ဘေး စားပွဲအံဆွဲထဲမှ ဆွဲမိဆွဲရာ ဆွဲထုတ်လိုက်မိသည်က … 'တစ်ပန်းကန်ပြားစာ လျှို့ဝှက်မှုတွေ' (A saucerful of secrets) ဓာတ်ပြား ဖြစ်နေခဲ့၏။

ကျွန်မကို အာရုံသစ်တစ်ခုဆီ နစ်မျောခြင်းတစ်ခုဆီ တစ်ခဏလောက် ခေါ်သွားပေးစမ်းပါ၊ ကျေးဇူးပြုပြီး …။

နောက်ဆုံးတော့ ကျွန်မဘေးမှာ ကျွန်မနှင့် အတူ ရှိနေသည်က ပင့်ခ်ဖလွိုက်ဒ်အဖွဲ့ပဲ ဖြစ်လေသည်။

*ဒီကနေ့ မတိုင်မီက နေ့တစ်နေ့ကို သတိရလိုက်စမ်းပါ။*
*မင်း ငယ်စဉ်တုန်းက နေ့တစ်နေ့၊*
*အချိန်နဲ့အမျှ ကစားဖို့ လွတ်လပ်နေလေတော့*
*ညနေခင်းဆိုတာ ရောက်မလာတော့ဘူး၊*
*နံနက်ခင်းရဲ့ အနမ်းမပါဘဲ ဘယ်သူမှ မသီဆိုနိုင်မယ့်*
*သီချင်းတစ်ပုဒ်ကို ဆိုလိုက်ဦး၊*
*မင်းသာ ဆန္ဒရှိရင် ဘုရင်မလည်း ဖြစ်နိုင်သေးတယ်၊*
*မင်းရဲ့ ဘုရင်ကိုတော့ လိုက်ရှာပေါ့။*
*ငါတို့ ဘာကြောင့် ဒီနေ့ မကစားနိုင်ကြတော့တာလဲ၊*
*ငါတို့ ဘာကြောင့် အဲဒီအတိုင်း ဆက်မနေနိုင်တော့တာလဲ။*



www.burmeseclassic.com


www.burmeseclassic.com



မင်းအကြိုက်ဆုံး ပန်းသီးပင်ကို တက်၊
နေလုံးကို မိအောင် လှမ်းဖမ်းဖို့ ကြိုးစားခဲ့တဲ့ နေ့တစ်နေ့...။
မင်း မောင်လေးရဲ့ သေနတ်လမ်းကြောင်းကနေ
ပုန်းကွယ်ရင်း မင်းရဲ့ အိပ်မက်ကမ္ဘာထဲမှာ လွင့်မျောလို့၊
ငါတို့ ဘာကြောင့် နေကို မမိနိုင်ကြတာလဲ၊
နှစ်တွေကို လွင့်စဉ်သွားအောင်
ငါတို့ ဘာကြောင့် မမှတ်ထုတ်နိုင်ကြတာလဲ...။

ဟုတ်တယ်...၊ ကျွန်မတို့ ဘာကြောင့် နေကို မမိနိုင်ကြတော့တာလဲ။

၀



Bride (1912); Marcel Duchamp,
Oil on Canvas, (89.5 x 55.25 cm),
Philadelphia Museum of Art,
Collection Louise & Walter Aren Sberg

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၈ ခုနှစ်သည် ၁၈၉၈ ခုနှစ်တွင် မွေးဖွားသော ဂျာမန်ပြဇာတ်ရေးဆရာနှင့် ကဗျာဆရာ ဘားတော့ဗရက်ချ်တ်၏ နှစ် ၁၀၀ ပြည့် ဖြစ်သည်။

ဗရက်ချ်တ်၏ နှစ် ၁၀၀ ပြည့် မွေးနေ့ပွဲတော်အဖြစ် အနောက်ကမ်းခြေ မြို့တော်တစ်ခုလုံးရှိ စာပေအနုပညာဆိုင်ရာ အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ စာကြည့်တိုက်များ၊ စာအုပ်ဆိုင်များ စုပေါင်းညှိနှိုင်း၍ ခြောက်ရက်တိတိ ပွဲတော်ပြုလုပ်ကျင်းပခဲ့သည်။

အနောက်ကမ်းခြေမြို့တော်ရှိ ဗရက်ချ်တ် နှစ် ၁၀၀ ပြည့် မွေးနေ့ပွဲတော်၏ ပထမဦးဆုံး ဖွင့်ပွဲနေ့ အခမ်းအနားသည် မိုးသောက်ပန်းစံအိမ်တွင် ကျင်းပသော 'အက်ဒ်ဝပ် (၂)' ပြဇာတ်ဖတ်ပွဲ ဖြစ်သည်။

အက်ဒ်ဝပ် (၂) သည် ၁၄ ရာစု အင်္ဂလန်ဘုရင် အက်ဒ်ဝပ် (၂) အကြောင်း ရေးသားဖွဲ့နွဲ့ထားသော ဗရက်ချ်တ်၏ နာမည်ကြီးပြဇာတ် တစ်ပုဒ်ဖြစ်သည်။ (အက်ဒ်ဝပ်-၂ သည် Edward Long-shanks ဟု အမည်ရသော အက်ဒ်ဝပ် – ၁ ၏ သားတော်ဖြစ်၏။)

ဗရက်ချ်တ်သည် အက်ဒ်ဝပ်-၂ ကိုရေးသားရာ၌ (မိုးသောက်ပန်းစံအိမ်၏ ပိုင်ရှင်ဖြစ်ခဲ့သူ) ကွယ်လွန်သူ ဂျာမန်လူမျိုး သမိုင်းနောက်ခံ ဝတ္ထုရေးဆရာနှင့် သမိုင်းပညာရှင် လီယွန် ဖော့ချ်တ်ဗင်ဂါ (Lion Feuchtwanger) နှင့် ပူးပေါင်းရေးသားခဲ့၏။

## ဘားတော့ဗရက်ချ်တ်နဲ့ အိပ်မက်ည

မိုးသောက်ပန်းစံအိမ်၏ ညနေခင်း အစီအစဉ်တွေထဲမှာ ယနေ့ည ပြဇာတ်ဖတ်ပွဲသည် ထူးခြားသော အခမ်းအနားတစ်ခုဖြစ်သည်။

ကျွန်မဘဝမှာ ပြဇာတ်ဖတ်ပွဲကို တစ်ခါမှ တက်ရောက် နားထောင်ဖူးခဲ့ခြင်း မရှိပါ။

ဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် ဆရာကြီး ဦးခင်မောင်လတ်တို့ သင်ကြားပေးသော ပြဇာတ်စာပေသင်တန်းသို့ ကျွန်မ တက်ရောက်ဖူးသော်လည်း စာသင်ရင်း ဖတ်ပြီး ရှင်းပြသွားသော ပြဇာတ် သင်ခန်းစာများသာ ဖြစ်ခဲ့သည်။

ယခု ပြဇာတ်ဖတ်ပွဲသည် ကျွန်မအတွက် ပထမဦးဆုံးသော အတွေ့အကြုံ ဖြစ်သည်။ ထို့ကြောင့် ကျွန်မ စိတ်လှုပ်ရှားတက်ကြွစွာ အဆင်သင့်ဖြစ်နေခဲ့သည်။

ကျွန်မ ရောက်သွားချိန်၌ မိုးသောက်ပန်းစံအိမ်၏ (ညှော်ခံပွဲဆောင်တော်များများ ကျင်းပရာ) စာကြည့်ခန်းကျယ်ထဲမှာ ထိုင်ခုံများ

www.burmeseclassic.com

www.burmeseclassic.com



အပြည့် ချထားပြီးပြီ။ ဧည့်သည်တချို့တစ်ဝက် ရောက်နေပြီ။ ဧည့်သည်တွေထဲမှ ကျွန်မ သိသော မျက်နှာများကို တစ်ခဏ နှုတ်ဆက်ရသည်။

ဧည့်သည်အားလုံးတွင် ဘတ်စ်ကားဖြင့်လာသူဟူ၍ ကျွန်မ တစ်ယောက်တည်းသာ ရှိ၏။ ကျွန်မ ဤမြို့မှာ ဘတ်စ်ကား စီးသည်ကို မိတ်ဆွေတွေက အံ့သြနေ၏။ ဤမြို့သည် သန်းနှင့်ချီသော ကားများဖြင့်သာ အသက်ရှင်တတ်သောမြို့ ဖြစ်သည်။ သူတို့အားလုံးအတွက် ကားသည် မရှိမဖြစ် လိုအပ်သော အသုံးအဆောင် ပစ္စည်းဖြစ်သည်။ ဤမြို့သည် စတုရန်းမိုင်ပေါင်း လေးသောင်းခန့် ကျယ်ဝန်းသောကြောင့် ဖြစ်သည်။

"မင်း သိပ်သတ္တိကောင်းတာပဲ"ဟု တချို့က ကျွန်မကို ချီးကျူးကြသည်။ ကျွန်မ ပခုံးအသာတွန့်ပြီး ပြုံးနေလိုက်ရ၏။

"ငါ့အတွက် ရွေးစရာ မရှိဘူးလေ"

မိုးသောက်ပန်းစံအိမ်သို့ တက်ရာ တောင်ကုန်းအခြေက လမ်းသွယ်တစ်ခုသို့ ရောက်သည့်အခါမှာတော့ဘတ်စ်ကားစီးသူနှင့် ကားမောင်းလာသူ ဘဝချင်း တူညီသွားပြီ။ ဘာကြောင့်လဲဆိုတော့ လာသမျှ ကားအားလုံး ထိုလမ်းသွယ်ထဲမှာ ရပ်လိုက်ရပြီး စံအိမ်ရှိရာကုန်းမြင့်သို့ တက်ရန် လာကြိုမည့်ကားကို စောင့်ရသောကြောင့် ဖြစ်သည်။

စံအိမ်ရှေ့က တောင်ပေါ်လမ်းကျဉ်းကျဉ်းကလေးမှာ အကွေ့အကောက် များများ၊ ဒါပေမဲ့ ကားများများ ရပ်ဖို့ နေရာတော့ မရှိပေ။ အလွန်ဆုံး လေးငါးခြောက်စီးသာ ရပ်လို့ရမည်။ သည်တော့ စံအိမ်၏ အခမ်းအနား ညနေခင်းများတွင် လူ လေးငါးဆယ် တက်





ရောက်ခဲ့လျှင် ထိုလူတွေ၏ ကားအစီး လေးငါးဆယ်ကို စံအိမ်ရှေ့မှာ နေရာချမပေးနိုင်၊ ထိုအခါ စံအိမ်ရှိရာ တောင်ကုန်းရပ်ကွက်၏အောက်ခြေက လမ်းသွယ်ကလေးသည် ကားရပ်နားစခန်းသာ ဖြစ်သွားသည်။ (ဒါတောင် ထိုလမ်းသည် ည ၁၁ နာရီကျော်လျှင် ကားရပ်ရသည့် ဧရိယာ ဖြစ်၏။) ထိုညမျိုးတွင် စံအိမ်နှင့် ထိုကားရပ်ခန်းကလေးကို ခေါက်တုံ့ခေါက်ပြန် လူကြိုပို့ပေးသည့် ကား တစ်စီး ထားရသည်။

သည်တော့ ကျွန်မ ဘတ်စ်ကား မှတ်တိုင်မှာ ဆင်းပြီး လမ်းလျှောက်လာရသလိုပင် သူတို့လည်း သူတို့၏ကားပေါ်မှ ဆင်းပြီး ကြိုမည့်ကား ရပ်ရာနေရာဆီသို့ လမ်းလျှောက်လာရတာပဲ မဟုတ်လား။

ပြဇာတ်ဖတ်ပွဲ စတင်ဖို့ ၁၅ မိနစ်လောက်အလိုကျမှ လူတွေ အုပ်စုဖွဲ့ရောက်လာကြသည်။ ရောက်လာတော့လည်း စာကြည့်ခန်းအပြည့် ချခင်းထားသည့် ထိုင်ခုံတွေပေါ်မှာ တစ်ယောက်စ နှစ်ယောက်စ သာ ထိုင်ကြ၏။ အားလုံးက ထိုင်ခုံဘေး နေရာ ကွက်လပ်နှင့် လသာဆောင်နေရာ ကွက်လပ်တို့မှာ လူစုပြီး ဝိုင်အရက်များ၊ အချိုရည်များကို သောက်ကာ စကားစမြည်ပြောနေကြဆဲ ဖြစ်သည်။ သံတမန်အပြုံးတွေ ပြုံး၊ ဝိုင်ဖန်ခွက်တွေကို လက်တစ်ဖက်က ကိုင်၊ ရောက်တတ်ရာရာ စာပေအကြောင်း၊ ကိုယ်ရေးကိုယ်တာအကြောင်း စကားတွေ ပြော၊ မိတ်ဆွေဖွဲ့၊ အဲသည်စကားဝိုင်းတွေထဲ ကျွန်မအတွက် ခင်မင်ရင်းနှီးရသော မိတ်ဆွေတွေ ရခဲ့တာဖြစ်မယ့် အဲသည်ယဉ်ကျေးမှုနှင့် ကျွန်မဟိုတုန်းကလည်း နေသားကျခဲ့၊ အခုထိလည်း နေသားမကျသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ…ကိုယ်ထင်သားပဲ၊ မင်းကို ဒီနေ့ညနေ တွေ့ရလိမ့်မယ်လို့"

ကျွန်မကို အမြဲ နွေးထွေးစွာ ကူညီခဲ့သည့် ကွန်ပျူတာ ပန်းချီပညာရှင် အမျိုးသမီး ဒေဝီသည် ကျွန်မကို တွေ့တွေ့ချင်း ဝမ်းသာအားရ ပွေ့ဖက်နှုတ်ဆက်ပါသည်။

"နေကောင်းလား ဒေဝီ"

"သိပ်ကောင်း၊ မင်းရော"

"တော်တော်ကောင်းပါတယ်"

သူမသည် ဗုဒ္ဓဝါဒကို အသည်းအသန် လိုက်စားနေသူ တစ်ယောက် ဖြစ်သည်။ ကျွန်မနှင့် တွေ့တိုင်း ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရကို မေးခွန်းတွေ မေးပြီး မှတ်စုတွေ ရေးလေ့ရှိသည်။ သည်အတိုင်း အလွတ်သဘော ပြောပြသည့်အခါ ကျွန်မ နှုတ်သွက်သော်လည်း သူက မှတ်စုဖြင့် ရေးမှတ်နေသည့်အခါမျိုး၌ ကျွန်မ နှုတ်ဆွံ့သွားရတတ်လေသည်။

"တစ်ယောက်တည်းလား ဒေဝီ"

"ဟုတ်တယ်၊ ကိုယ့်သူငယ်ချင်းက ခရီးထွက်သွားတယ်လေ မင်းရော…တစ်ယောက်တည်းလား"

"ထုံးစံအတိုင်းပဲပေါ့ကွယ်၊ ဪ… ဒေဝီ၊ မမေ့ခင် မင်းကို ပေးရဦးမယ်၊ မင်း မေးထားတဲ့ ဘုန်းကြီးကျောင်း လိပ်စာနဲ့ ဖုန်းနံပါတ်"

"အို…အေးကွယ်၊ ကျေးဇူးပဲ ရတနာ"





ကျွန်မ၏ လက်ကိုင်အိတ်ထဲမှ ထေရဝါဒ ဘုန်းကြီးကျောင်း လိပ်စာနှင့် ဘုန်းကြီး၏ ဘွဲ့အမည်ပါ လိပ်စာကတ်ပြားကလေးကို ဆွတ်ပေးလိုက်သည်။

"ကိုယ် လိုက်ဖို့ လိုရင် ပြောနော်…ဒေဝီ၊ ကိုယ် တစ်ခေါက်ပဲ ရောက်ဖူးပေမယ့် ဘုန်းတော်ကြီးတွေက စေတနာ သိပ်ကောင်းပြီး သိပ်နွေးထွေးတော့ နှစ်ပေါင်းများစွာ ကိုယ် ကိုးကွယ်လာတဲ့ ဘုန်းကြီးတွေလိုပဲ ဖြစ်သွားတာ"

"ကျေးဇူး၊ လိုရင် မင်းဆီ ဖုန်းဆက်ပါရစေ"

"သေချာတာပေါ့"

"မင်္ဂလာပါ ရတနာ"

ကျွန်မဘေးမှာ ရုတ်တရက် နှုတ်ဆက်လိုက်သည့် စကားသံ၊ လှည့်မကြည့်မီကပင် အသံရှင်ကို ကျွန်မ သိပြီးပြီ။ မင်္ဂလာပါ ဟူသော စကားလုံးဖြင့် ကျွန်မကို နှုတ်ဆက်မည့်သူသည် ဤအချိန် ဤနေရာမျိုးမှာ ဤတစ်ယောက်သာ ရှိပါသည်။ ကျွန်မ ဝမ်းသာအားရ လှည့်ကြည့်တော့ ကျွန်မအရပ် နှစ်ပြန်လောက်ရှိပြီ ကျွန်မကို အပေါ်စီးမှ ငုံ့ကြည့်နေသော ဦးရှားမင်း၏ ကိုယ်လုံးကြီးကို တွေ့လိုက်ရသည်။

"ဟယ်…ဦးရှားမင်း၊ နေကောင်းလား"

"ကောင်းပါ့ ခင်ဗျာ"

ကျွန်မတို့ နှုတ်ဆက်ခိုက် ဒေဝီက ကျွန်မ ပခုံးအား ခပ်ဖွဖွ ဆုပ်ညှစ် နှုတ်ဆက်ပြီး အခြားနေရာသို့ ထွက်သွားသည်။

"မင်း ထဘီဆင်လေးက လှလိုက်တာ၊ အဲဒါ ပိုးထဘီ နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ မီးခိုးနှင့် အနက်ရောစပ်ထားသော ဖင်းမယ်ထဘီကို ကြည့်၍ သူက ချီးကျူးလိုက်သည်။

"ကျေးဇူးပဲ၊ ဟုတ်ကဲ့ ဒီထဘီက ပိုးထည်ပါ၊ ဖင်းမယ်ထဘီလို့ ခေါ်တယ်"

ထို့နောက် ဦးရှားမင်းအား ကျွန်မ စေ့စေ့ကြည့်မိသည်။

"ကဲ...ပြောစမ်းပါဦး၊ ဘယ်လိုအရာမျိုးက ဆွဲခေါ်လို့ ရှင် ဒီကို ရောက်လာရတာလဲ၊ အရင်က ဦးရှားမင်းကို ဒီမှာ တစ်ခါမှ မမြင်ခဲ့ရပါဘူး"

အနည်းငယ် အံ့သြစွာ မေးမိ၏။ သူက သူ့ဘယ်ဘက်ဆံ လက်မဖြင့် ခပ်ဖွက်ဖွက် အသာညွှန်ပြရင်း ရှုံ့ရှုံ့မဲ့မဲ့ သို့သော် ရယ် ချင်သော မျက်နှာထားဖြင့်...

"ဟောဒီလူလေ...တစ်ချိန်လုံး မိုးသောက်ပန်းစံအိမ်ကို သွား ချင်လို့ ဂျီကျနေတာနဲ့..."

သူ့စကား တစ်ဝက်တစ်ပျက်သာ ကျွန်မ၏နားထဲသို့ ရောက် လိုက်၏။ ဟောဒီလူလေ ဟူသော စကားအဆုံးမှာ ကျွန်မ ဘယ် မှ ထင်မထားသော လူတစ်ယောက်အား ဖြုန်းခနဲ မြင်လိုက်ပြီးသည့် နောက် ဦးရှားမင်း ဆက်ပြောသမျှစကားတို့ နားလျှံသွားလော အောင် ကျွန်မ အခြေအနေ ပျက်ယွင်းသွားခဲ့ပါသည်။

နေသန်...

ကျွန်မ၏ အံ့သြတုန်လှုပ်မှုကို သူ အကဲခတ်မိမှာ အသေအ ပဲ။ သူ၏ ခပ်နွမ်းနွမ်းအပြုံးအောက်မှ တွန့်ဆုတ်စွာ သတိထားမှ လည်း ကျွန်မ အကဲခတ်မိပါသည်။

"ဟိုင်း...ရတနာ"





"ဟဲလို"

ဒါပဲ။ သည့်ထက်ပိုပြီး ကျွန်မ အသံထွက်လာနိုင်မှာ မဟုတ် ။ တဒိတ်ဒိတ်ခုန်နေသော နှလုံးက လည်ပင်းအခြေသို့ လာ၍နင် နေသောကြောင့် ဖြစ်သည်။

"နေသန်က မိုးသောက်ပန်း စံအိမ်ရဲ့ ညွှေ့သည်စာရင်းမှာ ရှိခဲ့ဘူးလေ၊ ဒီတော့ ကိုယ်က သူ ဒီလာလို့ရအောင် ကူညီရတော့ တာပေါ့၊ ဖိတ်စာရတိုင်း အမှိုက်ခြင်းထဲ ထည့်ပြီး မလာနိုင်တဲ့ အ ကြောင်း ဖုန်းဆက် တောင်းပန်နေခဲ့ရာက အခုတော့ သူ လာချင်လို့ ပွဲကို တက်ခဲ့ရပြီ"

"အို်း...ရှင်တို့ လာရတာ ထိုက်တန်ပါတယ်၊ ဒီနေ့အစီအစဉ် က အထူးပဲ"

ကျွန်မ ပုံမှန်အတိုင်း စကားဆိုနိုင်သွားပြီ။

ဦးရှားမင်းက နေသန် ဘက်လှည့်ကာ ဖခင်တစ်ယောက်က သားကို ပြောသည့် လေသံမျိုးဖြင့် ခပ်နောက်နောက် အမိန့်ပေး၏။

"လူကလေး...သွား၊ သတိရတုန်း ဟောဟို စင်္ကြံထောင့်က စားပွဲလေးမှာ ညွှေ့သည်မှတ်တမ်းစာအုပ် ရှိတယ်၊ နောက်တစ်ခါ ခင်းကို သူတို့ ဖိတ်နိုင်အောင် မင်းနာမည်နဲ့ လိပ်စာ သွားရေးချည်"

လူကြီးစကားကို လိုက်နာသော ကလေးတစ်ယောက်လိုပင် သူ ကျွန်မအား တစ်ချက်ပြုံးပြပြီးနောက် လှည့်ထွက်သွားသည်။ လူ ခပ်ကြားမှာ တိုးဝှေ့ကာ စာကြည့်ခန်းအဆုံးက စင်္ကြံထောင့်ရှိစား ပွဲလေး ရှိရာသို့ ထွက်သွားသော သူ့ကို ကျွန်မ ငေးမောကြည့်နေမိ သည်။

မိုးသောက်ပန်း စံအိမ်ကို လာချင်လို့ တဲ့လားကွယ်...၊ အာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့ လာချင်ရတာလဲ။ ဟိုတုန်းက ဤဂျစ်အိမ်၏ ညနေခင်း စာဖတ်ပွဲများ၊ ပန်းချီပြပွဲများ၊ ညှော်ခံပွဲများအနက် နှစ်ခု သုံးခု သူ့အား ဖိတ်ခေါ်ဖူးပါသည်။ အဲသည်အချိန်တွေမှာ သူဘယ်တော့မှ မအားလပ်ခဲ့။ အခုတော့ ဒီကိုလာဖို့ အားလပ်သွားပြီလား။ အဲ... ဘာအဓိပ္ပာယ်လဲ။

အို...ကျွန်မ မသိချင်ပါဘူးလေ။

သူ ကျွန်မအနီးသို့ ပြန်ရောက်လာချိန်တွင် ဦးရှားမင်းက ကျွန်မတို့အတွက် ဝိုင်အရက် သွားယူပေးမည်ဟု ဟန်ပြင်နေပြီ...

"ရတနာ...ဝိုင်အဖြူလား အနီလား၊ နေသန့်ရော"

"ကျွန်မအတွက် ရေတစ်ခွက်ပဲ ယူခဲ့ပေးပါ ကျေးဇူးပြုပြီး"

"ကျွန်တော့်အတွက် ဝိုင်အနီ"

ဘေးမှာ အသားချင်း ထိလုမတတ် လူတွေအများကြီး ဝိုင်း... စုဝေးနေပါလျက် သူနှင့် ကျွန်မ နှစ်ဦးတည်း ရှိနေသလို ခံစား... သည်။ သူ ကျွန်မအနီးသို့ ရောက်လာချိန်မှစ၍ အခြားသော လူ... ၏ ပုံရိပ်များ မှုန်ဝါးသွားခဲ့ပြီ။ အခြားသော စကားသံများ တိုးတိ... ရင်း ကွယ်ပျောက်သွားခဲ့ပြီ။ ကျွန်မ၏ကမ္ဘာမှာ သူသာလျှင် ထင်... ရှား ပြတ်သားစွာ စိုးမိုးနေတော့သည်။

"ကိုယ် ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး မင်းတို့တက္ကသိုလ်ဘက်... လက်ချာခန်းမရှေ့ ထွက်ပေါက်မှာ ညနေတိုင်း သွားစောင့်ခဲ့သေး... တယ် ရတနာ"

"ဩော်..."

ကျွန်မကို မရယ်မပြုံး ငုံ့ကြည့်နေသော သူ့မျက်လုံးများ...





...တိုင်းလို တောက်ပခြင်း မရှိ။ သူ့ဆံပင်တွေက ပို၍ ဖွာနေသလို ...၊ သူ့ပါးပြင်တွေက ပို၍ နွမ်းနယ်နေသလိုလို။ သူ့နှုတ်ခမ်းတွေက ပို၍ ခြောက်သွေ့နေသလိုလို၊ ဟင့်အင်း... အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ။

"ဘာလို့ ကိုယ် အဲဒီမှာ သွားစောင့်တယ်ဆိုတာ မင်း မမေးချင်တော့ဘူးလား"

ကျွန်မ ပြုံး၍ ခေါင်းယမ်းလိုက်မိ၏။ မေးစရာမလိုဘူးလေ ...ယ်၊ နောက်ပြီး မမေးသင့်ဘူး မဟုတ်လား။

"မင်း အမြဲတမ်း တက်ကြွခဲ့တဲ့ အမျိုးသမီးဆိုင်ရာ ခေါင်းစဉ်...တွေမို့ အဲဒီလက်ချာတွေကိုတော့ မင်းသွားတက်မှာပဲလို့ ကိုယ် ထင်...တာ၊ မင်းကို ကိုယ်က တွေ့ချင်နေခဲ့တာကို"

ကျွန်မ ပင့်သက် တစ်ချက် ချ၍ ရှိုက်လိုက်ရ၏။ သူသည် ကျွန်မ မျက်လုံးကို တည့်တည့်မကြည့်ဘဲ ကျွန်မအင်္ကျီ အနက်ရောင်...က ပန်းပွင့် ငွေရင်ထိုးလေးကို ခပ်လျှမ်းလျှမ်းကြည့်နေခဲ့၏။

"ကိုယ် မင်းကို တောင်းပန်ရမှဖြစ်မယ် ရတနာ"

ကျွန်မ မျက်မှောင်ချီ၍ ပြုံးစစဖြင့် မေးလိုက်သည်။

"ဘာအတွက်လဲ ကိုနေသန့်ရဲ့"

"မင်းကို နာကျင်အောင် လုပ်ခဲ့မိလို့"

ကျွန်မ ဆတ်ခနဲ တုန်ရီသွားသည်မှာ ရှက်ရွံ့မှုကြောင့်လား၊ ...ကျင်မှုကြောင့်လား...။ နှစ်မျိုးလုံးကြောင့် ဖြစ်နိုင်ပါသည်။

"ကျွန်မ ဘာမှ မဖြစ်ခဲ့ပါဘူး"

ခပ်မာမာ လေသံဖြင့် ပခုံးတွန့်၍ ပြောလိုက်ရပေမယ့် သူ့ကို ...အောင် ညာ၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို သိပါတယ် ရတနာ၊ ကိုယ် မင်းကို ကောင်းကောင်း သိပါတယ်"

"အိုး"

ကျွန်မ အသံထွက်၍ ရယ်မောပစ်လိုက်ရ၏။

ဘုရားရေ...၊ ကျေးဇူးပြုပြီး တော်ပါတော့ကွယ်။ ရှင့်ကြောင့် ကျွန်မ နာကျင်ခဲ့ရတယ်...ဟုတ်တယ်၊ ဒီတော့ ရှင် ကျွန်မကို ဘာ လုပ်ပေးနိုင်မှာလဲ၊ ဘယ်လို ကုသပေးနိုင်မှာလဲ...ပြောစမ်းပါ။

ကံအားလျော်စွာ ဝိုင်ခွက်နှစ်ခုကို လက်တစ်ဖက်က ကိုင် ရေခွက်ကလေးကို အခြားလက်တစ်ဖက်က ကိုင်လျက် ဦးရှားမင် ကျွန်မတို့အနီးသို့ ပြန်ရောက်လာသည်။

ပြဇာတ်သည် ဘားတော့ဗရက်ချ်တ်၏ အက်ဒဝပ်–၂ ပြဇာ ဖြစ်သည်။ ၁၄ ရာစု အင်္ဂလန်ဘုရင် အက်ဒဝပ်–၂ အကြောင်း ရေ သား ဖွဲ့နွဲ့ထားသော သမိုင်းဆိုင်ရာ ပြဇာတ်တစ်ပုဒ် ဖြစ်သည် ဗရက်ချ်တ်၏ ဂျာမန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ Eric Bentl က ပြန်ဆိုထားသည်။

ပြဇာတ်ဖတ်သူ အားလုံး ၁၁ ယောက် ရှိ၏။ အမျိုးသမီးသ ယောက်၊ အမျိုးသား ရှစ်ယောက် ဖြစ်သည်။ သူတို့အားလုံးသ ပြဇာတ် သရုပ်ဆောင် အနုပညာရှင်များ ဖြစ်ကြသည်။ အားလ အနက်ရောင် ဝတ်စုံအမျိုးမျိုး ဝတ်ထားကြ၏။ သူတို့အားလုံး ကျွ တို့ ပရိသတ်နှင့် မျက်နှာချင်းဆိုင် ခွေးခြေခုံတွေပေါ်မှာ ထိုင်ကြ တစ်ယောက်စီ၏ ရှေ့တွင် စာအုပ်တင်၍ ဖတ်စရာ ထောက်





အမြင့်ကလေးတစ်ခုစီ ရှိသည်။ အခန်းကျဉ်းကျဉ်း၊ ပရိသတ် နည်း နည်းမို့ အသံချဲ့ခွက် မလိုအပ်ပါ။

ဘေးဘက်က နံရံနှင့် ကပ်လျက် ဓာတ်ပြား ဖွင့်စက် CD Player နှင့် အသံချဲ့စက် Speakers များ ရှိသည်။ လိုအပ်သည့် အချိန်တွင် နောက်ခံတီးလုံးသည် ထို Speaker နှစ်ခုမှ ခပ်တိုးတိုး ရှုပ်သစွာ ထွက်ပေါ်လာသည်။ နောက်ခံတီးလုံး၏ ဂီတပညာရှင် သည် သူကိုယ်တိုင် ဖန်တီးထားသော ဂီတကို သူကိုယ်တိုင် အသံ ညှိပြီး ဖွင့်ပေးခြင်း ဖြစ်သည်။

ဇာတ်ကြောင်းပြောသူ Narrator ဖတ်ရမည့်အလှည့်တွင် လူ ၁၁ ယောက်လုံး အနိမ့်အမြင့် မရှိ ညီညာသော အသံဖြင့် တစ်ပြိုင် တည်း ခပ်တိုးတိုး ဖတ်ကြ၏။

ဥပမာ... 'လကွယ်ည...သန်းခေါင်ယံအချိန်၊ အန်းနီ မိဖုရား ၏ လေသာဆောင်'ဟူသော စာကြောင်းမျိုး ဖြစ်၏။ နားထောင်လို့ အလွန်ကောင်းပါသည်။ ကျွန်မတို့၏ စိတ်နှလုံးကို ဆုပ်ကိုင်ဆွဲယူ နိုင်စွမ်းသော ညီညာမြိုင်ဆိုင်မှု ဖြစ်သည်။

ပြဇာတ်တွင် ဇာတ်ကောင် ၁၁ ဦးထက် ပိုနေသဖြင့် တချို့ ပြဇာတ် သရုပ်ဆောင်တို့သည် ဇာတ်ကောင် နှစ်မျိုးသုံးမျိုးအတွက် ဖတ်ကြရ၏။ ဒေါသကို ဒေါသသံဖြင့်၊ ဝမ်းနည်းမှုကို ဝမ်းနည်း သည့်အသံဖြင့်၊ သရော်လှောင်ပြောင်သည့် စကားဆိုလျှင် ဟားတိုက် ပြီး သရော်သည့်အသံဖြင့် ဇာတ်ကောင်တို့၏ စိတ်လှုပ်ရှားမှု မျိုးစုံ ကို ထပ်တူညီစွာ ဖတ်သွားကြသောကြောင့် ပရိသတ်သည် ငြိမ် သက်စွာ မျောပါလျက်ရှိသည်။

အပြစ်ဒဏ်စီရင်သူနှင့် စီရင်ခံရမည့်သူ၏ ပြောကွက်များတွင်



www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်ဆုံး လူက သူ့ဘေးမှာ ရှိသည့် တီးဝိုင်းသုံး ဘင်ကို တီး၍ ဂီတဆန်ဆန် စည်းချက်လိုက်ပေးတတ်သည်။ ပြောသူ ဖတ် သူတို့၏ မာန်နှင့် ခံစားမှုကို တစ်ချက်တစ်ချက် ဆောင့်တီးလိုက် သော ဘင်သံက ပို၍လေးနက်စေသဖြင့် နဂိုက နှလုံးတုန်ရီ၍ လှုပ် ရှားနေသော ကျွန်မ၏ ရင်သည် ထပ်ကာထပ်ကာ တုန်လှုပ်အောင် ဆွဲဆောင်ခံနေရလေသည်။

ပြဇာတ်ပြီးသွားသည့်အခါ ကျွန်မတစ်ကိုယ်လုံး မောနွမ်းသွား ၏။ သို့သော် ပြည့်စုံစွာ ကျေနပ်စိတ်ဖြင့် ကြည်နူးနေခဲ့မိသည်။

အကယ်၍သာ ဦးရှားမင်းနှင့် နေသန် မရောက်လာခဲ့ဘူး ဆို လျှင် ဒေဝီကိုပဲဖြစ်ဖြစ်၊ ကျွန်မနှင့် အိမ်ချင်း သိပ်မဝေးလှသော ဘာ ဘရာတို့ လင်မယားကိုပဲဖြစ်ဖြစ် ပြန်ပို့ခိုင်းရမည် ဖြစ်သည်။ ယခု တော့ ဦးရှားမင်းက ကျွန်မကို လိုက်ပို့ပေးရန် အဆင်သင့် ဖြစ်နေ ၏။

"ရတနာ…ကိုယ်တို့ မင်းကို အိမ်ပြန်ပို့ပေးရမလား"

"ဟုတ်ကဲ့…ကျေးဇူး"

ထို့နောက် ကျွန်မအနားမှာ တစ်ချိန်လုံး ရှိလျက် ကျွန်မအား စကားဆိုရန် တွန့်ဆုတ်နေသော သူ့ကိုယ်စား ဦးရှားမင်းက နောက် တစ်ခု ထပ်ပြောသည်။

"ကိုယ့်ကားနဲ့ လိုက်မလား၊ သူ့ကားနဲ့ လိုက်မလား၊ သူက တော့ မင်းကို သူပြန်ပို့ပေးချင်တယ်လို့ ပြောထားတယ်"

"အို…"

ထိုအခါကျမှ သူက ကျွန်မအား ခေါင်းညွှတ်ကာ ပြုံးပြ၏။





"မင်း စိတ်မရှိဘူးဆိုရင် မင်းကိုကိုယ်ပဲ အိမ်ပြန်ပို့ပေးခွင့်ပြုပါ"

ကျွန်မ ဘယ်လိုငြင်းရပါ့မလဲ၊ ကျွန်မ တွေခနဲ ဖြစ်သွားသည် ကို ဦးရှားမင်းက လူကြီးပီပီ သဘောပေါက်သွားပုံ ရ၏။

"လာပါ…ကားရပ်ရာနေရာရောက်မှ ဆုံးဖြတ်လို့ ရပါတယ်၊ ကို့ နှစ်ယောက်လုံးက လူရိုးလူကောင်းလေးတွေပဲ ဥစ္စာ၊ အခု တို့ ယ်ရီဆီကို သွားစောင့်ကြမယ်၊ ဟုတ်ပလား"

ကျွန်မ ဆုံးဖြတ်ပြီးသားပါ၊ ဦးရှားမင်း၏ကားဖြင့်ပဲ လိုက် တော့မည်။ သူ့ကို ကျွန်မ ဒုက္ခမပေးချင်တော့ပါ။ ဒုက္ခမပေးချင်ဘူး ဆိုတာ ဟုတ်ရဲ့လား၊ သူ ပေးသမျှ အခွင့်အရေးကို လက်ခံယူပြီး သာ ယာချင်နေဆဲ၊ သူ့ကို တိတ်တခိုးတွယ်တာမျှော်လင့်နေဆဲဟု သူ မြင်သွားမှာ မခံနိုင်တာလား။ ဘုရားရေ…အဲသည်လို အမြင်ခံရမှာ နဲ့ စာရင်တော့ သေသွားတာကမှ ကောင်းလိမ့်ဦးမည်။

တောင်အောက် လမ်းသွယ်ကလေးဆီ ရောက်တော့ သူတို့ နှစ် ယောက် ကျွန်မ၏ ရွေးချယ်မှုကို စောင့်နေဟန်ဖြင့် ကျွန်မရှေ့မှာ ရပ်နေကြသည်။ ဦးရှားမင်းက ရွှတ်နောက်နောက် ဟာသဉာဏ်ဖြင့် ကျွန်မအား မဲဆွယ်ဟန်ဆောင်၏။

"ကိုယ့်ကားက သူ့ကားလိုတော့ မတောက်ပဘူးပေါ့လေ၊ ဒါ ပေမဲ့ 'မြန်မာ မိုးပြာ' ဆိုတဲ့ နာမည်နဲ့ လိုက်အောင် တည်ငြိမ် ခိုင်ခံ့ တယ်၊ ဣန္ဒြေကြီးတယ်၊ ဟောဒီ အပြာရောင်မျိုး ကမ္ဘာမှာ ရှာကြည့် စမ်းပါ၊ မင်း ဘယ်မှာမှ မတွေ့နိုင်ဘူး၊ မြန်မာပြည်ရဲ့ မနက်ခင်း ကောင်းကင်မှာပဲ ဒီအပြာကို တွေ့နိုင်မယ်၊ အဲ…တစ်ခုတော့ ရှိတာ ပေါ့လေ၊ ထိုင်ခုံခါးပတ်ကတော့ တော်တော်ကျွမ်းကျင်တဲ့လူမှ ပတ် တတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးရှားမင်း ရယ်သောအခါ ကျွန်မပါ လိုက်ရယ်မိသည်။ သူ ရယ်ရန် ကြိုးစားလိုက်တာတော့ ကျွန်မ မြင်ရပါရဲ့၊ သို့သော် သူ့ နှုတ်ခမ်း လှုပ်ရှားမှုက အပြုံးတစ်ခုပင် ဖြစ်မသွားပါ။

"ဒါလဲ ကိစ္စမရှိပါဘူး၊ ကိုယ့်ကားပေါ်မှာ ထိုင်မယ့် အထူး ဧည့်သည်အတွက် ထုံးစံအတိုင်း ကိုယ်က ထိုင်ခုံခါးပတ် ပတ်ပေး ဖို့ ဂုဏ်ယူစွာ တာဝန်ယူပါတယ်၊ ဘယ့်နှယ်လဲ ရတနာ"

ကျွန်မ နေသန်အား အားနာပါးနာ လှမ်းကြည့်လိုက်မိတော့ သူက ကိစ္စမရှိပါဘူး ဟူသော ဟန်ဖြင့် ခေါင်းညိတ်၍ ပြုံးပြသည်။

အဲသည်လောက် နွမ်းနယ်သော အပြုံးမျိုးကို သူ့ထံမှာ ကျွန်မ တွေ့ခဲ့ဖူးပါရဲ့လား။ လမ်းမီးတိုင်၏ အလင်းရောင်ဖြင့် သူ့မျက်ဝန်း မှာ နောင်တ တွေကို ကျွန်မ မြင်ရသည်။ သူ ကျွန်မအတွက် စိတ် မကောင်း ဖြစ်နေရုံပဲလား၊ ကျွန်မဆီသို့ နီးကပ်အောင် တိုးခဲ့မိလေ ခြင်းဟု ကိုယ့်ကိုယ်ကို အပြစ်တင်ရုံပဲလား…၊ သို့မဟုတ် တခြား နောင်တ တစ်ခုခုများ ပါနေသေးသလား။ ကျွန်မ မသိနိုင်ပါ။

"ကျွန်တော့်ကို ခွင့်ပြုပါဦး" ဟူသော စကားကို ခပ်မြန်မြန် ဆို၍ ဖျတ်ခနဲ လှည့်ထွက်သွားသော သူ့နောက်ကျောကို ကျွန်မ လှမ်း ကြည့်နေမိသည်။

"အိုး…သနားစရာ အရူးသမားလေး"

ဦးရှားမင်းက သူ ကြားအောင် ခပ်နောက်နောက် လှမ်းအော် ၏။ နေသန် က လှည့်ကြည့်ကာ လက်ပြသည်။ 'စောင့်ပါဦး' ဟူ သော စကားကို အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ပြောလိုက်၏။





အဲသည်အချိန်မှာပါပဲ။

အဲသည်အချိန်မှာ ကျွန်မ၏နှလုံးသားကို သူ ဆွဲထုတ်လိုက် နိုင်တာပါပဲ။ အဲသည်မျက်လုံး၊ အဲသည်အပြုံးတွေဟာ သူနှင့် မလိုက် ဖက်ပါဘူးကွယ်။ သူက နွေးထွေးသော၊ ယုံကြည်မှုရှိသော ကရုဏာ အပြုံးမျိုးနဲ့မှ လိုက်ဖက်တာပါ။

"ဆောရီး ဦးရှားမင်း၊ ကျွန်မ သူ့ကားနဲ့ လိုက်သွားတော့မယ် နော်"

ကမန်းကတန်း ဆုံးဖြတ်ချက်ပြင်ပြီး သူ့ဆီ လှမ်းကြည့်လိုက် တော့ သူသည် ကားမောင်းသူဘက် ကားတံခါးကို ဖွင့်ရန် ပြင်နေပြီ။ ဦးရှားမင်းသည် ကျွန်မ၏ ဆုံးဖြတ်ချက်အတွက် အံ့သြသွားပုံ မရပါ။

"ကောင်းပြီလေ၊ မင်းကို ကိုယ် နားလည်နိုင်ပါတယ်၊ ဟေး… နေသန်၊ ခဏ…ခဏ၊ ဒီမှာ ခရီးသည်တစ်ယောက် ရှိနေတယ်လေ"

သူ ဖြုန်းခနဲ လှည့်ကြည့်သည်။ ကျွန်မ သူ့အား လှမ်းလက်ပြ ကာပြီးနောက် သူ့ကားရှိရာသို့ လိုက်သွားရန် ခြေလှမ်းပြင်မိ၏။

"ဟော့ နေဦးလေ…မိန်းကလေး၊ ကိုယ့်ကို နှုတ်ဆက်သွားဦး မှပေါ့"

ဦးရှားမင်းက ကျွန်မအား ဖခင်တစ်ယောက်က သမီးကို ပွေ့ ဖက် နှစ်သိမ့်မှုမျိုးဖြင့် နှုတ်ဆက်လေသည်။

"ဂွတ်ဒ်နိုက် ဦးရှားမင်း"

"ဂွတ်ဒ်နိုက် ရတနာ"

ကျွန်မ သူ့ဆီ လျှောက်သွားခိုက် သူကလည်း ကျွန်မဆီ ပြန် လျှောက်လာပြီး ကြိုဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မြန်မာမိုးပြာရေ၊ မနက်ဖြန်ကျ မင်းကို ငါ အနီရောင် ပြောင်းပစ်တော့မယ်၊ တရုတ်ပြည်က ကြယ်နီ ဖြစ်သွားအောင်လို့၊ ဒီမိန်းကလေးက အနီရောင်ကို ပိုကြိုက်ပုံရတယ်"

ဦးရှားမင်း သူ့ကား သူ ပြန်နှောက်နေတာကို ကျွန်မ ကြားရ ပေမယ့် လှည့်မကြည့်နိုင်တော့ပါ။ ဘာကိုမှလည်း ဂရုမစိုက်နိုင် တော့ပါ။ သူက ကျွန်မဘက်က ကားတံခါးကို ဖွင့်ပေးနေပြီ။ သူ ဦးရှားမင်းကို လှမ်းနှုတ်ဆက်နေချိန်မှာပဲ သူ့ကားထဲသို့ ကျွန်မ ဝင်ထိုင်လိုက်ပါသည်။

"ကိုယ်က ဒီထိုင်ခုံပေါ်မှာ မင်း မထိုင်ချင်တော့ဘူးလို့ ထင် သွားခဲ့တာ"

နေဝင်ချိန်လမ်းမသို့ ချိုးကွေ့လိုက်စဉ်မှာ သူက ခပ်တိုးတိုး ပြောသည်။ ကျွန်မ သူ့ဘက်သို့ တည့်တည့်လှည့်ကြည့်လိုက်မိ၏။

"ဟုတ်တယ်၊ မထိုင်တော့ဘူးလို့ပါပဲ။ ဒါပေမဲ့ ရှင့်မျက်လုံး ထဲက နှောင်တတွေကို မကြည့်ရက်လို့၊ ကျွန်မက ရှင့်ကို ပျော်ရွှင် တက်ကြွနေစေချင်တာ"

သူ ကျွန်မအား တစ်ချက် ငေးကြည့်လေသည်။

"ဟုတ်လား၊ ကျေးဇူးတင်ပါတယ် ရတနာ"

"ရှင်ကတော့ ကျွန်မကို နှုတ်မဆက်ဘဲတောင် ပြန်တော့မလို့ မဟုတ်လား"

"အာ...မဟုတ်ပါဘူး၊ မင်း သူ့ကားနဲ့ လိုက်သွားမယ် ထင် လို့၊ မင်းအတွက် ယူလာတဲ့ စာအုပ်ကို ပေးလိုက်ဖို့အတွက် အရေး တကြီး သွားယူတာပါ"





ဒက်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် စာအုပ်ကြီးတစ်အုပ်ကို သူ ကျွန်မအား ကမ်းပေး၏။ ထို့နောက် ကျွန်မ မြင်သာအောင် ကား အတွင်း မီးလုံးကို ဖွင့်ပေးလိုက်သည်။

ပေါလ်ကလီး...တဲ့။ မျက်နှာဖုံးမှာက လူမည်း မင်းသား (Black Prince) ဟူသော ပန်းချီကားနှင့်၊ အတွင်းမှာ ပေါလ်ကလီး ၏ အနုပညာလက်ရာ ပန်းချီများနှင့် သူ့ဘဝ သူ့အတွေးတို့ကို ရော စပ် ထည့်သွင်းထားသည်။

"အို...သိပ်ကောင်းတဲ့ စာအုပ်ပဲ၊ သိပ်ကျေးဇူးတင်တာပဲ"

"သေချာတာပေါ့၊ အဲဒီထဲမှာ ကိုယ်ပြောဖူးတဲ့ စိန့်ဂျာမိန်းမှ လထွက်ချိန် ပန်းချီကားပုံ ပါတယ်"

ခဏအတွင်း သူ ပြောသည့် ပန်းချီကားကို ကျွန်မ တွေ့သွား ပါသည်။

"မင်း ကြည့်ဖူးတဲ့ ပန်းချီကား တစ်ခုနှစ်ခုလဲ ပါတယ်လို့ ကိုယ် ထင်တယ်"

"ဟုတ်တာပေါ့...ဟောဒီကားပဲ၊ ကြည့်စမ်း...ဘယ်လောက် လှလိုက်သလဲကွယ်...နော်၊ ပြတိုက်ထဲက တကယ့်ပန်းချီကားကို ပြန်သွားကြည့်နေရသလိုပဲ၊ စပယ်ရှယ်ပဲ"

လိုချင်သည့် မုန့်ကို ရသွားသော ကလေးဘဝက ကျေနပ်ပျော် ရွှင်မှုမျိုးဖြင့် တစ်ချက်ပြုံးရယ်ကာ စာအုပ်ကို ရင်မှာ တွေးပိုက်ထား လိုက်မိသည်။

"အဲလို ရယ်စမ်းပါ ရတနာ၊ မင်း အဲဒီလိုရယ်နေမှ ကိုယ် စိတ် ချမ်းသာတာ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကားတွင်းမှမီးကို ပြန်ပိတ်ပေးရင်း ကျွန်မအား ပြုံး ကြည့်နေခဲ့သည်။ သူ့အပြုံးနှင့် သူ့မျက်လုံးတွေလည်း အရင်ကလို ပြန်တောက်ပလာသည်။

ကျွန်မတို့နှစ်ယောက် ဟိုစဉ်ကလိုပင် အကျိတ်အခဲ မရှိ၊ နာ ကျင်သည့် နောင်တတွေ မရှိ၊ သတိထားစရာ ထောင်ချောက်တွေ မရှိ သော ကြည်နူးစရာ သူငယ်ချင်းနှစ်ယောက်၏ ဘဝမျိုး ပြန်ရလျှင် သိပ်ကောင်းမှာပဲနော်။

မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့။

သူငယ်ချင်း မောင်းနေတဲ့ ကားထဲမှာ သူငယ်ချင်းရဲ့ဘေးမှာ ထိုင်လိုက်လာတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်မလို ရင်ခုန်ဗျာ မော ပန်း နွမ်းနယ်နေမှာမဟုတ်၊ သူငယ်ချင်း၏ မျက်နှာအပြောင်းအလဲ ကို အရိပ်တကြည့်ကြည့် စောင့်ကြည့်နာကျင်နေမှာမဟုတ်။ သူငယ် ချင်းရဲ့ ပခုံးစွန်းကို ပါးအပ်ကာ မှီတွယ်ချင်တဲ့ စိတ်တွေနှင့် တမ်းတ ယစ်မူးနေမှာမဟုတ်။

ကျွန်မတို့နှစ်ယောက် သူငယ်ချင်းတွေ မဖြစ်နိုင်ကြတော့ဘူး ထင်တယ်နော်။

"ကြောက်သလား ရတနာ"

"ဟင့်အင်း၊ ဟောဒီမြို့တစ်ခုလုံးမှာ ဟောဒီ နေဝင်ချိန်လမ်း ဟာ ကျွန်မအကျွမ်းကျင်ဆုံး အရင်းနှီးဆုံးပဲ၊ မကြောက်ပါဘူး"

နေဝင်ချိန်လမ်းမသည် အကွေ့အကောက် ထူထပ်သည့်အပြင် လမ်းကကျဉ်းသည်။ နိမ့်လိုက်မြင့်လိုက်လည်း ရှိသည်။ အကွေ့များ





လွန်းသဖြင့် တချို့နေရာတွေမှာ လမ်းမီးတိုင် ထွန်းမထားဘဲ လမ်း ပေါ်မှ အလယ်မျဉ်းတစ်လျှောက်က ရောင်ပြန်ပြားကလေးတွေ၏ အလင်းဖြင့်သာ ကားမောင်းစေသည်။ နံနက်ရုံးတက်ချိန်နှင့် ညနေ ရုံးဆင်းချိန်တွင် နေဝင်ချိန်လမ်းမသည် ကားရှုပ်ထွေးပြီး မြန်မြန် မောင်းဖို့ အန္တရာယ် ရှိသည်။ ယခုလို ည ၁၁ နာရီအချိန်မှာတော့ ကား အသွားအလာ တော်တော်ရှင်းကာ မြန်မြန်မောင်းလို့ ရ၏။ လမ်းဟိုဘက်က အုပ်ဆိုင်းနေသော သစ်တောကြီးများနှင့် တောင် ကမ်းပါးတို့မှာ ရိပ်ခနဲ ရိပ်ခနဲ ကျန်နေခဲ့၏။

"ဟောဒီက ပန်းခြံက တောင်တက်လို့ သိပ်ကောင်းတယ် ရတ နာ၊ ကိုယ်ခဏခဏ ဒီကိုလာဖူးတယ်၊ ဒါနဲ့ မင်း တောင်တက် လမ်း လျှောက်ဖို့ ဝါသနာပါသလား"

"ပါတာပေါ့၊ နှစ်ပတ်တစ်ခါလောက် ကျွန်မ တောင်ခပ်ပြေ ပြေကို လမ်းလျှောက်တက်လေ့ရှိတယ်"

သူ လေတစ်ချက် ချွန်လိုက်၏။

"တယ်ဟုတ်ပါလား၊ တောင်တက်ဖော်က ဘယ်သူလဲ"

"အသက် ၇၀ ကျော် အဖိုးကြီးတစ်ယောက်ပဲ၊ ဦးဘနီတဲ့၊ သူ က ရယ်စရာတွေ အမြဲပြောတတ်တယ်။ ကျွန်မတော့ သူနဲ့ တွေ့ရင် ရယ်နေရတာပဲ ကိုနေသန့်"

ပြောရင်း ကျွန်မ အသံထွက် ရယ်မိသွား၏။

"ဟုတ်လား၊ ကိုယ်လဲ မင်းကို ရယ်အောင် လုပ်နိုင်တဲ့သူ ဖြစ် ချင်ပါတယ်၊ မင်း ပျော်ရွှင်နေတာကိုပဲ မြင်ချင်တယ်၊ အဲဒါ ကိုယ့် ရဲ့ စိတ်ဆန္ဒအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို...ဒါလေးများ၊ ရှင်မြင်ချင်တဲ့ ပျော်ရွှင်မှုကို ကျွန်မဆီမှာ ရှင် အခုက စပြီး မြင်နေရပြီ...ကဲ"

သူက တိုးတိုးတိတ်တိတ် ရယ်မောရင်း ခေါင်းခါယမ်းနေသည်။

ကျွန်မအဆောင်သို့ နီးလာသည့်အခါကျမှ ကျွန်မ ဆာလောင်နေသည်ကို သတိပြုမိသည်။ စားစရာ ဘာရှိပါလိမ့်ဟု တွေးကြည့်တော့ ရယ်ဒီမိတ် ခေါက်ဆွဲထုပ်နှင့် ပေါင်မုန့်ပဲ စဉ်းစားလို့ ရသည်။ သိပ်တော့ မစွံဘူး။

"ရှင် မဆာဘူးလားဟင်၊ ကော်ဖီတစ်ခွက်စီလောက် သောက်ကြရင် ကောင်းမလား"

"ဒီနားမှာ ဒီအချိန် ဘယ်ကော်ဖီဆိုင် ရှိတော့မှာလဲ"

"အိုး...ကျွန်မအခန်းမှာ ကော်ဖီ ရနိုင်တာပေါ့"

သူ တစ်ချက် ရယ်လေသည်။ ထို့နောက် ဖြုန်းခနဲ မျက်နှာပြတည်သွားသည်။

"ဒီလိုဆိုတော့ မင်း ကိုယ့်ကို စိတ်မဆိုးတော့ဘူးပေါ့၊ ဟုတ်လား"

"ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး၊ စိတ်ဆိုးစရာအကြောင်းများ ရှိလို့လားဟင်"

တကယ်ပင် နားမလည်စိတ်ဖြင့် မေးမိတော့ သူက ကျွန်မအား လှည့်ကြည့်ရင်း မချင့်မရဲဖြစ်သွားဟန်ဖြင့် ကျွန်မဆံပင်ကို ခပ်ဖွဖွ တစ်ချက်သပ်လိုက်သည်။





"တကယ့်မိန်းကလေးပဲ"

ထို့နောက် ကားကို နေဝင်ချိန်လမ်းမပေါ်မှ ကျွန်မအဆောင်ရှေ့ ကားရပ်ရာကွက်လပ်ဆီသို့ ချိုးကွေ့ဝင်လိုက်သည်။

"ရတနာ...မင်းဟာ တစ်လျှောက်လုံး ရိုးသားခဲ့တာပဲ၊ ရင်ထဲမှာရှိတဲ့ စကားတွေကိုပဲ မင်းပြောခဲ့တယ်၊ မင်းရင်ထဲက ဘာလိုချင်သလဲ ဆိုတာလဲ မင်း သိခဲ့တယ်၊ မရိုးသားခဲ့တာက ကိုယ်ပဲ။ ကိုယ်ပြောတဲ့စကားဟာ ကိုယ်ယုံကြည်တဲ့ စကားလားဆိုတာလဲ မသေချာဘူး၊ ဒါထက်ဆိုးတာက ကိုယ် ဘာလိုချင်တာလဲလို့ ကိုယ့်ဟာကိုယ် မသိတော့ဘူး၊ ဒီကြားထဲကနေ မင်းကို နာကျင်အောင်လဲ လုပ်ခဲ့မိပြန်ပြီ၊ ကဲ...ဒီလိုလူကို မင်း ဘယ်လိုခွင့်လွှတ်နိုင်ခဲ့တာလဲ၊ ဘယ်လို နှလုံးသားမျိုးလဲကွယ်"

သူသည် ကားကို အဆောင်ရှေ့ ဂိတ်တည့်တည့် ကွန်ကရစ်လမ်းပေါ်မှာပဲ ရပ်ပြီး စက်သတ်လိုက်လေသည်။

"ရှင် မှားနေပြီ၊ အခုဟာက ရှင့်ကို ကျွန်မ ခွင့်လွှတ်နိုင်နေတာ မဟုတ်ဘူး နေသန့်ရဲ့၊ ကျွန်မကိုယ် ကျွန်မ ခွင့်လွှတ်ဖို့ အားယူနေတာ၊ ဒီမယ် ကြည့်စမ်း...ကျွန်မကို ကြည့်စမ်းပါ"

သူ ထိုင်ခုံခါးပတ် ဖြုတ်လိုက်ပြီး ကျွန်မဘက်သို့ စောင်းထိုင်လိုက်ပါသည်။ သူ ကျွန်မကို ငေးစိုက်ကြည့်သော မျက်ဝန်းထဲမှာ ကြင်နာရိပ်နှင့်အတူ တွယ်တာမှုတွေကိုပါ မြင်နေရသလိုပဲ၊ ကျွန်မ စိတ်ထင်တာများလား။ အလင်းရောင် မသဲမကွဲမှာ ဘာကိုမှ မသေချာပါ။



www.burmeseclassic.com

www.burmeseclassic.com



“အခု ကျွန်မကိုယ် ကျွန်မ ခွင့်လွှတ်နိုင်ဖို့ အင်မတန် ပြည့်စုံတဲ့ အကြောင်းတစ်ခုကို ရထားပြီ”

သစ်ပင်ထိပ်ဖျား ဟိုးကောင်းကင်ဆီမှာ ဝိုင်းစက်နေသော လကို အခုမှ ကျွန်မ မြင်ရသည်။ လရောင်သည် ကားရှေ့မှန်ကို ထွင်းဖောက်လျက် စတီယာရင်ပေါ် ထောက်ထားသည့် သူ့ဘယ်လက်တံထောင်ဆစ်ဆီသို့ ဖြာကျနေသည်။

“လူ့ဘဝဆိုတာ တိုတိုလေးလေ၊ အဲဒီတိုတိုလေးထဲမှာမှ ကျွန်မတို့ အိပ်မက် မက်ခွင့်ရမယ့် ကာလကလေးဟာ မျက်စိတစ်မှိတ်စာကလေးပါ၊ ကံကောင်းထောက်မလို့ ရလာတဲ့ အဲဒီအိပ်မက်ကလေးကို လက်ခံယူလိုက်ဖို့ ဘာများ တွန့်ဆုတ်နေရဦးမှာလဲ၊ အိပ်မက်က ပေးနိုင်သမျှ သာယာမှု၊ ကြည်နူးမှု၊ ပြည့်စုံမှု အဲဒီ အရသာတွေကို ရအောင် ယူနိုင်မယ်ဆိုရင် ဒီအိပ်မက်ဟာ ဘယ်လောက်ပဲ အချိန်နည်းနည်း မက်ဖို့ မထိုက်တန်သေးဘူးလားကွယ် ... ဟင်၊ မထိုက်တန်သေးဘူးလား”

ကျွန်မ ရင်ထဲက ရိုးသားစွာ ထွက်ပေါ်လာသော စကားများဖြစ်သည်။ ထိုစကားများကို ကျွန်မကိုယ် ကျွန်မ တီးတိုးရေရွတ်နေခဲ့မိသလား၊ သူ့ကို တီးတိုးပြောပြ တိုင်တည်နေခဲ့မိတာလား ကျွန်မ မဝေခွဲနိုင်ခဲ့ပါ။

ကျွန်မကို ခပ်ကြာကြာ စိုက်ငေးနေသော သူ့မျက်လုံးတွေထဲမှာ စိုးရိမ်မှုနှင့် မသေချာမရေရာမှုတွေ ရှိနေလေသလား၊ ထိန်းချုပ်တွန့်ဆုတ်မှုတွေ ရှိနေလေသလား။ လရောင်က သူ့မျက်နှာဆီထိတော့ ရောက်မလာခဲ့ပေ။





“အဲဒီအိပ်မက်မှာ သာယာမှုတွေ ပျော်ရွှင်မှုတွေချည်း ရှိလိမ့်မယ်လို့ မင်းဘယ့်နှယ်လုပ်ပြီး သိနိုင်ပါ့မလဲ ရတနာ၊ ကိုယ့်အထင်တော့ အဲဒီအိပ်မက်ဟာ ကိုယ်တို့နှစ်ယောက်လုံးကို ဝမ်းနည်းမှုတွေ ကြေကွဲမှုတွေကိုပဲ အများဆုံး ပေးလိမ့်မယ် ထင်တယ်၊ ရတနာ... အဲဒါ အိပ်မက်ဆိုး ဖြစ်နေခဲ့ရင် ကိုယ်တို့ဘယ်လိုလုပ်ကြမလဲ”

သည်တစ်ခါတော့ ကျွန်မက သတ္တိအပြည့်ရှိနေပြီ။

“အိပ်မက်တစ်ခု လှသလား ဆိုးသလား ဆိုတာက မက်ကြည့်ပြီးမှ သိရတာမျိုးပါကွယ်”

“ရတနာ ...”

တိုးတိတ်ညင်သာစွာ ရေရွတ်လိုက်သော သူ့အသံမှာ နူးညံ့ ကြင်နာမှု အပြည့်ကို ကျွန်မ ခံစားလိုက်ရပါသည်။

သူ ကျွန်မကို ငေးစိုက်ကြည့်နေသည့် မျက်ဝန်းတွေထဲမှာ တမ်းတ တွယ်ငြိမှုတွေလား၊ အံ့သြကြည်နူးမှုတွေလား၊ သို့မဟုတ် သနားကရုဏာတွေလား။ တစ်ဝက်တစ်ပျက် အလင်းမှိုင်းတဝါးမှာ ကျွန်မ မသိနိုင်ပါ၊ သိလည်း မသိချင်တော့ပါ။

ကျွန်မ စကားပြောလိုက်သောအခါ ကျွန်မအသံသည် တိုးတိတ် ခြောက်သွေ့နေ၏။

“အိပ်မက်ဆိုးပဲဖြစ်ဖြစ်၊ အိပ်မက်လှလှပဲဖြစ်ဖြစ် အချိန်တန်တော့ နိုးရမှာချည်းပါပဲ၊ အဲဒီအချိန်ကျမှ ...”

“ရှ် ... ရှ်”

သူက ကျွန်မ နှုတ်ခမ်းကို သူ့လက်ဖျားဖြင့် ခပ်ဖွဖွ ထိကပ်၍ ဟိုးကလေး တားမြစ်လိုက်တော့ ကျွန်မစကားတွေ တိခနဲ ရပ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောနဲ့တော့နော်"


သူ့အသံသည် ကျွန်မ ကြားနိုင်ရုံကလေး၊ တိုးတိုးကလေး

သည်။

ထို့နောက် ကျွန်မနဖူးမှာဝဲကျနေသော ဆံစကလေးများ

သူအသာအယာ ငုံ့နမ်းလိုက်ပါသည်။

○



The Voice (1893); Edvard Munch, Oil on Canvas, (87.5 x 108 cm)
Museum of Fine Arts, Boston

www.burmeseclassic.com

www.burmeseclassic.com

နော်ဝေနိုင်ငံသား ကမ္ဘာကျော် ပန်းချီဆရာ အက်ဒ်ဗတ်ဒ်မွန့်ခ် (Advard Munch) သည် အမြွက္တဝါဒ (Expressionism) ၏ အစော ပိုင်း ဖန်တီးရှင်တစ်ယောက် ဖြစ်သည်။

မွန့်ခ်သည် လူသား၏ဖြစ်တည်မှုကို ထောင့်စုံ မြင်ကွင်းစုံမှ လေ့လာရေးဆွဲရန် မဆုတ်မနစ် ကြိုးပမ်းခဲ့၏။ ချောက်ချားဖွယ် ရှုမျှော်ခင်းများ အလယ်တွင် စိတ်ဓာတ်ကျ မှိုင်တက်မိနေသော လူသဏ္ဌာန်များကို ရောမှောရေဆွဲခြင်းဖြင့် မွန့်ခ်၏ ပန်းချီကားများသည် စိတ်ချောက်ချားစရာ အိပ်မက်ဆန်မှုများဖြင့် လွှမ်းခြုံနေတတ်သည်။ ခံစားမှုကို သရုပ်ဖော်ရေးဆွဲလိုသော ပန်းချီဆရာ၏ စိတ်အာရုံတွင် အိပ်မက်အစဉ်ကို ပြန်လည်အောက်မေ့ဟန်က တစ်သားတည်း ပေါင်းဝပ်နေသကဲ့သို့ပင် ဖြစ်သည်။

## အက်ဒ်ဗတ်ဒ်မွန့်ခ်နဲ့ နှင်းဆီည

ကောင်းကင်မှာ နေနှင့်လ တစ်ပြိုင်တည်း ထွက်ပေါ်နေသည့် မြင်ကွင်းမျိုး အင်မတန် ရှားပါလိမ့်မည်။

ဤညနေခင်းသည် အလွန်ရှားပါးသော ညနေခင်းတွေထဲမှ တစ်ခု ဖြစ်သည်။ သမုဒ္ဒရာဘက်မှာက မဝင်သေးသည့် နေလုံး၊ ဟိုဘက်မှာက ထွက်ပြူစ လမင်း…။

"ဟောဟိုမှာ ကြည့်စမ်း ရတနာ၊ ဟိုဘက်က လ၊ ဒီဘက်က …ဘယ်လောက်လှသလဲ"

ကမ်းစပ် ပန်းခြံသည် လမ်းလျှောက်သူများ၊ ခုံတန်းမှာ ထိုင်လေညင်းခံနေသူများဖြင့် စည်ကားလျက်ရှိသည်။ ကျွန်မတို့နှစ်ယောက်သည် ကားရပ်ဖို့နေရာ တိုင်အလွတ်ကလေး တစ်ခုခုတွေ့ရင် ဖြည်းဖြည်းဘီးလိမ့်ကာ ရှာရင်း ရှာရင်း ပန်းခြံတစ်ဖက်စွန်းအထိ ကားက ရောက်သွားသည်။

"ဟိုမှာ နေရာလွတ်တစ်ခု…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဝမ်းသာအားရ လက်ညှိုးညွှန်ပြလိုက်သည်။ သူ... ပြုံးသွား၏။

"ကိုယ်တို့ ကံကောင်းတာပဲ"

"နေသန် ... မြန်မြန်နော် မြန်မြန်၊ ကျွန်မတို့နောက်က မီး... ရောင် ကားလဲ အဲဒီနေရာကို မှန်းနေပုံရတယ်"

"အို...စိတ်မပူပါနဲ့ ကိုယ်က ဦးနေပြီလေ၊ ဟောဒီမှာကြည့်... ရောက်ပြီခင်ဗျာ"

ကျွန်မတို့၏ ကားက လက်မတင် ကလေးပင် Parki... Meter တိုင်ကလေးဆီသို့ ကပ်၍ ရပ်လိုက်ပြီး ဖြစ်သွားသည်။ မီး... ရောင် ကားက ကျွန်မတို့ကား၏ဘေးမှ ဖြတ်ကျော်မောင်းသွားနို... ကားမောင်းသူ အမျိုးသမီးကြီး၏ မျက်နှာ ခပ်ရှုံ့ရှုံ့ဖြစ်နေသည်... မြင်လိုက်ရသည်။

"ဆောရီး...အန်တီ"

သူက ထိုအမျိုးသမီး မကြားနိုင်လောက်သည့် လေသံတိုးတိုး... ဖြင့် လှမ်းတောင်းပန်နေလိုက်သေး၏။ သူ့မျက်နှာ၏ အပြုံးကြော... ကျွန်မ မရယ်ဘဲ မနေနိုင်ခဲ့ပါ။

"ကိုယ်တို့ သဲပြင်ပေါ်အထိ သွားထိုင်ကြရအောင် ရတနာ..."

ကျွန်မက မီတာတိုင်ထဲသို့ ထည့်ဖို့ အကြွေကို ရှပ်အင်္ကျီအိတ်... ထဲမှ နှိုက်ထုတ်လိုက်သည့်အခါ သူက ကျွန်မအား မျက်မှောင်ကြု... ကြည့်၏။

"ဘာလုပ်မလို့လဲ"

"အို...မီတာတိုင်ထဲကို အကြွေထည့်မလို့ပေါ့"

သူ မျက်နှာမော့၍ ရယ်ပါသည်။





"ဟား ဟား...လူလည်ကလေးပေါ့လေ၊ အခု ညနေ ၆ နာရီ ကျော်သွားပြီလေ၊ ပိုက်ဆံထည့်စရာ မလိုတော့ဘူးခင်ဗျ၊ အလကား ရတယ်"

"အို...ဟုတ်ပါရဲ့၊ ကျွန်မ မေ့သွားလို့ပါနော်"

ကျွန်မ သူ့ကို မျက်စောင်းထိုးပစ်လိုက်မိတော့သည်။

ကျွန်မတို့နှစ်ယောက်သည် ဆိပ်ခံဘောတံတား၏ ဟိုး တစ်ဖက်က သဲပြင်ဆီအထိ လမ်းလျှောက်သွားကြသည်။ လမ်းလျှောက်သည် ဆိုပေမယ့် အပြေးတစ်ပိုင်း ခပ်သွက်သွက် လျှောက်ရခြင်း ဖြစ်၏။ နေဝင်ပြီးသွားလျှင် ကမ်းစပ်မှာ လူတွေ အပန်းဖြေ နားနေခွင့် မရှိတော့သောကြောင့် ဖြစ်သည်။ သဲပြင်ပေါ်မှာ ထိုင်ရသည့် ကာလကို ကြာကြာရလိုသည်။

သဲပြင်မှမှုထဲမှာ ကျွန်မ၏ ညပ်ဖိနပ်သည် သိပ်ခရီးမတွင်သလို ဖြစ်နေ၏။ သူကတော့ ခြေလှမ်းကလည်း ကျဲသေးသည်၊ ဝေါ့လ်ကင်းရှူးကိုလည်း စီးထားသေးသည်။ ဆိုတော့...သူ့ကို အမီလိုက်နိုင်ဖို့ ကျွန်မမှာ ဖိနပ်ချွတ်လျှောက်သည့်နည်းပဲ ရှိတော့သည်။

ကျွန်မ ဖိနပ်ချွတ်လိုက်တာကို သူ တအံ့တဩ မျက်လုံး ပြူး သွား၏။

"ဘာကြောင့် ဖိနပ်ချွတ်လိုက်ရတာလဲ"

"မြန်မြန်လမ်းလျှောက်နိုင်အောင်လို့"

"မလုပ်နဲ့၊ ခရုခွံတွေ အမှိုက်တွေ ရှကုန်မှာပေါ့၊ စီးထား"

"မစီးဘူး"

"မစီးရင်..."



www.burmeseclassic.com

www.burmeseclassic.com



သူသည် မပြောမဆို ကျွန်မအား မြောက်ခနဲ ပွေ့ချီလိုက်တော့သည်။

"အို...ဟင့်အင်း အဲလိုမလုပ်နဲ့၊ ဘေးမှာ လူတွေမှ အများကြီး"

"သူတို့တွေက မင်းနဲ့ကိုယ် ဒီမှာ လမ်းလျှောက်နေတာကို သတိတောင် ထားမိမှာ မဟုတ်ဘူး"

ထို့နောက် ကျွန်မကို ပွေ့ချီလျက်က သဲပြင်အစို သောင်စပ်ထိ သူ ခပ်သွက်သွက် လမ်းလျှောက်သွားလေသည်။

ကလေးဘဝတုန်းက ဖေဖေတို့ မေမေတို့ ကျွန်မကို ပွေ့ချီ၍ လမ်းလျှောက်သည့်အခါ မိုးကောင်းကင်ကြီးက သည်လိုပဲ ကျွန်မဆီ နီးလာလိုက် ဝေးသွားလိုက် ဖြစ်ခဲ့သလား၊ တိမ်တွေက ကျွန်မဆီ တရွေ့ရွေ့ လိုက်လာခဲ့သလား...ကျွန်မ မမှတ်မိတော့ပါ။ ယခုအချိန်မှာတော့ ဟိုးအဝေးက လသည် ကျွန်မဆီသို့ ခုန်၍ခုန်၍ လိုက်လာခဲ့လေသည်။ ကောင်းကင်ကြီးက ကျွန်မနှင့် ဖြုန်းခနဲ နီးလာလိုက် နောက်ပြန်ဆုတ်လိုက်နှင့် ရှိသည်။ ကျွန်မဆီသို့ တရွေ့ရွေ့ လိုက်လာသော တိမ်တွေကို ကြည့်ရင်း ကျွန်မရယ်ချင်လာသဖြင့် အသံထွက် ရယ်လိုက်မိလေသည်။ ပုခက်စီးရသလိုပဲ...သိပ် ချစ်စရာကောင်းတဲ့ အတွေ့အကြုံပဲ။

ကျွန်မ ညာလက်ဖြင့် သူ့အင်္ကျီစကို ဆုပ်ညှစ်ထားမိရာမှ လွှတ်လိုက်သည်။ သူ ပွေ့ချီ လမ်းလျှောက်တာက ကျွန်မ ထင်ခဲ့သလို ကြောက်စရာ မကောင်းဘဲ မိန်းမူးပျော်ရွှင်စရာ ကောင်းနေခဲ့သောကြောင့် ဖြစ်သည်။

သူ ရုတ်တရက် ကျွန်မအား သောင်စပ်မှာ ချပေးလိုက်သည်





အခါ ကောင်းကင်က လည်သွားသဖြင့် လှိုက်ခနဲ ဟာသွားလေသည်။

ကျွန်မက ဖိနပ်ကို ခုၡ၍ ထိုင်သည်။ သူကတော့ သဲ ခပ်စိုစိုပေါ်မှာ သည်အတိုင်း ထိုင်ချလိုက်၏။

သမုဒ္ဒရာ လှိုင်းဖြူဖြူများက ဟိုးအဝေးမှ ပြေးပြေးလာပြီး ကျွန်မတို့ရှေ့ ခပ်လှမ်းလှမ်း ရောက်တော့ အမြင့်ဆုံး တက်သွားကာ ပြန် လျှော့ပြေသွားကြသည်။ နေလုံးသည် မိုးကုပ်စက်ဝိုင်းနှင့် သမုဒ္ဒရာ တွေ့ဆုံသည့်နေရာသို့ တဖြည်းဖြည်းချင်း ဆင်းနေသည်။ လေသည် အရပ်ရှစ်မျက်နှာမှ ကြမ်းတမ်းစွာ တိုက်ခတ်နေလေသည်။ ကျွန်မ ဆံပင်က တိုလွန်းသဖြင့် သိပ်မဖွာပေမယ့် သူ့ဆံပင်သည် လေအရှိန်ဖြင့် ဖွာဆန်ကြဲလျက် ရှိသည်။

"သိပ်အေးသလား ရတနာ"

"အို...ကျွန်မ ကြိုက်တယ်"

ဟောဒီ ကမ္ဘာလောကကြီးတွင် ချစ်သူနှစ်ဦး ဆုံတွေ့ချိန်မှာ အနာဂတ်အကြောင်း မပြောဘဲ နေသူရယ်လို့ ဘယ်သူတွေများ ရှိနိုင်မလဲ။ ကျွန်မတို့ပဲ ရှိနိုင်ပါသည်။

ကျွန်မတို့အနာဂတ်အကြောင်း မပြောကြပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မှာ အနာဂတ်ဆိုတာ မရှိလို့ပဲ ဖြစ်သည်။

"ဟိုးရေပြင်ရဲ့ မိုးကုပ်စက်ဝိုင်းအစပ်မှာ လပြည့်လ ရှိနေဖူးသလားဟင်"

ကျွန်မတို့သည် အနောက်ဘက်ကျကျ ဦးလှည့်နေခြင်း ဖြစ်ပြီး လသည် ဘယ်တော့မှ အနောက်အရပ်မှ စမထွက်မှန်း ကျွန်မ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း...အချိန်နဲ့ ရာသီကို လိုက်လို့ပေါ့၊ ညသန်းခေါင်မှာ အဲဒီနေရာမှာ ရှိချင်ရှိမှာပေါ့၊ ဒါပေမဲ့ ဒီမြို့ရဲ့ သမုဒ္ဒရာကမ်းစပ် ကွေ့ဝိုက်နေတာ ရတနာရဲ့၊ ဒီနေရာမှာ သမုဒ္ဒရာဟာ အနော တည့်တည့် ဖြစ်ပေမယ့် ဟောဟိုက မိုင် ၅၀ အလွန်မှာ သမုဒ္ဒရာဟာ အရှေ့ဘက်ကျကျ နေရာမှာ ရှိတယ်၊ အဲဒီဘက် ကမ်းစပ်ကကြည့် ရင် သမုဒ္ဒရာအစပ် ကောင်းကင်ကနေ လ ထွက်လာတာကို မြင်ေ မယ်လေ...မဟုတ်ဘူးလား"

သူက ကျွန်မကို နူးညံ့စွာ ပြုံးကြည့်ရင်း အဖြေပေးခဲ့သည်။

"ဟုတ်ပြီ၊ ဒါဖြင့် နောက်တစ်ခါ လပြည့်ညတစ်ခုခုမှာ ကျွန်မ ကို အဲဒီနေရာကို လိုက်ပို့ပေးပါနော်"

"ကောင်းပြီ...ပို့ပေးရတာပေါ့၊ ရေထဲက လအရိပ်ကို ကြည့် ချင်တာ ဆိုရင်တော့ နီးနီးနားနား ရေကန်တစ်ခုကို ကိုယ်လိုက်ပြ နိုင်ပါတယ်"

သူက စ,နောက်သေးသည်။

"မဟုတ်ဘူး၊ ကျွန်မက ရေပြင်အကျယ်ကြီးရဲ့ ဟိုးအစပ်က လပြည့်ကို ကြည့်ချင်တာ၊ လပြည့်နဲ့ ရေရဲ့အရိပ်ဟာ မွန့်ခ်ရဲ့ပန်းချီ လို ဖြစ်နေတာမျိုးကို မြင်ချင်တာ"

"မွန့်ခ်..."

သူ ကျွန်မကို မျက်ခုံးပင့်ကြည့်၏။

"မင်း မွန့်ခ်ရဲ့ပန်းချီတွေကို ကြိုက်တယ်ပေါ့"

"သိပ်ကြိုက်တာပဲ"

"မင်းပြောတဲ့ပန်းချီက ဘာပန်းချီလဲ၊ 'လရောင်'ဆိုတဲ့ပန်းချီ လား"





ကျွန်မအာရုံထဲမှာ ပန်းချီကားကို ပြန်ပုံဖော်ကြည့်မိတော့ ဝိုး တဝါးသာ ထင်၏။ သို့သော် ပန်းချီကားနာမည်ကတော့ 'လရောင်' မဟုတ်ဘူးဟု ထင်သည်။

"မဟုတ်ဘူး ထင်တယ်၊ ပန်းချီထဲမှာ မမြင်ရတဲ့ တစ်ခုခုကို ခေါင်းစဉ်ပေးထားတာ၊ ခဏလေး...ခဏလေး၊ ကျွန်မ မှတ်မိပြီ၊ အသံ...တဲ့"

"သြော်...ကိုယ် သိပြီ၊ အဲဒီကားက ဘော့စ်တန်မှာ ရှိတာ၊ မင်း ကြည့်ဖူးသလား"

"ကြည့်ဖူးတယ်...သိပ်ကြိုက်တာပဲ၊ အဲဒီမှာလေ လရောင်က ပန်းချီကားရဲ့အလယ်လောက်မှာ ဒေါင်လိုက် ဖြစ်နေတာ၊ ရေပြင် ပေါ်က လရောင်ပေါ့၊ ကျွန်မဖြင့် ဒေါင်လိုက် ရှည်မျောမျော ဖြစ်နေ တဲ့ လရောင်ကို မွန့်ခ်ရဲ့ပန်းချီထဲမှာပဲ တွေ့ဖူးတယ် ထင်တာပဲ"

သူက ခပ်ဖွဖွရယ်လေသည်။

"ဒါနဲ့ မင်းက ဘာဖြစ်လို့ 'အသံ'ကို ကြိုက်ရတာလဲ"

အဲသည်လို မေးတော့မယ်ဟု ကျွန်မ သိသားပဲ။ သို့သော်... ကျွန်မမှာ အဖြေ အဆင်သင့်မရှိပါ။

"သေချာတော့ မသိဘူး၊ ဒါပေမဲ့ မတ်တတ်ရပ်နေတဲ့ အမျိုး သမီးရယ်၊ ဒေါင်လိုက် ဖြစ်နေတဲ့ လရောင်ရယ်၊ ထောင်မတ်နေတဲ့ ထင်းရှူးပင်တွေရယ်...အဲဒီ ဒေါင်လိုက်အရာတွေနဲ့ ရေပြင်ကမ်းစပ် ရဲ့ မြေပြင်ညီနဲ့ သိပ်လှတာပဲ၊ ဖွဲ့စည်းပုံကလေးက ချစ်စရာ၊ နောက် ပြီး အမျိုးသမီးရဲ့မျက်နှာကို သိပ်ကြိုက်တယ်"

သူက သဘောကျသွားသလို ရယ်ပြီး ကျွန်မ၏ လက်ဖျား တစ်ဖက်ကို ခပ်ဖွဖွ ထွေးဆုပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မင်းပြောတဲ့ ဒေါင်လိုက်အရာဝတ္ထုတွေနဲ့ အလျားလိုက် ရေပြင်ဟာ ဘာကို ကိုယ်စားပြုသလဲ တွေးမိလား"

ကျွန်မ သူ့မျက်နှာကို မော့ကြည့်လိုက်ကာ ဇဝေဇဝါ ဖြစ်သွားသည်။

"ဟင့်အင်း...မသိပါဘူး၊ ရှင် သိလို့လား"

"ကိုယ်က အဲဒီပန်းချီအကြောင်း ငယ်ငယ်တုန်းကတည်းက ဖတ်ဖူးပြီး အသက်ကြီးမှ တကယ့်ပန်းချီကားကို မြင်ဖူးတာဆိုတော့ ကိုယ့်အသိ စစ်စစ်လား၊ စာအုပ်ထဲက ပန်းချီသုတေသီတွေရဲ့ မှတ်ချက် အရ သိတာလား... အဲဒါ မကွဲပြားဘူး။ ဒါပေမဲ့ ကိုယ် သိသလောက်တော့ အဲဒါ ယောကျ်ားနဲ့မိန်းမကို ကိုယ်စားပြုတာပဲ"

"ဩော်..."

ဟုတ်တာပေါ့။ အဲသည်လို တစ်ယောက်က ပြောလိုက်တော့လည်း ရှင်းသွားပေသားပဲ။

"ကျွန်မကို မွန့်ခ်အကြောင်း ပြောပြစမ်းပါလားဟင်"

"နိုး နိုး...အဲဒီလို အချောင်ခိုစိတ် မထားနဲ့လေ၊ မင်း သိချင်တာ မေးပေါ့၊ ကိုယ်သိရင် ဖြေမှာပေါ့၊ မသိရင်တော့ မင်းဖတ်ရမယ့် စာအုပ်တွေ ကိုယ် ညွှန်ပေးမယ်"

သူက ညစ်ကျယ်ကျယ် အပြုံးဖြင့် ကျွန်မကို ကြည့်နေသည်။ ကျွန်မ အဲသည်အပြုံးကို အမြင်ကတ်သဖြင့် ဘာမှ မမေးဘူးဟု စိတ်ထဲမှာ ဆုံးဖြတ်လိုက်၏။

ကျွန်မ တိတ်ဆိတ်သွားသည်ကို သူ ကြာကြာ သည်းမခံနိုင်ခဲ့ပါ။ သူက မျက်နှာကို တည်လျက်...

"အိုကေ...ကိုယ် ပြောပြမယ်၊ မွန့်ခ်ဟာ ငယ်ငယ်ကတည်းက





သေခြင်းတရားကို နီးနီးကပ်ကပ် မြင်တွေ့ခဲ့ရလို့ သူ့ပန်းချီ တော်တော် များများဟာ သေခြင်းတရားနဲ့ တော်တော်ဆက်နွယ်တယ်၊ အဲဒါတော့ မင်း သိမှာပေါ့နော်"

ကျွန်မ သူ့ကို မကျေလည်နိုင်သေးသော အပြုံးဖြင့် ခပ်ဆဆ ခေါင်းညိတ်မိသည်။

"နေမကောင်းလို့ အိပ်ရာထဲ လဲနေရသူရဲ့ မြင်ကွင်းတွေ၊ အဲဒီလူနာ သေသွားတဲ့အခါ သေသူ့အခန်းမှာ မြင်ရတဲ့ မြင်ကွင်းတွေ... အဲဒါတွေက မွန့်ခ်ကို ထပ်ကာ ထပ်ကာ ခြောက်လှန့်ခဲ့တယ်၊ သူ အသက်ငယ်ငယ်လေးမှာ သူ့အစ်မ ကလေးဘဝနဲ့ သေဆုံးသွားတယ်၊ သူ အစောဆုံး ဆွဲတဲ့ ပန်းချီတွေထဲမှာ 'နေမကောင်းနေတဲ့ ကလေး' ဆိုတဲ့ ပန်းချီကား ပါတယ်၊ အဲဒါ သူ့အစ်မရဲ့ ပုံရိပ်ပဲ"

ထိုပန်းချီကားအကြောင်း ကျွန်မ သိပ်မသိပါ။ သူက ရုတ်တရက် ကျွန်မကို ငုံ့ကြည့်၏။

"ဒါနဲ့ မင်း...မွန့်ခ်ရဲ့ ပန်းချီတွေကို ဘယ်အချိန်က စပြီး သိခဲ့တာလဲ"

ကျွန်မ သူ့မျက်နှာကို မော့ကြည့်ရင်း ဖွာလွင့်နေသော သူ့ဆံပင်များကို သပ်ပေးချင်စိတ် ပေါ်လာ၏။ သူ့ပခုံးမှာ ခဏလောက် မှီတွယ်ရလျှင် ကောင်းမလား၊ သို့သော် သူက မဖက်ပွေ့ဘဲ ကျွန်မက စပြီး မှီတွယ်ဖို့ဆိုတာ ဘယ်သင့်တော်ပါ့မလဲနော်။ ကျွန်မ မျက်လွှာ ပြန်ချလိုက်မိသည်။

"မွန့်ခ်ရဲ့ ပန်းချီကို ပုံနှိပ်ပုံတူအဖြစ်တောင် တိုက်ရိုက် စ မမြင်ဖူးခင်မှာ ဝတ္ထုမျက်နှာဖုံးတစ်ခုမှာ မွန့်ခ်ကို ပြန်ခံစားပြီး ရေး ထားတဲ့ ပန်းချီကားကို အရင် မြင်ဖူးခဲ့တာ။ ကမျူးရဲ့ ဝတ္ထုတို မြန်



www.burmeseclassic.com

www.burmeseclassic.com



မာဘာသာပြန်ထားတဲ့ 'ပလိပ်'ဆိုတဲ့ စာအုပ်လေ၊ အဲဒီမှာ ကျွန်မတို့ပန်းချီဆရာတစ်ယောက်က မွန့်ခ်ရဲ့ပန်းချီကို အသက်သွင်းထားတာ၊ The death Bed ဆိုတဲ့ ပန်းချီကားပဲ၊ ကျွန်မကို အဲဒီပန်းချီကားက ဆွဲဆောင်နိုင်လွန်းလို့ ပန်းချီရဲ့ မူရင်းပိုင်ရှင် မွန့်ခ်ဆိုတာကို စိတ်ဝင်စားခဲ့ရတာ။ အဲဒါ ကျွန်မ အသက် အငယ်လေး ရှိသေးတယ်၊ ၁၇–၁၈ လောက် ဖြစ်မှာပေါ့"

သူက စောစောက ကျွန်မမှာ ဖြစ်ပေါ်သွားသည့် စိတ်ဆန္ဒကို ရိပ်မိသွားသလိုပင် ကျွန်မအား ပခုံးမှ အသာဖွဖွ ဖက်ပြီး သူ့ဘက်သို့ ယိုင်နွဲ့မှီကာ သူ့လက်မောင်းပေါ်မှာ ပါးအပ်စေသည်။ ကျွန်မ သူ မသိအောင် လှစ်ခနဲ ပြုံးလိုက်မိပါသည်။

"နောက်တော့ တက္ကသိုလ် ရောက်တဲ့အခါ စာကြည့်တိုက် အမျိုးမျိုးကို သွားရှာဖတ်ရင်းကနေ မွန့်ခ်ရဲ့ပန်းချီကားတစ်ခုကို ပုံနှိပ်စာအုပ်ထဲမှာ မြင်ဖူးခဲ့တာ၊ အရမ်း နာမည်ကြီးခဲ့တဲ့ ကားပေါ့၊ ဘာပန်းချီကား ဖြစ်မလဲ ... ရှင် မှန်းတတ်လား"

သူက ကျွန်မပါးပြင်ကို လက်ညှိုးဖြင့် ခပ်ဖွဖွသပ်၍ ရယ်မောသည်။

"မှန်းကြည့်စမ်းပါရစေ၊ အော်သံဆိုတဲ့ကား ဖြစ်ရမယ်"

"ကြည့်စမ်း၊ ရှင် တော်တော် တော်ပါလား ... ဟင်"

ကျွန်မ ဖြုန်းခနဲ သူ့ကို မော့ကြည့်ဖို့ ကြိုးစားတော့ သူက မော့အကြည့်မခံဘဲ ကျွန်မ ဦးခေါင်းကို သူ့ပခုံးပေါ်မှာ ပြန်မှီအပ်ပေးလိုက်သည်။

"ကိုယ် ခန့်မှန်းတာ တော်လို့မဟုတ်ပါဘူး ရတနာ၊ အဲဒီပန်းချီကားက နာမည်ကြီးလွန်းလို့ပါ၊ မွန့်ခ်ဆိုရင် တစ်ကမ္ဘာလုံးက စ, သိကြတာ အဲဒီ 'အော်သံ'ပဲ"

"ကျွန်မလေ ... ကြောက်စရာတွေ အနိဋ္ဌာရုံတွေကို ထိတ်လန့်တုန်လှုပ်တတ်တယ်လို့ ထင်ခဲ့တာ၊ အခုတော့ ကျွန်မ အဲဒီကားကို ကြိုက်မိလျက်သား ဖြစ်နေပြီ၊ အဲဒီ ပန်းချီကားကို ကြောက်ကြောက်နဲ့ပဲ စွဲလမ်းခဲ့ရတာ၊ ကျွန်မ ပြတိုက် တစ်ခုမှာ တွေ့ခဲ့ဖူးသလိုလိုပဲ၊ ဖြစ်နိုင်လားဟင်"

"ဖြစ်နိုင်ပါတယ်၊ သူ အဲဒီကားကို ပထမဆုံးအကြိမ် ရေးပြီးတဲ့နောက် ကားပေါင်း ၅၀ လောက် မူပွား ထပ်ဆွဲခဲ့သေးတာကိုး၊ [...]င်း ကြည့်ရတဲ့ 'အော်သံ'ဟာ မူပွားတစ်ခု ဖြစ်နိုင်တာပေါ့၊ တကယ့်[...]ရင်း 'အော်သံ'ကတော့ နော်ဝေနိုင်ငံ၊ အော့စ်လိုမြို့က ပြတိုက်မှာ [...]တယ် မာလာ"

နေလုံးသည် တရိပ်ရိပ် ကျဆင်းလျက်ရှိရာ သမုဒ္ဒရာ ရေပြင်[...]သို့ တစ်ဝက်ဝင်သွားပြီ။ ကောင်းကင်ခွင် တစ်ခုလုံး နီရောင်သန်း[...]သည်။

"အဲဒီ အော်သံထဲက ကောင်းကင်ဟာ ဒီလိုမျိုး အနီရောင်ပဲ"

"မဟုတ်ဘူး ရတနာ၊ အနီရောင် ရင့်ရင့်နဲ့ အမည်းရောင်နဲ့ ရော[...]တဲ့ ကောင်းကင်၊ အမှောင်နဲ့ အနီရဲရဲနဲ့ ရောနေတာလေ၊ ကောင်း[...]င်ကို ရေးထားတာက ရေဝဲပုံစံမျိုး ဝိုက်ကွေ့နေတဲ့ အရောင်တွေ[...] ရေးထားတာ၊ လူရဲ့ ကြောက်လန့်တုန်လှုပ်စိတ်၊ ဘာမှန်း မသိ[...]သာင့် စိုးရိမ်စိတ်တွေကို အပီအပြင် ဖော်နိုင်ခဲ့တာပေါ့"

ထို့နောက် သူ ခပ်ဖွဖွ ရယ်လိုက်သည်။ ရယ်သံကို အသေ







www.burmeseclassic.com

www.burmeseclassic.com



အချာ မကြားရပေမယ့် ကျွန်မ မှီတွယ်နေသော သူ့ပခုံးအလှုပ်အ
သိလိုက်ရပါသည်။

"ဒါနဲ့ ...အဲဒီပန်းချီကားထဲက ဇာတ်ကောင်ကို မင်း သေ
ချာချာ မျက်စိထဲ ပြန်ပေါ်လာအောင် မှတ်မိလား"

"အင် ...မှတ်မိတာပေါ့၊ နှစ်ပေါင်းများစွာကတည်းက အလွ
ရခဲ့တဲ့ ကားပဲ၊ အဲဒီဇာတ်လိုက်ရဲ့မျက်နှာက အနီးကပ်ပေမယ့်
ချက် အပြားနဲ့ အကြမ်း ရေးထားတာမဟုတ်လား၊ ဒါပေမဲ့ သူ့
ပါးခွက်ခွက်၊ မျက်လုံးပြူးပြီး ပါးစပ်ဟနေလောက်အောင် တုန်လှု
ချောက်ချားရတဲ့ မျက်နှာက သိပ်ပီပြင်တာပဲ၊ သူ့လက်နှစ်ဖက်
နားနှစ်ဖက်ဆီမှာ ကပ်ပြီး အော်နေတဲ့ ဟန်လေ"

"အဲဒါကို ပြောမလို့ပဲ၊ ပန်းချီသမိုင်းပညာရှင်တစ်ယောက်
မွန့်ခ်ဟာ ပန်းချီကားထဲက ဇာတ်ကောင်ကို ဘယ်က စိတ်ကူးရသ
ဆိုတာ အဖြေရှာတွေ့ခဲ့တယ် တဲ့"

"ဟုတ်တယ် ...၊ ဘယ်က ရတာတဲ့လဲ"

"ပီရူး မမ်မီရုပ်အလောင်းတစ်ခုကနေ ရတာတဲ့၊ အဲဒီ မမ်မီ
လက်နှစ်ဖက်ကို မျက်နှာတစ်ဖက်တစ်ချက်မှာ ကပ်ပြီး သံကြိုး
လျက်သား ကွေးကွေးလေး ထိုင်နေတယ်၊ ကိုယ် တစ်ရက်လော
မင်းအတွက် မွန့်ခ်စာအုပ် ရှာပေးဦးမယ်၊ မင်း စိတ်ပါတဲ့အခါ
ကြည့်ရင်း ပန်းချီကားတွေအကြောင်း ပိုနားလည်အောင်လို့

"ကျေးဇူးပဲ"

ကျွန်မနှင့် သူနှင့် ဝေးကွာသွားသည့်အခါ အဲသည်စာအုပ်
ဟာ သူ့အတွက် လွမ်းရတဲ့ အလွမ်းတွေကို လျှော့ပါးစေမလား





ဟုတ် အလွမ်းတွေ ပိုပြီး သိပ်သည်းနက်နဲအောင် ဖန်တီးလေမလား၊
အဲဒါတော့ အဲသည်အခါကျမှ ကျွန်မ သိရပါလိမ့်မည်။

"အဲဒီ ပန်းချီကားကို ရေးတဲ့အချိန်မှာ မွန့်ခ်ဟာ အသက် ၃၀
ရှိသေးတယ် ရတနာ၊ ကိုယ့်ထက် နှစ်နှစ်ငယ်သေးတယ်၊ ဒါပေမဲ့
အဲဒီပန်းချီကားကြောင့် သူ ကမ္ဘာကျော်ခဲ့ပြီ"

ကျွန်မ သူ့ပခုံးကို မှီထားရာမှ ဦးခေါင်းမခွာဘဲ သူ့မျက်နှာကို
စောင်း မော့ကြည့်လိုက်သည်။ သူက ကျွန်မကို ကြည့်မနေပါ၊ ဟိုး
အဝေးက ဝင်လက်စ နေလုံးဆီသို့ ငေးကြည့်နေသည်။ အောင်မြင်
ထင်ရှားချင်စိတ်တွေ၊ ကမ္ဘာကျော်ချင်စိတ်တွေ သူ့မှာ ရှိကောင်း ရှိ
နေနိုင်သည်ဟု ကျွန်မ တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပါ။ သူ့ပတ်ဝန်း
ကျင်ကို သူတတ်သမျှ သူ စွမ်းသမျှဖြင့် လှပငြိမ်းချမ်းအောင် ဖန်
တီးလိုသည့် ရိုးသားကြိုးစားသော လူငယ်တစ်ယောက်မှာ ကြီးကျယ်
ခမ်းနားချင်စိတ်တွေ ရှိနေနိုင်တာပေါ့နော်။ ကျွန်မ ဘာကြောင့် အဲ
ဒါကို မတွေးမိခဲ့ပါလိမ့်။

"လူတွေဟာ ထိတ်လန့်ကြောက်ရွံ့ရင် အဲလိုပဲ လက်နှစ်ဖက်
ကို နားနှစ်ဖက်ဆီမှာ ကပ်ပြီး အော်တတ်ကြသလား၊ ဆုတောင်း
တတ်ကြသလား မသိဘူးနော်၊ မွန့်ခ်ရဲ့ပန်းချီထဲမှာတော့ အဲလိုချည်း၊
'မှန်တိုင်းထန်တဲ့ ည' ဆိုတဲ့ ကားမှာလဲ အမျိုးသမီးတွေ အဲလို
လက်အနေအထားနဲ့ပဲ၊ အဲဒီကားကို ကျွန်မ အကြာကြီး ထိုင်ကြည့်
ခဲ့တယ်"

သူ ငေးနေရာမှ တစ်ချက် ရယ်လိုက်သည်။

"ကိုယ် ငယ်ငယ်တုန်းကတော့ ခုတင်လေးပေါ်မှာတစ်ယောက်
တည်း အိပ်ရတာ ကြောက်လာရင် အဲလိုပဲ မျက်နှာကိုလက် နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ဝှက်၊ ဒူးကို တင် နိုင်သမျှ ကွေးကျုံ့ပြီး အခန်းတံ ခါးဘက်ကို လှည့်အိပ်ပစ်ရတာပဲ၊ အခန်းတံခါးကို နောက်ကျော ပေးမထားရဲဘူးလေ"

"အိုး အို...သနားစရာ လူကလေး"

ကျွန်မ သူ့အား ချစ် စနိုး နောက်ပြောင်လိုသဖြင့် သူ့ ပါးပြင်ကို လက်ညှိုးကလေးဖြင့် ဖွဖွ သပ်ပေးလိုက်ပါသည်။ သူက ကျွန်မ၏ ထိုလက်ကို ဖမ်းကိုင်ကာ သူ့ရင်ညွန့်ဆီမှာ ဖိကပ်ထားလိုက်သည်။

"မွန်ချက အပြင်လောကမှာ ကိုယ်တို့မြင်နေရတဲ့ ကမ္ဘာကြီးရဲ့ တကယ့်အရှိမြင်ကွင်းတွေကို ရေးဆွဲရင်းကနေ စိတ်ပိုင်းဆိုင်ရာ မြင်ကွင်းတွေအဖြစ် ပြောင်းပေးနိုင်လေ့ရှိတယ်၊ သူ ရည်ရွယ်တဲ့ အိပ်ကစ်ပရက်ရှင်နစ်ဇမ် ဘယ်လောက် ခွန်အားကြီးတယ် ဆိုတာ အဲဒါပဲ၊ မုန်တိုင်းထန်တဲ့ည ပန်းချီကားကို သုတေသီတစ်ယောက်က ရှင်းပြပေးထားတာ သိပ်ကောင်းတာပဲ ရတနာ"

မုန်တိုင်းကြောင့် သစ်ပင်တွေ ယိမ်းယိုင်နေသော ညကာလအခါမှာ အမျိုးသမီးတစ်သိုက် တိုက်အိမ်ထဲမှာမနေဘဲ အပြင်ထွက်လာ၊ စုဝေးနေကြသောမြင်ကွင်းဖြင့် ချောက်ချားစရာ ဤပန်းချီကားကို ကျွန်မ အလွတ်ရပါသည်။

"အဲဒီ မိန်းမအုပ်စုဟာ မီးရောင် လင်းနေတဲ့၊ ခိုင်ခံ့လုံခြုံပုံရတဲ့ တိုက်အိမ်ကို စွန့်ပြီး အပြင်ဘက် မုန်တိုင်းထဲကို ထွက်လာတယ် တဲ့၊ မီးပါဝါကလေးတွေ လင်း နေတဲ့ အဲဒီတိုက်အိမ်ဟာ ဘယ်လောက် လုံခြုံပုံ ရသလဲ၊ သူတို့ အဲဒီမှာမနေဘဲ ဘာဖြစ်လို့ အပြင်ရောက်လာရတာလဲ၊ အဲဒီမှာမှ မိန်းမအုပ်စုနဲ့ ရောမနေဘဲ သီးသန့်ခွဲနေတဲ့အမျိုးသမီး တစ်ယောက်ကို ပြထားတယ်၊ သူ့လက်တွေကလဲ နားရွက်တွေ ရှိရာကို အုပ်ကာလို့...၊ ကြောက်စရာကောင်းအောင် ပြင်းထန်ဆူညံနေတဲ့ မုန်တိုင်းအော်သံကို မကြားရဲသလိုပဲ တဲ့။ အဲဒါ ဘာကို ကိုယ်စားပြုသလဲလို့ စဉ်းစားကြတဲ့အခါမှာ လူမှုအဆောက်အအုံရဲ့ ပေါက်ကွဲပျက်စီးမှုကို နိမိတ်ပုံ ပြထားတာလို့ ယူဆရတယ်တဲ့၊ လူသားအချင်းချင်းရဲ့ မယုံကြည်နိုင်စရာ ဆိုးဝါးရက်စက်မှုတွေလဲ ပါချင် ပါမှာပေါ့နော်"

သူ ခပ်လေးလေး ပြောပြီး သူ့ဟာသူ မှတ်ချက်ချလေသည်။

"အင်း...တစ်ခါတစ်ခါတော့ လူဖြစ်ရတဲ့ ဒုက္ခဟာ ကြောက်စရာကြီးကွယ်၊ ကျွန်မ သိပ်ကြောက်တာပဲ"

ကျွန်မ တကယ်ပင် ပခုံးကျုံ့သွားပြီး တီးတိုးရေရွတ်လိုက်မိသော် သူ ကျွန်မကို ဂရုတစိုက် ငုံ့ကြည့်၏။

"လူဖြစ်ရမှာ ကြောက်ရင် မင်းက ဘာများ ဖြစ်ချင်လို့လဲ"

ကျွန်မ ဘာဖြစ်ချင်ပါလိမ့်။

သူ့ရယ်သံသဲ့သဲ့ ကြားရပြန်သည်။

"ကဲ...ပြောစမ်း၊ မင်း တိရစ္ဆာန်တစ်ကောင်ကောင် ဖြစ်ရမယ်ဆိုရင် ဘယ်တိရစ္ဆာန် ဖြစ်ချင်လဲ၊ ဆင်လား...ကျားလား...ငှက်ကလေးတွေလား၊ ပထမဆုံး ဖြစ်ချင်တာရယ်၊ ဒုတိယဖြစ်ချင်တာရယ်၊ တတိယဖြစ်ချင်တာရယ်...ပြော"

"ကျွန်မ တိရစ္ဆာန်မဖြစ်ချင်ပါဘူး၊ ပန်းကလေးပဲဖြစ်ချင်တာ"

သူ အော်ဟစ်ရယ်မောတော့မလို ဟန်ပြင်ပြီးမှ မျက်နှာ ပြန်တည်သွား၏။

"ဆိုပါဦး၊ ဘာပန်းများ ဖြစ်ချင်လို့လဲ"

"နှင်းဆီပန်း..."







www.burmeseclassic.com

www.burmeseclassic.com



"တကယ်..."

သူ အံ့သြသွားပုံပါပဲ။

"တကယ်ပေါ့၊ နှင်းဆီပန်းလေးတစ်ပွင့် ဖြစ်ချင်တယ်"

သူ တဖြည်းဖြည်း ပြုံးလာသည်။

"ကောင်းပြီ၊ နှင်းဆီပန်း ဘာအရောင်လဲ"

ကျွန်မ တစ်ခဏစဉ်းစားလိုက်မိပြီးမှ "အဝါ"ဟု ဖြေလိုက်ပါ သည်။

"မင်း တကယ်ပြောနေတာလား"

ကျွန်မ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။ နှင်းဆီပန်းတွေ ထဲတွင် ကျွန်မသည် အဝါရောင်နှင်းဆီကို အချစ်ဆုံး ဖြစ်ပါသည်။ သူက ကျွန်မ၏ နားနားသို့ တိုးတိုးကလေး ကပ်ပြောလိုက်သည်။

"ဒါဆိုရင်တော့ မင်းဆန္ဒပြည့်ဝအောင် ကိုယ်ကူညီနိုင်ပါလိမ့် မယ်"

သူ နောက်ပြောင်နေသည်ဟု ထင်ရ၏။ သို့သော် သူ့မျက်နှာ တွင် နွေးထွေးသည့် အပြုံးသာ ရှိလျက် နောက်ပြောင်ကျီစယ်မှုကို မတွေ့ရပါ။

"တခြား နှင်းဆီပန်းတွေ ဖြစ်ချင်တယ်ဆိုရင် ကိုယ် မတတ် နိုင်တာ သေချာတယ်၊ ဒါပေမဲ့ အဝါရောင် နှင်းဆီပန်းကလေး ဖြစ် ဖို့တော့ ကိုယ် တာဝန်ယူနိုင်ပါလိမ့်မယ်"

ကျွန်မ သူ့ကို တည့်တည့်မျက်နှာချင်းဆိုင် ကြည့်လိုက်မိ၏။

"တကယ်ပြောနေတာလားဟင်"

"တကယ်ပြောနေတာပေါ့"

"ဘယ်တော့ နှင်းဆီပန်းကလေး ဖြစ်ရမှာလဲဟင်"





သူက တစ်ချက် တွေခနဲ စဉ်းစားလိုက်သည်။

"မနက်ဖြန်...၊ အို...မဟုတ်သေးဘူး၊ ဒီနေ့ည...ဟုတ်တယ်၊ ဒီနေ့ည ကောင်းတယ်"

သည်နေ့ည ကျွန်မ အဝါရောင်နှင်းဆီပန်းကလေး ဖြစ်ခွင့် ရ မယ်တဲ့။ ဘယ်လိုနည်းနဲ့ပါလိမ့်။

"ဘယ်လိုနည်းနဲ့ ကျွန်မ နှင်းဆီဝါကလေး ဖြစ်လို့ရမှာလဲ"

"ကိုယ့်အိမ်ကို ခေါ်သွားမှာပေါ့"

မှောင်ရီပျိုးစ ကျွန်မတို့ပတ်ဝန်းကျင်တွင် ရေထဲမှ တက်လာ သူများ တဖြည်းဖြည်းကျဲပါးသွားသည်။ သူ မတ်တတ်ထရပ်ရင်း ကျွန်မကိုပါ ဆွဲထူလိုက်၏။

"မင်း တခြားနေရာမှာ နှင်းဆီအဝါလေး ဖြစ်လို့ မရဘူး၊ ကိုယ့် အိမ်မှာပဲ ဖြစ်လို့ရတယ်...ကြားလား၊ ဒါကြောင့် မင်း ကိုယ့်အိမ်ကို လိုက်ခဲ့ရမယ်"

အဲဒါ ဘာအဓိပ္ပာယ်ပါလိမ့်။ ကျွန်မ ရင်ထဲမှာ နွေးခနဲ တုန်ရီ လှုပ်ရှားသွားသည်။ သူ ကမ်းပေးသော လက်ကို အားကိုးတကြီး ဆုပ် ကိုင်ရင်း သဲ့သဲ့ကလေး ပြုံးနေမိလေသည်။

အခန်းက သိပ်မကျယ်လှပါ။ သို့သော် ကျွန်မ လဲလျောင်းနေ သော ခုတင်တစ်ခုမှ လွဲ၍ အခန်းထဲမှာ ဘာပစ္စည်း ဘာပရိဘောဂ မှ အပိုမရှိ။ အခန်းသည် ရှင်းလင်းလွန်းနေသည်။

ခြေရင်းနံရံမှာ အလိပ်ကို ဆွဲဖြေချထားသော စက္ကူပိတ်ကား ဖြူဆွတ်ဆွတ်က နံရံပြည့်လုနီးပါး ရှိသည်။ ဘေးနံရံနှစ်ဖက်၏ အလျား တစ်ဝက်လောက်စီအထိက ကြီးမားသော ကြည့်မှန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၊ ထိုမှန်များပေါ်မှာ ယခင်က ဖုံးထားခဲ့ဟန်ရှိသော အညိုရောင် လိုက်ကာများကို ယခုအခါ တစ်ဖက်သို့ ဆွဲရုပ်ထားသည်။

"ဒါဖြင့် ဒီအခန်းဟာ ရုပ်ရှင်ရုံတစ်ခုလဲ ဖြစ်နေတာပေါ့ဟင်"

ကျွန်မ ခပ်တိုးတိုးကလေး မေးမိ၏။

ကျွန်မ၏ ခေါင်းရင်းဆီမှ လာသော သူ့အသံသည် ကျွန်မ အသံထက်ပင် တိုးတိတ်နေသေးသည်။

"ဒါ့ထက်ပိုတာပေါ့၊ ပန်းချီကား ပြခန်းလဲ ဖြစ်ဖူးတယ်၊ Installation Art ပြခန်းလဲ ဖြစ်ဖူးတယ်လေ...၊ အခုတော့ နှင်းဆီ ဥယျာဉ် တစ်ခုပေါ့"

ဝိုးတဝါးအမှောင်ထဲတွင် ကျွန်မ၏ ခေါင်းရင်းဆီမှ စက်မှုသံလိုလို တိုးတိတ်သည့် တဒီဒီအသံကလေးတစ်ခုကို ကြားလိုက်ရသည်။ ထို့နောက်...

ဖြုန်းခနဲ ကျွန်မရှေ့မှာ အဝါရောင် နှင်းဆီပန်းခင်းကြီးတစ်ခု ရောက်လာတော့သည်။

ကျွန်မ နှုတ်မှ တစ်စုံတစ်ခု လွှတ်ခနဲ ရေရွတ်မိသွားလေသည်။

လှလိုက်တဲ့ နှင်းဆီဥယျာဉ်ကြီး...။ ဘယ်လောက် ချစ်စရာ ကောင်းလိုက်ပါသလဲ။

ကျွန်မရှေ့မှာ၊ မဟုတ်သေးဘူး...ကျွန်မ၏ ဘေးမှာ ဟိုဘက် ရော သည်ဘက်ရော အို...နှင်းဆီ အဝါရောင်တွေချည်းပါပဲ။ ပန်း တွေ...ပန်းတွေ...အများကြီး၊ ကျွန်မ မရေတွက်နိုင်ပါ။ ဆယ်ပွင့်၊ ဆယ့်ငါးပွင့်၊ သုံးဆယ်၊ လေးဆယ်...လှလိုက်တာကွယ်။ ကျွန်မ ရင်တွေ တလှပ်လှပ်ခုန်ကာ ပျော်ရွှင်သွားသည်။





ပန်းပင်များ ညင်ညင်သာသာ ယိမ်းနွဲ့လှုပ်ယမ်းနေတာကြည့်ပြီး အဲဒီသည်မှာ လေ ခပ်နွဲ့နွဲ့ တိုက်နေလေဖြစ်လိမ့်မည်ဟု သိလိုက်သည်၊ အဲသည်မှာ ဘယ်ဟုတ်လို့လဲ ကျွန်မဆီမှာ...ဟောသည် ဥယျာဉ်ထဲမှာ လေ တိုက်ခတ်နေသည် ကျွန်မ နှဖူးဆီသို့ ပြေပြေ ကလေး တိုက်ခတ်လာသော လေတွင် နှင်းဆီရနံ့တွေပင် မွှေးပျံ့ သင်း ထုံနေလေသည်။

ကြည့်နေသူကိုယ်တိုင် နှင်းဆီပန်းခင်းထဲမှာ လျှောက်သွား နေသည့် ခံစားချက်မျိုး ဖြစ်နေအောင် ကင်မရာကို ဖြည်းဖြည်းချင်း ဆွဲယူရိုက်သွားတာပဲဟု သဘောထားမိသည်။ သို့သော် ထိုသတိက ခဏပဲ၊ မကြာမီပင် ကင်မရာဆိုတာ အာရုံထဲမှာ ပျောက်သွားပြီး ကျွန်မကိုယ်တိုင် နှင်းဆီပန်းခင်းပတ်ပတ်လည်ကို လှည့်ကြည့်နေ မိတော့သည်။

ထိုခဏမှာ ဂီတသံ တိုးတိုးကလေးကို စတင်ကြားလိုက်ရ သည်။ ခပ်စိပ်စိပ် နူးနူးညံ့ညံ့ စန္ဒရားသံ၊ ထို့နောက် သံစုံတီးဝိုင်း ကြီး၏ ပြေပြစ်စွာ မြိုင်ဆိုင်သော ဂီတသံ၊ အဲသည် ဂီတသံကို ကျွန်မ ရင်းနှီးနေသလိုပဲ။

အို...အဲဒါ ချိုက်ကော့စကီး မဟုတ်လား။

ထိုဂီတသံသည် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ဂီတ သံ အောက်မှာ အဝါရောင် နှင်းဆီပန်းတွေ စတင်ကခုန်စ ပြုလာ သည်။

"ပန်းကလေးတွေက က,တတ်တယ်နော်"

ကျွန်မ တအံ့တဩ ရေရွတ်မိတော့ သူ့ရယ်သံ ခပ်ဖွဖွကို ကြား ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်မ၏ မြင်ကွင်းထဲသို့ လှပသော လိပ်ပြာကလေး တစ်ကောင် ရောက်လာလေသည်။ အဖြူရောင် အတောင်ပံများမှာ အနက်နှင့် ရွှေရောင်တို့ အချိုးကျကျ ပြောက်ကလေး ရောစပ်နေသော လိပ်ပြာကလေး။ ထိုလိပ်ပြာကလေးသည် ပန်းပွင့်တွေ အများကြီးမို့ ဟိုသည်ဝဲပျံကာ ရွှင်မြူးစွာ လှည့်ပတ်ရွေးချယ်နေပုံ ရသည်။

"ရတနာ..."

သူ့အသံ တိုးတိုးကလေးက ကျွန်မနဖူးအထက်နားဆီမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

"အဲဒီပန်းတွေအများကြီးထဲမှာ မင်းက ဘယ်မှာလဲ၊ ဘယ်နားက ပန်းပွင့်ကလေးလဲ"

ဟုတ်ပါရဲ့...၊ ကျွန်မက ဘယ်မှာပါလိမ့်။ ထိုပန်းပွင့် အဝါရောင်တွေထဲမှာ ကျွန်မကိုယ် ကျွန်မ လိုက်ရှာနေရသည်။ ပွင့်နေသော နှင်းဆီဝါများ...၊ ငုံရာမှ ပွင့်အာစ ပြုနေသော နှင်းဆီဝါများ ဖူးရုံ ဖူးနေဆဲ နှင်းဆီဝါများ၊ ကြီးမားသော ပန်းပွင့်များ၊ သေးငယ်သော ပန်းပွင့်များ၊ ရဲရင့်သော ပန်းပွင့်များ၊ ရှက်ရွံ့သော ပန်းပွင့်များ၊ ပုန်းလျှိုးကွယ်လျှိုး ဝှက်ကွယ်နေသော ပန်းပွင့်များ...။

ဘယ်မှာလဲ...ကျွန်မက ဘယ်မှာလဲ။

ထို့နောက် ကျွန်မကိုယ် ကျွန်မ ပြန်တွေ့သွားသည်။

"ဟိုးမှာ..."

သေးကွေးသော သို့သော် တောက်ပလန်းဆန်းသော ပွင့်အာစ ပန်းကလေး တစ်ပွင့်...။

"ဟိုးထောင့်မှာ ပန်းပွင့်ကြီးကြီးရဲ့ နောက်ကလေ"





"အိုး...တွေ့ပြီ၊ မင်းက ပုန်းနေတာကိုးကွ"

ကျွန်မအဖြစ်ကို သဘောကျဟန်ဖြင့် သူ ခပ်တိုးတိုး ရယ်လေသည်။

"သိပ်လှတာပဲ" ဟု သူက ရေရွတ်၏။ ကျွန်မ ကျေနပ်သွားသည်။

လိပ်ပြာကလေးသည် အဝါရောင်ပန်းပွင့်တွေကြားမှာ ဟိုသည် လူးလာခေါက်ပြန် တောင်ပံခတ်နေဆဲ။ သူ့ခြေထောက်တွေနှင့် တောင်ပံ အစွန်းတွေမှာ ဝတ်မှုန်ဝါဝါကလေးတွေ ကပ်နေတာ မြင်ရသည်။ သူ ပန်းပွင့် တစ်ပွင့်ပွင့်ဆီက အခုပဲ ပြန်လာတာ ဖြစ်ရမယ်၊ ကျွန်မ ကိုယ့်အတွေးကိုယ် သဘောကျစွာ လွှတ်ခနဲ ပြုံးရယ်မိသွား၏။

မကြာမီ လိပ်ပြာကလေးသည် လှပသော ပန်းပွင့်ကြီးတစ်ခုကို ရွေးကာ နားလိုက်လေသည်။

ကြည့်စမ်း... လူလည်ကျတယ်၊ အလှဆုံး ပန်းပွင့်ကိုမှ ရွေးလိုက်တာပါလား။

ကျွန်မ စိတ်ထဲမှာ မချင့်မရဲ ဖြစ်သွားသည်။

ပန်းပွင့်ကလေးတွေဟာ ခံစားချင်ကြလိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့မိပေ။ အထူးသဖြင့် လိပ်ပြာလေးတွေ၏ ဝတ်ရည် စုပ်သည့် အဖြစ်အပေါ်မှာပေါ့။ အခုမှပဲ ကျွန်မ သိလိုက်ရသည်။ ပန်းကလေးတွေဟာ လိပ်ပြာကလေးတွေ မိမိအား မရွေးချယ်ခြင်းအပေါ် ဝမ်းနည်းတတ်ကြပါကလား။

"နေသန်... လိပ်ပြာကလေးက အဲဒီပန်းပွင့်လေးဆီကို လာဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ကျန်သည့်ပန်းပွင့်တွေကတော့ မြိုင်ဆိုင်သည့်ဂီတသံအောက်မှာ စိတ်ပါလက်ပါ က,နေကြ၏။

"ဒီရုပ်ရှင်ကို ရှင် ရိုက်ယူခဲ့တာ မဟုတ်လားဟင်"

"ဟုတ်တယ်လေ"

"ဒါဖြင့် ရှင်သိမှာပေါ့၊ လိပ်ပြာကလေး ကျွန်မဆီ လာမှာလား မလာဘူးလား ဆိုတာ"

"ကိုယ် မမှတ်မိတော့ဘူး ရတနာ"

"ဟင်..."

ကျွန်မ အနည်းငယ် စိတ်ကသိကအောင့် ဖြစ်သွား၏။ လိပ်ပြာကလေးကိုပဲ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိသည်။ လိပ်ပြာ တစ်ကောင်ရဲ့ အတောင်ပံတွေ ဒီလောက် ခမ်းနားစွာ ကြည့်ကောင်းနေလိမ့်မည်ဟု ဟိုတုန်းက ကျွန်မ ဘာကြောင့် သတိမထားခဲ့မိပါလိမ့်။ အဲသည်တောင်ပံကလေးတွေရဲ့ ထိတို့လှုပ်ခတ်မှုကို မခံစားရလျှင် ပန်းတစ်ပွင့်ရဲ့အလှဟာ ဘယ်လိုများ အဓိပ္ပာယ်ရှိနိုင်ပါ့မလဲ။

"မင်းက လာစေချင်လို့လား"

"ဟုတ်ကဲ့၊ လာစေချင်တယ်"

သူ ရယ်မောလိုက်မည်ဟု ကျွန်မ ထင်ခဲ့သော်လည်း သူ့ရယ်သံကို မကြားရပါ။ သို့သော် သူ ပြုံးနေလိမ့်မည်လား မသိပါ။

"မင်း လာစေချင်ရင် သူ လာမှာပေါ့"

ဖြစ်နိုင်ပါ့မလားကွယ်။ ဟိုးမှာ ပုန်းလျှိုးကွယ်ဝှက်နေတဲ့ ပွင့်အာစ ပန်းပွင့်ကလေးကို သူ မြင်မှာတဲ့လား၊ မြင်တော့ရော ဂရုစိုက်





မှာတဲ့လား။ သူ့မှာ ရွေးစရာပန်းတွေ...ပန်းတွေ၊ အလှဆုံးပန်းပွင့်တွေမှ အများကြီး။

ကျွန်မ ရုတ်တရက် ဝမ်းနည်းအားငယ်သွား၏။

တော်ပြီကွယ်၊ ပန်းပွင့်လေး မဖြစ်ချင်တော့ဘူး။ လိပ်ပြာကလေးပဲ ဖြစ်ချင်တယ်။ သိလား... ကျွန်မ စိတ်ပြောင်းသွားပြီ၊ ကျွန်မ သွားချင်ရာသွားပြီး ရောင်စုံပန်းတွေကို ငေးမော ရွေးချယ်နိုင်တဲ့ လိပ်ပြာကလေးပဲ ဖြစ်ချင်ပြီ။

သို့သော် ထိုအတွေးကို သူ့အား ဖွင့်မပြောရသေးမီအချိန်မှာပင် ကျွန်မဆီသို့ လိပ်ပြာကလေး တကယ်ရောက်လာခဲ့ပါသည်။

လိပ်ပြာကလေးသည် အပြင်ဘက်ဆုံး [illegible] ပွင့်ချပ်ကလေး၏ အဖျားမှာ ဦးစွာ ခိုနားလိုက်သည်။ ပန်းပွင့်ကလေး သိမ့်ခနဲ တုန်သွား၏။

ကျွန်မ ပျော်ရွှင်သွားပါသလား၊ ပျော်ရွှင်သည် ဆိုတာထက် ရင်ခုန်စွာ မိန်းမောသွားခြင်း ဖြစ်ပါသည်။

ဖြူဆွတ်သောအတောင်ပံများမှာ တောက်ပစွာဝါဝင်းနေသည်က ကျွန်မထင်သလို ဝတ်မှုန်တွေမဟုတ်ပါ။ လိပ်ပြာကလေး ကိုယ်တိုင်၏ ရွှေရောင်အမှုန်ကလေးတွေသာဖြစ်နေသည်။ အဲသည် အတောင်ပံလေးများ လှုပ်ရှားရိုက်ခတ်မှုမှ တိုးတိတ်စွာလှပသော ဂီတတစ်ခုဖြစ်ပေါ်လာတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



Autumn Tree in a Gust of Wind (1912); Egon Schiele,
Oil on Canvas, (31 1/2" x 31 1/3"),
The Leopold Collection, Vienna.

www.burmeseclassic.com

www.burmeseclassic.com

အောစတြီးယန်းလူမျိုး ပန်းချီဆရာ အီဂွန်ရှီးလ် (Egon Shielc) သည် အရှုတ္တဝါဒီ (Expressionist) တစ်ယောက်အဖြစ် ကျော်ကြားသည်။

သူ့ပန်းချီကားများတွင် လူတို့သည် သက်သောင့်သက်သာ ဘယ်တော့မျှ မရှိ၊ ကြောက်ရွံ့မှု၊ စိတ်တင်းကျပ်မှု၊ မလုံခြုံမှု စသည်ဖြင့် တစ်မျိုးမဟုတ် တစ်မျိုး ခံစားမှုရှိနေကြသည်။

ပုံတူရေးဆွဲရာတွင် နောက်ခံမျက်နှာပြင်ကို ဖျော့နိုင်သမျှ ဖျော့မှိန်စွာ ရေခြယ်ခြင်းအားဖြင့် သူရေးဆွဲလိုက်သောလူ၏ မလုံခြုံသော စိတ်လှုပ်ရှားတတ်သော သဘာဝကို ထင်ရှားစွာ ပေါ်လွင်စေသည်။ လူပုံကို သာမန်ကိုယ်ခန္ဓာ၊ မျက်နှာသွင်ပြင်ထက်ပို၍ တွန့်ခေါက်စေသော၊ ကြမ်းတမ်းစေသော၊ မညီညာသော စုတ်ချက်များဖြင့် အနားသတ်ထောင်ချိုးပေးလိုက်ခြင်းဖြင့် ဖျော့မှိန်သော နောက်ခံနှင့် လုံးဝခြားနားကာ ပို၍ ပေါ်လွင်ထင်ရှားလာစေသည်။

သူသည် သူ့ကိုယ်သူ မှန်ထဲမှာကြည့်ပြီး ပန်းချီရေးဆွဲရာတွင်ဖြစ်စေ၊ အခြားကိုယ်ဟန်ပြသူတို့အား ရေးဆွဲရာ၌ဖြစ်စေ အတွင်းစိတ်၏ လျှို့ဝှက်မှုအထိ ထွင်းဖောက်မြင်ဖို့ ကြိုးစားလေ့ရှိ၏။

## အီဂွန်ရှီးလ်နဲ့ အငွှါတ္တည

သူ ကျွန်မ၏ ကွန်ပျူတာရှေ့တွင် ထိုင်နေသည့်အခါ ကျွန်မက သူ့ကုလားထိုင်၏ နောက်မှာ မတ်တတ်ရပ်လျက် ရှိခဲ့သည်။

"မင်းရဲ့ စာတမ်းမှာ တင်ပြပုံတွေ၊ အကြောင်းအရာ ရှေ့နောက် အထားအသိုတွေကို ကိုယ် ပြင်မပေးတတ်ဘူးနော်၊ ကိုယ်က ဝါကျ အထားအသိုနဲ့ သဒ္ဒါနည်းစနစ် အလှအပကိုပဲ ပြင်ပေးနိုင်မယ်"

သူက ကျွန်မ၏ စာတမ်းကို တစ်ကြောင်းချင်း စိတ်ရှည်လက်ရှည် ဖတ်ရင်း အသိပေး၏။

"အိုး ...ကျွန်မကလဲ တင်ပြပုံနဲ့ အကြောင်းအရာတွေကို ရှင် ရှေ့နောက် ပြင်ခိုင်းရင်တောင် မပြင်နိုင်ပါဘူး၊ ဒီအတွက်တော့ ကျွန်မကိုယ် ကျွန်မ စိတ်ချယုံကြည်ပြီးသား၊ ကျွန်မကိုယ်တိုင်ထက် ပိုပြီး ဘယ်သူ့ကိုမှ မယုံကြည်နိုင်ပါဘူး"

ကျွန်မ၏ စကားသံမှာ မာနနှင့် ဘဝင်မြင့်မှုလေး နည်းနည်း ပါသွားမည်ဟု ကျွန်မ ရိပ်မိလိုက်သည်။ သူ ခပ်ဖွဖွ ရယ်လေသည်။

"တကယ့် မိန်းမပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မဘက်သို့ နောက်ပြန်မလှည့်ဘဲ ကျွန်မ၏ပါးပြင်ကို လက်ဖြင့် နောက်ပြန်စမ်းသပ်ကာ ဆွဲလိမ်ဖျစ်ညှစ်လိုက်သည်။ သူ့လက်ခုံသည် သင်းသင်းကလေး မွှေးပျံ့လျက်ရှိသည်။ ထိုမွှေးရနံ့သည် ကျွန်မ၏ ယစ်မူးစိတ်ကို အခါအားလျော်စွာ ဖိတ်ခေါ်နိုင်လေ့ရှိသည်။

"မင်းစာတမ်းကို ဖတ်ရမှပဲ မြန်မာအမျိုးသမီးတွေဟာ တော်တော် လွတ်လပ်ပါလားလို့ သိရတော့တယ်၊ ဟိုတုန်းကတည်းကပဲ ပေါ့နော်"

"ဒါပေါ့၊ နှစ်ပေါင်း ရာနဲ့ချီပြီး ကြာမြင့်တဲ့ကာလတွေကတည်းကပါပဲ"

လွန်ခဲ့သည့် နှစ် တော်တော်များများက ကျွန်မ ကိုယ်တိုင် ကျွန်မတို့မြန်မာအမျိုးသမီးတွေ၏ အခွင့်အရေးအပေါ် အားမလို အားမရစိတ်တွေ ဝင်ခဲ့သည်။ တခြားနိုင်ငံသူ အမျိုးသမီးတွေထက် ပို၍ ကျွန်မတို့က အခွင့်အရေးတွေ ဆုံးရှုံးရသည်ဟု ထင်ခဲ့ဖူးသည်။ တကယ်တော့ ကျွန်မတို့ မြန်မာအမျိုးသမီးတွေသည် အိမ်ထောင်ရေး ဥပဒေမှာသာ တစ်လင် တစ်မယား မဟုတ်ဘဲ တစ်လင်ကို မယားကြိုက်သလောက် ယူခွင့်ပေးထားသယောင်ရှိသဖြင့် နစ်နာဆုံးရှုံးမှုတွေ ခံစားနေရခြင်း ဖြစ်သည်။ အဲသည်ဥပဒေ ယခုအချိန်အထိ အတည်ဖြစ်နေဆဲမို့ ယခုချိန်ထိ မယားပြိုင်စနစ်ကို တိုးတိုးတိတ်တိတ် ဖြစ်စေ ပြောင်ပြောင်တင်းတင်းဖြစ်စေ ကျင့်သုံးခံနေရသည်။ သို့သော် ထိုအချက်မှာပင် မြန်မာအမျိုးသမီးတွေသည် အိန္ဒိယလို၊ တရုတ်လိုနိုင်ငံက အမျိုးသမီးတွေနှင့်စာလျှင် သက်သာရာရသေးသည်ဟု ဆိုရပါမည်။





"အရွယ်မရောက်မီ ကလေးဘဝမှာအိမ်ထောင်ပြုပေးခံရတာ မရှိဘူး၊ Female Circumcision မရှိဘူး၊ အိမ်ထောင်ရေးမှာ ကျွဲလို နွားလို အဝယ်ခံရတာမျိုး မရှိဘူး၊ အိမ်ထောင်ပြုပြီးတဲ့နောက်မှာ အမျိုးဘဝက နာမည်ကို သေတဲ့အထိ ဆက်ရနေတယ်။ အနောက်နိုင်ငံတွေမှာတောင် ယောကျ်ားနာမည်ကို ယူလိုက်ရတာ မဟုတ်လား"

သူက သည်တစ်ခါတော့ ကျွန်မဘက်သို့ လှည့်ကြည့်သည်။ သူ့နှုတ်ခမ်းက မပြုံးပေမယ့် သူ့မျက်လုံးတွေမှာ အညိုရောင်တောက်ပ၍ လဲ့ရွှန်းနေအောင် ပြုံးနေလေသည်။

"အံမာ...အခု အနောက်နိုင်ငံသူတွေလဲ မြန်မာနိုင်ငံသူတွေလို လွတ်လပ်နေကြပါပြီ၊ လက်ထပ်ပြီးတဲ့နောက် ခင်ပွန်းနာမည်ကို ဆက်ခံဘဲ ကိုယ်ပိုင်နာမည်ကို တင်းခံပြီး ဆက်သုံးနေတဲ့ သူတွေ တော်တော်များနေပြီကွ"

"ဟုတ်လား၊ ဝမ်းသာပါတယ်"

သူက ကျွန်မကို ငုံကြည့်နေရာမှ...

"ကိုယ့်ရဲ့ ပန်းပွင့်လေ ...ကိုယ့်အတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ပေးနိုင်မလား ...တစ်ဆိတ်"

"အိုး ...သိပ်ရတာပေါ့"

ကျွန်မသည် သူ့အတွက် ကော်ဖီဖျော်ပေးရန် အမြဲတက်ကြွနေသူဖြစ်သည်။ သူက ကျွန်မ၏ ကော်ဖီကို ယဉ်ကျေးမှုအရ သိပ်ကောင်းတာပဲဟု အမြဲချီးကျူးလေ့ရှိသည်။

ကျွန်မ ကော်ဖီဖျော်ပြီး ယူလာသည့်အခါ သူ ကျွန်မ၏ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ပြတိုက်လက်ကမ်းစာစောင်ကလေးတစ်ခုကို ကောက်ယူကြည့်နေသည်ကို တွေ့ရ၏။

"အီဂွန်ရှီးလ်...အံ့သြစရာပါလား၊ မင်း အီဂွန်ရှီးလ်ကို ကြိုက်တာပဲလား"

ကျွန်မ ကော်ဖီခွက်ကို ကွန်ပျူတာလေး၏ ဘေးမှာ အသာချပေးလိုက်ပြီး သူ့လည်ကုပ်ဆံစကို ဘေးသို့ သပ်ဖယ်သိမ်းကာ ခပ်ဖွဖွ နမ်းလိုက်မိပါသည်။

"ကျွန်မ အီဂွန်ရှီးလ် ကြိုက်တယ်ဆိုရင်ကော...အဲဒါ ဘာအံ့သြစရာ ရှိလို့လဲကွဲ့"

သူက ကော်ဖီခွက်ကို ကောက်ကိုင်ကာ မွှေးကြည့်လိုက်သည်။

"အား...သိပ်ကောင်းမယ့်ပုံပဲ"

သူ ကော်ဖီကို အရသာခံ၍ သောက်နေပုံက တကယ် မက်မောနှစ်သက်ဟန် ရှိသည်။ ကျွန်မကတော့ သူ့လို နို့မပါ၊ သကြားမပါသော ကော်ဖီအား ကြိတ်မှိတ်၍ပင် မသောက်နိုင်ပါ။

"သိပ်ကောင်းတာပဲ၊ စတားဘတ်ကစ် ကော်ဖီထက် ကောင်းတယ်"

"တကယ်..."

သူ တစ်ချက်ရယ်လိုက်သောအခါကျမှ သူ ညာပြောနေတာ ဖြစ်ရမည်ဟု ကျွန်မ သံသယဝင်သွားသည်။ ကျွန်မ သူ့လက်ထဲမှ သောက်လက်စ ကော်ဖီပန်းကန်ကို ဖျတ်ခနဲ ဆွဲယူလိုက်မိသည်။

"တော်ပြီ...မသောက်နဲ့တော့၊ မောင်ညာပြောနေတာ၊ ကျွန်မ ကော်ဖီက ညံ့မှာပါ"





"ဟာ...ဟာ... ဘယ်လိုလဲ၊ သဒ္ဒါတရားက တစ်ဝက်ပဲ ရှိသလား၊ ပေးစမ်းပါ"

ကျွန်မလက်ထဲက ကော်ဖီပန်းကန်ကို သူ လုတော့မည့်ဟန် ပြင်တော့ ကွန်ပျူတာလက်ကွက်တွေပေါ် ဖိတ်ကျမှာစိုး၍ အသာတကြည် ပြန်ပေးလိုက်ရပါသည်။

ညနေချမ်းသည် ပို၍ မှောင်ရီလာ၏။ ကျွန်မတို့ဘေးက မှန်နံရံ၏ တစ်ဖက်မှ သစ်ချပင် အကိုင်းအခက်တို့သည် တစ်ခါတစ်ခါ လေအရှိန်ဖြင့် မှန်နံရံသို့ပင် လာ၍ထိလုမတတ် ယိမ်းနွဲ့လာတတ်သည်။

ကျွန်မ၏ ရေဒီယိုမှ သောတရှင်လိုရာ အချစ်သီချင်းသံများကို ကျွန်မ မကြားတစ်ချက် ကြားတစ်ချက် ရှိသည်။

"မင်း မတ်တတ်ရပ်နေရတာ မညောင်းဘူးလား၊ ကုလားထိုင် တစ်ခု ဆွဲလာပြီး ဒီနားမှာ ထိုင်ပါလား"

"ဟင့်အင်း..."

ကျွန်မ သူ့ကုလားထိုင် ဆိုဖာ၏ ဘေးက ကော်ဇောပေါ်သို့ ဒူးထောက် ထိုင်ချလိုက်မိသည်။

"ဒီအတိုင်းပဲ နေချင်တယ်"

သူ ကျွန်မ၏ စာတမ်းထဲသို့ ပြန်၍ နစ်မြုပ်သွားလေသည်။

"ရတနာ...ဒီဝါကျမှာ မင်းဆိုလိုတာက မိန်းကလေးတွေနဲ့ ယောက်ျားလေးတွေဟာ ဘုန်းကြီးကျောင်းမှာ ကြမ်းတစ်ပြေးတည်း အတူရောထိုင်ခွင့် စာသင်ခွင့် ရှိတယ်...အဲလိုလား၊ အခွင့်အရေး တန်းတူလို့ ပြောချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ တန်းတူညီမျှတဲ့ ပညာသင်ခွင့်ကို ရခဲ့တယ်လို့ ပြောချင်တာ"

"ကိုယ် နည်းနည်းပြင်ကြည့်မယ်နော်…ကြည့်"

သူပြင်ဆင်လိုသည့် စာကြောင်းကို နှုတ်မှ ရွတ်ပြရင်း လက်က တစ်ဆက်တည်း ပြင်သွားသည်။

"ရှေးနှစ်ပေါင်း များစွာကတည်းက ဘုန်းကြီးကျောင်းစာသင် စနစ်မှာပင် ယောက်ျားကလေးများနှင့် မိန်းကလေးများသည် အဆင့်အတန်း ခွဲခြားခံရမှု လုံးဝမရှိဘဲ တန်းတူပညာသင်ယူခွင့် ရခဲ့ကြသည်…အဲလိုပြင်လိုက်မယ်၊ ပိုရှင်းသွားအောင်လို့၊ သဘောတူတယ်နော်"

ကျွန်မ သူ့ကို ပြုံးကြည့်လျက် ခေါင်းညိတ်ပြလိုက်၏။

"ဒါနဲ့…မောင်၊ စောစောက မောင့်စကားကို ဆက်ပါဦး၊ ကျွန်မ အီဗွန်ရှီးလ်ကို ကြိုက်တယ်ဆိုရင် ဘာထူးဆန်းလို့လဲ"

သူ မျက်မှောင်ကြုတ်လိုက်သော်လည်း သူ့မျက်လုံးက ကွန့်မြူးတာ မှန်ပြင်ပေါ်မှာသာ ရှိနေသည်။

"ဩော်…တချို့အမျိုးသမီးလေးတွေက အီဗွန်ရှီးလ်ရဲ့ လက်ရာတွေကို မကြိုက်ကြတာ ကိုယ်တွေ့ဖူးလို့ပါ၊ သူ့လက်ရာက ဟိုဒင်း…ရိုမန့်တစ် မဖြစ်ဘူးလေ၊ နောက်ပြီး ဇော်ပြပုံတွေက ပွင့်လင်းတယ်၊ ထူးဆန်းတယ်၊ ရဲတယ်၊ ကြမ်းတယ်။ မခံစားတတ်ရင် ညစ်ညမ်းတယ်လို့ မှတ်ချက်ချလိုက်ကြလိမ့်မယ်၊ မင်းကတော့ အဲလို မထင်ဘူးပေါ့…ဟုတ်လား"

ကျွန်မ သူ့ပေါင်ပေါ်သို့ လက်မောင်းနှစ်ဖက် တင်ကာ လက်





…င်း ယှက်လိုက်ပြီး ထိုလက်ပေါ်မှာ မေးစေ့အပ်ကာ သူ့ကို မမိ…တမ်း မော့ကြည့်မိသည်။

"မထင်ပါဘူး၊ လူ့စိတ် အတွင်းသဏ္ဌာန်ကို အပီပြင်ဆုံး ဖွင့်…ားတာပဲ၊ ဖုံးကွယ်မှု ဟန်ဆောင်မှု မရှိတဲ့ ပကတိအတွင်းစိတ်ကို …းတာပဲ၊ ကျွန်မတော့ သဘောကျတယ်၊ မိုမာပြတိုက်မှာ တစ်နာရီ …ာက်ကြာအောင် သူ့လက်ရာ တော်တော်များများကို ကြည့်ခွင့် …ခဲ့တာ ကျွန်မ သိပ်ကံကောင်းတာပဲ၊ အဲဒီအပတ်က အီဗွန်ရှီးလ် … လက်ရာ အထူးပြပွဲ ရှိနေတာလေ"

"ကိုယ်တောင် တစ်ကြိမ်တည်း တစ်ထိုင်တည်း သူ့လက်ရာ …များကြီးကို မကြည့်ရဖူးဘူး"

"သူ့လက်ရာတွေကို ကြည့်ပြီး သူ့စိတ်ကို မောင် ဘယ်လို …မှန်းမလဲဟင်"

သူ တစ်ချက် ရယ်၏။

"ဒီမှာ…လူတစ်ယောက်ဟာ တစ်ချိန်တည်းမှာ ဦးနှောက်ကို …စ်ခုအတွက်ပဲ အလုပ်လုပ်နိုင်မယ်၊ ကိုယ့်ကို မင်း တစ်ခုခိုင်းထား …အချိန်မှာ နောက်တစ်ခု ထပ်မခိုင်းနဲ့…ဟုတ်ပလား၊ ကိုယ် အဲဒီ …ာက် ဦးနှောက်မကောင်းဘူး"

ကျွန်မ သဘောကျစွာ ရယ်မိသည်။ ဟုတ်ပါရဲ့နော်၊ ကျွန်မ …က လောဘကြီးလှသည်။

"အခု ကိုယ်ဘာလုပ်ရမှာလဲ၊ အီဗွန်ရှီးလ်အကြောင်း လက်ချာ …းရမှာလား၊ မင်းရဲ့စာတမ်းကို တည်းဖြတ်ပေးရမှာလား၊ ကိုယ့် … မင်း ဘာလုပ်စေချင်တာလဲ"

"ဆောရီး…ကျွန်မ စာတမ်းပဲ ဆက်လုပ်ပါ၊ ကျေးဇူးပြုပြီး"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နာရီဝက်လောက်ကြာအောင် သူ အလုပ်လုပ်
ရခိုက် ကျွန်မကတော့ သူ့ပေါင်ပေါ် မေးတင်လျက် သူ့လုပ်ရှား
သွဲ့သွဲ့ကို ရနိုင်သမျှ ခံစားတွယ်တာနေခဲ့သည်။

"မင်းအတွက် စာတမ်းဖတ် လေ့ကျင့်ဖို့ အချိန် သိပ်မကျ
တော့ဘူးနော် ရတနာ၊ ဒီညနဲ့ ပေါင်းပါမှ သုံးညပဲ လေ့ကျင့်ချိန်
မယ်၊ မှန်ရှေ့မှာ စကားပြောလေယူလေသိမ်း ကျင့်ပေါ့"

သူ ခပ်ပြုံးပြုံး ပြောတော့ ကျွန်မ ရယ်ချင်သွားသည်။

"မှားနေပြီ ကိုယ့်လူ၊ ဒီစာတမ်းကို ကိုယ်ကိုင်မဖတ်ဘူး၊ ကျွန်
အသိ စာရေးဆရာမတစ်ယောက်က ဖတ်မှာ"

သူ အံ့ဩသွားပုံရ၏။

"ဘာလို့ မဖတ်တာလဲ"

"ကျွန်မရဲ့ အသံထွက် လေယူလေသိမ်းကို နားထောင်
ပရိသတ် မကျက်မိမှာစိုးလို့ပေါ့၊ အဲဒီ ဂျပန်မလေးက စကားပြေ
သိပ်ကောင်းတာ၊ သူ ဖတ်ရင် အားလုံးအဆင်ပြေသွားလိမ့်မယ်
တမ်း ဖတ်ပွဲအပြီးမှာ ဆွေးနွေးပွဲ လုပ်တော့မှ ကျွန်မက မေး
မေးခွန်းတွေ ဖြေမယ်လေ...မကောင်းဘူးလား"

သူက ကျွန်မဆံပင်ကို ကြမ်းတမ်းစွာ ဖွသပ်လိုက်သည်။

"အချောင်သမားလေး"

"ဒါနဲ့ မောင်...လင်းက အဲဒီပွဲကို မတက်နိုင်တဲ့အကြော
မနက်က ကျွန်မဆီ ဖုန်းဆက်တယ်၊ မိုးသောက်ပန်း စံအိမ်
မတက်နိုင်တဲ့အကြောင်း အကြောင်းကြားလိုက်ပြီတဲ့"

သူ့မျက်နှာမှာ စောစောက ချစ်စနိုးအပြုံးက တွယ်ငြိဆဲ
မှ ပြောင်းလဲမသွားပါ။





"ဟုတ်မှာပါ၊ စန္ဒာလေးကို ထားခဲ့ပြီး ညဦးပိုင်းတွေမှာ သူ
...ယ်မှ မသွားနိုင်ဘူးလေ ရတနာ"

စာတမ်းတစ်ခုလုံး အချောသတ်ပြီးစီးသွားချိန်တွင် သူပြန်ရန်
...င်ဆင်တော့ ည ရှစ်နာရီ ထိုးနေပြီ။

"မောင်...ညစာကို ဒီမှာပဲ စားသွားပါလားကွယ်၊ ထမင်းတွေ
...တယ်၊ မိုက်ကရိုဝေ့ဖ်နဲ့ နွေးလိုက်ရင် ခဏပဲ"

"ကျေးဇူးပဲ ရတနာ၊ ကိုယ် မစားတော့ပါဘူး၊ ဘာလဲ...ဘာ
...င်းနဲ့ ကျွေးမှာလဲ"

"ပုစွန် တင်ပူရာလုပ်ကျွေးမှာပါ၊ နောက်ပြီး ယိုးဒယားဟင်းချို
...န့်မ်ယမ် လုပ်ပေးမယ်လေ ဟင်၊ ဘယ်လောက်မှကြာမှာ မဟုတ်ပါ
..."

သို့သော်သူက ကျောပိုးအိတ်ကလေးကို နှစ်ယောက်ထိုင် ဆိုဖာ
...ရာရှည်ပေါ်မှ သွားကောက်နေပြီ။

"မောင်က တကယ်ကြီးကို ပြန်မှာပေါ့...ဟုတ်လား"

ဒေါနစိမ်းရင့်ရောင် သူ့တီရှပ်လက်ရှည် တံထောင်ဆစ်ကို
...ျွန်မ ဖမ်းဆွဲရင်း မေးမိ၏။

"ကိုယ်ပြန်မှဖြစ်မယ်၊ ဒီမှာ ညစာ စားလိုက်ရင် မင်းဆီကနေ
...ာ်တော်နဲ့ ပြန်ဖြစ်တော့မှာ မဟုတ်ဘူး"

"အဲဒါ မကောင်းဘူးလားဟင်"

သူ ကျွန်မအား ငုံ့ကြည့်ကာ မျက်လုံးတွေ ပြုံးလာ၏။

"မိန်းကလေး...မင်း အတွေးထဲမှာ ဘာတွေရှိနေလဲ ကိုယ်သိ
...ယ်နော်"

ကျွန်မမျက်နှာ နွေးခနဲ ခံစားလိုက်ရသည်။ တော်တော်မညာ



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့ ယောက်ျားပါလားကွယ်။ သူ ကျွန်မဆံပင်ကို ဖွရှုပ်ပစ်လို
ပြီးမှ ကျွန်မနဖူးဆံစပ်ကို ဖျတ်ခနဲ ငုံ့နမ်းလိုက်ပါသည်။

"နောက်တစ်ခေါက် ကိုယ်လာတော့မှ ရေလဲ ကူးမယ်၊ ည
လဲ မင်းဆီမှာ စားမယ်၊ အခုတော့ ကိုယ်ပြန်ဖို့ လိုနေပြီ"

ကျွန်မရင်ထဲက သံသယတွေသည် ကျွန်မ မထိန်းချုပ်လိုက်
သေးမီ မေးခွန်းအဖြစ် ရုတ်တရက်ထွက်သွား၏။

"တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လားဟင်"

သူ လှည့်ထွက်ခါနီးမှ ဗြုန်းဆို ရပ်တန့်သွားကာ ကျွန်မကို
မှောင်ကြုတ်၍ ပြုံးကြည့်၏။

"မင်း အဲလို သံသယဝင်မှာကို ကိုယ် အစိုးရိမ်ဆုံးပဲ၊ ဟု
တယ်...ကိုယ် မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတယ်၊ ဒါပေမဲ့
လူဟာ မင်းထင်နေသလို လင်း တော့မဟုတ်ဘူး၊ ကိုယ့်ရုံးက ကို
လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတစ်ယောက်"

"ဪ..."

လင်းပဲ ဖြစ်ဖြစ်၊ တခြားအမျိုးသမီးပဲဖြစ်ဖြစ် ဘာထူးခြား
မို့လဲကွယ်။

ကျွန်မမျက်နှာမှ တစ်ခုခုကို သူ သတိပြုမိသွားဟန်ဖြင့် ကျွ
အနီးသို့ တိုးကပ်လာသည်။

"ဘုရားရေ...ရတနာ၊ မင်းဘာတွေ အလေးအနက် အထင်
နေတာလဲ၊ ကိုယ် မပြန်ဖြစ်အောင် မင်း လုပ်နေပြီ"

"အို... ပြန်ပါကွယ်၊ ကိစ္စမရှိပါဘူး"

သူ ကျွန်မရှေ့မှာ ဒူးထောက်ချလိုက်၏။ ထို့နောက် က





တစ်ယောက်ကို ချော့မော့နှစ်သိမ့်တော့မည့် လူကြီးတစ်ယောက်၏
စိတ်ရှည်ရှည်အပြုံးမျိုးဖြင့် ကျွန်မကို ကြည့်သည်။

"ရတနာ"

ကျွန်မ သိပါသည်။ အဲဒါ လှည့်ကွက်တွေပဲ ဖြစ်မှာပါ။

"အလုပ်ကိစ္စ တိုင်ပင်စရာရှိလို့ပါကွာ"

ကျွန်မ မယုံပါ။

ထို့နောက် သူ သက်ပြင်းတစ်ချက် ချ၏။

"ကောင်းပြီ၊ မင်း အနိုင်ရတယ်"

သူ ဗြုန်းခနဲ ထရပ်လိုက်သည်။ အိတ်ကို စားပွဲပေါ်ပစ်တင်
လိုက်သည်။

"ကိုယ် ချိန်းထားတာကို ဖျက်လိုက်မယ်၊ ဟုတ်ပလား"

သူသည် တယ်လီဖုန်းရှိရာ မီးဖိုဆီသို့ စိတ်မြန်ကိုယ်မြန်ပင်
ခပ်သွက်သွက် လျှောက်သွားတော့သည်။ ကျွန်မမှာ မယုံကြည်နိုင်
စိတ်ဖြင့် လှိုက်ခနဲ ဝမ်းသာသွားမိ၏။

သူ ကျွန်မအပေါ်မှာ အဲသည်လောက်တောင် အလိုလိုက်တော့
မှာပေါ့နော်။

သူ့ဆီသို့ အပြေးကလေး လိုက်သွားသည့် ခြေဖဝါးတွေ ကော်
ဇောနှင့် မထိသလို ပေါ့ပါးနေ၏။

"မောင်...အပြင်ကို ဖုန်းခေါ်ရင် ၉ ကို အရင်နှိပ်ရတယ်"

"ကျေးဇူး"

ထို့နောက် သူ တစ်ယောက်ယောက်နှင့် အဆက်အသွယ် ရ
သွားသည်။

"မေရီ...ကိုယ် နေသန့်ပါ၊ အေး...ကိုယ် မင်းကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



မလို့ပါ၊ အသည်းအသန် ဆောရီးပဲကွာ၊ ကိုယ့်အလုပ်ကလေးတစ်ခု မပြတ်သေးလို့၊ ကိုယ် မင်းနဲ့ ဒီညနေ တွေ့နိုင်မှာ မဟုတ်ဘူး”

တစ်ဖက်က အမျိုးသမီးသံသဲ့သဲ့ကို မသဲမကွဲ ကြားနေရ၏။

“အေး...ကိုယ့်ဘော့စ်အကြောင်း မင်းသိသားပဲ မဟုတ်လား၊ မနက်ဖြန်ညနေ ဒီအချိန်ပဲ မင်းဆီ လာတွေ့လို့ ရမလား၊ တကယ် လို့...”

တစ်ဖက်က အမျိုးသမီး၏ ခပ်စူးစူး စကားသံတချို့တစ်ဝက်ကို ကျွန်မ ကြားရသည်။ ဘာတွေ ပြောနေမှန်းတော့ မပီသပါ။ သူ ခဏ နားထောင်နေ၏။

“သန်ဘက်ခါ...ဟုတ်လား၊ ဗုဒ္ဓဟူးနေ့ပေါ့၊ ရုံးဆင်းချိန်...ကောင်းတယ်၊ ခာတ်ပုံတွေ...၊ အင်း...အင်း... အစအဆုံး ပြန် စစ်ဆေးတာပေါ့၊ ကောင်းတယ်...အဲဒီစိတ်ကူး ကောင်းတယ်၊ ဟုတ်ပြီ ဒါဖြင့် သန်ဘက်ခါနော်၊ ကျေးဇူးပဲ...ဂွတ်ဒ်နိုက်တ်”

တယ်လီဖုန်းကိုပြန်တင်လိုက်ပြီး ကျွန်မဘက်သို့ ချာခနဲ လှည့်လိုက်သော သူ့မျက်နှာမှာ ပေါ့ပါးလန်းဆန်းသည့် အပြုံးတစ်ခုဖြင့် တောက်ပသွား၏။

“ဘေဘီ...မင်း ကျေနပ်ရဲ့လား”

ကျွန်မ လွှတ်ခနဲ ပျော်ရွှင်စွာ အော်လိုက်ပြီး သူ့လည်ကုပ်ကို လက်ဖြင့် ချိတ်ဆက်ကာ ခိုစီးလိုက်မိ၏။

“မောင်က သိပ်ချစ်စရာကောင်းတာပဲကွယ်”

သူက ကျွန်မအား ကလေးတစ်ယောက်ကို မ,သလို ချိုင်း နှစ်ဖက်မှ မ,ယူ ပွေ့မြှောက်ကာ တယ်လီဖုန်းတင်ထားသည့် စားပွဲပေါ်





သို့ ထိုင်စေသည်။ ထို့နောက် တယ်လီဖုန်းကို ခပ်ဝေးဝေး နံရံထောင့်ဆီသို့ တွန်းထုတ်လိုက်၏။

“မှန်း...မင်းမျက်နှာကို ကိုယ်ကြည့်စမ်းပါရစေဦး”

သူသည် ကျွန်မ၏ ဘေးတစ်ဖက်တစ်ချက်က စားပွဲစောင်းကို လက်တစ်ဖက်စီဖြင့် ထောက်ကာ ကျွန်မမျက်နှာကို ရှေ့တည့်တည့်မှနေ၍ ပန်းချီကားတစ်ချပ်ကို လေ့လာခံစားသလို အကဲခတ်ကြည့်နေသည်။ သူ့မျက်လုံးတွေမှာ အညိုရင့်ရောင်မှ အနက်ရောင်သို့ ချက်ချင်း ပြောင်းသွား၏။ ထိုမျက်လုံးများသည် ကျွန်မ၏ ကိုယ်နှာသာမက ကျွန်မစိတ်၏ ဟိုးအနက်ရှိုင်းဆုံးနေရာဆီသို့ ရောက်အောင် ထွင်းဖောက်ကြည့်နိုင်စွမ်း ရှိသည်။

“မင်းမျက်လုံးတွေ ဒီနေ့ အရမ်းတောက်နေတယ်... မင်း သိသား၊ အဲဒီ မျက်လုံးတွေထဲမှာ ကိုယ် ဘာမြင်ရသလဲ မင်း သိချင်သလား”

ကျွန်မ သိလည်းသိချင်လျက် သူ ပြောမှာကိုလည်း မကြားရဲပြန်။ သို့သော်...

“ဘာမြင်ရလဲ”

ကျွန်မ မျက်မှောင်ချီလျက် သူ့ကို တည့်တည့်စိုက်ကြည့်ကာ ပြုံးရင်း မေးလိုက်ပါသည်။

“ပိုင်စိုးပိုင်နင်း ကျူးကျော်မှုကို မြင်ရတယ်၊ ဘယ်တော့မှ တောင်းတိမ်နိုင်တဲ့ စူးစမ်းမှုတွေနဲ့ လောဘကို မြင်ရတယ်၊ အဲဒါ စာရေးဆရာ တစ်ယောက်က ပတ်ဝန်းကျင်ကို ကြည့်တဲ့ မျက်လုံးတွေလား၊ မိန်းမ တစ်ယောက်က သူ့ချစ်သူကို ကြည့်တဲ့ မျက်လုံးတွေလား”



www.burmeseclassic.com

www.burmeseclassic.com



"အို...ဘယ်သိမလဲ"

ကျွန်မ သူ့ မျက်လုံး တည့်တည့်မှ အကြည့်လွှဲကာ ရင်ညွန့်ရိုး အထက်ပိုင်း အချိုင့်နေရာကလေးကိုသာ စူးစိုက်ငေးနေမိသည်။

"အဲဒီမျက်လုံးတွေက သိပ်အင်အားကြီးတယ်၊ အဲဒီ မျက်လုံးတွေက အနည်ထိုင်ပြီး ကြည်လင်နေပြီးသား ရေပြင်တစ်ခုကို ဂယက်ထပြီး နောက်ကျိသွားအောင် မွှေနှောက်ပစ်နိုင်တယ်၊ ငြိမ်နေတဲ့ သစ်ပင် တစ်ပင်ကို လှုပ်ခတ်သွားအောင် ယမ်းခါပစ်နိုင်တယ်၊ အဲဒါ မင်းသိရဲ့လားဟင်"

ကျွန်မ တစ်ချက်ရယ်ကာ ကိုယ်ကို ကျုံ့ပစ်လိုက်မိ၏။

"တော်တော့၊ ဒါဆို မကြည့်နဲ့ပေါ့"

"မရတော့ဘူး၊ သိပ်နောက်ကျသွားပြီ"

သူ့အပြုံးမှာ မသေမသပ်။ တစ်ခုခု ဖွင့်န်းထင်းနေသလိုလို။

"ဒါဖြင့် ညှိုခန်းပြန်သွားမယ်၊ အီဗွန်ရှီးလ်အကြောင်းပဲ ဆက်ခပြောကြရအောင်"

"နှီး...နောက်မှ"

သူ ရယ်မောလိုက်၏။ သူ့ရယ်သံမှာ အသက်မပါလှပါ။ သူ့ ရယ်မောခြင်းကို တစ်စုံတစ်ရာက လွှမ်းမိုးချုပ်ကိုင်ထားသည်။

"အဲဒီအချိန် မဟုတ်ဘူး"

သူက လျှင်မြန်စွာ ပြောတော့ ကျွန်မ ရယ်ဖို့ ကြိုးစားလိုက်မိသည်။ သို့သော် ကျွန်မ၏ ရယ်မောခြင်းကိုလည်း ဆွဲငင်ချုပ်နှောင်ထားသည့် အရာတစ်ခု ရှိနေသည်။ ထိုအရာသည် ကျွန်မနှင့် အသိစိတ်ကို တစ်ခဏ ခွဲခွာပေးလိုက်သည်။

○





The Storm Melody 1 (1996); Aye Ko, Oil on canvas, (4 x 3 ft)

www.burmeseclassic.com

www.burmeseclassic.com

အော်သယ်လို (Othello) သည် ဝီလျံရှိတ်စ်ပီးယား၏ ကမ္ဘာကျော် ပြဇာတ်တစ်ခု ဖြစ်သည်။ အချစ်ကြီး ခြင်းနှင့် အထင်လွဲခြင် တို့ ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသော မအော့ဖိုဝန်ကိုအွာ ကျူးလွန်တတ်သည့် အမှားတစ်ရပ်အကြောင်း သတိပေးရေးသားထားသည့် အလွမ်းပြဇာတ် ဖြစ်သည်။

## အော်သယ်လိုနဲ့ မုန့်တိုင်းည

ည ဆယ်နာရီမထိုးမီ ပြဇာတ် ကပွဲ ပြီးသွားပါသည်။

ကျွန်မတို့ ကံကောင်းသည်ဟု ပြောရမည်ထင်သည်။ ကျွန်မတို့ ကဇာတ်ရုံထဲမှာ ရှိနေစဉ်တစ်လျှောက်လုံး မိုးက သဲကြီး မဲကြီး ရွာချနေခဲ့၏။ ပြဇာတ်ပြီးလို့ အပြင်ထွက်လာကြသည့်အခါ မိုးစဲသွားပြီ။ မိုးစက်ဖွဲဖွဲများသာ အဆက်မပြတ်ရှိလေး ရွာနေခဲ့သည်။ ရောင်စုံ လျှပ်စစ်မီးရောင်အောက်မှာ မိုးစက်လေးတွေက လှပင် လှနေသေး၏။

ရေပန်းဖွားများ အလှဆင်ထားသည့် ရင်ပြင်ကျယ်ကြီးကိုဖြတ်ပြီး ကားရပ်နားစခန်း ရှိရာသို့ ခပ်သွက်သွက် ပြေးကြစဉ်မှာ စူးရှအေးစိမ့်သော လေက ဝေါခနဲ ဝေါခနဲ တိုက်ခတ်လိုက်သည်။ ကျွန်မ ကြက်သီး ဖြန်းခနဲထအောင် ချမ်းစိမ့်အေးခိုက်သွားတော့သည်။ မိုးရွာချင် ရွာနိုင်သည်ဟု ထင်၍ အနွေးထည် ဆောင်လာခဲ့မိတာတောင် ထိုအနွေးထည်ပါးပါးကလေးကို ဖောက်ထွင်းကာ လေရော မိုးရော ကျွန်မကိုယ်ခန္ဓာထဲအထိ စိမ့်ဝင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသလား ရတနာ"

ကျွန်မ မိတ်ဆွေက ကျွန်မအား ကရုဏာသက်စွာ မေး၏။ သူကတော့ ကိုယ်ခန္ဓာ ဝပြီး ထွားကျိုင်းသူမို့ ကျွန်မလို အချမ်းဒဏ်ကို ခံစားရပုံ မပေါ်ပါ။

"ဘယ့်နှယ် မေးလိုက်ပါလိမ့်၊ ဒီမှာ တုန်နေပြီ ကိုရည်မွန်ရေ"

"ကားထဲ ရောက်ရင် နွေးသွားမှာပေါ့၊ လာ...ခပ်သွက်သွက် လျှောက်ကြစို့"

သည်ကလူတွေ တော်တော်များများ ကျွန်မ သတိထားမိ သလောက်တော့ မိုးရွာလျှင် ထီးမဆောင်းကြပေ။ သတင်းစာခေါက်လို၊ ပလတ်စတစ်ပစ္စည်းလို အရာတစ်ခုခုကို ခေါင်းပေါ်မှာ အသာကာပြီး ကားဆီသို့ ပြေးကြတာ များသည်။ ခုတော့ ကျွန်မလည်း ပြဇာတ်ရုံမှာ ဝေသော လက်ကမ်းစာအုပ်ကို ခေါင်းပေါ်မှာ ကာပြီး ပြေးနေရပြီ။

ကားထဲရောက်တော့ ကျွန်မမိတ်ဆွေက ကျွန်မအား အပူပေးစက် ချက်ချင်း ဖွင့်ပေး၏။

"ကျေးဇူးပဲ ကိုရည်မွန်၊ ထူးခြားတဲ့ ညနေခင်းလေးတစ်ခု အတွက် အထူးကျေးဇူးတင်ပါတယ်"

"မင်းကို ကြိုဆိုလျက်ပါ ရတနာ၊ ကိုယ်က မင်း အစစအရာရာကို မြည်းစမ်းသွားစေချင်တယ်လေ"

မိုးကြောင့် လမ်းတွေ ချော်ထားသဖြင့် သူက ကားကို စိတ်ထင်သလောက် မြန်မြန်မမောင်းခဲ့ပေ။ ထို့ကြောင့် ကျွန်မ အဆောင်သို့ ရောက်တော့ ည ၁၁ နာရီထိုးခါနီးနေပြီ။





"နောက်တစ်ပတ်မှာ ဘော့စ်ဘောလ်ပွဲ ကြည့်ဖို့ မင်း အဆင်သင့် လုပ်ထား...ကြားလား"

သူက ရယ်မောရင်း ကျွန်မအား သတိပေးသည်။

"စိတ်ချ၊ ကျွန်မ နားမလည်တာရှိရင်လဲ ရှင် ရှင်းပြမယ်မဟုတ်လား"

"ရှင်းပြမှာပေါ့"

ကျွန်မ ကားထဲက ထွက်လိုက်သည်။

"ညဉ့်တောင် နက်နေပြီ၊ ဆောရီး ရတနာ၊ ကိုယ်က မင်း ပါတော့ ကားကို မြန်မြန်မမောင်းရဲဘူး၊ ကိုယ်ထင်တာထက် နောက်ကျသွားတယ်"

ကျွန်မ ကားပြတင်းမှ သူ့ကိုငုံ့ကြည့်ကာ ပြုံး၍နှုတ်သိမ့်လိုက်ရ၏။

"အိုး...ကိစ္စမရှိပါဘူး၊ ဘယ်လောက်ပဲ ညဉ့်နက်နက်၊ ကျွန်မကို စိတ်ပူပြီး စောင့်နေမယ့်သူ မရှိဘူးလေ၊ ရှင်သာ မိန်းမက တံခါးပိတ်ပြီး အိပ်နေမလား စိတ်ပူ နေမလား"

သူက သော့တွဲတစ်တွဲကို ကျွန်မမြင်သာအောင် မြှောက်ပြ၏။

"ခုချိန်ဆို သူ အိပ်နေပြီပေါ့"

ကျွန်မ ဂိတ်တံခါးသော့ဖွင့်ပြီး ဝင်တော့မှ သူ ကားမောင်းထွက်သွားပါသည်။ သူ့အိမ်က အဝေးကြီးမှာဖြစ်သည်။ ပြဇာတ်ခန်းမ ရှိရာ မြို့ထဲပိုင်းမှ ကျွန်မအဆောင်သို့ ခရီးနှင့် ထိုနေရာမှ သူ့အိမ်သို့ ခရီးမှာ ၉၀ ဒီဂရီထောင့်ချိုးနေသော ခရီးများဖြစ်၏။ ယခုတော့ ထိုထောင့်မှန်တြိဂံခရီးကို ထောင့်ဖြတ်မောင်းရပေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စိတ်ပူပြီး စောင့်မယ့်သူ မရှိဘူးဟု ကြားလိုက်တာ နည်းနည်း များသွား၏။

ကျွန်မ မိုးချုပ်သည်အထိ အိမ်မှာ မရှိတာကို စိတ်ပူမည့်သူ ရှိနေခဲ့သည်။ တစ်ယောက်မဟုတ်၊ နှစ်ယောက်တောင် ရှိသည်။

တယ်လီဖုန်းဖြေစက်မှ မီးအနီလေး မှိတ်တုတ်မှိတ်တုတ် လင်းနေခဲ့သည်။

ကျွန်မ အင်္ကျီလုံချည်ကို အရင်လဲရမလား၊ တယ်လီဖုန်း ဖြေစက်ကို အရင် နားထောင်ရမလား ခဏ စဉ်းစားလိုက်ပြီးမှ အရင် နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။ သူ့အသံကို ကျွန်မ ချက်ချင်း ကြားချင်သည် မဟုတ်လား။

ပထမအသံမှာ သူ မဟုတ်။ ကျွန်မကို ညီမအရင်းသဖွယ် ချစ်ခင် စောင့်ရှောက်သော မိတ်ဆွေ မမချယ်ရီ ဖြစ်သည်။ သူမသည် ကျွန်မကို အမြဲတမ်း ရတနာကလေးဟု ခေါ်လေ့ရှိပါသည်။

"ရတနာကလေး…မမ လာခဲ့မယ်လို့ ပြောထားလျက်သားနဲ့ ဘယ်တွေ လျှောက်သွားနေတာလဲ"

ဘုရားရေ…။ ဟုတ်ပါရဲ့၊ ညနေ ဆေးခန်းအပြန်မှာ ပန်း လာပေးဖို့ မမချယ်ရီ လာခဲ့မည်ဆိုတာကို ယခုမှ သတိရကာ မျက်လုံး ပြူးကျယ်သွားခဲ့ရတော့သည်။

"ရတနာကလေးအတွက် မမ ပန်းစည်းထားခဲ့တယ်၊ ဂိတ်ပေါက် အပြင်ဘက် လက်ယာဘက် ပန်းအိုးကြီးပေါ်မှာ တင်ထားခဲ့တာ၊ အခု ည ကိုးနာရီ ရှိနေပြီ၊ မမတို့ဆီမှာတော့ မိုး သဲကြီးမဲကြီး ရွာနေတယ်၊ ရတနာကလေးဆီမှာ မိုးသိပ်ရွာနေရင်တော့ သွားမယူနဲ့ပေါ့





[…]ခံမှ ထွက်ယူ၊ မမဆီ ပြန်မဆက်နဲ့တော့ မမအိပ်တော့မှာ၊ မနက် […] မမဆက်တော့မယ်…ဘိုင့်ဘိုင်"

ကျွန်မ တစ်ကိုယ်လုံး ပူထူသွားအောင် အားနာသွားမိသည်။ [...]သချာတယ်၊ မမတော့ စိတ်ဆိုးတော့မှာ။ အကယ်၍သာ ဆယ်နာရီ [...]း‌လောက်မှာ ကျွန်မဆီ ဖုန်းထပ်ဆက်ဖြစ်လျှင် သူမ စိတ်ပူတာ [...] ဒေါသဖြစ်တာ ပေါင်းသွားပေလိမ့်မည်။

နောက်ထပ်သတင်းတစ်ခုအဖြစ် သူ့အသံကို ကြားရသည်။

"ရတနာ…ကိုယ် မင်းကို ဆက်ကြည့်နေတာ သုံးခါရှိပြီ၊ အခု [...] ဆယ်နာရီခွဲနေပြီ၊ မင်းဘယ်သွားနေတာလဲ၊ ကိုယ့်ဆီ ပြန်ဆက် [...]၊ ကိုယ် ဒီည ၁၂ နာရီအထိ အလုပ်လုပ်နေမယ်"

သူ့အသံဟာ နည်းနည်းများ တင်းမာလေသလား။ သူသည် [...]န်မအား အကြောင်းကိစ္စ မရှိဘဲ ဘယ်တော့မှ မဆက်တတ်သူမို့ [...]့ဆီပြန်ဆက်ရန် လိုအပ်သည်။ သို့သော် ကျွန်မ၏ စိုထိုင်းထိုင်း [...]ပင်ကို ခြောက်သွေ့အောင် သုတ်ဖို့ လိုသေးသည်။ အဝတ်အစား [...]ခြာက်ခြောက် လဲရန် လိုသေးသည်။

သို့သော် ကျွန်မ သူ့နံပါတ်ကို ချက်ချင်းကောက်နှိပ်မိပြီးနေပြီ။

"မောင်…"

"ပြန်ရောက်ပြီလား၊ ဘယ်သွားနေတာလဲ"

"ပြဇာတ် သွားကြည့်နေတာ၊ အော်သယ်လို ပြဇာတ်"

"ဘယ်မှာလဲ"

"မြို့ထဲ ကဇာတ်ရုံမှာပေါ့"

"မြို့ထဲ…၊ ဒီလို မိုးသည်းသည်း ညသန်းခေါင်မှာ မြို့ထဲကို [...]း သွားနေခဲ့တာ…ဟုတ်လား၊ ဘယ်သူနဲ့ သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဤမြို့၏ မြို့ထဲရပ်ကွက်တို့သည် အခြားမြို့တွေလို ညအချိန်မှာ စည်ကားဖို့ ဝေးစွ၊ မီးနည်းနည်းချုပ်လျှင်ပင် လူခြေတိတ်ကာ ခြောက်ကပ်သွားလေ့ရှိသည်။ အစိုးရရုံးတွေနှင့် စက်ရုံဂိုဒေါင်တွေ သာ ရှိသောရပ်ကွက်ဖြစ်သည်။ လူနေတိုက်ခန်းတွေ ရှိသော်လည်း လုံခြုံမှု မရှိပေ။

"ကိုရည်မွန်နဲ့"

"ဘယ်သူ..."

ကျွန်မ မှားသွားပြီဟု ချက်ချင်းသိလိုက်သည်။ တကယ်ဆို အမျိုးသမီး မိတ်ဆွေတစ်ယောက်၏ နာမည်ကို အလွဲသုံးစား လုပ် လိုက်လို့ ရလျက်သားနဲ့နော်။

"ဟိုလေ... ကျွန်မရဲ့ စာဖတ်ပွဲတုန်းက..."

သူ ကျွန်မ၏ စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ် ပစ်၏။

"မပြောနဲ့... ဖုန်းထဲက မပြောနဲ့၊ မျက်နှာချင်းဆိုင်ပြီး ပြော ကြမယ်၊ ကိုယ် အခု ထွက်လာပြီ"

တယ်လီဖုန်းလိုင်း ကျသွား၏။ ကျွန်မ စာန်လှုပ်သွားပါသည်။

ကိုယ် အခု ထွက်လာပြီ...အဲဒါ ဘာအဓိပ္ပာယ်လဲ။ အခု အချိန်မှာ သူ ကျွန်မအဆောင်ကို လာမည်ဆိုတာ အလွန်ထူးဆန်း နေသည်။ ဘာကြောင့်လဲ...၊ သူ့လေသံကရော ဘာကြောင့် သည် လောက် တင်းမာနေခဲ့ရတာလဲ။

သူသည် ကြိုတင်ချိန်းဆိုမထားဘဲ ဘယ်တုန်းကမှ ကျွန်မဆီ မလာတတ်ပါ။ နောက်ပြီး သည်လိုညအချိန်မျိုးမှာ ဘယ်တုန်းက မှ မချိန်းဆိုတတ်ပါ။





တစ်ခဏ တွေဝေစွာ ကြောင်သွားရာမှ သတိပြန်ဝင်လာပြီး သူ့နံပါတ်ကို ထပ်နှိပ်ကာ ခေါ်ကြည့်လိုက်သည်။ အကြာကြီး မြည် နေပြီး ကိုင်မည့်သူ မရှိပါ။ ဒါဖြင့် သူ တကယ်ပြောခဲ့တာပေါ့၊ သူ ကျွန်မဆီကို လာနေပြီပေါ့။

ဘာကြောင့်လဲ...၊ သူ ဘာကို စိတ်တိုနေခဲ့တာလဲ။

သူ့မှာ ဇီဇာကြောင်လှသော အထက်အရာရှိကြီး ရှိနေသည်။ သူ လုပ်ပေးသမျှ အလုပ်တို့အပေါ် တန်ဖိုးထားချီးကျူးမပြောဘဲ အပြစ် ရှာတတ်သူ ဖြစ်သည်။ သူ့အပြောအရတော့ တော်လည်း အလွန် တော်သော ပညာရှင်တစ်ယောက် ဖြစ်သည်။ သို့သော် ထိုသူသည် အလုပ်တစ်ခုခုကို ဦးဆောင်လုပ်တိုင်း အစအနတွေကို ကိုယ်တိုင် ဘယ်တော့မှ မသိမ်းဘဲ သူ့အတွက် အမြဲချန်ခဲ့သည်ဆိုပဲ။

"မောင့်ကို ပညာပြချင်တာလားမှ မသိ"

ကျွန်မ ခပ်ဆဆ ထင်မြင်ချက်ပေးတုန်းက သူကမန်းကတန်း ငြင်းခဲ့၏။

"အဲလိုတော့ မဟုတ်ဘူး ရတနာရဲ့၊ သူက အကြီးကြီးတွေကို စီစဉ်ညွှန်ကြားရသူဆိုတော့ အသေးအဖွဲကလေးတွေအတွက် အချိန် ကုန် မခံချင်တော့တာ ဖြစ်မှာပါ၊ သူ ကံကောင်းချင်တော့ ကိုယ့်ကို ရထားတယ်လေ၊ ကိုယ်က ဘာမဆို စနစ်တကျ မညည်းမညူ လိုက် အစသတ်ပေးနေကျကိုး"

သူ သည်ကနေ့ညနေ အလုပ်မှာ အဆင်မပြေခဲ့လို့များလား၊ သူ စိတ်တိုစရာ တစ်ခုခု ကြုံတွေ့ခဲ့ရလို့များလား။

တစ်ခါတစ်ခါ ကျွန်မနှင့် စကားပြောရင်း ဂန္ထမာနှင့် ပတ်သက် သည့် သူ့စိတ်ပင်ပန်းမှုများကို ညည်းညူရင်ဖွင့်ခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ကြီးကျယ်တဲ့ အဖွဲ့အစည်းကြီးတွေနဲ့ နေ့စဉ် ဆက်ဆံရတာ ကိုယ်ငြီးငွေ့လှပြီ ရတနာ၊ ကိုယ်တတ်နိုင်ရင် တခြားအလုပ်ကို ပြောင်းချင်နေပြီ"

သူ့ပါးပြင်ပေါ်က ရွှေရောင်မွေးညင်းနုနုကလေးများကို ကျွန်မလက်ဖြင့် ဖွဖွ သပ်ပေးလိုက်သည့်အခါ သူ၏ တင်းကျပ်နေသောမျက်နှာထားက လျော့ကျသွားခဲ့ဖူးသည်။

"ဒါဟာ အဖိုးတန် အတွေ့အကြုံတစ်ခုပဲ မဟုတ်လား မောင်ရယ်၊ ဂန္ဓမာလို ကြီးကျယ်တဲ့ ခမ်းနားတဲ့ အဖွဲ့ကြီးအောက်မှာ ခုနစ်နှစ်လောက် အလုပ်လုပ်ပြီးတဲ့နောက်မှာ ဘယ်နိုင်ငံရဲ့ ဘယ်ပြတိုက်ကြီးမှာမဆို မောင် အေးအေးဆေးဆေး အုပ်ချုပ်တတ်သွားပြီပေါ့၊ ဘယ်လိုအခက်အခဲမဆို မောင် ဖြေရှင်းနိုင်သွားပြီပေါ့၊ ဒီလိုအတွေ့အကြုံမျိုးက ငွေနဲ့ ဝယ်ချင်ရင်တောင် ဝယ်လို့ မရနိုင်ပါဘူး မောင်ရဲ့"

အခုကိစ္စမှာရော ဂန္ဓမာကို စိတ်တိုနေခဲ့လို့များလား။

သို့မဟုတ်...သူနှင့် ကျွန်မ တွေ့ဆုံမည့် လာမည့်ကြာသပတေးမှာ သူ ကိစ္စတစ်ခုခု ရှိလို့များလား။

ဟင့်အင်...အဲဒါတော့ လုံးဝ မဖြစ်နိုင်ပါ။ ကြာသပတေးနေ့တွေကို သူ ဘယ်တော့မှ ဖျက်လေ့မရှိပါ။ မမျှော်လင့်ဘဲ ထိုကြာသပတေးနေ့များကို ဖျက်ဖူးသည်က ကျွန်မပဲ ဖြစ်သည်။

သူ့မှာ မငြင်းနိုင်သည့် ညစာစားပွဲတွေ ရှိမည်၊ မငြင်းနိုင်သည့် အိမ်စာအလုပ်တွေ ရှိမည်၊ သည်ကြားထဲမှာ ၁၉ ရာစု အမျိုးသမီး ဓာတ်ပုံပညာရှင်တစ်ယောက်နှင့် သူမ၏ လက်ရာများအကြောင်း စာအုပ်တစ်အုပ် ရေးသားပြုစုရာတွင် သူက ဦးဆောင်လုပ်ရှားနေ





ဖြစ်နေရသည်။ သူ့လုပ်ဖော်ကိုင်ဖက် ဓာတ်ပုံအနုပညာ သုတေသီများနှင့် တွေ့ဆုံဆွေးနွေးပွဲတွေ ရှိမည်၊ ညနေခင်း လက်ဖက်ရည်သောက်ပွဲများ ရှိမည်။ သူ့အချိန်ဇယားသည် ကွက်လပ်မရှိပြည့်နေခဲ့မည်၊ သို့သော် ကြာသပတေးနေ့ ညနေခင်းကို သူ ဘယ်တော့မှ မဖျက်ခဲ့ပေ။

ကျွန်မကသာ ဂန္ဓမာအဖွဲ့အစည်းဟူသော စက်ဝိုင်းနှင့် မိုးသောက်ပန်း စံအိမ် အဆက်အသွယ်စက်ဝိုင်း၊ စက်ဝိုင်းနှစ်ခုအလယ်ဗဟိုတွင် ရောက်နေသူမို့ ပြန်မည့်ရက်ကလည်း တဖြည်းဖြည်း နီးလာသည်မို့ မိတ်ဆွေသူငယ်ချင်းတွေနှင့် တွေ့ရသည့်ရက်များ စိပ်စိပ်လာခဲ့သည်။ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ဓာတ်ညွှန်းရေးဆရာတွေ၊ ဝေဖန်ရေးဆရာတွေ...သူတို့အားလုံး ကျွန်မကို စေတနာထားကြသည်။ ကျွန်မ သည်မှာ ရှိတုန်းရှိခိုက် သိသင့်သိထိုက်တာတွေကို အားလုံးသိစေချင်ကြသည်။ ဟိုနေရာ သွားဖို့ လိုသေးသည်၊ သည်နေရာ ရောက်ဖို့ လိုသေးသည် စသည်ဖြင့် ကျွန်မသည် စက်ဝိုင်း နှစ်ခု၏ အလယ်ဗဟိုတွင် ပို၍ပို၍ အလုပ်များလာခဲ့သည်။

သူနှင့် တွေ့ဆုံနေကျ ကြာသပတေး ညနေခင်းများကို အတတ်နိုင်ဆုံး သီးသန့်ဖယ်ထားခဲ့သော်လည်း တစ်ခါတလေ ဘယ်လိုမှ ရှောင်တိမ်းမရသော ချိန်းဆိုမှုတစ်ခုကို ကြာသပတေးနေ့မှာ ပြုလုပ်လိုက်ရတာမျိုး ရှိပါသည်။

"မောင်ရေ...လာမယ့် ကြာသပတေးညနေမှာ ကျွန်မ စာကြည့်တိုက် တစ်ခုက ဝတ္ထုဖတ်ပွဲတစ်ခု သွားစရာရှိနေတယ်၊ အဲဒါ..."

သူ့မျက်နှာ အနည်းငယ်တင်းမာသွားခဲ့ပြီ။

"မောင်နဲ့ သောကြာနေ့ တွေ့မယ်လေ... ဖြစ်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တည်တည်ပင် ပခုံးတွန့်လိုက်သည်။

"ကိုယ် သောကြာနေ့ မြို့ပြင်ကို သွားစရာရှိနေတယ် ရတနာ"

သူ ကျွန်မကို ရက်အစား ပြန်မပေးချင်ခဲ့ပေ။

"ဒါဖြင့် ဗုဒ္ဓဟူး ဆိုရင်ကော"

"ဆောရီး"တဲ့။ အဲသည်စကားကိုပဲ ကျွန်မ ရခဲ့သည်။

သူ မပြောပေမယ့် သူ့အမူအရာမှ နားလည်လိုက်ရတာ တစ်ခု က 'ကိုယ်တို့ရဲ့ ကြာသပတေး ညနေလေးကိုတောင် မင်းမနှမြောဘူး ဆိုရင် ဖျက်လိုက်ပေါ့၊ ဒါပေမဲ့ ရက်အစားတော့ မင်းပြန်ရလိမ့်မယ် မထင်နဲ့'ဆိုသော အပြစ်ဒဏ်ခတ်ခြင်း။

နောက်ပြီး ကျွန်မက မချိန်းဘဲနှင့် အခြားညနေခင်းတစ်ခုခုမှာ ကျွန်မဆီ ဘယ်တုန်းကမျှ ဖုန်းခနဲ ရောက်မလာဖူးခဲ့ပေ။

ဒါဖြင့်...အခုကိစ္စက ဘာသဘောလဲ။

ကျွန်မသည် ဘာမှန်းမသိရသော စိုးရိမ်ပူပန်စိတ်ကို အားတင်း၍ ဖယ်ထုတ်လိုက်၏။ ဂိတ်တံခါးအပြင်ဘက်မှာ မမချယ်ရီ ထားခဲ့သော ပန်းစည်းကို ထွက်ယူရမည်။

မိုးများ ရွာနေသေးသလား မသိ။ ထီးယူဖို့ လိုလိမ့်မည်၊ ဂိတ်တံခါးက ကျွန်မအခန်းနှင့် တော်တော်လှမ်းသေးသည်။

နေပါဦး...သူ လာနေပြီ မဟုတ်လား၊ သူဂိတ်ရှေ့ရောက်သည့် အခါကျမှ ပန်းစည်းကလေးပါ ဆွဲခဲ့ပါဟု အကူအညီတောင်းလို့ မရဘူးလား။

မဖြစ်ပါဘူး၊ သူ စိတ်တိုနေသည့်အချိန်မှာ သူ့ဒေါသကို ဆွ ပေးမည့် အပြုအမူမျိုး အပြောအဆိုမျိုး ကျွန်မ မလုပ်ချင်ပါ။ နောက်





ပြီး ဂိတ်တံခါးဆီသို့ တယ်လီဖုန်းခွက်မှတစ်ဆင့် လှမ်းပြောရတဲ့ စကားလုံး သိပ်မသဲကွဲတတ်ပါ။

ကျွန်မ ထီးနှင့်သော့ကိုယူလျက် အခန်းပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့မိသည်။

မိုးက ခပ်စိပ်စိပ် ရွာနေဆဲ။ ရေကူးကန် မျက်နှာပြင်မှာ ဂယက် ဝိုင်းကလေးများဖြင့် လှုပ်ခတ်နေသည်။ မိုးအပက် လေအဝှေ့ဒဏ် ဖြင့် ပန်းချုံပင်ကလေးများ ငိုက်ခနဲ ငိုက်ခနဲ ယိမ်းကျနေ၏။ ပတ် ဝန်းကျင် တစ်ခုလုံး မိုးအေးအေးဖြင့် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဧည့်သည်တွေ ညဥ့်နက်သန်းခေါင် လာနေကျ ထောင့်စွန်းအခန်း သည်ပင် သည်ကနေ့ည တိတ်ဆိတ်နေလေသည်။

ရောက်ခါစ ရက်တွေတုန်းက ကျွန်မသည် ယခုလို ညသန်း ခေါင်မှာ ဂိတ်တံခါးအပြင်သို့ ထွက်ဖို့ မဆိုထားနှင့်၊ ခြံထဲ ဆင်းပြီး ရေကူးကန်အနားမှာပင် လမ်းမလျှောက်ရဲပေ။ ဤရပ်ကွက်၏ လုံ ခြုံမှုကို မသိရသေးသောကြောင့် ဖြစ်သည်။

ဂိတ်အပြင်ဘက် ဧရာမ ပန်းအိုးကြီးထဲမှာ ပန်းပင်၏ ပင်စည် မှာ ကပ်လျက် ကျွန်မအတွက် ပန်းစည်းကလေး ကန့်လန့်တင်ထား သည်။

ဟယ်...လှလိုက်တဲ့ပန်းတွေ။ ပလတ်စတစ် အကြည်စဖြင့် သေသပ်စွာ ထုပ်ပိုးထားသော အဖြူရောင် ပန်းပွင့် သေးသေးမွှားမွှား ကလေးများ၊ ဂိတ်တံခါးအထက်က ဖန်သီးမီးရောင်ဖြင့် ပန်းစည်း ကလေး၏ အလှမှာ တောက်ပစွာ ဖြာဝေနေလေသည်။ မွှေးကြည့် တော့ ရနံ့က သင်းသင်းကလေး ရသည်ဆိုရုံပဲ။ ကျွန်မ ပန်းစည်း ကို ပွေ့လျက် ခပ်မြန်မြန်ပင် တံခါးဖွင့်ကာ ပြန်ဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အထဲ ရောက်ပြီးမှ မှန်တံခါးကို ဖြတ်ကျော်ပြီး မြင်နေရသည့် ဂိတ်ရှေ့ ကားရပ်စရာနေရာတွေကို အကဲခတ် ရှာဖွေကြည့်မိသည်။ သူ လာရင် ကားရပ်စရာနေရာမှ ရှိပါ့မလား။ သည်ကနေ လှမ်းမြင်ရသမျှတော့ နေရာတွေ ပြည့်နေပြီ။ တချို့အဆောင်သူ အဆောင်သားများသည် ခြံနောက်ဘက် ဂိတ်အတွင်းထဲက ကားရပ်စရာနေရာကို မသုံးတော့ဘဲ ဂိတ်ရှေ့က ကားရပ်စရာ နေရာတွေကိုပဲ အလွယ် တကူ သုံးတတ်ကြသည်။ အင်းလေ...ည ၁၁ နာရီဆိုတာ ဧည့်သည်ကားတွေ လာသည့်အချိန် လွန်ခဲ့ပြီ မဟုတ်လား။

ကိစ္စမရှိပါ၊ ဂိတ်ရှေ့က ကားရပ်စခန်းမှာ နေရာမရှိလျှင် 'အနောက်တံခါး'လမ်းထဲမှာ ကားရပ်လို့ ရပါသည်။

သူ့အလာကို ဒီကနေ စောင့်ပြီး တံခါးဖွင့်ပေးရမလားဟု စဉ်းစားသေး၏။ သို့သော် ပန်းစည်းကလည်း ရှိနေပြန်၊ မိုးကလည်း ရွာနေပြန်တော့ အထဲ ပြန်ဝင်တာ ကောင်းပါလိမ့်မည်။

အခန်းသို့ ပြန်ရောက်တော့ ပန်းစည်းကို ထမင်းစားပွဲပေါ်မှာ ချထားခဲ့ပြီး အဝတ်အစား ကသုတ်ကရက် လဲလိုက်ရသည်။ ဘယ်လောက်မှ မကြာသေးခင် ဂိတ်က ခေါ်သည့် တယ်လီဖုန်းမြည်သံကို ကြားလိုက်ရလေသည်။

ဟင်... မြန်လိုက်တာ။

"ဟဲလို"

"ကိုယ် ရောက်ပြီ"

သူ့အသံက တိုတိုပြတ်ပြတ်။

စိတ်တထင့်ထင့်နှင့်ပင် ဂိတ်တံခါးဖွင့်သည့်ခလုတ်ကို ခပ်မြန်မြန် နှိပ်ပေးလိုက်သည်။





ပန်းခြံဆီက ကွန်ကရစ်လမ်းပေါ်မှာ ခြေလှမ်းကျဲကျဲ လျှောက်လာသော ဖိနပ်သံမှာ တိတ်ဆိတ်နေသော ညမို့ ကျယ်လောင်နေသလို ထင်ရသည်။ ဒါ ရှူးဖိနပ်သံမို့ တော်သေး၏။ အမျိုးသမီး ခုံမြင့်ဖိနပ်သံဟော့ဆိုလျှင် အဲသည်က တခွပ်ခွပ်အသံသည် ကျွန်မ အခန်းဆီထိ ကျယ်လောင်စွာ တက်လာလေ့ရှိ၏။ ည ၁၁ နာရီ ၁၂ နာရီ ဧည့်ခံပွဲတွေ၊ ညစာစားပွဲတွေက ပြန်လာသည့် ကျွန်မလိုအဆောင်နေ စာရေးဆရာမများသည် သူတို့အချင်းချင်း နှုတ်ဆက်လျှင်လည်း ညမို့ အသံကို ထိန်းရကောင်းမှန်း မသိ။ တစ်ခါတစ်ခါတော့ ကျွန်မ ထိုအသံများကို ငြူစူမိ၏။ သည်နေ့တော့ အသံ ကျယ်လောင်စွာ လမ်းလျှောက်လာသူမှာ ကျွန်မဧည့်သည် ဖြစ်နေပြီ။

တံခါးကို ဖွင့်ပေးလိုက်သည့်အခါ သူ ဝုန်းခနဲ ဝင်ရောက်လာပုံက ပြင်းထန်သော လေမုန်တိုင်းတစ်ခု ကျွန်မအခန်းထဲ တိုက်ခတ်ဝင်ရောက်လာသလိုပါပဲ။

"မင်္ဂလာ ညနေခင်းပါ"

ကျွန်မ စ,နှုတ်ဆက်တော့ သူက ခပ်တည်တည်ဖြင့် ပြန်နှုတ်ဆက်၏။ သူ့မျက်နှာမှာ နည်းနည်းမျှ နူးညံ့သိမ်မွေ့မသွားပါ။ အလုပ် လုပ်ရာမှ အဝတ်အစား မလဲဘဲ ဖြုန်းစားကြီး ထွက်လာမှန်း သိသာသည်။ ကာကီရောင် ချည်အပါးစား ဘောင်းဘီတိုတိုပွပွနှင့် လေးညှင်းရောင် ဂျင်းရှပ်လက်ရှည် ခပ်နွမ်းနွမ်းကို ဝတ်ထား၏။

"ထိုင်ပါလား မောင်"

သူ မထိုင်ပါ။ အခန်းကို ဟိုသည်ဝေ့ဝဲကြည့်ပြီး ထမင်းစားပွဲဆီမှ ပန်းစည်းကို မြင်သွားတော့ အဲသည်ဘက်သို့ လျင်မြန်စွာ လျှောက်သွားသည်။ ကျွန်မသည် ဧည့်ခန်းမှာပဲ ထိုင်ကျန်ခဲ့ရမလား၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ပဲ လိုက်သွားရမလား ဝေခွဲမရ ခဏငြိမ်သက်နေပြီးမှ စိ
လျှော့၍ သူ့နောက်သို့ လိုက်သွားပါသည်။

သူ ကျွန်မဘက်သို့ ရုတ်တရက် လှည့်ကြည့်သည်။

"ဒီတော့ အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ ညနေခင်း
တစ်ခု မင်း ရခဲ့ပြီပေါ့"

ဘုရားရေ…အဲဒါ ဘာစကားလဲ၊ သူ ကျွန်မကို တစ်ယော
ယောက်နဲ့ မနာလိုဖြစ်သွားခဲ့သလား။ မဖြစ်နိုင်ဘူး၊ သူသည် ဘယ
တုန်းကမျှ ကျွန်မကို အခြားတစ်ယောက်နှင့် မနာလိုစိတ် မဝင်ခဲ့
ပါ။

"ပြဇာတ်က စိတ်ဝင်စားစရာကောင်းပါတယ်"

ကျွန်မ မယုတ်မလွန် စကားကို ထိန်း၍ ဖြေရသည်။ သူ ကျွ
အား စူးစူးရှရှ ငုံ့ကြည့်နေ၏။

"အဲသည်နေရာတွေဟာ ညမှာ လုံခြုံမှုမရှိဘူးဆိုတာ မင်း မ
ဘူးလား"

"ဘယ်သူမှ ဘာမှ မဖြစ်ခဲ့ဘူးလေ မောင်၊ ပြဇာတ်ရုံကလဲ
ကြီးကြီး၊ ဘေးမှာ လုံခြုံရေးရဲတွေလဲ ရှိနေတာပဲ"

"မင်းမိတ်ဆွေ ဘယ်သူ…"

မျက်မှောင်ကြုတ်၍ စစ်မေးဟန်က ကျွန်မကို တရားခံကျ
တာပဲ။ နည်းနည်းတော့ စိတ်တိုသွားမိ၏။ မောင့်အလုပ်မဟု
ပါဘူးဟု ဖြေလိုက်ချင်သည်။ သို့သော် သူ ဒေါသကြီးလျှင် ကြော
စရာ ကောင်းမည်လား မသိ။ ကျွန်မ သူ့ဒေါသကို မလိုချင်ပ
အထူးသဖြင့် အခုလိုအချိန်မျိုးမှာပေါ့။

"ကိုရည်မွန်"





"သူက ဘာလဲ၊ စာရေးဆရာလား"

"ဟုတ်ကဲ့"

"သူ့နာမည် မင်းပြောတာ တစ်ခါမှ မကြားဖူးဘူး၊ ဘယ်လို
လုပ် ခင်ကြတာလဲ"

ကျွန်မ၏ သည်းခံနိုင်စိတ်တွေ တော်တော်လျော့သွားပြီ။

"ကျွန်မရဲ့ စာဖတ်ပွဲတုန်းက ကျွန်မကို ချက်ကော့ဗ်အကြောင်း
မေးခွန်းထုတ်တဲ့လူလေ၊ မောင် မှတ်မိလား၊ နှုတ်ခမ်းမွေးနဲ့ ဝဝ တုတ်
တုတ် အရပ်အမြင့်ကြီးနဲ့ လူ"

"မမှတ်မိပါဘူး၊ မင်းတို့ချင်း သိတာ ဘယ်လောက်ကြာပြီလဲ"

"အရင်ကတော့ မိုးသောက်ပန်းစံအိမ်မှာ တွေ့ရုံ နှုတ်ဆက်ရုံ
ပါပဲ၊ စာဖတ်ပွဲပြီးတော့မှ…"

သူ တအံ့တသြဖြစ်သွားဟန်က နည်းနည်း ပိုလွန်း၏။

"ဒီတော့ မင်းတို့ချင်း ခင်တာ နှစ်ပတ်လောက်ပဲ ရှိသေးတာ
ပေါ့"

ကျွန်မ စကား မှားသွားခဲ့ပြန်ပြီ။ သို့သော် ဘယ့်နှယ်လုပ်မလဲ၊
ကျွန်မက မလိမ်ဝံ့ဘူးလေ။

"မင်း သိပ်သတ္တိကောင်းပါလားဟင်၊ အခုမှ သိတာ နှစ်ပတ်
ပဲ ရှိသေးတဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ညအချိန်မှာ နှစ်ယောက်
တည်း ပြဇာတ်သွားကြည့်တယ်၊ မင်းမကြောက်ဘူးလား"

ကျွန်မ မိတ်ဆွေဘက်မှ ကျွန်မ အနည်းငယ် မကျေမနပ် ဖြစ်
သွားမိသည်။

"သူက ရိုးသားပါတယ်၊ သူ့မှာ အိမ်ထောင်နဲ့ သားသမီးတွေ
နဲ့၊ ကျွန်မကို စေတနာနဲ့…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း မကြောက်တတ်ဘူး။ မင်းမကြောက်တတ်ဘူး ဆိုတာ အခုမှပဲ ကိုယ်သိရတာပဲ၊ ညမိုးချုပ်မှာ သင်္ချိုင်းတာ နှစ်ပတ် မပြည့်သေးတဲ့ သူစိမ်းယောကျ်ားတစ်ယောက်နောက်ကို စွန့်စွန့်စားစား လိုက်သွားရလောက်အောင် မင်းကိုဘာတွေက ဆွဲဆောင်နေခဲ့လို့လဲ ရတနာ"

ကျွန်မတစ်ကိုယ်လုံး ထူပူသွားသည်မှာ ဒေါသကြောင့် ဖြစ်သည်။ ထိုဒေါသကြောင့်ပင် သူ့ကို တင်းမာသော မျက်နှာထားဖြင့် ပြန်ပြောရဲသွား၏။

"မောင် ဘာဖြစ်လို့ လူတစ်ဖက်သားကို စော်ကားချင်ရတာလဲ၊ ဒီကိစ္စမှာ ဘာမှ မရိုးမသားအဖြစ် မပါဘူး၊ ဘာမှလဲ ကြောက်စရာမရှိဘူး၊ အဲဒီကို လာတဲ့လူ အားလုံးကလဲ အနုပညာကို တန်ဖိုးထားတဲ့ လူကြီးလူကောင်းတွေချည်းပဲ"

သူ့မျက်နှာ တစ်ချက် တင်းခနဲဖြစ်သွားသည်။

"မင်းကဒီလူဘက်က နာတယ်ပေါ့"

မမျှော်လင့်သော သူ့စွပ်စွဲချက်ကြောင့် ကျွန်မ တစ်ခဏ ကြောင်အသွားမိပါသည်။

ထို့နောက်… စားပွဲပေါ်က ပန်းစည်းကို သူ ဒေါသတကြီး ကောက်ကိုင်လိုက်၏။

"ဒါ…အဲဒီလူ ပေးတဲ့ ပန်းတွေပေါ့၊ ဟုတ်လား"

ထိုပန်းစည်းကို မီးဖိုကြမ်းပြင်ဆီ လွှင့်ပစ်တော့မည် ဟန်ပြင်တော့ ကျွန်မ လွှတ်ခနဲ အော်ကာ သူ့အား ဖမ်းဆွဲထားလိုက်မိသည်။

"အို… မဟုတ်ဘူး မောင်ရဲ့၊ သူပေးတာ မဟုတ်ပါဘူး၊ မမချယ်ရီ ပေးတဲ့ ပန်းတွေပါ"





သူ တုံ့ခနဲ ငြိမ်သက်သွားကာ ပန်းစည်းကို စားပွဲပေါ် ပြန်လွှတ်ချလိုက်၏။ ထို့နောက် ကျွန်မအား ခပ်ငေးငေး စိမ်းကားစွာ ကြည့်လေသည်။

"မမချယ်ရီ…ဘယ်သူလဲ မမချယ်ရီ"

ကျွန်မ ဘယ်လိုပြောရပါ့မလဲ။ သူ အခုမှ ဘာဖြစ်လို့ ကျွန်မ ခင်သမျှ လူတွေအကြောင်း စပ်စပ်စုစု သိချင်နေရတာလဲ။ သည်လိုဆိုတော့ သူ့ဒေါသအားလုံးသည် မနာလိုမှုက လာခဲ့ကြတာပေါ့။

"မမချယ်ရီဆိုတာ…"

"တော်လောက်ပြီ၊ ပြောဖို့ မလိုတော့ဘူး"

ချက်ချင်းပဲ ပြန်တားမြစ်ပြန်၏။

"တကယ်တော့ မင်းအကြောင်းကို ကိုယ် ဘာမှမသိခဲ့ရပဲကိုး နော်၊ ကိုယ့်အပြင် တခြားဘယ်သူတွေဟာ မင်းဘဝမှာ အရေးကြီးနေသလဲ၊ ဘယ်သူတွေနဲ့ ဘယ်လိုအနေအထားမျိုး မင်း ဆက်ဆံနေတာလဲဆိုတာ ကိုယ် ဘာမှ သိခွင့်မရခဲ့ဘူး၊ ကိုယ် သိနေရတာက မင်းရဲ့ သေးငယ်တဲ့ အပိုင်းအစကလေးတစ်ခုကိုပဲ သိနေခဲ့ရတာ"

သူ့အသံမှာ တိုးတိတ်စွာ လေးပင်သွား၏။ ကျွန်မတို့ နှစ်ယောက်ကြားက လေထုသည် အေးခဲသွားခဲ့ပြီဟု ကျွန်မ ခံစားနေရသည်။

"ကိုယ် သိသမျှကတော့ ကြာသပတေးနေ့ ညနေခင်းတွေမှာ တွေ့ရတဲ့ မင်းရဲ့ တစ်ခဏရုပ်ပုံလွှာပဲ၊ ဒါပဲ…ဒါ့ထက် မပိုဘူး၊ အဲဒီ ကြာသပတေး ညနေခင်းရဲ့ မင်းကိုတောင် ကိုယ်သိသမျှက မင်းရဲ့ ကိုယ်ခန္ဓာသက်သက်ပဲ၊ စိတ်ဝိညာဉ်ကို ကိုယ် မသိဘူး"

သူ ကျွန်မအား စိုက်ကြည့်နေသည့် မျက်လုံးအောက်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းသွားခဲ့သည်။ လူတစ်ယောက်၏ ဒေါသမျက်လုံးသည် အခြားလူတစ်ယောက်အား လောင်မြိုက်နိုင်စွမ်း ရှိခဲ့မည် ဆိုလျှင် သူ့ဒေါသ အငွေ့ဖြင့် ကျွန်မ တစ်ကိုယ်လုံး လောင်ကျွမ်းပြာကျသွားနိုင်ပါသည်။

"တကယ်တော့ ကိုယ် သိခွင့်ရနေခဲ့တာက ကိုယ့်ဆီက မင်း ဘာလိုချင်တယ်ဆိုတာပဲ သိခွင့်ရခဲ့တာ"

မမျှော်လင့်သော စကားတစ်ခွန်းကြောင့် ကျွန်မ မျက်လုံးတွေ ပြာဝေသွားသည်။ သူနောက်ထပ် ပြောလာနိုင်သေးသော စကား တို့ကို ကျွန်မ မကြားဝံ့ပါ။

"ဒီလောက် နူးညံ့တဲ့ နှုတ်ခမ်းလေးက ဒီလောက်ရင့်သီးတဲ့ စကားကို ဘာကြောင့် ပြောချင်ရတာလဲကွယ်"

သူ့နှုတ်ခမ်းကို ကျွန်မ လက်ဖျားဖြင့် ဖိကပ်တားမြစ်လိုက်မိ ကြိုးစားမိသည်။ သူ ဒေါသတကြီး ကျွန်မလက်ကို ပုတ်ချပစ်လိုက် ၏။ ခွန်အားသုံးပြီး ပုတ်ချခံလိုက်ရသောကြောင့် ကျွန်မ လက်မှာ နာလွန်း၍ ထုံကျင်သွားသည်။ ပုတ်ချခံလိုက်ရသည့် အရှိန်ဖြင့် လူ ကလည်း ဘေးသို့ယိုင်သွားပါသည်။

ဘုရားရေ...။ အဲဒါ သူမဟုတ်ဘူး။ ကျွန်မ ချစ်တဲ့ ချစ်သူ မဟုတ်ပါဘူး။

ကျွန်မသည် ကျွန်မရှေ့မှာ ရှိနေသော ယောကျ်ားကို တုန်လှုပ်စွာ ကြောက်ရွံ့လာ၏။ တကယ်တော့ သူ့ကို ကျွန်မ မသိသေးပါ။ ကောင်းကောင်း မသိသေးပါ။

သူ့မျက်လုံးများ၏ စူးရှကြမ်းတမ်းမှုကို ကြောက်လန့်သွားကာ နောက်သို့ ခြေတစ်လှမ်း ထပ်ဆုတ်လိုက်မိသည်။





"ကျွန်မ တစ်ယောက်တည်း နေပါရစေ၊ ကျေးဇူးပြုပြီး ပြန် ပါတော့ မောင်ရယ်"

သူ တအံ့တဩ ပြုံးလိုက်ပုံက ကြောက်စရာပင် ကောင်းနေ လသည်။

"မင်း ကိုယ့်ကို တစ်ခါမှ ဒီလိုမနှင်ဖူးပါဘူး၊ ဟင်...အခု မင်း ဘာဖြစ်နေတာလဲ၊ မင်း ဘာတွေ ပြောင်းလဲနေတာလဲ"

သူ ကျွန်မ၏ပခုံးကို ခပ်ဆတ်ဆတ် ဆောင့်တွန်းလိုက်သဖြင့် ကျွန်မ၏ နောက်ကျောမှာ နံရံနှင့် ထိအပ်မိသွားသည်။ ကျွန်မ ကြောက်လန့်တကြား ခေါင်းခါယမ်းရင်း လက်နှစ်ဖက်ကို မျက်နှာ ရှေ့မှာ ကာကွယ်လိုက်ရ၏။

"မောင်၊...မောင်၊ ကျွန်မကို ကြောက်အောင် လုပ်နေပြီ"

သူ တစ်ချက် ရယ်လိုက်၏။

"မဖြစ်နိုင်ဘူး၊ မင်းက သိပ်သတ္တိကောင်းတဲ့ မိန်းမပဲ၊ မင်း ကိုယ့်ကို မကြောက်ပါဘူး"

ကျွန်မရင်တွေ တဒိုင်းဒိုင်းခုန်ကာ ခြေထောက်တွေ ပျော့ခွေ လာသည်။

"ကျွန်မ ကြောက်ပါတယ်"

"မင်း မကြောက်ပါဘူး"

ကျွန်မသည် မုန်တိုင်းဒဏ်ဖြင့် အမြစ်မှ ကျွတ်ကျသွားသော သစ်ပင်တစ်ပင်လို သူ့အကြည့်ဖြင့်ပင် ကြမ်းပြင်ပေါ်သို့ ဒူးညွှတ် ကျသွားသည်။ ထိုအချိန်မှာ မျက်ရည်ပူတွေ အထိန်းအချုပ်မရှိလိမ့် ဆင်း ပြိုကျသွားသည်။ ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ မျက်ရည်တွေကြောင့်လား၊ မိုးဖြင့် စိုထိုင်းလာခဲ့လို့လား မသိ၊ သူ့အင်္ကျီပခုံးစွန်းဆီမှာ စိုစွတ်သည့် အတွေ့ကို ကျွန်မ သတိထားမိသည်။ ကျွန်မ မျက်ရည်ကြောင့်ပဲ ဖြစ်မှာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မ၏ပါးဖြင့်၊ မေးဖြင့် အပ်မိသည့် သူ့ပခုံးစွန်းမှာ ပို၍ပို၍ စိုထိုင်းလာမှုကို ကျွန်မ ခံစားနေရသောကြောင့် ဖြစ်သည်။ ကျွန်မ သိသမျှမှာလည်း အဲသည်ပခုံးစွန်းက စိုထိုင်းမှုကလေး တစ်ခုတည်းသာ ဖြစ်သည်။

ကျွန်မ၏ မျက်ရည်တို့ကို သူ ငုံညှာသနားစိတ်ဝင်ဖို့ အချိန်နည်းနည်းလိုခဲ့သည်။

"နေကောင်းရဲ့လားဟင်"

မျက်ရည်စွန်းထင်းသော ကျွန်မပါးပြင်ကို သူ့ပါးပြင်ဖြင့် ဖွဖွပွတ်သပ်ရင်း နူးညံ့စွာ သူ မေးလာသည့်အချိန်မှာတော့ ကျွန်မ သူ့ရင်ခွင်ထဲသို့ ပျော့နွဲ့စွာ တိုးဝင်မှီတွယ်ရင်း ကိတ်တခိုး ရှိုက်မိပြန်လေသည်။

"မင်းကို ကိုယ်က ကြောက်အောင် လုပ်ခဲ့မိပြီ၊ ဟုတ်တယ် မဟုတ်လားဟင်"

သူ့အသံမှာ ကျွန်မကြားသည်ဆိုရုံကလေး၊ တိုးတိုးကလေး။ အဲသည်မျက်နှာနှင့် အဲသည်အသံကမှ ကျွန်မချစ်သူပါ။ ကျွန်မ ခေါင်းညိတ်လိုက်ရမလား ခေါင်းခါလိုက်ရမလား မသိ၊ ထို့ပြင် အဲသည်လောက် လှုပ်ရှားမှုကလေးကိုပင် ပြုလုပ်ရမှာ ခွန်အား မကျန်တော့သလို၊ သူ့ရင်ခွင်မှာ မှိန်နေချင်တာပဲ ကျွန်မ သိသည်။





"ဆောရီး…ဆောရီး၊ နောက်ကို ကိုယ်အဲဒီလို ဒေါသမကြီးမိအောင် ထိန်းပါ့မယ်"

ကျွန်မ တိတ်တခိုး ပြုံးမိသွား၏။

"ကိုယ် တစ်ခါမှ လူတစ်ယောက်ကို ဒီလောက် မနာလိုမဖြစ်ခဲ့ဖူးဘူး"

ကျွန်မ သိပါသည်။

"ကိုယ့်ကို အော်သယ်လိုအကြောင်း ပြောပြချင်လား"

ကျွန်မ ဘာစကားမှ မပြောချင်ပါ။ သူ ကျွန်မအနားမှာ ရှိနေရုံနှင့် ကျွန်မ၏ညသည် အဓိပ္ပာယ်ပြည့်စုံသွားပြီ ဖြစ်သည်။

ခဏကြာတော့ သူ ကျွန်မအနီးမှ ထွက်ခွာရန် ကိုယ်ခန္ဓာ အနေအထား ပြင်လိုက်၏။ ကျွန်မ သူ့ကို လှမ်းဆွဲဖက်ထားလိုက်သည်။

"ခဏလေး ရတနာ…ကိုယ် မီးဖိုထဲမှာ တစ်ခုခု စားစရာ သွားကြည့်မလို့၊ ကိုယ် ညစာ အခုထိ မစားရသေးဘူး"

သို့သော် ကျွန်မ သူ့ကို ထွက်ခွာခွင့် မပေးနိုင်ပါ။

"ကိုယ် မင်းဆီကို ဖုန်းဆက်လို့ မရတဲ့ တစ်ချိန်လုံး ဒေါသတွေ ကြီးနေမိတာနဲ့ ညစာစားဖို့ မေ့သွားခဲ့တာ၊ ကိုယ်သွားရှာလိုက်ဦးမယ်နော်"

"မသွားနဲ့ဦး"

"ဘုရားရေ…"

သူ အနည်းငယ်စိတ်ရှုပ်စွာ ရယ်ချင်သွားဟန် တူသည်။

"ဒါဖြင့် ကိုယ် ဘာမှ မစားရတော့ဘူးလား"

"၁၅ မိနစ် စောင့်"

"ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်မှ မဟုတ်ဘူး၊ မောင့်ကို ဒီမှာပဲ ရှိနေစေချင်လို့"

"ဖြစ်မှ ဖြစ်ရလေ ရတနာလေး"

သူ ကျွန်မ၏နဖူးကို ညင်ညင်သာသာ ဖွဖွလေးနမ်းရင်း ပြုံးနေပါသည်။

"ကောင်းပြီ ကိုယ် စောင့်ပါ့မယ်၊ ဒါနဲ့ မင်းဆီကို ကိုယ် ဘာဖြစ်လို့ ဖုန်းဆက်နေခဲ့တာလဲ မင်း မသိချင်ဘူးလား"

"ဟင့်အင်း"

သူ ရယ်မောပါသည်။ ကျွန်မ မသိချင်ပေမယ့် သူ ပြောလိုက်သည်။

"မင်းရဲ့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေကို မင်း ဘယ်လိုအချိန် ဖြုန်းသလဲလို့ ကိုယ်တစ်ခါမှ မစပ်စုခဲ့ဖူးပါဘူးနော်၊ ဒါပေမဲ့ ကိုယ် တစ်ခုလောက် မေးစရာရှိလို့"

သိမ်မွေ့သော သူ့လေသံမှာ ချစ်သူတစ်ယောက်ကို ပြောသော လေသံမျိုးထက် သိပ်မရင်းနှီးသေးသည့် အသိတစ်ယောက်အား ယဉ်ကျေးစွာ မေးသော လေသံမျိုး၊ ကျွန်မ အနည်းငယ် အောင့်သက်သက် ဖြစ်သွား၏။ ကျွန်မ သူ့မျက်နှာကို စိန်းစိန်းကြည့်မိသည်။

"မေးစမ်းပါကွယ်၊ မောင်မေးသင့်နေတာ ကြာပါပြီ၊ ကျွန်မကလဲ ဖြေချင်လှတာ ကြာပါပြီ။ ကျွန်မရဲ့ စနေ တနင်္ဂနွေတွေက သိပ်ရိုးစင်းတယ်၊ မောင့်လို မရှုပ်ထွေးဘူး သိလား၊ ကျွန်မကို ညီမလေးလို ချစ်ခင်စောင့်ရှောက်ကြတဲ့ မမချယ်ရီတို့ မောင်နှမဆီ သွားသွားလည်နေခဲ့တာ၊ သူတို့က ကျွန်မကို နေရာအနှံ့လိုက်ပို့ပေးတယ်၊ ကျွန်မ ဟင်းမချက်ရအောင် သူတို့ချက်တဲ့ ဟင်းတွေကို ဘူးတွေ ခွက်တွေနဲ့ တစ်ပတ်စာ ထည့်ပေးတယ်၊ လိုတဲ့ပစ္စည်းတွေ ဝယ်ဖို့..."





ကျွန်မစကား မဆုံးသေးမီ သူက ရယ်သံစွက်လျက် "ဘုရားရေ... စွာလှချည်လား"ဟု စကားဖြတ်ပြော၏။

"ကိုယ်က မင်း ဘယ်သူတွေနဲ့ အချိန်ဖြုန်းသလဲလို့ မေးမှာ မဟုတ်ပါဘူး၊ လာမယ့် စနေ တနင်္ဂနွေကို မင်း ကိုယ့်အတွက် ပေးနိုင်မလားလို့ မေးကြည့်မလို့ပါ"

ကျွန်မ မမျှော်လင့်ခဲ့သော စကား ဖြစ်သည်။

ကျွန်မ သူ့ကို တအံ့တဩ မော့ကြည့်မိသွားသည်။ သူက ကျွန်မ၏မျက်နှာကို သူ့ရင်ခွင်မှာ နဂိုအတိုင်း မှီအပ်နေစေပြီး ကျွန်မ၏ ဆံပင်တို့ကို လက်ဖြင့်အသာဖွဖွ သပ်ပေးနေသည်။

"မင်းနဲ့အတူ ဘယ်တုန်းကမှ မသွားဖူးတဲ့ နေရာ တစ်ခုကို သွားကြရင် ကောင်းမလားလို့၊ စာရေးဆရာဆိုတော့ သဘာဝအလှတွေကို ချစ်တတ်မှာပေါ့"

ကျွန်မ သူ့ရင်ခွင်မှ မျက်နှာမခွာဘဲ ကျေနပ်စွာ ပြုံးလိုက်မိလေသည်။

"ကိုယ်တို့ တွေ့ဖို့က တစ်လပဲ ကျန်တော့တာ ဆိုတော့... အများဆုံး သုံးလေးခါပဲ ရှိတော့တယ်လေ၊ မင်းပြန်သွားတဲ့အခါ မင်းနဲ့ အတူ ကိုယ်တို့နှစ်ယောက်ရဲ့ အမှတ်တရအချိန်ကလေးတွေ ပါသွားနိုင်ပါ့မလားလို့ ကိုယ် သံသယဖြစ်မိတယ်၊ ဒါကြောင့် မင်း ဘယ်တော့မှ ကိုယ့်ကို မမေ့နိုင်မယ့် နေရာတစ်ခုဆီ မင်းကို ခေါ်သွားချင်တယ်၊ ကိုယ် သိပ်အတ္တကြီးတာပဲလို့ မင်းစွပ်စွဲနိုင်ပါတယ်"

ကျွန်မ၏ ပါးပြင်တစ်ဖက်ကို သူ့လက်ညှိုးထိပ်ကလေးဖြင့် ဖွဖွပွတ်ဆွဲရင်း တစ်လုံးချင်း ပြောနေခဲ့သော သူ့စကားများအောက်တွင် ကျွန်မတစ်ကိုယ်လုံး နွေးထွေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင် သွားလေရာကို ဘယ်ပဲဖြစ်ဖြစ် လိုက်ဖို့ အဆင်သင့်ဖြ
နေခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ မောင်ရယ်။

၀



Garden on Lake of Thun (1913), August Macke,
Oil on Canvas, (49 x 65 cm), Stadtisches Kunst Museum, Bonn

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက အမေရိကန် ကဗျာဆရာနှင့် ဒဿနိကဗေဒ စာရေးဆရာ ဟင်နရီဒေးဗစ်သော်ရိုး (Henery David Thoreau) သည် လူ့ဘဝ၏ အရိုးသားဆုံး အသက်ရှင်နေထိုင်မှုပုံ တစ်ခုအကြောင်း ရှာဖွေတွေ့ရှိသွားခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်၊ ကွန်ကော့ဒ်နယ်ရှိ ဝေါလ်ဒင်ရေကန်၏ဘေးမှာ ရိုးစင်းသော တဲတစ်လုံး ဆောက်ပြီး လူတစ်ယောက်အတွက် အနိမ့်ဆုံး လိုအပ်သည့်အရာများ ဖြင့်သာ အသက်ရှင်နေထိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် သဘာဝ၏ ဦးဆောင်မှုနောက်မှာ အလိုက်သင့် နေထိုင်သွားခြင်း ဖြစ်ရာ သူ့မှာ အချိန်ကာလ သတ်မှတ်ချက် မရှိ၊ သူ့မှာ နာရီ မရှိ၊ ပြက္ခဒိန် မရှိ။ သူ၏ အချိန်ကာလမှာ သူငါးမျှားရာ၊ ရေချိုးရာ၊ ရေသောက်ရာ စမ်းချောင်းကလေးပင် ဖြစ်သည်။

သော်ရိုး၏ 'ဝေါလ်ဒင် (သို့မဟုတ်) သစ်တောထဲမှ ဘဝ' (Walden, life in the woods) သည် ရိုးစင်းစွာ အကြမ်း ထည့်ရေးထားသော မှတ်တမ်းစာအုပ်တစ်အုပ်ပင် ဖြစ်သော်လည်း လူ့ဘဝမှာ အဓိက လိုအပ်သည့် အသက်ရှင်နေထိုင်ခြင်း အနှစ်သာရနှင့် ဘဝအဓိပ္ပာယ်ကို ရှင်းပြဖွင့်ဆိုထားသည့် ဒဿနိက စာတမ်းတစ်ခုအဖြစ် ယနေ့အချိန်အထိ တန်ဖိုးကြီးစွာ လေ့လာနေကြရဆဲ ဖြစ်သည်။

## ဟင်နရီသော်ရိုးနဲ့ ကဗျာည

စနေနေ့ နံနက်ခင်းတွင် ကျွန်မတို့သည် မြို့၏မြောက်ဘက် မိုင် ၁၀၀ ကျော်ဝေးသော စခန်းချစရာ နေရာတစ်ခုသို့ သူ မောင်းသော ကားဖြင့် ခရီးထွက်ခွာကြပါသည်။

ရွက်ဖျင်တဲကြီး ထိုးရန် လိုအပ်သော ပစ္စည်းကိရိယာများ၊ ချက်ပြုတ်စားသောက်စရာ ဓာတ်ငွေ့မီးဖိုနှင့် အိုးခွက်ပန်းကန်များ၊ စားစရာနှင့် ရေပုလင်း အအေးပုလင်းများ၊ လက်နှိပ်ဓာတ်မီးနှင့် အရေးပေါ် ဘက်ထရီသုံး မီးအိမ်စသည်ဖြင့် သယ်ယူစရာပစ္စည်းတွေ များလှသည်မို့ သူ့ကားသေးသေးကလေး မဆံ့နိုင်ဘူးဟု ချဲရီကီး ဂျစ်တစ်စီးကို ကားအငှားဌာနတစ်ခုမှ သူ ငှားခဲ့လေသည်။

သူနှင့် တစ်ခါမှ ခရီးဝေး အတူမသွားဖူးတာမို့ ခရီးသွားနေရသည့် အချိန်ကလေးသည်ပင်လျှင် ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်သော အမှတ်တရကာလတစ်ခု ဖြစ်နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့၏ လက်ယာဘက်မှာ စိမ်းလန်းသော တောင်ကုန်း များသည် အဝေးအနီး၊ အရောင် အနုအရင့် ပြောင်းလဲလျက် ပန်းချီ ဆရာတစ်ယောက် စနစ်တကျ ဆေးရောင်ခြယ်ထားသလို အဆင့် ဆင့် ပြေပြစ်စွာ တည်ရှိသည်။ ကျွန်မတို့၏ လက်ဝဲဘက်မှာတော့ ပြာလဲ့စွာနက်ရှိုင်းသော ရေကန်ကြီးတွေ တစ်ခုပြီး တစ်ခု ဖြတ်ကျော် ရသည်။

"အဲဒါ သဘာဝ ရေကန်တွေလို့ မထင်နဲ့၊ လူတွေ တူးထားတဲ့ ကန်တွေ"

"အံ့သြစရာပဲ၊ ဒါပေမဲ့ သိပ်လှတာပဲ မောင်ရယ်"

"ကိုယ်တို့ အခုသွားမယ့်နေရာမှာတော့ သဘာဝ စမ်းချောင်း ကလေးတစ်ခု ဖြတ်စီးနေတယ်၊ စမ်းချောင်းရဲ့ တစ်ဖက်မှာက တော အုပ် တစ်ခု၊ စမ်းချောင်းရဲ့ တခြားဘက်မှာက ခရမ်းချဉ်သီး စိုက် ခင်းတွေ၊ မင်း မျက်နှာမူသမျှ မိုးကုပ်စက်ဝိုင်းအထိ ခရမ်းချဉ်သီး စိုက်ခင်းတွေပဲ၊ အနီရောင်နဲ့ အစိမ်းရောင် အချိုးကျကျ အကွက်ဖော် ပြီး ရောစပ်နေတဲ့ သဘာဝပန်းချီကားတစ်ခုကို မင်းတွေ့ရမှာ"

ကားပြတင်း တစ်ဝက်စီ ချထားသောကြောင့် ပြင်းထန်သော လေအရှိန်သည် ကျွန်မနှင့် သူ၏ ဆံပင်များ၊ အင်္ကျီကော်လံများကို ပင် တဖျတ်ဖျတ်လွင့်အောင် တိုက်ခတ်လျက်ရှိသည်။ လေအရှိန် ကို မျက်နှာမော့၍ ခံယူရင်းက လေထဲမှာ ပါလာသည့် စိမ်းမြမြရနံ့ တစ်ခုကို အားရပါးရ ရှိုက်ရှူမိသည်။ အဲဒါ တောင်ကုန်းဆီက မြက်ပင် သစ်ပင်တွေရဲ့ ရနံ့ပဲ...ကျွန်မ သိပါသည်။

အမြန်လမ်းမ၏ ဘေး သီးသန့်ချိုးဝင်လိုက်ရသည့် ကားရပ်





နားခန်း တစ်ခုမှာ ခဏနားကြသည်။ ခရီးသည်များ အသုံးပြုရန် ရေ ချိုးခန်း၊ အိမ်သာများ ရှိသည့် နေရာအကျယ်ကြီးတစ်ခု ဖြစ်သည်။

မမချယ်ရီနှင့် ပေါင်းမိခါမှ ရလာသော စိတ်ရောဂါတစ်ခု ကျွန်မမှာ ရှိ၏။ အဲဒါကတော့ အများပြည်သူ သုံးသည့် ရေချိုးခန်း အိမ်သာခန်းများသို့ အဝင်အထွက်တွင် တံခါးလက်ကိုင်များ ကိုင် သည့်အခါ စက္ကူလက်သုတ်ပဝါလေးတွေဖြင့်သာ ကိုင်မိတော့ခြင်း ဖြစ်သည်။ အထူးသဖြင့် အထွက်မှာဖြစ်သည်။ အဝင်မှာတော့ ကိစ္စ ရှိ၊ လက်ဆေးကန်မှာ ဆပ်ပြာဖြင့် ဆေးလို့ ရသေး၏။ အထွက်မှာ ဘယ်က ရေ ဘယ်က ဆပ်ပြာဖြင့် ဆေးချိန်ရတော့မလဲ။

ယခုလည်း ကျွန်မက စက္ကူလက်ကိုင်ပဝါတွေ တစ်ထပ်ကြီး ယူ၍ အင်္ကျီအိတ်ထဲမှာ ထည့်ထားခဲ့သည်။ သူ့ကိုလည်း စက္ကူ နှစ် ခေါက် သုံးခေါက်လောက် ရှပ်အင်္ကျီအိတ်ထဲ ထည့်ပေးမိ၏။

သူက ပြုံး၍ 'ဘာအတွက်လဲ'ဟု မေးသည်။

"အဝင်အထွက် တံခါးလက်ကိုင်တွေ ကိုင်တဲ့အခါ မောင့် လက်တွေ မညစ်ပတ်အောင်လို့"

သူ ကျွန်မအဖြစ်ကို သဘောကျသလိုပင် အသံထွက် ရယ်မော သည်။

နောက်တစ်ခါ ရပ်နားသည့်နေရာမှာ ဓာတ်ဆီဆိုင်တစ်ခု ဖြစ် သည်။ သူ ဓာတ်ဆီထည့်နေသည့်အချိန်မှာ ကျွန်မက ဓာတ်ဆီဆိုင် နားက အသီးအနှံရောင်းသည့် ဆိုင်တစ်ခုထဲသို့ စပ်စပ်စုစု ဝင်သွား မိ၏။ အအေးပုလင်းနှင့် အာလူးကြော်၊ ဝေဖာထုပ် စသည့် snacks စားစရာပစ္စည်းများ၊ အမှတ်တရပစ္စည်းများ၊ ချောကလက် မျိုးမျိုး...။ ကျွန်မ စိတ်ဝင်စားသည့်အရာမှာ အသီးအနှံ ကော်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ်က ချယ်ရီသီးများ ဖြစ်သည်။ မရန်းရင့်ရောင် နက်ပြော ချောမွတ်နေသည့် ချယ်ရီသီးကလေးများ၊ ပန်းနုရောင်၊ အနီရော မှ မရန်းရောင်သို့ ကူးပြောင်းခါနီး ချယ်ရီသီးများ အားလုံးသည အညှာကလေးတွေ တန်းလန်းနှင့် လှလည်းလှ စားလို့လည်း အလွ ကောင်းသည်။

ကျွန်မ ချယ်ရီသီး နှစ်ပေါင် ဝယ်လိုက်ပါသည်။

"အသီးတွေကို ရေဆေးချင်ရင် ဟိုဘက်အခန်းထဲမှာ လ ဆေး ကန် ရှိတယ်"ဟု ဆိုင်ရှင်က အသိပေးတော့ ကျွန်မသဘော ကျသွားသည်။

"ကျေးဇူးပဲ"

ချယ်ရီသီးတွေကို ရေဆေးပြီး ပလတ်စတစ်အိတ်ထဲမှာ ထ ယူလာသည့်အခါ သူက ကားကိုမှီ၍ ရပ်ရင်း ကျွန်မဆီ လှမ်းကြ နေတာ တွေ့ရသည်။ ကျွန်မ ချယ်ရီသီးအိတ်ကို သူ့အား မြှောက် လိုက်သည်။ သူက နေကာမျက်မှန်ကို ရှပ်အင်္ကျီလက်တိုဖြင့် သလို ပွတ်သုတ်နေရာက သဘောကျသလို ပြုံးလေသည်။

ထို့နောက် သူက ကားကို ဂရုတစိုက် မောင်းလာချိန်တွ ကျွန်မက ချယ်ရီသီးတွေကို မရန်းရင့်ရောင် မှောင်လက်နေသည အလုံးကလေးများအား ဂရုတစိုက် ရွေးချယ်စားရင်း လိုက်ပါလာ တော့သည်။

"မောင် စားချင်လား"

"စားမယ်"

သူက ပလတ်စတစ်အိတ်ထဲမှ ချယ်ရီသီးတစ်လုံးကို ရွေး ဟန်ပြင်သည်။





"နိုး နိုး ... ကျွန်မခွံ့ပေးမယ်၊ မောင် ကားကိုသာ ဂရုစိုက်မောင်း" သူ ပြုံးလေသည်။

"ကိုယ် လက်တစ်ဖက်တည်းနဲ့ လက်ကိုင်ဘီးကို ထိန်းနိုင်ပါတယ်၊ မင်းမယုံရင် ..."

"ယုံပါတယ် ယုံပါတယ်၊ ဒါပေမဲ့ ကျေးဇူးပြုပြီး လက်နှစ်ဖက်နဲ့ ကိုင်မောင်းပါ၊ ကျွန်မက မောင့်ကို ခွံ့ကျွေးချင်လွန်းလို့ပါ"

ကျွန်မ သူ့အတွက် ချယ်ရီသီးတစ်လုံး ရွေးယူကာ သူ့ပါးစပ်ထဲ ခွံ့ပေးလိုက်ပါသည်။ ကျွန်မ သူ့ကို ခွံ့ကျွေးချင်လှလို့ မဟုတ်မှန်း သူ သိပုံရသည်။

"အစေ့အတွက်ရော ကိုယ်က ဘယ်လိုလုပ်ရမလဲ"

ကျွန်မက သူ့ကို အမှတ်တမဲ့ မျက်စောင်းထိုးပစ်လိုက်မိတော့သည်။

"ရှင့်ကားထဲမှာ ထွေးထုတ်လိုက်ပေါ့"

သူ တဟားဟား အော်ရယ်လေသည်။ ကျွန်မအား ငုံ့ကြည့်လျက်က 'ကားထဲမှာ အစေ့တွေနဲ့ ညစ်ပတ်ကုန်မှာပေါ့'ဟု စ,နောက်သည်။

"မောင် ... ကျေးဇူးပြုပြီး ရှေ့တည့်တည့်ကိုပဲ ကြည့်ပါလားကွယ်၊ ကားအရှိန် ဒီလောက်မြန်နေတာ"

သူ ရယ်ချင်စိတ် မပျောက်သေးပါ။

"ဟ ... ဘာစိုးရိမ်စရာရှိလဲ၊ ရှေ့က လာတဲ့ကားတွေက ဟိုဘက်က သွားနေကြတာ၊ အလယ်မှာ တံတိုင်းကြီးနဲ့ အဝေးကြီး၊ ကိုယ့်ရှေ့က သွားနေတဲ့ကားက တစ်မိုင်လောက်အဝေးမှာ၊ ကိုယ့်နောက်က ကားကလဲ တစ်မိုင်လောက် အဝေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို ဒုတိယအကြိမ် မျက်စောင်းထိုးမိပြန်လေသည်။

ကျွန်မ တကယ်ကြောက်နေမှန်း သိတော့လည်း သူက မျက်နှာထား ပြင်လျက် နှစ်သိမ့်ခဲ့၏။

"ကိုယ့်ကားပေါ်မှာ ထိုင်လိုက်လာရတာ မင်းအတွက် မှင်အခန်းမှာ မင်းနေရသလိုပဲ လုံခြုံပါတယ် ကလေးရယ်"

ကျွန်မတို့ စခန်းချမည့်နေရာကလေးသည် အမြန်လမ်းမှ ၁၀ မိနစ်လောက် ဖဲ့ဆင်းကာ မောင်းဝင်ရသော တောအုပ်ကလေးတစ်ခု၏ အစပ် ဖြစ်သည်။ လူနေအိမ်ခြေ ဟူ၍ မိုင်ဝက်လောက်အဝေးမှာ ရှိသည့် ဆိုင်တန်းကလေးတစ်ခုနှင့် သစ်လုံးအိမ်ကလေးတွေ ကျိုးတိုးကျဲတဲသာ လှမ်းမြင်ခဲ့ရ၏။

ကားရပ်လိုက်သည့် နေရာမှာ ကုန်းလျှောပြေပြေ မြက်ခင်းတစ်ခု၏ ဘေး ဖြစ်သည်။ ကားရပ်ရပ်ချင်း ကျွန်မ အပြေးအလွှားဆင်းပြီး ရှေ့တည့်တည့်က ချောင်းကလေးဆီသို့ ပြေးသွားမိလေသည်။

စမ်းချောင်းကလေး ဆိုပေမယ့် မြစ်အသေးစားတစ်ခုပဲ ဖြစ်နေ၏။ မြစ်ကမ်းပါးမှာ သစ်ပင်နှစ်ပင် နီးကပ်စွာရှိနေ၏။ ကျောက်တုံး ကျောက်ဆောင် သေးသေးကလေးများဖြင့် တော်တော်မြင့်သောကမ်းပါး ဖြစ်သည်။ မြစ်သည် သာမန်လမ်းမ တစ်ခုလောက်သာ ကျယ်ပြန့်လေသည်။ မြစ်ရေစီးမှာ ကျောက်တုံးကျောက်ဆောင်များကြောင့် အနည်းငယ်ကြမ်းသလို ရှိသည်။ ရေပြင်က ကြည်လင်လျက် ဟိုးအောက်က ကျောက်တုံးအခြေမှာ ရေမှော်ပင်ကလေးများ ရေစီးဖြင့် လှုပ်ခါနေသည်ကိုပင် မြင်ရသည်။





မြစ်၏ တစ်ဖက်ကမ်းမှာက ဟိုးဘက်က မိုးကောင်းကင်အစပ်ထိ အနီနှင့်အစိမ်း ပြောက်ကျားတွေ ခြယ်ထားသော ခရမ်းချဉ်စိုက်ခင်းများ...။

"သိပ်လှတာပဲ၊ ကြည့်စမ်း...အဲဒီကို သွားရရင် ကောင်းမှာပဲ"

သူ ကျွန်မနောက်မှာ လာရပ်လိုက်ပြီ၊ ကျွန်မနောက်ကျောမှာ သူ့ရင်ငွေ့နွေးနွေးကို ခံစားရသည်။

"မြစ်ကို ဖြတ်ရမှာပေါ့၊ မင်း ရေကူးတတ်ပြီလား"

"ဟင့်အင် ...အဲဒီလောက် ရေပြင်ကို ဘယ့်နှယ်လုပ်ပြီး ဖြတ်နိုင်ပါ့မလဲ၊ ကျွန်မက ရေကူးရင် အသက်မရှူတတ်သေ ဘူးလေ။ ဟာ...ဘာလဲ၊ ရေက တိမ်တိမ်လေး ဥစ္စာ၊ ကျွန်မ မြင်နေရတာပဲ၊ လမ်းလျှောက်သွား လို့တောင် ရမယ်"

သူ ခပ်ဟဟရယ်ရင်း ကျွန်မ၏ နောက်မှ သိမ်းပွေ့ဖက်လိုက်လေသည်။

နေရောင်သည် အထက်ကောင်းကင်တည့်တည့်မှာ ရောက်ခါနီးပြီ။ သို့သော် တောတောင်ရိပ်ကြောင့် အပူဒဏ်လုံးဝမရှိဘဲ အေးချမ်းနေ၏။ သူ ရွက်ဖျင်တဲထိုးရန် ပြင်ဆင်နေသည်ကို အသာထိုင်ကြည့်နေရ၏။ ကျွန်မ ကူမလုပ်တတ်ပါ။

"မောင်...ကျွန်မ ဘာကူလုပ်ရမလဲဟင်"

သူက လက်သမားကိရိယာတွေနှင့် အလုပ်ရှုပ်နေရာက ကျွန်မကို မကြည့်ဘဲ

"နေ့လယ်စာ စားဖို့ ပြင်ဆင်နိုင်သားပဲ" ဟု ပြော၏။

ဟုတ်သားပဲ။

ကျွန်မတို့၏ နေ့လယ်စာအတွက် အသားတွေ ငါးတွေ ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ရန် မလိုပါ။ သူရော ကျွန်မရော ဖြစ်သလိုနှင့် ရောင့်ရဲတတ်ကြသူများ ဖြစ်သည်။ ထို့ကြောင့် ကျွန်မပြင်ဆင်ရသော နေ့လယ်စာမှာ ရိုးစင်းစွာ လွယ်ကူပါသည်။ ခရီးဆောင် ဓာတ်ငွေ့မီးဖိုကလေးပေါ်မှာပဲ ပေါင်မုန့်ကို မီးကင်သည်။ English Muffin ဟု ခေါ်သော ပေါင်မုန့်အပိုင်းတစ်ခုစီကို ထက်ခြမ်း ခြမ်းပြီး တူနှစ်ချောင်းဖြင့် ညှပ်ကိုင်ကာ မီးကင်လိုက်တော့ မလွယ်ကူဘူးလား။ ပေါင်မုန့်မီးကင်စက်လည်း ရှိစရာမလို၊ မီးဖိုပေါ်တင်သည့် သံဇကာကွက်လည်း မလိုပါ။ အိုးတစ်လုံးထဲမှာ အာလူးလေးလုံးကို ရေခန်းပြုတ်လိုက်သည်။ ငါးသေတ္တာတစ်ဘူးနှင့် စည်သွတ်ထောပတ်ပဲ တစ်ဘူးကို ဖောက်လိုက်သည်။ ဒါပဲပေါ့။ ဆလတ်အရွက်သုပ် မစားရလျှင် မတင်းတိမ်သော သူ့သဘာဝကို ကျွန်မ ရိပ်မိထား၍ ပန်းသီးနှင့် ထောပတ်သီး နည်းနည်းလှီးပေးလိုက်သည်။

ကျွန်မတို့၏ နေ့လယ်စာမှာ လိမ္မော်ရည်တစ်ဘူးနှင့် ပေါင်းလိုက်တော့ အလွန် အရသာရှိသော ပြီးပြည့်စုံမှုတစ်ခု ဖြစ်သွားပါသည်။

နေ့လယ်ပိုင်းတွင် သစ်ရိပ်ကျသော မြက်ခင်းပြင်ပေါ်မှာ လဲလျောင်း နားနေနိုင်ခွင့်ရှိသည်။ မြက်ပင်ရှည်ရှည်လေးများကြားမှာ အဝါရောင်အပွင့် ပွင့်သော ပန်းရိုင်းပင်ကလေးများ ရောနေခဲ့တော့ ကျွန်မ၏ မျက်နှာနားမှာ အဝါရောင် ပန်းကလေးနှစ်ပွင့်က ယိမ်းထိုးနေခဲ့သည်။ တစ်ဖက်တောအုပ်ဆီမှ ငှက်ကလေးတွေ၏ ကျီကျီကျာကျာ အသံသည် ဂီတမှာ ရောစပ်ပေးသည့် စည်းချက်များ ဖြစ်ခဲ





သည်။ သစ်တောဆီမှ ဖြတ်တိုက်လာသော လေပြည်ညင်းသည် ကျွန်မဆီသို့ ပန်းရနံ့မွှေးမွှေးကိုပင် သယ်ဆောင်ပေးလာသည်။ ကျွန်မ၏ အထက်တည့်တည့်က မိုးကောင်းကင်သည် သစ်ရွက်သစ်ခက်ကြားမှ ဝိုးတဝါးကောင်းကင်ဖြစ်သော်လည်း တိမ်မျှင်တိမ်စတို့ ညင်သာစွာ ရွေ့လျားနေသောကြောင့် လှပသော ပန်းချီကားတစ်ချပ် ဖြစ်သည်။

ကျွန်မသောမှာ လက်နှစ်ဖက်ကို ဦးခေါင်းအောက်မှာ ယှက်ကာ ခုလျက် ပက်လက်လဲလျောင်းနေသော သူ့ဆီမှ ဘာစကားသံမှ မထွက်လာဘဲ တိတ်ဆိတ်နေခဲ့သည်မှာ အကြာကြီးဖြစ်သည်။

သူ ဘာတွေ တွေးနေသလဲ ကျွန်မ သိချင်လှသည်။

ကျွန်မ ပြန်ရမည့်ရက်ကို တွက်ကြည့်နေလေသလား။ ကျွန်မ ပြန်မည့် ရက်ကို နောက်ဆုတ်ပေးရန် သူသည် စကားအဖြစ်ပင် မတောင်းဆိုခဲ့ဖူးချေ။ သူသည် အမြဲလက်တွေ့ကျသူတစ်ယောက် ဖြစ်သည်။ အကယ်၍သာ ကျွန်မနှင့် သူ နေရာချင်းလဲရမည်ဆိုလျှင် သူက ပြန်ရမည့်သူ၊ ကျွန်မက နေကျန်ခဲ့ရမည့်သူဖြစ်ခဲ့လျှင် ကျွန်မ သူ့ကို တစ်ခုခုတော့ တောင်းဆိုမိမည်လား မသိ။ တစ်လလောက် နောက်မဆုတ်နိုင်ဘူးလားကွယ်၊ တစ်ပတ်လောက် ဆိုရင်ကောဟင် ဟု ခွဲခွာချိန်ကို တတ်နိုင်သမျှ ဝေးဝေးမှာ ပို့ထားချင်မှာ အမှန်ပဲ။

အင်းလေ…အဲဒါကရော ဘာများ အသုံးကျမှာမို့လဲ၊ တစ်ပတ်သို့မဟုတ် တစ်လသည်လည်း ထာဝရနှင့် စာလျှင် မျက်စိတစ်မှိတ်စာသာပဲ မဟုတ်လား။ ဘာများ ထူးခြားမှာမို့လဲ…နော်။

ကျွန်မ ပြန်သွားပြီးသည့်နောက် သူ၏ နေ့စဉ်ဘဝသည် ဘယ်လို ဖြစ်မှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်သူတွေနှင့် တွေ့မည်လဲ။ သူ့ဘေးမှာ ကျွန်မ၏ နေရာတွင် ဘယ်သူရှိနေမှာလဲ။ လင်းလား…။

"မောင်…စန္ဒာနဲ့ လင်းကို ခေါ်လာခဲ့ရအကောင်းသားနော်"

ဘာကြောင့်မှန်းမသိ လွှတ်ခနဲ ပြောမိသွားသည်။ သူငြိမ်သက်ရာမှ လှုပ်ရှားမသွားပါ။ အနေအထား လုံးဝ ပျက်မသွားပါ။ ကျွန်မဘက်ကိုပင် လှည့်ကြည့်သည်ဟု ကျွန်မ မခံစားရပါ။ မိုးကောင်းကင်ဆီ တည့်တည့်ငေးနေဆဲ ဖြစ်မည်။ သူ ပြုံးတော့ပြုံးလိုက်မည်ထင်သည်။ ကျွန်မ သူ့ကို လှည့်မကြည့်သင့်ပါ။ ဤစကားကို ကျွန်မသည် ရိုးသားစွာ ပြောလိုက်ခြင်းပဲ မဟုတ်လား၊ သူ့ဆီက တုံ့ပြန်မှု၊ စိတ်အခြေအနေ ပြောင်းလဲမှုကို အကဲခတ်လို၍ ပြောလိုက်ခြင်းမှ မဟုတ်ဘဲ။

"မဖြစ်နိုင်ဘူး ရတနာ"

သူ့စကားသံက ခပ်တိုးတိုး။

"အခုချိန်မှာ ကိုယ့်စိတ်အခြေအနေက ဘာစကားမှ မပြောဘဲ ငြိမ်ငြိမ်လေး နေချင်တာ၊ ကလေးတစ်ယောက်ကို အလိုလိုက် ချစ်ခင် ယုယဖို့ အင်အားတွေ ကိုယ့်မှာ ရှိမနေဘူး။ မင်း သိလား ရတနာ၊ ကိုယ် ဘာဖြစ်နေလဲ မင်းသိလား၊ ကိုယ် လူတွေနဲ့ သံတမန်အပြုံးတွေ၊ သံတမန် စကားတွေလဲ ပြောမနေချင်ဘူး၊ ကိုယ် တစ်ယောက်တည်း သဘာဝပတ်ဝန်းကျင်တစ်ခုမှာ တိတ်တိတ် ဆိတ်ဆိတ် နေချင်တာမျိုး၊ ကိုယ်ဆိုလိုတာကို မင်းနားလည်ရဲ့လား"

သူ့အသံမှာ ဟိုတုန်းကလို နွေးထွေးမှုလည်း မပါ၊ ခွန်အားလည်း မပါ၊ အသံသည် အနိမ့်အမြင့် စီးဆင်းမှုမရှိဘဲ တစ်သမတ်တည်း အေးစက်စက်။ ကျွန်မ အနည်းငယ် အံ့သြသွားပါသည်။





"တစ်ယောက်တည်း…ဟုတ်လား မောင်၊ မောင် ဆိုလိုတာက ဒီနေ့ မောင်နဲ့အတူ ကျွန်မ လိုက်မလာနိုင်ရင်လဲ မောင်ကတော့ ဒီကို တစ်ယောက်တည်း လာခဲ့မှာပဲ…အဲဒီလိုလား"

သူ့ဘက်သို့ ကိုယ်ကိုလှည့်ကာ မေးမိတော့ သူ မိုးကောင်းကင်ကို မျက်နှာမူရာက နည်းနည်းမျှပင် အနေအထား မပျက်သည်ကို တွေ့ရသည်။

"ဖြစ်နိုင်ပါတယ်"

ထိုစကားကို သူ အထစ်အငေါ့မရှိ ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစကား၏ နောက်ကွယ်မှာ ဘာအဓိပ္ပာယ်တွေ ရှိနေသလဲဟု သိလိုသဖြင့် ကျွန်မ ဖြုန်းခနဲ ကိုယ်ကိုလှိမ့်လိုက်ကာ မှောက်လျက် အနေအထားဖြင့် တံတောင်နှစ်ဖက် ထောက်လျက် သူ့မျက်နှာကို ငုံ့ကြည့်မိသည်။ သူ စိတ်ရှုပ်နေပုံရသည်ဟု ကျွန်မ ရိပ်မိသည်။

ကျွန်မသည် သူ ဘာတွေ ခံစားနေရသလဲ၊ သူ ရင်ဆိုင်နေရသော လူမှုဘဝ ပြဿနာတွေ၊ အလုပ်ပြဿနာတွေ ဘယ်လောက်ဖိအားများသလဲ တစ်ခါမျှ တွေးမကြည့်ခဲ့ဖူးပေ။

"မောင် ဘာတွေ တွေးနေတာလဲဟင်၊ ကျွန်မကို ပြောပြမလား"

သူ ကျွန်မကို လှည့်ကြည့်၏။ သူ ပြုံးလိုက်သောအခါ သူ့မျက်လုံးတွေ ပို၍ နူးညံ့သွားသည်။ သို့သော် ပျော်ရွှင်ကြည်နူးသည့် တောက်ပမှုကိုတော့ မတွေ့ရ။

"ကိုယ် ဘာမှ မတွေးမိအောင် ကြိုးစားနေတာ၊ ကိုယ်ဘာတွေ တွေးနေမိတယ်ဆိုတာ ကိုယ်လဲ မသိချင်ဘူး၊ မင်းလဲ မသိချင်နဲ့… ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အလျှော့မပေးနိုင်သေးပါ။ မောင့်ကို ကျွန်မ သိရမှဖြစ်မည်။

"မောင့်မှာ စိတ်ဓာတ်ကျစရာတွေ စိတ်ညစ်စရာတွေ ရှိနေလို့လား၊ ဘာအကြောင်းတွေလဲ ကျွန်မ မသိရဘူးလား"

ကျွန်မ ခပ်ဆဆ အကဲခတ်လျက် မေးမိသည်။ မောင် တစ်ချက်ရယ်မောလိုက်ကာ ခေါင်းနောက်မှာ ဖိထားသော ညာလက်ကို ပြန်ထုတ်ယူလျက် ကျွန်မအင်္ကျီပခုံးစွန်းမှာ တစ်ခုခုကို ဖယ်လိုဟန်ဖြင့် လက်ညှိုးနှင့်လက်မကို အသုံးပြု၍ အသာကလေး တောက်ပေးလိုက်၏။

"ကိုယ့်ဘဝမှာ မင်းကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး၊ မင်းနဲ့ တစ်သက်လုံး ကွဲရတော့မှာဆိုတဲ့ အသိကြီးဟာ ကိုယ် စိတ်ညစ်ဖို့လုံလောက်တဲ့ အကြောင်းအရာ မဟုတ်သေးဘူးလား ရတနာ"

ကျွန်မ ဘာပြန်ဖြေရပါမလဲ။ မောင် အဲသည်လောက် ကျွန်မအတွက် မခံစားဟတ်ပါဘူးဟု ကျွန်မသိနေကြောင်း အမှန်အတိုင်း ဖွင့်ပြောလိုက်ရမလား။

"မေးပါရစေဦး၊ မင်းအတွက်ရော အဲဒါ စိတ်ထိခိုက်စေမယ့် အကြောင်းအရာတစ်ခု မဟုတ်ဘူးလား"

ကျွန်မ သူ့ရင်ဘတ်ပေါ်မှာ ခေါင်းမှီအပ်လိုက်သည်။ ကျွန်မ မဖြေချင်ပါ။ ည တစ်ည ကုန်ဆုံးပြီး နံနက်တစ်ခုသို့ ရောက်လာတိုင်း ကျွန်မ မောင့်ကို ခွဲရဖို့ တစ်ရက်ပိုနီးလာပြီကောဟူသော အတွေးနှင့် အိပ်ရာထခဲ့ရသော ရက်များအကြောင်း မောင့်ကို ဘယ်တော့မှ မပြောရန် ဆုံးဖြတ်ထားခဲ့ပါသည်။

"ဒီအကြောင်းအရာကို အခုချိန်မှာ မတွေးမိအောင် ကိုယ်တို့





တစ်ခုခု လုပ်ကြရရင် ကောင်းမယ်၊ ကိုယ်တို့ ဘယ်တော့မှ ခွဲရမှာ မဟုတ်ဘူးလို့ ဟန်ဆောင်နိုင်မယ့်အရာ တစ်ခုခုပေါ့၊ ကိုယ်တို့မှာ တစ်ဘဝစာ အချိန်တွေ ရှိနေသေးတယ်လို့ ကိုယ့်ဟာကိုယ် ယုံကြည်လာစေမယ့် အရာ တစ်ခုခုပေါ့၊ ဟင်...အဲဒါ ဘာဖြစ်မလဲ၊ တွေးစမ်းပါဦး"

ကျွန်မ သူ့ရင်ခွင်မှာ ပါးအပ်ကာ သူ့နှလုံးခုန်သံကို ခံစားလျက် မျက်ရည် ရစ်ဝဲချင်သလိုလို ဖြစ်လာသည်။ သို့သော် ကျွန်မ တစ်ခုခုပြောမှ ဖြစ်မည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ချယ်ရီသီးတွေ စားနိုင်ခဲ့ကြတယ်၊ နေ့လယ်စာကို အရသာရှိရှိ စားနိုင်ခဲ့ကြတယ်၊ ဒါကိုက ကျွန်မတို့ဘဝဟာ ပုံမှန်ပဲလို့ ယူဆစရာအကြောင်း မဟုတ်ဘူးလား မောင်ရဲ့၊ ကျွန်မတို့ဟာ ရင်ဆိုင်ရမယ့် ခရီးဆုံးကို ကြိုတင်သိပြီးသားလေ၊ ရင်ဆိုင်ဖို့ ကြိုတင်ပြီး အားယူထားပြီးသား မဟုတ်လား၊ ကျွန်မ ပြန်သွားပြီးတဲ့နောက် မောင် နေ့စဉ် ဘာတွေလုပ်နေမလဲ၊ ကျွန်မကရော ဟိုမှာ ဘာတွေဆက်လုပ်နေမလဲ အဲဒါတွေက ပြဋ္ဌာန်းပြီးသားလေ မောင်၊ ဒါ အံ့သြစရာမဟုတ်ဘူး"

ကျွန်မ၏ ဆံပင်ကို သူ ခပ်ကြမ်းကြမ်းဆွဲဖွပြီး ကျွန်မမျက်နှာကို သူ့ရင်ခွင်မှ ကွာသွားအောင် ဆွဲဖယ်ကြည့်ဖို့ သူကြိုးစား၏။

"ဆိုလိုတာက မင်း အဲဒီအတွက် စိတ်အနှောင့်အယှက် မဖြစ်ဘူးပေါ့...ဟုတ်လား ရတနာ၊ မင်း အဲဒီအတွက် အဆင်သင့်ဖြစ်နေပြီပေါ့"

ချစ်သူနှင့် အပြီးအပိုင် ခွဲခွာရန် ဘယ်မိန်းမကမျှ အဆင်သင့် ဖြစ်နေခဲ့တာ မောင်ကြားဖူးလို့လဲကွယ်။ ဟင့်အင်း...ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အဲသည်အကြောင်းကို ရေးရေးကလေး တွေးမိလျှင်တောင် နှလုံးသား ဆီက နာကျင်မှုဟာ တစ်ကိုယ်လုံးကို တစ်ခဏချင်း ပြန့်သွားခဲ့ရတာ။

"ဒါဖြင့်လဲ ကိုယ့်ကို တစ်ခုလောက် ကူညီပါလား၊ ကိုယ့်ကို ပုံဝတ္ထုတစ်ခုလောက် ပြောပြပါလား ရတနာ"

"ပုံဝတ္ထု..."

"ဟုတ်တယ်၊ မင်းရေးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပဲဖြစ်ဖြစ်၊ မင်း ဖတ်ဖူးတဲ့ ဝတ္ထုတစ်ပုဒ်ပဲဖြစ်ဖြစ်"

ကျွန်မ သူ့ရင်ခွင်မှ မျက်နှာခွာကာ သူ့မျက်နှာနှင့် ကျွန်မမျက်နှာ ထိလုနီးပါး နီးသွားအောင် တိုးသွားလိုက်သည်။ သူ့မျက်လုံးမှာ အပြစ်ကင်းစင်နူးညံ့သော လူငယ်လေးတစ်ယောက်၏ အရိပ်တွေကို တွေ့ရသည်။ ထိုအရိပ်ကလေးကို ကျွန်မသည်တစ်ခါပဲ မှတ်မှတ်ထင်ထင် မြင်ဖူး၏။ အဲသည်အရိပ်ကလေးကို ကျွန်မ ချစ်လိုက်တာ။

"အိုး...ကလေးရယ်၊ ဒီအချိန်ဟာ ညအိပ်ရာဝင် ပုံပြင်ပြောပြဖို့ စောလွန်းသေးတယ်ကွဲ့"

"ပြောပြစမ်းပါ"

ကျွန်မ သူ့ပါးပြင်ကို ခပ်ဖွဖွ လိမ်ဆွဲလိုက်မိ၏။

"ပြောပြမယ်၊ ညမှ ပြောပြမယ်၊ လရောင်အောက်မှာ စမ်းချောင်းကလေးရဲ့ ဂီတသံနဲ့အတူ မင်းကလေးကို ပုံပြင်ရှည်တစ်ပုဒ် ပြောပြမယ်နော်၊ အခုတော့ ထဦး၊ ချောင်းကိုဖြတ်ပြီး... ဟိုးဘက် ခရမ်းချဉ်စိုက်ခင်းတွေဆီ လမ်းလျှောက်ကြရအောင်"

ကျွန်မအရင် ထထိုင်ကာ သူ့ကို ဆွဲထူလိုက်၏။ သူ့ကိုယ်





ခန္ဓာ ဒီလောက်ကြီးမားတာ ကျွန်မ ဘယ့်နှယ်လုပ်ပြီး ထူနိုင်ပါ့မလဲ၊ သူက ထမှ ကျွန်မ ထူလို့ ရမှာပေါ့။

"ထကွယ်... ပြီးရင် ငါးမျှားချင်သေးတာဆို"

သူ့မျက်နှာ တဖြည်းဖြည်း ပြုံးလာ၏။ ဘုရားသိကြားမလို့ သူ ပြုံးနေတာကိုပဲ ကျွန်မ မြင်တွေ့ပါရစေ။

ကျွန်မ သူ့ကို ပုံဝတ္ထုတွေ မကြာခဏ ပြောပြခဲ့ဖူးပါသည်။ အပြင်လောကမှာ ကျွန်မကြုံတွေ့ရသည့် အဖြစ်အပျက်များ၊ ကျွန်မကြားဖူးသည့် အဖြစ်အပျက်များ၊ ရယ်စရာဟာသများ၊ အများအားဖြင့် သူ ကားမောင်းနေသည့် အချိန်များ ဖြစ်တတ်သည်။

ယခုညမှာတော့ ကျွန်မသည် သူ့အား လူတစ်ယောက် အကြောင်းကို ပုံဝတ္ထုတစ်ပုဒ်အဖြစ် ပြောပြလိုက်သည်။ ကျွန်မ ဘဝမှာ သူ့ကို အရှည်လျားဆုံး ပြောပြသည့် ပုံပြင်တစ်ပုဒ် ဖြစ်သည်။ သူနှင့် ကျွန်မအတွက် နောက်ဆုံး ပုံပြောချိန်တစ်ခုလည်း ဖြစ်ခဲ့ပါလိမ့်မည်။

"ဟောဒီ စမ်းချောင်းကလေးရယ်၊ စိမ်းမှောင်တဲ့ တောအုပ်ကလေးရယ်၊ ကောင်းကင်က ဝိုင်းစက်နေဆဲ လဆုတ် ၂ ရက် လရယ်၊ ဟောဒီ ဖယောင်းတိုင်ကလေးတွေရယ် ဒီဝန်းကျင် ဒီမြင်ကွင်းမှာ ကျွန်မတို့နှစ်ယောက်အတူ ဝေမျှပါဝင်ခွင့် ရနေတဲ့ ဟောဒီ အခိုက်အတန့်လေးဟာ ကျွန်မဘဝအတွက် အစိပ္ပာယ်အရှိဆုံး ညတစ်ည ဖြစ်သွားပြီ၊ ဒီလိုဆင်တူညမျိုးကို ကျွန်မဘဝမှာ ဘယ်တော့မှ ပြန်မရနိုင်မှာလဲ သေချာသွားပြီ၊ ဒါကြောင့် ဒီပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်မယ့် ပုံဝတ္ထုတစ်ခုကို မောင့်ကို ပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးမွှားဒဏ်ကို ကာကွယ်ပေးနိုင်သည့် လိမ်းဆေး ညှစ်ဘူးမှ ဆေးအချို့ ညှစ်ယူပြီး သူ့လက်၊ သူ့လည်ပင်း၊ လည်ကုပ်နှင့် ခြေထောက်များကို ကျွန်မ စိတ်ရှည်လက်ရှည် လိမ်းပေးရင်း ကျွန်မ၏ ပုံဝတ္ထုကို စတင်ပါသည်။

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာငါးဆယ်လောက်က ကဗျာဆရာ ဘဝကို မြတ်နိုးလွန်းလို့ ကဗျာဆရာဘဝနဲ့ ရောင့်ရဲစွာ ရပ်တည်နိုင်ဖို့ လူငယ်တစ်ယောက်ဟာ ရေကန်တစ်ခုဘေးက သစ်တောအစပ်မှာ သစ်လုံးတဲကလေးတစ်ခု ဆောက်ပြီး တစ်ယောက်တည်း သွားနေခဲ့ဖူးတယ်၊ အနီးဆုံး အိမ်နီးချင်းဟာ သူနဲ့ မိုင်ဝက်လောက်ဝေးတယ်၊ လူနေရွာကလေးတစ်ခုနဲ့ ဆိုရင်တော့ နှစ်မိုင်လောက်ဝေးတဲ့ နေရာပေါ့။ သူ့မြေကွက်မှာ သူ့ဟာသူ ထွန်ယက်စိုက်ပျိုးပြီး အသက်ရှင်နေနိုင်ရုံ တင်းတိမ်မယ့် အစားအစာကိုပဲ သူ စားခဲ့ရင်းက အင်မတန် နာမည်ကြီးတဲ့ စာပေအနုပညာတွေ သူ ဖန်တီးနိုင်ခဲ့တယ်။

"...သူ့နာမည်ကတော့ ဟင်နရီသော်ရိုး တဲ့၊ မောင် သူ့စာတွေ ဖတ်ဖူးလား"

လရောင်အောက်မှာ သူ့မျက်တောင်ညိုညိုများသည် မည်းနက်နေမှာန် ရှိသည်။ သူမျက်တောင်တစ်ချက် ခတ်လိုက်ပုံက ကြယ်တစ်ပွင့် လက်သွားသလိုပဲ။

"အင်း...ဟိုတုန်းက ဖတ်ဖူးတယ်၊ ဝေါလ်ဒင်ဆိုတဲ့စာအုပ်"

"ဟုတ်ပြီ၊ ကျွန်မက မောင့်ကို အဲဒီ ဝေါလ်ဒင်ကို သူ ရေးဖြစ်ဖို့ ဖန်တီးပေးတဲ့ နောက်ခံတွန်းအားတွေအကြောင်း ပြောပြမယ်နော်"

ညချမ်းသည် သစ်ရွက် သစ်ခက် လှုပ်ရှားသံ၊ စမ်းရေစီးသံတို့





င့်သာ ဖွဲ့စည်းထားသော နူးညံ့သည့် ဂီတသံနှင့် လိုက်လျော ညီထွေစွာ မှုန်မှုန်ကလေး လင်းနေ၏။ တစ်ချက်တစ်ချက် အဝေးဘာအုပ်ဆီမှ ငှက်မြည်သံသဲ့သဲ့ကို ကြားရသည်။ ညအခါမှာ ဘယ်ာက်ကများ မအိပ်သေးဘဲ လှုပ်ရှားနေမှာပါလိမ့်ဟု စဉ်းစားကြည့်မိဘာ့ ဇီးကွက်လေလားဟု မှန်းဆနိုင်သွား၏။

"သူဟာ လူမှုအဖွဲ့အစည်းကို သည်းမခံနိုင်ဘူး၊ လူတွေထက်ပြီး သဘာဝကို ချစ်တတ်တယ်၊ လူတွေရဲ့ အပေါ်ယံ ရွှေမှုန်ကြဲတတ်မှု၊ စည်းစိမ်အပေါ် ယစ်မူးတိမ်းညွှတ်မှုကို မုန်းတယ်၊ လူတွေတ်မှတ်ထားတဲ့ ထုံးတမ်းစဉ်လာနဲ့ တန်ဖိုးတွေကို သူကိုယ်တိုင်တ်မှတ်ထားတဲ့ တန်ဖိုးတွေလောက် မယုံကြည် မလိုက်နာနိုင်ဘူး၊ တွေဟာ ရိုးစင်းတဲ့ဘဝနဲ့ ဘာဖြစ်လို့ မနေနိုင်ကြတာလဲ၊ လူစ်ယောက်ဟာ ဘဝမှာ မရှိမဖြစ် အလိုအပ်ဆုံးအရာဆိုလို့ နည်းည်းကလေးပဲ ရှိတယ်၊ အဲဒီလိုအပ်မှုတွေကို နည်းနိုင်သမျှ နည်းအောင် ခြိုးခြံချွေတာပြီး လူ့ဘဝရဲ့ဖြစ်တည်ခြင်း အရသာကို အကျိုးပြီ အသိစိတ်ရှိရှိ ခံစားဖို့ သူ လိုချင်တယ်၊ အဲဒီအတွေးဟာ သူ့ကိုတွေနဲ့ ဝေးသည်ထက် ဝေးအောင် တွန်းပို့လိုက်တာပဲ"

မှုန်ဝေသည့် လရောင်အောက်မှာ စမ်းချောင်းကလေးသည်ကျောက်တုံးကျောက်ခဲများကိုဖြတ်တိုက်စီးဆင်းနေဆဲ၊ ဘယ်တော့မအိပ်သည့် စမ်းချောင်းကလေး ဖြစ်လိမ့်မည်။ အဲသည် ရေတွော ဘယ်က လာပြီး ဘယ်ကို စီးဆင်းနေတာပါလိမ့်။

"သူဟာ မက်ဆာချူးဆက်ပြည်နယ် ကွန်းကော့ဒ်မှာ မွေး ကြီးပြင်းခဲ့တယ်၊ ရိုးတယ်၊ ရှက်တတ်တယ်၊ သီးသန့်နေတတ်ယ်၊ အသက် ၂၀ အရွယ်မှာ ဟားဗတ်တက္ကသိုလ်ကနေ ဘွဲ့ရခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီခေတ် အဲဒီအခါက ဟားဗတ်တက္ကသိုလ်ဘွဲ့ဟာ အင်မတန် ရှားပါးတဲ့ ဂုဏ်ထူးတစ်ခုဖြစ်ခဲ့တယ်၊ တက္ကသိုလ်က ဘွဲ့ရ တဲ့ လူတစ်ယောက်ဟာ လူတွေသတ်မှတ်ထားတဲ့ အဆင့်အတန်း မြင့်မြင့် ဘဝတစ်ခုကို အာမခံချက် တကယ်ပေးနိုင်ခဲ့တာ၊ ဒါပေမဲ့ သော်ရိုးဟာ လူတွေထင်ထားတဲ့ဘဝမျိုးကို မယူခဲ့ဘူး၊ ဘွဲ့ရအဖြစ် သူ့အတွက် ရွေးချယ်စရာက သုံးမျိုး ရှိတယ်၊ တစ်ခုက အုပ်ချုပ်ရေး ပိုင်းမှာ အလုပ်ဝင်ဖို့၊ အဲဒါက ငွေအရဆုံး ဂုဏ်သရေအရှိဆုံးလို့ လူ တွေ သတ်မှတ်ထားတဲ့ဘဝပေါ့၊ နောက်တစ်ခုက ကျောင်းဆရာ လုပ်ဖို့၊ နောက်တစ်ခုက စီးပွားရေးပညာရှင် ကုန်သည်အလုပ်ကို လုပ်ဖို့၊ အဲဒီမှာ ကုန်သည်ဆိုတာက သူ ဘယ်တုန်းကမှ စိတ်မဝင် စားခဲ့တဲ့ အကြောင်းအရာ၊ အုပ်ချုပ်ရေးပိုင်းမှာ လုပ်ဖို့ ဆိုတာက ဥပဒေတွေ၊ ထုံးတမ်းတွေ၊ နိုင်ငံရေးတွေ၊ ဘုရားကျောင်းအဖွဲ့အစည်း တွေကို သူ မယုံကြည်ခဲ့ဘူး၊ ဒီတော့ ရွေးစရာတစ်ခုပဲ ရှိတယ်။ အဲဒီ တစ်ခုကိုပဲ သူ ရွေးခဲ့ရတယ်၊ ကျောင်းဆရာအဖြစ် အလုပ်ဝင်လုပ်ခဲ့ ရတယ်"

ကျွန်မ တစ်ချက် ရယ်လိုက်မိ၏။

"ဒါပေမဲ့ တစ်လတောင် မပြည့်သေးဘူး၊ အလုပ်ကနေ နုတ် ထွက်စာ တင်လိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျောင်းသား တွေကို ကြိမ်လုံးနဲ့ ရိုက်ဆုံးမတဲ့ ဓလေ့ထုံးတမ်းကို သူ ဆန့်ကျင် လို့၊ ကျောင်း ကော်မတီတစ်ခုလုံးက ကြိမ်ရိုက်တာကို အားပေး တယ်၊ သူက ဆန့်ကျင်တယ်။ သူ အဲဒီကနေ အလုပ်ထွက်ပြီး နောက် ကျောင်းတစ်ခု ပြောင်းတယ်၊ အဲဒီမှာလဲ သူ မနှစ်သိမ့် မကျေနပ်နိုင် ဘူး"





သူ နေရာရွေ့ဖို့ ကြိုးစားသည့်အခါ ကျွန်မက နည်းနည်း ဆုတ် ပေးလိုက်ယ်ပေးတော့ သူက ကျွန်မကို လှမ်းဆွဲထား၏။ ထို့နောက် ကျောက် တုံးကြီးအား မှီထိုင်နေသော ကျွန်မ၏ရင်ခွင်ထဲသို့ ခေါင်းတိုးဝင် ရန် ကြိုးစားသည်။

"ကိုယ် ဒီမှာ ခေါင်းအုံးမယ်နော်"

ကျွန်မ သူ့ဦးခေါင်းကို အလိုက်သင့် ပွေ့ယူလိုက်ပါသည်။

ကျွန်မ သူ့နဖူးပေါ်မှာ ဝဲကျနေသော ဆံပင်လိမ်လိမ်ဖွာဖွာ လေးတွေကို ဘေးသို့ သပ်ဖယ်ပေးလိုက်၏။

"နောက်တော့ သူ စာရေးတော့တာပဲပေါ့၊ သူ ပထမဆုံး ရေး တဲ့ စာက ၇၅ ဆင့်ပဲ ရတယ်၊ အဲဒီကာလတွေမှာ သူ အလုပ်မျိုးစုံ လုပ်ခဲ့ရတယ်၊ စာရေးဆရာ အီမာဆန်ရဲ့အိမ်မှာ ဧည့်သည်အဖြစ် နေရင်း တောက်တိုမည်ရနဲ့ ဥယျာဉ်အလုပ်သမားဘဝ၊ အီမာဆန် ရဲ့ တူကလေးကို စာသင်ပေးဖို့ နယူးယောက် စတေတန်ကျွန်းမှာ သွားနေခဲ့ရတဲ့ဘဝ၊ စာစောင်တွေမှာ အယ်ဒီတာ လုပ်ရတဲ့ဘဝ... စာသင်ကြားပို့ချတဲ့အလုပ် စသဖြင့် အများကြီးပါပဲ။ ဘယ်အလုပ် ပဲဖြစ်ဖြစ် ဒါ သူ့ဘဝ မဟုတ်ဘူးလို့ သူ ထင်ခဲ့တယ်"

ကျွန်မ စမ်းသပ်မိသော သူ့နဖူးပြင်မှာ ချွေးစို့ကာ အေးစက် နေ၏။ သို့သော် သူ့ဆံပင်၏ ကြမ်းရှသော အတွေ့သည် ကျွန်မ လက်ဖဝါးအား နွေးထွေးစွာ သာယာစေပါသည်။

"လူ တစ်ယောက်ဟာ ဘဝမှာ အချစ်နဲ့ ပတ်သက်လို့ ကံ ကောင်းခဲ့ဘူးလို့ ညည်းညူချင်ရင် သော်ရိုးကို နည်းနည်း ပြန်ငဲ့ ကြည့်ဖို့ ကောင်းတာပေါ့၊ သော်ရိုးဟာ ဘဝမှာ အချစ်ကို နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်တိုင် ရှာဖွေတွေ့ခဲ့ပြီး နှစ်ကြိမ်လုံးမှာ သူ လိုချင်တဲ့ အချစ်မျိုး
မရခဲ့ဘူး။

"...ပထမအချစ်က သူ ဘွဲ့ရပြီးနောက် မကြာခင်မှာ တွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက်၊ အဲဒီမိန်းကလေးကို သူ အမြတ်တနိုး ချစ်ခဲ့တယ်၊ မျှော်လင့်တကြီး ချစ်ခွင့်ပန်ခဲ့တယ်၊ သူ လက်ခံရခဲ့တာ က မိန်းကလေးရဲ့ ငြင်းပယ်မှုပဲ၊ ဒုတိယအကြိမ်ကတော့ သူ့ထက် အသက်ကြီးပြီး မလွတ်လပ်တဲ့ မိန်းမတစ်ယောက်ပေါ့၊ အီမာဆန် ရဲ့ အိမ်မှာ သွားနေရာကနေ အီမာဆန့်မိန်းမအပေါ် သူ တိတ်တခိုး တွယ်တာခဲ့တာ၊ သူ လိုချင်တဲ့အချစ်က လက်ထပ်ခြင်းထိ ခေါ်သွား နိုင်တဲ့ အချစ်မျိုး၊ ဒါပေမဲ့ တိတ်တခိုးအချစ်ကလေးကိုတောင် အတုံ့ ပြန် မခံခဲ့ရဘူး၊ ဒီကြားထဲမှာ သူအင်မတန် ချစ်တဲ့ သူ့အစ်ကို ဆေး ဆုံးသွားခဲ့တယ်၊ အဲဒီနောက်တော့ ဝေါလ်ဒင်ဆိုတဲ့ ရေကန်ဘေး တောအုပ်အစပ်မှာ သူ တဲကလေးထိုးပြီး လူတစ်ယောက်ရဲ့ဘဝ အပ်ချက်တွေ နည်းနိုင်သမျှ အနည်းဆုံးနဲ့ သူ့ဘဝကို နှစ်သိမ့်ရေး ရဲပြီး စာရေးဆရာဘဝကို အပီအပြင် ရယူဖို့ ကြိုးစားခဲ့တယ်"

ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်နေသော ကလေး တစ် ယောက်၏ ငြိမ်သက်ခြင်းမျိုးဖြင့် သူ ဘာကိုမျှ မထောက်၊ မမေး နားထောင်သူသက်သက်အဖြစ် ကျေနပ်နှစ်သိမ့်နေပုံ ရပါသည် တစ်ခုတော့ ရှိသည်။ သူ့ခေါင်းက ကျွန်မကို လေးလံစွာ နာကျ စေမှာ စိုးရိမ်သလား မသိ၊ သူ့ကိုယ်ခန္ဓာသည် ဖျော့သင့်သလော ဖျော့ချမထားဘဲ အနည်းငယ် သတိထားနေသလိုပဲ။

"မောင်...စိတ်ချလက်ချ မှီအိပ်လိုက်လေ၊ ခြေကျင်လာ မောင့်ကို အသိပေးမှာပေါ့...နော်၊ ကိုယ့်ကို ဆန့်ထုတ်လိုက်၊ ပြ





တော့ သက်သက်သာသာ ဖျော့ချလိုက်၊ မောင့်ကိုယ်ခန္ဓာတစ်ခုလုံး မှာ အာရုံဟာ တစ်ခုတည်းပဲ ရှိပစေ၊ အဲဒီအာရုံဟာလဲ ကျွန်မအသံ ပဲ ဖြစ်ပစေ...ဟုတ်ပြီနော်"

သူ ရယ်မောလိုက်သည့်အခါ ကျွန်မ ဘယောက်စ် အင်္ကျီစ ကလေးက အသာအယာ လှုပ်ခတ်သွားသည်။ သူ ဘာမှ မပြောပါ။ သူ့မျက်စိကို မှိတ်ပစ်လိုက်၏။ အနေအထားကို သက်သက်သာ သာ ဖြစ်အောင် ပြင်ပစ်လိုက်၏။ ထို့နောက် ကျွန်မ၏ ဘလောက်စ် အင်္ကျီလက်အနားကို သူ့လက်ဖြင့် အသာပင့်ဖယ်ကာ ကျွန်မ လက် ဖျန်ကို ခပ်ဖွဖွ ထိတို့ပွတ်သပ်နေသည်။

"ကျွန်မတို့အားလုံးဟာ ဘဝမှာ တကယ်လိုအပ်တာထက် အများကြီး ယူဖို့ လောဘကြီးခဲ့ကြတယ်၊ အဲဒီလောဘက ကျွန်မတို့ ကို ပြန်ပြီး ချုပ်နှောင်ထားလို့ပဲ၊ ကျွန်မတို့အားလုံးဟာ မလွတ်လပ် သူတွေ ဖြစ်ခဲ့ကြတယ်၊ ခိမ်ခံပစ္စည်းတွေ တစ်ခုပြီးတစ်ခု လောဘ တကြီး စုဆောင်းလာပြီးတဲ့အခါမှာ လူဟာ လုပ်သင့်လုပ်ထိုက်တာ ကို မလုပ်ဖြစ်တော့ဘဲ အပိုအလုပ်တွေကိုပဲ လုပ်ဖြစ်နေတော့တယ်၊ လူ့ဘဝ အနှစ်သာရကို လူများစု မြင်တာက တစ်မျိုး၊ သော်ရိုး မြင် တာက တစ်မျိုး။

"...ဝေါလ်ဒင် ရေကန်နားမှာ သူ ဆောက်ခဲ့တဲ့ တဲကလေး ဟာ လူတစ်ယောက်ဘဝမှာ အဓိက အလိုအပ်ဆုံး အရာတွေပဲ ရှိနေ တဲ့ ငြိမ်းချမ်းတဲ့ နေရာလေး တစ်ခုပဲ၊ သူ့အိမ်မှာ ခြံစည်းရိုး မရှိဘူး၊ သူ့ပြတင်းမှာ လိုက်ကာ မရှိဘူး၊ အခန်းအပို မရှိဘူး၊ အိပ်ခန်းရော စာဖတ်ခန်းရော၊ ထမင်းစားခန်းရော...ဒါပဲ။ နွားတွေ ကျွဲတွေကို ပိုင်ဆိုင်ဖို့အထိ သူ့စိတ်ကို လောဘနဲ့ အပွန်းမခံနိုင်လို့ သူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် သူ့လယ်ကို ထွန်ယက်စိုက်ပျိုးခဲ့တယ်၊ ဈေးအပေါဆုံး အကုန်အကျ အသက်သာဆုံး အစားအစာတွေကို ပြင်ဆင်စားသောက်ခဲ့တယ်၊ သူ့အမြင်အရတော့ အစားအစာဆိုတာ လူ့အသက်ရှင်ဖို့ လိုအပ်တဲ့ လောင်စာတစ်ခုသာဖြစ်တယ်တဲ့၊ ကိုယ်ခန္ဓာတွင်းမှာ အနွေးဓာတ် ရစေဖို့ လိုအပ်တဲ့ လောင်စာကို ဖြည့်ဆည်းနိုင်ရင် တော်ပြီပေါ့တဲ့၊ ဘယ်လောက်ရောင့်ရဲလိုက်တဲ့ဘဝလဲ...နော်။

"...သူ ကိုယ်တိုင်လုပ်တဲ့ ပေါင်မုန့်နဲ့ သူကိုယ်တိုင် စိုက်ပျိုးတဲ့ ကောက်ပဲသီးနှံနဲ့ သူ့အသက်ကို ဆက်ရင်း ကဗျာဆရာဘဝကို ရအောင် ယူခဲ့တာ၊ သူ တာဝန်မယူနိုင်တာ တစ်ခုကို သူ ဘယ်တော့မှ ဘယ်သူ့ကိုမှ ကတိမပေးခဲ့ဘူး၊ သူ ဖြစ်နိုင်တယ် ထင်တာကိုပဲ သူ ရွေးချယ်ခဲ့တာ ဖြစ်ရအောင် လုပ်ခဲ့တာ၊ အဝတ်အစားနဲ့ ပတ်သက်လို့လဲ ဒီအတိုင်းပဲ၊ အဝတ်ကိုကြည့်ပြီး အဆင့်အတန်းကို ဆုံးဖြတ်တဲ့ စိတ် သူ့မှာ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ လူ့လောကမှာ အဝတ်အစား ပြင်ဆင်မှု လိုအပ်တာထက် ပိုနေတာကိုလဲ သူ မကျေလည်ဘူး။

"...လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲဆိုတာ သူ့ဟာသူ ရှာဖွေရင်း တွေ့လာတဲ့အရာကို သူများတွေကို မျှဝေခံစားသွားတာပါပဲ"

လ သည် တဖြည်းဖြည်း မြင့်တက်လာကာ ကျွန်မတို့၏ အထက် တည့်တည့် ကောင်းကင်သို့ ရောက်လာ၏။ လရောင်အောက်က သူ့မျက်နှာသည် ကျွန်မ မြင်ဖူးသမျှ သူ့မျက်နှာများတွင် ချစ်ခင်ကြင်နာစရာ အကောင်းဆုံး၊ ထို့အပြင် အိပ်မက် အဆန်ဆုံး ဖြစ်သည်။ ထိုမျက်နှာတွင် ကျွန်မ စိတ်ကူးယဉ်မိသော အချစ် ဆိုသော အရာကို တွေ့ရသည်။ အနိုင်ယူမှု၊ မက်မောမှု၊ အလိုရမ္မက်





နှင့် ခက်ထန်မှုတို့မှ ကင်းဝေးစွာ နူးညံ့ငြိမ်းချမ်းသည့် အရိပ်ကို တွေ့ရသည်။ ကလေးငယ်တစ်ယောက်၏ အေးချမ်းရောင့်ရဲမှုကို တွေ့ရသည်။ အဲသည်မျက်နှာကို ကျွန်မ မှတ်မိအောင် အလွတ်ကျက်သလို ရူးရူးစိုက်စိုက် ကြည့်နေမိ၏။

နောက်တစ်လ ကြာတဲ့အခါ အဲသည်မျက်နှာကို ကျွန်မ တစ်ဘဝလုံး မမြင်တွေ့ရတော့ဘူး။ ရင်ထဲမှာ ရူးရူးနစ်နစ် နာကျင်သွားသော ဒဏ်ရာကြောင့် ကျွန်မတစ်ကိုယ်လုံး တုန်ရီလာသည်။ မတွေးနဲ့...အဲဒီအကြောင်းကို မတွေးပါနဲ့။

"နှစ်နှစ်ကျော်ကျော် အဲဒီမှာ နေလာပြီးတဲ့နောက်တော့ သူဟာ ဘဝကို သိသွားပြီ၊ ဘဝကို သတ္တိနဲ့ ရင်ဆိုင်ရဲသွားပြီ၊ ဘဝကို ဘယ်လို နိုင်ရမလဲလို့ သိသွားပြီ၊ သူ အဲဒီ ဝေါလ်ဒင် တဲကလေးကနေ ထွက်ခွာခဲ့တော့တယ်။ သူ ကဗျာဆရာအဖြစ် အသက်ရှင် နေနိုင်ခဲ့ပြီကိုး။

"အဲဒီနောက်တော့ သူ့လက်ရာတွေမှာ ခွန်အားအပြည့် သိမ်းသွင်းမှု အပြည့် ပါလာတော့တာပဲ၊ Civil Disobedience ဆိုတဲ့ Essay ဟာ အင်မတန် အားပြင်းလွန်းလို့ သူ အချုပ်ထဲမှာ တစ်ညသွားနေရတဲ့အထိပဲ။ သူဟာ မှားယွင်းနေတဲ့ ထုံးတမ်းစဉ်လာနဲ့ အဖွဲ့အစည်းတွေကို အဲဒီအက်ဆေးနဲ့ တော်လှန်တိုက်ခိုက်ခဲ့တာလို့ ပြောနိုင်တာပေါ့"

သူ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ ထို့နောက် ရုတ်ခနဲ မျက်လုံးဖွင့်ကာ ကျွန်မကို မော့ကြည့်လိုက်သည်။ သူ ကြည့်ပုံက တစ်ခုခုကို အထိတ်တလန့် ရှာဖွေသည့် အကြည့်မျိုး၊ တစ်ခုခုကို သွေးရူးသွေးတမ်း လှေလာသည့် အကြည့်မျိုး။ သူသည် ကျွန်မ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဆီသို့ လက်ဖြင့် စမ်းသပ်ထိတွေ့လိုက်သေး၏။ ထို့နောက် အနည်းငယ်ပြုံးကာ ခေါင်းကို တစ်ဖက်လှည့်စောင်းပြီး မျက်လုံး ပြန်မှိတ်သွားပြန်သည်။

"ဘာကြည့်တာလဲ မောင်"

သူ တစ်ချက် ရယ်ပြန်သည်။

"သြော်...ကိုယ့်အာရုံထဲမှာ ရှိနေတဲ့ မင်းမျက်နှာနဲ့ အခု မင်း မျက်နှာနဲ့ တူမှ တူရဲ့လားလို့ပါ"

"အို..."

ဒါဖြင့် ကျွန်မတို့နှစ်ယောက်ဟာ တစ်ချိန်တည်းမှာ တစ် ယောက် မျက်နှာကို တစ်ယောက် သံသယတွေ စိတ်ဇောမှုတွေနဲ့ ပုံဖော်ကြည့်နေကြတာပေါ့။

"အဲဒီတော့ ဘာတွေ့လဲ မောင်၊ အတူတူပဲလား"

"နိုး...မတူဘူး"

"ဘယ်လို ကွာခြားလို့လဲဟင်"

သူ မဖြေပါ။

"ဆက်ပြောပါဦး ရတနာ၊ သူဟာ ဘဝမှာ လိုချင်တဲ့ အချစ်ကို ထပ်တွေ့ရဲ့လား"

"မတွေ့တော့ဘူးလေ၊ အချစ်အစား သူဟာ အမှန်တရား တစ်ခုပြီးတစ်ခုသာ ရှာတွေ့ခဲ့တယ်၊ အပီပြင် အထင်ရှားဆုံးကတော့ ကျွန်စနစ် ဆန့်ကျင်တဲ့ စိတ်ပဲ။ သူဟာ အဲဒီ လူမည်းကျွန်စနစ် ဆန့် ကျင်ရေးအတွက် ဟောပြောပို့ချမှုတွေ လုပ်ခဲ့တယ်၊ စာတွေ ရေး တယ်၊ ကဗျာတွေ ရေးတယ်၊ ဒါပေမဲ့ သော်ရိုးဟာ လူ တော်တော် များများရဲ့ လျစ်လျူရှုမှုကိုပဲ ရခဲ့တယ်၊ သူ ရေးတဲ့ စာကြောင်းတစ်





ရှိတယ်၊ ကြီးမြတ်တဲ့ ကဗျာဆရာတွေရဲ့ လက်ရာတွေကို အခုထိ လူသား တော်တော်များများ မဖတ်ဖူးကြသေးဘူးတဲ့၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီလက်ရာတွေကို ဖတ်နိုင်တဲ့သူတွေဟာ ကြီးမြတ်တဲ့ ကဗျာဆရာတွေပဲ ဖြစ်နေလို့တဲ့၊ အဲဒီစကားဟာ သူ မကြာမီ ကြုံ တွေ့ရမယ့် လျစ်လျူရှုခံရမှုကို ကြိုတင်နိမိတ်ဖတ်လိုက်သလိုပဲနော် မောင်"

သူ ကျွန်မမျက်နှာရှိရာသို့ ခေါင်းလှည့်စောင်းလာ၏။

"ကိုယ်ထင်တာတော့ လျစ်လျူရှုခံရပြီးတဲ့နောက်မှာမှ အဲဒီ စကားမျိုး ပြောဖို့ ခံစားလာရတာဖြစ်မယ်ထင်တယ် ရတနာ၊ အဲဒါ ဘယ်ထဲမှာ ပြောတဲ့ စကားလဲ၊ ဘယ်စာအုပ်ထဲမှာလဲ"

"မမှတ်မိဘူး၊ ဝေါလ်ဒင်ထဲမှာလား မသိဘူး"

"ဖြစ်နိုင်တာပေါ့၊ ဝေါလ်ဒင်ကို သူ ရေးတဲ့အချိန်မှာ သူ့စာ တွေ တော်တော်များများ ရေးပြီးပြီ၊ လူကြိုက်မများတာလဲ သူ သိ ပြီးပြီ မဟုတ်လား"

"အင်း...ဟုတ်မယ်နော်"

ထို့နောက် ကျွန်မတို့နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက် သွားကြသည်။ သူက ဘာအတွေးတွေဖြင့် ငြိမ်သက်သွားတာလဲ ကျွန်မ မသိနိုင်။ ကျွန်မကတော့ ကျွန်မနှင့် သူ၏ ခွဲခွာခါနီး နောက် ဆုံးနေ့ရက်များကို ကျွန်မ ဘယ်လိုရင်ဆိုင် ဖြတ်ကျော်နိုင်ပါ့မလဲ ဟု ကြိုတင်တွေးပူနေမိခြင်း ဖြစ်သည်။ လေယာဉ်ကွင်းကို လိုက်ပို့ ဖို့များ သူ ဆန္ဒရှိလျှင် ကျွန်မ ဘယ်လိုအကြောင်းပြချက်ဖြင့် ငြင်း ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် သူ တစ်ယောက်ယောက်နဲ့ အိမ်ထောင်မပြုခဲ့နိုင်ဘူး ပေါ့၊ ဟုတ်လား”

သူ့ဆံပင်ကို ဖွသပ်နေသော ကျွန်မ၏လက်ခုံကို သူ့ လက်ဖျားဖြင့် လိုက်ထိနေရင်း သူမေးခဲ့သည်။

“သူ ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်ခဲ့ဘူး၊ ဘယ်သူနဲ့မှလဲ အိမ်ထောင် မပြုခဲ့ဘူး၊ သူ့အသက် ၄၄ နှစ်မှာ အဆုတ်တီဘီရောဂါနဲ့ သူ သေဆုံးသွားခဲ့တယ်”

“ဟုတ်လား၊ တော်တော်ငယ်သေးတာပဲနော်”

“ဂျက်ဆန်ပေါ့လော့(က်) လဲ ၄၄ နှစ်ပဲနော် မောင်”

“အင်း”

သူ လေးလေးပင်ပင် သက်ပြင်းရှိုက်လိုက်ပြန်၏။ ထို့နောက် ရုတ်ခနဲ ထထိုင်လိုက်ပါသည်။ ကျွန်မမျက်လုံးတွေထဲသို့ စူးစူးစိုက်စိုက် ငေးကြည့်နေပြီးနောက် ကျွန်မပခုံးကို တင်းတင်း ပွေ့ဖက်လိုက်သည်။ ထို့နောက် ကျွန်မ၏ မျက်နှာကို သူ့ရင်ခွင်နှင့် ထိအပ်စေပြီး ခပ်တိုးတိုး စကားပြောသည့်အခါ သူ့အသံသည် အနည်းငယ် ခြောက်သွေ့နေသလို ကျွန်မ ခံစားရ၏။

“မင်း ဘာခံစားရလဲ ရတနာ၊ အခု မင်းဘာခံစားရလဲ”

“မောင့်နှလုံးခုန်သံ”

“ပြီးတော့ရော”

“ပြီးတော့...”

ကျွန်မ ဘာဖြေရမှန်း မသိပါ။

“အပူကို မခံစားရဘူးလားဟင်၊ ကိုယ့်ရင်ထဲမှာ ပူနေတယ်






လေ၊ ဘုရားရေ...ကိုယ် မင်းကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး လား၊ အဲဒါ တကယ်ပဲလား”

သူ၏ တိုးတိုးရေရွတ်သံ အဆုံးတွင် ကျွန်မ၏ မျက်ရည် တစ်စက် သူ့ရင်ခွင်ထဲသို့ ကျသွားပါသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



Now a Turning Orb (1987- 90);
Richard Pousette-Dart, Estate of the artist

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုယ် ကျွန်မ နေ့ပေါင်း ညပေါင်းများစွာ ဖန်တီးခဲ့နေရပြီးသော ရေးဆွဲလက်စ ပန်းချီကားတစ်ချပ်အဖြစ် ရုတ်တရက် အသိဝင်လာသည့်အချိန်တွင် အစစအရာရာသည် တော်တော်နောက်ကျသွားခဲ့ပြီ။ ပန်းချီကားသည်ပင်လျှင် ပြီးလုဆဲဆဲ အခြေအနေသို့ ရောက်နေခဲ့ပြီ။

ယခုအချိန်ကျမှတော့ ကျွန်မအနေဖြင့် ဗလာသက်သက် ဖြူဖွေးသော ကင်းဗတ်စ်စ တစ်ခုအဖြစ် ပြန်ပြောင်းချင်၍ မရတော့ပါ။

ကျွန်မသည် ပန်းချီကားတစ်ချပ်ဘဝသို့ ရောက်ခဲ့ပြီ။

# အနက်ရောင် ဖြုပ်မဲ့ည

ပြန်ရမည့် ရက် နီးလာပြီ။

ကျွန်မမှာ မပြီးပြတ်သေးသော ဆောင်ရွက်စရာ ကိစ္စတွေ များကြီး ကျန်သေးသည်။ ဘယ်တော့မျှ မပြီးနိုင်သလို ထင်ရည့် စာအုပ်စာတမ်း ရှာဖွေဝယ်ယူခြင်းအမှုကိစ္စတွေကို ထားဦး၊ စ်ဖွဲ့ပြီးတစ်ဖွဲ့ ဝမ်းနည်းနာကျင်စွာ နှုတ်ဆက်ရသည့် နှုတ်ဆက် စာစားပွဲတွေကို ထားဦး၊ ကျွန်မ၏မှတ်စုအတွက် လိုအပ်သော ချက်အလက်တွေကို ဖြည့်ဆည်းဖို့ အများကြီး ကျန်နေသေးသည်။

ဤသောကြာနေ့သည် ကျွန်မ၏ မှတ်စုထဲမှ 'အိမ်ခြေမဲ့ လူန်းစားများ' အခန်းကဏ္ဍအတွက် သီးသန့်ပေးထားသောနေ့ ဖြစ်ည်။ ဤသောကြာနေ့အတွက် နှစ်ပတ်တိတိ ကြိုတင်ပြီး ရက်း ယူထားရသည်။ ကျွန်မကို လိုက်ပို့ပေးမည့် ဦးဘနီ အားလပ်ဖို့၊ န်မနှင့် တွေ့ရမည့် 'အိမ်ခြေမဲ့များအတွက် နားခိုစရာအဆောင်' အုပ်ချုပ်ရေးပိုင်း တာဝန်ခံ အမျိုးသမီး အားလပ်ဖို့၊ နောက်ဆုံး ာ့ သောကြာနေ့ နံနက် ၁၀ နာရီတွင် ကျွန်မ တွေ့ခွင့်ရခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခန့်မှန်းကြည့်ရသလောက်တော့ ဟိုမှာစကားပြော ချိန် နှစ်နာရီအလွန်ဆုံး ကြာမည်။ ၁၂ နာရီမှာ ကျွန်မတို့ပြန်ထွက် နိုင်သည်။ အမြန်လမ်းမ ကားရှင်းလျှင် မြို့ထဲမှ ကျွန်မအိမ်သို့အပြန် ခရီးသည် မိနစ် ၄၀ လောက် ကြာမည်။ အိမ်သို့ နေ့လယ် ၁ နာရီ အလွန်ဆုံးထား၍ ပြန်ရောက်မည်ဟု တွက်မိပါသည်။

ထို့ကြောင့် သူ့အတွက် ပေးထားသည့် ကြာသပတေးနေ့ ညနေခင်းမှာ မတတ်သာလွန်းလို့ နှုတ်ဆက်ညစာစားပွဲတစ်ခု ပြု လုပ်လိုက်ရသည်ကို အစားပြန်လျော်ရန် သောကြာနေ့ နေ့လယ် ခင်း သူနှင့်တွေ့ဖို့ ကျွန်မစီစဉ်ခဲ့ခြင်းဖြစ်သည်။

ကြာသပတေးနေ့ ညနေခင်း ညစာစားပွဲကိုလည်း သူ့အား ကျွန်မ ဖိတ်ကြည့်ခဲ့ပါသေးသည်။

"ဘယ်သူတွေ ပါမှာလဲ၊ ကိုယ် သိတဲ့လူ ပါသလား"ဟု သူ မေး၏။

သူ သိမည့်သူဟူ၍ ကျွန်မတို့ ဂန္ထမာသုတေသီများ အဆောင်မှ အဆောင်မှူးအမျိုးသမီးပဲ ပါသည်။ ကျန်သည့်လူတွေကိုသူ မသိ ပေ။

"ဒါပေမဲ့ မောင် သူတို့ကို မြင်ဖူးနေမှာပါ၊ ကျွန်မတို့ မိုးသောက် ပန်း စံအိမ်က ဒါရိုက်တာလင်မယားရယ်၊ ကျွန်မရဲ့ စာတမ်းကို ဖတ် ပေးခဲ့တဲ့ ဂျပန်မလေးနဲ့ သူ့ယောက်ျား ဓာတ်ညွှန်းရေးဆရာရယ်၊ ကျွန်မကို အင်တာဗျူး မေးပေးတဲ့ ဝေဖန်ရေးဆရာ လင်မယားရယ်"

"နိုး နိုး...လုံလောက်ပြီ၊ ကိုယ် မလိုက်တော့ဘူး"

သူ မလိုက်ချင်မှန်း သိ၍ ကျွန်မ ဇွတ်မခေါ်ပါ။ သို့သော် နောက်တစ်နေ့မှာ သူနှင့်ကျွန်မ အပြင်ထွက်ပြီး တစ်ခုခုစားရအောင်





ဟု ကျွန်မ လိုက်လျောလိုက်သည်။ ကျွန်မပြန်ခါနီးမို့လားမသိ၊ သူ အလွယ်တကူပင် လက်ခံသဘောတူပါသည်။

အချိန်နာရီကို ကျွန်မအား သတ်မှတ်ခိုင်း၏။

ကျွန်မ မှားယွင်းသွားခဲ့သည်မှာ မြို့ထဲမှ ကျွန်မအဆောင်သို့ အပြန် ကားလမ်းမ ကျပ်ခဲနေခဲ့သော် ဟူသည့် အချက်ကို ထည့် မတွက်ခဲ့မိခြင်းဖြစ်၏။

၁ နာရီပြန်ရောက်မှာပဲဟု ၁ နာရီမှာ တွေ့ရန် ချိန်းလိုက်မိ ပါသည်။

ထိုအခါ သူက ရုတ်တရက် စိတ်ကူးတစ်ခု ရသွားခဲ့၏။

"ဒါဆို ဒီလိုလုပ်၊ ဒီတစ်ပတ် မြို့တော်ပြတိုက်မှာ ပေါလ်ကလီး ရဲ့ လက်ရာတွေ တစ်စုတည်း ပြနေတဲ့ အခမ်းအနားရှိတယ်၊ ကိုယ် တို့ ပြတိုက် စားသောက်ဆိုင်မှာ သွားစားရင်း အဲဒီပြပွဲကို ကြည့် မလား"

"အိုး...သိပ်ကောင်းတဲ့ စိတ်ကူးပဲ၊ သွားကြရအောင်နော်"

"သောကြာနေ့ကို ကိုယ် ရုံးတစ်မနက် သွားတက်လိုက်မယ်၊ တစ်နာရီမှာ မင်းဆီကို ကိုယ်ဝင်ခေါ်မယ်၊ မင်းအဆောင်ကနေ မြို့ ထဲကို တိုက်ရိုက်သွားကြရအောင်"

ချိန်းဆိုမှု နှစ်ခုသည် တစ်ခုပြီး တစ်ခု ပြေပြေကလေး ဖြစ် မြောက် အောင်မြင်သွားလိမ့်မည်ဟု ကျွန်မ ထင်ခဲ့မိ၏။ သို့သော် အရာရာသည် ခန့်မှန်းသည့်အတိုင်း ရိုးစင်းစွာဖြစ်ပေါ်မလာခဲ့ပါ။

၁၃ မိနစ်...ဟူသောအချိန်သည် လူနှစ်ယောက်၏ ဘဝကို ကမောက်ကမ ဖြစ်အောင် ပြုပြင်ဖန်တီးလိုက်ဖို့ လုံလောက်သော အချိန် ဖြစ်ခဲ့သလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက်တော့ ၁၃ မိနစ်သည် အချိန်မရွေး ထပေါက်ကွဲနိုင်သော မီးတောင်တစ်ခု၏ ထိပ်သို့ လှမ်းမှန်းမသိ လှမ်းသွားမိသော လှေကားထစ် ၁၃ ခု ဖြစ်သည်။

အုပ်ချုပ်ရေးမှူး အမျိုးသမီးနှင့် စကားပြောချိန်၊ ဆွေးနွေးချိန်နှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ချိန်သည် စုစုပေါင်း နှစ်နာရီပင် မပြည့်တတ်ပေ။ ၁၂ နာရီမထိုးမီမှာပင် အားလုံးပြီးစီးသွား၏။

"မင်း စည့်သည်နဲ့ ချိန်းထားတာ ၁ နာရီ...ဟုတ်လား"

"ဟုတ်ကဲ့"

"တို့ အချိန်နည်းနည်း ရသေးတယ်၊ မင်း မြို့ထဲ လမ်းတွေပေါ်မှာ အဲဒီလူတွေကို မြင်ချင်သလား၊ ဓာတ်ပုံရိုက်ယူချင်သလား"

ဦးဘနီက စေတနာ အပြည့်အဝဖြင့် ရက်ရောစွာ ကူညီဖို့ စကားစခြင်း ဖြစ်သည် မဟုတ်လား။ အချိန်လည်း လိုသေးသည်ဆိုတော့ သူ့ဖိတ်ခေါ်မှုကို ကျွန်မဝမ်းမြောက်ဝမ်းသာစွာ လက်ခံလိုက်မိပါသည်။

Shopping Cart ဟု ခေါ်သော ဈေးဝယ်လက်တွန်းလှည်းပေါ်မှာ မိမိပိုင်ဆိုင်သမျှ အဝတ်၊ စက္ကူဘူး၊ စက္ကူအိတ်၊ အသုံးအဆောင် ပစ္စည်းတွေ စုပြုံထည့်တွန်းပြီး လမ်းတကာ လျှောက်သွားနေတတ်သော အိမ်ခြေမဲ့ ခြေသလုံးအိမ်တိုင် လူတွေကို ဦးဘနီက လိုက်ပြပေးသည်။ သူတို့အနီးသို့ ကပ်သွားမိသည့်အခါ သူတို့ကိုယ်က အောက်သိုးသိုးအနံ့၊ ညှီစို့စို့အနံ့၊ သေးနံ့တို့ကို ရလိုက်သည်။ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်၊ မျက်နှာနှင့်လက်မှာ ကြေးညှော်တွေနှင့် သို့သော် ပတ်ဝန်းကျင်မှ လူတွေကို အနည်းငယ်မျှ ဂရုမစိုက်မိသော





ဟန်အမူအရာများဖြင့် လက်တွန်းလှည်းကို ဂရုတစိုက် တွန်းနေကြလေသည်။ တချို့လူတွေကို ဦးဘနီက ငွေအနည်းငယ်ပေးရင်း စကားပြောကြည့်လိုက်သေး၏။ ဓာတ်ပုံရိုက်ယူလို့ ရမလားဟု မေးသေး၏။ တချို့က အရိုက်မခံ၊ တချို့က ဓာတ်ပုံရိုက်ရန် သဘောတူကြသည်။

နိဂုံးချုပ်လိုက်တော့ ကျွန်မ ထင်ထားသည်ထက် ပို၍ ပြည့်စုံသော မှတ်တမ်းတင်ဓာတ်ပုံများကို ရခဲ့လေသည်။

"သိပ်ကျေးဇူးတင်တာပဲ ဦးဘနီရယ်...၊ အဲဒီ ကျေးဇူးတွေကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး"

အဘိုးကြီးဖြစ်ပါလျက် အလွန် ဖျတ်လတ်သွက်လက်သော အမူအရာကြောင့် သူနှင့် စကားပြောရသည့်အခါ အလိုလိုပင် တက်ကြွ လန်းဆန်းသွားတတ်သည်။

"မင်းကို ကြိုဆိုပါတယ်" ဟု သူက ပြန်ပြောပြီးမှ နောက်တစ်ကြိမ် ထပ်ပြောသေး၏။

"မင်းလို မိန်းကလေးငယ်ငယ်ကလေးကို ခုလို ကူညီရတာ ငါ စိတ်ချမ်းသာပါတယ်" တဲ့။

သူ့အပြောကြောင့် ကျွန်မ သဘောကျစွာ ရယ်မိပါသည်။

"ကဲ...၁၂ နာရီနဲ့ ၁၈ မိနစ်ရှိနေပြီ၊ တို့အိမ်ပြန်ကြရအောင်"

ကျွန်မတို့ မြို့ထဲသို့အလာတုန်းက ၃၈ မိနစ်သာ ကြာခဲ့သော ခရီးသည် အပြန်မှာတော့ ကြောက်စရာကောင်းလောက်အောင် နှောင့်နှေးလှသည်။

အမြန်လမ်းမ ၁၁၀ မှ ၁၀ သို့ အဝင်မှာတစ်ခါ၊ ၁၀ မှ ၄၀၅ သို့ အဝင်မှာတစ်ခါ ကားသည် ရပ်လုနီးနီး အနေအထားမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပေါင်းများစွာ တရွေ့ရွေ့သာ သွားလေသည်။ ကျွန်မသည် ၁ နာရီထိုးရန် ပို၍ပို၍ နီးလာလေ နေမထိ ထိုင်မသာ စိတ်လှုပ်ရှားလာလေ ဖြစ်သည်။ ကျွန်မတို့ဘက်ခြမ်းမှာသာ ကားတွေ ကျပ်ခဲပြီး တစ်လက်မချင်း ရွေ့နေရသော်လည်း တံတိုင်းအနိမ့်ကလေး၏ ဟိုဘက် တစ်ဖက်ခြမ်းမှ သည်ဘက်လာသည့် ကားတွေကတော့ ရှိုးခနဲ ဗိုးခနဲ လျင်မြန်စွာ မောင်းသွားလျက် ရှိသည်။

တကယ်တော့ ထိုအချိန်က ၄၀၅ လမ်းမပေါ်မှာ မတော်တဆ ကားထိခိုက်မှုတစ်ခု ဖြစ်သွားခဲ့၏။ ညာဘက်ဆုံး နှစ်လိုင်းမှာ ထိခိုက်သော ကားနှစ်စီးနှင့် ရဲကားများ၊ ရဲသားများ စုပြုံနေကြပြီး ဘယ်ဘက် နှစ်လိုင်းကိုသာ အသုံးပြုပြီး မောင်းနေကြရသောကြောင့် ဒီလောက် နှေးကွေးနေခြင်း ဖြစ်သည်။ ထိုဖြစ်ပွားရာ နေရာမှ လွန်တော့ ကားသည် ခပ်သွက်သွက် ပြေးသွားနိုင်လေသည်။

သို့သော် ကျွန်မတို့ ၁၃ မိနစ် နောက်ကျခဲ့သည်။

တစ်နာရီနှင့် ၁၃ မိနစ် တိတိတွင် ကျွန်မ အဆောင်သို့ ပြန်ရောက်၏။

၁၃ မိနစ်လောက်တော့ သူ နောက်ကျတန်ကောင်းရဲ့ဟု မျှော်လင့်မိသော်လည်း မဖြစ်နိုင်ဘူးဟုလည်း သိနေပြန်၏။ သူသည် ချိန်းဆိုထားသောအချိန်မှ အလွန်ဆုံးလွဲလျှင် သုံးမိနစ် လေးမိနစ်သာ ဖြစ်သည်။

ယခုလည်း သူ့ကား အနီရောင်ကလေး၏ အရိပ်အယောင်ကိုပင် ကျွန်မ မမြင်ရပါ။ သူ မလာသေးတာ မဖြစ်နိုင်ဘူး၊ ပြန်သွားတာပဲ ဖြစ်ရမယ်။ သို့သော် တစ်ဖက်ကလည်း သူမလာသေးတာ ဖြစ်ပါစေဟု ဆုတောင်းမိနေ၏။





ညှော်ခန်းရှေ့မှ ဖြတ်တော့ အဆောင်မှူးက ကျွန်မအား လှမ်းခေါ် အသိပေးသည်။

"ရတနာ...စောစောက မင်းညှော်သည်တစ်ယောက် ဂိတ်ရှေ့မှာ လာသွားတယ်"

သွားပြီပေါ့။ ကျွန်မ၏ မျှော်လင့်ချက် ကြိုးမျှင်မျှင်ကလေး အရှိန်ပြင်းစွာ ပြတ်တောက်သွားခဲ့ပြီ။

"မင်းအခန်းကို ခေါ်မရလို့ ဆိုပြီး ကိုယ့်ရုံးခန်းကို ခေါ်တယ်၊ ဒါနဲ့ ကိုယ် မင်းအခန်းကို ဖုန်းဆက်ကြည့်တယ်၊ ဖုန်းမကိုင်တော့ ရေချိုးခန်းထဲများ ရောက်နေမလားလို့ မင်းအခန်းတံခါးကို ကိုယ် လာခေါက်တယ်၊ အကြာကြီးပဲ၊ နောက်မှ မင်း မရှိဘူးလို့ သေချာသွားတာ၊ ဒါနဲ့ ကိုယ်ကိုယ်တိုင်ပဲ ဂိတ်တံခါးဆီ ထွက်ပြီး မင်း မရှိတဲ့အကြောင်း သွားပြောလိုက်တယ်၊ ဘာမှာခဲ့မလဲ မေးတော့ သူက ဘာမှ မမှာတော့ဘူးလို့ ပြောတယ်"

ကျွန်မ တစ်ကိုယ်လုံး အားအင်တွေ ကုန်ခန်းသွားသလိုပင် သွတ်ခွေသွားခဲ့တော့သည်။

ကျွန်မအခန်းထဲသို့ ရောက်သည့်အခါ ဆိုဖာပေါ် ပစ်ထိုင်ချလိုက်မိ၏။

သူ့ထံမှာ ဖြစ်ပေါ်သွားမည့် ဒေါသ အတိုင်းအဆကို ခန့်မှန်းကြည့်လိုက်ရုံနှင့် အသက်ရှူမှားသွားရပါသည်။

သူ့ကို တောင်းပန်ရမည်။ သို့သော် သူ အခု ဘယ်ရောက်နေလဲ၊ အိမ်ကို ပြန်ချင်မှ ပြန်မှာပေါ့။ ပြတိုက်ကို သူတစ်ယောက်တည်း သွားချင် သွားမည် (မဖြစ်နိုင်ဘူး)။ ကျွန်မနှင့်အတူ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မသွားဖူးသော စားသောက်ဆိုင် တစ်ဆိုင်သို့ တစ်ယောက်တည်း သွားစားနေမလား။

ဘာပဲဖြစ်ဖြစ်၊ သူ့အိမ်ကိုတော့ ဖုန်းဆက်ကြည့်မှဖြစ်မည်။

သို့သော် ကျွန်မသူ့ကို ဘာတွေပြောရပါ့မလဲ။

ဆောရီး မောင်ရယ်၊ ကျွန်မ တစ်နာရီမှာ ပြန်ရောက်လိမ့်မယ် ထင်ခဲ့တာ၊ မောင့်ကို ကျွန်မတောင်းပန်ပါတယ်။

သူ တယ်လီဖုန်း ခွပ်ခနဲ ပြန်ချလိုက်မှာ သေချာသည်။

ဘုရား…ဘုရား…။ ကျွန်မ သူ့ကို ဘယ်လိုတောင်းပန်ရမလဲ၊ သူ့ဒေါသကို ကျွန်မ ကြောက်ပါသည်။

ကျွန်မ စကားလုံးတွေကို စိတ်ထဲက စီကြည့်နေရုံနှင့် စိတ်မချနိုင်သဖြင့် စာရွက်တစ်ရွက်ပေါ်မှာ ချရေးကြည့်နေရသည်။

ကျွန်မ မြို့ထဲက အိမ်ခြေမဲ့တွေရဲ့ နားခိုရာအဆောင်တစ်ခုကို သွားနေခဲ့ရလို့ပါ မောင်ရယ်၊ တစ်နာရီအမီ ပြန်လာတာပါပဲ၊ ဒါပေမဲ့ ၄၀၅ ပေါ်မှာ အက်ဆီးဒင့်တစ်ခုနဲ့ တိုးနေလို့ ၁၃ မိနစ် နောက်ကျသွားခဲ့ရတာပါ၊ ကျွန်မကို ခွင့်လွှတ်ပါနော်…ကျေးဇူးပြုပြီး။

အကယ်၍ သူ တယ်လီဖုန်း ချပစ်လျှင်ကော…။ သူ့ကို ထပ်ဆက်ကြည့်မှာလား၊ ထပ်ဆက်ရဲမှာလား။

သူ့အိမ်မှာ တယ်လီဖုန်း ဖြေစက် တပ်မထားပါ။ သူ မကိုင်လျှင် ကျွန်မ ဘာမှပြောခွင့် ရမှာမဟုတ်ပါ။

ကျွန်မ စိတ်တွေ ငြိမ်သွားအောင် ထို့ပြင် သူ အိမ်ပြန်ရောက်ဖို့ လုံလောက်သောအချိန်သို့ ရောက်အောင် ကျွန်မ ဆိုဖာပေါ်မှာ အသာလှဲ၍ အိပ်နေရသည်။ ထမင်းစားပွဲနောက်က နံရံပေါ်မှ နာရီလက်တံများကို ငေးလျက် စောင့်နေရသည်။





ငါးမိနစ်၊ ၁၀ မိနစ်…။

ကျွန်မ ရှိသမျှအင်အားကို စုစည်းကာ ဆိုဖာရှည်ပေါ်မှ ဖြုန်းခနဲ ထလိုက်၏။ သတ္တိကြောင်မသွားမီ တယ်လီဖုန်းဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်ပါသည်။

သူ ရှိနေပါစေလို့ ဆုတောင်းရမလား၊ သူ ရှိမနေပါစေနဲ့လို့ ဆုတောင်းရမလား။

သူ့နံပါတ်တွေကို နှိပ်နေသော လက်ဖျားကလေး အေးစက်နေခဲ့သည်။

"ဟိုင်း…"

ဘုရားရေ…၊ ကျွန်မ တံတွေးတစ်ချက် မျိုလိုက်ရ၏။

"မောင်…"

တစ်ဖက်မှ အသက်ပြင်းပြင်း တစ်ချက် ရှိုက်သံ ကြားလိုက်ရသလိုပဲ။

"မောင်ရယ်…ကျေးဇူးပြုပြီး တယ်လီဖုန်း မချလိုက်ပါနဲ့နော်၊ ကျွန်မလေ…"

"မချပါဘူး၊ မင်း ပြောချင်တာတွေ ပြောပါ၊ ကိုယ်နားထောင်နေပါတယ်"

သူ့အသံသည် အေးစက်နေ၏။ မဟုတ်ဘူး…အေးခဲကာ အငွေ့ပျံနေခဲ့တာ။

"ကျွန်မ ဆယ်မိနစ်လောက် နောက်ကျသွားခဲ့တဲ့အတွက် မောင့်ကို တောင်းပန်ပါတယ်"

တစ်ဖက်မှ ဘာသံမှ မကြားရပါ။

"ကျွန်မ မြို့ထဲက အိမ်ခြေမဲ့တွေရဲ့ နားခိုရာ အဆောင်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို သွားနေခဲ့ရလို့ပါ၊ တစ်နာရီအမီ ပြန်ရောက်ဖို့ ဟိုကနေ ၁၂ နာရီ ၁၈ မိနစ်တိတိမှာ ပြန်ထွက်လာခဲ့တာပါပဲ၊ ဒါပေမဲ့ ၄၀၅ ပေါ်မှာ ကားအက်ဆီးဒင့်တစ်ခု ဖြစ်နေခဲ့တော့ လမ်းပိတ်ပြီး အချိန်တွေကြာသွားခဲ့လို့ပါ"

သူ့အသံကို ကျွန်မ လုံးဝ မကြားရပါ။ ပင့်သက်ရှိုက်သံ...။ အသက်ရှူသံကလေးမျှ မကြားရပါ။

"မောင်...နားထောင်နေရဲ့လားဟင်"

"နားထောင်နေပါတယ်"

အေးတိအေးစက် ဘာမှ လှုပ်ရှားမှုမရှိသော အသံ။

"မောင့်ဆီကို ကျွန်မ လာခဲ့ရမလားဟင်"

"ဘာအတွက်လဲ"

ကျွန်မ စကားတွေ ဆွံ့အသွား၏။ မောင်ရယ်...ကျွန်မ ဘယ်လို ဖြေစေချင်လို့လဲ။ ကျွန်မ တစ်ချက် အသက်ရှူအောင့်ပြီးမှ အားတင်းပြီး ပြောလိုက်ရသည်။

"နေ့လယ်စာအတွက် ကျွန်မတစ်ခုခု ဝယ်ခဲ့မယ်လေ"

"ကိုယ် အခု ဒီမှာ နေ့လယ်စာစားဖို့ ပြင်နေပြီ၊ ဆောရီး"

"ကျွန်မ တက္ကစီနဲ့ လာခဲ့မှာပါ၊ မောင် ဆာနေရင် စားထားနှင့်ပေါ့နော်၊ ကျွန်မ လာတော့ ထပ်စားပေါ့၊ ဘားဂက်တ်ရယ်၊ ကြက်ကင်ရယ်၊ ဆလတ်ရယ် ဝယ်ခဲ့မယ်နော်"

"ကိုယ် မစားဘူး၊ ကိုယ် ဒီမှာ ပီဇာဝယ်ထားတယ်"

သည်လောက် စကားပြန်ပြောပုံထောက်တော့ အခြေအနေမှာ ကျွန်မ ထင်ထားသလောက် အဆိုးဝါးကြီး မဟုတ်နိုင်ပါ။





"ဘာပဲဖြစ်ဖြစ် ဝယ်ခဲ့မယ်ကွယ်၊ ညစာအတွက်လဲ ရတာပေါ့နော်"

"ဆောရီး...မင်းရောက်တဲ့အချိန်ထိ ကိုယ် ဒီမှာ ရှိနေမယ်လို့ အာမ မခံနိုင်ဘူး၊ ကိုယ်အပြင်ထွက်ချင် ထွက်သွားမှာ"

ကျွန်မရင်ထဲမှာ စူးစူးနင့်နင့် နာသွားပြီး မချိပြုံးသာ ပြုံးလိုက်ရ၏။

"အဲဒီလိုဖြစ်သွားရင်လဲ ကျွန်မ မောင့်ကို နားလည်နိုင်ပါတယ်၊ မောင် ဆန္ဒရှိသလို လုပ်ပါ"

မောင်က ကျွန်မကို နာနာကြည်းကြည်း လက်စားချေချင်နေတယ် မဟုတ်လား၊ အဲဒီအခွင့်အရေးကို ကျွန်မ ပေးပါမယ်။

သို့သော် သူ ကျွန်မကို အဲသည်တုံ့ပြန်မှုမျိုးဖြင့် လက်စားမချေခဲ့ပါ။

ကျွန်မရောက်သွားတော့ သူ ဧည့်ခန်းနှစ်ယောက်ထိုင် ဆိုဖာရှည်ပေါ်မှာ လျော့တိလျော့ရဲ ထိုင်နေသည်။ သူ့ဘေးမှာ ဓာတ်ပုံမိတ္တူတွေ၊ စာရွက်စာတမ်းတွေ၊ ရေးလက်စ စာအပိုင်းအစတွေ ပုံနေ၏။

အခန်းပေါက်ဝမှ ကျွန်မဝင်လာတော့ သူ မော့ကြည့်ဖော်ရသေးရဲ့ဟု စိတ်သက်သာရပါသည်။ ကျွန်မ နှုတ်ဆက်တော့ တိုတိုပြတ်ပြတ်တော့ ပြန်နှုတ်ဆက်ဖော်ရသေး၏။ ကျွန်မ ဝယ်လာသည့်အစားအစာတွေကို မီးဖိုထဲက စားပွဲဝိုင်းကလေးပေါ် ချထားခဲ့ပြီး သူ့ဆီလျှောက်သွားကာ သူ့ပါးပြင်ကို တစ်ချက်မွှေးလိုက်ပါသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတိမ်းငဲ့မသွားပါ။ ထို့အတူ ထိုအနမ်းကို အသိအမှတ်ပြုပုံလည်း မရပါ။

သူ့ဘေးမှာ ကျွန်မ ထိုင်ချင်သော်လည်း သူက နေရာရွှေ့မပေးပါ။ သူ့ဘေးက စာရွက်စာတမ်းတွေကို စုသိမ်းပြီး စားပွဲပေါ် တင်လိုက်လျှင် ကျွန်မ ထိုင်လို့ရမှာ ဖြစ်သော်လည်း ယခုအချိန်မှာ သူ့ဒေါသကို ဆွပေးသလိုဖြစ်မည့် အပြုအမူမျိုးကို ကျွန်မ ရှောင်ကြဉ်ရမည် ဖြစ်သည်။

ခဏကြာအောင် သူ့ဘေးမှာ မတ်တတ်ရပ်နေသော ကျွန်မအား သူ တစ်ချက်မှ အသိအမှတ်မပြုပါ။ သူ၏ စိမ်းကားမှုသည် ကျွန်မထံသို့ အေးစက်သည့် အခိုးအငွေ့များအဖြစ် လောင်မြိုက်လာခဲ့သည်။

"မောင် စားပြီးပြီလားဟင်"

"ပြီးပြီ"

"ကျွန်မနဲ့အတူ တစ်ခုခုသောက်ပါလား ဟင်၊ ကျွန်မ လိမ္မော်ရည်တွေ ဝယ်လာတယ်"

သူ ကျွန်မကိုလည်း မော့မကြည့်၊ ဘာစကားမှလည်း မပြန်ဘဲ ရေးလက်စ စာကြောင်းဆီသို့သာ စူးစူးစိုက်စိုက် ငုံ့ကြည့်နေခဲ့သည်။ ကျွန်မ သူ မကြားအောင် ပင့်သက်တစ်ချက် ခိုးရှိုက်ကာ သူ့ဆံပင်တို့ကို ခပ်သာသာကလေး ရှပ်ဖွပစ်လိုက်မိသည်။

"အိုကေ ...ကျွန်မ တစ်ယောက်တည်း စားရမှာပေါ့နော်"

တကယ်ပဲ ကျွန်မတစ်ယောက်တည်း ခြောက်သွေ့စွာ နေ့လယ်စာ စားလိုက်ရသည်။ မီးဖိုပြတင်းတည့်တည့်တွင် ခြံထဲက နှင်းဆီဝါ စိုက်ခင်းသေးသေးကလေးကို မြင်နေရသည်။ ခြံရှေ့ လမ်းပေါ်





မှာ ဖြတ်သွားသော ကားများကို ရေတွက်ကြည့်နေရတာ ကျွန်မ စိတ်သက်သာမည် ထင်သည်။ ကြက်သွေးရောင်ကားတစ်စီး၊ မီးခိုးရောင်ကားတစ်စီး၊ အနက်ရောင် ကားတစ်စီး၊ ဤလမ်းမှာ ကားတွေ သိပ်မသွားကြပါ။

ကောင်းကင်သည် အုံ့မှိုင်းလျက် ရှိသည်။ ကျွန်မရင်ထဲမှာက ထိုကောင်းကင်ထက် ပို၍ပင် အုံ့မှိုင်းနေ၏။ မကြာမီမှာ ကျွန်မရင်ထဲမှာ မိုးရွာချတော့မှာ သေချာသည်။

ကျွန်မတို့နှစ်ယောက်အတွက် အချိန်တွေ ဘယ်လောက်များ ကျန်နေသေးလို့လဲ မောင်ရယ်၊ မိနစ်တိုင်း မိနစ်တိုင်းဟာ ကျွန်မတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ကာလကလေးတွေ မဟုတ်ဘူးလား၊ အဲဒီကာလတွေကို သည်လိုပဲ တစ်ယောက်တစ်နေရာစီ ထိုင်ပြီး အေးစက်စိမ်းကားစွာ ကုန်ဆုံးစေရမှာလား။ ဟင့်အင်း...အဲဒီအချိန်တွေကို ကျွန်မ နှမြောပါတယ်။ နောက် နှစ်ပတ်ကြာတဲ့အခါမှ ဒီအချိန်တွေ ပြန်ယူချင်လို့ မရတော့ပါဘူး။ မြစ်တစ်ခုမှာ စီးဆင်းသွားခဲ့တဲ့ ရေတွေလိုပဲ ဘယ်တော့မှ ပြန်ရနိုင်တော့မှာ မဟုတ်တဲ့ အချိန်တွေပါ။ မောင် တန်ဖိုးမထားဘူးလားကွယ်။ ဒီအချိန်တွေဟာ တစ်ယောက်ကိုတစ်ယောက် လိုအပ်နေရမယ့်အချိန်တွေမဟုတ်ဘူးလား။

ကျွန်မ ရုတ်တရက် ထရပ်လိုက်မိပြီး သူ့ကို မျှော်လင့်တကြီး လှမ်းကြည့်လိုက်မိ၏။ သူ ခေါင်းငုံ့လျက် တစ်ခုခု ရေးနေသည်။ သူ့ဆံပင်တွေက ဖွာဆန်ကြဲလျက် ရှိ၏။ သူသည် ရုံးမှာ ဝတ်သည့် အဝတ်အစားကို မလဲရသေးပါ။ ချည်သားဘောင်းဘီ အညိုနုရောင် ဖျော့ဖျော့နှင့် တီရှပ် အဖြူရောင်။ အို...သူ အခုထိ ဖိနပ်လည်း မချွ



www.burmeseclassic.com

www.burmeseclassic.com



ရသေးပါလား။ စိတ်ရှုပ်ထွေးနေတဲ့ သဘောလား၊ ကျွန်မကြောင့်လားဟင်။

ကျွန်မ သူ့ဆိုဖာဆီ ခပ်ဆဆ ခြေလှမ်းများဖြင့် လျှောက်သွားပြီး ကော်ဇောပေါ်မှာ ဒူးထောက်ထိုင်ချလိုက်၏။

"ကျွန်မကို စကားမပြောချင်တော့ဘူးလား မောင်"

သူ ကျွန်မကို ဖြုန်းခနဲ လှမ်းကြည့်၏။ သူ့မျက်နှာမှာ ဒေါသအငွေ့အသက် လုံးဝမရှိပါ။ တင်းမာမှုလည်း လုံးဝမရှိပါ။ သို့သော် နူးညံ့နွေးထွေးမှုလည်း မရှိ။ သူ့မျက်လုံးတွေက အေးစက်မှုန်မှိုင်းနေသည်။ သူ့နှုတ်ခမ်းတွေကလည်း ဖြူဖျော့ကာ ခြောက်သွေ့နေကြသည်။ သူ ပြုံးလိုက်သည်။ မဲ့ပြုံးစစ်စစ် ဖြစ်သည်။

"ဘာစကားကို မင်းပြောစေချင်တာလဲ၊ ကိုယ် မင်းကို ဘယ်လောက် ချစ်ပါတယ်ဆိုတာ ကြားချင်လို့လား"

ကျွန်မ ဝမ်းနည်းစွာ ပြုံးရင်း ခေါင်းယမ်းလိုက်မိသည်။

"မဟုတ်ပါဘူး၊ မောင် ကျွန်မကို ဘယ်လောက်စိတ်ဆိုးသွားခဲ့တယ် ဆိုတာမျိုး မောင်ကျေနပ်အောင် ကျွန်မ ဘာလုပ်ပေးရမလဲ ဆိုတာမျိုး"

"ကိုယ်မှ မင်းကို မပိုင်ဘဲ၊ ပိုင်လို့လား"

"မောင် ကျွန်မကို ပိုင်တာပဲ၊ ကျွန်မက မောင်ထားရာနေ စေရာ သွားမယ့် အရုပ်တစ်ခုပဲလေ"

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်ပါသည်။ လှောင်ပြောင်သရော်သော ရယ်သံဟု ကျွန်မခံစားရ၏။ အဲလိုမရယ်ပါနဲ့ မောင် ရယ်၊ ကျေးဇူးပြုပြီး...။





ကျွန်မ မောင့်ပေါင်ပေါ် လက်တင်ပြီး တောင်းပန်စကား ဆိုတော့မည့်အခိုက်တွင် တယ်လီဖုန်းမြည်သံက ကျွန်မတို့နှစ်ယောက်ကို ပို၍ဝေးကွာသွားစေခဲ့၏။ သူ ထိုင်ရာမှ ထကာ ကျွန်မ၏ ခြေထောက်ကို ခလုတ်တိုက်လျက် မီးဖိုထဲသို့ ဝင်သွားခဲ့သည်။

"ဟိုင်း..."

ကျွန်မ သူ့ကို ငေးကြည့်ရင်း ကျန်ခဲ့သည်။

"ဪ...အေး၊ မင်းအသံကို ငါကြားရတာ ဘယ်လောက် ချမ်းမြေ့စရာ ကောင်းလိုက်သလဲ"

ယခုတော့ သူ့အသံက ချိုသာလျက် ရှိလေသည်။

"ဟုတ်တယ်၊ အရေးကြီးလို့ အဲဒီစာရင်းကို ဒီနေ့ရမှ ဖြစ်မယ်၊ နီးနီး...ငါ့အိမ်မှာ ကွန်ပျူတာမှ မထားတာ၊ ကိစ္စမရှိဘူး၊ ငါလာယူနိုင်ပါတယ်။ ရတယ်...ငါ စောင့်ယူမယ်၊ မင်း ဒီညနေပြီးမှာ သေချာလား၊ တစ်နာရီအတွင်း...အတိုင်းထက်အလွန်ပေါ့၊ သိပ်ကောင်းတယ်...ငါ အခုလာယူမယ်၊ မင်းအိမ်နံပါတ် ပြောဦး...ခဏလေး"

သူ တယ်လီဖုန်းကို နားနှင့်ပခုံးကြားမှာညှပ်ပြီး စားပွဲပေါ်က ပစ္စည်းတွေထဲမှာ မွှေနှောက် ရှာနေသည်။ ခဲတံနှင့် Note Pad ကလေး တစ်ခုကို ဆွဲထုတ်လိုက်၏။

"ပြော...၊ အင်း...အင်း...သိတယ်၊ အေး...သိတယ်"

သည်အတိုင်းဆို သူ အပြင်ထွက်တော့မှာပေါ့နော်။ ကျွန်မ ရှုတ်တရက် ဝမ်းနည်းစွာ အားငယ်သွားပါသည်။

သူ တယ်လီဖုန်းချပြီးသည့်နောက် မီးဖိုထဲမှ ထွက်လာသည်။ ထို့နောက် တီရှပ်ကို ခေါင်းမှ ဆွဲလှန်ချွတ်လိုက်၏။ ဘောင်းဘီခါးပတ်ကို လမ်းလျှောက်ရင်း ချွတ်သွားသည်။ ထို့နောက် ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ ဝင်သွားသည့်အခါ တံခါးသည် အသံမြည်လျက် ပိတ်သွား၏။

သူ့တံခါးပိတ်သံသည် ကျွန်မရင်ထဲသို့ ဒိုင်းခနဲ ဆောင့်တိုးလိုက်လေသည်။

ကျွန်မ ထိုင်ရာမှာပင် မလှုပ်မယှက် ကျန်ခဲ့သည်။ သူ ရေချိုးတာ အဝတ်အစားလဲတာကို ကျွန်မ ကြားနေရပေမယ့် ဘယ်လောက်အချိန်ကြာသွားခဲ့ပြီလဲဆိုတာ မခန့်မှန်းတတ်ပါ။ ငါးမိနစ်လား၊ ၁၅ မိနစ်လား…ကျွန်မ မသိပါ။ ကျွန်မ၏ နှလုံးကော ခုန်နေသေးရဲ့လား၊ ကျွန်မ ခံစားရသမျှတော့ ကျွန်မတစ်ကိုယ်လုံး အေးခဲနေခဲ့သည်။

သူ ဧည့်ခန်းသို့ ပြန်ထွက်လာတော့ အဖြူလော့ကန်နီးနီး ဖျော့သည့် အပြာနုရောင် ရှပ်လက်ရှည်နှင့် မီးခိုးရောင် သက္ကလတ် အပါးစား ဘောင်းဘီအပျော့ကို ဝတ်ထားပြီး ဖြစ်သည်ကို တွေ့ရ၏။ သူသည် မေးစေ့နှင့် ပါးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ခပ်ဖွဖွ ဖိသပ်ရင်း ကျွန်မဆီ လှမ်းကြည့်သည်။ ကျွန်မ မလှုပ်မယှက် ထိုင်ရင်း သူ့အား လှမ်းငေးနေသည်ကို မြင်ပေမယ့် သတိပြုမိပုံ မရပါ။ သို့မဟုတ် ဂရုစိုက်ပုံ မရပါ။ ကျွန်မအနီးက စားပွဲရှည်ကလေးပေါ်မှ ကားသော့ဖြစ်ဟန်တူသော တစ်စုံတစ်ခုကို ကောက်ယူလိုက်သည်။ ဆိုဖာရှည်ပေါ်မှ ပိုက်ဆံအိတ်ခေါက်ကို ကောက်ကိုင်ကာ ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။ သူ့ကိုယ်ခန္ဓာမှာ ကျွန်မ ရိုက်နေကျ မွှေးရနံ့တစ်ခု သင်းလျက်ရှိသည်။

ထို့နောက်…

အံ့ဩနာကျင်ဖွယ်ရာပင် သူ အိမ်ထဲမှ ထွက်သွားလေသည်။





သူ ကျွန်မ ရှိနေတာကို မေ့ပြီး ထွက်သွားတာလား၊ အဲသည်လို ဆိုလျှင်လည်း အိမ်တံခါးကို သူ မေ့လျော့ပြီး ပိတ်လိုက်မှာပေါ့။ အခုတော့ သူသည် ကျွန်မကို ဘေးမှာ ရှိနေမှန်းတော့ သိပြီး နှုတ်ဆက် အသိပေးစရာ မလို၊ မင်းပြန်ချင်ပြီလားလို့ မေးစရာမလို…၊ လိုက်မလားလို့ ခေါ်စရာမလို၊ အရုပ်တစ်ရုပ်လို အိမ်မွေးတိရစ္ဆာန်တစ်ကောင်လို လျစ်လျူရှုခဲ့ပြီ။

ပျဉ်ခင်းလှေကားထစ်များကို တဒိုင်းဒိုင်း ပြေးဆင်းသွားသံနှင့်အတူ ကျွန်မမျက်ဝန်းမှာ မျက်ရည်တို့ဖြင့် ဝေဝါးသွား၏။ ထို့နောက် တစ်လိမ့်ချင်း လိမ့်ကျစီးဆင်းသွားသော မျက်ရည်များ…။

မောင်က ကျွန်မကို နာကျင်စေချင်တာလား…။ မောင်ဖြစ်စေချင်တာထက် ပိုပြီး နာကျင်ခဲ့ပြီးပါပြီကွယ်၊ ဒီဒဏ်ရာအနာတွေဟာ ကျွန်မ ရင်ထဲကနေ ဘယ်တော့မှ မေ့မှိန်ပျောက်ကွယ်မသွားမယ့် အနာရွတ်တွေအဖြစ် ကျန်ခဲ့မှာပါ။ မောင် ကျေနပ်နိုင်မှာ သေချာပါတယ်။

ကျွန်မ မောင့်ကို ဘာဖြစ်လို့များ သည်လောက်ထိ အောက်ကျနောက်ကျ ခံပြီး တွယ်တာမြတ်နိုးနေမိသလဲ။ တွေးမိတော့ မျက်နှာတစ်ခုလုံး နွေးခနဲ ပူသွား၏။

ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းမှုန်နေသည့်အချိန်တွင် နေဝင်ခါနီးပြီလား၊ မိုးချုပ်စပြုပြီလား ကျွန်မ မခန့်မှန်းနိုင်ပါ။ ထမင်းစားခန်း စားပွဲပေါ်မှာ နာရီရှိသော်လည်း ဘယ်နှစ်နာရီထိုးပြီလဲဟု မသိချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြန်မှ ပြန်လာပါ့မလား။ သည်ပြန်မလာဘဲ လင်းအိမ် သို့မဟုတ် တစ်ယောက်ယောက်အိမ်သို့ ဆက်သွားပြီး အဲသည်မှာ ညအိပ်ခဲ့လျှင် ဘယ့်နှယ်လုပ်မလဲ၊ နာကျင်နေသော ရင်သည် တဖွေ့ဖွေ့ လောင်ကျွမ်းစ ပြုလာသည်။

စာအုပ်တစ်ခုခု ရှာဖွေဖတ်ရင် ကောင်းမလား၊ ဒါမှမဟုတ် ရေဒီယိုနားထောင်ရင် ကောင်းမလား။ စာအုပ်ကို စိတ်မပါဘဲ ဖတ်ဖို့နှင့်စာလျှင် ရေဒီယိုမှ သီချင်းတွေ သတင်းတွေကို စိတ်မပါဘဲ နားထောင်ရတာ ပိုလွယ်ကူမည် ထင်သည်။

ကျွန်မ သူ့စာအုပ်စင်ပေါ်က ရေဒီယိုကို ဖွင့်လိုက်သည်။ သူ့ရေဒီယိုမှာ ကျွန်မလိုပဲ အဝေးထိန်းစနစ်ဖြင့် မီတာတစ်ခုချင်း အသေးစိတ် ရွှေ့လို့ ရသည်။

ကျွန်မ အကြိုက်ဆုံး FM ၁၀၃.၅ အစီအစဉ်ကို နားထောင်ရလျှင် သီချင်းတွေကို ကြားရမှာပဲ။ ဝမ်းနည်းနာကျင်သည့် စိတ်ကို သီချင်းတွေက ဖြေသိမ့်ပေးနိုင်ကောင်းပါရဲ့။

ထို့နောက် အခန်း ဝင်ပေါက်တံခါးကို သွားပိတ်လိုက်ပြီး လက်ကိုင်အလယ်မှ သော့ချသည့် ခလုတ်ကို နှိပ်လိုက်သည်။

"ညနေ ၄ နာရီနဲ့ မိနစ် ၅၀ ဖြစ်ပါတယ်၊ ရာသီဥတု အခြေအနေကတော့ မြို့ထဲမှာ ၇၁ ဒီဂရီ၊ တောင်ကြားဘက်မှာ ၆၈ ဒီဂရီနဲ့ မြောက်ဘက်မှာ ၆၅ ဒီဂရီတို့ ဖြစ်ပါတယ်၊ အရှေ့ကို သွားတဲ့ အမြန်လမ်းမ ၁၀ မှာ ယာဉ်ပိတ်ဆို့မှုတစ်ခု ဖြစ်နေခဲ့တာ ၁၅ မိနစ်လောက် ရှိပါပြီ"

အို...သူပြန်လာရမယ့် လမ်းပေါ့။ ဟင်...မဟုတ်ပါဘူး၊ သူက အနောက်ဘက်ကို ပြန်လာရမှာ မဟုတ်လား။





ကျွန်မသည် သူ့စာရွက်စာတမ်းတွေကို တစ်ခုချင်း စုသိမ်းထပ်ဖို့ အချိန်တော်တော်ကြာ စဉ်းစားယူရ၏။ ပြန်လာလို့ သူ့စာရွက်တွေကို အစီအစဉ် လွဲမှားအောင် ရှုပ်ရကောင်းလားဟု ကျွန်မကို ဒေါသတကြီး ငေါက်ငမ်းခဲ့လျှင်...။ အို...ဒေါသကြီးစမ်းပါစေ၊ သူ့အေးစက်စွာ လျစ်လျူရှုမှုနှင့် စာလျှင် သူ့ဒေါသကိုသာ ကျွန်မ ရင်ဆိုင်ပစ်လိုက်ချင်ပါသည်။ ယခုလို အေးစက်စိမ်းကားမှုကတော့ ကျွန်မရင်ထဲက နှလုံးသားကို တစ်စချင်း ဖဲ့ခြွေပစ်နေသလို မချိမဆန့် နာကျင်လှပါသည်။

ကျွန်မ စာရွက်တွေကို သိမ်းပြီး ဆိုဖာပေါ်မှာ လဲလျောင်းလိုက်မိသည်။

ရောဒ်စတူးဝပ်၏ သီချင်းတစ်ပုဒ် ရေဒီယိုက လာနေခဲ့သည်။

အပြင်ဘက်မှာ ဖြတ်သွားသော ကားသံတို့မှာ ခပ်သဲ့သဲ့၊ တစ်စီးချင်း မိနစ်ဝက်လောက် ခြားနေ၏။ သူ မြန်မြန်ပြန်လာပါစေ၊ ဟင့်အင်...မဟုတ်ဘူး မြန်မြန်ပြန်မလာပါစေနဲ့။ သူ့အေးစက်စက် မျက်နှာထားကို ကျွန်မ ကြောက်ပါသည်။

သစ်သားလှေကားကို ခပ်ကြမ်းကြမ်းတက်လာသော ခြေသံ ကြားရသည်။ ကျွန်မ ထိတ်ခနဲ ရင်ခုန်သွား၏။ ထ ထိုင်လိုက်ရမလား၊ သို့မဟုတ် တံခါးသွားဖွင့်ပေးလိုက်ရမလား၊ အို...သူ့မှာ သော့ပါသွားတာပဲ။ ကျွန်မ အိပ်ပျော်နေဟန် ဆောင်လိုက်လျှင် ကော...။

သို့သော် အဲဒါ သူမဟုတ်ပါ။ ဟိုဘက်အခန်းဆီမှ တံခါးဖွင့်သံ သဲ့သဲ့ ကြားရပါသည်။

ကျွန်မ မျက်လုံးတွေကို မောပန်းစွာ မှိတ်ပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုမှ သီချင်းတစ်ပုဒ် ပြောင်းသွားပြန်သည်။ သီချင်းအဖွင့် ဂီတကို ကျွန်မ ကောင်းကောင်းသိနေသလိုပဲ။ ဂစ်တာသံနှင့် တယော သံ...။

ဘုရားရေ...အဲဒီသီချင်းလား။

"ကျွန်မကို ပြန်ခေါ်ပါကွယ်၊ ကျွန်မချစ်ရတဲ့ ရင်ခွင်ထဲကိုပြန် ခေါ်ပါ၊ အရင်တုန်းကလိုပဲ ကျွန်မကို လိုအပ်မြတ်နိုးစမ်းပါဦး... ကျွန်မကို နောက်တစ်ကြိမ် တွယ်ငြိလှည့်ပါဦး...တခြားဘယ်သူ့ကို မှ ရှင် မလိုအပ်ခဲ့တဲ့ အချိန်ကလေးတွေကို သတိရစမ်းပါဦးကွယ်"

ဆလင်းဒီယွန်၏ အသံသည် ရင်ထဲက ပေါက်ကွဲလာသော အသံ ဖြစ်သည်။ သူ့အသံက ကောင်းလွန်း၍ လိုအပ်သည့်နေရာ မှာ သူ လိုချင်သလို ဆွဲငင်သီဆိုသွားနိုင်လေသည်။ ဟင့်အင်း... ကျွန်မ အဲဒီသီချင်းကို မကြိုက်ပါဘူး။

"မသွားပါနဲ့ကွယ်... ကျွန်မအသည်းကွဲလိမ့်မယ်ဆိုတာ ရှင် သိပါတယ်၊ ကျွန်မ ချစ်နိုင်သလောက် သူမက ရှင့်ကို ချစ်နိုင်မှာ မဟုတ်ပါဘူး...သူ အဝေးကို ထွက်ခွာသွားတဲ့အချိန်မှာ ဟောဒီ မှာ ကျွန်မ ရပ်နေဦးမှာဆိုတာ ရှင်သိပါတယ်နော်..."

"ကျွန်မ မောင့်ကို စောင့်နေပါ့မယ်... ဟောဒီမှာ...ကျွန်မ အသည်းနှလုံးထဲမှာတော့လေ...မောင့်ကို အခုထက်ပိုပြီး ချစ်မြတ်နိုး ခွင့် ရချင်သေးတာ ကျွန်မပါပဲကွယ်...မောင် လိုအပ်သမျှ အရာ အားလုံးကို ကျွန်မ ပေးနိုင်တယ်ဆိုတာ မောင်သိလာမှာပါ၊ ရှင့်ကို နောက်ထပ် ချစ်မြတ်နိုးခွင့်ရတဲ့သူ ဖြစ်ပါရစေကွယ်..."

ဘယ်လိုသီချင်းမျိုးလဲ၊ ဒီလောက်တောင် ရှိုရှိုကျိုးကျိုး အသနား





နေရသလား၊ သွားစမ်းပါ။ ကျွန်မ အိပ်ရာမှ မထဘဲ ရေဒီယို ခလုတ် ကို လှမ်းပိတ်ပစ်လိုက်၏။ မကြားချင်ဘူး။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ သည်တစ်ခါ တိတ်ဆိတ်မှုသည် ကျွန်မ၏ နှလုံးခုန်သံကို ကိုယ်တိုင် ပြန်ကြားနေ ရသော တိတ်ဆိတ်မှု ဖြစ်သည်။ နှလုံးခုန်သံသည် ဖြည်းညင်းစွာ၊ သို့သော် လေးပင်စွာ တစ်ချက်ချင်း ဆောင့်နေ၏။

အစွန့်ပစ်ခံရသည့် ကလေးငယ်တစ်ယောက်၏ တွယ်ရာမဲ့ အားငယ်မှုမျိုးကို ကျွန်မခံစားနေရသလား။ တကယ်ဆို အခန်း တံခါးကို သော့ပိတ်ပစ်ခဲ့ပြီး အချိန်မရွေး ကျွန်မ ပြန်သွားလို့ ရတာ ပဲ မဟုတ်ဘူးလား။

မဖြစ်ဘူး၊ အဲဒါဆို ကျွန်မတို့ နောက်ထပ် ဘယ်တော့မှ တွေ့ ခွင့်ရတော့မှာ မဟုတ်ဘူး။ ကျွန်မ သိနေပါသည်။ ကျွန်မက မောင့် ကို တွေ့ချင်သေးတာ၊ မောင့်ရင်ခွင်မှာ မျက်နှာအပ်ပြီး ရှိုက်ကြီး တငင် ငိုပစ်လိုက်ချင်သေးတာ၊ ကျွန်မမျက်ရည်တွေကို ပါးချင်းအပ် ပြီး ခြောက်သွေ့အောင် သုတ်ပေးမယ့် မောင့်အကြင်နာတွေကို အ နည်းဆုံး တစ်ကြိမ်လောက်ဖြစ်ဖြစ် မျှော်လင့်ချင်သေးတာ။

လှေကားဆီမှာ ခြေသံခပ်သွက်သွက်ကို ကြားရသည်။

အဲဒါ...သူ့ဖိနပ်သံပဲ။ သည်တစ်ခါ ကျွန်မရင်ထဲက အသေ အချာ သိလိုက်ခြင်း ဖြစ်သည်။

အခန်းတံခါးသော့ကို သူ လှည့်ဖွင့်နေပြီ။ ကျွန်မ ရင်ထဲ ဒိတ် ခနဲ တုန်ရီသွား၏။

ကျွန်မ...ဘယ်လို သူ့ကို ကြိုဆိုရမှာလဲဟင်၊ အိပ်ပျော်ဟန် ဆောင်ရမလား၊ သို့မဟုတ်...။ ကျွန်မ မျက်ရည်တွေများ ရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



မလားဟု လက်ဖဝါးဖြင့် ခပ်သွက်သွက်ပွတ်တိုက်ပစ်လိုက်ပြီး လဲလျောင်းရာမှ မထဘဲ သူဝင်လာမည့် တံခါးရှိရာသို့ မျှော်လင့်တကြီး လှမ်းကြည့်လိုက်သည်။

အခန်းတစ်ခုလုံး မှောင်နေပြီကို ကျွန်မ ယခုမှ သတိထားမိသည်။

တံခါး ပွင့်သွားပြီး သူ ဝင်လာ၏။ ဝင်ဝင်ချင်းပင် မီးခလုတ်ကို ဖွင့်လိုက်သည်။

ရုတ်တရက် လင်းသွားသည့် အလင်းအောက်မှာ သူ ကျွန်မကို မြင်တွေ့သွားသည်။ သူ့မျက်နှာ နည်းနည်းတော့ ပြောင်းလဲသွားပါသည်။ သည်တစ်ခါ မျက်နှာမလွှဲသွားပါနဲ့၊ ကျွန်မ ရှိနေသေးတာကို အသိအမှတ်ပြုတဲ့ စကားလေးတစ်ခွန်းလောက် မောင် မပြောနိုင်ဘူးလားကွယ်။

"မင်း မပြန်သေးဘဲကိုး"

ကျွန်မ ကြောင်အ,သွား၏။

ကျွန်မ ဘာပြောရမှာလဲ၊ ဘာများ ပြန်ပြောရမှာလဲ။ မောင့်နှုတ်ဖျားက သည်လောက် ပြောင်မြောက်တဲ့ နှုတ်ဆက်စကားမျိုး ထွက်လာခဲ့လိမ့်မယ်လို့ မထင်တာ အမှန်ပါပဲ မောင်ရယ်။

"ကျွန်မ...ဟို...မောင်က မပြန်ခိုင်းသေးလို့"

သူ ကိုင်လာသည့် စာရွက်အထပ်ကို စားပွဲရှည်ပေါ် ပစ်တင်လိုက်သော သူ့မျက်နှာမှာ စိမ်းကားမှုအပြည့်။ ထို့နောက် သူ့ရှပ်အင်္ကျီကို ကြယ်သီးတွေ အကုန်ဖြုတ်နေရင်း ကျွန်မအား မျက်ခုံးပင့်ကြည့်၏။





"မင်း ဒီကိုလာတုန်းကလဲ ကိုယ်မဖိတ်ခေါ်ဘဲ လာတာပဲ၊ ပြန်တဲ့ကိစ္စမှာ ကိုယ့်ခွင့်ပြုချက် မလိုဘူးလေ"

"ဩော်..."

ကျွန်မ လဲလျောင်းနေရာမှ အားယူ၍ ထလိုက်ရသည်။

သူက အင်္ကျီကို ချွတ်ပြီးနောက် ရေချိုးခန်းနှင့်ကပ်လျက် အဝတ်လဲခန်း အသေးလေးထဲမှာ ချိတ်ဖြင့် သွားချိတ်လိုက်သည်။ တွေ့သည့် တီရှပ်တစ်ထည်ကို ကောက်စွပ်ရင်း ဧည့်ခန်းဆီ ပြန်လျှောက်လာသည်။

ဆိုလိုတာက ကျွန်မပြန်ဖို့ကိစ္စ သူနှင့် မဆိုင်ဘူးပေါ့။

"ဒါဖြင့် ကျွန်မ ပြန်ရတော့မလားဟင်...၊ မောင် ပြန်စေချင်သလား"

သူ စားပွဲပေါ်က စာရွက်အဟောင်းတွေနှင့် အသစ်တွေကို ဆွဲယူလိုက်ပြီး ကျွန်မအား မျက်မှောင်ကြုတ် ကြည့်၏။

"ပြန်စေချင်တာလဲ ကိုယ့်မှာမရှိဘူး၊ လာစေချင်တာလဲ ကိုယ့်မှာ မရှိဘူး၊ မင်းရှိနေလို့လဲ ကိုယ့်မှာ ဘာမှ ထူးထူးခြားခြား မခံစားရဘူး"

သူ ထမင်းစားပွဲဆီသို့ လျှောက်သွားပြီး စာရွက်တွေကို စားပွဲပေါ် ဝုန်းခနဲ ပစ်ချလိုက်သည်။

"တစ်ခုရှိတာက မင်းကို ဧည့်ခံနေဖို့လဲ ကိုယ့်မှာ အချိန် မရှိဘူး၊ မင်း နေချင်နေ၊ ပြန်ချင်ပြန် အားလုံး မင်းဆန္ဒ မင်းသဘောပဲ"

သူ ကုလားထိုင်ကို အသံမြည်အောင် ဆွဲယူပြီး ထိုင်ချလိုက်၏။ ထို့နောက် စားပွဲပေါ်မှာ ယခုထိ ရှိနေသော နေ့လယ်က အစား



www.burmeseclassic.com

www.burmeseclassic.com



အစာဘူးများ ပေါင်မုန့်များကို လက်ဖြင့် ဘေးသို့ တွန်းဖယ်လိုက်၏။

ကျွန်မရင်ထဲမှာ တလှပ်လှပ် တုန်ရီလာတာ ဒေါသလား၊ ဝမ်းနည်း နာကျင်မှုလား ကျွန်မ မသိတော့ပါ။

ကျွန်မ ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သောအခါ ခြေအစုံသည် တဆတ်ဆတ်တုန်နေ၏။

"ကျွန်မ သိပါတယ်၊ မောင် ကျွန်မကို မလိုအပ်တော့ဘူး ဆိုတာ..."

ကျွန်မ၏ တုံးတိတ်အက်ကွဲသော စကားသံအဆုံးမှာ သူ ဆတ်ခနဲ တုန်လှုပ်သွားခဲ့သည်။ သူ ကုလားထိုင်မှ ဝုန်းခနဲ ထပြီး ကျွန်မဆီသို့ လျင်မြန်စွာ ကြမ်းတမ်းစွာ ရောက်လာခဲ့သည်။

"မင်း ဘာကို ဆိုလိုတာလဲ၊ မင်းကို ကိုယ် မလိုအပ်တော့ဘူး ဆိုတာ...ဟင်"

ကျွန်မ ရှေ့တည့်တည့်မှာ နီးကပ်စွာ သူ ရပ်လိုက်သောအခါ သူ့မျက်ဝန်းတွေ အရောင်လက်နေမှန်း ကျွန်မ သတိထားမိသည်။ ထိုအခါ ကျွန်မနှုတ်ဖျားမှ ထွက်တော့မည့်စကားတွေ ဆွံ့အ ငုပ်လျှိုးသွားတော့သည်။

"မင်းကို ကိုယ် မလိုအပ်တော့ဘူးတဲ့လား၊ ကိုယ် မင်းကို လိုအပ်ပါတယ်လို့ ဘယ်တုန်းကများ ပြောခဲ့မိပါလိမ့်၊ အမှန်အတိုင်း ပြောရရင် မင်းကို ကိုယ်ဘယ်တုန်းကမှ မလိုအပ်ခဲ့ဖူးပါဘူး ရတနာ"

ဘုရားရေ...၊ မောင်ဘာပြောလိုက်တာလဲ။





"ကိုယ် မင်းကို အစစအရာရာ ကူညီခဲ့တယ်၊ မင်းသိသင့်တာတွေ သိသွားအောင် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ခဲ့တယ်၊ ညှော်သည်တစ်ယောက်ကို ညှော်ဝတ်ကျေပွန်ချင်တဲ့ အိမ်ရှင်ရဲ့ စေတနာကရုဏာမျိုးနဲ့ မင်း လိုအပ်တာတွေကို ဖြည့်ဆည်းပေးခဲ့တယ်၊ အဲဒါတွေဟာ မင်းကို ကိုယ် လိုအပ်လို့ မဟုတ်ပါဘူး၊ မင်း ကိုယ့်ကို လိုအပ်တယ်ဆိုတာ ကိုယ်သိနေခဲ့လို့ပါ"

မိုးထစ်ချုန်းသလို၊ မိုးကြိုးပစ်ချလိုက်သလို ကျွန်မနလုံးသားထဲသို့ ပေါက်ကွဲမှုတွေ ဆက်တိုက်ဆက်တိုက် ကျယ်လောင်စွာ မြည်ဟိန်းလာသည်။ ကျွန်မ အံ့သြတကြီး တုန်လှုပ်လာ၏။

"ကိုယ်တို့နှစ်ယောက်ရဲ့ ဆက်သွယ်ပေါင်းစည်းမှုကရော... မင်းကို ကိုယ်လိုအပ်လို့မှ မဟုတ်ဘဲ၊ မင်း ကိုယ့်ကို လိုအပ်တာ ကိုယ်သိလို့လေ၊ ပြန်စဉ်းစားပါဦး ရတနာ... ကိုယ် ပြုမူဆောင်ရွက်သမျှ အားလုံးဟာ မင်းအတွက်ချည်းပဲ မဟုတ်လား၊ ဒီကနေ့ ပြတိုက်ကို သွားဖို့ စီစဉ်တာလဲ မင်းအတွက်ပါပဲ၊ ပေါလ်ကလီးရဲ့ ပန်းချီတွေ အားလုံး ကိုယ် အလွတ်ရပြီးသား၊ မင်းကြည့်စေချင်လို့ မင်းအတွက် သက်သက်ပဲ။ အဲဒါကို မင်းက ဂရုမစိုက်ဘူး၊ မင်း နောက်ကျနိုင်တယ်ဆိုရင် ဒိုင်ရက်ထရီဘောက်က်စ်မှာ ကိုယ့်အတွက် မင်း စာကပ်ထားခဲ့ပါလား၊ ဒါဆို ၁၀ မိနစ် စောင့်ရတော့ကော ဘာအရေးလဲ၊ မိနစ် ၃၀ စောင့်ရတော့ကော ဘာအရေးလဲ၊ မင်း ကိုယ့်ကို အလေးထားပြီး မက်ဆေ့ချ်ထားခဲ့ရင် ကိုယ်စောင့်မှာပေါ့။ ခုတော့ ကိုယ်လာတဲ့အချိန်မှာ မင်း မရှိဘူး၊ မင်း ဘယ်ရောက်နေသလဲ ကိုယ်မသိဘူး၊ ဒီလိုအခြေအနေမျိုးနဲ့တော့ မင်းကို ကိုယ် မစောင့်နိုင်ဘူး ရတနာ၊ ၁၀ မိနစ်မပြောနဲ့ တစ်မိနစ်တောင် မစောင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီး လက်ဖွေ့ယမ်းလျက် ဆက်တိုက် ပြောချလိုက်သော သူ့စကားသံများသည် ကျွန်မနားထဲ၊ ထိုမှတစ်ဆင့် ရင်ထဲသို့ စူးရှစွာ ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။

"အဲဒါ ကျွန်မအမှားပါ မောင်ရယ်၊ အဲဒီအတွက် မောင့်ကို ကျွန်မ တောင်းပန်ဖို့ လာခဲ့တာပါ"

"ဆောရီး...သိပ်နောက်ကျသွားပြီ၊ မင်းရဲ့လျစ်လျူရှုမှု၊ အလေးမထားမှုတွေကို ကိုယ် စိတ်ကုန်လှပြီ၊ ကိုယ် မင်းကို မလိုအပ်တော့ဘူး ဆိုတဲ့ စကား မင်းမပြောပါနဲ့၊ ကိုယ် မင်းဆီက ဘာတစ်ခုမှ ယူခဲ့တာ မဟုတ်ဘူး၊ တစ်လျှောက်လုံး ကိုယ်ကပဲ ပေးနေခဲ့တာ၊ မင်း မသိဘူးလား၊ ကိုယ် ယူနေခဲ့တာလား...ပေးနေခဲ့တာလား ဆိုတာတောင် မင်းမသိခဲ့ဘူးလား"

ပြင်းထန်သော သူ့စကားများကို ကျွန်မ ဆက်မကြားဝံ့တော့ပါ။

ကျွန်မတို့နှစ်ယောက်ကြားမှာ အချစ်ဆိုတာ မရှိခဲ့ဘူးလား၊ ကျွန်မ မောင့်ဆီက ရနေတဲ့ အကူအညီတွေဟာ အချစ်တွေ၊ ကရုဏာတွေ၊ အလိုလိုက်မှုတွေ မဟုတ်ဘဲ ပေးကမ်းစွန့်ကြဲမှုတွေ ဖြစ်နေခဲ့တာပေါ့။

ဘုရား...ဘုရား...။

"ကိုယ့်ဘဝမှာ မင်း မလိုပါဘူး ရတနာ၊ ဘယ်တုန်းကမှ မလိုခဲ့ပါဘူး၊ မင်း မရှိခင်ကလဲ ဒီအတိုင်းပဲ၊ မင်းပြန်သွားတော့လဲ ကိုယ့်မှာ ဘာတစ်ခုမှ လျော့နည်းသွားမှာ မဟုတ်ဘူး၊ အရာရာဟာ ပုံမှန်အတိုင်းပဲ ဖြစ်နေမှာပဲ၊ သိလား ရတနာ"





မောင်ရယ်...ဆယ်ရက်ကလေးတောင် မအောင့်နိုင်တော့ဘူးလား၊ ဆယ်ရက်တည်းပါ မောင်ရဲ့၊ ဒီစကားတွေ ကျွန်မကို ဘာဖြစ်လို့များ ပြောလိုက်တာလဲ။ ဆယ်ရက်ကြာရင် အလိုအလျောက် ပျောက်ကွယ်သွားမယ့် မိန်းမတစ်ယောက်ကို မောင် ဒီစကားတွေ ပြောစရာ လိုလို့လား။

ကျွန်မသည် ကျွန်မအား မချစ်ဘူး၊ မတွယ်တာဘူး၊ မလိုအပ်ဘူးဟု ရက်စက်စွာ ဖွင့်ချအသိပေးနေသော ချစ်သူတစ်ယောက်ရှေ့မှာ ဘယ်လိုအနေအထား၊ ဘယ်လိုခွန်အားဖြင့် မတ်တတ်ရပ်နေရမလဲဟု မသိတော့ပေ။ သူ့မျက်လုံးတွေကို ကျွန်မ မကြည့်ရဲ၊ သူ့နှုတ်ခမ်းတွေကို ကျွန်မ မကြည့်ရဲ၊ ကျွန်မ တုန်လှုပ်ချောက်ချားစွာ မျက်နှာလွှဲလိုက်မိ၏။

"ကျွန်မ...ကျွန်မ... ဒီစကားတွေ ကြားရတာ...ဝမ်းနည်းပါတယ်"

အခုမှတော့ ကျွန်မ မောင့်ဆီက ပြန်ပြေးရုံပဲ ရှိတော့တာပေါ့။

သူ နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်တာကို ကျွန်မ သိလိုက်သည်။ ကျွန်မလည်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပါသည်။ ကျွန်မ ချထားသည့် ပခုံးလွယ် အိတ်ကလေးကို ခလုတ်တိုက်မိသည်။ အလိုအလျောက် မသိစိတ်ဖြင့် အိတ်ကို ကောက်လွယ်လိုက်သည့်အချိန်မှာ ကျွန်မ မျက်လုံးထဲမှာ စောစောကတည်းက ရှိနေခဲ့ပြီးသော မျက်ရည်များ လျှံကျသွားခဲ့သည်။

"ရတနာ..."

သူ့အသံ ကွဲအက်ခြောက်သွေ့နေသည်ကိုသာ ကျွန်မ သိ၏၊ သူ့မျက်နှာကို ကျွန်မ မကြည့်ဝံ့တော့လို့ပဲ ဖြစ်သည်။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ပြောစရာမလိုတော့ပါဘူး မောင်ရယ်၊ ကျွန်မ အခုပဲ ပြန်တော့မှာပါ။

ကျွန်မ၏ တုန်လှုပ်ချောက်ချားစွာ ခံစားမှုမဲ့နေသော ခြေထောက်အစုံဖြင့် တံခါးဆီသို့ ခြေဦးတည်လိုက်ရပါသည်။

အို… မဟုတ်သေးဘူး၊ နှုတ်ဆက်ခဲ့ဦးမှ ဖြစ်မှာပေါ့၊ ကျွန်မအပေါ် အစစအရာရာ အလိုလိုက် ကူညီစောင့်ရှောက်ပေးခဲ့တဲ့ သူ့ရက်ရောမှုတွေအတွက်လေ…။ ရက်ရောမှုတွေ…၊ ကျွန်မ ဒူးတွေ ညွတ်ခွေကျသွားတော့မည်။ ရင်ထဲမှာ စူးစူးဝါးဝါး နာကျင်လာ၏။ ကျွန်မ တံခါးပေါင်ကို အားပြုရပ်ရင်းက သူ့ကို နောက်ဆုံးအကြိမ်အဖြစ် အားတင်းကာ လှမ်းကြည့်လိုက်မိသည်။ ပြည့်လျှံနေသော မျက်ရည်များကြောင့် သူ့ပုံရိပ်မှာ ဝါးနေလေသည်။ ထိုပုံရိပ်မှာ မလှုပ်မယှက်… ကျောက်ရုပ်တစ်ခုလို။

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ အစစအရာရာအတွက်ပါ၊ ကျွန်မ တကယ် လေးလေးစားစား…"

"ဆောရီး ရတနာ၊ ကိုယ် ပြောလိုက်မိတာတွေ…"

တံခါးပေါက်ဝမှ နောက်ဆုတ်ထွက်လိုက်ရင်း ကျွန်မ လက်နှစ်ဖက် မြှောက်ပြလိုက်မိသည်။

"ကိစ္စမရှိဘူး…ကိစ္စမရှိပါဘူး"

ပြုံးပြဖို့ ကြိုးစားပေမယ့် ကျွန်မ နှုတ်ခမ်းတွေက လိုရာသို့ မရောက်တော့ပါ။

"အဲဒါ ကျွန်မ သိသင့်တာတွေပါ၊ မောင်ပြောပြမှလဲ ကျွန်မ သိမှာပါ၊ အခု…ကျွန်မ သိသွားပါပြီ၊ ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်"





ကျွန်မအသံက ပြောရင်းပြောရင်း အက်ကွဲတုန်ယင်ကာ ထိန်းမရတော့ဘဲ တိမ်ဝင်သွားသည်။

လှေကားဆီသို့ လျှောက်လာသော ကျွန်မ၏ ခြေလှမ်းတွေသည် အလိုအလျောက် လှမ်းမိသော ကတုန်ကယင် ခြေလှမ်းတွေ ဖြစ်ခဲ့သည်။ ထိုခြေလှမ်းများသည် လှေကားထစ်တစ်လျှောက် မပြိုမလဲ နင်းလျှောက်ဆင်းလာနိုင်ခဲ့တာ အံ့သြစရာလား၊ ကျွန်မအသက်ရှူသွင်းနေရသော လေသည် ခါတိုင်းထက်ပိုပြီး အောက်ဆီဂျင်ဓာတ် နည်းနေသလား၊ အသက်ရှူရတာ မဝပါ၊ ကျွန်မခေါင်းထဲမှာ မူးနောက်ကာ ကျပ်ခဲနေတော့သည်။

အဝါရောင်ပန်းခင်းထဲမှာ ဖြတ်လျှောက်သွားနေသော မိန်းမသည် နာကျင်ချောက်ချားမှုတို့ဖြင့် ဒယိမ်းဒယိုင်ဖြစ်နေကြောင်း ပတ်ဝန်းကျင်က လူတွေ သိသွားမလား၊ ဒါဖြင့် လူတွေ မရိပ်မိအောင် ကျွန်မ ဘယ်လို ခြေလှမ်း လှမ်းရမှာလဲ။

အဝါရောင် အိမ်ခန်းကလေး ကျွန်မနောက်မှာ ကျန်ခဲ့ပြီ။ အိမ်တစ်ခုလုံး ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်လျက် ကျန်နေခဲ့ပြီ။

ဝရန်တာမှာ ထွက်ရပ်ပြီး မောင် လှမ်းကြည့်နေလေမလား။

မောင် မချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ နောက်ဆုံးမြင်ကွင်းကို ရုပ်ရှင်ဇာတ်သိမ်းတစ်ခု စောင့်ကြည့်သလို ကြည့်ဖို့လေ။ လွတ်လပ်သွားတဲ့ ပင့်သက်တစ်ခု အားရပါးရ ရှိုက်လိုက်ဖို့လေ…။

စိတ်ချလက်ချ ကျန်နေခဲ့ပါတော့ကွယ်၊ မောင် မလိုအပ်တဲ့ ပျော့ညံ့ညံ့ မိန်းမဟာ မောင့်ဘဝထဲကနေ အပြီးအပိုင် ပျောက်ကွယ်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထိပ် ကားလမ်းပေါ် ရောက်တော့ ကျွန်မသည် အလိုအလျောက် ပင် ညာဘက်သို့ ပလက်ဖောင်းအတိုင်း လျှောက်နေမိတော့သည်။ အနီးဆုံး ဘတ်စ်ကားဂိတ်က ဘယ်ဘက်မှာလား၊ ညာဘက်မှာလား သတိမရတော့ဘဲ ဖြစ်သည်။ ဘယ်နှစ်လမ်း ဖြတ်ကျော်သွားနေခဲ့မိပြီလဲဟုပင် မသိဘဲ ဖြစ်သည်။

ရှေ့တည့်တည့်မှ ခွေးကလေးတစ်ကောင်နှင့် လမ်းလျှောက်လာသော အမျိုးသားတစ်ဦးကို တည့်တည့်တိုးမိတော့မှ သူက 'ဟေး မင်း နေကောင်းရဲ့လား' ဟု မေးတော့မှ ကျွန်မသည် မျက်ရည်ကျရုံသာ မဟုတ်ဘဲ ရှိုက်သံသဲ့သဲ့ဖြင့် ငိုနေမိပါကလား ဆိုတာ သတိရသွားသည်။

ဘုရား...ဘုရား၊ ကျွန်မအခန်းသို့ မြန်မြန်ပြန်ရောက်ချင်လှပါပြီ။

ဘယ်သူမှ မမြင်နိုင်၊ ဘယ်သူမှ မကြားနိုင်တဲ့ ချောင်တစ်ခုမှာ ရှိုက်ကြီးတငင် ငိုချပစ်လိုက်ချင်လှပါပြီ။

ကျွန်မ၏ဘေးမှာ ကားတစ်စီး ရုတ်တရက် ကပ်၍ ရပ်လိုက်သည်။ အနီရောင်၊ ဖြုန်းခနဲ ပွင့်လာသည့် ကားတံခါး...။

"ရတနာ"

ကျွန်မ ဘယ်လိုမှ မမှားနိုင်သည့် အသံ၊ ရက်စက်သည့် မြားချက် တစ်ခုလို နာကျင်စေတတ်သော တိုးတိတ်သည့် ခေါ်သံ...၊ ထိုခေါ်သံသည် ကျွန်မ တစ်ကိုယ်လုံးကို လှုပ်ရှား၍မရအောင် ရစ်ပတ်ချုပ်နှောင်ထားလိုက်သလိုပင် ကျွန်မ တုံ့ခနဲ ရပ်တန့်သွား၏။

"ကားထဲ ဝင်ပါ ရတနာ၊ ကိုယ် လိုက်ပို့ပါရစေ"





ဟင့်အင်း...ဟင့်အင်း၊ ကျွန်မ ကြောက်လန့်တကြား ခေါင်းခါယမ်းပစ်လိုက်မိ၏။

"မောင် ဒီလိုလုပ်ဖို့ မလိုဘူးလေ...မလိုပါဘူး"

ကျွန်မ ရှေ့ဆက်လျှောက်ရန် ဟန်ပြင်သောအခါ သူ့ဘက်က ကားတံခါး ဝုန်းခနဲပွင့်သွားပြီး ကျွန်မရှေ့မှောက်သို့ သူ ရောက်လာတော့သည်။ ကျွန်မ သူ့ကို တုန်လှုပ်စွာ မော့ကြည့်မိ၏။

တော်ပါတော့၊ ကျေးဇူးပြုပြီး ကျွန်မဆီကို မလာပါနဲ့တော့။ ကျွန်မ မခံနိုင်တော့ပါဘူး မောင်ရယ်။

"အို...ကလေးရယ်၊ ကြည့်စမ်း...ကိုယ် ဘာလုပ်လိုက်မိပြီလဲ၊ ကိုယ် မင်းကို ဘာလုပ်လိုက်မိပြီလဲ"

သူ ကျွန်မကို ရုတ်တရက် ပွေ့ဖက်ကာ သူ့ရင်ခွင်ထဲသို့ တင်းတင်းကျပ်ကျပ် ဖိအပ်ထားလိုက်လေသည်။ ကျွန်မ မျက်ရည်တွေ တွေ ကျလျက် တုန်ခိုက်စွာ ရှိုက်ငိုမိသော်လည်း သူ့ကို ပြန်ပွေ့ဖက်ဖို့ဖြင့် မဝံ့ရဲပါ။ သူ...ကျွန်မကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး...တဲ့၊ ဘယ်တုန်းကမှ မလိုအပ်ခဲ့ဘူး...တဲ့။

"ကျွန်မ...ပြန်ချင်လှပါပြီ၊ ပြန်ပါရစေတော့...ကျေးဇူးပြုပြီး"

"ပြန်ရမှာပေါ့...ကိုယ် လိုက်ပို့မှာပါ ကလေးရယ်၊ လာ...ကားထဲ ဝင်ရအောင်...နော်"

သူက ကျွန်မကို ပြန်ပို့ပေးဦးမယ်၊ ဟင့်အင်း တော်လောက်ပါပြီ၊ ကျွန်မ မလိုက်ချင်တော့ပါဘူး။ သို့သော်...

နာကျင်တုန်လှုပ်မှုတွေဖြင့် ပျော့ခွေနေသော ကျွန်မကိုယ်ခန္ဓာမှာ ရုန်းဖယ်ရန် ဘာခွန်အားမှ မကျန်တော့ပါ။ ပျော့ဖတ်နေသော အဝတ်ရုပ်တစ်ခုလိုပင် ကားထိုင်ခုံမှာ သူ့အကူအညီဖြင့် ထိုင်မိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကပဲ ကျွန်မကို ထိုင်ခုံခါးပတ် ပတ်ပေးသည်။ ကား စတင်ထွက်ခွာသောအခါ သူ ကျွန်မအား တိုးတိုး ခေါ်၏။

"ရတနာ..."

ကျွန်မ ရှေ့တည့်တည့်ကိုသာ ငေးကြောင်လျက် အသိစိတ်ကင်းမဲ့သူတစ်ယောက်လို ဟာလာဟင်းလင်းကြီး ခံစားနေရသည်။ ကျွန်မဘေးမှာ ရှိနေတဲ့သူဟာ ကျွန်မကို ဘယ်တုန်းကမှ မချစ်ခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်တဲ့၊ အဲဒါ ဖြစ်နိုင်ပါ့မလားကွယ်။ သူ့ရဲ့ ယုယကြင်နာမှုတွေ၊ တွယ်တာမြတ်နိုးမှုတွေ အဲဒါတွေက ဘယ်ရောက်ကုန်ခဲ့လို့လဲ။

"ကလေး..."

ထို့နောက် ကျွန်မ၏ အေးခဲထုံကျင်နေသော ဘယ်ဘက် လက်ဖျားကို သူ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး သူ့ပါးဆီမှာ ကပ်ထားလိုက်တာကို ခံစားလိုက်ရ၏။

"ကိုယ့်ကို ခွင့်လွှတ်နိုင်သေးရဲ့လား ဟင်၊ မင်း ခွင့်လွှတ်နိုင်သေးရဲ့လား"

သူ့ပါးပြင်မှာ ပူနွေးလျက် ရှိသည်။

"စောစောက ကိုယ်ပြောခဲ့တာတွေ အားလုံး ကိုယ့်ရင်ထဲက အစစ်အမှန်စကားတွေ မဟုတ်ပါဘူး၊ မင်းကို အနိုင်ယူချင်တဲ့ စိတ်နဲ့ အပြင်းထန်ဆုံး စကားတွေကို ရွေးပြီး ပြောခဲ့မိတာပါ"

ဟုတ်ပါတယ်၊ အဲဒီစကားတွေဟာ ကျွန်မရင်ထဲကို ရှုးရှုး ဝါးဝါး နာကျင်စေတဲ့ ဓားချက်တွေလိုပဲ ပြင်းထန်ခဲ့ပါတယ်။

"အဲဒါတွေကို မင်း မယုံလိုက်ပါနဲ့ အချစ်ရယ်၊ ကျေးဇူးပြုပြီး





မယုံလိုက်ပါနဲ့၊ ကိုယ် မင်းကို ဘယ်လောက် လိုအပ်တယ် ဆိုတာ မင်းသိပါတယ်နော်"

သို့သော် အဲသည် မိုးကြိုးထစ်သလို ပြင်းထန်လှသည့် စကားတွေသည် မောင့်နှုတ်ဖျားက ထွက်လာခဲ့သည့် ရင်ထဲက အမှန်တရားတွေလည်း ဖြစ်နေမှန်း ကျွန်မ သိပါသည်။

"မင်း ခွင့်လွှတ်နိုင်အောင် ကိုယ် ဘယ်လိုတောင်းပန်ရမလဲဆိုတာ ကိုယ် မသိတော့ဘူး၊ နာကျင်သွားတဲ့ မင်းရင်ထဲက ဒဏ်ရာအတွက် ကိုယ် မင်းကို ဘယ်လိုဖြေသိမ့်ပေးရမယ်ဆိုတာလဲ ကိုယ်မသိတော့ပါဘူး၊ ကိုယ်သိတာက တစ်ခုတည်းပဲ၊ မင်းကို ကိုယ်ချစ်တယ်၊ မင်းမျက်ရည်တွေကို ကိုယ်ကြောက်တယ်၊ ကိုယ် ဘာလုပ်ရမလဲ...ကိုယ့်ကို ပြောပါဦး ရတနာ"

တုံ့ပြန်မှု မရှိ၊ ရုန်းဖယ်ခြင်း မရှိ၊ နွေးထွေးမှု မရှိ၊ ခံစားမှု မရှိ၊ အေးစက်ပျော့ခွေနေသော ကျွန်မ၏ လက်ကို သူ တစ်ချက် နမ်းပြီးနောက် အသာအယာပင် ကျွန်မ၏ ပေါင်ပေါ် ပြန်တင်ပေးလိုက်၏။

"ကိုယ့်ကို စကားမပြောချင်တော့ဘူးလား၊ ကိုယ့်ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးလား"

သူ့အသံမှာ နာကျင်မှုဝေဒနာကို ကျွန်မ ခံစားလိုက်ရသည်။ ကျွန်မ သူ့ဘက်သို့ တွန့်ဆုတ်စွာ လှည့်ကြည့်မိသည်။ ယူကျုံးမရ နောင်တတွေဖြင့် နာကျင်နင့်သီးသော မျက်လုံးများ...။ ထိုမျက်လုံးများကြောင့် ကျွန်မ တစ်ချက် ရှိုက်ငင်မိသွားသည်။

မှောင်ရီပျိုးလာသော ပတ်ဝန်းကျင်လေထုသည် ကျွန်မတို့နှစ်ယောက်၏ နောက်ဆုံးအချိန်များကို မှောင်မည်းအေးစက်သွားအောင် ဖန်တီးဖို့ ချဉ်းကပ်လာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဒီညနေ မင်းအနားမှာ နေခွင့်ပေးပါလား ကလေးရယ်"

ဘာအတွက်လဲဟု စိမ်းကားအေးစက်စွာ ကျွန်မ မေးရက်လိုက်ချင်သည်။ သို့သော် ကျွန်မက မောင့်ကို ချစ်မြတ်နိုးရသူလေ၊ မောင့်ကို စကားတစ်ခွန်းနဲ့တောင် မနာကျင်စေလိုတဲ့သူလေ။

"ကျွန်မ…"

တုန်ယင်နေသော ကျွန်မအသံကို စကားသံတစ်ခုအဖြစ် ပီပြင်လာအောင် တော်တော်ထိန်းသိမ်းယူရ၏။

"ကျွန်မ…ဒီညနေ ရေကူးမလို့"

"ဒါဖြင့် မင်း ရေကူးတာကို ထိုင်စောင့်ခွင့် ပေးမလားဟင်"

သူ့အသံသည် ဟိုတုန်းကလိုပင် ချစ်သူကို ချော့မော့တောင်းပန်သော ဟန်မျိုး ဖြစ်လာပြန်သည်။

"ရတနာလေး…"

"ကျွန်မ ရေကူးကန်ကို ကန့်လန့် အခေါက်တစ်ရာ ကူးမလို့၊ မောင်စောင့်ရတာ ပျင်းနေမှာပေါ့"

"အခေါက်တစ်ရာ…ဘာကြောင့် အခေါက်တစ်ရာလဲ၊ မင်း မောနေမှာပေါ့"

"မောချင်လို့…၊ ငိုရတာနဲ့ စာရင်လေ မောရတာကို ပိုလိုချင်တယ်"

သူ တော်တော်ကြာအောင် တိတ်ဆိတ်သွားသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

"ကိုယ် မင်းဘေးမှာ စောင့်နေပါမယ်၊ ဒါပေမဲ့ ရတနာ…ကိုယ် ကတိပေးပါတယ်၊ နောက်တစ်ခါ ကိုယ့်ကြောင့် မင်းမငိုစေရပါဘူး"





ကျွန်မ သူ့ကို တွေဝေငေးစိုက်သော အကြည့်ဖြင့် မေ့လျော့စွာ ငေးကြည့်နေမိသည်။

"ကိုယ့်ကို ယုံပါ ရတနာ"

"ကျွန်မ…ယုံပါတယ်" ဟု ခပ်တိုးတိုးကလေး ရေရွတ်မိတော့ သူ့မျက်လုံးများ ပထမဦးဆုံးအကြိမ် လက်ခနဲ တောက်ပလာသည်။

"ကျေးဇူးတင်ပါတယ် ရတနာ" ဟု မပွင့်တပွင့် ရေရွတ်သည်။ ကျွန်မ နာကျင်စွာ မျက်နှာလွှဲလိုက်မိ၏။

နောက်တစ်ခါ ကျွန်မ ငိုရတော့မှာ မဟုတ်ပါဘူး၊ မောင့်ကြောင့် နောက်တစ်ခါ မျက်ရည်ကျရတော့မှာ မဟုတ်ပါဘူး၊ ကျွန်မ သိပါသည်။ ဘာကြောင့်လဲဆိုတော့ အခုအချိန်က စပြီး ကျွန်မမျက်ရည်တွေ ခန်းခြောက်ကုန်ပြီဟု ကျွန်မခံစားလိုက်ရလို့ပါပဲ။

မောင်နှင့် ကျွန်မအကြားမှာ အခုမှပဲ တံတိုင်းကြီးတစ်ခု ခြားသွားပါပြီ။


အဲဒါ မောင်တည်ဆောက်ခဲ့တဲ့ တံတိုင်းကြီးပါပဲကွယ်။

ဘယ်လောက်ထိများ ခိုင်ခံ့လိုက်သလဲဆိုရင် မောင်ကိုယ်တိုင် ပြန်ဖြိုတာတောင်မှ မပျက်နိုင်တော့ပါဘူး။

၀

www.burmeseclassic.com

www.burmeseclassic.com



k.n. Lynn; Accord, acrylic (4 x 3 ft)

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတစ်ယောက်၏ ချစ်ခြင်းဆိုင်ရာ ဘဝသည် ပန်းချီကားတစ်ချပ်ဖြစ်ခဲ့သည်ဆိုလျှင် ကျွန်မ၏ချစ်သူက ဒြပ်မဲ့အနုပညာဝါဒီ ပန်းချီဆရာ တစ်ယောက်ပဲ ဖြစ်လိမ့်မည်။

သူသည် ကျွန်မ၏ ချစ်မှုရေးရာ ဘဝပုံတူကို သူများ ကြည့်လို့ လှပအောင် ရေးခဲ့မည် မဟုတ်။ ခွဲခြမ်းစိတ်ဖြာဖို့ ခန့်မှန်းပုံဖော်ဖို့ ရေးခဲ့မည်မဟုတ်၊ သူ့အတွက် အဓိကလိုအပ်ချက်မှာ ကျွန်မ၏ဖြစ်တည်မှုကို ဟိုးအတွင်းစိတ်ထိ (မညာမတာ) နက်ရှိုင်းစွာ ထွင်းဖောက်မြင်နိုင်ဖို့၊ ထိုဖြစ်တည်မှုကို သူခံစားရသည့်အတိုင်း ဖွင့်လှစ်ပြသဖို့...ဒါပဲ ဖြစ်သည်။

ကျွန်မသည် သူခံစားရသလို ရေးဆွဲနိုင်စေဖို့ အဆင်သင့် အနေအထားဖြင့် ဖြူဖွေးသော ကင်းဘတ်စ တစ်ခုဖြစ်သည့်အခါ သူ ကြဲပက်လိုက်သော ဆေးစက်များကသာ ကျွန်မ၏ ချစ်ခြင်းဘဝကို ထာဝရ ပြဌာန်းခဲ့သည်။

ကျွန်မသည် အဆုံးအစ မရှိ၊ တစ်သဖက်တည်း ပွင့်လှစ်စွာ တည်ရှိသော ပန်းချီကားတစ်ချပ် ဖြစ်သည်။ ထိုပန်းချီကားသည် ပန်းချီဆရာ၏ လှုပ်ရှားမှု ပြီးဆုံးသွားသည့်အခါ သူ နောက်ဆုံး ရေးလိုက်သော ဆေး စက် တစ်စက်ဖြင့် ပြည့်စုံစွာ ပြီးဆုံးသွားခဲ့ပြီ။

ပန်းချီဆရာသည် ပြီးပြည့်စုံသွားသော ပန်းချီကားတစ်ချပ်ကို နောက်ထပ်ဘယ်သောအခါမှ ဆေးစက် မထိတို့တော့ပေ။

# အပြာရောင် လျှို့ဝှက်ည

ထိုင်ခုံတွေအားလုံးမှာ လူပြည့်နေရုံမျှမက နောက်ဘက်မှာ မမျှော်လင့်ဘဲ ရောက်လာသော ဧည့်သည်များ မတ်တတ်ရပ်၍ ကျွန်မကို နားထောင်နေကြသည်။

ကျွန်မအား ရင်ခုန်စွာ စိတ်လှုပ်ရှားစေသည်က အခန်းအပြည့် ပရိသတ် မဟုတ်၊ ရှေ့ဆုံးတန်းက အဆောင်မနေ မိတ်ဆွေအပေါင်းအသင်း ပရိသတ်လည်း မဟုတ်။ နောက်ကျမှရောက်လာပြီး နောက်ဆုံးတန်း အစွန်အဖျားဆုံးမှာသာ နေရာရခဲ့သော 'သူ'၏ စူးစိုက်နားထောင်နေသော မျက်နှာသာ ဖြစ်သည်။

မိုးသောက်ပန်း စံအိမ် စာဖတ်ပွဲမှာတုန်းကတော့ ကျွန်မ ကိုယ်တိုင် ဖိတ်စာပေးခဲ့သည်ဖြစ်၍ ချစ်သူတစ်ယောက်၏ အရေးကြီးသော ညနေခင်းတစ်ခုကို ရင်ခုန်စွာ မျှဝေခံစားရန် သူ လာခဲ့မည်ဟု သိနေသည်။ ယခု ဂန္ဓမာတက္ကသိုလ် စာဖတ်ပွဲမှာတော့ ကျွန်မ သူ့အား ဖိတ်စာ ပို့မထားခဲ့၊ အကြောင်းလည်း မကြားခဲ့ပါ။ သို့သော် သည်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာ နေ့စဉ်ကျင်းပသမျှ လက်ချာများ၊ စာဖတ်ပွဲများ၏ ဖိတ်စာ စာရွက်စာတမ်းအားလုံး သူ ရထားခဲ့ပါလိမ့်မည်။ ကျွန်မ၏ စာဖတ်ပွဲကို သူ တက်ရောက်နားထောင်ခွင့်ရဖို့ ကျွန်မ သူ့အား အသိပေးစရာပင် မလိုခဲ့ပါ။

"အဲဒီ ပန်းကန်ဆေးစက်ဆိုတဲ့ အရာကို ကျွန်မ ဖွင့်ထားပြီးတော့ အချိန်တော်တော်ကြာအောင် လေ့လာစူးစမ်းနေခဲ့ရသမျှဖြင့် ရေဝင်စရာ ရေထွက်စရာ အပေါက်လဲ မတွေ့၊ ပန်းကန်တွေကို ပွတ်သပ်ပေးမယ့် ရေမြှုပ်လို ဘာရုပ်ရှိလို အရာလဲ မတွေ့၊ ဆပ်ပြာထည့်စရာ ဆိုတဲ့ နေရာကလေးကလဲ သေးသေးငယ်ငယ်ကလေး၊ ဒါနဲ့များ သူက ပန်းကန်ဆေးဦးမယ်တဲ့... ဖြစ်နိုင်ပါ့မလား"

ပရိသတ်တချို့ ပြုံးကြပါသည်။

"ကျွန်မ အဲဒီစက်ကို အနီးကပ် လေ့လာလိုက် အဝေးခပ်လှမ်းလှမ်းကနေ ကြည့်ပြီး အကဲခတ်လိုက်နဲ့ စဉ်းစားနေမိခဲ့တယ်၊ သူက ပန်းကန်တွေကို ဘယ်လိုဆေးမှာလဲ၊ သူ့ကို ကျွန်မ ဘယ်လိုသုံးရမှာလဲ"

မိုးသောက်ပန်းစံအိမ် စာဖတ်ပွဲမှာတုန်းက ဖတ်ခဲ့သော 'မြန်မာ အမျိုးသမီးများ' ဟူသော ခေါင်းစဉ် စာတမ်းသည် လေးနက်သော အကြောင်းအရာ၊ တွေးခေါ်စဉ်းစားဖွယ် အကြောင်းအရာ ဖြစ်ချင်ဖြစ်ခဲ့လိမ့်မည်၊ သို့သော် ပရိသတ်အား အနည်းနှင့်အများ ငြီးငွေ့စေခဲ့မည် ထင်သည်။ ယခု ကျွန်မ ပြောနေသော 'တခြားကမ္ဘာက ဂြိုဟ်သားတစ်ဦး' စာတမ်းကတော့ ပရိသတ် မငြီးငွေ့တာ သေချာပါသည်။

"ကျွန်မ ဘေးနားမှာ စက်ကို အသုံးပြုနည်း လက်စွဲ စာအုပ်





စာတမ်းလဲ မရှိဘူး၊ ဒီစက်ကို ကျွန်မ ဘယ်လိုသုံးရမှာလဲ၊ တစ်ခုခု မှားသွားရင် ပန်းကန်တွေ ကွဲသွားမှာလား၊ ကျွန်မ လျော်ရမယ့် အဖြစ်တော့ မဖြစ်စေချင်ဘူးလေ။ ကောင်းပြီ... ကျွန်မမှာ ဘုရားပေးထားတဲ့ လက်တွေ ရှိတယ်၊ ဂန္ဓမာက ပေးထားတဲ့ ဆပ်ပြာရည်ဘူးတွေနဲ့ ရေမြှုပ်လေး ရှိတယ်၊ ဒီစက်ကြီးကို မေ့လိုက်တော့။ အဲဒီနောက်တော့ စက်အဖုံးတံခါးကို ပြန်ပိတ်ပြီး ကျွန်မ လက်တွေနဲ့ပဲ ပန်းကန်တွေကို ဆေးခဲ့ပါတော့တယ်"

ကျွန်မ၏ စကားသံများ၊ သဏ္ဌာန်လုပ် သရုပ်ဆောင်ထားသည့် အူတူတူ မျက်နှာပေးနှင့် ဟန်အမူအရာများကို သူကတော့ အံ့ဩသွားမှာ သေချာပါသည်။ သူ ပေးလိုက်မိသည့် ဒဏ်ရာတွေဖြင့် နာကျင် ကြေကွဲနေရမည်ဖြစ်သော မိန်းမတစ်ယောက်သည် သူ့ရှေ့မှောက်မှာ ဟာသဉာဏ် စွက်လျက် အေးဆေးတည်ငြိမ်စွာ စာဖတ်နိုင် စကားပြောနိုင်သေးကြောင်း သူ သိပြီပေါ့။

တကယ်တော့ အဲသည်စာတမ်းကို ကျွန်မ ရေးထားခဲ့သည်မှာ လေးငါး ခြောက်လ ရှိပါပြီ။ ကျွန်မ၏ နေ့စဉ်မှတ်တမ်းမှ 'စက်ပစ္စည်းများနှင့် ဂြိုဟ်သားတစ်ယောက်' ဟူသော အခန်းခွဲတစ်ခုကို ကျွန်မ ဖတ်ပြနေခဲ့ခြင်းသာ ဖြစ်သည်။ ယခုအချိန်မှာ ကျွန်မ၌ ရှိသမျှ ခွန်အားတွေ၊ ဉာဏ်ရည်တွေ ကုန်ဆုံးသွားခဲ့ပြီမို့ စာတမ်းအသစ်ရေးဖို့ဖြင့် စိတ်တောင် မကူးနိုင်ပါ။

မီးအချက်ပေး ကိရိယာ ထမြည်သည့် ညနေခင်းအကြောင်းကိုတော့ ကျွန်မ အတိုချုံး၍ ပြောခဲ့သည်။

"အဲဒီညနေခင်းမှာ ကျွန်မ မီးဖိုကို မသုံးခဲ့ပါဘူး၊ ရေနွေးအိုးတောင် မတည်ခဲ့ဘူး၊ အငွေ့ဆိုလို့ အခန်းထဲမှာ ဘာမှ မရှိတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အဲဒီသတ္တဝါလေးက ဆူညံနေအောင် ထမြည်တော့တာပဲ။ ဘာကြောင့်လဲ၊ ဘာကြောင့် သူက မြည်ရတာလဲ၊ ကျွန်မ ဘာလုပ်ခဲ့လို့လဲ၊ အဲဒီထူးဆန်းတဲ့အသံဟာ စိတ်ရှုပ်စရာလဲ ကောင်း၊ ကြောက်စရာလဲ ကောင်းတော့ ဘာလုပ်ရမှန်း မသိဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားတာပေါ့၊ ကျွန်မ ဘာမှမလုပ်ခဲ့ဘူး၊ ကျွန်မ ဘာမှ မလုပ်ခဲ့ဘူးလို့ ရေရွတ်ရင်း အခန်းထဲမှာ ဟိုပြေး ဒီပြေး ပြေးနေမိတယ်။ ပြီးမှ အဆောင်မှူးဆီ ဖုန်းဆက်ပြီး ပြောတော့ သူက အေးအေး ဆေးဆေးပဲ လာတောင် မကြည့်ဘူးလေ၊ ဖုန်းထဲကနေပဲ ညွှန်ကြားချက်တွေ ပေးခဲ့တာပဲ၊ အို်း...ဒီလိုဆိုတော့လဲ ဒီကောင်ကို ရပ်အောင် လုပ်ဖို့ နည်းရှိနေသားပါကလား"

သူ့မျက်နှာကို ကျွန်မ ခပ်လျှမ်းလျှမ်း လှမ်းကြည့်မိတော့ သူများတွေလို အပြုံးကို မတွေ့ရ။ ကျွန်မအား စူးစိုက်ငေးမောနေသော သူ့အကြည့်ကို ခွဲခြမ်းစိတ်ဖြာဖို့ ကျွန်မမှာ အချိန်မရပါ။ သို့သော် ထိုအကြည့်သည် ကျွန်မ၏ စကားနှင့် အမှုအရာတွေဆီမှ ကျော်လွန်ကာ ထွင်းဖောက်သော အကြည့် ဖြစ်သည်။ ကျွန်မ ရင်ထဲက ဝေဒနာကို မြင်အောင်ရှာနေသော အကြည့် ဖြစ်သည်။

ကျွန်မ သူ့ထံမှ မျက်နှာလွှဲလိုက်မိ၏။

သူ ကျွန်မရင်ထဲက ဘာကိုမှ မမြင်တွေ့သွားစေရဘူး။

ကျွန်မ စာရွက်ကို တစ်ချက် ငုံ့ကြည့်လိုက်ပါသည်။

"ဘုရား သိကြား မ,လို့ အဲဒီအသံ ရပ်သွားခဲ့တော့မှ ကျွန်မ အဲဒါကို စူးစူးစိုက်စိုက် လေ့လာစပ်စုနေမိတော့တယ်၊ ဘာများ မှား သွားလို့ အဲဒါက မြည်ခဲ့တာလဲ။ နောက်တစ်နေ့ ညနေမှာ ဂန္ဓမာ လျှပ်စစ်ဆိုင်ရာ အလုပ်သမားတစ်ယောက် ကျွန်မအခန်းကို ရောက်





လာပြီး အဲဒီအရာကို စစ်ဆေးပြင်ဆင်ကြည့်တယ်၊ အဲဒီမှာ ဘာတွေ့ရသလဲ ရှင်တို့သိလား၊ ပင့်ကူတစ်ကောင်..."

သူတို့အားလုံး ရယ်မောလိုက်ကြ၏။

"သူက ပင့်ကူအသေလေးကို ကျွန်မကို ပြတယ်၊ အဲဒီအကောင်ကြောင့် မြည်တာဆိုပဲ၊ သြော်...သြော်...ဒီလိုလား၊ မီးအချက်ပေးကိရိယာလို့ အမည်ခံထားပေမယ့် ပင့်ကူတစ်ကောင်ကြောင့်လဲ မြည်တတ်သေးတာကိုး၊ စက်ဆိုတာ အဲဒါပါပဲလို့ ကျွန်မ ရေရွတ်မိတော့တာပေါ့"

နောက်ထပ် ကျွန်မပြောပြသော စက်ပစ္စည်းမှာ သစ်ရွက် လေမှုတ်စက် (Leaf blower) ဖြစ်ပါသည်။

"ဂန္ဓမာ သုတေသီအဆောင်ကို ရောက်တဲ့ သုံးရက်မြောက် မနက်ခင်းတစ်ခုမှာ အလွန်ထူးဆန်းတဲ့ စက်သံတစ်ခုကြောင့် ကျွန်မ လန့်နိုးလာခဲ့တယ်၊ ဘယ်က လာတဲ့အသံလဲ၊ ဘာကြောင့် မြည်နေခဲ့တာလဲ၊ အနောက်တံခါးလမ်းဘက် မျက်နှာပြုထားတဲ့ပြတင်းပေါက်ဆီကတစ်ဆင့် ငုံ့ကြည့်လိုက်တော့ အင်မတန် ထူးဆန်းတဲ့မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတယ်၊ ပလက်ဖောင်းအတွင်းဘက်က မြက်ခင်းပြင် တစ်လျှောက်မှာ ပိုက်တံ တစ်ခုနဲ့ လေတွေ မှုတ်ထုတ်ပေးနေတဲ့ လူတစ်ယောက်ကို မြင်လိုက်ရလို့ပဲ။ သူ့နောက်ကျောမှာ စက်ပစ္စည်း တစ်ခုခုကို လွယ်ထားတယ်၊ သူဟာ အလုပ်သမားတစ်ယောက်လို့ သူ့ဝတ်စုံက ပြောပြနေပါရဲ့၊ ဒါပေမဲ့ သူ ဘာလုပ်နေတာလဲ၊ ဘာတွေကို လေနဲ့ လိုက်မှုတ်နေတာလဲ။

"...ကျွန်မ စောင့်ကြည့်ရင်းကနေ သဘောပေါက်သွားတယ်၊ လက်စသတ်တော့ မြက်ပင်တွေကြားမှာ လွင့်ကျနေတဲ့ သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကလေးတွေကို လေနဲ့ မှုတ်ထုတ်နေတာကိုး၊ သစ်ရွက်တွေဟာ လေနဲ့မှုတ်ခံလိုက်ရတော့ ပလက်ဖောင်း ကွန်ကရစ်ပေါ် လွင့်ကျ၊ အဲဒီမှာ တစ်ခါထပ်မှုတ်တော့ မြက်ရွက်တွေထဲ ဝင်၊ ဟိုဘက်က မှုတ်လိုက်…ဒီဘက်ရောက်၊ ဒီဘက်က မှုတ်လိုက်…ဟိုဘက်ရောက်နဲ့ အသံကလဲ တဂျီဂျီ ဆူအောင် မြည်နေ၊ ကျွန်မမှာ သူ့ကို စောင့်ကြည့်ရင်း အူယားလာမိတယ်”

ကျွန်မ၏ အခန်းနီးချင်း ကေသီက ကျွန်မ၏ သစ်ရွက်မှုတ်စက် အတွေ့အကြုံကို သိထားသူမို့ နှစ်နှစ်ကာကာ ပြုံးရင်း ကျွန်မအား လှမ်းကြည့်နေသည်။ သူနှင့် ကျွန်မ အခန်းထဲ အဝင် အထွက်ဆုံတိုင်း လှေကားထိပ်စင်္ကြံမှာ ခဏခဏ မတ်တတ်ရပ် စကားပြောကြသည့်အခါ ဉာဏ်မြို့နှင့် ဉာဏ်နိုင်ငံအပေါ် သူမ အမြင် ကျွန်မအမြင်တို့ ဖလှယ်ယူကြလေ့ရှိပါသည်။

“ကျွန်မကြည့်နေတဲ့ ငါးမိနစ်အတွင်းမှာ ပလက်ဖောင်း တစ်ကွက်စာ နေရာက သစ်ရွက်ခြောက်တွေနဲ့ လမ်းဘေးက သစ်ရွက်ခြောက်တွေကို သူကြိုးစားပမ်းစား ဟိုမှုတ် ဒီမှုတ် စုဆောင်းနေလိုက်တာ ဟောဒီလောက်လောက်ကလေးပဲ ရတယ်”

ကျွန်မ လက်နှစ်ဖက်ဖြင့် ဝိုင်းပြလိုက်တော့ ရယ်သံတချို့ ကြားရသည်။

“လက်နဲ့ ကောက်ပြီး အမှိုက်အိတ်ထဲ ထည့်ရင်တောင် ဒီလောက် မကြာပါဘူး၊ ကျွန်မမှာ မှန်ပြတင်းကနေ ကြည့်ရင်း သူ့တောင် သွားကူညီချင်တဲ့စိတ်တွေ ပေါက်လာတယ်၊ တဂျီဂျီကလဲ နားဆူပြန်၊ သစ်ရွက်တွေကလဲ ဟိုလွင့်သည်လွင့် ထိန်းရခက်ပြန်





သြော်… ဖြစ်မှဖြစ်ရလေ သစ်ရွက်လေမှုတ်စက်ရယ်၊ ဘာများ လုသက်သာလို့ ဒီစက်ကို တီထွင်ထားကြပါလိမ့်။

“…ကျွန်မ အဲဒီအလုပ်သမားကို မေးခွန်းတစ်ခု မေးလိုက်ချင်တယ်၊ တစ်ခွန်းတည်းပဲ မေးလိုက်ချင်တယ်၊ ရှင့်ဘဝမှာ တံမြက်စည်း ဆိုတာကို မြင်ဖူးရဲ့လားလို့”

နားထောင်နေသူအားလုံး ဝေါခနဲ ရယ်မောကြပါသည်။

ထိုမေးခွန်းသည် သူတို့ကိုပါ ရောပြီး အမေးခံလိုက်ရမှန်း သူတို့ သဘောပေါက်သွားကြသည်။

စာတမ်းဖတ်ပြီးသွားသောအခါ ပရိသတ်ဆီက ရလာသည့် မေးခွန်းတွေမှာ ကျွန်မတို့၏ လူမှုဘဝ အနေအထားအကြောင်းများဖြစ်သည်။ ကျွန်မ မေးခွန်းတွေကို မျှော်လင့်ထားပြီးသား၊ အဖြေတွေကိုလည်း ကြိုတင်စဉ်းစားထားပြီးသား ဖြစ်သဖြင့် အထစ်အငေါ့ မရှိခဲ့ပါ။

ဆွေးနွေးပွဲပြီးဆုံးသွားသည့်အခါ ခန်းမအထွက် စင်္ကြံအကျယ်တွင် Snack သုံးလေးမျိုး၊ အသီးတချို့နှင့် အအေးများကို ကြိုက်နှစ်သက်ရာ လိုသလောက် သုံးဆောင်နိုင်သည့် ဧည့်ခံပွဲတစ်ခု ရှိနေသေး၏။

သူ ကျွန်မကို လာရောက်နှုတ်ဆက်သည်မှာ ထိုစင်္ကြံဆီသို့ အထွက်တံခါးဝမှာ ဖြစ်သည်။

သူ့မျက်နှာမှ ရွှင်လန်းတောက်ပသော အပြုံးသည် ကျွန်မထံသို့ ချက်ချင်း ကူးစက်သွားသဖြင့် မထင်မှတ်ဘဲ ကျွန်မ ပြုံးရယ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ...သိပ်စိတ်ဝင်စားစရာကောင်းတဲ့ စာတမ်းပဲ၊ မင်းအတွက် ကိုယ် ဝမ်းသာဂုဏ်ယူပါတယ်"

သူ ကျွန်မအား ပွေ့ဖက်နှုတ်ဆက်သောဟန်မှာ တကယ်ချစ်ခင် ရင်းနှီးသော မိတ်ဆွေသူငယ်ချင်း၏ဟန်ပဲ ဖြစ်၏။

"ကျေးဇူးတင်ပါတယ်"

သူက ကျွန်မအား ပခုံးမှ ကိုင်ရင်း လက်တစ်ဆန့်အကွာမှ ရွှန်းရွှန်း စားစား ကြည့်နေသည်။

"ကိုယ်မြင်နေကျ အရာဝတ္ထုတွေကို တခြားသူတစ်ယောက်ရဲ့ မျက်လုံးတွေနဲ့ မြင်တွေ့ခံစားကြည့်ရတာ သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ အခု...ကိုယ် မင်းမျက်လုံးနဲ့ အရာဝတ္ထုတွေကို ရိုးရိုးစင်းစင်း မြင်ကြည့်ဖူးသွားပြီ၊ အဲဒီလို မြင်ခွင့်ရအောင် မျှဝေပေးတဲ့အတွက် ကျေးဇူးပဲ"

ကျွန်မ ပြုံး၍ ခေါင်းယမ်းလိုက်မိ၏။

"ကျွန်မကဖြင့် မောင့်ကို စာဖတ်ပွဲဖိတ်စာတောင် မပို့ခဲ့၊ အသိမပေးခဲ့ဘူးလေ"

သူ့အပြုံးက လျော့မသွားပါ။

"ဒါကို ကိုယ်နားလည်နိုင်ပါတယ်၊ ဘာကြောင့် မပို့ခဲ့သလဲဆိုတာ ကိုယ် သိနေတယ်လေ"

ကျွန်မ သူ့အား မျက်ခုံးပင့်ကြည့်မိသွားသည်။

"ဘာကြောင့်လဲ"

"မင်းရဲ့ နေ့စဉ်ဘဝမှာ မင်းရဲ့ အထူးညနေခင်းတွေမှာ၊ ဘယ်မှာပဲဖြစ်ဖြစ် ကိုယ် ရှိနေဖို့ မလိုအပ်ဘူးဆိုတာ သက်သေပြချင်လို့





မဟုတ်လား၊ ကိုယ့်ကို မင်း ဘယ်တုန်းကမှ မလိုအပ်ခဲ့ပါဘူးဆိုတာ သက်သေပြဖို့လေ"

သူ၏ တိုက်ရိုက်ကျလွန်းသော ဝေဖန်မှုကြောင့် ကျွန်မ မျက်နှာပူပူနှင့် ရယ်မောလိုက်ရ၏။ သူဟာ အခုချိန်ထိ ကျွန်မကို အမှန်အတိုင်း မြင်တတ်နေတုန်းပါပဲလား။

ကျွန်မတို့နှစ်ယောက် အခန်းထဲမှ အတူထွက်လာခဲ့ကြသည်။

"မင်းရဲ့ ညနေခင်းတွေမှာ ကိုယ်ရှိနေဖို့ မလိုပေမယ့် ကိုယ့်ရဲ့ ညနေခင်းတွေမှာတော့ မင်းရှိနေဖို့ လိုတယ် ဘေဘီ၊ ကျေးဇူးပြုပြီး မင်း မသိချင်ဟန် မဆောင်လိုက်ပါနဲ့"

သူ ကျွန်မကြားသာရုံ တိုးတိုးကလေး ကပ်ပြောတာ ဖြစ်ပေမယ့် ဘေးပတ်ဝန်းကျင်က လူတွေ ကြားသွားမှာ ကျွန်မ စိုးရိမ်သွားရသည်။

"ရှူး...ကျွန်မတို့ချည်း မဟုတ်ဘူးလေ"

"ကိုယ် ဂရုမစိုက်ဘူး"

"ဒါပေမဲ့ ကျွန်မ ဂရုစိုက်တယ်"

ကျွန်မ မျက်နှာထားတင်းတင်းကို သူ အရှုံးပေးဟန်ဖြင့် လက်မြှောက်ပြလိုက်၏။

"ကောင်းပြီ...ကောင်းပြီ"

ကျွန်မ သူ့ကို ထားခဲ့ပြီး ဘူဖေးစားပွဲဆီသို့ လျှောက်သွားလိုက်ကာ အအေးခွက်တစ်ခုကို ကိုင်လိုက်သည်။ ခဏအတွင်းမှာ ကျွန်မနှင့် အဆောင်နေ မိတ်ဆွေသူငယ်ချင်းများ စကားလက်ဆုံကျသွားသည်။ သူ့ကို သတိရလို့ လိုက်ရှာကြည့်မိတော့ ကျွန်မတို့၏ ဧည့်ကြည့်တိုက်မှူး အမျိုးသမီးနှင့် သူ စကားပြောနေတာ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေလို သူ့ အအေးတစ်ခုခု သောက်မနေပါ။ သူ့လက်ထဲမှာ ဘာမှ မရှိပါ။

"ဟေး ... ရတနာ၊ မင်းလုပ်ခဲ့တာ သိပ်ကောင်းတာပဲ"

ကျွန်မနောက်မှ တက်ကြွသော အသံ တစ်သံ၊ သည်လောက် မြူးကြွနေသော လူငယ်သံ ဆိုလျှင် 'ဝေကို'ပဲ ဖြစ်ရမည်။ ကျွန်မ လှည့်ကြည့်လိုက်တော့ တကယ်ပဲ ကျွန်မတို့အဆောင်က ကွန်ပျူတာ ပန်းချီပညာရှင်ကလေး ဖြစ်နေသည်။

"ကျေးဇူးပဲ ဝေကို"

"ဒါပေမဲ့ မင်း တစ်ခု ကျန်သွားလားလို့"

"ဘာပါလိမ့်"

ကျွန်မ မျက်မှောင်ချီ၍ မေးမိသည်။ သူက သူ့ပန်းကန်ပြား ထဲမှ စထရော်ဘယ်ရီသီး နှစ်ခြမ်းကို ခက်ရင်းဖြင့် ထိုးကော်ကာ ပလုတ်ပလောင်း စားရင်း ပခုံးတွန့်၏။

"မင်း ပြောဖူးတဲ့ မြေအောက်ရထား ဘူတာရုံ ဝင်ပေါက် အကြောင်းလေ"

"အိုး ..."

ကျွန်မ သတိရသွားကာ တစ်ချက်ရယ်မောမိသည်။ အနားက မသိလိုက်သော ကေသီတို့အုပ်စုက ဘာလဲ ... ဘာလဲဟု စပ်စုကြ သည်။ ဝေကိုက ကျွန်မအား ပြောလိုက်ဟု မေးငေါ့ပြသည်။ ပထမ တော့ ကေသီတို့အား ရှင်းပြဖို့ပါပဲ။ သို့သော် ကျွန်မအနီးသို့ သူ ရောက်လာခဲ့တော့ ကျွန်မ ပြောရမည့်စကားတွေ ပျောက်ကွယ်ကုန် တော့သည်။

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ"





သူက ကျွန်မဘေးက အပေါင်းအသင်းတွေကို ယဉ်ယဉ်ကျေး ကျေး ကလေး ခွင့်တောင်းပြီး ကျွန်မအား တစ်ဖက်သို့ မျက်နှာရိပ် မျက်နှာကဲဖြင့် ခေါ်သွားပါသည်။

"ရတနာ ... ကိုယ် မင်းကို ပြန်ပို့ပေးဖို့ စောင့်နေမယ်နော်၊ ကိုယ် အပြင်ကပဲ စောင့်နေမယ်၊ ခါတိုင်း မင်းကိုစောင့်တဲ့ ဥယျာဉ်အဆင်း လှေကားထိပ်မှာ ..."

ကျွန်မ သူ့ကို မျက်နှာချင်းဆိုင်၍ စိန်းစိန်းကြည့်မိသည်။ ကျွန်မ ဘာပြောတော့မည်ကို ရိပ်မိဟန်ဖြင့် သူ ကပျာကယာ လက် ကာပြ၏။

"ရတနာ ... တစ်ဆိတ်ကလေး၊ ကိုယ်နဲ့ မလိုက်နိုင်ဘူးလို့ မငြင်း လိုက်ပါနဲ့၊ မင်း ကိုယ့်အကူအညီ မလိုမှန်း ကိုယ် သိပါတယ်၊ ဒါပေမဲ့ ကိုယ်က မင်းအကူအညီကို လိုနေတယ်"

ကျွန်မအား အလေးအနက် တောင်းပန်နေသည့် မျက်ဝန်း ညို ညိုများကို ကျွန်မ ဘယ်တုန်းကမှ တင်းခံနိုင်စွမ်း မရှိပါ။

"ကျေးဇူးပြုပြီး ..."

"ကောင်းပြီလေ၊ ကျွန်မ ရှင်နဲ့ လိုက်ပါမယ်၊ ဒါပေမဲ့ ကျွန်မ သူ့ကားနဲ့ မလိုက်တော့ဘူးဆိုတာ အဆောင်မှူးကို သွားပြောဦးမှ ဖြစ်မယ်"

တက္ကသိုလ်၏ အပြင်မှန်တံခါးမှ ထွက်လိုက်သည့်အချိန်တွင် ပူနွေးသော လေသည် ကျွန်မ၏ မျက်နှာအား ဆီးကြိုတိုက်ခတ်လိုက် ၏။ ကောင်းကင်ပြင် တစ်ခုလုံး အနီရောင်တိမ်တို့ဖြင့် ပြိုလဲဆဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တောင်ကုန်း၏အောက်ဘက်ဝန်းကျင်မှာတော့ မြူငွေ့ပါးပါးဖြင့် အုပ်ဆိုင်းနေလေသည်။

မထင်မှတ်ဘဲ ကျွန်မဘေးမှာ သူပါနေပြန်ပြီ။ မဟုတ်ဘူး... သူ့ဘေးမှာ ကျွန်မ ပါလာတာပဲ ဖြစ်မည်။

"ကိုယ်တို့ ဘယ်တုန်းကမှ မလုပ်နိုင်ခဲ့တဲ့ နေ့လယ်စာ အတူစားဖို့ကိစ္စ မနက်ဖြန်မှာ အဆင်ပြေနိုင်မယ်ထင်လား ရတနာ"

သူ ကျွန်မကို ငဲ့ကြည့်ရင်း တိုးတိတ်နူးညံ့စွာ မေး၏။ ကျွန်မ ပခုံးတွန့်ပစ်လိုက်မိပါသည်။

"ဆောရီး...ကျွန်မ မနက်ဖြန် နေ့လယ်စာကို တရုတ်တန်းမှာ ဒင်မ်ဆန် သွားစားဖို့ မိုးသောက်ပန်းစံအိမ်က ဒါရိုက်တာ လင်မယားနဲ့ ချိန်းပြီးသား၊ ညစာကို မြို့ထဲမှာ အာဖရိကန်တီးဝိုင်းတစ်ခု သွားကြည့်ရင်း စားဖို့ မိတ်ဆွေတချို့နဲ့ ချိန်း ပြီးသား"

သူ့ကို ငြင်းပယ်ရတာ သည်လောက် အရသာရှိလိမ့်မည်ဟု ကျွန်မ တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပါ။

သူ မျက်နှာပျက်သွားရာက ချက်ချင်းပြန်ထိန်းပြီး ပြုံးလိုက်၏။

"ဒါဖြင့် တနင်္ဂနွေရော"

"တနင်္ဂနွေမှာ ကျွန်မအခန်းကို ကျွန်မ ဝင်တုန်းက အခြေအနေအတိုင်း လှပသေသပ်နေဖို့ ရှင်းလင်းပေးရဦးမယ်၊ ကျွန်မ မအားဘူးလေ"

ထို့နောက် မချိပြုံး ပြုံးလိုက်သော သူ့မျက်နှာကို အားရပါးရ ကြည့်ကာ တစ်ဆက်တည်း ပြောလိုက်ရသည်။

"တနင်္ဂနွေညမှာတော့ မမချယ်ရီအိမ် သွားအိပ်တော့မှာလေ၊





သူ့အိမ်ကလေယာဉ်ကွင်းနားမှာကိုး၊ ကျွန်မကို လေဆိပ်ကိုမမချယ်ရီပဲ လိုက်ပို့ပေးလိမ့်မယ်"

သူ ခပ်ဟဟ ရယ်မောသည်။

"ဒီလိုဆိုတော့ မင်းအစီအစဉ်တွေထဲမှာ ကိုယ်မပါတော့ဘူးပေါ့နော်၊ ကိုယ် ဝမ်းနည်းပါတယ် ရတနာ"

သူ ကျွန်မထံမှ မျက်နှာလွှဲကာ ပြတိုက်ရှေ့ ထွက်ပေါက်မှ ဆူညံစွာ စကားပြောရင်း ထွက်လာကြသော မိသားစုတစ်စုအား ငေးကြည့်နေသည်။ ထို့နောက် ခေါင်းတစ်ချက် ညိတ်၏။

"ဒါဖြင့် မင်း ကိုယ့်ကို မကူညီနိုင်တော့ဘူးပေါ့"

"အို...ဟုတ်ပါရဲ့"

သူ့စကားကို ကျွန်မ သတိရသွားသည်။

"ပြောပါဦး၊ ကျွန်မ မောင့်ကို ဘယ်လိုကူညီရမလဲ"

သူ ခပ်ငိုက်ငိုက် ငုံ့ကာ လမ်းလျှောက်နေသည်။ ရုတ်တရက် အဖြေမရပါ။ ခြေလှမ်း တော်တော်လှမ်းမိကြတော့မှ ပင့်သက် တစ်ချက် ရှိုက်သံကြားရသည်။

"ကိုယ် မင်းနဲ့ ခွဲဖို့ အခုထိ အဆင်သင့်မဖြစ်သေးဘူး၊ ရယ်စရာ မကောင်းဘူးလား"

အဲဒါ ကျွန်မ မေးခွန်းအတွက် လုံလောက်သော အဖြေ ဖြစ်သလား။ ကျွန်မ မသိပါ။ ကျွန်မကို မလိုအပ်ဘူး၊ မတွယ်တာဘူးဟု ရက်စက်စွာ အသိပေးကြေညာထားသော လူတစ်ယောက်က ကျွန်မနှင့် ခွဲဖို့ အဆင်သင့် မဖြစ်သေးဘူးဆိုတော့ အဲသည်စကားအတွက် ကျွန်မ ရယ်မောလိုက်ရမှာလား၊ သူ့ကိုပဲ နှစ်သိမ့်ရမှာလား ကျွန်မ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ဒီနည်းနဲ့ မင်းကို မခွဲချင်ပါဘူး၊ တစ်ယောက်ကို တစ်ယောက် အကဲခတ်တဲ့အကြည့်တွေ၊ မယုံသင်္ကာ သတိထားမှုတွေ၊ ထိန်းချုပ်ဟန်ဆောင်မှုတွေနဲ့ အဲဒီနည်းမျိုးနဲ့တော့ မင်းကို ကိုယ် မခွဲနိုင်ဘူး ရတနာ"

ကျွန်မ အသံထွက် ရယ်မောလိုက်မိသည်။

ဘယ်နည်းနဲ့ပဲ ခွဲရ ခွဲရ၊ ကျွန်မတို့ တစ်သက်လုံး ဝေးကြပြီပဲ လေ၊ ဘာများ ထူးခြားမှာမို့လဲ။

ကျွန်မအား အကဲခတ်အကြည့်ဖြင့် သူ ခပ်စိန်းစိန်းကြည့်၏။

"မင်းကတော့ ကိုယ့်ကိုတောင် ရယ်နိုင်နေပြီပဲ၊ ကိုယ်ဝမ်းသာပါတယ်"

ဟုတ်တယ်၊ မောင် ဝမ်းသာရမှာပေါ့။ အဲဒီလို မောင့်ကို ရယ်မောပစ်နိုင်ဖို့ လိုအပ်တဲ့ နာကြည်းမှုတွေကို မောင်ပဲ ပေးခဲ့တာမဟုတ်လား။

လေ့ကားကို သူ ခပ်ဖြည်းဖြည်း ဆင်းလေသည်။ သူ့ ခြေလှမ်းတွေ သူ ရေတွက်ရင်း လမ်းလျှောက်နေသလိုပါပဲ။ ခပ်သွက်သွက် အပြေးဆင်းမိသော ကျွန်မက လှေကားခြေရင်းမှာ ခဏရပ်စောင့်ရပါသည်။

"ဒီတော့ ကျွန်မက မောင့်ကို ဘာကူညီရမလဲ"

"အရင်တုန်းက ရတနာက ပွင့်ပွင့်လင်းလင်း ရယ်မောပျော်ရွှင်တတ်၊ ဟန်မဆောင်ဘဲ ဝမ်းနည်းကြေကွဲတတ်တဲ့ မိန်းကလေးလေ၊ အဲဒီမိန်းကလေးကို ကိုယ် ပြန်တွေ့ချင်တယ်"

ကျွန်မ အံ့ကြိတ်၍ ပြုံးလိုက်မိ၏။





"ဝမ်းနည်းပါတယ်...မဖြစ်နိုင်တော့ဘူး၊ သူ သွားပြီလေ၊ သူ့ကို မောင် ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူး"

သူ ကျွန်မကို ခပ်ငေးငေး ကြည့်နေသည်။

"ကိုယ် ကြိုးစားကြည့်ပါရစေ"

"လုပ်ကြည့်လေ"

ကျွန်မ မျက်နှာမော့လှန်ပြီး ရယ်မောမိပြန်၏။

"မောင် သိထားရမှာက အချစ်တစ်ခုကို ရဖို့ အချစ်တစ်ခုနဲ့ပဲ ခေါ်ယူရတယ်၊ သူတစ်ပါးရဲ့ ကြေကွဲမှုတစ်ခုကို မောင် မြင်ချင်တယ်ဆိုရင်လဲ မောင့်မှာ မျှဝေခံစားတတ်တဲ့ နှလုံးသားရှိမှ မြင်တတ်လိမ့်မယ်"

သူ ခေါင်းခါယမ်းလျက် ပြုံးလေသည်။

"မင်း ဆိုလိုတာက ကိုယ့်မှာ ခံစားတတ်တဲ့ နှလုံးသား မရှိဘူးပေါ့၊ ဟုတ်လား"

ကျွန်မ ဘာမှ ပြန်မပြောပါ။

ရထားတွဲကလေး ကျွန်မတို့ရှေ့သို့ ရောက်လာသည်။ တွဲ ဟိုဘက်ခြမ်းက တံခါးတွေက အရင် ပွင့်သွားပြီး လိုက်ပါလာသူတွေ ဆင်းသွားသည်။ နောက်မှ တွဲထဲ ဝင်ရောက်မည့်သူတွေအတွက် သည်ဘက်တံခါးတွေ ပွင့်သွားသည်။

ကျွန်မတို့နှစ်ယောက် အဝင်နောက်ကျသဖြင့် ထိုင်ခုံနေရာ မရတော့ပါ။ နှစ်ယောက်သား ခပ်ခွာခွာ မတ်တတ်ရပ်ကြ၏။ ကျွန်မက သံမဏိပိုက်တိုင်ကလေးကို တင်းတင်းဆုပ်ထားရင်း ရထားမှန်မှ ဖြတ်၍ မြင်နေရသော ဟိုးအောက်ဆီက အမြန်လမ်းမကို ငေးကြည့်နေခဲ့သည့်အချိန်မှာ သူကတော့ ရထားကြမ်းပြင်တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ငုံ့စိုက်ကြည့်နေခဲ့သည်။ တစ်ယောက်ကိုတစ်ယောက် စကား တစ်ခွန်းမှ မဆို၊ မျက်လုံးချင်းလည်း တစ်ချက်မှ မဆုံဘဲ ရှစ်မိနစ် အချိန်ကို အေးစက်စွာ ကုန်လွန်စေခဲ့ကြသည်။

ကားဆီသို့ ရောက်သည့်အခါ သူက ထုံးစံအတိုင်း ကျွန်မဘက် က ကားတံခါးကို အရင်သော့ဖွင့်ပေးပါသည်။ ဟိုစဉ်တုန်းကလို သူ့ဘက်က ကားတံခါးကို အတွင်းမှနေ၍ ဖွင့်ပေးရန် ကျွန်မ အမှတ် တမဲ့ ကိုယ်ကိုပြင်ပြီးမှ ကျွန်မကိုယ် ကျွန်မ ပြန်၍ ထိန်းချုပ်လိုက် သည်။ ကျွန်မ အစစအရာရာ ပြောင်းလဲသွားပြီဟု သူ ထင်စမ်းပါ စေ။

သူက ဘာမှ သတိမထားမိသလိုပင် ပုံမှန်အတိုင်း ကားကို ညင်သာစွာ စတင်ထွက်ခွာသည်။

"လူတိုင်းလူတိုင်းဟာ ကိုယ့်ဒဏ်ရာ ကိုယ်ပဲ မြင်နိုင်ကြတာ ပဲ ရတနာ၊ ကိုယ့်အဖြစ် ကိုယ်မှ ဆိုးလှပြီလို့ ထင်ကြတာချည်းပဲ၊ မင်း ကိုယ့်နေရာကနေ တစ်ခါမှ ဝင်ခံစားမကြည့်ခဲ့ဖူးပါဘူး၊ ကြည့်ခဲ့ဖူး လို့လား"

သူက ကျွန်မအား အပြုံးဖြင့် ငုံ့ကြည့်ရင်း မေးပါသည်။ ကလေး တစ်ယောက်အား စာတစ်ပုဒ်ကို နားလည်အောင် ရှင်းပြပေးတော့ မည့် စိတ်ရှည်သော ဆရာတစ်ဦး၏ အပြုံးမျိုး ဖြစ်သည်။

ကျွန်မ ဘာမှ ပြန်ပြောစရာမလိုဘူးဟု ထင်သည်။ သူ့နေရာ ကနေ ကျွန်မ ဝင်ကြည့်လျှင် ယိမ်းယိုင်တွယ်ငြိလွယ်သော ပျော့ညံ့ညံ့ မိန်းမတစ်ယောက်အတွက် သူ့အချိန်တွေ တော်တော်များများ ကုန် ခဲ့တာ နှမြောစရာ၊ သည်အတွေးပဲ ရမှာပေါ့။





"မင်းနဲ့ ကိုယ်နဲ့ ဝေးတဲ့အခါ မင်းက ဘယ်တုန်းကမှ ကိုယ် မရှိခဲ့ဖူးတဲ့ နေရာတစ်ခုဆီကို ပြန်ရမှာ ဖြစ်ပေမယ့် ကိုယ်ကတော့ မင်းရှိခဲ့ဖူးတဲ့ နေရာဟောင်းတစ်ခုမှာ ကျန်ခဲ့ရမှာလေ၊ မင်းလှုပ်ရှား မှုတွေ၊ မင်းရယ်မောသံတွေ၊ မင်းခြေသံတွေနဲ့ ပဲ့တင်ထပ်နေမယ့် အခန်းထဲမှာ ကိုယ်က ကျန်ရစ်ခဲ့မှာ၊ မင်းကိုယ်နံ့တွေ မွှေးကျန်ရစ် မယ့် လေထုထဲမှာ ကိုယ်ဆက်အသက်ရှူနေခဲ့ရမှာ၊ အဲဒီ အတွေးဟာ ကိုယ် ကြေကွဲဖို့ မလုံလောက်သေးဘူးလား ကလေးရယ်၊ နောက် ထပ် ကိုယ့်ကို ဘာတွေများ ခံစားစေချင်သေးလို့လဲ"

တည်ငြိမ်အေးဆေးသည့် သူ့အသံထဲမှာ လှုပ်ခတ်တုန်ခါမှုတွေ ပါနေခဲ့လေသလား ကျွန်မ မသိချင်ပါ။ ကျွန်မ ရုတ်တရက် ကား မှန်ပြတင်းဆီသို့ အကြည့်လွှဲယူလိုက်မိသည်။

အပေါ်ယံ တင်းမာနေသော ကျွန်မ၏ ဥခွံထဲတွင် ပျော့အိ ခွေ ကျနေသော နာကျင်ကြေကွဲမှုတွေ၊ ဝမ်းနည်းအားငယ်မှုတွေ၊ စိုးရိမ် တုန်လှုပ်မှုတွေ ရှိနေခဲ့မှန်း သူ သိနေလေသလား။ အဲသည် တင်းမာ သော အခွံဟာလည်း ခိုင်ခံ့စွာ မာကျောသည့် အကာတစ်ခု မဟုတ် ဘဲ အလွယ်တကူ ထိုးဖောက်ခွဲခြေပစ်လိုက်နိုင်သည့် ပါးလှပ်သော အရာဝတ္ထုသာ ဖြစ်ကြောင်း သူ သိနေလေသလား။ အဲသည် အကာ ပါးပါးကလေးကို သူ ဖောက်ထွင်းဖို့ ကြိုးစားနေခဲ့တာလား။ ကျွန်မ သူ့ကားဖြင့် လိုက်ခဲ့မိတာ မှားပြီ ထင်ပါရဲ့။

နေဝင်ချိန်လမ်းမဆီသို့ ချိုးကွေ့လိုက်သည့်အချိန်မှာ သူ ရုတ် တရက် ရယ်မောလိုက်၏။

"ဟောဒီ နေဝင်ချိန်လမ်းမကရော မင်းကြောင့်သာ မဟုတ်ခဲ့ ရင် ကိုယ်နဲ့ ရင်းနှီးစရာအကြောင်းရှိလို့လား၊ ရုံးသွားရုံးပြန်မှာ ၄င်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ၁၀ လမ်းမတွေကပဲ မောင်းနေကျပဲ၊ အခုတော့ မင်း အဆောင်ရှိတဲ့ လမ်း၊ မိုးသောက်ပန်းစံအိမ်ကို သွားရာလမ်း၊ နေဝင်ချိန်လမ်းမ ဆိုတာ ကိုယ့်အတွက်တော့ တခြားဘာမှမဟုတ်ဘူး၊ မင်းရဲ့အပြုံးမျက်နှာပဲ၊ အဆောင်ဂိတ်ပေါက် မှန်တံခါးကနေ ကိုယ့်ဆီကို ခပ်သွက်သွက် လျှောက်လာနေတဲ့ မင်းရဲ့အပြုံးမျက်နှာပဲ"

သူ ကျွန်မဘက်သို့ လှည့်ကြည့်ပြီးနောက် ကားရှေ့ကို ပြန်အကြည့်လွှဲလိုက်သည်။

"အဲဒီ နေဝင်ချိန် လမ်းဟာ ကိုယ့်အတွက် မေ့လို့မရမယ့် အတိတ်တစ်ခု ဖြစ်ကျန်ခဲ့တော့မယ်၊ အဲဒါကို ကိုယ်ဘယ်လိုပြောင်းပစ်နိုင်မှာလဲ၊ ဒဏ်ရာတစ်ခု လက်ခံရသလို ကိုယ်လက်ခံလိုက်ရုံပဲပေါ့၊ မဟုတ်ဘူးလား"

သစ်ရိပ်ထူထပ်သော၊ ကွေ့ကောက်သော နေဝင်ချိန် လမ်းမတစ်လျှောက် ကျွန်မတို့ ညနေခင်းပေါင်းများစွာ၊ ညပေါင်းများစွာ အတူသွားခဲ့ကြဖူးသည်။ ယခု ညနေသည် ကျွန်မတို့နှစ်ယောက် အတွက် ဤလမ်းပေါ်မှာ နောက်ဆုံးအကြိမ် အတူရှိနေကြခြင်းပဲ ဖြစ်နိုင်ပါသည်။

အဆောင်နားက မီးပွိုင့်မှာ မီးနီကို စောင့်နေရချိန်တွင် သူနှင့် ကျွန်မ တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်း မဆုံမိဖို့ ကြိုးစား တိမ်းရှောင်နေခဲ့ကြသလို ခံစားနေရ၏။ ကျွန်မတို့၏ နောက်ဆုံး အချိန်တွေ ဒီလောက်တင်းမာအေးစက်နေလိမ့်မည်ဟု ကျွန်မ မထင်ခဲ့မိဖူးပါ။ သူ ပင့်သက်တစ်ချက် ရှိုက်လိုက်သံ ကျွန်မ ကြားလိုက်ရသည်။ ရင်ထဲမှာ လှိုက်ဟာစွာ နာကျင်လာပြန်၏။ ကျွန်မ မျက်နှာကို နည်းနည်းမော့ထားလိုက်မိသည်။





အဆောင်ရှေ့မှာ ကားရပ်သည့်အခါ မှန်တံခါးဂိတ်တည့်တည့် လမ်းကလေးပေါ်မှာ မရပ်ဘဲ ကားရပ်ရာနေရာကွက်လပ်လွတ် တစ်ခုထဲသို့ မောင်းဝင်ပြီး ရပ်လိုက်၏။ သည်လိုဆိုတော့ သူချက်ချင်း မပြန်သေးဘူးဟူသော အဓိပ္ပာယ်ပေါ့။ ဟင့်အင်း...ကျွန်မ သူ့ကို ငြင်းမှ ဖြစ်မည်။

ခါးပတ် ဖြုတ်လိုက်ပြီး သူ့ကို နှုတ်ဆက်ဖို့ ကမန်းကတန်း စကားစလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

သူ ကျွန်မအား မရယ်မပြုံး စိုက်ကြည့်ပါသည်။

"နှုတ်မဆက်ပါနဲ့ဦး ရတနာ၊ ကိုယ် မင်းကို အဆောင်ထဲအထိ လိုက်ပို့ပေးမလို့"

သူက အရင် ကားပေါ်မှ ဆင်းလိုက်သည်။

"အို...နေပါစေ"

ကျွန်မ ကားတံခါးဖွင့်ကာ ဆင်းလိုက်ချိန်တွင် သူက နောက်ခန်း တံခါးကို ဖွင့်ကာ ကားနောက်ဘက် ထိုင်ခုံမှ စာအုပ်တစ်ထပ်ကို မ,ယူလိုက်၏။ ထိုစာအုပ်များကို ကြည့်ကာ ကျွန်မရင်ထဲမှာ နာကျင်သွားသဖြင့် ကျွန်မ လက်ကာပြလိုက်မိသည်။

"ကျေးဇူးပြုပြီး...အဲဒါတွေ"

သူက စာအုပ်များကို ပွေ့ပိုက်ကာ ကျွန်မဆီသို့ အရယ်အပြုံး မရှိသော မျက်နှာဖြင့် လျှင်မြန်စွာ လျှောက်လာ၏။

"ကိုယ် သိပါတယ် ရတနာ၊ ဒီစာအုပ်တွေ မင်းမလိုချင်ဘူး ဆိုတာ ကိုယ် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ စာအုပ်တွေကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အပေါ်ဆုံး စာအုပ်မှာ အီဗွန်ရှိုးလ်။

"မင်း လိုအပ်မယ် ထင်လို့ ပေးမှာလဲ မဟုတ်ပါဘူး၊ မင်း အဆောင်ထဲကို ကိုယ်လိုက်ဝင်ခွင့် ရဖို့ အကြောင်းပြချက်တစ်ခု အနေနဲ့ ကိုယ်ယူလာတာပါ"

ထို့နောက် သူ ပြုံးလိုက်သည်။ အဲသည်အပြုံးပါပဲ၊ ကျွန်မကို ညှို့ယူဖို့ ကြိုးစားနေတာ၊ ကျွန်မ ရုတ်တရက် မျက်နှာလွှဲလိုက်မိ၏။

"အခန်းထဲ ရောက်တဲ့အထိတော့ ကိုယ် သယ်ပေးပါရစေနော်၊ ပြီးတော့မှ မင်း ယူမသွားချင်ရင် အမှိုက်ပုံးထဲမှာ လွှင့်ပစ်ခဲ့နိုင်သားပဲ၊ ဟင်...ဘေဘီ၊ ဘယ့်နှယ်လဲ"

ကျွန်မ တစ်ခဏတွေဝေစွာ ရပ်တန့်နေမိသည်။ ဘယ်လိုလုပ် ရမှာလဲ။

ညနေခင်း လေပြည်တစ်ချက် ဝေ့ခနဲ တိုက်ခတ်လိုက်သည့်အခါ ပန်းချုံပင်ကလေးများ ယိမ်းယိုင်သွားကြသည်။ အဖြူရောင် ပန်းပွင့် သေးသေးကလေးများသည် အစွမ်းကုန် ပွင့်အာလျက် ကျွန်မကို ကြည့်နေကြ၏။ ကျွန်မ၏ ဆုံးဖြတ်ချက်ကို စောင့်နေကြသလိုပဲ။ ဝင်ခွင့်ပေးမှာလား၊ တစ်ခါတည်း နှုတ်ဆက်ခဲ့မှာလား။

အဲသည်ယောကျ်ားဟာ ကျွန်မကို သူ့ဘဝမှာ မလိုအပ်ခဲ့ဘူးတဲ့။

"ဒီစာအုပ်ကြီးတွေ တော်တော်လေးလိမ့်မယ်လို့ မင်း မထင်ဘူးလားဟင်"

ကျွန်မ သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှိုက်ရှူကာ နှုတ်ခမ်းကို စုပြီး လေတွေ မှုတ်ထုတ်ပစ်လိုက်ရ၏။





"ကောင်းပြီ...ကောင်းပြီ"

ထို့နောက် တစ်ဖက်သို့လှည့်ကာ လှစ်ခနဲပြုံးရင်း လှေကားထစ်ကို တက်လိုက်မိတော့သည်။

အခန်းထဲ ရောက်တော့ စာအုပ်အထပ်ကို ဘယ်မှာ ချခိုင်းရမှန်း မသိ။ ဧည့်ခန်းစားပွဲမှာ စာအုပ်တွေ စာရွက်တွေ သောက်ပြီးသား ကော်ဖီပန်းကန်တွေ ရေနွေးပန်းကန်တွေဖြင့် ရှုပ်ပွနေခဲ့သည်။

"ခရီးဆောင် သေတ္တာတွေနားပဲ တစ်ခါတည်းချထားလိုက်တော့မယ်ကွာ...နော်"

ပြောပြောဆိုဆို အိပ်ခန်းထဲ သူ ဝင်သွားပါသည်။ ခုတင်နှင့် ပြတင်းပေါက်ကြား နေရာကွက်လပ်တွင် ခရီးဆောင်သေတ္တာကြီး နှစ်လုံး၊ ပစ္စည်းတွေနှင့် ပွင့်လျက်သား ရှိနေ၏။ သူသည် စာအုပ်များကို သေတ္တာဘေးမှာ ချလိုက်သည်။ ထို့နောက် အခန်းထဲ လိုက်ဝင်သွားသော ကျွန်မကို လှမ်းကြည့်သည်။

"ကိုယ် အလေးချိန် ချိန်ခဲ့ပြီးသား ဘေဘီ၊ တစ်အုပ်ကို တစ်ပေါင် ရှိတယ်၊ ရှစ်အုပ်ဆိုတော့ ရှစ်ပေါင်ပေါ့"

သူ့စကားသံမှာ ချစ်သူတစ်ယောက်ဟန်ထက် ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ယောက်နှင့် ပိုတူနေသည်။

"ကျေးဇူးပဲ၊ ဒါပေမဲ့ အဲဒါတွေ ယူဖို့ မသေချာဘူး"

နည်းနည်းမှ အလျှော့မပေးဘဲ မျက်နှာထား တည်တည်ဖြင့် ပြောမိတော့ သူက အလိုလိုက်သော အစ်ကိုတစ်ယောက်၏ အပြုံးဖြင့် ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ…အိုကေ၊ ကိုယ် နားလည်ပါတယ်"

ထို့နောက် ကော်ဖောပေါ်သို့ ဒူးထောက်ထိုင်ချလိုက်၏။

"ဆိုတော့…မင်း ပြန်ဖို့ အဆင်သင့်ပဲပေါ့ နော်"

ကျွန်မ စကားမပြန်ပါ။

ခဏကြာအောင် သေတ္တာကို ခပ်ရှုးရှုး ကြည့်နေပြီးနောက် သေတ္တာကို ဆွဲပိတ်လိုက်ပြီး မ,ကြည့်သည်။

"……"

တစ်ခုခု မှားလျှင် ရေရွတ်နေကျ အာမေဋိတ်သံတစ်မျိုးဖြင့် သူ ရေရွတ်လိုက်လေသည်။

"ရတနာ…ပေါင် ၇၀ မကတော့ဘူး၊ ၈၀ ကျော်မယ်ထင်တယ်၊ ဘယ်လိုဖြစ်တာလဲ"

သူ သေတ္တာကို မ,ယူကာ ရေချိုးခန်းထဲက ပေါင်ချိန်စက်မှာ သွားချိန်၏။ ကျွန်မ သူ့နောက်ကို လိုက်မသွားဘဲ နေရာမှာ မတ်တတ်ရပ်ရင်း လှမ်းကြည့်နေခဲ့သည်။ နေစမ်းပါဦး၊ သည်သေတ္တာက သူနဲ့ ဘာဆိုင်လို့လဲ။

သူ သေတ္တာကို ဝုန်းခနဲ ပြန်ချလိုက်ကာ အိပ်ခန်းထဲသို့ တွန်းယူလာ၏။

"၈၅ ပေါင် ရှိတယ် ဘေဘီ"

အဲဒီတော့ ဘာဖြစ်လဲ၊ ရှင့်အပူ တစ်ပြားသားမှ မပါဘူးဟု ကျွန်မ ပြောချင်လှသည်။ သို့သော် ကျွန်မအပေါ် အစစ အရာရာ လိုက်လျောကူညီခဲ့သော သူငယ်ချင်းဘဝက ကျေးဇူးတွေကို ထောက်ရပါလိမ့်မည်။

"မင်း ကိုယ်ပြောထားသလို ပစ္စည်းတစ်ခုချင်းကို ချိန်ပြီးမှ





မထည့်ဘူးလား၊ ဘယ်မှာလဲ ပစ္စည်းနဲ့ အလေးချိန် တွဲမှတ်ထားတဲ့ စာရင်း၊ ကိုယ့်ကို ပြပါဦး၊ မှတ်ရောမှတ်ထားရဲ့လား"

ကျွန်မ နေရာမှ လုံးဝမရွေ့ဘဲ ပေကတ်ရပ်နေမိ၏။ သူ ကျွန်မကို လှည့်ကြည့်သည်။

"ဘေဘီ…"

ကျွန်မ၏ မျက်နှာထားမှာ ဆုတ်ကန်ကန် ဟန်အမူအရာကို သူ အကဲခတ်မိသွားတော့ ချော့မော့သည့် အပြုံးဖြင့် ကျွန်မဆံပင်ကို ခပ်ဖွဖွ ပွတ်သပ်လိုက်၏။

"ကြားထဲမှာ နှစ်ရက်ပဲ လိုတော့တယ်လေ၊ စနေ တနင်္ဂနွေမှာလဲ မင်းမှာ ချိန်းထားပြီးသားတွေနဲ့၊ ဒါတွေ အခုကတည်းက စနစ်တကျ ဖြစ်နေရမှာ မဟုတ်ဘူးလား၊ လေဆိပ်ရောက်မှ ၈၅ ပေါင် ရှိတဲ့ သေတ္တာထဲကနေ ၁၅ ပေါင်စာ လျော့အောင် ဘာပစ္စည်းတွေကို ဘယ်လို ထုတ်ယူလွှင့်ပစ်ခဲ့မှာလဲ"

သူ အဲသည်လို ကျွန်မအပေါ် ဆရာလုပ်ပေါင်း များလှပြီ။

"အရေးမကြီးပါဘူး၊ ပြီးမှ ကျွန်မ လုပ်မယ်"

"ဘယ်တော့လုပ်မှာလဲ"

ကျွန်မ မဖြေပါ။ ထိုအစား သူ့ကို ခပ်တင်းတင်းမျက်နှာထားဖြင့် နှင်ထုတ်မိသည်။

"မောင် ပြန်ဖို့ကောင်းပြီ"

သူ့မျက်နှာ တည်သွား၏။

"ကိုယ့်ကို မင်း မလိုဘူးလို့ ပြောချင်နေတာ မဟုတ်လား၊ ပြောလိုက်လေ…ကိုယ် မလိုဘူးလို့ ပြောလေ"

ကျွန်မ အံကြိတ်ကာ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် သူ ချထားသော သေတ္တာကို ခပ်ကြမ်းကြမ်း ဆွဲလှဲပစ်လိုက်၏။

ကျွန်မ ချစ်တဲ့သူကိုတောင် တစ်သက်လုံး ဝေးရတော့မယ် ဆိုမှတော့ အဲဒီ ၈၅ ပေါင်တွေ၊ ၁၅ ပေါင်တွေကို ကျွန်မက ဘာဂရုစိုက်ရမှာလဲ။ တစ်ခုမှ မယူဘဲ ချန်ပစ်ခဲ့လို့ ရတယ်။ ဒါတွေအားလုံးကို ကျွန်မ မလိုဘူး၊ ကျွန်မ အလိုအပ်ဆုံး၊ အားအကိုးဆုံး၊ အမြတ်နိုးဆုံး အရာကိုတောင် ထားရစ်ခဲ့ရတော့မှာပဲ။

ကျွန်မသည် သူ့ကို ကျောခိုင်းလျက်သားဖြင့် သေတ္တာကို ဖွင့်လိုက်၏။ အထဲက စာအုပ်တွေ၊ အဝတ်အစားတွေ၊ ပစ္စည်းတွေကို အစုလိုက် အပြုံလိုက် ဆွဲထုတ်ပြီး နံရံဆီသို့ ပစ်ပေါက်လွှင့်ပစ်လိုက်မိသည်။

သူ ပေးထားတဲ့ စာအုပ်တွေ၊ ပန်းချီကားပိုစတာတွေ၊ စီဒီခွေတိပ်ခွေ...အဲဒါတွေဟာ သူ့ကို ကျွန်မလိုအပ်ဆဲပါဟု သက်သေပြနေကြသော ပစ္စည်းတွေပဲ။ ကျွန်မမျက်နှာ ပူနွေးစွာ ဆွဲထုတ်ပစ်ပေါက်လိုက်သည်။

သွား...၊ အဲဒါတွေ ကျွန်မ မလိုချင်ဘူး။

သို့သော် မလိုအပ်ဘူးဟု ကျွန်မ ညာလို့မရပါ။ ဘယ့်နှယ်လုပ်ဟန်ဆောင်လို့ ရတော့မှာလဲ၊ သူ မြင်သွားပြီးပြီလေ။

စာအုပ်တွေ၊ ခွေတိပ်ပြားချပ်တွေ အားလုံး ကျယ်လောင်သော အသံဖြင့် နံရံနှင့် ထိကာ ကွဲရှလွင့်စဉ်ကုန်ကြ၏။ သူ ကျွန်မ အနီးမှာ ငြိမ်သက်စွာ ရပ်နေဆဲ၊ ကျွန်မအား တားမြစ်ခြင်း၊ ချော့မော့ဖျောင်းဖျခြင်း မရှိ။ ကျွန်မ၏ ဒေါသတွေ၊ နာကျင်မှုတွေကို သူ အသိအမှတ် မပြုသလိုပဲ။





ထို့နောက် ကျွန်မ ရှက်ရွံ့နာကြည်းစွာ စကားစတင်ပြောမိသည်။

"ဟုတ်တယ်၊ ရှင့်ကို ကျွန်မ လိုခဲ့တာမှ အသည်းအသန် လိုခဲ့တာ၊ အသက်ရှူဖို့လေကို လိုအပ်သလို လိုခဲ့တာ၊ အဲဒါ ရှင်အသိဆုံးပဲ မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ အဲဒါတွေအားလုံးဖြစ်အောင် ရှင်လုပ်ယူခဲ့တာလေ"

ကျွန်မ ဖြုန်းခနဲ မတ်တတ်ရပ်လိုက်ကာ သူ့ရှေ့မှ တည့်တည့် စိုက်ကြည့်လိုက်၏။ သူ့မျက်နှာမှာ သတိကြီးစွာ ထားနေရဟန် ရှုံးစိုက်မှုတစ်မျိုးကို ကျွန်မ မြင်ရသည်။ အပြုံးမရှိ၊ ပျော့ပျောင်းမှု မရှိ။

"ရှင် မရှိခဲ့ဖူးတဲ့ နေရာကို ပြန်ရမှာဖြစ်ပေမယ့် ကျွန်မ ရှင့်ဆီက မလွတ်နိုင်ပါဘူး၊ အဲဒါ ရှင်သိနေတယ်မဟုတ်လား...ဟင်၊ ကျွန်မ သွားလေရာမှာ ကျွန်မဘေးမှာ ရှင် ပါလာအောင် ရှင် လုပ်ထားခဲ့ပြီးပြီလေ၊ ဖိနပ်ကြိုးချည်တဲ့အခါ၊ ခါးပတ် ပတ်တဲ့အခါ၊ ခေါင်းဖီးတဲ့အခါ၊ နေ့စဉ်မှတ်တမ်း ရေးတဲ့အခါ...အိုး...အစစအရာရာအတွက် ရှင့်ကို သတိရနေအောင် ရှင်ပဲ လေ့ကျင့်ပေးခဲ့တာ"

ကျွန်မ ဘာတွေပဲ ပြောပြော မတုန်မလှုပ် ရှိနေသော သူ့ကို ကျွန်မ ဒေါသဖြစ်လာသည်။ သူ့အင်္ကျီစကို ဆောင့်ဆွဲလှုပ်ယမ်းပစ်လိုက်မိ၏။

"အခုတော့ ရှင်မရှိရင် ကျွန်မအသက်မရှူတတ်တော့ဘူး၊ ရှင်သိတယ်မဟုတ်လားဟင်၊ အဲဒီလိုဖြစ်အောင် ရှင် တမင်လုပ်ခဲ့တာ"

ဒေါသတကြီး အော်ဟစ်ရန်တွေ့ရင်း ရှိသမျှခွန်အားဖြင့် သူ့ကိုယ်ခန္ဓာကို လွဲ၍လွဲ၍ ရိုက်ပုတ်ပစ်လိုက်မိသည်။ သူ မရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုပဲ သွေးရူးသွေးတန်း တွယ်တာနေတဲ့အချိန်မှာ ရှင်က ကျွန်မကို စကားတစ်ခွန်းတည်းနဲ့ ဖြတ်ရိုက်ပစ်ခဲ့တယ်၊ မင်းကို ကိုယ် ဘယ်တုန်းကမှ မလိုအပ်ခဲ့ဘူးတဲ့၊ ရှင် အဲဒီစကားနဲ့ ကျွန်မကို အသေသတ်ခဲ့တာ၊ ဟုတ်တယ် ရှင့်ဘဝမှာ ကျွန်မရှိဖို့ မလိုဘူး… ကျွန်မသိတယ်၊ အဲဒီအတွက် ရှင့်ကို ကျွန်မ မကျေဘူး သိရဲ့လား၊ တစ်သက်လုံး မကျေဘူး"

"ဘေဘီ"

ထိမိထိရာ ဆွဲဆုပ်ထုရိုက်ပစ်နေသော ကျွန်မ၏လက်များကို သူ ထိန်းချုပ်ဖမ်းဆွဲထားလိုက်သည့်အခါ ကျွန်မမှာ ရှိနေသော ဒေါသတွေ၊ ခွန်အားတွေ ရုတ်တရက် ဆုတ်ယုတ်သွား၏။ ကျွန်မ တစ်ကိုယ်လုံး ယိမ်းယိုင်ခွေညွှတ်လာတော့သည်။

သူက ကျွန်မပါးပြင်မှ မျက်ရည်တို့ကို လက်ဖျားဖြင့် ပွတ်သပ် သုတ်ပေးတော့မှ ကျွန်မမျက်ရည်ကျ ငိုကြွေးနေခဲ့မိကြောင်း သတိပြုမိသွားသည်။ ကျွန်မ အံတင်းတင်းကြိတ်ထားမိ၏။

"ရှင့်ကို ကျွန်မ မုန်းတယ်"

ကျွန်မအသံက တိုးတိတ်စွာ တုန်ခါစွာ ဆို့နစ်သွားသည်။

"ကိုယ် သိပါတယ်"

သူက ကျွန်မအား ရင်ခွင်ထဲ ဆွဲပွေ့ကာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်၏။ သူ့လက်တွေ၏ စူးနစ်တင်းကျပ်သော ဖက်တွယ်မှုတွင် ဟိုစဉ်ကထက် ပိုနေသော တစ်စုံတစ်ရာ ရှိသည်။ ဒဏ်ရာ ရနေသော သားကောင်၏ ဆတ်ဆတ်ခါ တုန်ရီမှုမျိုး ဖြစ်လေသည်။

"ကိုယ်သိပါတယ် ကလေးရယ်"

ဥတ္တရ လမင်း



နာကျင်အက်ကွဲသော သူ့စကားသံတိုးတိုးကလေးအဆုံးမှာတော့ ကျွန်မ သူ့ကို ဖက်တွယ်ကာ သူ့ရင်ခွင်မှာ မျက်နှာအပ်လျက် ဝမ်းပန်းတနည်း ရှိုက်ငင်ငိုကြွေးလိုက်မိပါသည်။

○

www.burmeseclassic.com

# နိဂုံး

တစ်ခါတုန်းက ရိုဒင် (Rodin) ၏ တွေးခေါ်ရှင် (Thinker) ဟူသော ပန်းပုရုပ်တုကြီးရှေ့က မြက်ခင်းပြင်မှာ ကျွန်မတို့နှစ်ယောက် အကြာကြီး ထိုင်ပြီး စကားပြောနေခဲ့ကြသည်။ ရိုဒင်နှင့် ကမီးကလော်ဒဲ၏ အချစ်ဇာတ်လမ်းအကြောင်း ရောက်တတ်ရာရာ ပြောမိကြစဉ်မှာ သူက ကျွန်မအား စကားတစ်ခွန်း ပြောခဲ့ဖူး၏။

"မိန်းမတစ်ယောက်ကို သူ အမှန်တကယ် ချစ်မြတ်နိုးမိသွားပြီ ဆိုတာကို ယောကျ်ားတစ်ယောက် သိခွင့်ရတဲ့အချိန်ဟာ အဲဒီမိန်းမ သူ့ဘဝထဲကနေ ထွက်သွားပြီးတဲ့အချိန်ဖြစ်နေပြီ ဆိုပါတော့၊ အဲဒီအဖြစ်ကို မင်း ဘယ်လိုသဘောရလဲ ဘေဘီ"

"အို...ကျွန်မအတွက်တော့ အဲဒါ အလွန်ရယ်စရာကောင်းတဲ့ ဟာသတစ်ခုပဲ"

အဲသည်တုန်းက ကျွန်မ တကယ်ရယ်မောခဲ့ဖူးပါသည်။

ဂျူး

၂၂-၄-၉၉

www.burmeseclassic.com